www.burmeseclassic.com

# မှောင်မိုက်သောနေ့ရက်များ

လင်းယုန်မောင်မောင်

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ၂၅/၉၉ (၁၁)
မျက်နှာဖုံးခွင့်ပြုချက် ၂/၂၀၀၀ (၁)

မျက်နှာဖုံးပုံနှိပ်သူ ဦးတိုးဝင်း၊ နေလရောင်အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ ဒေါ်ရွှေခင် (၀၅၄၄၉)၊ ဝင်းလိုက်ပုံနှိပ်တိုက်
အမှတ် (၃၅၂)၊ စရည်းပင်လမ်း၊ သယန်းကျွန်းမြို့နယ်

ထုတ်ဝေသူ ဦးသန်းမြင့်၊ လင်းလင်းစာပေ
၄/၂၉၊ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ စိတိုး

ပုံနှိပ်မှတ်တမ်း ဒုတိယအကြိမ်
၂၀၀၀ပြည့်နှစ်၊ ဧပြီလ။

အုပ်ရေ ၁၀၀၀

စာအုပ်ချုပ် ပပစိုးနှင့်အဖွဲ့

တန်ဖိုး (၃၅၀) ကျပ်

# မှောင်မိုက်သောနေ့ရက်များ

## လင်းယုန်မောင်မောင်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ် ချေမှုန်းကြ။

ဒုတိယကမ္ဘာစစ်အတွင်းက ဖက်ဆစ်ဂျပန်များ၏လက်ချက်ဖြင့်
အသက်ဆုံးရှုံးခဲ့ကြရရှာသော မြန်မာပြည်သူပြည်သားများသို့......

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော ငါးလကျော် ခြောက်လခန့်က ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံတွင် (Night of General) အမည်ရှိ ရုပ်ရှင်ကားတစ်ကား ပြသသွားခဲ့ပါသည်။ ယင်းဇာတ်ကားမှာ ယင်းအမည်ဖြင့်ပင် ရေးသားထားသည့် ကမ္ဘာကျော်ဝတ္ထုတစ်ပုဒ်ကို အခြေခံ၍ ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ဆောင်များဖြစ်ကြသော ပီတာအိုတူးလ်နှင့် အိုမာရှရစ်ဖ်တို့ ခေါင်းဆောင်ပါဝင် ရိုက်ကူးထားသည်ဖြစ်၍ ရန်ကုန်မြို့မှ ရုပ်ရှင် ဝါသနာအိုးများ မလွတ်တမ်းကြည့်လိုက်ကြသည်ကို တွေ့ရပါသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားနှင့် ဝတ္ထုဇာတ်လမ်းအတိုချုပ်သဘောမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စစ်မြေပြင်တွင် လူအမြောက်အများကို ရက်ရက်စက်စက်သတ်ခဲ့ရသဖြင့် မသိမသာ ဦးနှောက်ပျက်သည့် ရောဂါဝေဒနာ စွဲကပ်နေသော ဂျာမန်ဗိုလ်ချုပ်ကြီးတစ်ယောက်သည် သူနှင့်ပျော်ပါးသည့် ပြည့်တန်ဆာမများကို တစ်ယောက်ပြီးတစ်ယောက် ရင်ကိုခွဲ၍ သတ်ပစ်ခဲ့ပြီးနောက်၊ လက်သည်မပေါ်အောင် ခြေရာဖျောက်ခဲ့ရာမှ အခြားဂျာမန်ထောက်လှမ်းရေးအရာရှိတစ်ယောက်က အမှုမပေါ်ပေါ်အောင် စွဲစွဲမြဲမြဲဖြင့် လိုက်လံစုံစမ်းထောက်လှမ်းခဲ့သည့် ဇာတ်လမ်းပင်ဖြစ်ပါသည်။ ယင်းရုပ်ရှင်ဇာတ်ကားထဲတွင် ၁၉၄၄ ခုနှစ် ဂျူလိုင်လ ၂၀ ရက်နေ့က ဖြစ်ပွားခဲ့သည့် ဟစ်တလာလုပ်ကြံမှု တကယ့်အဖြစ်အပျက်ကို အရေးကြီးသော ဇာတ်ဝင်ခန်းအဖြစ် ထည့်သွင်းရိုက်ကူးထားသည်ကို တွေ့ရပါသည်။

ကျွန်တော် မှတ်မိသလောက် ဟစ်တလာလုပ်ကြံမှု ဖြစ်ပွားသည့် တကယ့်အဖြစ်အပျက်ကို ယင်းဇာတ်ကား၌ ဇာတ်ဝင်ခန်းအဖြစ် ရိုက်ကူးပြသရာ၌ ဟစ်တလာ၏ ဌာနချုပ်ဖြစ်သော 'ဝံပုလွေဂူ'စခန်းကိုလည်းကောင်း၊ ဟစ်တလာနှင့်တကွ ဂျာမန်စစ်ဦးစီးအဖွဲ့ဝင် ဗိုလ်ချုပ်များအစည်းအဝေး ကျင်းပနေသည့်အခန်းကိုလည်းကောင်း၊ ဟစ်တလာအား ချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲလုပ်ကြံသည့် လက်တစ်ဖက်ပြတ်၍ မျက်စိတစ်ဖက်လပ်နေသော 'ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်'၏ အမူအရာ လှုပ်ရှားမှုများကိုလည်းကောင်း၊ နောက်ဆုံး ဗုံးပေါက်ကွဲမည့် အစည်းအဝေးခန်းမဆောင်အတွင်း၌ စားပွဲအောက်တွင် ဗုံးထည့်ထားသည့် လက်ဆွဲသားရေအိတ်ကို (အနီးကပ် မြင်ကွင်းဖြင့်) လည်းကောင်း၊ ဗုံးပေါက်ကွဲသဖြင့် အစည်းအဝေးခန်းမဆောင်ကြီးတစ်ခုလုံး အစိပ်စိပ်အမွှာမွှာ ပြိုကျလွင့်စင်ပျက်စီးသွားသည်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း အသေးစိတ်ရိုက်ကူးပြသရာ တကယ်ဖြစ်ပွားစဉ်က မှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးထားသကဲ့သို့ ယုတ္တိရှိ၍ သဘာဝကျလှပါသည်။

သို့သော် ထိုဇာတ်ဝင်ခန်းတွင်, ဟစ်တလာကို မြင်ကွင်းမှ ဖျောက်ထားပြီး စားပွဲအောက်မှ ဟစ်တလာ၏ခြေထောက်နှင့် ဗုံးထည့်ထားသည့် လက်ဆွဲသားရေ အိတ်ကိုသာ ရုပ်ရှင်အနုပညာဖြင့် အနီးကပ် ရိုက်ကူးပြသထားသည်ကို တွေ့ရပါသည်။

သမ္မတရုပ်ရှင်ရုံတွင် ယင်းဇာတ်ကားပြသပြီးနောက် တစ်ပတ်ခန့်အကြာတွင် အမှတ်မထင် မိတ်ဆွေတစ်ဦးနှင့် တွေ့ပါသည်။ ကျွန်တော့်မိတ်ဆွေနှင့် ဟိုဟိုသည်သည် စကားစပ်မိ၍ ပြောကြရင်းက အဆိုပါ ရုပ်ရှင်ဇာတ်ကားအကြောင်း ရောက်သွားပါသည်။ ဤတွင် ကျွန်တော့်မိတ်ဆွေက ကျွန်တော်ယခင်ကရေးသားခဲ့သည့် ဟစ်တလာ၏အတ္ထုပ္ပတ္တိစာအုပ်ထဲတွင်, ၁၉၄၄ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နေ့က ဂျာမန်စစ်ဌာနချုပ် အစည်းအဝေး၌ ဗုံးပေါက်ကွဲစဉ်က ဟစ်တလာရှိနေသည်မှာ ဖတ်ရှုခဲ့ရသော်လည်း အထက်ဖော်ပြပါ ရုပ်ရှင်ဇာတ်ကားထဲတွင်မူ ဟစ်တလာပါသည်ကို မတွေ့ရကြောင်းဖြင့် ကျွန်တော့်အား ပြောမေးမေးပါတော့သည်။ သို့ဖြစ်၍ ကျွန်တော်က ဗုံးပေါက်ကွဲသည့်ခန်းမဆောင်ထဲတွင် ဟစ်တလာရှိနေသော်လည်း ဟစ်တလာကို လူတစ်ကိုယ်လုံးမပြတော့ဘဲ ရုပ်ရှင်အနုပညာသဘောဖြင့် ဟစ်တလာ၏ ခြေထောက်နှင့် ဗုံးထည့်ထားသော သားရေအိတ်ကိုသာ ရုပ်ရှင်ကြည့်ပရိသတ် ရင်တထိတ်ထိတ်ဖြင့် စိတ်လှုပ်ရှားစေရန် အနီးကပ် ရိုက်ကွင်းဖြင့် ရိုက်ကူးပြသခဲ့ခြင်းဖြစ်ကြောင်း ကျွန်တော့်မိတ်ဆွေအား ပြန်၍ရှင်းပြရပါသည်။

ကျွန်တော်သည် အဆိုပါရုပ်ရှင်ဇာတ်ကားထဲမှ ဟစ်တလာလုပ်ကြံမှု ဇာတ်ဝင်ခန်းရိုက်ကူးပြသသည်ကို အထူးသဘောကျနေမိရာမှ အထက်ပါ ကျွန်တော့်မိတ်ဆွေ၏ မေးခွန်းကြောင့် ဤအဖြစ်အပျက်ကို အသစ်တစ်ဖန် ပိုမိုစိတ်ဝင်စားလာမိပြန်ပါသည်။ သို့ဖြင့် အဆိုပါရုပ်ရှင်ဇာတ်လမ်း၏မူရင်းဝတ္ထုဖြစ်သော (The Night of The Generals စာအုပ်ကိုလည်းကောင်း၊ ကျွန်တော့်ထံတွင်ရှိနေသော ဟစ်တလာနှင့်ပတ်သက်သည့် စာအုပ်များကိုလည်းကောင်း ထပ်မံရှာဖွေဖတ်ရှုခဲ့ မိပါသည်။

ဤအတောအတွင်း တစ်နေ့တွင် အခြားမိတ်ဆွေတစ်ဦး ကျွန်တော့်အား စာအုပ်တစ်အုပ် လာပေးပါသည်။ ယင်းစာအုပ်၏အမည်မှာ Germans Against Hitler ဟူ၍ဖြစ်ပါသည်။ သို့ဖြင့် ထိုစာအုပ်ကို ဖတ်ကြည့်ရာ၌ စာအုပ်ပါ အကြောင်းအရာများမှာ တိုက်တိုက်ဆိုင်ဆိုင် ၁၉၄၄ ခု၊ ဇူလိုင် ၂၀ ရက်နေ့က ဖြစ်ပွားခဲ့သည့် ဟစ်တလာ လုပ်ကြံမှုနှင့်ပတ်သက်သည့် တရားဝင်အထောက်အထား စာရွက်စာတမ်း မှတ်စုမှတ်ရာများ ဖြစ်နေသည်ကို



တွေ့ရပါသည်။

နောက်ဆုံး၌ ကျွန်တော်သည် အထက်ဖော်ပြပါ ရုပ်ရှင်ဇာတ်ကားနှင့်စာအုပ်တို့ အကြောင်းပြု၍ ယခင် ကျွန်တော်ရေးသားခဲ့သည့် ဟစ်တလာ အတ္ထုပ္ပတ္တိစာအုပ်တွင် အကျဉ်းချုပ်မျှသာ ဖော်ပြခဲ့သော ဟစ်တလာ၏လုပ်ကြံမှု ဇူလိုင် ၂၀ ရက် အဖြစ်အပျက်ကို အခြေခံ၍ စာအုပ်ရေးသားရန် စိတ်ဆန္ဒပြင်းပြစွာ ပေါ်လာမိပါသည်။

ဤသည်ပင်လျှင် ယခုစာဖတ်သူ၏လက်ဝယ် ရောက်ရှိနေသည့် ဤစာအုပ် ရေးသားရခြင်း၏ အကြောင်းရင်းမှန်ဖြစ်ပါသည်။

ဤစာအုပ်ကို ရေးသားခဲ့စဉ်က စာအုပ်ကို 'ဟစ်တလာ လုပ်ကြံမှု'ဟူ၍ အမည်ပေးခဲ့ပါသည်။ သို့သော် 'ဟစ်တလာ လုပ်ကြံမှု' ဟူသောအမည်မှာ မှတ်တမ်းသဘော ဆန်နေသဖြင့်တစ်ကြောင်း၊ ကျွန်တော်ရေးသားခဲ့သည့်ရေးဟန် ဝတ္ထုဆန်ဆန် ရုပ်ရှင်ဆန်ဆန် ရသမြောက်အောင် ရေးသားခဲ့ခြင်းဖြစ်သဖြင့် စာအုပ်၏အမည်ကိုလည်း ရသသဘောပါလေအောင် 'မှောင်မိုက်သောနေ့ရက်များ' ဟူ၍ အမည်ပြောင်းခဲ့ပါသည်။ သို့ဖြစ်ရာ ဤစာအုပ်ကို ဖတ်ရှုရာ၌ တကယ့်ဖြစ်ရပ်များပင်ဖြစ်သော်လည်း ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခု၊ သို့မဟုတ် ဝတ္ထုဇာတ်လမ်းကောင်းတစ်ပုဒ်ကဲ့သို့ တွေ့မြင်ဖတ်ရှုကြရလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤစာအုပ်၏နောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏ ဟစ်တလာထံ ပေးစာ၊ ဟစ်တလာ၏ အသံလွှင့်မိန့်ခွန်းနှင့် ဂျာမန်လုံခြုံရေးတပ်ဖွဲ့၏ လုပ်ကြံမှု စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများကို နောက်ဆက်တွဲအဖြစ် ဖော်ပြခဲ့ပါသည်။ သို့သော် စာဖောင်နှင့် စာမျက်နှာမလုံလောက်မှုကြောင့် ဗိုလ်ချုပ်ကြီးရွမ်းမဲ၏ ပေးစာကိုသာ ဖော်ပြနိုင်ခဲ့သည်ကို ဖတ်ဖတ်သူများ ခွင့်လွှတ်ပါရန် အညွှတ်တောင်းပန်အပ်ပါသည်။

ဤစာအုပ်ရေးသားထုတ်ဝေရာ၌ လိုအပ်သော စာအုပ်စာတမ်းများနှင့် အကူအညီများပေးခဲ့ကြသည့် စာရေးဆရာ ဒဂုန်တာရာ၊ ဆရာစိုးမြိုင်(ဆုစာပေတိုက်)၊ ဦးအံ့မောင် (မုံရွာ)၊ ဦးနေအောင် (ဂျာမန်ဘာသာဒီပလိုမာ)နှင့် ဦးသန်းထွန်း (ရွှေထောင့်ဂျာနယ်)တို့အားလည်းကောင်း၊ သဇင်ပုံနှိပ်တိုက်မှ စာစီ၊ စက်ရိုက်ဝန်ထမ်းများအားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း အမှတ်တရ ဖော်ပြအပ်ပါသည်။

လင်းယုန်မောင်မောင်
၂၂ ဇူလိုင်

www.burmeseclassic.com

## အကိုးအကားအထောက်အထားပြုခဲ့သောစာအုပ်များ


THE NEGHT OF GENERALS: H. H FIRST THE
RISE AND FALL OF THE THIRD REKCH:
WILLIAM L. SHIRER
ROMMEL THE DESERT FOX: DESMOND
YOUNG GERAMANS AGAINST HITLER:
HTTLER: ALAN BULLOCK.



## မာတိကာ


| | | |
|---|---|---|
| | စာရေးသူ၏အမှာ | ၅ |
| ၁။ | ဂုအောင်းနေသော 'ဝံပုလွေ'တစ်ကောင် | ၂၇ |
| ၂။ | အဆုံးနိဂုံး၏အစနိဒါန်း | ၃၇ |
| ၃။ | အရှိကိုအရှိအတိုင်းမမြင်သူ | ၅၁ |
| ၄။ | လူယုံတော်များနှင့် သူတို့အတွင်းရေး | ၇၄ |
| ၅။ | ပထမအကြိမ်ကြိုးပမ်းမှု | ၈၅ |
| ၆။ | ဟစ်တလာ၏ လေယာဉ်ပေါ်မှဘရန်ဒီနှစ်ပုလင်း | ၁၀၇ |
| ၇။ | ကုဏ်အကျီအိတ်ထဲမှဗုံးနှစ်လုံး | ၁၂၅ |
| ၈။ | ဗိုလ်ချုပ်ကြီးရွမ်းမဲလ်ထံမှနောက်ဆုံးရာဇသံ | ၁၃၉ |
| ၉။ | လက်တစ်ဖက်ပြတ်နေ၍မျက်လုံးတစ်ဖက်လပ်နေသော ဗိုလ်မှူးကြီး | ၁၅၅ |
| ၁၀။ | အစည်းအဝေးခန်းထဲမှဗုံးပေါက်ကွဲသံ | ၁၇၄ |
| ၁၁။ | ဘာလင်အသံလွှင့်ဌာနမှသတင်းကြေညာချက် | ၁၈၇ |
| ၁၂။ | မှောင်လွန်းသောညတစ်ည | ၂၀၅ |
| ၁၃။ | မှောင်မိုက်သောနေ့ရက်များ | ၂၂၅ |
| ၁၄။ | ထူးဆန်းသောအခွင့်အရေး | ၂၄၄ |
| ၁၅။ | လုပ်ကြံမှု၏နိဂုံး | ၂၆၃ |
| ၁၆။ | နောက်ဆက်တွဲ | ၂၇၇ |



www.burmeseclassic.com




ဗုံးပေါက်ကွဲမှုဖြစ်ပွားစဉ်က တွေ့မြင်ရသော အစည်းအဝေးခန်းမဆောင်အတွင်းမှ မြင်ကွင်း။
(စာမျက်နှာ ၂၇၃-၂၇၅)

(၁) ဟစ်တလာ
● ဗုံးပါသောသားရေအိတ်
(၃) ဗိုလ်ချုပ်ကောဒတင်း (သေဆုံး)
(၄) ဗိုလ်မှူးကြီးဘရန်ဒ် (သေဆုံး)
(၆) ဗိုလ်ချုပ်ရှမွန် (သေဆုံး)
(၉) ရုံးအမှုထမ်းဘာဂျာ (နေရာတွင်သေဆုံး)

www.burmeseclassic.com






ဟစ်တလာဆန့်ကျင်ရေးသမားများနှင့် ပူးပေါင်းသည်ဟု ဆိုကာ ဟစ်တလာ၏ အမိန့်အရ အဆိပ်သောက်၍ ကိုယ့်ကိုကိုယ်သတ် သေသွားခဲ့ရရှာသော ဗိုလ်ချုပ်ကြီးရွမ်းမဲလ် (ဝဲ) အား အလာမိန်း တိုက်အတွင်း၊ ရှေ့တန်းတစ်နေရာ၌ ၁၉၄၂ ခု၊ နိုဝင်ဘာလက ဗိုလ်ချုပ်ကြီး ဖရစ်ဘောယာလိန်း (ယာ) နှင့် အတူ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်သောက်၍ မိမိကိုယ်ကို သတ်သေသွားရရှာသော ရှမ်းမဲလ်၏ ရုပ်ကလာပ်ကို အုမ်းမြို့ ဆေးရုံမှ ရှမ်းမဲလ် အိမ်သို့ ပြောင်းရွှေ့ထား ခဲ့သည်။ ထို့နောက် နှစ်ရက်မြောက်နေ့တွင် နေအိမ်မှ တစ်ဆင့် အုမ်းမြို့ တစ်ဝေဟာဗွာနချုပ်တွင် ရှာပနအခမ်းအနားကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။





ဟစ်တလာ ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများ (ဝဲမှ ယာ) ဟာန်းစ်၊ ဆိုဖီစကောလ်၊ ခရစ်စတော့ဖ ပရော့စ်

www.burmeseclassic.com

www.burmeseclassic.com





ဟစ်တလာ ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် လူငယ်များ





**ဟစ်တလာဆန့်ကျင်ရေး အစောပိုင်းစစ်ဗိုလ်များ**


အလယ်မှ ဗုဏ်ကျိုလ်သည် ဟစ်တလာ၏ လေယာဉ်ပေါ်သို့ ချိန်ကိုက်ဗုံး တင်၍ လုပ်ကြံရန် ကြိုးပမ်းခဲ့သော ဗိုလ်ချုပ် ဟန်နင်းဗွန်ထရက်စကောင်း (Henning von Tresckow) ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာ ဆန့်ကျင်ရေး အစီအစဉ်ခေါင်းဆောင်တစ်ဦး ဖြစ်သူ ဗိုလ်ချုပ်ကြီး လုဒ်ဝစ်ဘက်ခ် (Gen. Ludwig Beck) ၎င်းသည် ဟစ်တလာ လုပ်ကြံမှု ဖြစ်ပွားသည့် ၁၉၄၄ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် အသတ်ခံခဲ့ရသည်။



ဟစ်တလာအား ချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲ လုပ်ကြံခဲ့သော ဗိုလ်မှူးကြီး ကလော့ရှဟန့်ဂရပ်ဖ်ဖွန်စတပ်ဖင်ဘတ် (Claus Schenk Graf von Stauffenberg) အား သားများနှင့်အတူ တွေ့ရစဉ်။ ၎င်းသည် လုပ်ကြံမှု ဖြစ်ပွားသည့် ၁၉၄၄ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့တွင်ပင် ပစ်သတ်ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com





**လုပ်ကြံမှုတရားခံများအား** ပြည်သူ့ခုံရုံးတွင်တင်၍ စစ်ဆေးနေစဉ်၊ ခုံရုံးသဘာပတိ ဖရိုက်စလာ (အလယ်မှ ထိပ်ပြောင်ဖြင့်) အား ဤသို့ တွေ့မြင်ခဲ့ရသည်။ ဖရိုက်စလာသည် ယင်းသို့ လုပ်ကြံမှုတရားခံများအား စစ်ဆေးနေစဉ် ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် မဟာမိတ်လေတပ်မှ ဗုံးကြဲသဖြင့် ဗုံးမှန်ပြီး သေဆုံးခဲ့ရသည်။ (စာမျက်နှာ ၂၂၅-၂၃၅)။



တော်ဝန်းကျင်တစ်ခုလုံးမှာ သုသာန်တစပြင်ကဲ့သို့ ငြိမ်ချက်သားကောင်းလှသည်။

ခပ်လှမ်းလှမ်းမှ တောင်တန်းကြီးများသည် နက်မှောင်နေသော အရောင်အဆင်းဖြင့် မတုန်မလှုပ် ကျက်သရေကင်းမဲ့စွာ လဲလျောင်းနေကြသည်။ ဤတောင်တန်းကြီးများ၏ အလယ်မှ တောအုပ်တစ်ခုလုံးမှာလည်း မည်းညစ်သည့်ခင်စည်များနှင့် အစိမ်းပုပ်ရောင် သစ်ရွက်များ လွှမ်းခြုံထားသည့် သစ်ပင်ကြီးငယ် အသွယ်သွယ်တို့ဖြင့် မညီမညာ ထူထပ်သိပ်သည်းစွာ တွေ့မြင်နေကြရသည်။

ဤတောအုပ်အတွင်း တစ်နေရာတွင် မှော်များနှင့် ဒိုက်များဖုံးလွှမ်းနေသည့် ရေအိုင်ကြီးတစ်အိုင်ရှိသည်။ ရေအိုင်၏ တောင်ဘက် ကိုက်နှစ်ဆယ်ခန့်အကွာတွင် မီးရထားသံလမ်းတစ်ခုနှင့် မော်တော်ကားလမ်းတစ်ခုကို မျဉ်းပြိုင်ယှဉ်လျက်သား တွေ့ကြရသည်။ မီးရထားသံလမ်းမှာ ဇလီဖားတုံးများနှင့် အောက်ခံကျောက်စရစ်ခဲများကို ကြည့်ခြင်းအားဖြင့် အရေးပေါ်အသုံးပြုရန် ဖောက်လုပ်ထားခြင်းဖြစ်ကြောင်း သိသာလှသည်။ အလားတူပင် မော်တော်ကားလမ်းမှာလည်း ကားဘီးရာများကို မြင်ရသောကြောင့်သာ မော်တော်ကားလမ်းဟု ဆိုရသော်လည်း လမ်းတစ်လျှောက်လုံး မျက်စိတဆုံး ရွှံ့ဗွက်များဖုံးကာ ချိုင့်များ၊ ကျင်းများဖြင့် မြင်မကောင်း ရှုမကောင်းအောင် မညီမညာ ဖြစ်နေလေရာ မူလက မော်တော်ကားများ သွားလာရန် ဖောက်လုပ်ထားခြင်းမဟုတ်ဘဲ တောလမ်းသက်သက်ဖြစ်ကြောင်း ထင်ရှားလှသည်။

ရေအိုင်မှအလွန် ဖာလုံဝက်ခန့်အကွာတွင် ကားလမ်း၏တောင်ဘက်သောင်ကပ်လျက်သား ပေနှစ်ဆယ်ခန့်မြင့်သည့် မျှော်စင်တစ်ခုကို ဘွားခနဲ တွေ့ကြရသည်။ တစ်ပြိုင်တည်း မီးရထားလမ်းဘေးတွင်လည်း ကင်းတဲကလေးတစ်ခုကို အမှတ်မထင် တွေ့မြင်ကြရသည်။ ဤမျှော်စင်နှင့် ကင်းတဲကလေးတို့၏ရှေ့တည့်တည့်တွင် ထင်ထင်ရှားရှား မြင်တွေ့ကြရသည့် အရာဝတ္ထုမှာ သစ်လုံးများ အညီအညာ စိုက်ထူ၍ အခိုင်အခံ့ ကာရံထားသည့် သံဆူးကြိုးများပင်တည်း။

ထိုနေရာမှ လွန်လာခဲ့ပြီးနောက် ကားလမ်းနှင့် ရထားလမ်းအတိုင်း အရှေ့နားရှူး တစ်မိုင်ခန့်အကွာ ကားလမ်း၏မြောက်ဘက်တစ်နေရာတွင်မှ သံချပ်ကာကားကြီးတစ်စင်းကို ထီးထီးမားမား ထိတ်လန့်ချောက်ချားဖွယ်ရာ တွေ့ကြရသည်။ သံချပ်ကာကားကြီး၏ ကိုယ်ထည်မှာ လမ်းတစ်လျှောက်လုံးဖြတ်ကျော်ခဲ့ရသည့် ရွှံ့ဗွက်ရွှံ့နှစ်များကဲ့သို့ ဝါညစ်ညစ်အရောင်များ၊ တစ်ကောလုံးပေကျံနေသည်

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးများ၏ ပင်စည်နှင့် သစ်ရွက်သစ်ခက်များအတိုင်း နက်ကြုတ်ကြုတ်အရောင်နှင့် အစိမ်းပုပ်အရောင်များဖြင့် ကွက်တိကွက်ကြား ရပ်ဖျက်၍ ဆေးများခြယ်ထားသည်ဖြစ်ရာ နက်မှောင်လှသော ဤတောအုပ်အတွင်း နေ့ခင်းကြောင်တောင်မှာပင် ခပ်လှမ်းလှမ်းမှ မသိသာလှဘဲ အနားရောက်မှ ထိတ်လန့်တကြားဘွားခနဲမြင်ကြ တွေ့ကြ သတိပြုမိကြသည်။

ရထားလမ်းနှင့် ကားလမ်းကြားတွင် ကန့်လန့်ဖြတ်၍ မားမားကြီးရပ်ထားသော ဝါညစ်ညစ် မဲကြုတ်ကြုတ် အစိမ်းပုပ်ရောင် ဤသံချပ်ကာကားကြီးနှင့်မျက်စောင်းထိုး နေရာတွင် သံဆူးကြိုးများ ပတ်ပတ်လည် ကာရံထားသည်ကိုတွေ့မြင်ကြရသည်။ ရုတ်တရက် ခပ်လှမ်းလှမ်းမှကြည့်လိုက်လျှင် ဤဒုတိယသံဆူးကြိုးများအတွင်း ပင်စည်ချင်းကပ်၍ ထူထပ်စွာပေါက်နေသော သစ်ပင်ကြီးများကိုသာ မြင်ရမည်ဖြစ်သည်။ သို့သော် အနီးသို့ကပ်၍ စေ့စပ်စွာ ဂရုတစိုက်ကြည့်လိုက်မည်ဆိုပါက ယင်းသို့ တစ်ပင်နှင့်တစ်ပင် ထူထပ်စွာပေါက်နေကြသည့် သစ်ပင်ကြီးငယ်အသွယ်သွယ်၏အကြားမှာပင် အလိုက်သင့် အလျားသင့်ဆောက်ထားသည့် တဲများကို မြင်တွေ့ကြရမည်ဖြစ်သည်။

တဲများမှာ အရွယ်အစားအားဖြင့် ကြီးကြီးမားမား မဟုတ်ဘဲ၊ ခပ်ငယ်ငယ်နှင့် ခပ်ရွယ်ရွယ်များသာဖြစ်ကြသည်။ သို့သော် ဤတဲအားလုံး၏အမိုးများနှင့်အကာများမှာ သစ်လုံးသစ်ခြမ်း သစ်ပြားစသည်ဖြင့် သစ်များကိုသာ အသုံးပြု၍ အကြမ်းထည် ဆောက်လုပ်ထားကြသည်ဖြစ်ရာ မျက်စိပသာဒဟူ၍ လုံးဝမရှိရုံမှုတာ ကြည့်မြင်ရသည်မှာ အရောင်အဆင်းမဲပုပ်ပုပ် နက်ကြုတ်ကြုတ်ဖြင့်ယုတ်သရေယုတ်လှသည်ဟူ၍ပင် ဆိုနိုင်သည်။ သည်ကြားထဲတွင် လက်ခုပ်တစ်ဖောင်သာသာခန့်မှ ဆယ်ပေ ဆယ့်ငါးပေခန့်အထိ အနိမ့်အမြင့် မညီမညာရှိလှသော ဝိုင်ယာကြိုး ကြီးကြီးငယ်ငယ်တို့မှာလည်း ဤဒုတိယသံဆူးကြိုးဝိုင်းအတွင်းရှိ တဲများပေါ်တွင် တစ်တဲနှင့်တစ်တဲဆက်၍ ရှုပ်ယှက်ခတ်နေကြသည်။ ထို့ပြင် သံဆူးကြိုးဝိုင်း၏အရှေ့ အနောက် တောင် မြောက် လေးမျက်နှာသို့ဆက်သွယ်ဖြတ်တန်းနေသော ဝိုင်ယာကြိုးများကို မြင်နေရသည်မှာလည်း မျက်စိနောက်စရာကောင်းလှသည်။

သံဆူးကြိုးများမှာ မော်တော်ကားလမ်းအတိုင်း အနောက်မှအရှေ့သို့ အလျားသုံးဖာလုံခန့်ရှိမည်ဟု ခန့်မှန်းရ၍ သံဆူးကြိုးဝိုင်းအတွင်း အရှေ့ဘက်အစပ်နားတွင် ကင်းစောင့်မျှော်စင်တစ်ခုကို တွေ့ရပြန်သည်။

ဤမျှော်စင်မှနေ၍ ကြည့်လိုက်လျှင် ကားလမ်း၏ လက်ဝဲဘက် အရှေ့



မြောက် ခပ်ယွန်းယွန်း ကိုက် ၅၀ ခန့်အကွာတွင် အခြားသံဆူးကြိုးဝိုင်းကြီးတစ်ခုကို တစ်ပိုင်းတစ်စ လှမ်းမြင်နေရသည်။

ဤတတိယ သံဆူးကြိုးဝိုင်းအတွင်းတွင်လည်း သစ်သားများကို အသုံးပြု၍ဆောက်လုပ်ထားသည့် နက်ပုပ်ပုပ် မဲကြုတ်ကြုတ်တဲများကို အစီအရီတွေ့ရသည်။ အချို့တဲများမှာ ဒုတိယသံဆူးကြိုးဝိုင်းအတွင်းက တဲများနှင့်စာလျှင် အနည်းငယ်ကြီးသည့်ပြင် ပုံသဏ္ဌာန်အားဖြင့်လည်း ရှည်လျားလျား တစ်မျိုးတစ်စားတည်းမဟုတ်ဘဲ အချို့မှာ လေးထောင့်ကျကျ၊ အချို့မှာ ရွက်ထည်ရုံများကဲ့သို့ ခပ်ဝိုင်းဝိုင်း စသည်ဖြင့် ကွဲကွဲပြားပြား ခြားနားလျက်ရှိကြသည်။

ထို့ပြင် မော်တော်ကားလမ်းမှာ ဤတတိယသံဆူးကြိုးဝိုင်း၏ အပြင်ဘက်မှဖြစ်နေသော်လည်း တစ်လျှောက်လုံး ကားလမ်းနှင့် မျဉ်းပြိုင်သဖွယ်ယှဉ်၍ လာခဲ့သော မီးရထားလမ်းမှာမူ ဤနေရာတွင် (ကားလမ်းကဲ့သို့ သံဆူးကြိုးဝိုင်းအပြင်ဘက်မှ မဟုတ်ဘဲ) သံဆူးကြိုးဝိုင်းအတွင်းမှ ဖြတ်သွားသည်ကို တွေ့နေရသည်။ ရုတ်တရက်ကြည့်လိုက်လျှင် ဤချက်မှာ ထူးခြားသည်ဟု ထင်စရာရှိသည်။

သို့သော် ဤနေရာသို့ တစ်ခေါက်တစ်ခေါက်ရောက်ဖူးသူများအဖို့ မီးရထားသံလမ်းဖြတ်၍ ဖောက်ထားသော ဤတတိယ သံဆူးကြိုးဝိုင်းကိုသာလျှင် ထူးခြားသည်ဟု ထင်ကြမည်ဖြစ်သော်လည်း ဤနယ်မြေ ဤနေရာသို့ အခါခါအခေါက်ခေါက် ရောက်ဖူးကြသူနှင့် အထပ်ထပ် အတန်တန် ကာရံထားသည့်ဤသံဆူးကြိုးဝိုင်းများအတွင်း နှစ်ရှည်လများ နေထိုင်လာခဲ့ကြရသူများအဖို့ရာမူ ဤဒေသ ဤတောအုပ်တစ်ခုလုံး၏ ထူးခြားချက်များကို တစ်ခုမကျန် သိပြီးဖြစ်နေကြသည်။ ဤထူးခြားချက်များသည် ထူးခြားသလောက် ကြောက်စရာကောင်းလှ၍ အသက်အန္တရာယ်နှင့် နီးလှသည်ကိုလည်း သူတို့သိထားပြီး ဖြစ်ကြသည်။

ဥပမာ ဆိုကြပါစို့။

ဤတောအုပ်တစ်နေရာတွင် ပထမဆုံးတွေ့ရသည့် သံဆူးကြိုးကာရံထားသော အလျားသုံးမိုင် အနံတစ်မိုင်ခွဲခန့်ရှိသည့် ဤနယ်မြေ ဤဒေသ၏ အရှေ့ အနောက် တောင် မြောက် ပတ်ပတ်လည်တစ်ခုလုံးတွင် မိုင်းဗုံးများ တရစပ်မြှုပ်ထားသော ဤမြေမြှုပ်ဗုံးများ၏ ယမ်းအားမှာလည်း လူမဆိုထားဘိ၊ ဆင်တစ်ကောင် ကြောင်တစ်မြီးသော်မှ မတော်တဆ ဖြတ်ကျော်သွားမိပါက အရိုးအသားပါ ရှာမရအောင် ပေါက်ကွဲပျက်စီးသွားနိုင်သည်အထိ ကြီးမားပြင်းထန်လှသည်ကိုလည်း သူတို့သိပြီးဖြစ်ကြသည်။

တစ်ဖန် သုံးကြိမ်သုံးတန် ကာရံထားသည့် သံဆူးကြိုးဝိုင်းများ၏ အဝင်

www.burmeseclassic.com

www.burmeseclassic.com



ဂိတ်ဝများနှင့် ကားလမ်းတစ်လျှောက်၊ ရထားလမ်းတစ်လျှောက်တွင် မျက်နှာပေါက်ဆိုးဆိုး ရှုသိုးသိုးဖြင့် မျက်တောင်မခတ်ဘဲ စောင့်ကြပ်နေကြသည့် ဂျာမန်အစောင့်စစ်သားများ၏ လက်မှ စက်သေနတ်များသည်လည်းကောင်း၊ ဒုတိယသံဆူးကြိုးဝိုင်းအနီးတွင် အမြဲတမ်း အသင့်ဖြစ်နေသော သံချပ်ကာကားပေါ်မှ စက်အမြောက်ကြီးသည်လည်းကောင်း၊ ရန်သူမှန်သမျှ အတုံးအရုံးကျအောင် ရက်ရက်စက်စက် ပစ်ခတ်ကြမည်ကိုလည်းကောင်း သူတို့အသေအချာသိထားကြသည်။

ထို့ပြင် ဒုတိယသံဆူးကြိုးဝိုင်းထဲမှ တဲများအတွင်းရှိ ခေတ်မီဆက်သွယ်ရေးကိရိယာများကို အသုံးပြုခြင်းအားဖြင့် ထောင်သောင်းမက မြောက်မြားလှသော စစ်သားများသည် ဤနေရာ ဤဒေသသို့ မိနစ်ပိုင်း နာရီပိုင်းအတွင်း စစ်ကူရောက်လာနိုင်သည်ကိုလည်း သူတို့တစ်ထစ်ချ နားလည်ထားပြီးဖြစ်ကြသည်။ ထိုမျှမက ဒုတိယသံဆူးကြိုးနှင့် တတိယသံဆူးကြိုးများသည် သာမန်ရိုးရိုး သံဆူးကြိုးများ မဟုတ်ကြဘဲ မတော်တဆ ယောင်၍ထိကိုင်မိရုံဖြင့် စက္ကန့်ပိုင်းအတွင်း ပွဲချင်းပြီးသေနိုင်လောက်သည့် လျှပ်စစ်ဓာတ်အားများ လွှတ်ထားသည့် သံဆူးကြိုးများဖြစ်သည်ကိုလည်း သူတို့ အတိအကျ သိကြပြီးဖြစ်သည်။

ဤနေရာ ဤဒေသသည် ဤမျှလောက် ထူးခြားကြောက်မက်ဖွယ်ကောင်းလှသည်။ ဤမျှလောက် အန္တရာယ်နှင့် နီးလှသည်။

ဤတွင် မလွဲသာ မရှောင်သာ မေးစရာမေးခွန်းတစ်ခု ပေါ်လာသည်။ ဤမေးခွန်းမှာ အခြားမဟုတ်။ ဤနေရာ ဤဒေသကို အဘယ်ကြောင့် ဤမျှ ထူးခြားကြောက်မက်ဖွယ်ကောင်း၍ အသက်အန္တရာယ်နီးအောင် ဖန်တီးလုပ်ဆောင်ထားကြပါသနည်း။

ရိုးရိုးသားသား ကြားဖူးနားဝရှိသလောက် စဉ်းစားတွေးခေါ်၍ကြည့်မည်ဆိုပါက ယင်းသို့ထူးခြားဆန်းကြယ် ကြောက်မက်ဖွယ်ကောင်းလှ၍ အသက်အန္တရာယ်နှင့် နီးအောင် ဖန်တီးလုပ်ဆောင်ထားသည့် အထက်အဆိုပါနေရာဒေသသည် ဗြိတိသျှ၊ အမေရိကန်၊ ပြင်သစ်၊ ရုရှစသော ရန်သူစစ်တပ်များမှ အရေးပါအရာရောက်သည့် ဗိုလ်ချုပ်ကြီးများ၊ ဗိုလ်မှူးကြီးများနှင့် ထိပ်တန်းသူလျှိုများအား ချုပ်နှောင်ထားသည့် နာဇီလျှို့ဝှက်အကျဉ်းစခန်းပေလော။ သို့တည်းမဟုတ် 'သန့်စင်မြင့်မြတ်သော' ဂျာမန်အမျိုးသားများ၏ 'မဟာရန်၊ ကမ္ဘာရန်'ဖြစ်သည့် ဂျူးလူမျိုးများအား အမျိုးပြုတ်အောင် သုတ်သင်ပစ်နေသည့် ဖက်ဆစ်လူသတ်စခန်းကြီးပေလောဟူ၍ တွေးတောထင်စရာရှိသည်။

သို့သော် ဤအတွေးနှင့် ဤအထင်မှာ ပါစင်အောင်လွဲ၍ တက်တက်စင်များနေသည်။ အဘယ့်ကြောင့်ဆိုသော် ဤနေရာ ဤဒေသသည် ဖက်ဆစ် လူသတ်စခန်းလည်းမဟုတ်၊ နာဇီလျှို့ဝှက်အကျဉ်းစခန်းလည်းမဟုတ်၊ ဂျာမနီ နာဇီတို့၏သခင် ဖက်ဆစ်အာဏာရှင်ကြီး ဟစ်တလာ၏ ဗဟိုစစ်ဌာနချုပ်စခန်းပင် ဖြစ်သောကြောင့်တည်း။

မှန်သည်၊ ပိုလန်နိုင်ငံ၏ အရှေ့မြောက်ခပ်ယွန်းယွန်း၊ တစ်ခါက အရှေ့ပိုင်း ပရပ်ရှားဟူ၍ ထင်ရှားခဲ့သည့် ပြည်နယ်ကလေးအတွင်း ရက်စ်တင်းဘတ်အမည်ရှိ မြို့နှင့်ခပ်လှမ်းလှမ်း တောင်တန်းများနှင့် တောအုပ်များ ဖုံးလွှမ်းနေ၍ လူသူအရောက်အပေါက်နည်းလှသော ဤနေရာ ဤဒေသသည် ကမ္ဘာတစ်ခုလုံး မီးဟုန်းဟုန်းတောက်လောင်အောင် ဒုတိယကမ္ဘာစစ်ကြီးကို စတင်မွှေးခဲ့သည့် ဂျာမနီ အာဏာရှင်ဟစ်တလာ၏ 'အမှတ် ၁၊ လုံခြုံရေးနယ်မြေ'* ဟု ခေါ်ဝေါ်သတ်မှတ်ထားသည့် ဗဟိုစစ်ဌာနချုပ်စခန်းပင်ဖြစ်သည်။ မှန်သည်၊ သံဆူးကြိုးအတန်တန်ကာ၍ လက်နက်ကိုင် အစောင့်အကြပ်တို့ဖြင့် အထပ်ထပ် ဝိုင်းရံထားသည့်ပြင် ပေါက်ကွဲမှုယမ်းအား ကြီးမားလှသည့် မြေမြှုပ်ဗုံးများနှင့် လျှပ်စစ်ဓာတ်အား အမြောက်အမြား လွှတ်ထားသော သံဆူးကြိုးများဖြင့် အစွမ်းကုန်လုံခြုံအောင် ကာကွယ်စောင့်ရှောက်ထားသည့် ဤအမှတ် ၁ လုံခြုံရေးနယ်မြေအတွင်း တတိယ ရိုက်ချ်နိုင်ငံတော်ဟူ၍ ခေါ်ဝေါ်သမုတ်အပ်သော ဂျာမန်အင်ပိုင်ယာကြီး၏ အထွတ်အထိပ် အမှတ် ၁ ခေါင်းဆောင်ကြီး ဟစ်တလာသည် သူ၏ ဂျာမန်စစ်ဦးစီး ဗိုလ်ချုပ်ကြီးများနှင့် အတူနေထိုင်လျက်ရှိသည်။

ဤဒေသကို အမှတ် ၁ လုံခြုံရေးနယ်မြေဟူ၍ ခေါ်ဝေါ်သတ်မှတ်ကာ ဟစ်တလာကိုယ်တိုင် အမြဲတမ်းစစ်ဌာနချုပ်စခန်းအဖြစ် ဖွင့်လှစ်နေထိုင်လာခဲ့သည်မှာ ၁၉၄၁ ခုနှစ် နွေရာသီကတည်းကပင်ဖြစ်သည်။

ထိုအချိန် ထိုအခါက ဟစ်တလာသည် ဆိုဗီယက်ယူနီယံအား အလစ်တွင်ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ၌ ဤစစ်ဌာနချုပ်မှနေ၍ အရှေ့ဘက် စစ်မျက်နှာတစ်ခုလုံးကို သူကိုယ်တိုင် ကြီးကြပ်ကွပ်ကဲခဲ့သည်။ သူကိုယ်တိုင် စစ်ဆင်ရေးအမိန့်များကို တစ်ခုပြီးတစ်ခု အဆက်မပြတ် ထုတ်ပြန်ခဲ့သည်။ သည့်နောက်တွင်မူ ကမ္ဘာကျော် ဂျာမန်ပန်ဇာတင့်ကား တပ်မကြီးများနှင့် လျှပ်တစ်ပြက်မုန်တိုင်းတပ်သားများ၏ သံဖနောက်အောက်သို့ ဆိုဗီယက်မြို့ကြီးများ တစ်မြို့ပြီးတစ်မြို့ကျရောက်ခဲ့၍ အောင်ပွဲများ တစ်ပွဲပြီးတစ်ပွဲ ရရှိခဲ့သည်နှင့်အမျှ ဟစ်တလာ၏ အဆိုပါ ဗဟိုဌာနချုပ်မှာ လှုပ်လှုပ်ရွရွ စည်စည်ကားကားဖြင့် ရယ်သံမောသံများ ဆူဆူညံညံရှိခဲ့သည်။

---

* Security Zone No. 1.

www.burmeseclassic.com

www.burmeseclassic.com



ယခု ၁၉၄၄ ခုနှစ် နွေဦးပေါက်ရာသီသို့ ရောက်လာသောအခါတွင်မူ မှောက်နေသော အရာဝတ္ထုတစ်ခုကို ရုတ်တရက်ဆွဲ၍ ပက်လက်လှန်လိုက်ဘိ သကဲ့သို့ အခြေအနေမှာ အစစအရာရာ ပြောင်းပြန်ဖြစ်သွားသည်။

ပြင်သစ်ကမ်းခြေတွင် နေ့ရောညပါ ကောင်းကင်ယံမှ မိုးလုံးပြည့် ပျံသန်းလာကြသော ဗြိတိသျှ အမေရိကန်လေတပ်မှ ဗုံးကြဲလေယာဉ်ကြီးများနှင့် တိုက်လေယာဉ်များ၏ အပြင်းအထန် ဗုံးကြဲတိုက်ခိုက်မှုကြောင့် စိတ်ဓာတ်ပျက်ပြားနေကြသော ဂျာမန်တပ်များသည် မဟာမိတ်တပ်များက ပြန်လှန်ထိုးစစ်ကြီး ဆင်နွှဲ၍ ကမ်းပေါ်သို့ အလုံးအရင်းဖြင့် တက်လာကြမည့်နေ့ရက်ကို ရင်တမမဖြင့် နေ့လားညလား စောင့်စားနေကြရသည်။ အလားတူပင် အရှေ့ဘက်စစ်မျက်နှာတွင်လည်း 'မျက်ကမ်းတစ္ဆေမကြောက်' သလို ရှေ့သို့သာ တဇွတ်ထိုး ချီတက်လာခဲ့ကြသော ဂျာမန်တပ်များသည် ဆိုဗီယက်ယူနီယံ၏ အတွင်းပိုင်းသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်ခဲ့ကြပြီးမှ ဆိုးဝါးပြင်းထန်လှသည့် ရုရှားဆောင်းရာသီ၏ဒဏ်နှင့် တပ်နီတော်၏ သဲသဲမဲမဲ ခုခံတွန်းလှန်မှုတို့ကို မရှုမလှခံကြရ၍ တပ်လန်ကာ ပြန်လည်ဆုတ်ခွာလာကြရပြီဖြစ်သည်။

ယင်းသို့ အရှေ့ဘက်နှင့် အနောက်ဘက်စစ်မျက်နှာနှစ်ခုစလုံးတွင် တစ်နေ့တခြား ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရ၍ ဂျာမန်နိုင်ငံကြီး အရှုံးမီးပိုင်းဖြစ်သလို ဖြစ်လာသည့် ၁၉၄၄ ခုနှစ် နွေရာသီတွင် ဟစ်တလာ၏ အထက်ဖော်ပြပါ ဗဟိုစစ်ဌာနချုပ်မှာ ယခင်ကလို လူသံသူသံများဖြင့် ဆူဆူညံညံ လှုပ်လှုပ်ရှရှ မဖြစ်ရ မကြားရတော့ဘဲ သုသာန်တစပြင်ပမာ ငြိမ်ချက်သားကောင်းနေခဲ့သည်။ ယခင်က စစ်မျက်နှာတိုင်းမှ အောင်ပွဲရ ဂျာမန်တပ်မတော်၏ ဗဟိုစစ်ဌာနချုပ်အဖြစ် စည်ပြည်ပြည် စည်စည်ကားကား ရှိခဲ့သော၊ ဤအမှတ် ၁ လုံခြုံရေးနယ်မြေမှာ ယခုအခါ ချွေးတပ်စခန်းပမာ ခြောက်ကပ်တိတ်ဆိတ်ကာ ထိတ်လန့်တုန်လှုပ်စရာများသာလျှင် လွှမ်းမိုးနေခဲ့သည်။

'ဤနေရာမှာ ကျောင်းသင်္ချိုင်းလိုလို၊ ချွေးတပ်အကျဉ်းစခန်းလိုလို ဖြစ်နေပါသည်။ သံဆူးကြိုးများနှင့် ဝိုင်ယာကြိုးများ ရှုပ်ယှက်ခတ်နေအောင် ပေါများလှပါသည်။ ဤစခန်းသို့ သွားရာလမ်းတစ်လျှောက်တွင်လည်း ကင်းတဲများ မှိုလိုပေါက်နေပြီး အလယ်ဗဟိုတွင် အမှတ် ၁ လုံခြုံရေးနယ်မြေဟူ၍ သတ်မှတ်ထားသော စခန်းရှိပါသည်။ ဤလုံခြုံရေးနယ်မြေ အတွင်းသို့ ကျွန်ုပ်၏ စစ်ဦးစီးအဖွဲ့ဝင်များကိုပင်လျှင် အမြဲတမ်းဝင်ထွက်သွားလာခွင့် လက်မှတ်များ ထုတ်ပေးထားခြင်းမရှိပါ။ စစ်ရေးအခြေအနေနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများမှတစ်ပါး၊ ပြင်ပလောကမှ မဖြစ်စလောက် အနည်းငယ်မျှသော သတင်းအစအနများသာ သီးခြားကင်းလွတ်နေသော ဤနေရာကလေးသို့ ထိုးဖောက်ရောက်ရှိလာတတ်ပါသည်–'

(နူရင်ဘတ် ခုံရုံးမှတ်တမ်း အပိုင်း ၁၅၊ စာမျက်နှာ ၂၈၃)



ဂျာမန်လက်နက်ကိုင်တပ်များ၏ စစ်ဆင်ရေးဌာနချုပ် စစ်ဦးစီးမှူးအဖြစ် တာဝန်ယူခဲ့ရ၍ အမှတ် ၁ လုံခြုံရေးနယ်မြေတွင် အာဏာရှင်ဟစ်တလာနှင့် နှစ်ရှည်လများ အတူတကွ နေထိုင်လာခဲ့သော ဗိုလ်ချုပ်ကြီး ဂျိုဒဲလ်က ထိုစဉ်အခါက ထိုစခန်း၏ အခြေအနေကို အထက်ပါအတိုင်း ဖွင့်ဟရေးသားခဲ့ဖူးသည်။

ဗိုလ်ချုပ်ကြီး ဂျိုဒဲလ်၏ရေးသားချက်မှာ အမှန်ပင်ဖြစ်သည်။ ၁၉၄၁ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ဆိုဗီယက်ယူနီယံအား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်မည့် စစ်ဆင်ရေးအမိန့်ထုတ်ပြန်ခဲ့ပြီးနောက် ဤစခန်းမှနေ၍ အောင်ပွဲခံ ဂျာမန်တပ်များ၏သတင်းကို အဆက်မပြတ်နားထောင်ကာ၊ မိမိနှင့်ပတ်သက်၍ ကမ္ဘာအရပ်ရပ်မှ ထင်မြင်ယူဆ သုံးသပ်နေကြသော သတင်းမျိုးစုံအဖုံဖုံတို့ကို အာရုံစူးစိုက်၍ နားအရသာခံခဲ့သော အာဏာရှင်ဟစ်တလာသည် ယခု ၁၉၄၄ ခုနှစ် နွေရာသီတွင် အမှတ်၊ လုံခြုံရေးနယ်မြေဟုဆိုသော ဤစခန်းအတွင်း၊ ကမ္ဘာနှင့် အဆက်ဖြတ်နိုင်သမျှဖြတ်ကာ နေထိုင်လျက်ရှိသည်။ ကြားနေရသော သတင်းများနှင့် ကြားရလတ္တံ့သော သတင်းမှန်သမျှတို့မှာ မိမိအတွက် အဖက်ဖက်က မင်္ဂလာမရှိသည့် အနိဋ္ဌာရုံသတင်းများသာဖြစ်နေသည်။ ဖြစ်လိမ့်မည်ဟု တထစ်ချ သိနားလည်ထားပြီးဖြစ်ရာ ဟစ်တလာသည် မရှောင်လွှဲသာသည့် စစ်ရေးစစ်ရာ သတင်းနှင့် အစီရင်ခံစာများမှတစ်ပါး ပြင်ပလောကမှ အခြားသော ပြဿနာရပ်များကို စကားမစပ်မိအောင် အထူးသတိထား၍ ရှောင်ရှားနေခဲ့သည်။ အထူးသဖြင့် စစ်ဆင်ရေး အစည်းအဝေးများနှင့် ဌာနချုပ်စစ်ဦးစီး အစည်းအဝေးများလွဲ၍ ထမင်းစားချိန်များတွင် နိုင်ငံရေးပြဿနာများကို သူကိုယ်တိုင် မပြောဘဲ နေသည့်ပြင် အခြားသူများကိုလည်း လုံးဝမပြောရဟု ပိတ်ပင်ထားခဲ့သည်။

ဤသို့ဖြင့် ၁၉၂၀ ခုနှစ် တစ်ဝိုက်က နိုင်ငံရေးသမားပေါက်စတစ်ယောက်အနေဖြင့် မြူနစ်မြို့မှ ဘီယာဆိုင်များတွင် မိုးအလင်းထိုင်ကာ သောက်စော်သောက်ဖက်လေးငါးယောက်တို့အားလည်းကောင်း၊ ၁၉၃၀ ခုနှစ်တစ်ဝိုက်က နာဇီပါတီခေါင်းဆောင်တစ်ယောက်အဖြစ် နာရီပေါင်းများစွာ ကြာသည့်တိုင်အောင် ပါတီဝင်ပေါင်း လေးငါးသောင်းတို့အားလည်းကောင်း၊ ၁၉၄၀ ခုနှစ် တစ်ဝိုက်က စစ်အာဏာရှင်ကြီးတစ်ယောက်အဖြစ် ပါးစပ်မှ အမြှုပ်တစီစီထွက်

www.burmeseclassic.com

www.burmeseclassic.com



သည့်တိုင်အောင် ဂျာမန်စစ်သားပေါင်း လေးငါးသိန်းတို့အားလည်းကောင်း၊ အာ ပေါင်အာရင်းသန်သန် နိုင်ငံရေး၊ တိုင်းရေးပြည်ရေးနှင့် အမျိုးသားရေးများကို အားရပါးရ စိတ်ရောကိုယ်ပါ ဟောပြောလာခဲ့သော ဟစ်တလာသည် ယခု ၁၉၄၄ ခုနှစ်တွင် နိုင်ငံရေးမှန်လျှင် နားမှလေသံ မကြားချင်လောက်အောင် အပြောင်းလဲကြီး ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

ယုတ်စွအဆုံး 'အမှတ် ၁၊ လုံခြုံရေးနယ်မြေ' ဟု ခေါ်ဝေါ်သတ်မှတ်ထား သည့် ဤဗဟိုဌာနချုပ်တွင် ယခုကဲ့သို့ လာရောက်နေထိုင်ရခြင်း၏ အခြေခံ အကြောင်းရင်းသည်ပင်လျှင် ယခင်နှင့်မတူတော့ဘဲ ပြောင်းလဲခြင်းမက ပြောင်းလဲ ခဲ့ပြီဖြစ်သည်။

ဟစ်တလာသည် ယခင်က ဤစခန်းကို ဗဟိုစစ်ဌာနချုပ်အဖြစ် လျှို့ဝှက် စွာ တည်ဆောက်အသုံးပြုခဲ့သည်။ ရန်သူအား အလစ်တွင် ချက်ကောင်းကိုနှက် ရန်လည်းကောင်း၊ အငိုက်တွင် အရိုက်ကိုထိုးရန်လည်းကောင်း၊ ဤနေရာ ဤ ဒေသကို လျှို့ဝှက်စစ်ဌာနချုပ်အဖြစ် အသုံးပြုခဲ့သည်။

ယခုသော်မူ ဟစ်တလာသည် ဤစခန်းကို ဂျာမန်တပ်များ၏ လျှို့ဝှက် စစ်ဆင်ရေး ဗဟိုဌာနချုပ်အဖြစ် အသုံးပြုရန်ထက်၊ မိမိအသက်အန္တရာယ် လုံခြုံ ရေးအတွက် ခိုလှုံပုန်းအောင်းရာ စခန်းအဖြစ် ပိုမိုအားထားခဲ့သည်။

အထူးသဖြင့် ဥရောပတိုက်တစ်တိုက်လုံး၏ ကောင်းကင်ယံကို အပိုင်စီး ထားနိုင်ပြီဖြစ်သော မဟာမိတ်လေတပ်များသည် ဖရင့်ဖတ်၊ ဟန်နိုဗား၊ ဟမ်းဘတ် နှင့်တကွ ဘာလင်မြို့တော်အပါအဝင် ဂျာမန်မြို့ကြီးများကို နေ့ရောညပါ တအုန်း အုန်းဖြင့် အကြီးအကျယ် ဗုံးများကြဲချနေသော ယခုလိုအချိန်အခါမျိုးတွင် ပိုလန် ရုရှားနယ်စပ်ရှိ အရှေ့ပိုင်း ပရပ်ရှားနယ်*တွင်း တောကြီးမျက်မည်းထဲတွင် ဆောက်လုပ်ထားသော ဤ 'အမှတ် ၁၊ လုံခြုံရေးနယ်မြေ' သည် ဟစ်တလာ၏ အသက်အန္တရာယ်အတွက် လုံခြုံစိတ်ချရသည့် တစ်ခုတည်းသော စခန်းပင်မဟုတ် ပါလော...။

သို့တိုင်အောင် အင်အားကြီးမားလှသည့် မဟာမိတ်လေတပ်၏အန္တရာယ်မှ ပိုမိုစိတ်ချသည်ထက် စိတ်ချရအောင် ဟစ်တလာသည် တတိယသံဆူးကြိုးဝိုင်း အတွင်း မိမိနေထိုင်သည့် တဲအိမ်အပြင်၊ မြေအောက်ပုံးကျင်းတစ်ခုကို အခိုင် အခံ့ ဆောက်လုပ်ကာ၊ ရံဖန်ရံခါ မြေအောက်ပုံးကျင်းထဲမှာပင် ရက်အတော် ကြာအောင် ဆင်း၍နေခဲ့ရသည်။

ဟစ်တလာ၏ စစ်ဌာနချုပ်ဖြစ်သော ဤနေရာစခန်းကို ဂျာမန်စစ်ဦးစီးအဖွဲ့ က 'အမှတ် ၁၊ လုံခြုံရေးနယ်မြေ'ဟူ၍ ခေါ်ဝေါ်သတ်မှတ်ထားသော်လည်း



ဤနာမည်အပြင်၊ အရေးပေါ် စစ်ဆင်ရေးနှင့် လျှို့ဝှက်အမိန့်ပြန်တမ်းများတွင် အသုံးပြုရန်အတွက် အခြားနာမည်တစ်ခုရှိသေးသည်။ ယင်းနာမည်မှာ 'ဝံပုလွေဂူ' (ဝါ) 'ဝံပုလွေခိုအောင်းသည့်လိုဏ်ခေါင်း' ဟူသောအမည်ဖြစ်သည်။

ဂျာမန်စစ်ဦးစီးဌာနချုပ်နှင့် လျှို့ဝှက်စစ်ထောက်လှမ်းရေးဌာနချုပ်မှ ဗိုလ် ချုပ်ကြီးများသည် ခေါင်းဆောင်ကြီး ဟစ်တလာအား လေးစားဂုဏ်ပြုသောအား ဖြင့် ရန်သူမှန်သမျှကို ကုပ်ဖွဲ့ကိုက်သတ် ဝါးမျိုလေ့ရှိသော ဝံပုလွေနှင့်နှိုင်းကာ ဟစ်တလာကိုယ်တိုင် ဦးစီးကွပ်ကဲသည့် ဤဗဟိုဌာနချုပ်စခန်းကို အထက်ပါ အတိုင်း 'ဝံပုလွေဂူ'* ဟူ၍ လျှို့ဝှက်အမည်ပေးခဲ့ခြင်းဖြစ်သည်။

ဤအမည်မှာ 'ပညတ်နှင့်ဓာတ်သက်' လိုက်ဖက်လှသည်ဟုဆိုရမည်ဖြစ် သည်။ အဘယ့်ကြောင့်ဆိုသော် ဟစ်တလာသည် ဝံပုလွေကဲ့သို့ အင်အားကြီး မားသလောက် ကြောက်စရာကောင်းလှသည်။ ရန်သူမှန်သမျှကို အကြင်နာကင်းမဲ့ စွာ ကုပ်ဖွဲ့တတ်သည်၊ ရက်ရက်စက်စက် သတ်ဖြတ်တတ်သည်၊ 'ပညတ်သွားရာ ဓာတ်သက်ပါ' ဆိုသည့်အတိုင်း ဤ 'ဝံပုလွေကြီး'သည် ၁၉၃၈–၃၉ ခုနှစ်များမှ စ၍ ချက်ကိုစလိုဗက်ကီးယား၊ ဩစတြီးယား စသည့် ရန်သူနိုင်ငံများအား အကြင်နာကင်းမဲ့စွာ ဝါးမျိုပစ်ခဲ့သည်။ ပိုလန်၊ ပြင်သစ် စသောရန်သူများကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည်။ ဆိုဗီယက်ယူနီယံကိုလည်း ကုပ်ဖွဲ့ကိုက်ခြစ်ခဲ့ သည်။ ဤသို့ဖြင့် ရက်စက်ကြမ်းကြုတ်သလောက် အင်အားကြီးမားလှသည့် ဤဝံပုလွေကြီးကြောင့် ဥရောပတစ်တိုက်လုံးမှာ ထိတ်လန့်ချောက်ချားခဲ့ရသည်။

သို့သော် ဤသည်မှာ လွန်ခဲ့သည့် လေးငါးနှစ်အတွင်းက ဖြစ်ရပ်များပင် ဖြစ်သည်။ ယခုအချိန်တွင်မူ ဝံပုလွေကြီးမှာ အားအင်ကုန်ခမ်းလာပြီဖြစ်သည်။ ညီးမည်းမြင်သမျှ ရန်သူဟု သဘောထား၍ ကုပ်ဖွဲ့သတ်ဖြတ်ခဲ့ရသဖြင့်လည်း ပင်ပန်းနွမ်းနယ်လှပြီဖြစ်သည်။ ဥရောပတစ်တိုက်လုံး လှည့်လည်သွားခဲ့ရသဖြင့် အစာငတ် ရေငတ်ကာ အားပြတ်နေပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဥရောပအနှံ့ အပြား မင်းမူကျက်စားနေသော ဤဝံပုလွေကြီး၏ ဆိုးသွမ်းမှုကို မခံမရပ်နိုင်သဖြင့် အနောက်ဘက်ကမ်းမှ ဗြိတိသျှခြင်္သေ့ကြီးနှင့် အရှေ့ဘက်တောအုပ်မှ ဆိုဗီယက် ဝက်ဝံကြီးတို့က ညှာသံပေး၍ လာနေပြီဖြစ်ရာ အစာငတ် ရေငတ်ကာ အားပြတ် နေသော ဂျာမန်ဝံပုလွေကြီးမှာ ပြေးပေါက်မှားကာ ကယောင်ချောက်ချားဖြစ်လာ သည်။ ဤအတောအတွင်း ကောင်းကင်ယံမှ အမြဲမပြတ် ဆောင့်ကြွပ်မြဲဝဲနေသည့် အမေရိကန်သိန်းငှက်ကြီးကလည်း လစ်သည်နှင့်တစ်ပြိုင်နက် အဟုန်ပြင်း...

*Wolfsschanze: (Wolf's Lair)

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်သို့ ထိုးဆင်းကာ၊ ဂျာမန်ဝံပုလွေကြီးအား လည်မျိုကို တအားကုပ်၍ မျက်လုံးကို ဖောက်ထုတ်ပစ်ရန် စောင့်နေသည်။

သို့ဖြစ်ရာ တစ်ခါက ဥရောပတွင် မင်းမူဆိုးသွမ်းခဲ့သည့် ဝံပုလွေကြီးမှာ ယခုအခါ သူ့ထက်ပိုမိုအင်အားကြီးမား၍ ပိုမိုဖျတ်လက်သွက်လက်သည့် ခြင်္သေ့ ဝက်ဝံနှင့် သိန်းငှက်တို့၏ရန်ကို အကြောက်ကြီးကြောက်ကာ သူ၏လိုဏ်ဂူထဲမှ မထွက်ရဲဘဲ ဖြစ်နေသည်။

မှန်သည်၊ ဟစ်တလာသည် ဤနေ့ဤရက်များတွင် အမှတ် ၁ လုံခြုံရေး နယ်မြေဟုခေါ်သော 'ဝံပုလွေဂူ'ထဲမှာပင် ပုန်းအောင်းရင်း အချိန်ကုန်ခဲ့ရသည်။



ခြင်မှ ထိုးဖောက်ဝင်ရောက်လာသော အလင်းရောင်မှာ အားနည်းပျော့တော့ရှ သည်။ သို့သော် မျက်နှာကျက် အလယ်တည့်တည့်တွင် တပ်ဆင်ထားသည့် လျှပ်စစ်မီးလုံး၏ အရောင်ကြောင့် အခန်းတွင်းရှိ အရာဝတ္ထုအားလုံးကို သဲသဲ ကွဲကွဲပင် မြင်နေရသည်။

အခန်း၏အလယ်တွင် ခပ်ရှည်ရှည်စားပွဲတစ်လုံးရှိ၍ ထိုစားပွဲ၏ပတ်ပတ် လည်တွင်မူ သစ်သားကုလားထိုင် ဆယ်လုံးခန့် ဝိုင်းရံထားသည်ကို တွေ့ရသည်။ စားပွဲ၏လက်ဝဲဘက်ထိပ်မှ ကုလားထိုင်ပေါ်တွင် လူတစ်ယောက်ထိုင်နေ၍ ကျန် ကုလားထိုင်အားလုံးမှာမူ လူမရှိဘဲ အလွတ်များဖြစ်နေကြသည်။ အခန်းတစ်ခုလုံး တွင် သက်ရှိအရာဝတ္ထုဟူ၍ စားပွဲထိပ်တွင် ထိုင်နေသည့် အဆိုပါလူနှင့်မလှမ်း ကမ်း အခန်းပေါက်ဝတွင် ကျောက်ရုပ်ကြီးများပမာ၊ မလှုပ်မရှား မားမားကြီး ရပ်နေကြသည့် စစ်သားနှစ်ယောက်သာရှိသည်။

သို့သော် အစောင့်စစ်သားနှစ်ယောက်သာလျှင် ကျောက်ရုပ်များပမာ မလှုပ် မယှက် ငြိမ်သက်နေကြသည်မဟုတ်၊ စားပွဲထိပ်တွင် တစ်ယောက်တည်း ထိုင်နေ သူမှာလည်း ရုတ်တရက်အားဖြင့် အသက်မှရှိပါလေစဟု ထင်မှတ်မှားရလောက် အောင် မလှုပ်မရှား ငြိမ်ချက်သားကောင်းလှသည်။ သူ့ခန္ဓာကိုယ်တွင် စစ်ယူနီ ဖောင်းဝတ်စုံများ ဝတ်ဆင်ထားသော်လည်း ထိပ်တည့်တည့်တွင် တောင်ပံကားနေ သည့် လင်းယုန်တံဆိပ်တပ်ထားသော စစ်ဦးထုပ်ကိုမူ သူ့ရှေ့စားပွဲပေါ်မှ ဖိုင်တွဲ များနှင့်အတူ ဘေးချင်းယှဉ်၍ တွေ့မြင်နေရသည်။

ခပ်လှမ်းလှမ်းမှပင် ဖြစ်သော်လည်း အားကောင်းလှသည့် လျှပ်စစ်မီးရောင် ကြောင့် သွေးအားနည်း၍ ဖြူလျော့လျော့ဖြစ်နေသော သူ့မျက်နှာမှ အသားအရေ ကိုလည်းကောင်း၊ နဖူးနှင့် ပါးပြင်ပေါ်မှ ဇရာ၏သင်္ကေတများဖြစ်သော အရေး ကြောင်းများကိုလည်းကောင်း ကောင်းကောင်းကြီးမြင်နိုင်သည်။ သို့သော် ဤ သင်္ကေတများနှင့်အတူ အဝေးက မြင်ရုံမျှဖြင့် သူ့အား ဘယ်သူဘယ်ဝါဟူ၍ အခိုင်အမာ ထစ်ချပြောနိုင်သည့် အမှတ်လက္ခဏာများကိုလည်း အထင်အရှား တွေ့မြင်နေ ရသည်။ ယင်းလက္ခဏာများကား စူးရှတောက်ပြောင်၍ အရောင်တလက်လက် တောက်နေသည့် သူ့မျက်လုံးများ၊ လက်ဝဲဘက်နဖူးတစ်ခြမ်းလုံးကို ဖုံးအုပ်နေသည့် ဆံပင်များနှင့် လက်သုံးလုံးခန့် တိုနံ့နံ့ရှိလှသော သူ၏နှုတ်ခမ်းမွေး စသည်တို့ ပင်ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် နေ့ ၁၂ နာရီတိတိတွင် ကျင်းပမြဲဖြစ်သော စစ်ဌာနချုပ် ကွန်ဖရင့်မှာ ယနေ့ခပ်စောစောကပင် ပြီးစီးသွားခဲ့ပြီဖြစ်ရာ၊ ဌာနချုပ်စစ်ဦးစီးအဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်မှူးကြီးများ အလျှိုအလျှိုထွက်ခွာသွားကြပြီးနောက် ဟစ်တလာသည် နေ့လယ်စာစားရန် အချိန်အနည်းငယ် လိုသေးသဖြင့် ကွန်ဖရင့်ကျင်းပရာ ဤမြေအောက် ပုန်းကျင်းထဲတွင် တစ်ယောက်တည်းချန်နေရစ်ခဲ့ခြင်းဖြစ်သည်။

ဟစ်တလာသည် မဟာမိတ်တို့၏ လေကြောင်းရန်ကို ကာကွယ်ရန်နှင့် သူ့အသက်အန္တရာယ် လုံခြုံရေးအတွက် အမှတ် (၁) လုံခြုံရေးနယ်မြေ သံဆူးကြိုးအတွင်းမှာပင် မြေအောက်ပုန်းကျင်းကြီးတစ်ခုကို အခိုင်အခံ့ ဆောက်လုပ်၍ ဤပုန်းကျင်းထဲမှာပင် နေထိုင်လာခဲ့သည်မှာ ရက်လ အတော်ကြာခဲ့ပြီဖြစ်သည်။ ဤမြေအောက် ပုန်းကျင်းထဲတွင် အိပ်ခန်း၊ ထမင်းစားခန်းနှင့် ရုံးခန်းဟူ၍ အခန်းသုံးခန်းဖွဲ့ထားပြီး ဤပုန်းကျင်းထဲမှာပင် စား၊ ဤပုန်းကျင်းထဲမှာပင် အိပ်၍ ဤပုန်းကျင်းထဲမှာပင် နေ့စဉ်ရုံးလုပ်ငန်းများကို လုပ်ကိုင်လာခဲ့သည်။ နေ့စဉ်နေ့တိုင်း ကျင်းပမြဲဖြစ်သော စစ်ကွန်ဖရင့်အစည်းအဝေးကိုမူ မြေပေါ်တွင် ဆောက်လုပ်ထားသည့် "ဘားရက်" ခေါ် စစ်တန်းလျားအဆောက်အဦးထဲတွင် အချိန်မှန်ကျင်းပခဲ့သည်။ သို့တိုင်အောင် ရံဖန်ရံခါ မဟာမိတ်တို့၏လေကြောင်းရန် စိုးရိမ်ရသည့် နေ့ရက်များတွင် စစ်ကွန်ဖရင့်အစည်းအဝေးကို ဟစ်တလာ၏အမိန့်ဖြင့် သူနေထိုင်ရာ မြေအောက်ပုန်းကျင်းထဲသို့ ရွှေ့ကျင်းပလေ့ရှိသည်။

ယနေ့အဖို့ရာ၌လည်း လေကြောင်းရန် စိတ်မချရသဖြင့် စစ်ကွန်ဖရင့်ကို ဤမြေအောက် ပုန်းကျင်းထဲမှာပင် ကျင်းပခဲ့ရသည်။

နေ့လယ်စာစားချိန်မှာ ၂ နာရီတိတိတွင်ဖြစ်ရာ၊ နောက်ထပ် ဆယ်မိနစ်ကျော်ကျော်ခန့် စောင့်ရဦးမည်ဖြစ်သည်။

ဟစ်တလာသည် အခန်းထဲတွင် မလှုပ်မယှက် တစ်ယောက်တည်းထိုင်ရင်း တစ်စုံတစ်ရာ ရည်ရွယ်ချက်မရှိဘဲ မိမိမျက်စိရှေ့တည့်တည့်တွင် ရှိနေကြသော စားပွဲ ကုလားထိုင်များနှင့် အခန်းနံရံကို တွေတွေကြီးစိုက်ကြည့်နေမိသည်။

စားပွဲနှင့် ကုလားထိုင်များမှာ ရိုးရိုးသစ်သားဖြင့် ပြုလုပ်ထား၍ မွဲခြောက်ခြောက် ညစ်ထေးထေးဖြင့် အရောင်အဆင်းကင်းမဲ့လှသည်။ အခန်းနံရံမှာလည်း ဘာတစ်ခုမှ ချိတ်ဆွဲဆင်ယင်ထားခြင်းမရှိဘဲ ဟာလာဟင်းလင်းဖြစ်နေသည်။ ဟစ်တလာသည် ကျက်သရေကင်းမဲ့လှသော ဤစားပွဲ ကုလားထိုင်များနှင့် အခန်းနံရံများကိုကြည့်ရင်း ယခင်က သူနေထိုင်ခဲ့သည့် ဘာလင်မြို့တော်မှ ကြီးကျယ်ခမ်းနားလှသည့် ဝန်ကြီးချုပ်အိမ်တော်နှင့် ဂျာမနီတောင်ပိုင်း ဘာချက်စ်ဂါဒင်မြို့



အနီးရှိ တောင်ကုန်းပေါ်မှ သာယာလှပသည့် ဘားဂေါ့ဖ် နွေရာသီစံအိမ်တော်တို့ကို သတိရနေမိသည်။ ဘာလင်မြို့တော်မှ ဝန်ကြီးချုပ်အိမ်တော်တွင် နူးညံ့ထူထဲလှသည့် ရောင်စုံကော်ဇောကြီးများဖြင့် အပြည့်ခင်းထားသော အခန်းကျယ်ကြီးများ၊ တဖိတ်ဖိတ်အရောင်ထွက်၍ ပြောင်လက်နေသော စားပွဲရှည်ကြီးများနှင့် ညက်ညောချောမွေ့လှသည့် ကုလားထိုင်ကြီးများကို မြင်ယောင်နေမိသည်။ အလားတူပင် ခြူးပန်းခြူးနွယ်များဖြင့် အဆန်းတကြယ် တန်ဆာဆင်ထားသည့် ခံ့ညားလှပသော စားပွဲ ကုလားထိုင်များကို ပြေး၍သတိရမိသည်။

ယင်းသို့ ကြီးမားလှသော အခန်းကျယ်ကြီးများ၊ ခန်းလုံးပြည့်ခင်းထားသည့် ကော်ဇောကြီးများ၊ အရောင်တဖိတ်ဖိတ်တောက်နေသည့် စားပွဲရှည်ကြီးများနှင့် ခံ့ညားလှပသည့် ကုလားထိုင်ကြီးများအပြင် လေးဘက်လေးတန်နံရံများ ရောမခေါ်မစသည့် ရှေးခေတ်သရုပ်ဖော် ပန်းချီကားချပ်ကြီးများနှင့် ရှုမငြီးလောက်စရာ သာယာလှသည့် ရှုမျှော်ခင်း ပန်းချီကားချပ်ကြီးငယ် အသွယ်သွယ်တို့ဖြင့် တန်ဆာဆင်ထားသော ဘာလင်မြို့တော်မှ အိမ်တော်နှင့် ဘားဂေါ့ဖ်မှ စံအိမ်တော်တို့ဖြင့် နှိုင်းယှဉ်လိုက်ပါက ဤမြေအောက်ပုန်းကျင်းထဲမှ ဤအခန်းကလေးမှာ ကောင်းကင်ဘုံနှင့် ငရဲခန်းပမာ အကွာကြီးကွာလှသည်ဟု ဟစ်တလာစိတ်ထဲတွင် ထင်မိသည်။

မလှမ်းမကမ်းမှ တံခါးပေါက်ဝတွင် ကျောက်ရုပ်ကြီးများပမာ တောင့်တောင့်ကြီး ရပ်နေကြသော အစောင့်စစ်သားနှစ်ယောက်အနက်၊ တစ်ယောက်သော စစ်သားသည် စားပွဲထိပ်မှ ကုလားထိုင်ပေါ်တွင် နောက်သို့ မသိမသာမှီကာ ခပ်ခွေခွေထိုင်ရင်း တစ်စုံတစ်ရာ ဘာတစ်ခုမှ ကြည့်စရာမရှိဘဲ အခန်းနံရံကို အဓိပ္ပာယ်မရှိ တွေတွေကြီးစိုက်ကြည့်နေသည့် အာဏာရှင်ကြီးဟစ်တလာအား မျက်နက်အစုံကို ထောင့်ကပ်၍ မသိမသာ အကဲခတ်ကြည့်လိုက်သည်။

ထိုအခိုက်မှာပင် ဟစ်တလာသည် နောက်သို့မှီ၍ မလှုပ်မယှက်ထိုင်နေရာမှ ကိုယ်ကို အနည်းငယ်ပြင်ထိုင်လိုက်သည်။ ပြီးမှ သူသည် ကျူးနစ်စစ်အင်္ကျီ၏ လက်မောင်းတစ်ဖက်ကို မသိမသာပင့်ကာ လက်ပတ်နာရီကို ကြည့်လိုက်သည်။ ထို့နောက် ကုလားထိုင်လက်တန်းနှစ်ဘက်ကိုအားပြု၍ ထိုင်ရာမှ လေးလေးပင်ပင် ထလိုက်သည်။

ဟစ်တလာ၏လှုပ်ရှားမှုကို အစောင့်စစ်သားနှစ်ယောက်စလုံး သတိထားအထားဖြင့် ရပ်နေရာမှ အကဲခတ်ကြည့်လိုက်မိကြသည်။ ဟစ်တလာ၏ မျက်နှာနှင့် ဟန်အမူအရာမှာ လေးတွဲ့ဖင့်နွှေးလှ၍ အဘိုးကြီးတစ်ယောက်နှင့် တူလှသည်ဟု သူတို့နှစ်ယောက်စလုံး စိတ်ထဲမှကြိတ်၍ မှတ်ချက်ချမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ယင်းသို့ မှတ်ချက်ချမည်ဆိုလျှင်လည်း ချလောက်စရာပင် ဖြစ်သည်။

ဟစ်တလာ၏အသက်မှာ ဘာလိုလိုနှင့် (၅၅) နှစ်ထဲသို့ ရောက်လာခဲ့ပြီ ဖြစ်သည်။ ၅၅ နှစ်ဟူသောအရွယ်သည် အိုမင်းမစွမ်းဖြစ်ရမည့်အရွယ်မဟုတ်သေးသော်လည်း ဖျတ်ဖျတ်လတ်လတ် တက်တက်ကြွကြွနှင့် သန်တုန်းမြန်တုန်းဆိုသည့် အရွယ်မျိုးလည်း မဟုတ်တော့ပြီမှာ သေချာသည်။

အထူးသဖြင့် လွန်ခဲ့သည့် ၂ နှစ်ကျော် ၃ နှစ်ခန့်မှစ၍ ဟစ်တလာ၏ အပြောအဆို အနေအထိုင်များနှင့် အမူအရာများမှာ တဖြည်းဖြည်း လေးလံထိုင်းမှိုင်းလာသည်ဟု ဆိုရမည်ဖြစ်သည်။ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ တစ်ဖက်သားနားထဲသို့ စကားလုံးများ တစ်လုံးပြီးတစ်လုံး ပစ်သွင်းသလို အားမာန်အပြည့်ပါလေ့ရှိသော သူ၏အပြောအဆိုသည်လည်းကောင်း၊ လူချင်းတူတူ၊ လူထဲကလူပင်ဖြစ်သော်လည်း ကျန်လူများနှင့်မတူဘဲ ခံ့ခံ့ညားညားဖြင့် အံ့သြလေးစားလောက်သည့် သူ၏အနေအထိုင်များသည်လည်းကောင်း၊ ရနရာတိုင်းတွင် သွက်လက်ဖျတ်လတ်လှ၍ အရာရာတွင် တက်တက်ကြွကြွရှိလှသော သူ၏လှုပ်ရှားသွားလာမှု ဟန်အမူအရာများသည်လည်းကောင်း၊ ဤအားမာန်များ ဤခံ့ညားမှုများနှင့် ဤဖျတ်လတ်မှု တက်ကြွမှုများသည် ယခုအခါ သူ့ခန္ဓာကိုယ်ပေါ်တွင် ယောင်လို့မှ မမြင်မတွေ့ရတော့ဘဲ ဖြစ်နေသည်။

နာဇီပါတီ စတင်တည်ထောင်သည့်အချိန်မှစ၍ နှစ်ပေါင်း ၂၀ ကျော်မျှ သွားအတူ လာအတူဖြစ်ခဲ့ကြ၍ ယခုထက်တိုင် အမှတ် ၁၊ လုံခြုံရေးနယ်မြေတွင် ဟစ်တလာနှင့် အတူတကွ နေထိုင်လျက်ရှိသော ဂျာမန်လေတပ်စစ်ဦးချုပ် ဗိုလ်ချုပ်ကြီး ဂိုးအားရင်းကမူ 'ဤစစ်ကြီးဖြစ်ပွားခဲ့သည့် ၅ နှစ်ကာလအတွင်း ဟစ်တလာသည် အသက် ၁၅ နှစ်ခန့် အိုစာသွားသည်ဟု ထင်ရကြောင်း' ဖြင့် သူ့မိတ်ဆွေတစ်ယောက်အား ပြောပြဖူးသည်။

သူပြောသည့်အတိုင်းပင် ဟစ်တလာသည် စစ်ကြီးစတင်ဖြစ်ပွားခဲ့သည့် ၁၉၃၉ ခုနှစ်မှစ၍ ယခု ၁၉၄၄ အထိ ၅ နှစ်လုံးလုံး စိတ်ရောကိုယ်ပါ နေ့စဉ်ညဆက် သွားလာလှုပ်ရှား၍ မနားမနေဘဲ ပင်ပင်ပန်းပန်း လုပ်ကိုင်လာခဲ့ရသည်ဖြစ်ရာ သူ့အသက်မှာ ၅၅ နှစ်ဟုသာဆိုရသော်လည်း သူ့ရုပ်လက္ခဏာနှင့် အမူအရာမှာ အသက် ၆၀ ကျော် ၇၀ နီးပါးရှိသည့် အဘိုးကြီးတစ်ယောက်နှင့် မခြား ကျန်းမာရေးပျက်ပြား၍ အိုမင်းယိုယွင်းလာခဲ့ပြီဖြစ်သည်။

စိတ်ရှိသလောက် အပင်ပန်းခံ၍ မာန်ရှိသလောက် ကြိုး၍ကုန်း၍ အအိပ်ပျက် အစားပျက် သွားလာလုပ်ကိုင်လာခဲ့ရာမှ တစ်စတစ်စ ကျန်းမာရေးချို့ယွင်း



လာသော ဟစ်တလာမှာ ၁၉၄၃ ခုနှစ်အတွင်း လက်ဝဲဘက် လက်မောင်းတစ်ဘက်နှင့် လက်ဝဲဘက်ခြေထောက်တစ်ဘက်တွင် ရံဖန်ရံခါ မခံမရပ်နိုင်လောက်အောင် ကိုက်ခဲသည့်ရောဂါဝေဒနာတစ်ရပ် ခံစားလာရသည်။ ဤဝေဒနာကို သူ၏ကိုယ်ပိုင်ဆရာဝန် ဒေါက်တာမိုရဲလ်နှင့်တကွ ဂျာမနီတွင် ကျော်မေ့ဆိုသည့် ထိပ်တန်းသမားတော်ကြီးများကိုပါ ပြသ၍ ကုသခဲ့သည်။ သို့သော် ဤဝေဒနာမှာ လုံးဝမပျောက်ရုံမျှမက တစ်နေ့ထက်တစ်နေ့ တစ်လထက်တစ်လ ပိုလို့သာ ဆိုးလာခဲ့သည်။ ဘာလင်မြို့ ချယ်ရစ်တီဆေးရုံကြီးမှ သမားတော်ကြီး ပရော်ဖက်ဆာ ဒီကရင်းနစ္စ၏အဆိုအရ ဤဝေဒနာမှာ တဖြည်းဖြည်း ကြာလာလျှင် ရုတ်တရက် ကိုယ်တစ်ပိုင်းသေသွားသည်အထိ ဖြစ်နိုင်ကြောင်း ကောက်ချက်ချခဲ့သည်။

နောက်ပိုင်းတွင်မူ ယင်းသို့ လက်မောင်းတစ်ဖက်နှင့် ခြေထောက်တစ်ဖက် ကိုက်ခဲသည့်ဝေဒနာကိုအကြောင်းပြု၍ ဟစ်တလာသည် ခပ်ကြာကြာ မတ်တတ်ရပ်ရသည့်အခါမျိုး၌ အမာခံအရာဝတ္ထု တစ်ခုခုကိုဖြစ်စေ၊ မြေကြီးကိုပင်ဖြစ်စေ ခြေထောက်တစ်ဖက်ဖြင့် ကျားကန်သလိုကန်၍ ရပ်ရသည့်ပြင် လက်ဝဲဘက်လက်ကိုလည်း လက်ယာလက်ဘက်ဖြင့် အမြဲကိုင်ထားရသည်အထိ ဖြစ်လာခဲ့သည်။ ထိုမျှမက လက်ဝဲဘက်ခြေထောက်မှာ မကြာခဏ ကိုက်ခဲခဲ့ရာမှ သွေးလေသွားလာမှု မမှန်သဖြင့် လမ်းလျှောက်ရာတွင် မသိမသာ ခြေတစ်ဖက် 'ဆာ'၍ ထော့နဲ့ထော့နဲ့ဖြစ်လာခဲ့သည်။

ဟစ်တလာသည် ယခင်က နာဇီခေါင်းဆောင်အဖြစ် အာဏာသိမ်းရန် ကြိုးပမ်းလာခဲ့သည့် ၁၉၃၀ ခုနှစ်မှစ၍ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားခဲ့ပြီးသည့်နောက်ပိုင်း ၁၉၄၃ ခုနှစ်အထိ သူ့ကျန်းမာရေးအခြေအနေမှာ 'ဒေါင်ဒေါင်မြည်အောင်' ကောင်းခဲ့သည်။ စကားပြောလွန်း တရားဟောလွန်းအားကြီးလှသဖြင့် မှတ်မှတ်ရရ တစ်ခါကအာခေါင်တွင် ခွဲစိတ်ကုသခဲ့ရသည်ကလွဲ၍ သူ့မှာ ရောဂါဟူ၍ ကြီးကြီးကျယ်ကျယ် မယ်မယ်ရရ ဘာတစ်ခုမှမဖြစ်ခဲ့။

သို့သော် စစ်ကြီးဖြစ်ပွားလာခဲ့ပြီးသည့်နောက်ပိုင်းတွင် ပင်ပန်းလွန်းအားကြီး၍ ကျန်းမာရေးပျက်ပြားကာ ကိုယ်ခန္ဓာချို့ယွင်းလာရာမှ စိတ်ဓာတ်ပါ ခြောက်ခြားလာခဲ့ရာ ဟစ်တလာသည် သူ့ကိုယ်သူ ရောဂါတစ်ခုခု အမြဲရှိနေသည်ဟု ထင်မြင်ယူဆလာခဲ့သည်။ အမြဲတစေ နှလုံးအားနည်းနေသည်ဟူ၍လည်းကောင်း၊ ရံဖန်ရံခါ ခေါင်းထဲက မူးနောက်နောက်နေသည်ဟူ၍လည်းကောင်း၊ [illegible] မျိုးပြီးတစ်မျိုး ဖြစ်ပွားကာ ဆရာဝန်ကြီးများနှင့် စမ်းသပ်ကုသ [illegible] သို့သော် တကယ့်တကယ်တွင်မူ ကျွမ်းကျင်သည့်ဆရာဝန်ကြီး [illegible] စမ်းသပ်စစ်ဆေးတွေ့ရှိချက်အရ ၁၉၄၃ ခုနှစ်အထိ သူ့မှာရောဂါဟူ၍ ဘာတစ်ခုမှ ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားမား ဆိုးဆိုးဝါးဝါးမရှိ[illegible]ဓာတ်ချောက်ချားကာ သူ့ကိုယ်သူ လှည့်စားနေခြင်းသာဖြစ်ခဲ့သည်။

ယင်းသို့ ဟစ်တလာတွင် ရောဂါကြီးကြီးမားမား မရှိသည်မှာ မှန်သော်လဲ သူကိုယ်တိုင်က အမြဲတစေ ဝေဒနာတစ်ခုခု ခံစားနေရသည်ဟူ၍ ထင်မြင်ယူဆကာ မကြာခဏတင်ပြပြောဆိုနေသဖြင့်တစ်ကြောင်း၊ တကယ်တမ်းအားဖြင့်လည်း အသက်အရွယ် ၅၀ ကျော်လာ၍ ဇရာဒုလ္လဘအချိန်ကျလာသဖြင့်တစ်ကြောင်း၊ သူ့လက်စွဲတော် သမားတော်ကြီး မိုရဲလ်သည် ရောဂါ၏အလိုအရလည်းကောင်း၊ ဟစ်တလာ၏ အလိုကျလည်းကောင်း၊ စားဆေး သောက်ဆေးနှင့် ထိုးဆေးများကို နေ့စဉ် တိုက်ကျွေး၍ နေ့စဉ် ထိုးပေးလာခဲ့ရသည်။

ပရော်ဖက်ဆာမိုရဲလ်မှာ မူလက ဘာလင်မြို့ဆေးရုံကြီးတစ်ရုံမှ အထူးကုဆရာဝန်ကြီးတစ်ဦးပင်ဖြစ်၍ ဟစ်တလာ၏ လက်စွဲသမားတော်ကြီးအဖြစ် ၁၉၃၆ ခုနှစ်ကပင် တာဝန်ယူဆောင်ရွက်လာခဲ့ရသူဖြစ်သည်။

သို့ဖြင့် ဟစ်တလာသည် နေ့စဉ် နံနက်စာ နေ့လည်စာနှင့် ညစာစားသည့်အခါတိုင်း သမားတော်ကြီး မိုရဲလ် တိုက်ကျွေးသည့်ဆေးများကို စားခဲ့သောက်ခဲ့ရသည်။ ယင်းသမားတော်ကြီးမိုရဲလ်က အာဏာရှင်ကြီး ဟစ်တလာအား နေ့စဉ်တိုက်ကျွေးသည့် စားဆေး သောက်ဆေးများမှာ များပြားလှ၍ တစ်နေ့တစ်နေ့လျှင် ဆေးအမျိုးအမည်ပေါင်း ၂၈ မျိုးတိတိရှိသည်ဟူ၍ပင် အဆိုရှိသည်။ အလားတူပင် ဒေါက်တာမိုရဲလ်သည် ဟစ်တလာ၏စိတ်ဆန္ဒနှင့် ရောဂါအခြေအနေအရ ၁၉၄၃ ခုနှစ်မှစ၍ ၂ နှစ်တိတိ (ဟစ်တလာသေဆုံးသည့်အချိန်အထိ) နေ့စဉ်ရက်ဆက်တစ်ရက်မပြတ် ထိုးဆေးများ ထိုးပေးခဲ့ရသည်။

ကျန်းမာရေး ပျက်ပြားမှုနှင့် စိတ်ဓာတ်ချောက်ချားမှုဒဏ်များကို ယင်းသို့ တစ်လှည့်စီခံစားရင်း မြေအောက်ပုန်းကျင်းထဲတွင် အချိန်ကုန်လွန်ခဲ့ရသော ဟစ်တလာ၏ဘဝမှာ ယခုအခါ စိတ်ပျက်အားငယ်စရာကောင်းသည်နှင့်အမျှ ငြီးငွေ့စက်ဆုပ်စရာကောင်းလှသည်။ လွန်လေပြီးသော အတိတ်ကာလ သုံးနှစ်ကျော်လေးနှစ်အတွင်းက တွေ့ကြုံဆုံစည်းခဲ့ရသည့် ဣဋ္ဌာရုံအဖုံဖုံ၊ အောင်မြင်မှုအစုစုတို့မှာ ယခုပစ္စုပ္ပန်မျက်မှောက်တွင် ဘယ်ရောက်ကုန်ကြသည်မသိ။ နေ့စဉ်နှင့်အမျှ ကြားရသမျှ၊ တွေ့ရသမျှ အလုံးစုံတို့မှာ အနိဋ္ဌာရုံများသာဖြစ်နေကြသည်။ မျက်မှောက်ကာလ သူ့ဘဝမှာ သာယာမှုဟူ၍ အလျဉ်းကင်းမဲ့သလိုဖြစ်နေသည်။

စိတ်၏ဖြေဖျော်ရာ ပျော်ရွှင်မှုကို တောင့်တလိုလားသည့် လူသားတစ်ယောက်ပီပီ ဟစ်တလာသည် ရုပ်ရှင်ဂီတစသည့် အနုပညာ ပွဲလမ်းသဘင်များကို ခုံမင်နှစ်သက်သူတစ်ဦးဖြစ်သည်။ သူ အာဏာမရမီ လွန်ခဲ့သည့် ၁၉၃၀ ခုနှစ်တစ်ဝိုက်



[illegible] နိုင်ငံရေးတိုက်ပွဲများ ပြင်းထန်နေသည့်ကာလမှာပင် လုပ်ဖော်ကိုင်ဖက်[illegible] သူ ဂိုးဘဲလ်နှင့်အတူ ရုပ်ရှင်ရုံများသို့ နှစ်ယောက်သား လစ်လျှင်လစ်သလို [illegible]တိုက်ကရိုက်သွားကြည့်ခဲ့ကြသည်။ သူ့အာဏာရလာပြီး အာဏာတည်မြဲရေး[illegible]တိုက်ပွဲများ အပြင်းအထန်ဆင်နွှဲနေရသည့် ၁၉၃၅ ခုနှစ်တစ်ဝိုက်ကာလည်း သူ[illegible]ထိုင်သည့် ဝန်ကြီးချုပ်အိမ်တော်တွင် ရုပ်ရှင်ပြခန်းတစ်ခုကို သီးခြားထား၍ [illegible]ဖြင့် အားရပါးရကြည့်ခဲ့သည်။ ထို့နောက် စစ်ကြီးဖြစ်ပွားလာခဲ့၍ စစ်ရေး[illegible]တိုက်ပွဲများကို သဲသဲမဲမဲ ဦးစီးကွပ်ကဲနေရသည့် ၁၉၄၀ ပြည့်နှစ်တစ်ဝိုက်တွင် [illegible]ည်း သူ၏အခြေစိုက်စစ်ဌာနချုပ်စခန်းများတွင် ရုပ်ရှင်ကားများကို တကူးတကန့် [illegible]ယ်ယူ၍ ကြည့်ရှုလေ့ရှိခဲ့သည်။

အလားတူပင် ဂီတအနုပညာဘက်တွင်လည်း ဝါသနာထုံလှသော ဟစ်တ[illegible]သည် စစ်မဖြစ်မီက ဘာလင်မြို့တော်တွင် နှစ်စဉ်ကျင်းပလေ့ရှိသော ဘီသိုဗင်-[illegible]နာ စသည့် ကွယ်လွန်သူဂျာမန်ဂီတပညာရှင်ကြီးများ၏ နှစ်ပတ်လည် အခမ်း[illegible]းမျိုးသို့ မှန်မှန်တက်ရောက်၍ သီချင်းကြီး သီချင်းခန့်များကို နားထောင်ခဲ့[illegible]ည်။ ထို့နောက် စစ်ကြီးဖြစ်ပွားလာသည့် ကာလတွင်လည်း ရောက်လေရာ [illegible]ပ်တွင် ရေဒီယိုမှလွှင့်သည့် ရှေးဟောင်းသီချင်းကြီးများကို ဂရုတစိုက်နားဆင်ခဲ့[illegible]ည့်ပြင် ဓာတ်ပြားများကိုလည်း သွားလေရာ သယ်ဆောင်ကာ အပန်းဖြေ[illegible]နေသည့်အခိုက် ဖွင့်၍နားထောင်လေ့ရှိခဲ့သည်။

ယခုသော်မူ ဤရုပ်ရှင်ဂီတစသည့် စိတ်၏ဖြေဖျော်ရာ အနုပညာသာယာမှု[illegible] ဘာတစ်ခုမှ မရှိခဲ့သည်မှာ ကြာခဲ့လေပြီ။ ယခင်ကလို ဤဗဟိုစစ်ဌာနချုပ်[illegible]န်းတွင် ညစာစားပြီးတိုင်း ရုပ်ရှင်ကြည့်လေ့ရှိခဲ့သော်လည်း ၁၉၄၃ ခုနှစ်[illegible]ဖော်ဝါရီလတွင် စတာလင်ဂရက်တိုက်ပွဲ၌ ဂျာမန်တပ်များ အကြီးအကျယ်[illegible]ရှုံးနိမ့်ခဲ့ပြီးသည့်အချိန်မှစ၍ ဟစ်တလာသည် ရုပ်ရှင်ကို လုံးဝမကြည့်တော့ဘဲ [illegible]ခါတစ်ရံ မကြည့်မဖြစ်သည့် သတင်းကားမျိုးလောက်သာ ကြည့်လေ့ရှိတော့[illegible]ည်။ အလားတူပင် ယခင်က ညနေခင်းဘက်တွင် အပန်းဖြေရင်း ဗီသိုဗင်နှင့် [illegible]နာတို့၏ ရှေးသီချင်းကြီးများကို နားထောင်လေ့ရှိခဲ့ရာမှ ယခုအခါ သာယာ[illegible]သောင်းလှသည့် ဤတေးဂီတသံများမှာလည်း လုံးဝဆိတ်သုဉ်းခဲ့ပြီဖြစ်သည်။

ဟစ်တလာ၏ဘဝတွင် ဤနေ့ဤရက်များတွင် အထက်ပါအတိုင်း သာယာ[illegible] အလျဉ်းကင်းမဲ့နေရုံမျှမက နေ့စဉ်နှင့်အမျှ သူ၏နိစ္စဓူဝ လုပ်ငန်းစဉ်များမှာလည်း [illegible]ပတ်ပေးထားသည့် နာရီပေါ်မှ လက်တံနှင့်အတူ ပုံမှန်အတိုင်း လှည့်ဝင်ရှုပ်[illegible]နေသည်ကိုသာ တွေ့ရသည်။

ဟစ်တလာသည် နေ့စဉ် နံနက် ၁၀ နာရီတွင်မှ အိပ်[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ၁၀ နာရီတိတိထိုးသည်အထိ အိပ်ရာက မထသေးလျှင် ကိုယ်ရံတော်အစောင့်တပ်မှူးတစ်ယောက်က သူ့ကို အမြဲနှိုးရသည်။ ထို့နောက် ကိုယ်လက်သုတ်သင်သန့်စင်ပြီးသည်နှင့်တစ်ပြိုင်နက် နံနက်စာကို အိပ်ခန်းထဲမှာပင် စားသည်။ ဤနံနက်စာနှင့်အတူ သတင်းစာများမှ အရေးကြီးသော စစ်ရေး နိုင်ငံရေး သတင်းကောက်နုတ်ချက်များကို သူ့ထံသို့ တစ်ပါတည်းပို့ပေးရသည်။ ဟစ်တလာသည် နိုင်ငံခြားဘာသာကို လုံးဝတတ်သူတစ်ယောက်မဟုတ်သဖြင့် နိုင်ငံခြားသတင်းစာများမှ အရေးကြီးသော သတင်းကောက်နုတ်ချက်များကို ဂျာမန်ဘာသာဖြင့် ပြန်၍ပေးရသည်။ ဤသတင်းကောက်နုတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီး ရစ်ဘက်ထရော့ ကိုယ်တိုင် စိစစ်ရွေးချယ်ပေးရသည်။ ဟစ်တလာသည် အိပ်ခန်းထဲမှာပင် နံနက် စာစားရင်း အဆိုပါသတင်းစာ ကောက်နုတ်ချက်များကို ဖတ်လေ့ရှိသည်။

ဤနေရာတွင် နိုင်ငံခြားသတင်းစာများမှ ဂျာမန်ဘာသာသို့ ပြန်ဆိုထားသော ဤသတင်းစာ ကောက်နုတ်ချက်များမှာ လက်နှိပ်စက်ဖြင့် သေသေသပ်သပ် ရိုက်နှိပ်ထားခြင်းဖြစ်သော်လည်း စာလုံးများမှာ ရိုးရိုးလက်နှိပ်စက်စာလုံးများထက် နှစ်ဆ သုံးဆမျှ ကြီးမားနေသည်ကို ထူးဆန်းစွာ တွေ့ရသည်။ ဤသည်မှာ အခြားမဟုတ်၊ ဟစ်တလာသည် ရိုးရိုးသာမန်သတင်းစာထဲမှ စာလုံးများကိုပင် ဖတ်၍မရအောင် မျက်စိမှုန်နေသောကြောင့်ဖြစ်သည်။

ထိုသို့ မျက်စိမှုန်နေပါက မျက်မှန်တပ်၍ ဖတ်လျှင် ဖြစ်နိုင်သည်မဟုတ်ပါလော။ ဟုတ်သည်၊ ဖြစ်နိုင်သည်။ ယခုခေတ်တွင် မျက်စိမှုန်သူတိုင်း မျက်မှန်တပ်၍ စာဖတ်လေ့ရှိကြသည်မှာ လူတိုင်းအဖို့ ရိုးနေပြီဖြစ်သည်။ သို့သော် ဤနေရာတွင်မူ ဟစ်တလာသည် လူထဲကလူပင်ဖြစ်သော်လည်း လူတိုင်းနှင့်မတူဘဲ ဖြစ်နေသည်။ သူသည် မျက်စိမှုန်သူတစ်ယောက်ဖြစ်သော်လည်း မျက်မှန်တပ်ရမည့်အရေးတွင် အလွန်ဝန်လေးလှသည်။ မျက်မှန်တပ်ရမည့်အလုပ်ကို အလွန်စက်ဆုပ်သူဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံခြားရေးဝန်ကြီး ရစ်ဘက်ထရော့သည် အာဏာရှင်ကြီး ဟစ်တလာ၏အမိန့်အရ သာမန်လက်နှိပ်စက်စာလုံးများထက် နှစ်ဆသုံးဆမျှ ကြီးမားသည့်စာလုံးများ တပ်ဆင်ထားသော အထူးစပါယ်ရှယ် လက်နှိပ်စက်မျိုးကိုမှာယူကာ နေ့စဉ်သတင်းစာ ကောက်နုတ်ချက်များကို ဤအထူးစပါယ်ရှယ် လက်နှိပ်စက်ဖြင့်ရိုက်၍ ခေါင်းဆောင်ကြီးဟစ်တလာထံ အထူးစပါယ်ရှယ် ပို့ပေးရသည်။

ဤတွင် အကြောင်းတိုက်ဆိုင်သဖြင့် မျက်မှန်တပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ဟစ်တလာ၏ထူးခြားသော အလေ့အထနှင့် ဆန်းကြယ်သော အယူအဆကို ဖော်ပြရဦးမည်။



ဟစ်တလာသည် သူမျက်စိမှုန်နေသောအဖြစ်ကို တတ်နိုင်သမျှ လူအများမသိအောင် ဖုံးကွယ်ဟန်ဆောင်ထားခဲ့သည်။ သူ့အတွက် သီးသန့်တင်ပြသည့် အစီရင်ခံစာများ၊ အစည်းအဝေးမှတ်တမ်းများကို အထက်ပါအတိုင်း ကောက်နုတ်ချက်များအတိုင်း အထူးစပါယ်ရှယ် လက်နှိပ်စက်ဖြင့်ရိုက်၍ ပေးပို့ရသည်။ ဗဟိုဌာနချုပ် စစ်ဦးစီးများ၏ စစ်ဆင်ရေးအစည်းအဝေးများနှင့် ကွန်ဖရင့်များတွင် ရံဖန်ရံခါ စစ်မြေပုံများကို လေ့လာကြည့်ရှုရန်လိုအပ်ပါက သူသည် လက်ကိုင်မှန်ဘီလူးတစ်လက်ကို အမြဲအသုံးပြုလေ့ရှိသည်။

ယင်းသို့ မျက်မှန်ကို လုံးဝအသုံးမပြုဘဲ နေနိုင်သလောက် နေခဲ့သော်လည်း မရှောင်မလွှဲသာဘဲ သူသည် မျက်မှန်ကို အသုံးပြုခဲ့ရသည့်အခါမျိုးလည်း ရှိသေးသည်။ ထိုအခါမျိုးမှာ အရေးပေါ် စစ်ရေးအစီအရင်ခံစာများနှင့် ပုဂ္ဂိုလ်အရ သူ့ထံသို့ တိုက်ရိုက်ရေးသားပေးပို့ကြသည့် စာများကို ဖတ်ရှုသည့်အခါမျိုးဖြစ်သည်။ ထို့ပြင် နိုင်ငံရေးနှင့် စစ်ရေးသမိုင်းဆိုင်ရာ စာအုပ်များကို ဖတ်သည့်အခါများတွင်လည်း မရှောင်မလွှဲသာဘဲ မျက်မှန်ကို အသုံးပြုခဲ့ရသည်။ သို့သော် ယင်းသို့ မျက်မှန်တပ်၍ စာဖတ်ရသည့်အဖြစ်မျိုးကို တစိမ်းတစ်ရံစာများနှင့် အများပြည်သူတို့ရှေ့မှောက်တွင် တတ်နိုင်သလောက် ရှောင်ရှားခဲ့သည်။ သူတစ်ယောက်တည်းရှိသည့်အခါမျိုး၊ သို့မဟုတ် သူ့အနီးအနားၐ ရင်းနှီးသည့် လုပ်ဖော်ကိုင်ဖက် ဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်မှူးကြီးများသာလျှင် ရှိသည့်အခါမျိုးတွင်မှ အသုံးပြု၍ စာဖတ်လေ့ရှိသည်။

သို့တိုင်အောင် ဟစ်တလာသည် သတင်းစာများနှင့် ဝါဒဖြန့်ချိရေးစာစောင်များတွင် ထည့်သွင်းဖော်ပြရန်အတွက် သူ့ကိုဓာတ်ပုံရိုက်ယူသည့်သတင်းထောက်များအား သူ မျက်မှန်တပ်ထားသည့်အခိုက် လုံးဝဓာတ်ပုံမရိုက်ရန် ပြင်းပြင်းထန်ထန် တားမြစ်ထားခဲ့သည်။ မျက်မှန်ပါသည့် သူ့ဓာတ်ပုံမှန်သမျှကိုလည်း ဘယ်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြခြင်းမပြုရဟု တစ်ချက်လွှတ်အမိန့် ထုတ်ပြန်ထားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သူ့စိတ်ထဲတွင် 'နိုင်ငံတစ်နိုင်ငံ၏ အထွတ်အထိပ်ခေါင်းဆောင်တစ်ယောက်အား မျက်မှန်တပ်လျက်သား မြင်ရတွေ့ရသည်မှာ အလွန်အကြည့်ရဆိုး၍ သိက္ခာကျလှသည်' ဟု ဆန်းကြယ်ထူးခြားစွာ ယူဆထားသောကြောင့်ပင်တည်း။

ဟစ်တလာသည် အထက်ပါအတိုင်း သူ့အိပ်ခန်းထဲမှာပင် နံနက်စာစားရင်း သတင်းစာကောက်နုတ်ချက်များကို ဖတ်ရှုလေ့လာပြီးနောက် ၁၁ နာရီမိနစ်တွင် ခေန်းတာဝန်ခံ တပ်မှူးတစ်ယောက်က သူ့ထံသို့ လာရောက်တွေ့ဆုံ၍ စစ်မြေပြင်နောက်ဆုံးအခြေအနေများကို နှုတ်ဖြင့်အစီရင်ခံရသည်။ သို့ အစီရင်ခံရာ၌ ဟစ်

www.burmeseclassic.com



တလာနှင့်ပတ်သက်သည့် ကိုယ်ရေးကိုယ်တာ ပြဿနာများနှင့် လိုအပ်သည့် ကိစ္စအဝဝကိုပါ တစ်ပါတည်း တင်ပြရသည်။

ထို့နောက် နေ့လယ် ၁၂ နာရီတိတိ မွန်းတည့်ချိန်တွင် နေ့စဉ်ကျင်းပမြဲဖြစ်သော ဗဟိုစစ်ဦးစီးဌာနချုပ်၏ စစ်ကွန်ဖရင့်ကို သူကိုယ်တိုင် ကြီးမှူးကျင်းပသည်။

အဆိုပါ စစ်ကွန်ဖရင့်သို့ အမြဲတမ်း မပျက်မကွက်တက်ရောက်ကြရသူများမှာ လက်နက်ကိုင်တပ်များ၏ တပ်ပေါင်းစုံ စစ်ဦးစီးဌာနမှူးဖြစ်သူ ဖီးလ်မာရှယ် ကိုက်တဲလ်၊ လက်နက်ကိုင်တပ်များ၏ တပ်ပေါင်းစုံ စစ်ဆင်ရေးဌာနချုပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီး ဂျိုဒဲလ်၊ လေတပ်ဆိုင်ရာ ဗိုလ်ချုပ်ကြီး ကောတင်း၊ ရေတပ်ဆိုင်ရာ ဗိုလ်ချုပ်ကြီး ဗွန်ပတ်ကင်းမား၊ ကြည်းတပ်ဆိုင်ရာ ဗိုလ်ချုပ်ကြီး ချဲမွန့်၊ အထွေထွေ စစ်ဦးစီးဌာနချုပ်မှ ဗိုလ်မှူးကြီး ဘရန့်၊ ဂက်စတာပို ပုလိပ်အဖွဲ့ကြီးမှ အကြီးအကဲဖြစ်သူ ဟင်းမလား၏ အမြဲတမ်းကိုယ်စားလှယ် ပုလိပ်မင်းကြီး ဖဲဂျိလိန်း၊ နိုင်ငံခြားရေးဝန်ကြီး ရင်ဘင်ထရော့၏ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဟီဝဲလ်နှင့် ကြည်း၊ ရေ၊ လေ တပ်မတော်မှ အရေးပါအရောက်သော အခြားဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်မှူးများ ဗိုလ်ကြီးများစသည်ဖြင့် ပါဝင်ကြသည်။ ၎င်းတို့နှင့်အတူ အစည်းအဝေးမှတ်တမ်းများကို လိုက်လံမှတ်သားရန်အတွက် လက်ရေးကို လက်နှိပ်စက်သမားနှစ်ယောက်လည်း အမြဲတမ်း တက်ရောက်ကြရသည်။ ရံဖန်ရံခါ အရှေ့ဖက်နှင့်အနောက်ဖက် စစ်မျက်နှာများမှ နောက်ဆုံး စစ်ရေးအခြေအနေများကို ကိုယ်တိုင်လာရောက် အစီရင်ခံကြသည့် စစ်မြေပြင်တပ်မှူးကြီးများလည်း ပါဝင်တက်ရောက်ကြရသည်။

စစ်ကွန်ဖရင့်မှာ အနည်းဆုံး တစ်နာရီမှ အများဆုံး နှစ်နာရီအထိ ကြာတတ်သည်။ ထို့နောက် မွန်းလွဲ ၂ နာရီတိတိတွင် နေ့လယ်စာ စားသည်။ အဆိုပါ နေ့လယ်စာစားရာတွင်မူ ဟစ်တလာတစ်ယောက်တည်းမဟုတ်ဘဲ စစ်ကွန်ဖရင့်သို့ တက်ရောက်လာကြသည့် ဗိုလ်ချုပ်ကြီးများ၊ ဗိုလ်မှူးကြီးများနှင့် အခြားစစ်ဌာနချုပ် စစ်ဦးစီးအဖွဲ့ဝင်များပါ ပါဝင်ကြသည်။ ဟစ်တလာသည်သည် နေ့လည်စားရင်း ဌာနချုပ် စစ်ဦးစီးအဖွဲ့ဝင်များနှင့် အလာပသလ္လာပများ ပြောဆိုခြင်း၊ တပ်များအတွက် လိုအပ်သည့် အသေးအဖွဲကိစ္စရပ်များကို ညွှန်ကြားခြင်းစသည်ဖြင့် ပြုလုပ်တတ်သည်။ သို့ဖြင့် နေ့လယ်စာစားသည့်အချိန်မှာ မွန်းလွဲ ၂ နာရီမှ၊ ညနေ ၄ နာရီခန့်အထိ ကြာတတ်သည်။

ထို့နောက် ညနေပိုင်းတွင် တစ်ခါတစ်ရံ အနားယူ၍ တရေးတမောအိပ်တတ်ပြီး တစ်ခါတစ်ရံတွင်မူ သူဆင့်ခေါ်ထားသည့် အုပ်ချုပ်ရေးဘက်ဆိုင်ရာအကြီး



အကဲများ၊ ပါတီခေါင်းဆောင်များနှင့် အကြံပေးအရာရှိများကို တွေ့ဆုံဆွေးနွေးလေ့ရှိသည်။ အဆိုပါ ညနေဘက် ဆွေးနွေးပွဲများတွင် ဂက်စတာပိုအဖွဲ့အကြီးအကဲဖြစ်သူ ဟင်းမလား၊ ပါတီဌာနချုပ်ခေါင်းဆောင် မာတင်ဘောမန်းအစရှိသည့် ပုဂ္ဂိုလ်များ ပါဝင်လေ့ရှိကြ၍ ရံဖန်ရံခါ ဘာလင်မြို့တော်မှ အရေးပေါ်ကိစ္စဖြင့် ရောက်ရှိလာသည့် ဝါဒဖြန့်ချိရေးဌာနဝန်ကြီး ဂိုးဘဲလ်တို့ပါ တက်ရောက်လေ့ရှိသည်။

ယင်းဆွေးနွေးပွဲမှာ ညနေ ၄ နာရီခန့်မှ ညဘက် ၇နာရီသာသာခန့်အထိ ကြာတတ်၍ ည ၈ နာရီတိတိတွင် ညစာစားသည်။ ဟစ်တလာသည် ညစာစားရာတွင်မူ သူတစ်ယောက်တည်း စားလေ့ရှိ၍ အနားတွင် သူ့အတွင်းရေးမှူးနှစ်ယောက်နှင့် သက်တော်စောင့်နှစ်ယောက်သာ နေခွင့်ပြုသည်။ သူသည် ယခင်က ၎င်းညစာစားပွဲသို့ သူနှင့်ရင်းနှီးသောမိတ်ဆွေများ၊ တပ်မတော်နှင့် ပါတီခေါင်းဆောင်များ စသည်ဖြင့် နှစ်ယောက်စ သုံးယောက်စကို သီးသန့်ဖိတ်ကြားလေ့ရှိသော်လည်း နောက်ပိုင်းတွင်မူ မည်သူတစ်ဦးတစ်ယောက်ကိုမှ ဖိတ်ကြားခြင်းမပြုတော့ဘဲ သူတစ်ယောက်တည်း စားခဲ့သည်။ သို့ညစာစားရင်းဖြင့် အနီးအနားတွင်ရှိနေသည့် အတွင်းရေးမှူးနှစ်ယောက်နှင့် အေးအေးဆေးဆေး စကားစမြည်ပြောလေ့ရှိရာ သူ ညစာစားသည့်အချိန်မှာ တစ်ခါတစ်ရံ ည ၁၀ နာရီခန့်တွင်မှ ပြီးတတ်သည်။ ထိုသို့ အတွင်းရေးမှူးနှစ်ယောက်နှင့် ညစာစားပွဲတွင် စကားစမြည်ပြောဆိုရာ၌ ဟစ်တလာသည် စစ်ရေး နိုင်ငံရေးကိစ္စများကို သူကိုယ်တိုင်အပြောမိအောင် လုံးဝရှောင်ရှားခဲ့သည့်ပြင် အတွင်းရေးမှူးနှစ်ယောက်ကိုလည်း စစ်ရေး နိုင်ငံရေး ပြဿနာများကို တစ်လုံးတစ်ပါဒမျှ မပြောရဟူ၍ တင်းတင်းကြပ်ကြပ် သတိပေးညွှန်ကြားထားသည်။

ညစာစားပြီးနောက် ဟစ်တလာသည် ဗဟိုဦးစီးဌာနချုပ်တွင်ရှိနေသည့် စစ်ဦးစီးအဖွဲ့ဝင်များထဲမှ သူနှင့်အင်မတန်ရင်းနှီးသည့် ပုဂ္ဂိုလ်များကိုခေါ်ယူ၍ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်သည်။ ရံဖန်ရံခါ တိုက်ရိုက်ရေးသားပေးပို့သည့် ပုဂ္ဂိုလ်ရေးစာများနှင့် သူကြိုက်နှစ်သက်သည့် စာအုပ်များကို ဖတ်ရှုခြင်းဖြင့် အချိန်ဖြုန်းလေ့ရှိသည်။ ထိုသို့ ဆွေးနွေးပွဲကျင်းပခြင်းနှင့် စာဖတ်ခြင်းများကို သန်းခေါင်ကျော် လင်းအားကြီးချိန်အထိ ညစဉ်ညတိုင်း ပြုလုပ်လေ့ရှိ၍ နံနက် အရုဏ်တက်ချိန် ၄ နာရီထိုးမှ အမြဲအိပ်ရာဝင်လေ့ရှိသည်။

ဟစ်တလာသည် သူ့အတွက် တစ်နေ့လျှင် အိပ်ချိန် ၆ နာရီဟူ၍ [illegible] သတ်မှတ်ထားရာ နောက်တစ်နေ့နံနက် ၁၀ နာရီတွင်မှ အိပ်ရာထ[illegible]သည်။ ထိုသို့အိပ်နေစဉ်အတောအတွင်း နံနက် ၁၀ နာရီထိုးအချိန်မတိုင်မှီအရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



သည့်ကိစ္စပေါ်ပေါက်သည်ဖြစ်စေ သူ့ကိုမနှိုးရဟူ၍ အမိန့်ထုတ်ထားသည် အကယ်၍ နံနက် ၁၀ နာရီထိုးသည့်တိုင်အောင် သူအိပ်ရာမှမနိုးသေးပါက သက်တော်စောင့်တပ်မှူးတစ်ယောက်က သူ့ကို အိပ်ရာမှနှိုးရသည်။

နံနက် ၁၀ နာရီတွင် အိပ်ရာမှထပြီး နံနက်စာ စားသည်။ ၁၁ နာရီတွင် ဗဟိုစခန်းတပ်မှူး၏သတင်းပို့ အစီရင်ခံချက်ကို ကြားနာသည်။ ၁၂ နာရီတိတိတွင် နေ့လယ်စာ သုံးဆောင်သည်။ ညနေ ၄ နာရီတွင် အုပ်ချုပ်ရေးခေါင်းဆောင်များ ပါတီအကြီးအကဲများနှင့် ဆွေးနွေးပွဲထိုင်သည်။ စာဖတ်သည်၊ နံနက်လင်းအားကြီး ၄ တွင် အိပ်ရာမှထသည်။ နံနက်စာစားသည်။ ထို့နောက်တစ်ဖန်... ထို့နောက်တစ်ဖန်...။

ဤသို့ဖြင့် ဟစ်တလာ၏ နေ့စဉ်နေ့ထိုင်လှုပ်ရှားမှုများမှာ သံပတ်ပေးထား[illegible] လည်ပတ်နေရသော နာရီလက်တံများအတိုင်း အချိန်မှန် ပုံမှန်ရွေ့လျားနေသည် တစ်စုံတစ်ရာ ထူးထူးခြားခြား အပြောင်းအလဲဟူ၍ မရှိ။ နေ့ရှိသရွေ့ သည်ပုံ[illegible] အတိုင်း၊ သည်စက်ဝိုင်းအတိုင်း၊ သည်သံသရာထဲတွင် ဆုံလည်နွားပမာ လည်[illegible] ပတ်လှုပ်ရှားနေရသည်မှာ သူ့အဖို့ ငြီးငွေ့စရာပင်ဖြစ်သည်။ စိတ်ပျက်စရာပ[illegible] ဖြစ်သည်။ တစ်နေ့ဝင်တစ်နေ့ထွက်၊ နေ့စဉ်ရက်ဆက် သည်မျက်နှာများကို မြင်[illegible] ရပြီး သည်အခန်းထဲမှာပင်ထိုင်ကာ၊ သည်လုပ်ငန်းစဉ်များကိုသာ မပြောင်းလဲ[illegible] တစ်သမတ်တည်းလုပ်နေရသည်မှာ စိတ်မချမ်းမြေ့စရာကောင်းလှသည်။

သူ့အတွက် ကျက်သရေကင်းမဲ့လှသည့် ဤမြေအောက်ပုန်းကျင်းထဲမှထွက်[illegible] အပြင်လေကို ရှူရှိုက်ရသည်မှာ ညနေခင်း ညနေဘက်၊ တစ်ခါတစ်ရံ ဆယ်မိနစ် ဆယ့်ငါးမိနစ်ခန့် လမ်းလျှောက်ရာတွင် သူ့အချစ်တော် 'ဘလွန်ဒီ'အမည်[illegible] အယ်လ်ဆေးရှင်း ခွေးကြီးတစ်ကောင် အမြဲပါလေ့ရှိသည်။

ထိုခွေးကြီးမှာ ပါတီဌာနချုပ်ခေါင်းဆောင် ဘောမန်းက လက်ဆောင်အဖြ[illegible] ပေးထားသည့် ခွေးကြီးဖြစ်သည်။ ဘောမန်းသည် စတာလင်ဂရက်တိုက်ပွဲတွင် ဂျာမန်တပ်များ မရှုမလှအရေးနိမ့်ခဲ့ရသဖြင့် စိတ်ဓာတ်အကြီးအကျယ် ကျနေသော[illegible]

---

*ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးလုဆဲဆဲ ဂျာမန်တို့ လုံးဝအရေးနိမ့်လာချိန်တွင် တချို့သော ဂျာမန်ဗိုလ်ချုပ်ကြီးများသည် ဗြိတိသျှ၊ အမေရိကန်၊ ဆိုဗီယက်စသ[illegible] မဟာမိတ်များနှင့် စေ့စပ်၍ အညံ့ခံရန်ကြိုးစားခဲ့ကြရာ 'ဤဗိုလ်ချုပ်ကြီးများသ[illegible] ဤအယ်လ်ဆေးရှင်းခွေးကြီး 'ဘလွန်ဒီ' လောက်မှ သူ့အပေါ်တွင် သစ္စာမရှိကြဟု[illegible] ဟစ်တလာက ဆိုခဲ့သည်။ ထို့နောက် ၁၉၄၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ဂျာမ[illegible] တို့ လုံးဝစစ်ရှုံး၍ ဟစ်တလာသည် သူ့ကိုယ်သူ သတ်သေခဲ့ရာ ထိုနေ့မှာပင် ဟစ်တလာ[illegible] အမိန့်အရ ဤခွေးကြီးကို အဆိပ်ကျွေး၍ သုတ်သင်ပစ်ခဲ့သည်။ စာရေးသူ[illegible]



[illegible]ခေါင်းဆောင်ဟောင်းကြီး ဟစ်တလာအား တစ်မျိုးတစ်ဖုံ အာရုံပြောင်း၍ တစ်[illegible] [illegible]လမ်းမှ စိတ်သက်သာရစေရန်ရည်ရွယ်ပြီး ဤခွေးကြီးကို လက်ဆောင်ပေး[illegible] ခြင်းဖြစ်သည်။ သူရည်ရွယ်မျှော်မှန်းသည့်အတိုင်း ဟစ်တလာသည် စိတ်ပြေလက်[illegible] [illegible]က် ဤခွေးကြီးကို *'ဘလွန်ဒီ'ဟူ၍ အမည်ပေးကာ သွားလေရာခေါ်ဆောင်ခဲ့[illegible] တယုတယ ကျွေးမွေးပြုလာခဲ့ရာမှ တစ်နှစ်ကျော်မျှကြာသောအခါ 'တစ်ဦး[illegible] [illegible]တွာတစ်ဦးမှာ' ဆိုသလို သံယောဇဉ် ခင်တွယ်လာခဲ့ခြင်းဖြစ်သည်။

ထိုသို့ သန့်ရှင်းလတ်ဆတ်သောအပြင်လေကို အားရပါးရရှူရှိုက်၍ အချစ်[illegible] [illegible]တော်ခွေးကြီး ဘလွန်ဒီနှင့် လမ်းလျှောက်ထွက်ရသည့် အခိုက်အတန့်မှတစ်ပါး [illegible]န်အချိန်များနှင့် ဟစ်တလာ၏ဘဝမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း [illegible]ယာမှ အလျဉ်းကင်းမဲ့၍ ပျင်းရိငြီးငွေ့ဖွယ်ရာများ စိတ်မချမ်းသာစရာများ [illegible]ငယ်စိတ်ပျက်စရာများနှင့်သာ အတိပြီးခဲ့သည်။

တစ်ခါက ပြန်ကြားရေးဌာနဝန်ကြီး ဂိုးဘဲလ်သည် အရေးပေါ်ကိစ္စတစ်ခုဖြင့် [illegible]လင်မြို့တော်မှ ဟစ်တလာရှိရာ အဆိုပါအမှတ် ၁၊ လုံခြုံရေးနယ်မြေဗဟို [illegible]ဦးစီးဌာနချုပ်သို့ ရောက်ရှိလာခဲ့သည်။

ခရီးရောက်မဆိုက် လေတပ်ဗိုလ်ကြီး ဂိုးအားရင်းနှင့် တွေ့ဆုံ၍ ဤဌာနချုပ် [illegible]န်းတွင် ဟစ်တလာ၏ ပျင်းရိငြီးငွေ့ဖွယ်ရာ စိတ်မချမ်းသာစရာ အခြေအနေများ [illegible]ကြားသိရပြီးနောက် သူကိုယ်တိုင် ဤဖြစ်ရပ်မှန်ကို တွေ့မြင်ရသောအခါ ဂိုးဘဲလ် [illegible]သည် သူ၏နေ့စဉ်မှတ်တမ်းတွင် အောက်ပါအတိုင်း ဖွင့်ဟရေးသားခဲ့သည်။

'ခေါင်းဆောင်ကြီး (ဟစ်တလာ) အနေဖြင့် ယခုကဲ့သို့ အထီးကျန်ဘဝသို့ရောက်ရှိနေရပြီး စိတ်မချမ်းမြေ့ဖွယ်ရာ ကြုံတွေ့နေရသည်မှာ ဝမ်းနည်းကြေကွဲစရာကောင်းလှပေသည်။ သူသည် လေကောင်းလေသန့်ရှူရှိုက်ရန် အပြင်သို့လည်း လုံးဝမထွက်၊ အရိယာပုဒ်မျှတအောင်လည်း မနေဘဲ ပုန်းကျင်းထဲမှာပင် အမြဲထိုင်ကာ သောကဗျာပါဒနှင့် ကြောင့်ကြမှုများ ခံစားနေရပေသည်။ အကယ်၍သာ တစ်စုံတစ်ယောက်က သူ့အား ဤအခြေအနေဖြစ်ရပ်များမှ အခြားပတ်ဝန်းကျင်တစ်ခုခုသို့ ပြောင်းလဲပေးနိုင်မည်ဆိုပါက မည်မျှကောင်းလိုက်ပါမည်နည်း...။ စစ်ဦးစီးဌာနချုပ်၏ ပျင်းရိငြီးငွေ့ဖွယ်ရာ အခြေအနေနှင့် သမားရိုးကျပုံစံမပျက် တစ်သ[illegible]

---

(ဂိုးဘဲလ်၏ နေ့စဉ်မှတ်တမ်း စာမျက်နှာ ၂၈)

www.burmeseclassic.com

www.burmeseclassic.com



တည်း လုပ်ကိုင်နေကြသော လုပ်နည်းလုပ်ဟန်တစ်ခုလုံးသည် ခေါင်းဆောင်ကြီးအတွက် စိတ်ဓာတ်ပျက်ပြားအောင် ဖန်တီးပို့ဆောင်နေကြပေသည်...'

မှန်သည်၊ ထိုနေ့ထိုရက်များက ဝံပုလွေအောင်းသည့် လှိုဏ်ခေါင်းအတွင်း၌ ဟစ်တလာ နေထိုင်ခဲ့ရသောဘဝသည် ပျင်းရိငြီးငွေ့စရာကောင်းသလောက် ချောက်ချားအားငယ်စရာကောင်းလှသည်။

သို့သော် ဤသည်မှာ သည်ထက်သည်တုန်လှုပ်ချောက်ချားစရာကောင်းလှသည့် သူ့ဘဝ၏ နောက်ဆုံးနေ့ရက်အတွက် အစပထမမျှသာဖြစ်သည်။ အဆုံးနိဂုံး၏ အစနိဒါန်းမျှသာရှိသေး၏။

## အမိုက်ကြီးအမိုက်အယိုင်းအမြင်သူ

၁၉၄၃ ခုနှစ်သည် ဟစ်တလာအတွက် 'ကြမ္မာငင်သောနှစ်' ပင်ဖြစ်သည်။

၁၉၃၉ ခုနှစ် စစ်ကြီးစတင်ဖြစ်ပွားခဲ့ပြီးနောက် ဂျာမန်တပ်များသည် သုံးနှစ်တိုင်တိုင် ဥရောပတိုက်တစ်ခုလုံး အရှေ့ အနောက် တောင် မြောက်တစ်ခွင်ပြိုပြစ်အောင် ရောမထိုးစစ်ကြီးများကို ဆင်နွှဲခဲ့ကြသည်။ အောင်ပွဲများကို တစ်ပွဲပြီးတစ်ပွဲ အဆက်မပြတ် ခံယူခဲ့ကြသည်။ ယခု ၁၉၄၃ ခုနှစ်တွင် အခြေအနေမှာ ရှုန်းထိုးမှောက်ခုန် တစ်မျိုးတစ်ဖုံ ဖြစ်သွားခဲ့သည်။ သည်နှစ်အတွင်းမှာပင် ဟစ်တလာအတွက် ကြမ္မာငင်သောဖြစ်ရပ်များသည် တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ပွားလာခဲ့သည်။

သူ့အနားတွင်ကပ်၍ ဖုံးပေါ်ကွဲသည့်ပမာ ပထမဆုံးတုန်လှုပ်ချောက်ချားစရာကြုံတွေ့ရသော ဖြစ်ရပ်မှာ သူ့ရဲဘော်ကြီး အီတလီဖက်ဆစ်အာဏာရှင် မူဆိုလိုနီတစ်ယောက် မမျှော်လင့်ဘဲ ဖြုန်းခနဲ ရာထူးမှပြုတ်ကျ၍ အဖမ်းခံရသည့်သတင်းကို ကြားလိုက်ရခြင်းပင်ဖြစ်သည်။

ဤသတင်းသည် ဟစ်တလာ၏ ဗဟိုစစ်ဦးဌာနချုပ်စခန်းသို့ ဂျူလိုင်လ ၂၅ ရက်နေ့ ညပိုင်းတွင် ရောက်ရှိသွားရာ ဟစ်တလာမှာ ရုတ်တရက် ဘာလုပ်၍ဘာကိုင်ရမှန်းမသိအောင်ပင် 'ကြောင်'သွားမိသည်။ ၂၀ ရာစုနှစ်ခေတ်သစ်ရောမ၏ဆီဇာဘုရင်ကြီး'ဟူ၍ပင် မြှောက်ပင့်ခေါ်ဝေါ်ခြင်းခံခဲ့ရသည့် အီတလီအာဏာရှင် မူဆိုလိုနီတစ်ယောက် ယခုကဲ့သို့ ကောက်ကာငင်ကာ ဆိုင်းမဆင့်ဗုံမဆင့် ဖြုန်းခနဲ ရာထူးမှ ဖြုတ်ချခံလိုက်ရခြင်းသည် ဟစ်တလာ၏ အရှိက်ကိုသက်သီးသုံးချက် တစ်ပြိုင်နက်တည်း ပစ်သွင်းလိုက်သလို အကြီးအကျယ်'အောင့်'သွားခဲ့သည်။

မိမိနှင့် မူဆိုလိုနီသည် "နာဇီဂျာမနီနှင့် ဖက်ဆစ်အီတလီနိုင်ငံ နှစ်နိုင်ငံမှ 'အမ္ဘာညီနောင် တော်လှန်ရေး' နှစ်ရပ်ကို ဦးဆောင်နေကြသူများဖြစ်သည်"ဟု၍ အကြိမ်ပေါင်း မြောက်မြားစွာ လူသိရှင်ကြား ပြောကြားခဲ့ဖူးသည်ဖြစ်ရာ ယခု 'အမ္ဘာနောင်တော်ကြီး' မူဆိုလိုနီ၏ ကျဆုံးခန်းသည် ဟစ်တလာအဖို့ရာ၌ မိမိ၏ ကျဆုံးခန်းပမာ နာကျည်းစွာ ခံစားလိုက်ရသည်။ ထို့ပြင် ယခုကဲ့သို့ ဥရောပတစ်ခွင်တွင် ဂျာမန်တပ်များ မရှုမလှ အရေးနိမ့်နေကြ၍ မိမိမှာ အရှုံးဘိုင်း... အပိုင်းခံနေရချိန်တွင် ဥရောပ၏ တောင်ဘက် 'တံခါး'ဖြစ်သော အီတလီနိုင်ငံမှ မိမိ၏ အကာအကိုးရဆုံးနှင့် ယုံကြည်စိတ်အချရဆုံး ရဲဘော်မိတ်ဆွေ အာဏာရှင်

www.burmeseclassic.com

www.burmeseclassic.com



ကြီး မူဆိုလိုနီ အာဏာလက်မဲ့ဖြစ်သွားရခြင်းသည် မိမိအတွက် လက်ရုံးတစ်ဖက် ပြုတ်ကျသလို ဖြစ်ခဲ့ရသည်။ သည့်ထက်သည်ပို၍ တုန်လှုပ်ချောက်ချားစရာကောင်းသည်မှာ မူဆိုလိုနီ ရာထူးမှပြုတ်ကျ၍ အဖမ်းခံရသည့်အရေးတွင် အီတလီဖက်ဆစ်တပ်မတော်နှင့် ဖက်ဆစ်ဝါဒီအတွင်းရှိ ပါတီဝင်နှင့် တပ်သားတစ်ယောက်တစ်လေကမျှ ကန့်ကွက်ခုခံသည့် သေနတ်သံဟူ၍ တစ်ချက်မှမကြားရ၊ အီတလီတိုင်းသူပြည်သားများကလည်း ဤအဖြစ်အပျက်ကို တစ်စုံတစ်ရာ ဆန့်ကျင်တုံ့ပြန်ခြင်းမပြုဘဲ လုံးဝလျစ်လျူရှုနေကြခြင်းပင်ဖြစ်သည်။

မှန်သည်၊ ဂျူလိုင်လ ၂၅ ရက်နေ့ညနေပိုင်းက ရောမမြို့တော် ဘုရင့်နန်းတော် အဆောက်အဦးအတွင်း၌ အာဏာရှင် မူဆိုလိုနီအား ဗစ်တာဘုရင်ကြီးက ရာထူးမှဖြုတ်ချ၍ ရဲဌာနရှိရာသို့ သူနာပြုကားတစ်စင်းဖြင့် ဖမ်းဆီးခေါ်ဆောင်သွားရာတွင် 'ကြက်ကလေး ငှက်ကလေးကို ဖမ်းသွားသည့်ပမာ' မည်သူတစ်ဦးတစ်ယောက်ကမျှ အရေးယူဂရုစိုက်ခြင်းမပြုဘဲ လက်ပိုက်ကြည့်နေခဲ့ကြသည်။ ဤအချက်မှာ ဟစ်တလာအတွက် တုန်လှုပ်ချောက်ချားစရာဖြစ်ခဲ့ရသည်။ မိမိအား ခေါင်းဆောင်ကြီးဟူ၍လည်းကောင်း၊ အာဏာရှင်ကြီးဟူ၍လည်းကောင်း အသိအမှတ်ပြုကာ သောင်းသောင်းဖြဖြ ရှိသေလေးစားခဲ့ကြသည့် ပါတီဝင်များ၊ တပ်မတော်သားများနှင့် ပြည်သူလူထုကြီးတစ်ရပ်လုံးက နောက်ဆုံး၌ ဖြုန်းခနဲ မိမိရာထူးမှ ပြုတ်ကျ၍ ဖမ်းဆီးချုပ်နှောင်ခြင်းခံရသည့်အခါ၌ တစ်စုံတစ်ရာ ထူးထူးခြားခြား လှုပ်လှုပ်ရှားရှား မဖြစ်ပွားဘဲ သူတို့နှင့် ဘာမှမဆိုင်သလို နေနိုင်အားနေနိုင်ရက်ကြသည်မှာ မိမိအတွက် ရှက်စရာကောင်းလှသည်မဟုတ်ပါလော။ အကယ်၍ တစ်နေ့နေ့တစ်ချိန်ချိန်တွင် မိမိကိုယ်တိုင် မူဆိုလိုနီကဲ့သို့ ဖြုန်းခနဲ အာဏာလက်မဲ့ဖြစ်ကာ အချုပ်အနှောင်ခံရမည်ဆိုပါက...၊ ဟစ်တလာသည် ဤနေရာတွင် ရှေ့ဆက်မတွေးရဲလောက်အောင် ခေါင်းနားပန်းများ ကြီးသွားမိသည်။ ပြီးမှ ဂျာမန်တပ်မတော်နှင့် အီတလီတပ်မတော်သည်လည်းကောင်း၊ ဂျာမန်နာဇီပါတီနှင့် အီတလီဖက်ဆစ်ပါတီသည်လည်းကောင်း၊ ဂျာမန်အမျိုးသားများနှင့် အီတလီအမျိုးသားများသည်လည်းကောင်း အစစအရာရာ ယုံကြည်ချက်ရော စိတ်ဓာတ်ပါ ကွဲပြားခြားနားကြသည်ဟူ၍ တွေးတောကာ အနည်းငယ် စိတ်သက်သာရာရသွားမိသည်။

ဟစ်တလာသည် မူဆိုလိုနီ ရာထူးမှပြုတ်ကျ၍ အဖမ်းခံရသည့်သတင်းကို ထိုနေ့ညက စစ်ဦးစီးဌာနချုပ်တွင် ကျင်းပသည့်အစည်းအဝေး၌ စစ်ဦးစီးအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးများအား ထုတ်ဖော်ပြောကြားလိုက်သည်။ အစည်းအဝေးမှာ ၉ နာရီခွဲမှ ၁၀ နာရီ ၁၅ မိနစ်အထိကြာ၍ ဟစ်တလာနှင့် သူ့လက်ထောက် ဗိုလ်ချုပ်ကြီးများမှာ တစ်ချိန်လုံး ခေါင်းချင်းရိုက်ကာ ဆွေးနွေးခဲ့ကြရသည်။



ဗိုလ်ချုပ်ကြီးဂျိုဒဲလ်က ဤကိစ္စနှင့်စပ်လျဉ်း၍ ရုတ်တရက် ဘာမှအပြော[illegible]ယ် မလုပ်သေးဘဲ ရောမမြို့တော်မှ နောက်ထပ်သတင်းအပြည့်အစုံ ရသည်[illegible] စောင့်ဆိုင်းသင့်ကြောင်း အကြံပေးတင်ပြသည်။ သို့သော် အီတလီခြေလှမ်း[illegible]ကြိုတင်သိထားပြီး လာမည့်ဘေးကို ပြေးမြင်ထားဟန်တူသော ဟစ်တလာက [illegible]လ်၏ အကြံပေးချက်ကို ပယ်ချခဲ့သည်။

'နောက်ထပ် သတင်းအပြည့်အစုံရအောင် စောင့်တာကတော့ စောင့်ရမှာပဲ၊ [illegible]သော်မဲ့ ကျုပ်တို့အနေနဲ့ ကြိုတင်ပြီး လုပ်စရာရှိတာ လုပ်ရလိမ့်မယ်။ သူတို့က [illegible]ျုပ်တို့အပေါ်မှာ ဆက်ပြီးသစ္စာရှိနေပါမယ်လို့ မုချကြေညာမှာပဲ။ ဒါပေမဲ့ [illegible]ါဟာ လိမ်တာ ညာတာ သစ္စာဖောက်တာပဲ။ အမှန်ကတော့ ကျုပ်တို့အပေါ်[illegible] ဆက်ပြီးသစ္စာရှိမှာမဟုတ်တော့ဘူး။ တစ်ယောက်ယောက်က စစ်ကိုဆက်[illegible]က်မယ်လို့ ချက်ချင်းကြေညာပေမယ့် ဒီလိုကြေညာလို့လဲ ဘာမှထူးခြားမှာ[illegible]ုတ်ဘူး။ သူတို့အနေနဲ့ ဒီလိုမပြောရင် မဖြစ်ဘူး။ ဒါပေမဲ့ သစ္စာဖောက်တာ[illegible]တော့ ဖောက်မှာပဲ။ အဲဒီတော့ ကျုပ်တို့ကလဲ သူတို့ကိုပြန်ပြီး တစ်ပတ်ရိုက်[illegible]ိမ့်မယ်။ သူတို့လူသိုက်ကို တစ်ချက်တည်းနဲ့ ပိုင်အောင်တွယ်ပြီး ဒီလူယုတ်[illegible]တွေအားလုံးမိအောင် ဖမ်းဖို့ အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားဖို့လိုတယ်'

မူဆိုလိုနီပြုတ်ကျသွားပြီးနောက် အီတလီနိုင်ငံတွင် သူ့အတွက် ယုံကြည်[illegible]တ်ချစရာလူဟူ၍ လုံးဝမရှိတော့ပြီကို ရှင်းရှင်းလင်းလင်းကြီး သိထားသော [illegible]စ်တလာသည် ထိုညက အစည်းအဝေးတွင် ဂျာမန်စစ်ဦးစီးအဖွဲ့ဝင် ဗိုလ်ချုပ်[illegible]ကြီးများရှေ့မှောက်၌ အထက်ပါအတိုင်း ကြုံးဝါးခဲ့သည်။

နောက်တစ်နေ့ ဂျူလိုင်လ ၂၆ ရက် နံနက်တွင် ဘာလင်မြို့တော်မှ [illegible]ဘဲလ်သည် အီတလီနိုင်ငံ၏နောက်ဆုံး အခြေအနေအရပ်ရပ်ကို အစီရင်ခံရန် [illegible]တွက် ဟစ်တလာရှိရာဌာနချုပ်သို့ ကတိုက်ကရိုက်ရောက်လာသည်။ သို့သော် [illegible]ထံမှ နောက်ထပ်အခြေအနေနှင့် သတင်းအပြည့်အစုံ မသိရသေးမီကပင် [illegible]စ်တလာသည် ညကကြုံးဝါးခဲ့သည့်အတိုင်း ကြိုတင်၍ အစီအစဉ်များချမှတ်ခဲ့ပြီး [illegible]နေသည်။

သူ့အစီအစဉ်များ၏အဓိက ဦးတည်ချက်မှာ အီတလီနိုင်ငံတွင် ရှိနေသည့် [illegible]ာမန်တပ်များ၏ အကူအညီဖြင့် အီတလီတွင် နောက်တက်လာသော ဘာဒို[illegible]လီယို အစိုးရအဖွဲ့ကို အကြမ်းဖက်ဖြုတ်ချပြီး မူဆိုလိုနီကို အာဏာပြန်အပ်[illegible] [illegible]က်ဆစ်အုပ်ချုပ်ရေးကို ပြန်၍ထူထောင်ရန်ဖြစ်သည်။ အစီအစဉ်ကို [illegible] [illegible]ဗိုလ်ချုပ်ဂိုးအားရင်းနှင့် နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့တို့က [illegible] [illegible]သောတူကြ၍ ဗိုလ်ချုပ်ဂျိုဒဲလ်၊ ဒိုးနစ်၊ ရွမ်မဲလ်နှင့် ဂိုးဘဲလ်တို့က [illegible] [illegible] ရှိကြသည်။

www.burmeseclassic.com



သဘောမတူကြသည့် ဗိုလ်ချုပ်သုံးဦးအနက် ဗိုလ်ချုပ်ဒိုးနစ်မှာ လွှန်ခဲ့သည် ဇန်နဝါရီလကမှ ရေတပ်ဆိုင်ရာ ဗိုလ်ချုပ်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသူဖြစ် သည်။ မူလက သူ့အရင် ရေတပ်ဗိုလ်ချုပ်မှာ ရဲဒါးဆိုသူဖြစ်သည်။ ဗိုလ်ချုပ် ရဲဒါးသည် ၁၉၂၈ ခုနှစ်မှစ၍ ၁၅ နှစ်လုံးလုံး ဂျာမန်ရေတပ်မတော်ကို ဦးစီး လာခဲ့သူဖြစ်သည်။ ၁၉၄၂ ခုနှစ် ဒီဇင်ဘာလအတွင်းက အတ္တလန်တိတ်သမုဒ္ဒရာ အတွင်းမှ ဖြတ်သန်းခုတ်မောင်း၍ ဆိုဗီယက်ယူနီယံသို့ စစ်လက်နက်ပစ္စည်းများ ပို့ဆောင်နေကြသော မဟာမိတ်သင်္ဘောများအား လမ်းခုလတ်မှဖြတ်၍ တိုက်ခိုက် ကြရာ၌ ဂျာမန်တို့ဘက်မှ စစ်သင်္ဘောများ အများအပြား ပျက်စီးဆုံးရှုံးခဲ့ကြသည်။ ယင်းကိစ္စအတွက် ဟစ်တလာသည် အကြီးအကျယ်ဒေါပွကာ၊ ရဲဒါးအား ဇန်နဝါရီ ၆ ရက်နေ့က ဌာနချုပ်သို့ ဆင့်ခေါ်ကာ ရေတပ်ဗိုလ်ချုပ်ကြီးရာထူးမှ ထုတ်ပယ်၍ သူ့နေရာတွင် ယခုဗိုလ်ချုပ် ဒိုးနစ်အား ပြောင်းလဲခန့်အပ်ထားထဲ့သည်။

အခြားတစ်ယောက်ဖြစ်သော ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်မှာမူ ဂျာမန်တပ်မတော် အတွင်း စစ်မြေပြင်တပ်မှူးကြီးများအနက် တိုက်ရည်ခိုက်ရည် အပြည့်ဝဆုံးနှင့် စစ်ရေးစစ်ရာ အကျွမ်းကျင်ဆုံးဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သည်။ အထူးသဖြင့် အာဖရိက ကမြောက်ပိုင်း သဲကန္တာရအတွင်း အဲလ်အာလာမိန်းအရပ်၌ ဗြိတိသျှတပ်များကို အလူးအလဲခံရအောင် တိုက်ခိုက်နိုင်ခဲ့ရာမှ ဂျာမန်တပ်မတော်နှင့်တကွ မဟာမိတ် တပ်မတော်များအတွင်း 'သဲကန္တာရမြေခွေး'ဟူသောအမည်ဖြင့် ဖိန့်ဖိန့်တုန်အောင် ကျော်ကြားလာခဲ့သူဖြစ်သည်။ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်မှာ ဟစ်တလာ၏ တာဝန်ပေး ချက်အရ အီတလီရှိ ဂျာမန်တပ်များ၏ စစ်ဦးစီးချုပ်အဖြစ် တာဝန်ယူရသည်။

ဤဗိုလ်ချုပ်ကြီးများက အီတလီတွင် မူဆိုလိုနီ အာဏာပြန်ရရန်နှင့် ဖက် ဆစ်အုပ်ချုပ်ရေး ပြန်လည်ထူထောင်ရန်ဟူသော ဟစ်တလာ၏ စီမံကိန်းမှာ အလားအလာများစွာ ဝေးလှသည်ဟု ယူဆကာ သဘောမတူနိုင်ဘဲရှိကြသည်။ သို့သော် ဟစ်တလာသည် ထုံးစံအတိုင်း အာဏာရှင်ပီပီ သူထင်ရာ သူလုပ်ရန် ဆုံးဖြတ်ပြီးဖြစ်သည်။ 'စစ်သားတစ်ယောက်အနေနဲ့ ဒီကိစ္စမျိုးမှာ နားလည်သဘော ပေါက်ဖို့ ခဲယဉ်းတယ်၊ နိုင်ငံရေးတွေးခေါ်မှုရှိတဲ့လူမျိုးမှ ဒါမျိုးကို ရှင်းရှင်းလင်းလင်း မြင်နိုင်မယ်'ဟူ၍ပင် သူ့လေသံအတိုင်း ပြောလိုက်သေးသည်။

သို့ဖြင့် ဟစ်တလာသည် သူ့အပေါ်တွင် မိတ်ဆွေဟန်ဆောင်၍ ကျေ မပျက် လက်တွဲနေသော အီတလီမှ ဘာဒိုဂလီယို အစိုးရအား တစ်ဖက်လှည့် တစ်ပတ်ရိုက်ရန် ဆင်ကြံကြံခဲ့သည်။ သို့သော် တကယ့်တကယ် လက်တွေ့မှ သူသာလျှင် တစ်ပတ်ရိုက်ခံလိုက်ရသည်။ သူသာလျှင် တစ်ဖက်လှည့်ခံလိုက်ရ သည်။ အဘယ့်ကြောင့်ဆိုသော် မူဆိုလိုနီပြုတ်ကျခဲ့ပြီးနောက် တစ်လခွဲမျှအကြာ



တင်ဘာလ ၈ ရက်နေ့တွင် အီတလီမှ ဘာဒိုဂလီယို အစိုးရသည် မဟာ မိတ်များနှင့်စေ့စပ်ကာ အပစ်အခတ်များ လုံးဝရပ်စဲလိုက်ကြသောကြောင့်ဝင် ဖြစ်သည်။

ဟစ်တလာသည် အီတလီအစိုးရပေါ်တွင် လုံးဝအယုံအကြည်မရှိသော်လည်း ယခုကဲ့သို့ တစ်စုံတစ်ရာ အရိပ်အမြွက်မျှ မသိလိုက်ရဘဲ မဟာမိတ်တပ်များနှင့် အပစ်အခတ်ရပ်စဲလိုက်သည့်သတင်းကို ရုတ်တရက်ကြားလိုက်ရသောအခါ တွေ့ဆိတ်တလန့်ဖြစ်သွားမိသည်။

မဟာမိတ်တပ်များသည် အီတလီတောင်ပိုင်း တစ်နေရာသို့ စက်တင်ဘာလ ၃ ရက်နေ့က စတင်တက်ရောက်ခဲ့ကြရာ အမှန်စင်စစ် အီတလီအစိုးရသည် ထိုနေ့ ထိုရက်ကပင် မဟာမိတ်တပ်များနှင့် အပစ်အခတ်ရပ်စဲရန် လျှို့ဝှက်စွာ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ သို့သော် ဤကိစ္စများကို ဂျာမန်တို့ ဘာမှမသိလိုက်ရဘဲ နောက် ၅ ရက်ကြာ၍ အတိအလင်းထုတ်ဖော်ကြေညာတော့မှ သိခြင်းဖြစ်သည်။

ဟစ်တလာသည် မူလကတည်းက ဘာဒိုဂလီယိုအစိုးရကို စိတ်မချသဖြင့် ရန်လုပ်ကာ လက်တွဲမဖြုတ်ဘဲ အလစ်တွင် အပိုင်အုပ်ရန် ကြံစည်ခဲ့ခြင်းဖြစ် သည်။ သို့သော် နောက်ဆုံး၌ ယခုကဲ့သို့ 'ကတုံးပေါ်ထိပ်ကွက်' ခံလိုက်ရသော အခါ အကြီးအကျယ်ဒေါပွခဲ့ရလေသည်။

ထုံးစံအတိုင်း ဘာလင်မြို့တော်မှ ပြန်ကြားရေးဝန်ကြီး ဂိုးဘဲလ်သည် ထိုနှင့်လက်တွဲဖြုတ်ကာ မဟာမိတ်များနှင့် ပြန်မလာတမ်း ပူးပေါင်းသွားသော အီတလီအစိုးရနှင့် အီတလီနိုင်ငံ၏နောက်ဆုံးအခြေအနေ သတင်းအရပ်ရပ်ကို အသေးစိတ် အပြည့်အစုံ အစီရင်ခံရန်အတွက် ဟစ်တလာ၏ ဌာနချုပ်ဖြစ်သော 'ဝုလွှဂု'ရှိရာသို့ မိုးထဲရေထဲ ရေးကြီးသုတ်ပြာရောက်လာရပြန်သည်။ ဂိုးဘဲလ် သည် ယခုတစ်ကြိမ် ဟစ်တလာနှင့် လာရောက်တွေ့ဆုံရာ၌ ရည်ရွယ်ချက်တစ်ခု ပါလာသည်။ ယင်းမှာ အခြားမဟုတ်၊ ဤစစ်ကြီးတွင် မိမိတို့ဂျာမနီနှင့် အီတလီ 'ဝင်ရိုးတန်း' နှစ်နိုင်ငံဟူ၍ရှိကြရာ၌ ယခုကဲ့သို့ အီတလီနိုင်ငံတွင် 'ဝင်ရိုးကျိုး' သော မဟာမိတ်တို့ထံ အညံ့ခံသွားသည့်အဖြစ်ဆိုးကြီးကြောင့် ဂျာမန်တပ်မတော် သားများနှင့် နာဇီပါတီဝင်များအပါအဝင် ဂျာမန်ပြည်သူလူထုကြီးတစ်ရပ်လုံး စိတ်ဓာတ်ပျက်ပြားမသွားရလေအောင် ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင် ပြည်သူပြည်သားများအား မိန့်ခွန်းစကားပြောကြားရန် အလေးအနက် မြောက်တွန်းမည်ဟူသော ရည်ရွယ်ချက်ပင်ဖြစ်သည်။

ဟစ်တလာသည် ယခင့်ယခင်က စစ်ရေး နိုင်ငံရေးနှင့်သတင်းသား၌ ကာစ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရာ အရေးအခင်းပေါ်ပေါက်လာပါက တရားဟောရန်သော်လည်းကောင်း၊ စကားပြောရန်သော်လည်းကောင်း ဝန်လေးသူတစ်ယောက်မဟုတ်၊ သူကိုယ်တိုင်ကပင် တက်တက်ကြွကြွ လိုလိုလားလားဖြင့် အားရပါးရ မမောနိုင် မပမ်းနိုင်အောင် မိန့်ခွန်းတော် အထွေထွေကို 'ချွေ'လာခဲ့သူဖြစ်သည်။

သို့သော် စစ်ရေး နိုင်ငံရေးတိုက်ပွဲများ တစ်နေ့တခြား ဆုံးရှုံးပျက်ပြား၍ ကိုယ်နေ... ...ကျန်းမာရေး ယိုယွင်းထိခိုက်လာသဖြင့် စကားပြော တရားဟောသည့်အလုပ်ကို ရှောင်ရှားလာခဲ့သည်မှာ ကြာပြီဖြစ်သည်။ အကယ်၍ မရှောင်သာ မလွှဲသာ ပြောစရာ ဟောစရာရှိလာသည့်အခါမျိုးတွင်လည်း ယခင်ကလို ရှည်ရှည်လျားလျား ထွေထွေပြားပြားဖြင့် အားပါးတရ မပြောနိုင် မဟောနိုင်တော့ဘဲ တိုတိုတုတ်တုတ်ဖြင့် လိုရင်းကိုသာ ချုပ်၍ပြောတော့သည်။ ယခုဆိုလျှင် တိုင်းပြည်သို့ လူသိရှင်ကြား မိန့်ခွန်းမပြောဘဲ နေခဲ့သည်မှာ လေးလကျော်ငါးလနီးပါးမျှ ရှိပြီဖြစ်သည်။ နောက်ဆုံး သူမိန့်ခွန်းပြောခဲ့သည်မှာ လွန်ခဲ့သည့် မတ်လအတွင်း အာဇာနည်နေ့ကဖြစ်သည်။ ထိုနေ့က သူပြောခဲ့သည့် မိန့်ခွန်းမှာလည်း အသက်မပါဘဲ ပျင်းရိငြီးငွေ့စရာ ခြောက်ကပ်ကပ်နိုင်လှ၍ သူ့ဟန်အမူအရာမှာလည်း တက်တက်ကြွကြွ အားပါးတရမရှိဘဲ ညှိုးလျော်နွမ်းလျနေခဲ့ရာ နားထောင်ရသူတိုင်း စိတ်ပျက်စရာဖြစ်ခဲ့ရသည်။

ဂိုးဘဲလ်သည် လွန်ခဲ့သည့် ဇူလိုင်လအတွင်း မူဆိုလိုနီ ရာထူးမှပြုတ်ကျခဲ့စဉ်က ဤအရေးအခင်းနှင့်စပ်လျဉ်း၍ ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင် တိုင်းပြည်သို့ မိန့်ခွန်းစကားပြောကြားရန် တိုက်တွန်းခဲ့သေးသည်။ အမှန်စင်စစ် ဟစ်တလာသည် မိမိနှင့်မူဆိုလိုနီတို့၏ ပုဂ္ဂိုလ်အရ ရင်းနှီးဆက်သွယ်မှု၊ ဂျာမနီနှင့် အီတလီတို့၏ နှစ်နိုင်ငံ စစ်ရေး နိုင်ငံရေးအရ ပတ်သက်ဆက်စပ်မှုတို့ကို အကြောင်းပြု၍ မူဆိုလိုနီ ရာထူးမှပြုတ်ချခံရသည့်ကိစ္စတွင် ဂျာမန်ပြည်သူများအား သူကိုယ်တိုင် အကျိုးအကြောင်း ရှင်းလင်းပြောပြသင့်သည်။ သို့သော် ထိုစဉ်က စိတ်ဓာတ်ပျက်ပြား၍ တုန်လှုပ်ချောက်ချားနေသဖြင့် မိန့်ခွန်းပြောကြားရန် ဂိုးဘဲလ်၏ အတန်တန်တိုက်တွန်းချက်ကို လက်မခံဘဲ ပယ်ချခဲ့သည်။

သို့ဖြစ်ရာ ဂိုးဘဲလ်သည် ယခုတစ်ကြိမ်တွင် ဟစ်တလာအား အဖက်ဖက်မှ အကြောင်းအမျိုးမျိုးပြ၍ တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရန် အပြင်းအထန် မေတ္တာရပ်ခံတိုက်တွန်းခဲ့သည်။ အထူးသဖြင့် ဥရောပတိုက်တွင် ဂျာမနီ၏တစ်ဦးတည်းသော မိတ်ဆွေဖြစ်သည့် အီတလီနိုင်ငံသည် ယခုကဲ့သို့ မဟာမိတ်တို့နှင့် အတိအလင်း ပူးပေါင်းသွားသည့် ရောမပြောင်းလဲမှုကြီးအပေါ်တွင် တိုင်းပြည်က သို့လောသို့လော တွေးတောကာ စိတ်ဓာတ်ပျက်ပြားဖွယ်ရာဖြစ်နေသဖြင့် ဤ



အချိန် ဤအခါမျိုးတွင် ခေါင်းဆောင်ကြီးဟစ်တလာကိုယ်တိုင် အခြေအနေအရပ်ရပ်ကို ရှင်းလင်းပြောကြားသင့်ကြောင်း အကြိမ်ကြိမ် အဖန်ဖန်တိုက်တွန်းခဲ့ရာ နောက်ဆုံး၌ ဟစ်တလာသည် ဂိုးဘဲလ်၏တိုက်တွန်းချက်ကို လက်ခံ၍ မိန့်ခွန်းပြောကြားခဲ့သည်။

ဟစ်တလာ၏မိန့်ခွန်းကို စက်တင်ဘာ ၁၀ ရက်နေ့ (အီတလီနှင့် မဟာမိတ်တို့ အပစ်အခတ်ရပ်စဲကြပြီးနောက် နှစ်ရက်အကြာ) ညနေဘက်တွင် ဘာလင် ရေဒီယိုမှ အသံလွှင့်ခဲ့သည်။

သို့သော် မိမိတို့အတွက် မင်္ဂလာမရှိသည့် သတင်းကြီးကိုအကြောင်းပြု၍ စိတ်မပါ့တပါ မပြောချင်ဘဲ ပြောရခြင်းဖြစ်ရာ ဟစ်တလာ၏ အဆိုပါမိန့်ခွန်းမှာ ထူးထူးထွေထွေ စိတ်ပါဝင်စားစရာမရှိဘဲ ဖြစ်ခဲ့ရသည်။

ဟစ်တလာသည် သူ့မိန့်ခွန်းထဲတွင် မူဆိုလိုနီအား "ရောမအင်ပါယာကြီး ပျက်သုဉ်းပြီးသည့်နောက် အီတလီနိုင်ငံ၏ အကြီးမြတ်ဆုံးသော သားကောင်းရတနာ" တစ်ဦးအဖြစ် တင်စားခဲ့သည်။ မူဆိုလိုနီ မရှိသည့်နောက်ပိုင်းတွင် အီတလီပြည်သူများ ယခုကဲ့သို့ သစ္စာဖောက်သွားကြခြင်းမှာ တစ်မျိုးသားလုံးအတွက် သားစဉ်မြေးဆက် ရှက်ဖွယ်ကောင်းလှကြောင်း၊ သို့သော် ဤအဖြစ်အပျက်သည် စစ်ကြီးကို မည်သို့မျှ ထိခိုက်စရာမရှိကြောင်း စသည်ဖြင့် ပြောကြားရင်း "ကျုပ်ဟာ အခြေအနေကိုလိုက်ပြီး ကျုပ်ရဲ့ခံယူချက်တွေကို အခုတစ်မျိုး ဟော်တော်ကြာတစ်မျိုး ပြောင်းတတ်တဲ့ လူစားမျိုးမဟုတ်ဘူး။ ဒါမျိုးကိုလည်း သုံးဝလက်မခံဘူး"ဟူ၍ အတိအလင်း ကြေညာခဲ့သည်။

"ကျုပ်တို့ဟာ ဒီလောက်ကြီးမားပြီး အနာဂတ်ကို ဖန်တီးမယ့် တိုက်ပွဲကြီးမှာ နည်းပရိယာယ်အရ တချို့စစ်မြေပြင်တွေက နယ်မြေတချို့ကို မကြာခဏ စွန့်လွှတ်ရတာမျိုးတွေ မရှောင်မလွှဲသာရှိမှာပဲ။ ဒါပေမဲ့ ဒီလိုစွန့်လွှတ်လိုက်ရတဲ့အတွက် ဂျာမန်နိုင်ငံတော်ကြီးကို ကာကွယ်ထားတဲ့ သံမဏိကွင်းဆက်ကြီးဟာ ဘယ်တော့မှ ပြုတ်ထွက်မသွားနိုင်ပါဘူး"

ဟစ်တလာသည် အီတလီနိုင်ငံ၏ သစ္စာဖောက်မှုကြောင့် ဂျာမန်ပြည်သူတို့ စိတ်ဓာတ်ပျက်ပြားချောက်ချားခြင်းမဖြစ်အောင် အထက်ပါအတိုင်း အားပေးစကား ပြောကြားခဲ့ရသည်။ သွေးထိုးလှုံ့ဆော်ခဲ့ရသည်။

သို့သော် ဟစ်တလာအဖို့ရာ၌ အီတလီနိုင်ငံနှင့်ပတ်သက်သည့် ကြမ္မာဆိုးသည့် ဖြစ်ရပ်များမှာ ဤမျှဖြင့် မရပ်နားသေးဘဲ နောက်တစ်ကြိမ် နောက်ထပ်တစ်ချီ ကြုံတွေ့ရပြန်သေးသည်။

ထိုအကြိမ် ထိုအချိန်မှာ မူဆိုလိုနီအား ဘာဒိုဂလီယို အစိုးရလက်တွင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ကယ်တင်လာခဲ့ပြီးနောက် သူတို့နှစ်ယောက် ပြန်လည်တွေ့ဆုံကြသည့် အချိန်ပင်ဖြစ်သည်။

ဟစ်တလာသည် မူဆိုလိုနီအား ပြုတ်ကျပြီး အဖမ်းခံရသည့်အချိန်မှစ၍ တစ်နည်းနည်းဖြင့် ပြန်လည်လွတ်မြောက်အောင် အစွမ်းကုန်စီစဉ်ကြိုးပမ်းခဲ့သည်။

မူဆိုလိုနီ အဖမ်းခံရပြီးနောက် ထိုနေ့ညက ကျင်းပခဲ့သည့် အစည်းအဝေးတွင်လည်းကောင်း၊ နောက်နေ့များဖြစ်သော ဇူလိုင် ၂၆–၂၇ ရက်နေ့များတွင် ဆက်တိုက်ကျင်းပခဲ့သည့် စစ်ဦးစီးဌာနချုပ် ကွန်ဖရင့်များတွင်လည်းကောင်း၊ အီတလီနှင့်ပတ်သက်၍ စစ်ဆင်ရေး အစီအစဉ်များကို တစ်ခုပြီးတစ်ခု ချမှတ်ပြင်ဆင်ခဲ့သည်။

ယင်းစစ်ဆင်ရေးများတွင် အီတလီမြေပေါ်၌ တပ်စွဲနေကြသည့် ဂျာမန်တပ်မတော်က ဘာဒိုဂလီယိုအစိုးရအား ဖြုတ်ချ၍ အကြမ်းဖက် အာဏာသိမ်းရန်အတွက် 'အနက်ရောင်စစ်ဆင်ရေး'ဟူ၍လည်းကောင်း၊ အကယ်၍ အရေးတကြီးလိုအပ်လာပါက အီတလီရေတပ်ကို သိမ်းပိုက်ရန် သို့မဟုတ် ဖောက်ခွဲဖျက်ဆီးပစ်ရန်အတွက် 'ဝင်ရိုးစစ်ဆင်ရေး'ဟူ၍လည်းကောင်း အသီးသီး လျှို့ဝှက်အမည်များဖြင့် သတ်မှတ်စီစဉ်ခဲ့သည့်ပြင် မူဆိုလိုနီအား တစ်နည်းနည်းဖြင့် လွတ်မြောက်အောင် ကယ်တင်ရန်အတွက် 'ဝက်သစ်ချစစ်ဆင်ရေး'ဟူသောအမည်ဖြင့်လည်း အစီအစဉ်တစ်ရပ် လျှို့ဝှက်ချမှတ်ခဲ့သည်။

ထိုအချိန်မှစ၍ ဟစ်တလာသည် သူ၏စစ်ကွန်ဖရင့်များတွင် 'ဝက်သစ်ချစစ်ဆင်ရေး'ကို အစီအစဉ်တစ်ရပ်အဖြစ် နေ့စဉ်သတ်မှတ်ထည့်သွင်းကာ လိုအပ်သည့်အခြေအနေနှင့် သတင်းအရပ်ရပ်ကို သုံးသပ်ညှိနှိုင်းခဲ့သည်။ ပြင်ဆင်စိုင်းပြင်းခဲ့သည်။ အထူးသဖြင့် မူဆိုလိုနီအား ဘာဒိုဂလီယို အစိုးရက မည်သည့်အရပ်တွင် ဖမ်းဆီးချုပ်နှောင်ထားသည်ကို အတိအကျသိရှိရန် လျှို့ဝှက်ထောက်လှမ်းရေးများ အစွမ်းကုန်ပြုလုပ်စေခဲ့သည်။

ဘာဒိုဂလီယိုအစိုးရသည် ဂျူလိုင် ၂၅ ရက်နေ့က မူဆိုလိုနီအား ဖမ်းဆီးခဲ့ပြီးနောက် အခြေအနေအရ တစ်နေရာမှတစ်နေရာသို့ မကြာခဏ လျှို့ဝှက်စွာရွှေ့ပြောင်း၍ ချုပ်နှောင်ထားခဲ့သည်။ လျှို့ဝှက်ထောက်လှမ်းရေးသတင်းများအရ မူဆိုလိုနီ ပြောင်းရွှေ့ရာနောက်သို့ မျက်စိထောင့်ထောက်၍ တကောက်ကောက်လိုက်ကြည့်နေခဲ့သော ဟစ်တလာသည် ဩဂုတ်လ ၁ ရက်နေ့တွင် ရေတပ်ဗိုလ်ချုပ်ကြီး ဒိုးနစ်၏အစီရင်ခံချက်အရ မူဆိုလိုနီမှာ ဗင်တိုတင်းအမည်ရှိ ကျွန်းကလေးတစ်ကျွန်းပေါ်သို့ ရောက်ရှိနေကြောင်း သိရသည်။ ထို့နောက်တစ်ဖန် ဩဂုတ်လလယ်လောက်တွင် ဂက်စတာပို ဗိုလ်ချုပ်ဟင်းမလား၏ သတင်းပို့ချက်



အရ မူဆိုလိုနီသည် ဘာဒိုနီယားကျွန်းကြီး၏ မြောက်ဘက်အစွန်းမှ မက်ဒါလီနာကျွန်းကလေးပေါ်သို့ ပြောင်းရွှေ့သွားကြောင်း ကြားသိရပြန်သည်။

သို့ဖြင့် ဟစ်တလာသည် 'ဝက်သစ်ချစစ်ဆင်ရေး'ကို အကောင်အထည်ဖော်ရန် အလျင်အမြန် စီစဉ်ခဲ့သည်။ မူဆိုလိုနီရှိရာ အဆိုပါကျွန်းကလေးပေါ်သို့ ရေပြင်မှ စစ်သင်္ဘောတစ်စင်းဖြင့် ဖြစ်စေ၊ ကောင်းကင်မှ လေထီးဖြင့်ဖြစ်စေ၊ အသေခံတပ်သားများကို လျှို့ဝှက်စွာ စေလွှတ်၍ မူဆိုလိုနီအား ကယ်တင်ခေါ်ဆောင်လာရန် အသေးစိတ် ပြင်ဆင်ခဲ့သည်။ သို့သော် ယင်းလျှို့ဝှက်ပြင်ဆင်နေဆဲအတောအတွင်း အီတလီနိုင်ငံ၏ စစ်ရေးနိုင်ငံရေး အခြေအနေမှာ တစ်နေ့တခြား ပြောင်းလဲလာခဲ့ရာ မူဆိုလိုနီမှာ ဘာဒိုဂလီယိုအစိုးရ၏ စီစဉ်ချက်အရ ဩဂုတ်တင်ဘာလဆန်းတွင် အဆိုပါ မက်ဒါလီနာကျွန်းကလေးပေါ်မှ ဂရန်ဆက်ဆိုအမည်ရှိ တောင်ပေါ်မြို့ကလေးသို့ ပြောင်းရွှေ့ချုပ်နှောင်ထားခြင်း ခံခဲ့ရပြန်သည်။

ဂရန်ဆက်ဆိုမြို့ကလေးမှာ အီတလီနိုင်ငံအလယ်ပိုင်း အဘရုဇီ အက်ပီနိုင်းတောင်တန်း၏ အမြင့်ဆုံးတောင်ထိပ် တစ်နေရာမှ တောင်ပေါ်မြို့ကလေးဖြစ်၍ အသွားအလာ ခက်ခဲလှသည်။ ထိုမြို့ကလေးသို့ မော်တော်ကား မီးရထားစသည်ဖြင့် လုံးဝသွား၍မဖြစ်ဘဲ လျှပ်စစ်ဓာတ်ကြိုးဖြင့် သွယ်တန်းဖောက်လုပ်ထားသည့် ကောင်းကင် မီးရထားဖြင့်သော်လည်းကောင်း၊ လေယာဉ်ရဟတ်ယာဉ်တို့ဖြင့်သော်လည်းကောင်း သွားမှသာလျှင် ရောက်နိုင်သည်။

မူဆိုလိုနီရှိရာအရပ်ကို အပ်ရှာသလို လိုက်လံရှာဖွေနေကြသည့် ဂျာမန်လျှို့ဝှက် ထောက်လှမ်းရေးတာဝန်ခံများ၏ သတင်းပေးချက်အရ မကြာမီ ဟစ်တလာသည် အဆိုပါတောင်ပေါ်မြို့ကလေးသို့ မူဆိုလိုနီရောက်ရှိနေကြောင်း အတိအကျသိခဲ့ရသည်။ ချက်ချင်းဆိုသလိုပင် သူသည် ဟင်းမလားနှင့်တိုင်ပင်၍ အော်တိုစကော်ဇီနီ အမည်ရှိ ရှပ်နက်တပ်မှူးတစ်ယောက်ကို ဌာနချုပ်သို့ ဆင့်ခေါ်ကာ မူဆိုလိုနီလွတ်မြောက်ရေးအတွက် တာဝန်ပေးလိုက်သည်။

စကော်ဇီနီသည် ဟင်းမလား၏ ယုံကြည်အားကိုးခြင်းခံရသူ တစ်ယောက်ဖြစ်၍ ပါးပါးနပ်နပ် သွက်သွက်လက်လက်ဖြင့် သတ္တိကောင်းသူတစ်ဦးဖြစ်သည်။ သူသည် မိမိလို သာမန်တပ်မှူးကလေးတစ်ယောက်အနေဖြင့် ရောက်ဖူးရန်ဝေးစွာ ဘယ်ဆီမှာမှန်းပင် မသိရသည့် ဗဟိုစစ်ဦးစီးဌာနချုပ် လျှို့ဝှက်စခန်းသို့ ပထမဆုံးအကြိမ်ရောက်ဖူးခဲ့ရသည့်ပြင် မမျှော်လင့်ဘဲ ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင် မိမိအားလက်ခံတွေ့ဆုံ၍ အီတလီနိုင်ငံသို့ လျှို့ဝှက်စွာ သွားရောက်ကာ အီတလီအာဏာရှင်ကြီး မူဆိုလိုနီအား ရန်သူ့လက်မှလွတ်မြောက်အောင် ကယ်တင်ရန် ယုံယုံကြည်ကြည် တာဝန်ပေးအပ်ခြင်းခံရသောအခါ ပျော်ရွှင်ဝမ်းသာ တအောင် အားရဝမ်းသာဖြစ်မိရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် *စကော်ဇီနီသည် ခေါင်းဆောင်ကြီး ဟစ်တလာ၏အမိန့်ကို ဦးထိပ်ရွက်ပန်ဆင်ကာ 'ဝက်သစ်ချစစ်ဆင်ရေး'ကို အောင်မြင်စွာ သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းခဲ့သည်။ သူသည် လက်ရွေးစင် အသေခံရှပ်နက်တပ်သားတစ်စုကို သူကိုယ်တိုင် ခေါင်းဆောင်ကာ ဂျာမနီမှ အီတလီသို့ အထူးလျှို့ဝှက်၍ သွားရောက်ခဲ့သည်။ ထိုနောက် မူလအစီအစဉ်အတိုင်း စကော်ဇီနီနှင့် အသေခံတပ်သားများသည် အီတလီတပ်မတော်မှ ဗိုလ်ချုပ်တစ်ဦးကို အလစ်တွင် လက်ရဖမ်းကာ ဂလိုက်ဒါခေါ် စက်မဲ့လေယာဉ်တစ်စင်းဖြင့် တင်ဆောင်၍ မူဆိုလိုနီရှိရာ တောင်ပေါ်မြို့ကလေးသို့ ခေါ်ဆောင်သွားခဲ့သည်။ တောင်ပေါ်မြို့ကလေးတွင် မူဆိုလိုနီအား ချုပ်နှောင်ထားသည့် ဟော်တယ်အဆောက်အဦးနှင့် ကိုက်တစ်ရာခန့်အကွာ မြေပြန့်တစ်နေရာ၌ သူတို့စီးလာကြသည့် ဂလိုက်ဒါဆင်းသက်လိုက်သောအခါ မောင်းပြန်သေနတ်များ ကိုင်ဆောင်ထားကြသော အီတလီတပ်သားများက ဆီး၍ ပစ်မည်လုပ်သေးသည်။ သို့သော် စကော်ဇီနီက သူတို့ပြန်ပေးဆွဲလာသည့် အီတလီဗိုလ်ချုပ်ကို ရှေ့မှထား၍ တန်ဆာခံလုပ်ကာ ခပ်တည်တည်ခြိမ်းခြောက်ခဲ့သဖြင့် အီတလီတပ်သားများမှာ လုံးဝခုခံပစ်ခတ်ခြင်းမပြုလိုက်ရဘဲ လက်နက်ချ အညံ့ခံခဲ့ကြရသည်။

သို့ဖြင့် စကော်ဇီနီခေါင်းဆောင်သော သူ့ရဲကောင်းအသေခံတပ်သားများသည် စက်တင်ဘာလ ၁၂ ရက်နေ့က အာဏာရှင်ကြီး မူဆိုလိုနီအား အီတလီတပ်များလက်မှ ကယ်တင်ကာ လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်လာခဲ့ကြသည်။ နောက်နှစ်ရက်မျှကြာသောအခါ ဂျာမနီ အီတလီနိုင်ငံတို့၏ အမွှာညီနောင် 'တော်လှန်ရေးခေါင်းဆောင်ကြီး'နှစ်ဦးသည် ဂျာမန်စစ်ဌာနချုပ်တွင် ပြန်လည်တွေ့ဆုံကာ တစ်ယောက်နှင့်တစ်ယောက် ဝမ်းသာအဲလဲ ဖက်လှဲတကင်း ဖြစ်နေကြသည်။

အထူးသဖြင့် မူဆိုလိုနီမှာ အီတလီ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့ဘက်တော်သားများလက်တွင် နေ့သေမလား ညသေမလားဟူ၍ ရင်တထိတ်ထိတ် ထင့်ထင့် ဖြစ်နေခဲ့ရသောဘဝမှ သေကံမရောက် သက်မပျောက်ဘဲ ရဲဘော်ရဲဘက် ဗီသလှသည့် ခေါင်းဆောင်ကြီး ဟစ်တလာ၏ကျေးဇူးဖြင့် ယခုကဲ့သို့ လွတ်မြောက်လာရသည်ကို ဝမ်းသာ၍မဆုံးနိုင်အောင် ဖြစ်နေမိသည်။

---

*စကော်ဇီနီသည် ထိုအချိန်မှစ၍ ဟစ်တလာ၏ ယုံကြည်ကိုးစားခြင်းကို ခံခဲ့ရပြီး ၁၉၄၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ဂျာမန်ဗိုလ်ချုပ်ကြီးအချို့က ဟစ်တလာကို လုပ်ကြံ၍ အာဏာသိမ်းရန်ကြိုးပမ်းခဲ့ကြရာ၌ ဟစ်တလာဘက်မှ သစ္စာရှိစွာ ကာကွယ်ခဲ့သည့် အဖြစ်အပျက်များကို နောက်ပိုင်းတွင် ဖော်ပြထားသည်။ စာရေးသူ။



အကယ်၍ မူဆိုလိုနီမှာ ဖက်ဆစ်ဆန့်ကျင်ရေး မျိုးချစ်များ၏လက်မှလွတ်မြောက်ခြင်း အသက်မသေသည့်တိုင်အောင် အရှက်တကွဲ အကျိုးနည်းစရာဖြစ်ရမည့်အရေးမှ သီသီကလေးလွတ်လာခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က အီတလီ အပါအဝင် မြေထဲပင်လယ်တစ်ဝိုက်ရှိ မဟာမိတ်တပ်များ၏ စစ်ဦးချုပ်ဖြစ်သော ဗိုလ်ချုပ်ကြီး အိုင်ဆင်ဟောင်းဝါးထံ မူဆိုလိုနီ လွတ်မြောက်မသွားမီ ရက်ပိုင်းလောက်ကပင် ကြေးနန်းတစ်စောင်ရောက်ရှိလာခဲ့သည်။ ထိုကြေးနန်းမှာ တောင်အာဖရိကတိုက် ကိတ်တောင်းမြို့မှ ဓာတ်ပွဲကန်ထရိုက်တစ်ဦးက ပေးပို့လိုက်သည့် ကြေးနန်းစာဖြစ်သည်။ ယင်းစာထဲတွင် 'အကယ်၍ ဖြစ်နိုင်ပါမူ မူဆိုလိုနီအား ကိတ်တောင်းမြို့ရှိ ဓာတ်ရုံတွင် တနင်္ဂနွေသုံးပတ်ခန့် ရုံသွင်းပြသနိုင်အောင် စီစဉ်စေလိုပါသည်။ ထိုသို့ရုံသွင်းပြသမည်ဆိုပါက မဟာမိတ်တပ်များအတွက် ရန်ပုံငွေစတာလင်ပေါင် တစ်သောင်းတိတိ ထည့်ဝင်လှူဒါန်းပါမည်'ဟူ၍ ပါရှိခဲ့သောကြောင့်တည်း...။

မူဆိုလိုနီအနေဖြင့် ထိုသို့အသက်ဘေးနှင့် အရှက်ဘေးတို့မှ ရုတ်တရက် သီသီကလေး လွတ်မြောက်လာခဲ့ရသဖြင့် အတိုင်းမသိ ဝမ်းသာဘိသကဲ့သို့ ဟစ်တလာမှာလည်း သူစီစဉ်ကြိုးပမ်းခဲ့သည့် 'ဝက်သစ်ချ စစ်ဆင်ရေးကြီး' လုတ်မထိ ဆူးမငြိဘဲ အစအဆုံးအောင်မြင်ခဲ့သဖြင့် 'မသေလို့တွေ့ရ မေ့မရ' ရှိခဲ့သော အမွှာနောင်တော်ကြီး မူဆိုလိုနီအတွက် ဝမ်းသာ၍မဆုံး ပျော်တပြုံးပြုံး ဖြစ်နေမိသည်။ အထူးသဖြင့် ယခုကဲ့သို့ မူဆိုလိုနီ ဘေးမသီရန်မခဘဲ လွတ်မြောက်လာခဲ့ခြင်းဖြင့် မိမိတို့၏အခြေအနေသည် အဆိုးဘက်မှ အကောင်းဘက်သို့ ကူးပြောင်းရောက်ရှိလာပြီး ဤစစ်ကြီးကို လုံးဝအောင်နိုင်သည်အထိ ဆက်လက်တိုက်ခိုက်သွားနိုင်တော့မည်ဟု မျှော်မှန်းရော်ရမ်းကာ ပီတိတွေတလျှမ်းလျှမ်း ဖြစ်နေခဲ့သည်။

သို့သော် ဟစ်တလာ၏အပြုံးနှင့်ပီတိတို့မှာ မူဆိုလိုနီနှင့် ပြန်လည်တွေ့ဆုံ၍ စကားစမြည်ပြောဆိုပြီးနောက် နာရီပိုင်းအတွင်းမှာပင် 'ကြက်ပျောက်ငှက်ပျောက်' ဖြစ်သွားရတော့သည်။ အဘယ်ကြောင့်ဆိုသော် သူ့အနေဖြင့် ယုံကြည်စိတ်ချရပြီး အားအကိုးကြီးကိုးရသည်ဟု တစ်ထစ်ချယူဆထားသော မူဆိုလိုနီသည် အသက်ရှင် ကျေးဇူးရှင်ကြီး ဟစ်တလာအား ကျေးဇူးစကားများ ထပ်တလဲလဲဆိုကာ ရှိက်လိုက်လှဲလှဲ ဝမ်းသာနေသော်လည်း အီတလီသို့ပြန်၍ သူ့ရန်သူများအား [illegible] လက်စားချေရန်နှင့် အာဏာပြန်ရရေးအတွက် အစွမ်းကုန်ကြိုးစားရန် ဟစ်တလာက အလေးအနက်တိုက်တွန်းလာသောအခါတွင်မူ [illegible] ဘဲ ကျော်ရုပ်ကြီးပမာ ငုတ်တုတ်ကြီးခံနေသောကြောင့်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် မူဆိုလိုနီသည် ဟစ်တလာလောက် စိတ်ဓာတ်ခိုင်မာပြတ်သားခြင်းမရှိဟူ၍ ဆိုရမည်လော၊ သို့တည်းမဟုတ် မိမိ၏အီတလီနိုင်ငံနှင့် အီတလီပြည်သူများ၏ အခြေအနေကို ဟစ်တလာထက် ပို၍နားလည်ထားသောကြောင့်ပင်လော မပြောတတ်။ အီတလီတွင် မိမိခေါင်းဆောင်၍ အာဏာပြန်သိမ်းရန်နှင့် ဖက်ဆစ်အုပ်ချုပ်ရေးကို ပြန်လည်အသက်သွင်းရန်မှာ လုံးဝမျှော်လင့်ချက်မရှိတော့ဟု ယူဆထားပြီးဖြစ်သည်။ သို့ဖြစ်၍လည်း ဟစ်တလာက မည်မျှပင်အားပေးစကားပြောကြား၍ မည်သို့ပင် လှုံ့ဆော်တိုက်တွန်းသော်လည်း မူဆိုလိုနီသည် အားရပါးရ တက်တက်ကြွကြွမရှိတော့ဘဲ စိတ်ဓာတ်ကျကာ အရုပ်ကြိုးပြတ်ဖြစ်နေသည်။

ဤတွင် ဟစ်တလာမှာ အကြီးအကျယ်ဒေါပွတော့သည်။ သူ အဖမ်းခံရချိန်မှစ၍ မစားနိုင် မအိပ်နိုင်ဘဲ မိမိကိုယ်တိုင် 'ဝက်သစ်ချစစ်ဆင်ရေး' စီမံကိန်းကိုချမှတ်ကာ မိမိတပ်သားများဖြင့် သက်စွန့်ဆံဖျား သွားရောက်ကယ်တင်လာခဲ့ရပြီးမှ ယခုကဲ့သို့ အေးစက်စက် ပျော့ညံ့ညံ့ဖြင့် သတ္တိကြောင်သလို လုပ်နေသော မူဆိုလိုနီအား မျက်နှာမကြည့်ချင်လောက်အောင် ရွံသွားမိသည်။ သူ့ကို ရန်သူ့လက်မှ ကယ်တင်လာခဲ့မိသည်ပင် မှားများမှားနေပြီလောဟူ၍ တွေးတောစရာဖြစ်လာခဲ့သည်။

ယင်းသို့ ဟစ်တလာ၏ ယမ်းပုံမီးကျ ဒေါပွနေသော အမှုအရာကြောင့်တစ်ကြောင်း၊ အသက်သခင်ကျေးဇူးရှင်ကို ဝင်ဝင်ချင်း ဆောက်နဲ့ထွင်းသလိုထော်လော်ကန့်လန့် မလုပ်လိုသဖြင့်တစ်ကြောင်း၊ ထို့ပြင် ယခုအခိုက်အတန့်တွင် မိမိမှာ ဟစ်တလာ၏ 'လက်ခုပ်ထဲကရေ'လို သွန်လိုသွန် မှောက်လိုမှောက်သူပြုသမျှ နရမည့်အခြေအနေမျိုးသို့ရောက်နေသဖြင့်တစ်ကြောင်း၊ ဤသို့သောအကြောင်းအကြောင်းများကို စဉ်းစားထောက်ထား၍ မူဆိုလိုနီသည် နောက်ဆုံး၌ဟစ်ဘလာ စီစဉ်သမျှကို စိတ်ထဲမဖါသော်လည်း အပေါ်ယံအားဖြင့် ခေါင်းညိတ်လက်ခံခဲ့သည်။ သို့နှင့်ပင် မူဆိုလိုနီသည် ဟစ်တလာ၏ အစီအစဉ်အရ စက်တင်ဘာလ ၁၅ ရက်နေ့တွင် အီတလီ ဖက်ဆစ်ပါတီသစ်နှင့် အီတလီ ဆိုရှယ်လစ်သမ္မတ နိုင်ငံအစိုးရသစ် ဖွဲ့စည်းလိုက်ကြောင်း စိတ်မပါတပါဖြင့် ကြေညာလိုက်ရသည်။

ဟစ်တလာမှာလည်း မူဆိုလိုနီ၏ အတွင်းသဘောကို ကောင်းကောင်းကြီး ရိပ်စားမိသည်။ သို့သော် ယခုအခိုက်အတန့်တွင် မူဆိုလိုနီသည် ဘာဒိုဂလိယို အစိုးရလက်တွင်းမှ လွတ်မြောက်လာခဲ့၍ မိမိနှင့် ပြန်လည်ပူးပေါင်းမိပြီဟူသော သတင်းကို ဂျာမနီနှင့် အီတလီနိုင်ငံအပါအဝင် ကမ္ဘာတစ်ခုလုံးသို့ အမြန်ဆုံးထုတ်ပြန် ကြေညာနိုင်ရန် အပူတပြင်းလိုအပ်နေသည်။ သို့ဖြစ်၍လည်း ဟစ်တလာသည် မူဆိုလိုနီ၏ သူ့ရဲဘောနည်း၍ သတ္တိကြောင်လှသောအဖြစ်ကို အကြီးအကျယ်ဒေါသထွက်၍ စိတ်ပျက်မိသော်လည်း မျိုသိပ်ချုပ်တည်းကာ သူလိုချင်သည့်ပုံစံကို မရ ရသည့်နည်းဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။



ထို့နောက် မူဆိုလိုနီသည် အီတလီတွင် အာဏာပြန်လည်ရရှိရန် မဆိုထားဘိ၊ စစ်ရေး နိုင်ငံရေးနှင့်ပတ်သက်၍ ဘာတစ်ခုမှ စိတ်ပါလက်ပါ ကြိုးပမ်းလုပ်ဆောင်ခြင်းမပြုတော့ဘဲ သူ့ကိုယ်သူ ဟစ်တလာ ကြိုးဆွဲရာ ကနေသည့် ရုပ်သေးရုပ်မှာ သဘောထား၍နေလာခဲ့သည်။ ဟစ်တလာအဖို့အရာ၌လည်း 'ပေါ့စေလို၍ ကြောင်ရုပ်ထိုးမိကာမှ ဆေးအတွက်လေးနေသည့်အဖြစ်မျိုး' လို မူဆိုလိုနီနှင့်ပတ်သက်၍ နောက်ပိုင်းတွင် တစ်စုံတစ်ရာ ဘာတစ်ခုမှ အားမကိုးရသည့်ပြင် အန္တရာယ်ပေးမည်ကိုပင် စိုးရိမ်နေရသဖြင့် ကိုယ်ရံတော် သက်တော်စောင့်အဖြစ် ဂျာမန်ရှုပ်နက်တပ်သားများကို နေ့ရောညပါ အစောင့်ချထားခဲ့ရသည်။

သို့ဖြင့် ၁၉၄၃ ခုနှစ်အတွင်း အီတလီနိုင်ငံနှင့် အီတလီအာဏာရှင် မူဆိုလိုနီသည် ဟစ်တလာအား ကောင်းကျိုးမပေးဘဲ ကြမ္မာငင်သောဖြစ်ရပ်များကိုသာ တစ်ခုပြီးတစ်ခု ဖန်တီးခဲ့ကြရာ နောင်အခါ၌ *'အီတလီနှင့် မူဆိုလိုနီတို့အပေါ် ယုံသိမ်းမယိုင်ကြံ့ခိုင်သည့် မဟာမိတ်အဖြစ် ထားရှိခဲ့ခြင်းကြောင့် ကျွန်ုပ်လုပ်ခဲ့သမျှမှာ အမှားများသာဖြစ်ခဲ့ရသည်'ဟူ၍လည်းကောင်း၊ 'အကယ်၍သာ ကျွန်ုပ်တို့ ချွမ်းအားရှိသမျှ ကြိုးစားတိုက်ခိုက်ခဲ့သည့်ကြားမှ စစ်ရှုံးခဲ့ပါက အီတလီနှင့် မဟာမိတ်ဖွဲ့ခဲ့ခြင်းသည် ကျွန်ုပ်တို့အား စစ်ရှုံးစေရန် ကူညီအားပေးခဲ့ခြင်းဖြစ်သည်' ဟူ၍လည်းကောင်း နာကြည်းစွာကောက်ချက်ချခဲ့သည်။

၁၉၄၃ ခုနှစ်အတွင်း ဟစ်တလာသည် အီတလီနှင့်မူဆိုလိုနီတို့ကိုအကြောင်းပြု၍ ယင်းသို့ကြမ္မာငင်သောဖြစ်ရပ်များ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာခဲ့သည့်နည်းတူ အခြားသောစစ်မျက်နှာများမှ ကြမ္မာငင်သောဖြစ်ရပ်များကိုလည်း ကြုံတွေ့ခဲ့ရသေးသည်။

၁၉၄၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ဟစ်တလာသည် ဆိုဗီယက်ယူနီယံအား နောက်ဆုံးအကြိမ် 'လက်ကုန်နှိုက်'သည့်အနေဖြင့် ရှိသမျှတပ်များကို

*ထရီဗာရိုရေးသား၍ ဤစာရေးသူ မြန်မာပြန်ဆိုခဲ့သော 'ဟစ်တလာ၏[illegible]'မှ စာမျက်နှာ ၁၆၅–၁၆၆။

www.burmeseclassic.com



စည်းကာ ရောမထိုးစစ်ကြီးတစ်ခုကို ဆင်နွှဲခဲ့သည်။ ယင်းထိုးစစ်ကြီးတွင် 'ကျား' ဟူ၍ အမည်ပေးထားသော နောက်ဆုံးပေါ် တင့်ကားများဖြင့် ဖွဲ့စည်းထားသည့် ပန်ဇာတပ်မကြီးပေါင်း ၁၇ ခု အပါအဝင် တပ်သားပေါင်းငါးသိန်းခန့်ကို အသုံးပြုခဲ့သည်။ သူ့စိတ်ကူးနှင့် ရည်မှန်းချက်အရဆိုပါက ဤထိုးစစ်ကြီးတွင် ဆိုဗီယက်တပ်နီတော်၏ အကောင်းဆုံးတပ်များကို ကာ့စ်ခ်မြို့၏ အနောက်ဘက်ဒေသမှ ဒွန်မြစ်ကမ်းပါးအထိ မောင်းထုတ်နိုင်ရုံမျှမက ဗော်ဂါမြစ်အထိ ဆက်လက်ချီတက်ကာ ထိုမှတစ်ဆင့် မော်စကိုမြို့တော်အား အရှေ့တောင်ဘက်မှနေ၍ ဝိုင်းဝန်းလုပ်ကြံနိုင်လိမ့်မည်ဟူ၍ တွက်ဆထားခဲ့သည်။

သို့သော် လက်တွေ့တွင်မူ ဟစ်တလာ၏ စိတ်ကူးနှင့်ရည်မှန်းချက်မှာ 'လေထဲတွင် တိုက်အိမ်ဆောက်သလို' ဖြစ်ခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ဂျာမန်တပ်များသည် မိမိတို့ထက် အရေအတွက်အားဖြင့် နှစ်ဆနီးပါးမျှ ပိုမိုများပြား၍ တပ်သားပေါင်း တစ်သန်းခန့်အထိ အင်အားကြီးမားလှသည့် ဆိုဗီယက်တပ်နီတော်ကြီးနှင့် ရင်ဆိုင်ခဲ့ကြရသောကြောင့်ဖြစ်သည်။ ထို့ပြင် ဤဆိုဗီယက်တပ်များမှာ [illegible]သည့် ဆောင်းရာသီ (၁၉၄၃ ခု ဖေဖော်ဝါရီလအတွင်း)က ဂျာမန်တပ်များအား စတာလင်ဂရက်မြို့တော်မှ မောင်းထုတ်ခဲ့သည့် အောင်ပွဲရတပ်များဖြစ်၍ စိတ်ဓာတ်အားဖြင့်လည်း ဂျာမန်တပ်များထက် နှစ်ဆသုံးဆမျှ ပိုမိုကောင်းမွန်နေခဲ့ကြသည်။

သို့ဖြစ်ရာ ဤနောက်ဆုံးထိုးစစ်ကြီးတွင် ဟစ်တလာ၏ 'လေထဲကတိုက်အိမ်'မှာ လေထဲတွင်ပင် ပြိုကျပျက်စီးခဲ့ရသည်။ ဆိုဗီယက်တပ်များ၏ အပြင်းအထန်ခုခံမှုကြောင့် ဇူလိုင်လ ၁၂ ရက်နေ့တွင် ဂျာမန် ပန်ဇာတပ်မကြီးများ၏ တင့်ကားများမှာ တစ်ဝက်နီးပါးမျှ ဆုံးရှုံးပျက်စီးခဲ့ရ၍ ရှေ့ဆက်မတိုးနိုင်တော့သဖြင့် နောက်သို့ ဖရိုဖရဲဖြင့် တပ်လန်လာကြတော့သည်။ ဆိုဗီယက်တပ်များသည် ဂျာမန်တပ်များအား နောက်ထပ်စုစည်းရန်ပင် အချိန်မပေးတော့ဘဲ ကာ့စ်ခ်မြို့၏ မြောက်ဘက် အိုရဲလ်မြို့အနီးရှိ ဂျာမန်တပ်များကို တရကြမ်းထိုးဖောက်၍ ပြန်လှန်ထိုးစစ်ကြီးကို ဆင်နွှဲကြတော့သည်။

ဤသည်မှာ စစ်ကြီးအတွင်း ဆိုဗီယက်တို့၏ ပထမဆုံး ထိုးစစ်ကြီးဖြစ်၍ ထိုအချိန်မှစပြီး တပ်နီတော်သည် အစဉ်တစိုက် အပေါ်စီးရခဲ့သည်။

ဩဂုတ်လ ၄ ရက်နေ့တွင် တပ်နီတော်သည် ဂျာမန်တပ်များအား အိုရဲလ်မြို့မှ အပြီးအပိုင် မောင်းထုတ်နိုင်ခဲ့ကြသည်။ ဂျာမန်တို့သည် လွန်ခဲ့သော ၁၉၄၁ ခုနှစ် ဩဂုတ်လတွင်မူ ဤမြို့ကို ဂျာမန်တပ်များ လုံးဝလက်လွတ်ခဲ့ရခြင်းဖြစ်သည်။



ထိုနောက် ဆိုဗီယက်တို့၏ ပြန်လှန်ထိုးစစ်ကြီးမှာ အရှေ့ဘက်စစ်မြေပြင်တစ်လျှောက်လုံး ကျယ်ပြန့်ကြီးထွားလာခဲ့ပြီး ဩဂုတ်လ ၁၇ ရက်နေ့တွင် ယူကရိန်းပြည်နယ်မှ ခါရ်ကော့ဖ်မြို့ကို ပြန်လည်သိမ်းပိုက်ခဲ့ကြသည်။ တစ်ဖန် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပိုလ်တာဗာမြို့ကိုလည်းကောင်း၊ ၂၅ ရက်နေ့တွင် စမိုလင့်စ်မြို့ကိုလည်းကောင်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြသည်။ ဤစမိုလင့်စ်မြို့ကလေးမှာ နှယ်နှယ်ရရမဟုတ်၊ လွန်ခဲ့သည့်နှစ်ပေါင်း ၁၃၀ (၁၈၁၂ ခုနှစ်)က ပြင်သစ်ဘုရင် ဧကရာဇ်မင်းမြတ် နပိုလီယံနှင့် ယခု ဒုတိယကမ္ဘာစစ်ကြီးအတွင်း (၁၉၄၁ ခုနှစ်)က ဂျာမနီအာဏာရှင် ဟစ်တလာတို့ မော်စကိုမြို့တော်ကြီးကို ဆက်ရသိမ်းပိုက်မည်ဟူသော ဇရာမအကြံကြီးဖြင့် သူတို့၏တပ်များကို ကိုယ်တိုင်ကိုယ်ကျ လာရောက်၍ ဦးစီးကွပ်ကဲခဲ့ကြသည့် မြို့ကလေးပင်ဖြစ်သတည်း။

ဆိုဗီယက်တပ်နီတော်သည် ဤမျှဖြင့်မရပ်မနားသေးဘဲ ဂျာမန်တပ်များကို အရှေ့မှ အနောက်သို့ အလုံးအရင်းဖြင့် ဖိ၍ဖိ၍ ချီတက်လာခဲ့ကြရာ အောက်တိုဘာလ ပထမပတ်တွင် ဒီနိုက်ပါးမြစ်ကို မြောက်ပိုင်းမှလည်းကောင်း၊ တောင်ပိုင်းမှလည်းကောင်း ဖြတ်ကျော်ခဲ့ကြပြီး နိုဝင်ဘာလ ၆ ရက် ... ယူကရိန်းပြည်နယ်၏မြို့တော် ကီယက်ဖ်မြို့ကို လုံးဝသိမ်းပိုက်နိုင်ခဲ့ကြ...။ နောက်ဆုံး၌ တပ်နီတော်သည် ၁၉၄၃ ခုနှစ်အကုန်တွင် ပိုလန်နှင့် ရိုမေးနီးယားနယ်စပ်များသို့တိုင်အောင် ချဉ်းကပ်ရောက်ရှိလာခဲ့ကြသည်။

ဟစ်တလာအတွက် ကြမ္မာဆိုးသောဖြစ်ရပ်များသည် ဤမျှဖြင့်မပြီးဆုံးသေးချေ။

မြေပြင်တွင် အထက်ပါအတိုင်း ကြမ္မာဆိုးခဲ့ရသည့်နည်းတူ ရေပြင်တွင်လည်း မရှုမလှ အရှုံးကြီးရှုံးနေကြရသည်။

၁၉၄၂ ခုနှစ်အတွင်းက ဂျာမန်ရေငုပ်သင်္ဘောများသည် မဟာမိတ်သင်္ဘောများကို တစ်စင်းပြီးတစ်စင်း အဆက်မပြတ် ဖောက်ခွဲနှစ်မြှုပ်ပစ်နိုင်ခဲ့ကြသည်။ ဗြိတိန်နိုင်ငံသို့လည်းကောင်း၊ မြေထဲပင်လယ်တစ်ဝိုက်သို့လည်းကောင်း၊ ဦးတည်ရွက်မောင်းလာခဲ့သော မဟာမိတ်သင်္ဘောများကို လမ်းခုလတ်မှနေ၍ မလွတ်တမ်းပစ်ခတ်ဖောက်ခွဲခဲ့ကြရာ ၁၉၄၂ ခုနှစ် တစ်နှစ်တည်းတွင် ဂျာမန်ရေငုပ်သင်္ဘောများ၏ လက်ချက်ဖြင့် နှစ်မြုပ်ခဲ့ရသော မဟာမိတ်သင်္ဘောများ၏ တန်ချိန်ပေါင်း ၆ သန်း ၂ သိန်း ၅ သောင်းကျော်မျှ ရှိခဲ့သည်။

သို့သော် ၁၉၄၃ ခုနှစ်တွင်မူ မဟာမိတ်တို့သည် ဂျာမန်ရေငုပ်သင်္ဘောများကို လုံးဝမှုတော့ဘဲ မြေထဲပင်လယ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာ ... ရေပြင်ကို စိုးမိုးပိုင်နိုင်လာခဲ့ကြသည်။ ရောဓလေယာဉ်... အနိုင်ရသည်

www.burmeseclassic.com

www.burmeseclassic.com



သန်းကာ စစ်လက်နက်ပစ္စည်းများနှင့် စစ်သားများကို ပို့ဆောင်ပေးခြင်းအားဖြင့်လည်းကောင်း၊ ရေမလေယာဉ်တင်သင်္ဘောကြီးများကို အသုံးပြုခြင်းအားဖြင့်လည်းကောင်း ဂျာမန်ရေငုပ်သင်္ဘောများ၏အန္တရာယ်ကို ရှောင်ရှားကာကွယ်နိုင်ခဲ့ကြသည်။

သည်မျှမက မဟာမိတ်များဘက်မှ ကြီးမားလှသည့် အခွင့်အလမ်း တစ်ပန်းသာမှုများမှာ ဂျာမန်ရေငုပ်သင်္ဘောများ မည်သည့်နေရာတွင်ရှိနေကြောင်းကြိုတင်သိနိုင်သည့် ရေဒါခေါ် အချက်ပြကိရိယာများကို မဟာမိတ်များတွင် တပ်ဆင်ပေးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုသို့ ရေဒါကိရိယာများ တပ်ဆင်ထားကြသဖြင့် မဟာမိတ်သင်္ဘောများသည် ဂျာမန်ရေငုပ်သင်္ဘောများ ရှိနေသည့်နေရာကို အဝေးကပင် ကြိုတင်သိကြရပြီး မိမိက စတင်၍ လက်ဦးမှုယူကာ တိုက်ခိုက်နိုင်ခဲ့ကြသည်။ သို့ဖြစ်၍ ယခင်က သမုဒ္ဒရာပင်လယ်ရေပြင်အောက်တွင် လျှို့ဝှက်စွာငုတ်လျှိုးသွားလာ၍ မဟာမိတ်သင်္ဘောများအား စိတ်ကြိုက်ဖောက်ခွဲနှစ်မြှုပ်လာခဲ့ကြသော ဂျာမန်ရေငုပ်သင်္ဘောများမှာ ယခုအခါ ရေဒါ၏လက်ချက်ဖြင့် မိမိတို့သာလျှင် မကြာခဏ အငိုက်မိခံနေကြရ၍ ဝဋ်လည်နေသည်ကို တွေ့ရသည်။

ယင်းသို့ မဟာမိတ်တို့က အပေါ်စီးရကာ ဂျာမန်ရေငုပ်သင်္ဘောများ တစ်စင်းပြီးတစ်စင်း ပြန်မပေါ်လာတော့ဘဲ ရေအောက်တွင် ဖောက်ခွဲဖျက်ဆီးခြင်းခံနေရသဖြင့် ဂျာမန်ရေတပ်ဗိုလ်ချုပ်အသစ်ဖြစ်သော ဒိုးနစ်မှာ အကြီးအကျယ်စိတ်ညစ်ခဲ့ရသည်။ ဒိုးနစ်သည် ယခင်က ရေငုပ်သင်္ဘောများကို သူကိုယ်တိုင်အုပ်ချုပ်တွပ်ကဲကာ တိုက်ပွဲအကြိမ်ကြိမ်ဆင်နွှဲခဲ့ဖူးသည့် 'ရေအောက်သူရဲကောင်း' တစ်ဦးဖြစ်သည်။ ယခုကဲ့သို့ မဟာမိတ်သင်္ဘောများအား မိမိတို့ဂျာမန်ရေငုပ်သင်္ဘောများက ပစ်ခတ်တိုက်ခိုက်ရန် အနားသို့ ချဉ်းကပ်ခြင်းမပြုရသေးမီကပင် မဟာမိတ်တို့က လက်ဦး၍ မိမိတို့သာ ပတ်ခတ်တိုက်ခိုက်ခြင်းခံနေရသည့်အဖြစ်ကို ငြိမ်ခံနေ၍မရအောင်ဖြစ်ခဲ့ရသည်။ မဟာမိတ်တို့၏ နောက်ဆုံးပေါ် ရေဒါကိရိယာအကြောင်းကို လုံးဝမသိရသေးသော ဗိုလ်ချုပ်ကြီး ဒိုးနစ်သည် ဤသို့ဖြစ်ရသည်မှာ မိမိတို့ဂျာမန်ရေတပ်တွင် အကြီးအကျယ် သစ္စာဖောက်မှုများရှိနေပြီဟူ၍ တွေးတောကာ ခေါင်းနားပန်းများပင် ကြီးသွားခဲ့ရသေးသည်။ နောက်မှ မဟာမိတ်သင်္ဘောများတွင် တပ်ဆင်ထားကြသည့် နောက်ဆုံးပေါ် ရေဒါအချက်ပြကိရိယာအကြောင်းကို ဂဃနဏသိရတော့သည်။ သို့သော် နောက်မှသိရသဖြင့် သူ့အသိမှာ နောက်ကျခဲ့ပြီဖြစ်သည်။

၁၉၄၃ ခုနှစ် ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလ သုံးလအတွင်း မဟာမိတ်လက်ချက်ဖြင့် ဂျာမန်ရေငုပ်သင်္ဘောပေါင်း ငါးဆယ်တိတိ ရေအောက်တွင် ရာသက်ပန်



ပြန်မလာတမ်းမြှုန်းခဲ့ရပြီဖြစ်သည့်ပြင် နောက်ထပ် မေလတစ်လတည်းမှာပင် ရေငုပ်သင်္ဘောပေါင်း ၃၇ စင်း ဖောက်ခွဲဖျက်ဆီးခံခဲ့ရပြန်သည်။ ဤဆုံးရှုံးမှုမှာ ဂျာမန်ရေတပ်မတော်တွင် လုံးဝအစားထိုး၍မရလောက်အောင်ဖြစ်ခဲ့ရာ နောက်ဆုံး၌ မေလကုန်တွင် ဗိုလ်ချုပ်ကြီးဒိုးနစ်သည် သူတစ်ဦးတည်း၏သဘောဖြင့် မြောက်အတ္တလန္တိတ်သမုဒ္ဒရာအတွင်းမှ ဂျာမန်ရေငုပ်သင်္ဘောတပ်ကို ပြန်လည်ရုပ်သိမ်းပစ်ခဲ့သည်။

ယင်းသို့ ဂျာမန်ရေငုပ်သင်္ဘောများကို အတ္တလန္တိတ်သမုဒ္ဒရာအတွင်းမှ ပြန်လည်ရုတ်သိမ်းလိုက်ရသည့်အကြောင်းကို မေလ ၃၁ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးဒိုးနစ်က ဟစ်တလာအား သတင်းပို့အစီရင်ခံလိုက်ရာ ဟစ်တလာမှာ အကြီးအကျယ် ဒေါပွသွားရပြန်သည်။ 'ဒီအတိုင်းဆိုရင် ရေငုပ်သင်္ဘော စစ်ဆင်ရေးနဲ့ ပတ်သက်လို့ ကျုပ်တို့ပြန်ပြီး နာလံထူပါဦးတော့မလား' ဟူ၍ ဒိုးနစ်အားအော်ကြီးဟစ်ကျယ် ဟိန်းဟောက်ပစ်သည်အထိ ဖြစ်ခဲ့ရသည်။

သူပြောသည့်အတိုင်း ပထမကမ္ဘာစစ်ကြီးအတွင်းက ဗြိတိန်နိုင်ငံအား ဒူးထောက်စေရလောက်အောင် ထိရောက်ပြောင်မြောက်ခဲ့သည့် ဂျာမန်ရေငုပ်သင်္ဘောများ၏ အစွမ်းသတ္တိသည် ယခု ဒုတိယကမ္ဘာစစ်ကြီးတွင်မူ နာလံမထူနိုင်အောင်ဖြစ်ခဲ့ရပေပြီ...။

မြေပြင်နှင့် ရေပြင်တွင် ယင်းသို့မရှုမလှ အရေးနိမ့်နေကြသည့်အချိန်မှာပင်ကောင်းကင် ဝေဟင်တွင်လည်း ဂျာမန်တို့မှာ မျှော်လင့်ချက်လုံးဝမရှိအောင်ဖြစ်နေကြသည်။ အထူးသဖြင့် ဥရောပတိုက် မိုးကောင်းကင်တစ်ခုလုံးကို မဟာမိတ်တို့က အပိုင်စီးထားနိုင်ခြင်းသည် အရှေ့ဘက်စစ်မြေပြင်နှင့် အတ္တလန္တိတ်သမုဒ္ဒရာရေပြင်တွင် ဂျာမန်တို့၏ အရှုံးကြီးရှုံးနေကြသည်ထက် ပို၍ 'အထိနာ' သည်။

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဂျာမန်ရေငုပ်သင်္ဘောများ တစ်စင်းပြီးတစ်စင်း အမြှုပ်ခံနေရသည့်သတင်းကို ဂျာမန်ပြည်သူတို့ အလျဉ်းမသိကြရ၊ စစ်ဘက်ရေးဘက်နှင့် အုပ်ချုပ်ရေးဘက်ဆိုင်ရာ ထိပ်တန်းအရာရှိကြီးများသာ တစ်စတစ်စ ကြားကြ သိကြရသည်။ သို့တိုင်အောင် ယင်းအတ္တလန္တိတ်သမုဒ္ဒရာပြင်မှ အဆုံးအရှုံးများသည် ဂျာမန်မြေပြင်ပေါ်မှ ဂျာမန်ပြည်သူများအဖို့ တစ်စုံတစ်ရာ ဆုံးရှုံးထိခိုက်စရာမရှိ၊ အနေသာကြီးပင်ဖြစ်သည်။ အလားတူပင် အရှေ့ဘက် စစ်မျက်နှာတွင်လည်းကောင်း၊ အီတလီစစ်မြေပြင်တွင်လည်းကောင်း ရှုံးပွဲများ ဖရိုဖရဲဒရောသောပါးဆုတ်ခွာနေကြရသည့်အဖြစ်မှာ ဂျာမန်မြေပြင်ပေါ်ရှိ ဂျာမန်ပြည်သူများအတွက် သတင်းဆိုးများပင်ဖြစ်သော်လည်း မိမိတို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



မိုင်ပေါင်းရာထောင်မက ဝေးကွာနေသဖြင့် တစ်စုံတစ်ရာ လောလောဆယ်ထိခိုက်နစ်နာဖွယ်ရာမရှိ၊ လက်ပိုက်၍ကြည့်နေမည်ဆိုက နေနိုင်သေးသည်။ သို့သော်

ဥရောပတိုက်၏ မိုးကောင်းကင်တွင် မဟာမိတ်လေယာဉ်များသာလျှင် လွှမ်းမိုးကြီးစိုးလာကြသောအခါ ဂျာမနီမြေပြင်မှ ဂျာမန်ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များမှာ ချက်ချင်းလက်ငင်း ထိခိုက်ပျက်ပြားလာတော့သည်။ ညဘက်တွင် မိုးချုပ်သည့်အသံကြီးများဖြင့် မည်ဟီးပျံသန်းလာကြသော ဗြိတိသျှ ဗုံးကြဲလေယာဉ်ကြီးများနှင့် နေ့ဘက်တွင် မိုးလုံးပြည့်မည်းမှောင်ကာ ထောင်နှင့်ချီ၍ ပျံသန်းလာခဲ့ကြသည့် အမေရိကန် ဗုံးကြဲလေယာဉ်များမှ ဖွင့်ဟကြဲချလိုက်သော ရောမ ဗုံးကြီးများကြောင့် ဂျာမန်လေတပ်၏ အရေးနိမ့်မှု အားနည်းမှုနှင့် ဆုံးရှုံးမှုများသည် ဂျာမန်ပြည်သူလူထုကြီးအတွက် ချက်ချင်းထိခိုက်စရာဖြစ်လာသည်။ လက်ငင်းပျင်စီးစရာကြုံလာသည်။

၁၉၄၃ ခု မေလ ၁၆။ ။ ယနေ့နေ့ခင်းဘက်တွင် အမေရိကန်ဗုံးကြဲလေယာဉ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အလွန့်အလွန် အခက်ကြုံနေရသည်...။ ရေတပ်မှ စက်မှုလက်မှုအလုပ်ရုံများနှင့် စစ်ဘက်အဆောက်အဦးများ အကြီးအကျယ် ပျက်စီးသည်။

မေလ ၂၅။ ။ ယနေ့ည ဒေါ့တ်မန်မြို့ပေါ်သို့ အင်္ဂလိပ်တို့၏ မတြ...ဗုံးလောက်အောင် အကြီးအကျယ်လာရောက်ဗုံးကြဲသည်။ ဂျာမန်မြို့ကြီးတစ်မြို့ပေါ်တွင် အဆိုးဝါးဆုံး ခံလိုက်ရခြင်းဖြစ်သည်...။ စက်ရုံ အလုပ်ရုံများနှင့် လက်နက်ရုံများ အပြင်းအထန် ပျက်စီးသွားသည်။ မြို့သူမြို့သားပေါင်း ရှစ်သောင်းမှ တစ်သိန်းနီးပါးအထိ အိုးမဲ့အိမ်မဲ့ဖြစ်သွားသည်။ မြို့လုံးကျွတ် ပြားပြားဝပ်သွား၍ နေစရာအဆောက်အဦး တစ်ခုမှမကျန်အောင် ပျက်စီးခဲ့သည်။

ဂျူလိုင် ၂၆ ။ ။ ညက ဟမ်းဘတ်မြို့ကြီးကို ဗုံးကြဲခံရသည်။ အရပ်သူ အရပ်သားများအတွက်ရော စစ်လက်နက်ထုတ်လုပ်ရေးအတွက်ပါ အကြီးအကျယ် ပျက်စီးခဲ့ရသည်။

ဂျူလိုင် ၂၉ ။ ။ ဟမ်းဘတ်မြို့ကို ညက အပြင်းအထန်ဆုံး ဗုံးကြဲချသည်။ ဗုံးကြဲလေယာဉ်အစင်းပေါင်း ၈၀၀ မှ ၁၀၀၀ အထိပါဝင်သည်။ လူဦးရေတစ်သန်းခန့်ရှိသည့်မြို့ကြီးမှာ သမိုင်းတွင် မကြုံဖူး မကြား



လောက်အောင် ပျက်စီးသွားခဲ့သည်။ ကျွန်ုပ်တို့မှာ ဖြေရှင်း၍ မရနိုင်သည့် ပြဿနာများဖြင့် ရင်ဆိုင်နေရသည်။ ဤလူဦးရေ တစ်သန်းအတွက် အစားအစာနှင့် ခိုလှုံစရာ အဆောက်အဦးများ ရှာဖွေဖန်တီးပေးရန် ရှိနေသည့် ကော့ဖ်မန်း (မြို့တော်ဝန်)၏ ပြောပြချက်အရ အိုးမဲ့အိမ်မဲ့ဖြစ်သွားကြသော လူပေါင်း ၈ သိန်းခန့်သည် ဘာလုပ်ရမှန်းမသိတော့ဘဲ လမ်းများပေါ်တွင် ခြေဦးတည့်ရာ လျှောက်သွားနေကြသည်ဟု သိရသည်။

ဘာလင်မြို့တော်တွင် ထိုစဉ်က ရုံးထိုင်နေသည့် ဝါဒဖြန့်ချိရေးဝန်ကြီး ဂိုးဘဲလ်၏ အထက်ပါနေ့စဉ်မှတ်တမ်း ကောက်နုတ်ချက်များကို ကြည့်ခြင်းအားဖြင့် ထိုရက်များအတွင်းက ဂျာမန်အစိုးရနှင့်တကွ ဂျာမန်ပြည်သူများ၏ ထိတ်လန့်...ချက်ချားဖွယ်ရာ ဆိုးဝါးလှသည့် အခြေအနေကို အကဲခတ်နိုင်မည်ဖြစ်သည်။ ...ထိပ်တန်းခေါင်းဆောင်ကြီးများအနက် ဘာလင်မြို့တော်တွင် အမြဲတမ်း မိမိ...ဦးတည်းလိုလိုရှိနေပြီး အင်္ဂလိပ်၊ အမေရိကန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုဒဏ် ...နေ့စဉ်ကြားသိမြင်တွေ့နေရ၍ စိတ်ဓာတ်ပျက်ပြားနေသော ဂိုးဘဲလ်သည် ...ခေါင်းဆောင်ကြီး ဟစ်တလာအပေါ်တွင်လည်း အားမလိုအားမရ မကျေနပ်စရာ ...င်းလှသည့် ကိစ္စတစ်ခု ရှိနေခဲ့သည်။

ဂျာမန်မြို့ကြီးများ ယခုကဲ့သို့ အပြင်းအထန် ဗုံးကြဲခံနေရ၍ ဂျာမန်ပြည်သူ...အား အကြီးအကျယ်သေကြေပျက်စီးနေကြရသည့် အချိန်တွင် ဂိုးဘဲလ်သည် ...န်ပြည်သူများထံမှ နေ့စဉ်နေ့စဉ်တိုင်း စာများရရှိနေခဲ့သည်။ ယင်းစာများထဲ... 'မိမိတို့ဂျာမန်လူမျိုးများ အမေရိကန်နှင့် အင်္ဂလိပ်တို့၏ ဗုံးဒဏ်ကို ယခုကဲ့သို့ ...အလဲခံနေရချိန်တွင် ခေါင်းဆောင်ကြီး ဟစ်တလာသည် အပြင်းအထန် ...ကြဲခံရသည့် မြို့ကြီးပြကြီးများသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှု၍ ...ထိခံရသည့် မြို့သူမြို့သားများကို အားပေးစကား ပြောကြားသင့်ကြောင်း၊ ...ဗုံးကြဲခံရ၍ သေကျေပျက်စီးသည့် နေရာများသို့ ခေါင်းဆောင်ကြီး ဟစ်တ...ကိုယ်တိုင် တစ်ခါမျှ လာရောက်ကြည့်ရှုအားပေးခြင်းမရှိသည်ကို မိမိတို့...လည်အောင်ဖြစ်မိကြောင်း...' စသည်ဖြင့် ဖော်ပြပါရှိကြသည်။

အထက်ဖော်ပြပါ စာမျိုးကို နေ့စဉ်နှင့်အမျှ လက်ခံဖတ်ရှုနေရသော ဂိုးဘဲလ်...ဂျာမန်ပြည်သူတို့၏ ဆန္ဒကို ခေါင်းဆောင်ကြီး ဟစ်တလာထံ ...။ သူတို့ဆန္ဒရှိသည့်အတိုင်း မဟာမိတ်တို့၏ ဗုံးဒဏ်ကို အလူးအလဲခံ...မြို့ကြီးများသို့ ရုံဖန်ရံခါလာရောက်ကြည့်ရှု၍ အားပေးစကား...ကြောင်း ဟစ်တလာအား မေတ္တာရပ်ခံခဲ့သည်။ သို့သော် ဟစ်တလာသည်

www.burmeseclassic.com

www.burmeseclassic.com



ဂိုးဘဲလ်၏ မေတ္တာရပ်ခံချက်ကို အလေးအနက်မထားဘဲ လျစ်လျူရှု၍နေခဲ့ရာ
ဂိုးဘဲလ်မှာ ဂျာမန်ပြည်သူများရှေ့မှောက်တွင် မျက်နှာပူနေရပြီး ဟစ်တလာကို
လည်း မကျေမနပ်ဖြစ်မိသည်။ စင်စစ်အားဖြင့် ဂျာမန်ပြည်သူတို့၏ လိုလာ
တောင်းဆိုချက်နှင့် ဂိုးဘဲလ်၏မေတ္တာရပ်ခံချက်အရ ဗုံးကြဲခံရသည့်နေရာများသို့
ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင် လှည့်လည်ကြည့်ရှု၍ နှစ်သိမ့်စကားပြော
ကြားသင့်သည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် နေရာတိုင်းတွင် အရှုံးဖြစ်
ရင်ဆိုင်နေရ၍ အဘက်ဘက်က စိတ်ဓာတ်ကျဆင်းစရာ ကြုံတွေ့နေရသည်
ယခုလိုအခါမျိုးတွင် ဗုံးဒဏ်ကြောင့် ပျက်စီးပြိုကျနေသည့် အဆောက်အဦးများ
ခြေပြတ် လက်ပြတ် သွေးရဲရဲဖြင့် မြင်မကောင်း ရှုမကောင်းအောင် သေဆုံးနေသည့်
အလောင်းများ၊ စိတ်ဓာတ်ပျက်ပြား၍ တုန်လှုပ်ချောက်ချားနေကြသည့် မြို့သူမြို့
သားများ၏မျက်နှာစသည့် အနိဋ္ဌာရုံအဖုံဖုံတို့ကို ဟစ်တလာသည် ဘယ်နည်း
ဘယ်ပုံ ကြည့်၍ရနိုင်ပါမည်နည်း။

'ဤအတိုင်း ဆက်သွားမည်ဆိုပါက ကျွန်ုပ်တို့မှာ အဆိုးဝါးဆုံးအခြေ
အနေနှင့် ရင်ဆိုင်ရပြီး ရေရှည်တွင် လုံးဝရပ်တည်၍ မရအောင်ဖြစ်ရ
လိမ့်မည်။'

ဂိုးဘဲလ်သည် မဟာမိတ်တို့၏ ပြင်းထန်သော လေကြောင်းတိုက်ခိုက်မှုများ
ကြောင့် နောက်ပိုင်းမှ စစ်လက်နက်ရိက္ခာပစ္စည်း ထုတ်လုပ်ရေး အစီအစဉ်များ
ပျက်ပြားကာ ဂျာမန်တစ်မျိုးသားလုံး စိတ်ဓာတ်ချောက်ချားနေသည်ကို သုံးသပ်
ကာ၊ သူ၏နေ့စဉ်မှတ်တမ်းတွင် အထက်ပါအတိုင်း ကောက်ချက်ချခဲ့သည်
သူ၏ကောက်ချက်မှာ အဖြစ်မှန်ကိုဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။

အလားတူပင် ဟစ်တလာ၏ ဗဟိုစစ်ဦးစီးဌာနချုပ်တွင် ဟစ်တလာနှင့်
အတူ အမြဲတစေ နေထိုင်လျက်ရှိသော တပ်ပေါင်းစု စစ်ဆင်ရေးဌာနချုပ် စစ်ဦးစီး
မှူးဖြစ်သူ 'ဗိုလ်ချုပ်ကြီး ဂျိုဒဲလ်ကလည်း မိမိတို့၏အခြေအနေကို အမှန်အတိုင်း
သိမြင်ခဲ့သည်။ ၁၉၄၃ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် မြူနစ်မြို့၌ နာဇီပါတီ
ဝင်များ အစည်းအဝေးကျင်းပခဲ့ရာ ဂျိုဒဲလ်က အောက်ပါအတိုင်း ဖွင့်ဟ
ပြောကြားခဲ့သည်။

'ဒီနေ့ နောက်တန်းပြည်တွင်းစစ်မျက်နှာမှာရော ဒါနဲ့ဆက်စပ်လို့ ရှေ့
တန်းစစ်မျက်နှာကိုပါ ဂယက်ရိုက်ပြီး ထိခိုက်နေတဲ့ အကြီးမားဆုံး အဆိုး
ဝါးဆုံး အဖြစ်အပျက်ကတော့ ကျုပ်တို့ရဲ့ နေအိမ် အဆောက်အဦးတွေ
မိန်းမတွေ၊ ကလေးတွေကို ရန်သူက ကြောက်စရာကောင်းလောက်အောင်
ဗုံးကြဲတိုက်ခိုက်မှုတွေကြောင့် ကျုပ်တို့ရဲ့ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့၊ စိတ်ဓာ



တွေဟာ အကြီးအကျယ်ထိခိုက်ပျက်စီးနေကြပြီ...'

ဂျာမန်တပ်မတော်၏ စစ်ဦးစီးဌာနချုပ်မှူးအဖြစ် တစ်ခါက ဆောင်ရွက်ခဲ့ဖူးသော ဗိုလ်ချုပ်ကြီး ဟဲလ်ဒါကမူ ဂိုးဘဲလ်နှင့် ဂျိုဒဲလ်တို့ထက်ပို၍ တိကျမှန်ကန်သော အမြင်ကို မြင်ခဲ့သည်။ သူက–

'၁၉၄၃ ခုနှစ် ကုန်ဆုံးသည့် အချိန်သို့ရောက်လာသောအခါ ကျွန်ုပ်တို့ဘက်မှ လုံးဝစစ်ရှုံးခဲ့ပြီဖြစ်ကြောင်း မမှားမယွင်း ရှင်းရှင်းလင်းလင်းကြီး သိလာခဲ့ရပြီဖြစ်သည်' ဟူ၍ ဘွင်းဘွင်းကြီးထုတ်ဖော်ရေးသားခဲ့သည်။

ထိုသို့ အရေးပါအရာရောက်သော ဗိုလ်ချုပ်ကြီးများကိုယ်တိုင်က တကယ့်ဖြစ်ရပ်မှန်ကို လက်ရှိအခြေအနေအတိုင်း ကြိုတင်သိမြင်နေကြပြီဖြစ်သော်လည်း ဟစ်တလာကမူ ဤစစ်ကြီးတွင် ဂျာမန်တို့ မြေကြီးလက်ခတ်မလွဲ မုချရှုံးတော့မည်၊ ရှုံးနေပြီ၊ ရှုံးခဲ့ပြီဟူသော အချက်ကို လုံးဝလက်မခံဘဲ ဖြစ်နေခဲ့သည်။ အီတလီတပ်များ မဟာမိတ်တို့ထံ အညံ့ခံ စေ့စပ်သွားခဲ့စဉ်က ဘာလင်အသံလွှင့်ဌာနမှ ပြောကြားခဲ့သည့် သူ၏မိန့်ခွန်းတွင် 'ဂျာမန်ရိုက်ချ် နိုင်ငံတော်ကြီးကို တာကွယ်ထားတဲ့ သံမဏိကွင်းဆက်ကြီးဟာ ဘယ်တော့မှ ပြတ်ထွက်မသွားနိုင်ဘူး' ဟူ၍ ပါရှိခဲ့သည်။

ဟစ်တလာသည် အဘက်ဘက်က ကျဆုံးရှုံးနိမ့်နေသည့် တကယ့်ပကတိအခြေအနေကို မြင်နိုင်စွမ်းမရှိဘဲ ဖြစ်နေသည်။ သူသည် အရှိကို အရှိအတိုင်း မမြင်သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ယူဒယ်ဆောက်များနှင့် သူတို့အကျင့်အရေး

"ဒီနိုင်ငံတော်မှာ သစ္စာဖောက်တွေရှိလိမ့်မယ်လို့ မျှော်လင့်တာဟာ အမျိုးသား ဆိုရှယ်လစ်နိုင်ငံများရဲ့ လက္ခဏာကို လုံးဝသတိမပြုမိကြလို့ပဲ ဖြစ်လိမ့်မယ်။ သူတို့တစ်တွေဟာ ဂျာမနီနိုင်ငံမှာ ဂျူလိုင် ၂၅ ရက် အဖြစ်အပျက်မျိုးဖြစ်အောင် လုပ်နိုင်ကြလိမ့်မယ်လို့ ယုံကြည်နေရင် ကျုပ်တို့ရဲ့ပုဂ္ဂိုလ်ရေးရာ အနေအထားကို အခြေခံကစပြီး အသိ အမြင် မှောက်မှားနေလို့ ဖြစ်ရမယ်။ အလားတူပဲ၊ ကျုပ်တို့ရဲ့ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တွေ ကျုပ်ရဲ့ ဗိုလ်ချုပ်ကြီးတွေ၊ ရေတပ်ဗိုလ်ချုပ်တွေနဲ့ ဗိုလ်ချုပ်တွေရဲ့သဘောထားကို အခြေခံကစပြီး အသိအမြင်လွဲမှားနေလို့ ဖြစ်ရမယ်"

ဟစ်တလာသည် အီတလီအစိုးရက မဟာမိတ်တို့ထံ အညံ့ခံ လက်နက်ချသွားသည့် အရေးအခင်းနှင့် စပ်လျဉ်း၍ စက်တင်ဘာလ ၁၀ ရက်နေ့တွင် အသံလွှင့် မိန့်ခွန်းပြောကြားခဲ့သည်။ ယင်းမိန့်ခွန်းတွင် မူဆိုလိုနီ ရာထူးမှပြုတ်ကျ၍ ဖမ်းဆီးခြင်းခံခဲ့ရသည့် ဂျူလိုင် ၂၅ ရက် အဖြစ်အပျက်ကို ရည်ညွှန်းကာ အထက်ပါအတိုင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

စင်စစ်အားဖြင့် အထက်တစ်နေရာတွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အီတလီ အာဏာရှင် မူဆိုလိုနီအား လုပ်ဖော်ကိုင်ဖက်များက ရာထူးမှဖြုတ်ချ၍ ဖမ်းဆီးခဲ့သည့်သတင်းကို ကြားလိုက်ရစဉ်က ဟစ်တလာသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားခဲ့သည်။ တစ်နေ့နေ့တွင် မိမိကိုယ်တိုင် ဤအဖြစ်ဆိုးမျိုးနှင့် ကြုံရတွေ့ရမလားဟု ရုတ်တရက် စိုးရိမ်သွားခဲ့မိသည်။

သို့ဖြစ်ရာ အီတလီတို့ မဟာမိတ်တပ်များနှင့် စေ့စပ်၍ အညံ့ခံသွားသည့်အခါ ယင်းအပြုအမူကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချရင်း အထက်ပါစကားရပ်ကို ကြားညှပ်၍ ထည့်သွင်းပြောကြားသွားခဲ့ခြင်းဖြစ်သည်။ သူ့စကားအရ သူဆိုလိုသည့်အဓိပ္ပာယ်မှာ မိမိ၏ဂျာမနီနိုင်ငံတွင် ယင်းသို့သစ္စာဖောက်မည့်သူများ လုံးဝမရှိ။ အကယ်၍ ရှိသည်ဟု ထင်မြင်ယူဆနေကြပါက ဂျာမန်အမျိုးသား ဆိုရှယ်လစ်နိုင်ငံတော်ကြီး၏ ကြန်အင်လက္ခဏာဖြစ်သော ခိုင်မာသိပ်သည်းသည့် စည်းလုံးညီညွတ်မှုကို မသိနားမလည်၍သာ ဖြစ်ရမည်။ အကယ်၍ မိမိတို့ဂျာမနီနိုင်ငံတွင် အီတလီမှာကဲ့သို့ (မူဆိုလိုနီအား ဖြုတ်ချ၍ ဖမ်းဆီးခဲ့သည့်) ဂျူလိုင် ၂၅ ရက် အဖြစ်အပျက်မျိုး ဖြစ်ပွားပေါ်ပေါက်နိုင်သည်ဟု ဩဇာကြီးမားလှသည့် မိမိ၏ခေါင်းဆောင်မှုကို မသိနားမလည်၍သော်လည်းကောင်း၊ မိမိနှင့် လုပ်ဖော်



ကိုင်ဖက်များဖြစ်ကြသော နိုင်ငံရေးခေါင်းဆောင်များနှင့် ကြည်း၊ ရေ၊ လေ တပ်မတော်ခေါင်းဆောင်များ၏ ခံယူချက်နှင့်သဘောထားများကို အလွဲလွဲ အမှားမှား သိမြင်ထားကြ၍သော်လည်းကောင်း ဖြစ်ရမည်ဟူ၍ ဆိုလိုခြင်းဖြစ်သည်။

ဟစ်တလာသည် အထက်ပါစကားကို ပြောကြားခဲ့စဉ်က တကယ်ဝင် ...ရိုးသားရိုး ယုံယုံကြည်ကြည်ဖြင့် စိတ်ရင်းသဘောရင်းအတိုင်း ပြောကြားခဲ့ခြင်း ...ည်း ဖြစ်နိုင်သည်။ သို့မဟုတ် ဂျူလိုင် ၂၅ ရက် အဖြစ်အပျက်မျိုး ဂျာမနီတွင် ...ဖြစ်ပွားအောင် ကြိုကြိုတင်တင် ပိတ်ပင်ကာဆီး၍ 'ကောက်ပင်ရိတ်လှီး'သည့် ...ဟနည်းမျိုးဖြင့် ပြောကြားခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ အထက်ပါ သူ့စကားရပ်များကို ကြည့်ရခြင်းအားဖြင့် ...စ်တလာသည် သူ့ခေါင်းဆောင်မှုကို သူ အလေးအနက် ယုံကြည်စိတ်ချနေ ...ကြောင်း ထင်ရှားသည်။ တစ်နည်းအားဖြင့်လည်း သူ့ကိုယ်သူ အထင်ကြီးနေသူ၊ ...ထင်မြင့်နေသူ 'ငါနှင့်ငါသာ နှိုင်းစရာ' ဟု ထင်မှတ်နေသူအဖြစ်လည်း ယူဆ ...နိုင်သည်။

ထို့ပြင် သူသည် သူနှင့်လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော (ဝါ) သူ့လက် ...အောက်များဖြစ်ကြသော နိုင်ငံရေး စစ်ရေးခေါင်းဆောင်များကိုလည်း လုံးဝယုံ ...ကြည်စိတ်ချနေသည်ဟု ယူဆစရာရှိသည်။ ဤနေရာတွင်လည်း တစ်နည်းဆိုရ ...လျှင် သူ့လက်အောက် လက်ထောက်များဖြစ်ကြသော ဂျာမန် ကြည်း၊ ရေ၊ ... တပ်မတော်များမှ စစ်ဦးစီးအဖွဲ့ဝင်ဗိုလ်ချုပ်ကြီးများနှင့် နာဇီပါတီ ထိပ်တန်း ...ခေါင်းဆောင်များသည် မှားမှားမှန်မှန် သူ့စကားနှင့်သူ့အမိန့်ကို အမြဲနာခံကြ ...သူများဖြစ်သည်ဟူ၍လည်း ယူသော် ရနိုင်ရာသည်။ သည့်ထက် သူ့ကိုဆန့်ကျင် ...တော်လှန်ရန် ဝေးစွ။ မျက်မွေးထော်၍မှ မော်မကြည့်ဝံ့ကြသူများ ဖြစ်သည်ဟူ၍ ...ည်း သုံးသပ်မှတ်ယူနိုင်သေးသည်။

ဤသို့ ဆိုလိုက်ခြင်းကို လွန်လွန်းသည်ဟု ပြော၍မဖြစ်။ တကယ်စင်စစ် ...ဖြင့်လည်း သူနှင့် တစ်ခါက လုပ်ဖော်ကိုင်ဖက်များဖြစ်ခဲ့၍ ယခု သူ့အနီး ...ပါးတွင် အမြဲတစေရှိနေကြသည့် ဤဗိုလ်ချုပ်ကြီးများနှင့် ဤခေါင်းဆောင်များ ...သည် ရံဖန်ရံခါ ဟစ်တလာနှင့် သဘောချင်းမတူ၊ အယူအဆချင်းမတိုက်ဆိုင်သော် ...လည်း ယင်းသို့ မတူကြောင်း၊ မတိုက်ဆိုင်ကြောင်းကိုမူ မည်သူတစ်ဦးတစ် ...ယောက်မျှ မပြောရဲကြ၊ မပြောဝံ့ကြဘဲ ဖြစ်နေခဲ့ကြသည်။

ဟစ်တလာ၏ လုပ်ဖော်ကိုင်ဖက် ပါတီခေါင်းဆောင်များနှင့် တပ်မတော် ...ဗိုလ်ချုပ်ကြီးများအနက် အရင်းနှီးဆုံးနှင့် အထင်ရှားဆုံးပုဂ္ဂိုလ်များမှာ ... ...ဘဲလ်၊ ဟင်းမလား၊ ဘောမန်း၊ စပီးယား စသူတို့ဖြစ်ကြသည်။ သူတို့တစ်တွေ

www.burmeseclassic.com

www.burmeseclassic.com



သည် ဟစ်တလာနှင့် နှစ်ရှည်လများ အတူတကွ လက်တွဲလုပ်ကိုင်လာခဲ့ကြသူများ ဖြစ်သော်လည်း၊ ဟစ်တလာနှင့် သူတို့တစ်ဦးချင်း၏ဆက်ဆံရေးများမှာ အချိန်အခါအလိုက် အခြေအနေအလိုက် ပုဂ္ဂိုလ်အလိုက်မတူ၊ ကွဲပြားခြားနားလျက် ရှိကြသည်။ လူအမျိုးမျိုး စိတ်အထွေထွေဟူသောစကားအရ သူတို့တစ်ဦးချင်း၏ စိတ်နေသဘောထားများမှာလည်း တစ်ယောက်တစ်မျိုးစီပင်ဖြစ်သည်။

ယင်းပုဂ္ဂိုလ်များအနက် ဂိုးအားရင်းမှာ ဟစ်တလာ၏အရိုက်အရာကို ဆက်ခံမည့် ဒုတိယခေါင်းဆောင်ဟူ၍ အများကသတ်မှတ်ယူဆထားခြင်း ခံခဲ့ရသူဖြစ်သည်။ ယင်းသို့ ယူဆသတ်မှတ်ခြင်းခံရလောက်အောင်လည်း ဂိုးအားရင်း၏ ရာထူးများ၊ တာဝန်များနှင့် အလုပ်ဝတ္တရားများမှာ အလွန်များပြားလှသည်။ ယင်းရာထူးများနှင့် တာဝန်ဝတ္တရားများမှာ ရိုက်ချ်မာရှယ်ခေါ် နိုင်ငံတော်တပ်ပေါင်းစုံ ဗိုလ်ချုပ်ကြီး၊ လေတပ်မတော် စစ်ဦးစီးချုပ်၊ လေတပ်ဆိုင်ရာဝန်ကြီး၊ လေးနှစ်စီမံကိန်း အာဏာပိုင်အဖွဲ့၏အကြီးအကဲ၊ နိုင်ငံတော် ကာကွယ်ရေးဆိုင်ရာ ဝန်ကြီးများကောင်စီ သဘာပတိ၊ ပရပ်ရှားပြည်နယ် ဦးစီးဥက္ကဋ္ဌ၊ ဂျာမန်လွှတ်တော် ဥက္ကဋ္ဌ စသည်တို့အပြင် အခြားရာထူးများ၊ တာဝန်များလည်း ရှိသေးသည်။

ဟစ်တလာအာဏာရပြီးစ ၁၉၃၃- ၃၄ ခုနှစ်လောက်ကဆိုလျှင် ဂိုးအားရင်းသည် ဂျာမနီတွင် ဒုတိယအထင်ရှားဆုံး အကျော်ကြားဆုံး နာဇီထိပ်တန်းခေါင်းဆောင်ကြီးတစ်ဦးဖြစ်ခဲ့သည်။ သို့သော် ရှစ်နှစ်ကိုးနှစ်ကြာခဲ့၍ ၁၉၄၂ ခုနှစ်သို့ ရောက်သောအခါ သူ့သြဇာအာဏာမှာ အကြီးအကျယ် ကျဆင်းလာခဲ့သည်။ အထူးသဖြင့် သူ၏အပျင်းကြီးမှု၊ ဟိတ်ဟန်ကြီးမှုနှင့် ဇိမ်ခံလွန်းအားကြီးမှုကြောင့် သူ၏နိုင်ငံရေးအရှိန်အဝါမှာ မှေးမှိန်လာသည့်ပြင် ပင်ကိုအရည်အချင်းမှာလည်း ယုတ်လျော့ပျက်ပြားလာခဲ့သည်။ သူနေထိုင်သည့် အဆောက်အဦးမှာ ကြီးကျယ်ခမ်းနားလှ၍ ကောင်းပေ့၊ လှပေ့၊ အဖိုးတန်ပေ့ဆိုသည့် အိမ်ထောင်ပရိဘောဂများ၊ ဇိမ်ခံပစ္စည်းများဖြင့် ပြည့်လျှံနေခဲ့သည်။ မကြာခဏ အမဲလိုက်ခြင်းနှင့် စားပွဲသောက်ပွဲများ ပြုလုပ်တတ်၍ အဖိုးတန်ကျောက်မျက်ရတနာများ၊ ဝန်းဆိုကားချပ်ကြီးများနှင့် အခြားအနုပညာဆိုင်ရာပစ္စည်းများကိုလည်း အလွန်နှစ်သက် မက်မောသူဖြစ်သည်။ ထို့ပြင် ဂိုးအားရင်းသည် သူထမ်းဆောင်နေရသော များပြားလှသည့် ရာထူးများအလိုက် အမျိုးမျိုးသော အရောင်အသွေးပုံစံများဖြင့် ချုပ်လုပ်ထားသည့် အဝတ်အစားများကို တစ်နေရာ တစ်ထည်၊ တစ်ဌာနတစ်မျိုး ရှိုးကျကျဝတ်ဆင်သွားလာလေ့ရှိသည်။ ရံဖန်ရံခါ ဘာလင်မြို့တော်ရောမမြို့တော်နှင့် ဟစ်တလာ၏ စစ်ဦးစီးဌာနချုပ်တို့တွင် အဖြူ သို့မဟုတ် မိုးပြာရောင် ယူနီဖောင်းအသစ်ကျပ်ချွတ်ဖြင့် ထိပ်ဖျားတွင် အဖိုးတန်စိန်များ



တပ်ထားသည့် မာရှယ်စစ်ဗိုလ်ချုပ်ကြီးများ ကိုင်နေကျလက်ကိုင်တုတ်ကို ကိုင်ထားလျက်လိုက်နောက်ပါ ခြွေရံသင်းပင်းများ ဝိုင်းရံလျက် ဂိုးအားရင်းအား မြင်တွေ့ကြရသည်။ သည်အခါမျိုးတွင် ရှိုးအပြည့်ဆင်ထားသလောက် မြင်သူတိုင်း အထင်ကြီးအောင် ဟောင်ဖွာဟောင်ဖွာ စကားပြောလေ့ရှိရာ တကယ့်တကယ်အားဖြင့် အထင်မကြီးသည့်ပြင် ဟစ်တလာအပါအဝင် မြင်သူတကာ၏ နှာခေါင်းရှုံ့ အထင်သေးခြင်းကိုပင် ခံခဲ့ရသည်။

ယင်းသို့ နေရာတကာ ဟိတ်တစ်လုံးဟန်တစ်လုံးဖြင့် လူအထင်ကြီးအောင် လုပ်လာခဲ့ရာမှ ပေါတောတော ကြောင်တောင်တောင်ဖြစ်လာသော ဂိုးအားရင်းအပေါ်တွင် ဟစ်တလာသည် တစ်နေ့တခြား စိတ်ကုန်လာခဲ့သည်။ သည်ကြားထဲတွင် မဟာမိတ်လေတပ်များက ဂျာမန်လေတပ်ထက် အရေအတွက် အရည်အချင်းပါ သာလွန်၍ ဥရောပတိုက်၏ ကောင်းကင်ယံကို စိုးမိုးလာကြသောအခါ ဟစ်တလာသည် လေတပ်စစ်ဦးစီးချုပ်နှင့် လေတပ်ဝန်ကြီးဖြစ်သူ ဂိုးအားရင်းအား အကြီးအကျယ် ဒေါပွခဲ့သည်။ ဂျာမန်လေတပ်၏ သူ့ရဲဘောကြောင်မှုနှင့် အရည်အချင်း ညံ့ဖျင်းမှုများအတွက် ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်ခဲ့သည်။ သူကိုယ်တိုင်က အမြဲတစေ ဟိတ်ဟန်လုပ်၍ ဇိမ်ခံရှိုးထုတ်ပြီး ဂျာမန်လေတပ်ကို အခြားစစ်ဗိုလ်ချုပ်ကြီးများနှင့် မျက်နှာလွှဲထားသည့်အတွက် ဂိုးအားရင်းအား နေရာမရှုအောင် ဆူပူကြိမ်းမောင်းပစ်ခဲ့သည်။

သို့ဖြင့် ဟစ်တလာသည် ဂိုးအားရင်းအပေါ်တွင် ယုံကြည်ကိုးစားမှုများ လုံးဝမရှိတော့ဘဲ ဖြစ်လာခဲ့သည်။ သို့သော် မိမိနှင့် အတူတကွ နှစ်ရှည်လများ လုပ်ကိုင်လာခဲ့သည့် လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေဖြင့် ဂိုးအားရင်းအား ပုဂ္ဂိုလ်အရ အဆွေးဖေါ်မဖြတ်နိုင်ဘဲ ရှိခဲ့သည်။

ဟစ်တလာနှင့်အ ရင်းနှီးဆုံးဟုဆိုနိုင်၍ အပြန်အလှန် 'ဆိုးတိုင်ပင် ကောင်းတိုင်ပင်' ရှိခဲ့သူမှာ ဂိုးဘဲလ်ပင်ဖြစ်သည်။

ဂိုးဘဲလ်သည် အာဏာရလာပြီးနောက် ဝါဒဖြန့်ချိရေး ဝန်ကြီးအဖြစ် ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သလို အာဏာမရမီကတည်းက နာဇီပါတီ၏ ထင်ရှားကျော်ကြားလှသော ဝါဒဖြန့်ချိရေးမှူး၊ စည်းရုံးရေးမှူးတစ်ယောက်ဖြစ်ခဲ့သည်။ ယင်းက လူထုကြားထဲတွင် အမြဲသွားလာလှုပ်ရှား၍ လူထု၏ယုံကြည်ကိုးစားမှုနှင့် ချစ်ခင်အားကိုးမှုတို့ကို အထူးတလည် ခံယူခဲ့ရသည်ဖြစ်ရာ ဂိုးဘဲလ်သည် အခိုင်အမာန့်အားဖြင့် ဟစ်တလာနှင့် ပခုံးချင်းယှဉ်သလိုပင် ဖြစ်ခဲ့ရသည်။ ယင်းသို့ ပြည်သူတို့က ယုံကြည်ကိုးစား ချစ်ခင်အားထားကြသလောက် နာဇီထိပ်တန်းချင်းအနေဖြင့် ဂိုးဘဲလ်မှာ နာမည်ကောင်းမရဘဲ ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တွင် အသေးအဖွဲ့ကအစ အားနည်းချို့ယွင်းချက်မှန်သမျှကို စူးစူးရှရှမြင်သလော လည်း တစ်ဖက်သားကို အားမနာတမ်း ပြင်းပြင်းထန်ထန် ဝေဖန်တတ်သဖြ ဝါတီဝင်အများစုက သူ့ကိုရွံကြောက်ကြီးဖြစ်ခဲ့ကြသည်။

ဟစ်တလာသည် တော်တော် ခပ်စောစောပိုင်းကပင် ဂိုးဘဲလ်အား စိတ်ထဲတွ 'သိပ်မတွေ့'လှဘဲဖြစ်ခဲ့သည်။ 'မိန်းမကိစ္စ'နှင့်ပတ်သက်၍ ဂိုးဘဲလ်အကြောင် မကောင်းပြောကြသည်များကို မကြာခဏကြားနေရသဖြင့် အထင်သေးမိသည့်ဖြ သူသည် သူနှင့်မတည့်သူများအပေါ်တွင် အလိမ္မာသုံး၍ ပညာရှိဆန်ဆန် အကော ကြံတတ်သည်ဟုယူဆ၍ အရောမဝင်ဘဲ ခပ်မှန်မှန် နေလာခဲ့သည်။ သို့သေ နောက်ပိုင်းတွင်မူ ဂိုးအားရင်းအပေါ် တစ်နေ့တခြား စိတ်ကုန်လာသည်နှင့်အ ဂိုးဘဲလ်သည် သူနှင့်ရင်းနှီးလာခဲ့သည်။ အကျိုးအကြောင်း အဆိုးအကောင်းမှန်သ ဂိုးအားရင်းနှင့် တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်လာခဲ့သည်။

၁၉၄၂ ခုနှစ်တွင် မဟာမိတ်တို့နှင့် အကြိတ်အနယ် သဲသဲမဲမဲ တိုက် ကြီးများဖြစ်ပွားလာသောအခါ ဂိုးဘဲလ်သည် နောက်ပိုင်းမှ ပြည်တွင်းစစ်မျက်နှ ကို လုံးဝတာဝန်ယူ၍ စစ်လက်နက်ပစ္စည်းများနှင့် ရိက္ခာများ အစွမ်းကုန် ထု လုပ်နိုင်ရေးအတွက် ဂျာမန်ပြည်သူများအား အပြင်းအထန် စည်းရုံးလှုံ့ဆော် သည်။ ထို့ပြင် မဟာမိတ်တို့၏ လေကြောင်းတိုက်ခိုက်မှုဒဏ်ကြောင့် အကြ အကျယ် ထိခိုက်ပျက်စီးခဲ့ရသည့်မြို့ကြီးပြကြီး နေရာအသီးသီးသို့ ထိပ်တန်းခေါင် ဆောင်ကြီးများထဲမှ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုအားပေးစကား ပြေ ကြား၍ လိုအပ်သမျှ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပေးခဲ့သူမှာ ဂိုးဘဲလ်တစ် တည်းသာရှိသည်။ ဟစ်တလာသည် ဂိုးဘဲလ်နှင့် တစ်စတစ်စ ရင်းနှီးလာသည် အမျှ သူ၏လုပ်ဆောင်ကြိုးပမ်းချက်များကို အားရကျေနပ်လှသဖြင့် ရိုက်ချိုချန်စ လာခေါ် နိုင်ငံတော်ဝန်ကြီးချုပ်ရာထူးကိုပင် လွှဲအပ်ရန် ကြံရွယ်ခဲ့ဖူးသည်။

ယင်းသို့ နာဇီထိပ်တန်းခေါင်းဆောင်များထဲမှ ပြည်သူလူထု၏ ချစ် အားကိုးခြင်းခံရသည့် ဂိုးဘဲလ်သည် ဟစ်တလာနှင့် ရင်းနှီးခဲ့သလို ပြည်သူလူ ၏ မုန်းတီးကြောက်ရွံ့မှုကိုခံရသော ဟင်းမလားသည်လည်း ဟစ်တလာ၏လက် တစ်ဆူဖြစ်ခဲ့သည်။

ဟင်းမလားသည် အခြားသူမဟုတ်၊ ရက်စက်ကြမ်းကြုတ်လှသည့် က ကျော် ဂျာမန်ပုလိပ်အဖွဲ့ကြီး ဂက်စတာပို၏ အကြီးအကဲဗိုလ်ချုပ်ပင်ဖြစ်သည ၁၉၃၃–၃၄ ခုနှစ်တစ်ဝိုက်က ဂိုးဘဲလ်သည် ဟစ်တလာအား လူသိများ၍ ထင်ရှ ကျော်ကြားအောင် အားကြိုးမာန်တက် လုပ်ဆောင်လာခဲ့သလို ထိုစဉ်က ဟစ် လာ ဩဇာကြီးမား၍ အာဏာရလာအောင် အစွမ်းကုန်ကြိုးပမ်းပေးခဲ့သူမှာ ဟ



မလားပင်ဖြစ်သည်။ ထိုအချိန်မှစ၍ ဂျာမနီသည် ပုလိပ်ကြီးစိုးသည့် နိုင်ငံတော် နိုင်ငံဖြစ်လာခဲ့ပြီး ဤဂက်စတာပို ပုလိပ်အဖွဲ့ကြီး၏ အကြီးအကဲဖြစ်သူ ဟင်းမ လားမှာလည်း ဂျာမန်တစ်မျိုးသားလုံး တဖိမ့်ဖိမ့်တုန်အောင် ကြောက်လန့်ခြင်းခံရ သူဖြစ်လာခဲ့သည်။

ဂက်စတာပိုသည် လူထုနှင့် နေ့စဉ်ထိတွေ့နေရသဖြင့် ဟင်းမလားအား ဂက်စတာပိုဗိုလ်ချုပ်အဖြစ် လူသိများနေသော်လည်း အမှန်စင်စစ် သူသည် ဂျာမန်အစိုးရအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီး တစ်ဦးပင်ဖြစ်သည်။ ပြည်ထဲရေးဝန် ကြီး ဟင်းမလားသည် ဂက်စတာပို ပုလိပ်အဖွဲ့ကြီး၏လက်အောက်တွင် လျှို့ ဝှက်ထောက်လှမ်းရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့နှင့် ရာဇဝတ်မှုခင်းအဖွဲ့များကိုပါ ဖွဲ့ စည်းခဲ့သည်။ ထို့ပြင် နိုင်ငံရေးနှင့်ပတ်သက်သည့် ထောက်လှမ်းမှု၊ ဖမ်းဆီးချုပ် နှောင်မှုနှင့် တရားစွဲဆိုမှုများကိုလည်း ဟင်းမလား၏ ပြည်ထဲရေးဌာနက လုံးဝ တာဝန်ယူလုပ်ဆောင်ခဲ့ရသသည်။

ဟင်းမလား၏လက်အောက်ရှိ ပုလိပ်အဖွဲ့များအနက် အထင်ရှားဆုံးနှင့် နာမည်အကြီးဆုံးမှာ အင်အားငါးသိန်းခန့်ရှိသည့် 'ရုပ်နက်တပ်ဖွဲ့ကြီး' ပင်ဖြစ် သည်။ နာဇီပါတီနှင့် ဟစ်တလာ ဆန့်ကျင်ရေးသမားများ၊ အတိုက်အခံ နိုင်ငံရေး ပါတီဝင်များ၊ မြေအောက်ဂိုဏ်းသားများနှင့် ဂျူးလူမျိုးများကို အစုလိုက်အပြုံ လိုက် ဖမ်းဆီးနှိပ်စက်ခဲ့သူများမှာ ဤရုပ်နက်တပ်ဖွဲ့ဝင်များပင်ဖြစ်သည်။ အနက် ရောင် ယူနီဖောင်းဝတ်စုံများ ဝတ်ဆင်ကာ၊ ဦးထုပ်တွင် လူဦးခေါင်းခွံနှင့် သက်ဖျံရိုးနှစ်ချောင်းတံဆိပ် တပ်ဆင်ထားကြသည့် ဟင်းမလား၏ ရုပ်နက်တပ်ဖွဲ့ ဝင်များကို ဂျာမန်လူမျိုးများသာမက၊ ဥရောပတစ်တိုက်လုံးရှိ ပြင်သစ်၊ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ ဩစတြီးယား၊ ရှုမေးနီးယားစသည့်နိုင်ငံအားလုံးမှ ပြည်သူအားလုံးတို့က ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ကြရသည်။ ဤရုပ်နက် တပ်ဖွဲ့ဝင်များ ဦးစီးကွပ်ကဲနေကြသည့် ချွေးတပ်အကျဉ်းစခန်းများနှင့် လူသတ် စခန်းများကို အကြောင်းပြု၍ ဟင်းမလားမှာ ဂျာမနီအပါအဝင် ဥရောပနိုင်ငံ အားလုံးမှ ပြည်သူများ၏ အော့နလုံးနာ၍ ရွံရှာမုန်းတီးခြင်းကို ခံခဲ့ရသည်။

ယင်းသို့ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း သည့်ဖက်ဆစ်ဝါဒ၏ အခြေခံအုတ်မြစ်များကို ခိုင်ခိုင်မာမာချပေးခဲ့သည့်အတွက် ဟင်းမလားသည် ဟစ်တလာ၏ လက်ရုံးဆစ်ဆူဖြစ်လာခဲ့သည်။ မိမိအား ယုံကြည် သောက ထိုသို့ လက်ရုံးတစ်ဆူ အားကိုးတော်မူသည့်အလျောက် ဟင်းမလားသည် ဟစ်တလာနှင့်ပတ်သက်လာလျှင် အခါခပ်သိမ်း သစ္စာစောင့်သိခဲ့သည်။

ဂက်စတာပို ဗိုလ်ချုပ်ကြီးအဖြစ် ဟင်းမလားအား လူတကာက ကြောက်ရွံ့

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်နေကြသော်လည်း အမှန်စင်စစ် သူ၏ဉပတိရုပ်မှာ ကြောက်စရာကောင်းရုံမျှမက ကုပ်ချောင်းချောင်း ပိန်ရှည်ရှည်ဖြင့် ရှိသေလေးစားလောက်သည့်ပုံမျိုးပင် မဟုတ်ဘဲဖြစ်နေသည်။ ထို့ပြင် ဂက်စတာပို အပါအဝင် ပုလိပ်အဖွဲ့များကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဖွဲ့စည်းနိုင်သည်ကလွဲ၍ သူ့တွင် ထူးထူးခြားခြား အရည်အချင်းဆို၍ ဘာတစ်ခုမှ ရှိလှသည်မဟုတ်၊ အသိဉာဏ်နှင့် အတွေ့ထွေ့ဗဟုသုတမှာလည်း ခေါင်းပါးလှသည်။ သို့သော် သူ၏အရေးအကြီးဆုံးထူးခြားသည့် အရည်အချင်းနှစ်ရပ်မှာ နာဇီဝါဒကို ရိုးတွင်းချဉ်ဆီထဲက လှိုက်လှိုက်လှဲလှဲ ယုံကြည်ခြင်းနှင့် ခေါင်းဆောင်ကြီး ဟစ်တလာအပေါ်တွင် အာဝဇ္ဇ သစ္စာရှိခြင်းတို့ပင်ဖြစ်သည်။

အကယ်၍ ဟင်းမလားသည် ဟစ်တလာ၏လက်ရုံးတစ်ဖက်ဟု ဆိုပါက အခြားလက်ရုံးတစ်ဖက်မှာ မာတင်ဘောမန်း ပင်ဖြစ်လိမ့်မည်ဟု ဆိုနိုင်သည်။

ဘောမန်းသည် နာဇီပါတီစတင်တည်ထောင်စဉ်ကပင် ပါဝင်ခဲ့သည့် ခေါင်းဆောင်တစ်ဦးဖြစ်သော်လည်း စောစောပိုင်းကမူ ပါတီလုပ်ငန်းများနှင့်ပတ်သက်၍သော်လည်းကောင်း၊ ဟစ်တလာ၏အနီးအနားတွင်သော်လည်းကောင်း၊ နေရာကောင်းရခဲ့သူ မဟုတ်ပေ။ သို့သော် ၁၉၃၃ ခုနှစ်တွင် ဟစ်တလာ အာဏာရခဲ့ပြီးနောက် သူသည် တစ်စတစ်စ ပါတီတွင်း၌ နေရာရလာခဲ့၍ ဟစ်တလာ၏ အတွင်းရေးမှူးတစ်ဦးက ကျခြင်းခံခဲ့ရသည်။ အထူးသဖြင့် 'ကြိုးနီစနစ်'အရ လုပ်ကိုင်ကြရသည့် ပုံသေပုံစံ ရုံးလုပ်ငန်းများကို နားလည်မလည်၊ ဝါသနာလည်းမပါသော ဟစ်တလာသည် အစစအရာရာ ပါတီခေါင်းဆောင် ရူးဒေါ့ဟက်စ် နှင့် ဘောမန်းတို့ကို အားကိုးခဲ့ရသည်။ နိုင်ငံအစိုးရအချင်းချင်း၊ တိုင်းပြည်ခေါင်းဆောင်အချင်းချင်း ပြန်အလှန်ပေးစာများ၊ သဝဏ်လွှာများမှအစ ပေါ်လစီဝါဒဆိုင်ရာ မိန့်ခွန်းများကို ဟက်စ်နှင့် ဘောမန်းတို့က ဟစ်တလာကိုယ်စား ဒိုင်ခံရေးပေးခဲ့ကြရသည်။

ဘောမန်းသည် ထိုအချိန်မှစ၍ ဟစ်တလာ၏ ယုံကြည်ကိုးစားမှုကို ခံယူရရှိခဲ့ပြီးနောက် ၁၉၄၁ ခုနှစ် မေလတွင် ပါတီအကြီးအကဲဖြစ်သော ဟက်စ်သည် အင်္ဂလန်သို့ လေယာဉ်ဖြင့် ထွက်ပြေးခဲ့ရာ ဘောမန်းမှာ ဟစ်တလာ၏ တာဝန်ပေးချက်အရ နာဇီပါတီ၏အကြီးအကဲဖြစ်လာခဲ့သည်။ သည့်နောက်ပိုင်းတွင်မူ ဘောမန်း အရည်အချင်းနှင့် ကျွမ်းကျင်မှုတို့ကို အကြောင်းပြု၍ သူသည် ဟစ်တလာ၏ လက်စွဲတော်တစ်ဦးဖြစ်လာခဲ့သည်။ သို့ဖြင့် ဟင်းမလားသည် ဂက်စတာပို၏ခေါင်းဆောင်တဖြစ်သကဲ့သို့ ဘောမန်းသည် ပါတီ၏အမှတ်အသားဖြစ်လာခဲ့သည်။

နာဇီပါတီတွင် ဟစ်တလာကလွဲလျှင် အာဏာအရှိဆုံး ပါဝါအရှိဆုံးဖြစ်လာသော ဘောမန်းသည် သူ့လက်ထဲမှအာဏာနှင့် ပါဝါကို နိုင်နင်းကျွမ်းကျင်စွာ



ကိုင်တွယ်အသုံးအပြုခဲ့သည်။ သူသည် ရိုးရိုးသာမန်အရပ်သား ပါတီဝင်များကိုသာမက အစိုးရဌာနအသီးသီးနှင့် စစ်တပ်ထဲတွင်ရှိနေကြသည့် ပါတီဝင်များကိုပါ 'သံမဏိ' စည်းကမ်းဘောင်အတွင်း တင်းကျပ်စွာ ချုပ်ကိုင်ခြင်းဖြင့် သူ့ဩဇာကို ဆောင်ခဲ့သည်။ အစိုးရဌာနအကြီးအကဲများကို ပါတီလက်အောက်ခံဌာနများနှင့် တိုက်ရိုက်ဆက်သွယ်ခွင့်မပြုဘဲ ဌာနချုပ်မှတစ်ဆင့် ဆက်သွယ်စေခြင်းဖြင့် သူ့အာဏာကို ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် လုပ်ဆောင်ခဲ့သည်။

နည်းပရိယာယ်ကြွယ်ဝ၍ ခြေမြန်လက်မြန်ရှိလှသော ဘောမန်းသည် ခေါင်းဆောင်ကြီး ဟစ်တလာကိုလည်း နေရာတကာ အလိုလိုက်ကာ အကြိုက်ဆောင်တတ်သူဖြစ်သည်။ ဟစ်တလာနှင့် ပတ်သက်လျှင်ကား 'ဗောင်းတော်ငြိမ့်'ရုံမျှဖြင့် 'စိတ်တော်သိ' သူလည်းဖြစ်သည်။ သူသည် နောက်ပိုင်းတွင် ဟစ်တလာနှင့်အတူ ဟိုစစ်ဌာနချုပ်တွင် အမြဲနေထိုင်ကာ ဟစ်တလာ၏ကိုယ်ရေးကိုယ်တာ ပြဿနာများမှအစ၊ စစ်ရေး နိုင်ငံရေး၊ အုပ်ချုပ်ရေးပြဿနာများကိုပါ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးရသည်အထိ ဖြစ်လာခဲ့သည်။ ၁၉၄၃ ခုနှစ်၊ ဧပြီလတွင်မူ ဘောမန်းသည် ခေါင်းဆောင်ကြီး ဟစ်တလာ၏ အတွင်းရေးအတွင်းဝန်အဖြစ် တရားဝင်ခန့်အပ်ခြင်းပင် ခံခဲ့သည်။

ထိုအချိန်မှစ၍ ဘောမန်းသည် ဟစ်တလာ အိပ်ရာထချိန်တွင် သူလည်း အိပ်ရာမှထ၍ ဟစ်တလာ အိပ်ရာဝင်မှ သူလည်း အိပ်ရာဝင်တော့သည်။ ယနေ့ အဖို့ရာ၌ ခေါင်းဆောင်ကြီး ဟစ်တလာနှင့် မည်သူမည်ဝါတို့ တွေ့ဆုံသင့်သည်၊ မည်သူမည်ဝါနှင့် တွေ့ဆုံရန်မသင့်ဟုဟူ၍လည်းကောင်း၊ မည်သည့်အစီရင်ခံစာကို ဖတ်သင့်၍ မည်သည့်အစီရင်ခံစာကို ဖတ်ရန်မသင့်ဟူ၍လည်းကောင်း အစစအရာရာ အဆုံးအဖြတ်ပေးသူမှာ ဘောမန်းပင်ဖြစ်သည်။ ဟစ်တလာနှင့် အခြားမှူးကြီးလ်တစ်ယောက်ယောက်တို့ တွေ့ဆုံသည့်အခါတိုင်းလိုလို ဘောမန်းသည် အနားတွင် အမြဲရှိနေ၍ ဟစ်တလာ အမိန့်ပေးညွှန်ကြားသမျှ လိုက်လံမှတ်သားရသည်။ ဤသို့ဖြင့် ဘောမန်းသည် ဟစ်တလာ၏ အရင်းနှီးဆုံးသော လူယုံတော်ဖြစ်လာခဲ့သည်။

နောက်တစ်ယောက်မှာ အဲလ်ဘတ်စပီးယား ဖြစ်သည်။ စပီးယားသည် ၁၉၄၂ ခုနှစ်တွင် ဟစ်တလာက စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးဝန်ကြီးအဖြစ် တိုက်ရိုက်ခန့်အပ်လိုက်ရာမှ 'အရှင်မွေး နေ့ချင်းကြီး' ဆိုသလိုဖြစ်လာခဲ့သည်။ သို့သော် စပီးယားသည် အခြားအခြားသော စစ်ရေး နိုင်ငံရေးခေါင်းဆောင်များလို ဟစ်တလာ အနားတွင် မျက်နှာလို မျက်နှာရ လုပ်မနေဘဲ သူ့တာဝန်နှင့် သူ့အလုပ်ဝတ္တရားကိုသာ ဖိဖိစီးစီး ကြိုးစား၍လုပ်ကိုင်ခဲ့သူဖြစ်သည်။ စပီးယား၏

www.burmeseclassic.com



စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးဝန်ကြီးဌာနအောက်တွင် အလုပ်သမားပေါင်း ၁၄ သန်းနီးပါးမျှရှိရာ သူသည် ဤမျှလောက် များပြားသောအလုပ်သမားများကို နိုင်နင်းစွာအုပ်ချုပ်၍ ဂျာမန်လက်နက်ကိုင်တပ်များတွက် လိုအပ်သမျှရုပ်ဝတ္ထုပစ္စည်းများကို အစွမ်းကုန်ထုတ်လုပ်ပေးခဲ့သည်။

ဟစ်တလာသည် စပီးယားနှင့် အလွန်အမင်း ရင်းနှီးလှသည်မဟုတ်သော်လည်း သူ၏တာဝန်ကျေပြွန်မှုနှင့် အလုပ်ကြိုးစားမှုတို့ကြောင့် သူနှင့်ဆက်ဆံပြောဆိုရာတွင် လေးလေးစားစား ရှိခဲ့သည်။ အထူးသဖြင့် ကြီးမားလှသည့် အကျပ်အတည်း အခက်အခဲများကြားမှ ဂျာမန်တပ်များအတွက် စစ်လက်နက်အသုံးအဆောင်ပစ္စည်းများကို အစွမ်းကုန်ထုတ်လုပ်ပေးနေသော စပီးယား၏ ကြိုးပမ်းအားထုတ်မှုကို ဟစ်တလာက အလေးအနက် အသိအမှတ်ပြုခဲ့သည်။ အကယ်၍သာ စပီးယားလို ပုဂ္ဂိုလ်မျိုးမရှိပါက ဤစစ်ကြီးကို ဤမျှကြာရှည်စွာ တိုက်ခိုက်နိုင်စွမ်း ရှိမည်မဟုတ်ကြောင်း ဟစ်တလာ ကောင်းကောင်းကြီးသဘောပေါက်မိသည်။ သို့ဖြစ်၍လည်း စပီးယားကို သူကိုယ်တိုင်က ချီးကျူးလေးစားခဲ့ခြင်းဖြစ်သည်။

စပီးယားသည် အလုပ်နှင့်ပတ်သက်၍သော်လည်းကောင်း၊ ဟစ်တလာနှင့်ပတ်သက်၍လည်းကောင်း တာဝန်သိသိ သစ္စာရှိရှိဖြင့် အားကြိုးမာန်တက် လုပ်ကိုင်ခဲ့သော်လည်း တစ်စုံတစ်ရာ အခွင့်အရေးနှင့် မျက်နှာသာပေးခြင်းကို မျှော်လင့်သူတစ်ယောက်မဟုတ်၊ အခွင့်အရေးနှင့် မျက်နှာသာပေးခြင်းကို မျှော်ကိုးလိုလားသည့် စိတ်ထားဖြင့် ဟစ်တလာ၏အပါးတွင် ပြားပြားဝပ်ခစား၍ 'ဟုတ်ပါ့ဘုရား၊ မှန်ပါ့ဘုရား' လုပ်နေကြသော ပါတီခေါင်းဆောင်များနှင့် ဗိုလ်ချုပ်ကြီးများကိုလည်း အထူးပင်ရွံရှာစက်ဆုပ်သူဖြစ်သည်။ 'သူတို့သည် ဟစ်တလာ၏ အာဏာစက်အောက်သို့ ကျရောက်နေကြပြီး သူတို့၏စိတ်ရင်းဆန္ဒအတိုင်း မဟုတ်ဘဲ ဟစ်တလာ ခိုင်းသမျှ မျက်စိမှိတ်၍ နာခံလုပ်ကိုင်နေကြပေသည်'စသည်ဖြင့် စပီးယားက အတိအလင်း စွပ်စွဲရေးသားခဲ့သည်။

ယင်းသို့ စွပ်စွဲမည်ဆိုလျှင်လည်း စွပ်စွဲလောက်စရာပင်ဖြစ်သည်။ ဂိုးအားရင်း၊ ဂိုးဘဲလ်၊ ဟင်းမလား၊ ဘောမန်း စသည့် အထက်ဖော်ပြပါ ခေါင်းဆောင်အားလုံးတို့မှာ ခေါင်းဆောင်ကြီး ဟစ်တလာ၏ ရှေ့မှောက်တွင် 'စေသည့်ကျွန်ထွန်သည့်နွား' ပမာ၊ 'ထားရာနေ၊ စေရာသွား' ခဲ့ကြသည်။ သေဆိုသေ၊ ရှင်ဆိုရှင်၊ သွန်လိုသွန်၊ မှောက်လိုမှောက် အကြောက်ကြီးကြောက်ကြရသည်။ ဘာမဆိုဟစ်တလာအလိုကျ အမိန့်တော်ကို နာခံ၍ ဦးထိပ်ရွက်ပန်ဆင်ခဲ့ကြသည်။

ဤသို့ဖြစ်ရသည်မှာ စင်စစ် စပီးယား တွက်ဆသလို အခွင့်အရေးနှင့်



မျက်နှာသာပေးခြင်းကို မျှော်ကိုးရုံသက်သက်မျှမဟုတ်၊ ဟစ်တလာ၏ အရှိန်အဝါ ဩဇာအာဏာစက် သက်သက်ကြောင့်လည်းမဟုတ်။ ဟစ်တလာသည် သူတို့တစ်တွေ၏ မှီခိုအားထားရာ ခေါင်းဆောင်ကြီးဖြစ်သည်၊ သူတို့၏ အနာဂတ်မျှော်မှန်းချက် ပန်းတိုင်ကြီးဖြစ်သည်။ သူတို့ဘဝတစ်ခုလုံး၏ အခြေအမြစ်လည်းဖြစ်သည်။ ဟစ်တလာ ပျက်စီးခြင်းသည် သူတို့၏မှီခိုအားထားရာ ကင်းမဲ့ခြင်းပင်ဖြစ်သည်။ ဟစ်တလာ ကျဆုံးခြင်းသည် သူတို့၏အနာဂတ် မျှော်မှန်းချက်ပျက်ပြားခြင်းပင်ဖြစ်သည်။ ဟစ်တလာ စစ်ရှုံးခြင်းသည် သူတို့၏ဘဝတစ်ခုလုံးဆိပ်သုဉ်းခြင်းပင်ဖြစ်သည်။ အရင်းလဲလျှင် အဖျားထင်းဖြစ်မည်မှာ ဓမ္မတာပင်ဖြစ်သည်။

သို့ဖြစ်၍လည်း သူတို့သည် ဟစ်တလာ၏အမိန့်ကို မြေဝယ်မကျ နာခံကြခြင်းဖြစ်သည်။ ဟစ်တလာ ခိုင်းသမျှ မဆိုင်းမတွ ဆောင်ရွက်ကြခြင်းဖြစ်သည်။ ဟစ်တလာ၏ လိုလားချက်ကို အတတ်နိုင်ဆုံး ဖြည့်စွက်ပေးကြခြင်းဖြစ်သည်။ သို့သော် ဟစ်တလာ ခိုင်းသမျှ စေသမျှ သူ့ထက်ငါ အလုအယက် အလိုလိုက်၍ အကြိုက်ဆောင်ခဲ့ကြရာမှ သူတို့အချင်းချင်း မသိမသာ ပြဿနာပေါ်လာသည်။ တစ်ယောက်နှင့်တစ်ယောက် အပြိုင်အဆိုင်ဖြစ်လာသည်။ တစ်ဦးနှင့်တစ်ဦး ခွက်စောင်းခုတ်လာကြသည်။

အထူးသဖြင့် ဂျာမန်လက်ကိုင်တပ်များထက် ပို၍လက်စောင်းထက်လာကြသော ရုပ်နက်တပ်ဖွဲ့များ၏ အရှိန်အဝါကြောင့် ဟင်းမလား၏ဩဇာအာဏာ တစ်နေ့တခြား ကြီးမားလာခဲ့ရာ ဤသည်ကို ကျန်ခေါင်းဆောင်များက မရှုစိမ့်နိုင်ဘဲ ဖြစ်လာကြသည်။ အလားတူပင် ခေါင်းဆောင်ကြီး ဟစ်တလာ၏ မျက်နှာသာပေးမှုကြောင့် နေရာတကာတွင် အရေးပါအရာရောက်လာသော ဘောမန်းကိုလည်း ကျန်ခေါင်းဆောင်များက မနာလိုဘဲ ဖြစ်လာကြသည်။ ဟစ်တလာနှင့်အမြဲတစေ ပူးတွဲပူးတွဲလုပ်နေရသည်ကို အခွင့်ကောင်းယူကာ အကြောင်းကိစ္စတစ်ခုခုပေါ်ပေါက်လာတိုင်း ဟစ်တလာ၏ အရှိန်အဝါ၊ ဟစ်တလာ၏ နာမည်ဖြင့် ဩဇာအာဏာ တပြတည်းပြနေသော ဘောမန်း၏ လုပ်ရပ်များကို ကျန်အားလုံးက မကျေမနပ်ဖြစ်လာကြသည်။ 'ဟစ်တလာပါးစပ်က တစ်ခွန်းနှစ်ခွန်းလောက်ပြောလိုက်ရုံနဲ့ ဘောမန်းဟာ သူနဲ့မတည့်တဲ့လူတွေကို တစ်ခါထဲ ဖွမ်းပုံ... အောင် လုပ်တော့တာပဲ' ဟူ၍ ထိုစဉ်က ဖြစ်နေပုံများကို စပီးယားက ...သည်။

ဂိုးဘဲလ်ကလည်း ဟစ်တလာကို အကာအကွယ်ယူ၍ အာ... လုပ်နေသော ဘောမန်းအား အလဲထိုးရန်အတွက် ဂိုးအား... ဟင်းမလား၊

www.burmeseclassic.com

www.burmeseclassic.com



စပီးယားတို့နှင့် 'တပ်ပေါင်းစု' ဖွဲ့ခဲ့သေးသည်။ သို့သော် သူအားကိုးအားထားဖြစ်သည့် ဂိုးအားရင်းကိုယ်တိုင်က အနေအထိုင်မတတ်ဘဲ ဟစ်တလာ၏ 'သောက်မြင်ကပ်' ခြင်းကို ခံနေရသဖြင့် ထင်တိုင်းမပေါက်ဘဲ ဖြစ်ခဲ့ရသည်။

ဤသည်တို့မှာ ဟစ်တလာ၏ ယုံကြည်ကိုးစား အားထားရသည့် လူယုံတော်များနှင့် သူတို့၏အတွင်းရေးများပင်ဖြစ်သည်။

မှန်သည်၊ နှစ်ရှည်လများ ပေါင်းသင်းလာခဲ့သည့် သူ့လူတွေအကြောင်း ကောင်းကောင်းကြီးသိနေသော ဟစ်တလာသည် သူ့ကိုယ်သူ အီတလီအာဏာရှင်ကြီးမုဆိုလိုနီကဲ့သို့ ဖြစ်စရာအကြောင်းမရှိဟု တထစ်ချတွက်ထားသည်။ သူ့လက်လှမ်းမီသမျှ သူ့လက်အောက်မှ အစိုးရအဖွဲ့ဝင်များ၊ ပါတီခေါင်းဆောင်များနှင့် တပ်မတော်ဗိုလ်ချုပ်ကြီးများသည် သူ့အပေါ်တွင် မည်သူတစ်ဦးတစ်ယောက်ကမျှ သစ္စာဖောက်ကာ တော်လှန်ဆန့်ကျင်ကြလိမ့်မည်မဟုတ်ဟု သူတထစ်ချယုံကြည်ခဲ့သည်။

သို့ဖြစ်၍လည်း သူက 'ဂျာမနီမှာ အီတလီလို ဂျူလိုင် ၂၅ ရက် အဖြစ်အပျက်မျိုးဖြစ်အောင် လုပ်နိုင်ကြလိမ့်မယ်လို့ ယုံကြည်နေရင် ကျုပ်ရဲ့ပုဂ္ဂိုလ်ရေးရာ အနေအထားကို အခြေခံကစပြီး အသိအမြင်မှောက်မှားနေလို့ဖြစ်ရမယ်'ဟူ၍ မောက်မာဝင့်ကြွားစွာ ပြောကြားခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုစဉ်က ထိုသို့ မောက်မာဝင့်ကြွားစွာ ပြောကြားခဲ့ခြင်းမှာ တကယ့်ဖြစ်ရပ်နှင့် တကယ့်အခြေအနေကို ဟစ်တလာ လုံးဝမသိ၊ လုံးဝမရိပ်မိ၍သာ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ထိုအချိန်တွင် စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ်ကြီးအချို့နှင့် ဂျာမန်တပ်မတော်မှ ထိပ်တန်းအရာရှိကြီးအချို့ အပါအဝင် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် စစ်ကြီးအမြန်ပြီးဆုံးရေးအတွက် ဟစ်တလာကို လုပ်ကြံသတ်ဖြတ်ရန် လျှို့ဝှက်စွာ စီမံစိုင်းပြင်းနေကြပြီဖြစ်သောကြောင့်တည်း။

## ပထမအကြိမ် ကြိုးပမ်းမှု

အမှန်စင်စစ် ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှုသည် စစ်ကြီးမဖြစ်မီ ၁၉၃၈ ခုနှစ်ကတည်းကပင် စတင်၍ သန္ဓေတည်လာခဲ့ပြီး ဤလှုပ်ရှားမှု၏ မူလစတင်ပေါက်ဖွားရာအရပ်မှာလည်း ဂျာမန်စစ်ဦးစီးဌာနချုပ်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤလှုပ်ရှားမှုကြီးတစ်ခုလုံး၏ ကျောရိုးမဏ္ဍိုင် ဦးစီးဦးကိုင်ဖြစ်သော လုဝစ်ဘက်ခ် ဆိုသူမှာ တစ်ခါက ဟစ်တလာ၏ ဂျာမန်တပ်မတော်တွင် စစ်ဦးစီးချုပ်အဖြစ် တာဝန်ထမ်းရွက်ခဲ့ဖူးသည့် ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်သောကြောင့်ပင်ဖြစ်သည်။

လုဝစ်ဘက်ခ်သည် ၁၈၈ဝ ပြည့်နှစ် ဇွန်လအတွင်းက ရိုင်းမြစ်ပေါ်ရှိ ဗိုင်းဘရစ်မြို့ကလေးတွင် ဖွားမြင်ခဲ့၍ သူ့ဖခင်မှာ သတ္တုလုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်သည်။ သူသည် အထက်တန်းပညာများကို သင်ကြားတတ်မြောက်ခဲ့ပြီးနောက် ဝါသနာအလျောက် စစ်ထဲသို့ဝင်ခဲ့သည်။ ပညာအရည်အချင်း ထူးချွန်သည့်ဖြင့် ကြိုးစားအားထုတ်မှုလည်း ရှိသည့်အလျောက် လုဝစ်ဘက်ခ်သည် ကိုင်ဇာဘုရင်လက်ထက်တွင် ၁၉၉၁ ခုနှစ်မှစ၍ ဂျာမန်တပ်မတော် စစ်ဦးစီးဌာနချုပ်၌ အမှုထမ်းခဲ့ရသည်။ ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသည့်အခါ သူသည် ဂျာမန်တပ်မတော်အတွင်းမှာပင် တပ်အသီးသီး၌ တာဝန်လှည့်လည်ထမ်းဆောင်ခဲ့ရပြီး ၁၉၃၂ ခုနှစ် ဟစ်တလာ အာဏာမရမီ တစ်နှစ်ခန့်အလိုတွင် ဗိုလ်ချုပ်ရာထူးကို ရရှိခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ဟစ်တလာ အာဏာရခဲ့ပြီးနောက် ဗိုလ်ချုပ်ဘက်ခ်သည် ဂျာမန်တပ်မတော် စစ်ဦးစီးဌာနချုပ်မှာပင် ဆက်လက်တာဝန်ယူခဲ့ရာမှ ၁၉၃၅ ခုနှစ်တွင် စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ဗိုလ်ချုပ်ဘက်ခ်သည် ၁၉၃၅ ခုနှစ်မှ ၁၉၃၈ ခုနှစ်အထိ ဂျာမန်တပ်မတော်ကြည်းတပ် စစ်ဦးချုပ်အဖြစ် ဆောင်ရွက်ခဲ့ရ၍ ဟစ်တလာ၏အမိန့်အရ ဂျာမန်တပ်မတော်ကို အဖက်ဖက်က အင်အားကြီးမားအောင် တိုးချဲ့ခဲ့ရသည်။ သို့သော် ၁၉၃၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ခေါင်းဆောင်ကြီးဟစ်တလာက လက်နက်ကိုင်တပ်များမှ အရာရှိကြီးများကိုခေါ်ယူ၍ 'ချက်ကိုစလိုဗက်ကီးယားနိုင်ငံကလေးအား မကြာမီ စစ်ရေးအရဝင်ရောက်သိမ်းပိုက်ရန်' ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း၊ ယင်းဆုံးဖြတ်ချက်ကို 'မည်သည့်နည်းနှင့်မျှ ပြန်၍ပြင်နိုင်မည်မဟုတ်ကြောင်း' ပြောကြားခဲ့ရာ ဗိုလ်ချုပ်ဘက်ခ်သည် စစ်ဦးချုပ်အနေဖြင့် ဟစ်တလာ၏ ဆုံးဖြတ်ချက်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဘက်ခ်က ‘ယခုအခါ ဂျာမန်တပ်မတော်မှာ တိုးချဲ့တည်ဆောက် နေဆဲကာလဖြစ်၍ အင်အားတောင့်တင်းမှု မရှိသေးကြောင်း၊ စီးပွားရေးအ ကြည့်လျှင်လည်း ပြေပြလောက်အောင် ပြည့်စုံကုံလုံခြင်းမရှိသေးကြောင်း၊ တိုင်း ပြည်တွင် နိုင်ငံရေးအရ ခေါင်းဆောင် ခေါင်းဆောင်မှုပေးနေကြသည့် ပုဂ္ဂိုလ်များ သည် တပ်မတော်နှင့်ပတ်သက်၍ တစ်စုံတစ်ရာအရေးကြီးသည့် ပြဿနာရပ်များ ကို ဆုံးဖြတ်လုပ်ကိုင်မည်ဆိုပါက စစ်ရေးစစ်ရာ ကျွမ်းကျင်သည့် ပါရဂူများ၏ ထင်မြင်ယူဆချက်များကို ရှေးဦးစွာ တောင်းခံယူသင့်ကြောင်း စသည်ဖြင့် အကျယ် တဝင့် တင်ပြကာ ဟစ်တလာ၏ စစ်ရေးစီမံကိန်းကို အလေးအနက်ဝေဖန်ခဲ့သည်။

“နိုင်ငံရေးပေါ်လစီနဲ့ စစ်ပွဲကို ရှေ့ဆောင်မှု၊ ဒီနှစ်ခုရဲ့ ဆက်စပ်မှုအပေါ် မှာ အယူအဆကွဲလွဲချက်တွေနဲ့ တစ်ဖက်က နိုင်ငံရေးရည်မှန်းချက်ပန်းတိုင် နဲ့ တခြားတစ်ဖက်က နိုင်ငံတစ်နိုင်ငံရဲ့ စစ်ရေးစွမ်းအားရှိမှုရဲ့ ကွာဟချက် တွေဟာ စစ်ပွဲတစ်ပွဲမှာ မှုချအရှုံးနဲ့ရင်ဆိုင်ရဖို့ ပထမဆုံးနဲ့ နောက်ဆုံး အဆုံးအဖြတ်ပေးတဲ့အချက်တွေဖြစ်တယ်။ စစ်ပွဲတွေဟာ မစခင်ကတည်းက အနိုင်အရှုံးဆုံးဖြတ်ပြီးသား ဖြစ်နေတယ်ဆိုတဲ့ သမိုင်းရဲ့ပြောပြချက်တွေ ဟာ အကြောင်းမဲ့သက်သက် မဟုတ်ပါဘူး။ အကောင်းဖြစ်လာမယ် အဆိုးဖြစ်လာမယ်ဆိုတာကို ပေါ်လစီစပြီးချတဲ့အချိန်မှာ တစ်ပါတည်း တစ်ပြိုင်နက်တည်း သတ်မှတ်ပြီးသားဖြစ်နေတတ်ပါတယ်…”

(ဟစ်တလာကို ဆန့်ကျင်ခဲ့ကြသော
ဂျာမန်များ၊ စာမျက်နှာ ၂၂၄)

ဗိုလ်ချုပ်ဘက်ခ်က သူ၏ ‘စစ်အဘိဓမ္မာ’များဖြင့် ဟစ်တလာ၏ဆုံးဖြတ် ချက်ကို အထက်ပါအတိုင်း အခိုင်အမာ ကန့်ကွက်ခဲ့သည်။ ထို့ပြင် အကယ်၍ ဟစ်တလာ၏ စစ်ရေးစီမံကိန်းအရ ချက်ကိုစလိုဗက်ကီးယား နိုင်ငံကလေးအား ကျူးကျော်ဝင်ရောက်သိမ်းပိုက်ခဲ့ပါက မရှောင်မလွှဲသာဘဲ ကမ္ဘာစစ်ကြီး ဖြစ်ပွား လာနိုင်စရာရှိ၍၊ ယင်းစစ်ကြီးတွင် နောက်ဆုံး၌ ဂျာမန်တို့ အရှုံးဖြင့် ရင်ဆိုင်ရလိမ့် မည်ဖြစ်ကြောင်း အတိအလင်း သတိပေးခဲ့သည်။ အထူးသဖြင့် စစ်ကို တကယ်ဖြစ် အပ်သဖြင့် တိုက်ရန်စီစဉ်ခြင်းမဟုတ်ဘဲ၊ ဂျာမန်အမျိုးသားများ၏ ‘နယ်မြေပြဿ နာ’ ဖြေရှင်းရေးအတွက် တစ်ခုတည်းသောနည်းလမ်းအဖြစ် အင်အားကို အသုံးပြု ရန် သတ်မှတ်ခဲ့ခြင်းကြောင့် ဟစ်တလာ၏စစ်ဝါဒကို လုံးဝလက်မခံနိုင်ဘဲဖြစ် သည်။



ဗိုလ်ချုပ်ဘက်ခ်သည် အထက်ပါအတိုင်း ဟစ်တလာ၏ ကျူးကျော်ရေး စီမံကိန်းကို သူကိုယ်တိုင် အဖက်ဖက်က အပြင်းအထန် ကန့်ကွက်ခဲ့သည့်ပြင် အခြားသော ဂျာမန်ဗိုလ်ချုပ်များကပါ ဝိုင်းဝန်းကန့်ကွက်ကြရန် လှုံ့ဆော်စည်းရုံး သေးသည်။ အကယ်၍ ဟစ်တလာသည် သူ၏စစ်ရေးစီမံကိန်းများကို ပြန်လည် ရုပ်သိမ်းပယ်ဖျက်ခြင်းမပြုပါက မိမိနှင့်တကွ အခြားဗိုလ်ချုပ်များပါ ရာထူးမှ တစ်ပြိုင်တည်း နုတ်ထွက်ကြရန် ညှိနှိုင်းတိုင်ပင်ခဲ့သေးသည်။ သို့သော် ထိုစဉ်က စစ်သေနာပတိချုပ်ဖြစ်သူ ဗွန်ဖရစ်ချ်က မိမိ၏တိုက်တွန်းချက်ကို လက်မခံဘဲရှိခဲ့ သည့်ပြင် ဟစ်တလာ၏ အရှိန်အဝါမှာလည်း ယခင်ကထက် ပိုမိုကြီးမားလာခဲ့ရာ နောက်ဆုံး၌ ၁၉၃၈ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ဗိုလ်ချုပ်ဘက်ခ်သည် ဦးစီးချုပ်ရာထူးမှ လုံးဝနုတ်ထွက်ခဲ့ရသည်။ သူသည် ထိုအချိန်မှစ၍ အစဉ် အမြဲ ဟစ်တလာဆန့်ကျင်ရေးသမားတစ်ယောက် ဖြစ်လာခဲ့သည်။

ဟစ်တလာဆန့်ကျင်ရေးသမားများအနက် အထက်ပါ ဗိုလ်ချုပ်ဘက်ခ်ထက် ၍ အချိန်စောစောက ဆန့်ကျင်လာခဲ့ပြီး နောက်ပိုင်းတွင်လည်း အလွန်အရေးပါ လာရောက်သည့် ပုဂ္ဂိုလ်မှာ ဂိုအာဒီလား ဆိုသူ ထင်ရှားသော အရပ်သားတစ်ဦး ဖြစ်သည်။

ဂိုအာဒဲလားသည် ၁၈၈၄ ခုနှစ် ဇူလိုင် ၃၁ ရက်နေ့တွင် ဖွားမြင်၍ ဗိုလ်ချုပ်ဘက်ခ်ထက် ၄ နှစ်ခန့် အသက်ငယ်သည်။ သူ့ဖခင်မှာ ပရပ်ရှားအမျိုး သားဖြစ်၍၊ ချနိုင်းဒ်မြူးလ် အမည်ရှိမြို့ကလေးမှ အစိုးရအမှုထမ်းတစ်ဦးဖြစ် သည်။ ကျောင်းနေစဉ်က ဘဏ်လုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးပညာနှင့် ဥပဒေပညာရပ်များကို သင်ကြားတတ်မြောက်ခဲ့၍ ပထမကမ္ဘာစစ်ကြီးအတွင်း ၁၉၁၄–၁၈ ခုနှစ်များက ဂျာမန်စစ်တပ်တွင် အမှုထမ်းခဲ့ဖူးသည်။ စစ်ကြီးအပြီး တွင် ဟစ်တလာခေါင်းဆောင်သော ဂျာမန်အမျိုးသား ဆိုရှယ်လစ်ပါတီသည် အာဏာမရသေးသော်လည်း တစ်နေ့တခြား အင်အားကြီးမားလာခဲ့ရာ ဂိုအာဒဲလား သည် အဆိုပါအမျိုးသား ဆိုရှယ်လစ်ပါတီဝင်များနှင့် နီးစပ်၍ ကိုနစ္စဘတ်မြို့ ကလေးတွင် ၁၉၂၀ ခုနှစ်မှ ၃၀ ခုနှစ်အထိ လက်ထောက်မြို့တော်ဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၉၃၀ ခုနှစ်တွင် နာဇီပါတီဟူ၍ ထင်ရှားလာသော ဂျာမန် အမျိုးသားဆိုရှယ်လစ်ပါတီသည် လွှတ်တော်ရွေးကောက်ပွဲတွင် အနိုင်ရလာသော အခါ ဂိုအာဒဲလားသည် လိုက်ပ်ဇစ်မြို့တော်ဝန် ဖြစ်လာခဲ့သည်။ ၁၉၃၃ ခုနှစ် တွင် ဟစ်တလာ အာဏာရလာခဲ့ပြီးနောက် သူသည် လိုက်ပ်ဇစ်မြို့တော်ဝန်အဖြစ် နှစ်ကျော်မျှ ဆက်လက်ဆောင်ရွက်လာခဲ့ရာမှ ၁၉၃၇ ခုနှစ် ဧပြီလတွင်

www.burmeseclassic.com

www.burmeseclassic.com



နာဇီပါတီခေါင်းဆောင်များနှင့် ပဋိပက္ခဖြစ်ကာ မြို့တော်ဝန်ရာထူးမှ နုတ်ထွက်ခဲ့သည်။

သူသည် ဘာသာတရားကို အလွန်ရှိသေကိုင်းရှိုင်းသော်လည်း၊ စိတ်ဓာတ်ပြင်းထန်၍ ခေါင်းမာသူဖြစ်သည်။ နာဇီပါတီနှင့် ပဋိပက္ခဖြစ်ရသည့် အဓိကအကြောင်းရင်းမှာ ဟစ်တလာအာဏာရပြီးနောက် ဂျူးလူမျိုးများအပေါ် ပြင်းပြင်းထန်ထန် ဖိနှိပ်လာသောကြောင့်ဖြစ်သည်။ ထိုစဉ်က ဟစ်တလာအမိန့်အရ ဂျူးလူမျိုးများအား အလုပ်လုပ်စရာမရှိအောင်၊ နေစရာ ထိုင်စရာမရှိအောင် စီးပွားရေး နိုင်ငံရေးနှင့် လူမှုရေးပါမကျန် ဘက်ပေါင်းစုံက ဖိနှိပ်ညှဉ်းဆဲခဲ့ကြရာ လိုက်ပ်ဇစ်မြို့တွင်းတစ်နေရာရှိ ဂျူးအမျိုးသား ကွယ်လွန်သူ ဂီတစာဆိုကြီး မင်ဒ်လ်ဆွန်၏ အထိမ်းအမှတ် ကျောက်ရုပ်ကြီးကို နာဇီပါတီဝင်များက ဖြိုချဖျက်ဆီးပစ်သည်အထိ ဆိုးဝါးလာခဲ့သည်။ ထို့ပြင် အဆိုပါဂျူးအမျိုးသာ ဂီတစာဆိုကြီး၏ တေးဂီတများကိုလည်း သီဆိုတီးမှုတ်ခြင်းမပြုရဟု အစိုးရက ပိတ်ပင်တားမြစ်ခဲ့သည်။ ဤတွင် ဂိုအာဒ်လားသည် နာဇီပါတီ၏ လူမျိုးကြီးဝါဒကို အပြင်းအထန် ကန့်ကွက်ကာ မြို့တော်ဝန်ရာထူးမှ တစ်ခါတည်းနုတ်ထွက်ပစ်လိုက်သည်။ ထို့ပြင် ဂိုအာဒ်လားသည် ဂျာမန်စစ်တပ်ကို ကြောက်ခမန်းလိလိတိုးချဲ့၍ စစ်အတွက် အစွမ်းကုန်ပြင်ဆင်နေသော ဟစ်တလာ၏လုပ်ရပ်များကိုလည်း လက်မခံ သဘောမတူဘဲ ရှိနေခဲ့သည်။

ဂိုအာဒ်လားသည် ထိုအချိန်မှစ၍ နာဇီပါတီဆန့်ကျင်ရေး၊ ဟစ်တလာဆန့်ကျင်ရေးလုပ်ငန်းများကို ပြင်းပြင်းထန်ထန် လုပ်ကိုင်ခဲ့သည်။ သူသည် မြို့တော်ဝန်ရာထူးမှ နုတ်ထွက်ပြီးနောက် အင်္ဂလန်၊ ပြင်သစ်နှင့် အမေရိကန်နိုင်ငံများသို့ လှည့်လည်သွားလာကာ ဟစ်တလာနှင့် နာဇီဂျာမနီ၏ ထိတ်လန့်တုန်လှုပ်စရာကောင်းလှသည့် လုပ်ရပ်များကို လိမ္မာပါးနပ်စွာ သတိပေးခဲ့သည်။ သို့သော် ထိုအချိန် (၁၉၃၇ ခုနှစ်) က နာဇီဂျာမနီနှင့် ပတ်သက်၍သော်လည်းကောင်း၊ ဟစ်တလာနှင့်ပတ်သက်၍သော်လည်းကောင်း၊ အနောက်နိုင်ငံများတွင် ဂိုအာဒ်လား၏ သတိပေးချက်များမှာ လုံးဝအရာမထင် စိတ်မဝင်စားကြဘဲ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသည့်နောက်ပိုင်းတွင်မှ ဤသတိပေးချက်များသည် သွေးထွက်အောင် မှန်ကန်လှကြောင်း သိလာကြရသည်။

အမှန်စင်စစ် ဂိုအာဒ်လားသည် ပင်ကိုအားဖြင့် အေးအေးဆေးဆေးနေတတ်၍ စိတ်ကောင်းနှလုံးကောင်းရှိသူ တစ်ဦးဖြစ်သည်။ သို့သော် နာဇီပါတီနှင့် ဟစ်တလာ၏လုပ်ရပ်များကို အတိအကျသိခဲ့ရပြီး နာဇီဝါဒတိုက်ဖျက်ရေး၊ ဟစ်တလာ ဆန့်ကျင်ရေးသမားဖြစ်လာသောအခါ နောက်ပိုင်း၌ သူ၏စိတ်ဓာတ်





ပြောင်းလဲမှု၊ ဖွဲ့သတ္တိရှိမှုနှင့် ကြိုးပမ်းအားထုတ်မှုတို့မှာ အံ့ဩလောက်စရာဖြစ်လာခဲ့သည်။ ယင်းသို့သော် အရည်အချင်းနှင့် လုပ်ရပ်များကြောင့် သူသည် ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှုတွင် အထင်ရှားဆုံးနှင့် အကျော်ကြားဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့သည်။

ဟစ်တလာ ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် အခြားအရေးပါ အရာရောက်သော ပုဂ္ဂိုလ်တစ်ဦးမှာ ဗွန်ဟေဆဲလ် ဆိုသူဖြစ်သည်။ ဟေဆဲလ်သည် ဟစ်တလာ အာဏာရလာပြီးနောက် ၁၉၃၅-၃၆ ခုနှစ်များအတွင်းက အီတလီရောမမြို့တော်တွင် ဂျာမန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုစဉ်က သူသည် စပိန်ပြည်တွင်းစစ်ပွဲနှင့် အီတလီအာဏာရှင် မူဆိုလိုနီက အဘီဆီနီးယားပြည်ကလေးကို ဝင်ရောက်သိမ်းပိုက်သည့် စစ်ပွဲများတွင် စပိန်၊ အီတလီနှင့် ဂျာမနီနိုင်ငံများ၏ အရေးကြီးသော စစ်ရေး နိုင်ငံရေးအဆက်အသွယ်များကို ထိထိရောက်ရောက် ဆောင်ရွက်လာခဲ့ရသူဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် ဟစ်တလာ၏ စစ်ရေးအစီအစဉ်များနှင့် ဂျာမန်အမျိုးသား ဆိုရှယ်လစ်ဝါဒ၏ ရည်မှန်းချက်များသည် ဂျာမနီနိုင်ငံ၏ ပျက်စီးရာပျက်စီးကြောင်း ရေ့ရှုလာနေသည်ကို သူမြင် သိရှိလာရသောအခါ သူသည် ထိတ်လန့်တုန်လှုပ်လာခဲ့သည်။ အထူးသဖြင့် ဟစ်တလာ၏ စစ်ရေးကျူးကျော်မှု စီမံကိန်းများသည် ပြင်သစ်၊ ဗြိတိန်သည့် နိုင်ငံကြီးများနှင့် မကြာမီ 'ထိပ်တိုက်' ရင်ဆိုင်လာရဖွယ်ရှိသည်ကို သိမြင်လာသည့်ပြင် ဂျာမနီသည် အီတလီနှင့် မဟာမိတ်ဖွဲ့ခြင်းအားဖြင့် ကောင်းကျိုးမပေးဘဲ ဆိုးကျိုးသာရရှိနိုင်သည်ကိုလည်း တစ်စတစ်စ သဘောပေါက်လာသည်။

သံအမတ်ကြီး ဟေဆဲလ်သည် ဟစ်တလာနှင့် နာဇီပါတီ၏လုပ်ဆောင်ချက်များကို မသိမသာ ကန့်ကွက်ဆန့်ကျင်ခဲ့ရာမှ ဩစထရီးယား နိုင်ငံကလေးအား ဂျာမနီပိုင်နက်အတွင်းသို့ အတင်းအဓမ္မ ဆွဲသွင်းရန် ဟစ်တလာက ကြိုးစားလာသောအခါ ယင်းကိစ္စကို သဘောမတူကြောင်း အတိအလင်းတင်ပြခဲ့သည်။ သို့သော် ထိုအချိန်တွင် ဟစ်တလာသည် ဥရောပတစ်တိုက်လုံးကို စိုးမိုးရေးအတွက် ကြိုတင်ဖက်က စီစဉ်ပြင်ဆင်ပြီးနေပြီဖြစ်ရာ သူ၏ပထမဆုံးခြေလှမ်းဖြစ်သော ဩစထရီးယား အရေးအခင်းကို သဘောမတူကန့်ကွက်ကြသည့် စစ်ဘက် နိုင်ငံရေးဘက်နှင့် သံတမန်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်အမြောက်အမြားကို အပြတ်စာရင်းရှင်းခဲ့သည်။ သို့နှင့်ပင် ဗွန်ဟေဆဲလ်သည် သံအမတ်ကြီးရာထူးမှ နုတ်ထွက်ခဲ့ရသည်။

ဟေဆယ်လ်သည် ဂျာမနီနှင့်တကွ ဥရောပနိုင်ငံအသီးသီးတွင် သံခင်း

www.burmeseclassic.com



တမန်ခင်းဆိုင်ရာ ကိစ္စရပ်များ၌ လိမ္မာကျွမ်းကျင်သူအဖြစ် ထင်ရှားခဲ့သည့်ပြင် … သူကိုယ်တိုင်က မှူးမျိုးမတ်နွယ် ဆွေကြီးမျိုးကြီးဖြစ်၍ သူ့ယောက္ခမဖြစ်သူမှာလည်း … ဂျာမန်ရေတပ်မတော်ကို ပထမဆုံးစတင်တည်ထောင်ခဲ့သည့် ရေတပ်ဗိုလ်ချုပ် … ကြီး တာရ်ပစ် ပင်ဖြစ်သည်။ သူသည် မူလက ဟစ်တလာနှင့် နာဇီပါတီ … လုပ်ငန်းစဉ်များကို သဘောမကျသော်လည်း ဟစ်တလာကိုသော်လည်းကောင်း နာဇီပါတီကိုသော်လည်းကောင်း ထိထိရောက်ရောက် တော်လှန်ဆန့်ကျင်ရ … ရည်ရွယ်ချက် လုံးဝမရှိသလောက်ဖြစ်ခဲ့သည်။ သို့သော် မိမိတွင် အခြားကြီးမား … သည့် ပြစ်ချက်တစ်စုံတစ်ရာမရှိပါဘဲလျက် ယခုကဲ့သို့ ရာထူးမှဖြုတ်ပစ်ခြင်းခံလိုက် … ရသည့်အခါ အကြီးအကျယ်မကျေမနပ်ဖြစ်ကာ နောင်အခါ၌ ဟစ်တလာဆန့်ကျင် … ရေးလှုပ်ရှားမှုတွင် ထင်ရှားသည့်ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့သည်။

သို့နှင့်ပင် အထက်တွင်ဖော်ပြခဲ့သည့် လုဝစ်ဘက်ခ်၊ ဂိုအာဒဲလားနှင့် … ဟောဆဲယ်လ်တို့သည် ၁၉၃၈ ခုနှစ်မှစတင်ခဲ့သည့် ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှား မှုတွင် အရေးပါအရာရောက်သည့် ခေါင်းဆောင်များဖြစ်ကြသည်။

ဤပုဂ္ဂိုလ်များခေါင်းဆောင်သည့် အုပ်စုအပြင် ဟစ်တလာဆန့်ကျင်ရေး လှုပ်ရှားမှုတွင် အခြားအဖွဲ့တစ်ခုရှိသေးသည်။ ယင်းအဖွဲ့မှာ 'ကရိုက်ဆောအုပ်စု' ဟူသောအမည်ဖြင့် ထင်ရှားသည့်အဖွဲ့ဖြစ်သည်။

ဂျာမနီနိုင်ငံ၏ အရှေ့တောင်ဘက်အစွန်အဖျားတွင် ချက်ကိုစလိုဗက်ကီး ယား၊ ပိုလန်စသည့်နိုင်ငံများနှင့် ဆက်စပ်နေသည့် သုံးပွင့်ဆိုင် သုံးနိုင်ငံနယ်နိမိတ် ပိုင်နက်အတွင်း စီလီရှားဟူသောအမည်ဖြင့် နယ်မြေတစ်ခုရှိသည်။ ယင်းနယ် … အတွင်းရှိ ကရိုက်ဆောမြို့ကလေးတွင် ဗွန်မော်လ်တိုက်ဆိုသော မြို့စားတစ်ယောက် ရှိသည်။ မော်လ်တိုက်သည် အခြားမြို့စားတစ်ဦးဖြစ်သော ဝါတင်းဘတ် ဆိုသူနှင့် ပူးပေါင်း၍ ဟစ်တလာဆန့်ကျင်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်လာခဲ့ကြ … မြို့စားမော်လ်တိုက်၏နေရပ်ဖြစ်သော ကရိုက်ဆောမြို့ကလေးကို အမှီသဟဲပြု … သူတို့အဖွဲ့ကို 'ကရိုက်ဆောအုပ်စု' ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။

မြို့စား မော်လ်တိုက်သည် ၁၈၇၀ ပြည့်နှစ်က ပြင်သစ်နိုင်ငံကြီး … သိမ်းပိုက်ခဲ့ဖူးသည့် ပရပ်ရှားဗိုလ်ချုပ်ကြီးတစ်ဦး၏ အဆက်အနွယ်ဖြစ်၍ မြို့ … ဝါတင်းဘတ်မှာလည်း ပြင်သစ်စစ်ဘုရင် နပိုလီယံခေတ်က ထင်ရှားကျော်ကြား … ခဲ့သည့် ဗိုလ်ချုပ်ကြီးတစ်ဦး၏ သားစဉ်မြေးဆက်ပင်ဖြစ်သည်။ သူတို့နှစ်ဦးခေါင်း … ဆောင်သည့် ဟစ်တလာဆန့်ကျင်ရေး 'ကရိုက်ဆောအုပ်စု' တွင် အဓိကအားဖြင့် … ပါဝင်ကြသူများမှာ ပညာတတ်ပုဂ္ဂိုလ်များ၊ ချမ်းသာသော မြေပိုင်ရှင်များ၊ အ … သမားအဖွဲ့အစည်းခေါင်းဆောင်များနှင့် ဘာသာရေးဘက်ဆိုင်ရာ ဘုန်းတော် … များနှင့် ဓမ္မဆရာများဖြစ်သည်။ အထူးသဖြင့် ဟစ်တလာအာဏာရပြီးနောက် … ဘာသာရေးနှင့်ပတ်သက်၍ ဖိနှိပ်ချုပ်ချယ်မှုများ အပြင်းအထန်ပြုလုပ်ခဲ့ရာ ဘာသာ … ခေါင်းဆောင်များနှင့် ဂိုဏ်းအုပ်ဂိုဏ်းချုပ် ဘုန်းတော်ကြီးများသည် ဟစ်တလာ … ဆန့်ကျင်ရေးနှင့် နာဇီဝါဒတိုက်ဖျက်ရေးတွင် ပါဝင်လှုပ်ရှားလာခဲ့ကြသည်။

သို့သော် မြို့စားမော်လ်တိုက်နှင့် ဝါဘင်းဘတ်တို့၏ ကရိုက်ဆောအုပ်စု … သည် ဂိုအာဒဲလားတို့အုပ်စုလောက် ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် … ရှားခြင်းမပြုဘဲ အမည်ခံသက်သက်လို ဖြစ်နေခဲ့ကြသည်။ သူတို့သည် … သမားရိုးကျဝါဒီများဖြစ်သည့်ပြင် ဘာသာရေးကို နှစ်နှစ်ကာကာ လက်ခံယုံ … ကြည်ကြသူများဖြစ်ကြသဖြင့် ဟစ်တလာဆန့်ကျင်ရေးနှင့် နာဇီပါတီတိုက်ဖျက်ရေး … လုပ်ငန်းများတွင် တစ်စုံတစ်ရာ အကြမ်းဖက်သည့် သွေးထွက်သံယိုဖြစ်ပွားမှုများ … လုံးဝမလိုလားဘဲ ရှိကြသည်။ သို့ဖြစ်ရာ သူတို့သည် ဟစ်တလာကို ခါးခါး … သီး မုန်းတီးကြ၍ နာဇီဝါဒကို လုံးဝမလိုလားကြသော်လည်း ဟစ်တလာကို … ချရန်သော်လည်းကောင်း၊ အကြမ်းဖက်တော်လှန်ပုန်ကန်ရန်သော်လည်း … ကောင်း၊ ကြံစည်ကြိုးစားခြင်းမပြုလုပ်ခဲ့ကြဘဲ ၎င်းတို့အချင်းချင်း တွေ့ဆုံသည့် … မျိုး၌ ဟစ်တလာဆန့်ကျင်ရေးစကားများကို အပြန်အလှန်ပြောကြားခြင်း၊ … ဟစ်တလာနှင့် နာဇီပါတီ၏လုပ်ရပ်များကို ရှုံ့ချခြင်းစသည်များ ပြုလုပ်ခဲ့ကြသော် … လည်း ကာယကံမြောက် ဟစ်တလာအား ဆန့်ကျင်တော်လှန်ကြရန်ကိုမူ လုံးဝ … ကြိုးစားဘဲ နေခဲ့ကြသည်။

'ကရိုက်ဆောအုပ်စု' က ထိုသို့ပါးစပ်ဖျားနှင့် စာရွက်ပေါ်တွင်သာ ဟစ်တ … လာကို ဆန့်ကျင်ခဲ့ကြသော်လည်း ဂိုအာဒဲလား၏ အုပ်စုကမူ ဟစ်တလာအား … ကြမ်းဖက်၍ ဖြုတ်ချရန် အကြိမ်ကြိမ်ကြိုးစား စိုင်းပြင်းခဲ့ကြသည်။ ယင်းသို့ … ကြိုးစားစိုင်းပြင်းခဲ့ကြသည်မှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ ၁၉၃၈ ခုနှစ်ကတည်း … ကပင်ဖြစ်သည်။

ဗိုလ်ချုပ်ကြီး ဘက်ခ်သည် ဟစ်တလာ လက်ထက်မတိုင်မီ ၁၉၁၄–၁၈ … ပထမကမ္ဘာစစ်ကြီးအတွင်းကပင် ဂျာမန်စစ်ဦးစီးဌာနချုပ်တွင် တာဝန်ထမ်း … ဆောင်လာခဲ့၍ အရှိန်အဝါသြဇာကြီးလှသူဖြစ်ရာ ၁၉၃၈ ခုနှစ်၊ ဩဂုတ်လတွင် … တရက် စစ်ဦးစီးချုပ်ရာထူးမှ နုတ်ထွက်သွားရသောအခါ ဂျာမန်တပ်မတော် … ပိုင်းတွင် အကြီးအကျယ် ချောက်ချားသွားခဲ့သည်။ ဂျာမန်တပ်မတော် … ချုပ်များအပါအဝင် ထိပ်ပိုင်းမှ အရာရှိကြီးများသည် မူလက ဟစ်တလာ … ရသည့်အတွက် တစ်စုံတစ်ရာ စိတ်အနှောက်အယှက်မဖြစ်ခဲ့ … တပ်မတော် အင်အားကြီးမားရေးအတွက် ဟစ်တလာက ကြိုးစားလာသ…

www.burmeseclassic.com



မိမိတို့အရှိန်အဝါ ဩဇာအာဏာမှာ ပိုမိုကြီးထွားလာလေလေဖြစ်နေသဖြင့် ဟစ်တ လာအား ချီးကျူးဩဘာထောပနာများပင် ပြုခဲ့ကြသေးသည်။

သို့သော် ၁၉၃၇-၃၈ ခုနှစ်သို့ရောက်လာ၍ ဟစ်တလာသည် ဂျာမန်တ မတော်ကို မိမိနိုင်ငံကာကွယ်ရေးအတွက် မဟုတ်တော့ဘဲ တိုင်းတစ်ပါးအ ကျူးကျော်ရေးအတွက် အသုံးပြုရန် ခြေလှမ်းလှမ်းလာသောအခါတွင်မှ သက်ဆိုင် ရာ တပ်မတော်ထိပ်ပိုင်း ခေါင်းဆောင်များမှာ မျက်လုံးပြူးလာကြတော့သည် နောက်ဆုံး၌ ဟစ်တလာသည် ချက်ကိုစလိုဗက်ကီးယားနိုင်ငံကလေးအား ကျူး ကျော်သိမ်းပိုက်ရေးအစီအစဉ်ကို ယတိပြတ်ဆုံးဖြတ်လိုက်သည့်ပြင် ယင်းဆုံးဖြ ချက်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်သည့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဘက် အား ရာထူးမှဖယ်ရှားပစ်လိုက်ရာ ဂျာမန်တပ်မတော်အရာရှိကြီးများမှာ ဟစ်တလ ၏ အန္တရာယ်ကို ဤတွင်မှ ပို၍သိမြင်လာကြသည်။

ဂျာမန်တပ်မတော်ဗိုလ်ချုပ်များနှင့် ထိပ်ပိုင်းအရာရှိကြီးများသည် ဗိုလ်ချု ဘက်ခ်အား ယခုကဲ့သို့ စစ်ဦးချုပ်ရာထူးမှ ဖယ်ရှားပစ်လိုက်သည်ကို မကျေမန ဖြစ်မိကြသော်လည်း ဗိုလ်ချုပ်ဘက်ခ်နှင့်အတူလိုက်၍ ရာထူးမှနုတ်ထွက်ရဲလော အောင်လည်း သတ္တိမရှိ၊ ကိုယ်ကျိုးမစွန့်နိုင်ကြသေးဘဲ ဖြစ်နေကြသည်။ သို့သေ သူတို့ထဲမှ အချို့သောဗိုလ်ချုပ်ကြီးများသည် ဟစ်တလာအား ဤအတိုင်းသ လွှတ်ထားမည်ဆိုပါက သူ၏အကွပ်မဲ့ ပရမ်းပတာ စစ်ဝါဒကြောင့် ဂျာမနီနိုင် ကြီး ပျက်စီးတော့မည့်အရေးကို အလေးအနက် သဘောပေါက်ကာ တစ်စုံတစ် ပြုလုပ်ရန် နည်းလမ်းများ ရှာဖွေခဲ့ကြသည်။ နောက်ဆုံး၌ သူတို့သည် ဗိုလ်ချု ဘက်ခ်နှင့် တိတ်တဆိတ် တွေ့ဆုံ၍ ဟစ်တလာကို အမြန်ဆုံးဖယ်ရှားပစ် ဗိုလ်ချုပ်ဘက်ခ်၏ လျှို့ဝှက်အကြံအစည်ကို လက်ခံသဘောတူခဲ့ကြသည်။

ယင်းသို့ ဗိုလ်ချုပ်ဘက်ခ်၏ လျှို့ဝှက်အကြံအစည်ကို လက်ခံသဘော ကြသူများမှာ ဗိုလ်ချုပ် ဝစ်ဇလိဘင်း၊ ဗိုလ်ချုပ် ဘရော့ခေါ့ဖ်နှင့် ဗိုလ် ဟို့ပ်နား စသည့်ဗိုလ်ချုပ်များဖြစ်ကြသည်။ ၎င်းတို့အနက် ဗိုလ်ချုပ်ဟော မှာ ရာထူးမှ နုတ်ထွက်သွားသော ဗိုလ်ချုပ်ဘက်ခ်၏နေရာတွင် စစ်ဦးစီးချုပ်အ ဟစ်တလာ အသစ်ခန့်အပ်ခြင်းခံရသူဖြစ်သည်။ ဗိုလ်ချုပ်ဝစ်ဇ်လိဘင်းမှာ ဘာ မြို့တော်အပါအဝင် အရေးကြီးသည့် အမှတ် ၃ စစ်နယ်မြေ၏ တပ်မှူးကြီးဖြ ဗိုလ်ချုပ်ဘရော့ခေါ့ဖ်မှာ ပို့စ်ဒမ်မြို့မှ မြို့စောင့်တပ်ဖြစ်သော အမှတ် ၂၃ ခြေလ တပ်မဟာ၏ တပ်မှူးကြီးဖြစ်သည်။ အခြားတစ်ယောက်ဖြစ်သော ဗိုလ်ချုပ်ဟို့ နား မှာ ဂျာမနီအရှေ့ပိုင်း သူရင်ဂျီးယားပြည်နယ်တွင် တပ်စွဲထားသည့် သံချပ် ကား တပ်မဟာ၏ တပ်မှူးကြီးဖြစ်သည်။ ဗိုလ်ချုပ် ဟို့ပ်နား၏ တပ်မ



တပ်စွဲထားသောနေရာသည် အကယ်၍ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာ ပါက မြူနစ်မြို့မှချီတက်လာမည့် ဟင်းမလား၏ ရုပ်နက်တပ်ဖွဲ့များကို လမ်းခုလတ် မှနေ၍ ပိတ်ဆို့တားဆီးနိုင်မည်ဖြစ်သည်။

ဗိုလ်ချုပ်ဘက်ခ်အပါအဝင် ဟစ်တလာဆန့်ကျင်ရေးသမားများ၏ အကြံ အစည်မှာ ဟစ်တလာက ချက်ကိုစလိုဗက်ကီးယားနိုင်ငံအား ကျူးကျော်ဝင်ရောက် တိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် သူ့အား လက်ရဖမ်းဆီး ကြပြီး၊ သူကိုယ်တိုင်ဖွဲ့စည်းထားသည့် ပြည်သူ့ခုံရုံးတွင်တင်၍ စစ်ဆေးရန်ပင် ဖြစ်သည်။ အဆိုပါ ပြည်သူ့ခုံရုံးတွင် ဟစ်တလာအား ဥရောပတစ်တိုက်လုံး ပြန့်နှံ့သွားမည့် စစ်ကြီးဖြစ်ပွားအောင် လုပ်ဆောင်နေသည့်ပြစ်မှုနှင့် ဂျာမနီနိုင်ငံ အား ပျက်စီးကြောင်း အဆင်ခြင်ကင်းမဲ့စွာ လုပ်ဆောင်ခဲ့သည့်ပြစ်မှုများဖြင့် စွဲချက်တင်ကာ ရာထူးမှ လုံးဝဖယ်ရှားပစ်ရန်ပင်ဖြစ်သည်။ ထို့နောက် အရပ်သား များပါဝင်သည့် ကြားဖြတ်အစိုးရအဖွဲ့ဖြင့် တိုင်းပြည်ကို အုပ်ချုပ်သွားပြီး သတ်မှတ် ထားသည့် အချိန်ကာလအတွင်း ဒီမိုကရေစီအစိုးရအဖွဲ့သစ်တစ်ရပ်ကို ဖွဲ့စည်း ကြရန်ပင်ဖြစ်သည်။

သို့သော် ဤအစီအစဉ်မှာ အပြောလွယ်သလောက် တကယ်လက်တွေ့လုပ် ဆောင်ရာတွင် မလွယ်ကူကြောင်း ဟစ်တလာဆန့်ကျင်ရေးသမားများ ကောင်း ကောင်းကြီး သိထားကြသည်။ အထူးသဖြင့် ချက်ကိုစလိုဗက်ကီးယားနိုင်ငံအား ဝင်ရောက်တိုက်ခိုက်ရန် ဟစ်တလာက နောက်ဆုံးအမိန့်ပေးသည့်အချိန်နှင့် ဂျာမန် တပ်များ ချက်ကိုစလိုဗက်ကီးယားနိုင်ငံအတွင်းသို့ တကယ်ချီတက်ဝင်ရောက်သွား ကြမည့်အချိန်မတိုင်မီအတွင်း ဟစ်တလာအား လက်ရဖမ်းဆီးရန် ဤကြားကာလ တွင် လုံလောက်သည့် အချိန်ရရှိဖို့ အလွန်အရေးကြီးသည်။

တစ်ချိန်တည်းတွင် "ယင်းသို့ ချက်ကိုစလိုဗက်ကီးယားနိုင်ငံတွင်းသို့ ဂျာမန် တပ်များ ကျူးကျော်ဝင်ရောက်ကြခြင်းဖြင့် အခြားနိုင်ငံကြီးများက (အထူးသဖြင့် ဗြိတိန်နှင့် ပြင်သစ်တို့က) လက်ပိုက်ကြည့်မနေဘဲ စစ်ရေးအရ ဝင်ရောက်ကန့် ကွက်တားဆီးစွက်ဖက်လာကြလိမ့်မည်ဖြစ်ကြောင်းနှင့် ထိုသို့အင်အားကြီးနိုင်ငံများ ပါဝင်လာကြခြင်းဖြင့် ဥရောပတိုက်တွင် မရှောင်မလွှဲသာဘဲ စစ်ပွဲသစ်တစ်ရပ် ဖြစ်ပွားကာ နောက်ဆုံး၌ ထိုစစ်ကြီးတွင် ဂျာမန်တို့ဘက်မှ လုံးဝအရေးနိမ့်၍ ဂျာမနီနိုင်ငံကြီး ပျက်စီးမည့်ကိန်းဖြင့် မုချကြုံတွေ့ရမည်ဖြစ်ကြောင်း" စသည့် အချက်များကို တိကျခိုင်မာသော အထောက်အထားများဖြင့် သက်ဆိုင်ရာ စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ်ကြီးများကိုလည်းကောင်း၊ ဂျာမန်ပြည်သူများကိုလည်း ကောင်း နားလည်သဘောပေါက်အောင် ကြိုတင်ရှင်းလင်းတင်ပြထားရန်လည်း အလွန်အရေးကြီးလှသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ချက်ကိုစလိုဗက်ကီးယားနိုင်ငံတွင်းသို့ ဂျာမန်တပ်များ ချီတက်သိမ်းပိုက်မည့်နေ့ရက်နှင့်အချိန်ကို အတိအကျကြိုတင်သိရှိမထားပါက ဟစ်တလာအား ဖမ်းဆီးရန် အချိန်မရလိုက်ဘဲဖြစ်သွားမည်။ ထိုသို့ဖြစ်လျှင် ဂျာမန်တပ်များ၏ ကျူးကျော်မှုကြောင့် အားလုံးခြေလွန်လက်လွန်ဖြစ်ကာ စစ်ကြီးဖြစ်လာနိုင်သည်။ တစ်ဖန် အကယ်၍ ဂျာမန်စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ်ကြီးများကသော်လည်းကောင်း၊ ဂျာမန်ပြည်သူတို့ကသော်လည်းကောင်း ချက်ကိုစလိုဗက်ကီးယားကို ကျူးကျော်ဝင်ရောက်ခြင်းဖြင့် စစ်ကြီးမုချဖြစ်ပွားမည်ဆိုသည်ကို သဘောမပေါက် မယုံကြည်ဘဲ ဖြစ်နေပြန်လျှင်လည်း ဟစ်တလာကို ဖမ်းဆီးရန်နှင့် ရာထူးမှဖြုတ်ချရန် သဘောမတူလက်မခံဘဲဖြစ်နေကြမည်။

သို့ဖြစ်ရာ အထက်ပါအရေးကြီးသည့် လုပ်ငန်းရပ်နှစ်ခုအတွက် အရေးကြီးသောပုဂ္ဂိုလ်နှစ်ဦးက တာဝန်ယူခဲ့ကြသည်။

ရှေးဦးစွာ စစ်ဦးစီးချုပ်အသစ်ဖြစ်သော ဗိုလ်ချုပ်ဟောလ်ဒါက ချက်ကိုစလိုဗက်ကီးယားနိုင်ငံအား ကျူးကျော်ဝင်ရောက်သိမ်းပိုက်မည့် ဟစ်တလာ၏အမိန့်ကို အချိန်မီ ကြိုတင်သိရှိနိုင်ရန် တာဝန်ယူလိုက်သည်။ သူက ထိုအမိန့်ကို နောက်ဆုံးအတည်ပြုထုတ်ပြန်မည့် အချိန်မတိုင်မီ ၄၈ နာရီ (၂) ရက် ကြိုတင်၍ သိရှိရန် ဗဟိုစစ်ဦးစီးဌာနချုပ်နှင့် စီစဉ်သည်။ ဟစ်တလာသည် ချက်ကိုစလိုဗက်ကီးယားနိုင်ငံအား ဝင်ရောက်သိမ်းပိုက်ရန် ၁၉၃၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့စွဲဖြင့် စစ်ဆင်ရေး စီမံကိန်းတစ်ရပ် ရေးဆွဲခဲ့သည်။ ယင်းစစ်ဆင်ရေးစီမံကိန်းကို *'အစိမ်းရောင် စစ်ဆင်ရေး' ဟူ၍ လျှို့ဝှက်အမည်ပေးကာ ဂျာမန်စစ်ဦးစီးဌာနချုပ်နှင့် အခြားဂျာမန်နယ်စပ်တွင် တပ်စွဲထားကြသည့် ဂျာမန်တပ်များမှ တပ်မှူးကြီးများထံ ကြိုတင်ပေးပို့ထားခဲ့သည်။ ဟစ်တလာထံမှ နောက်ဆုံးအမိန့်ရသည်နှင့် တစ်ပြိုင်နက် ဂျာမန်တပ်များသည် 'အစိမ်းရောင်စစ်ဆင်ရေး'ကို အကောင်အထည်ဖော်ကြရန် အသင့်ရှိနေကြသည်။ သို့ဖြစ်ရာ ဗိုလ်ချုပ်ဟောလ်ဒါသည် ဟစ်တလာဆန့်ကျင်ရေးသမားများ၏ တာဝန်ပေးချက်အရ ဗဟိုစစ်ဦးစီးဌာနချုပ်နှင့်ဆက်သွယ်၍ ယင်းနောက်ဆုံးအမိန့်ကို အတည်ပြုမထုတ်ပြန်မီ ၄၈ နာရီကြိုတင်သိရှိနိုင်ရန် စီစဉ်ခဲ့သည်။

အလားတူပင် ဗိုလ်ချုပ်ဘတ်ခ်ကလည်း ဟစ်တလာ၏အဆင်ခြင်တရားကင်းမဲ့သော စစ်ဆင်ရေးကျူးကျော်မှုများကြောင့် မုချစစ်ကြီးတစ်ခု ဖြစ်ပွားလာ

---

* Operation Green.



...နိုင်မည်ဖြစ်ကြောင်း ဂျာမန်တပ်မတော်အတွင်းရှိ ဗိုလ်ချုပ်ကြီးများနှင့် ဂျာမန်...လူထုကြီးအားရှင်းပြရန် အဘက်ဘက်က ကြိုတင်ပြင်ဆင်စိုင်းပြင်းခဲ့သည်။ ...ရာတွင် ဗိုလ်ချုပ်ဗဘတ်ခ်သည် အကယ်၍ ဂျာမန်တပ်များ ချက်ကိုစလိုဗက်ကီး...ယားနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်ခဲ့ပါက ဗြိတိန်နှင့် ပြင်သစ်တို့သည် ...က်ပိုက်ကြည့်မနေဘဲ မုချအင်အားကိုအသုံးပြု၍ စွက်ဖက်ဟန့်တားကြလိမ့်မည် ...ု တထစ်ချနိုင်လုံစွာ ယုံကြည်ယူဆထားခဲ့သည်။

သို့သော် ယင်းကိစ္စတွင် မိမိတစ်ဦးတည်း ယုံကြည်ယူဆနေ၍ မဖြစ်၊ ...ျာမန်တပ်မတော်မှ ဗိုလ်ချုပ်ကြီးများနှင့် ဂျာမန်လူထုကြီးကပါ ယင်းသို့ အခိုင်...အမာယုံကြည်ယူဆလာရန် အထူးပင် အရေးကြီးသည်။ သို့မှသာ ဟစ်တလာ၏ ...ကျူးကျော်ရေးစီမံကိန်းကြောင့် စစ်ဖြစ်ရန် သေချာသည်ဟု သဘောပေါက်ကာ ...ဟစ်တလာအား အမြန်ဆုံးဖယ်ရှားပစ်ရန် လက်ခံသဘောတူကြမည်မဟုတ်ပါ...သော။

သို့ဖြစ်ရာ ဗြိတိသျှအစိုးရအား ဟစ်တလာ၏ ကျူးကျော်ရေးစီမံကိန်းများကို ...ပြင်းထန်ထန် ကန့်ကွက်ရေးအတွက် ဆွေးနွေးတိုက်တွန်းရန် ဗိုလ်ချုပ်ဘတ်ခ်...သည် မိမိတို့အထဲမှ ယုံကြည်စိတ်ချရသူတစ်ယောက်ကို လန်ဒန်မြို့သို့ တိတ်...ဆိတ် စေလွှတ်ခဲ့သည်။ သို့ဖြင့် ဂျာမန်သတင်းထောက်လှမ်းရေးအဖွဲ့မှ ဟစ်...တလာဆန့်ကျင်ရေးသမားတစ်ဦးဖြစ်သော ဗိုလ်မှူးကြီး အော်စတာ၏ စီစဉ်ပေး...ချက်အရ သူ့လက်အောက်မှ အရာရှိတစ်ဦးဖြစ်သော ဗွန်ကလိုက်စ်သည် ဩ...ဂုတ်လ ၁၈ ရက်နေ့တွင် လန်ဒန်မြို့သို့ လျှို့ဝှက်စွာ ရောက်ရှိလာခဲ့သည်။

ဗွန်ကလိုက်စ်သည် လန်ဒန်မြို့တွင် ဗြိတိသျှနိုင်ငံရေးဌာနမှ ပုဂ္ဂိုလ်များနှင့် ...ဆက်သွယ်၍ နောက်တစ်နေ့တွင် ဗြိတိသျှခေါင်းဆောင်တစ်ဦးဖြစ်သူ ဝင်စတန်...ချာချီနှင့် လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးသည်။ ဗွန်ကလိုက်စ်သည် ဗိုလ်ချုပ်ဘက်ခ်...မှာကြားလိုက်သည့်အတိုင်း ဂျာမနီတွင် နောက်ဆုံးဖြစ်ပွားနေသည့် သေရေး...ရှင်ရေး အခြေအနေများကို ချာချီအား အသေးစိပ်တင်ပြခဲ့သည်။ အထူးသဖြင့် ...ဟစ်တလာသည် မကြာမီအတွင်း ချက်နိုင်ငံကလေးကို ကျူးကျော်သိမ်းပိုက်ရန် ...အရာရာ ပြင်ဆင်ထားပြီးဖြစ်နေကြောင်း...၊ အကယ်၍ ဟစ်တလာသည် ...၏ကျူးကျော်ရေးစီမံကိန်းကို မရပ်သိမ်းဘဲ ဖွတ်လုပ်မည်ဆိုပါက ဗိုလ်ချုပ်များ ...အဝင် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများက ဟစ်တလာအား ဖမ်းဆီး...ရာထူးမှဖြုတ်ချရန် စီစဉ်ထားကြကြောင်း၊ သို့သော် ယင်းကိစ္စမှာ ဗြိတိန်နှင့် ...ပြင်သစ်တို့လုပ်ဆောင်ချက်များ ပါဝင်မှသာ အကောင်အထည်ပေါ်နိုင်မည်ဖြစ်...ကြောင်း အကယ်၍သာ ဗြိတိသျှအစိုးရက ဟစ်တလာ၏ စစ်ရေး...ကျူးကျော်မှု

www.burmeseclassic.com

www.burmeseclassic.com



စီမံကိန်းများကို အင်အားဖြင့်တားဆီးမည်ဟူ၍ တရားဝင် အတိအလင်းကြေညာ ချက် ထုတ်ပြန်ခဲ့ပါက ဂျာမန်ဗိုလ်ချုပ်များသည် ဟစ်တလာအား မုချဖယ်ရှားပ ကြလိမ့်မည်ဖြစ်ကြောင်း… စသည်ဖြင့် အကျယ်တဝင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေး တိုက်တွန်းခဲ့သည်။

ချာချီသည် ဗွန်ကလိုက်စ်၏ ဆွေးနွေးတိုက်တွန်းချက်များကို သဘောပေါ လက်ခံကာ သူ့သဘောထားကို စာဖြင့်ပြန်ရေးပေးလိုက်သည်။ ဗွန်ကလိုက်စ်သည် ချာချီ၏စာကိုယူဆောင်၍ ဩဂုတ်လ ၂၃ ရက်နေ့တွင် လန်ဒန်မှပြန်လာခဲ့သည်။ ယင်းစာထဲတစ်နေရာ၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

'ဂျာမန်ကြည်းတပ်နှင့် လေတပ်တို့၊ ချက်ကိုစလိုဗက်ကီးယားနိုင်ငံ နယ်စပ်ကို အဝမ္ဘကျူးကျော်ကြမည်ဆိုပါက မုချစစ်ပွဲသစ်တစ်ရပ် ဖြစ်ပွား လာမည်မှာ သေချာပါသည်။ ထိုသို့ဖြစ်လာပါက ၁၉၁၄ ခုနှစ်၊ ဂျူလိုင်လ ကုန်လောက်က ဖြစ်ပွားခဲ့သည့်အတိုင်း အင်္ဂလန်သည် ပြင်သစ်နှင့်အတူ လက်တွဲပါဝင်ဖြစ်ကြောင်း ကျွန်ုပ်တို့တထစ်ချ ပြောလိုပါသည်။ ယင်း အချက်ကို လုံးဝသံသယမရှိကြရန်လည်း တောင်းပန်ပါသည်…။

(ချာချီ၏ပေးစာများ၊ စာမျက်နှာ ၇၀…)

ဗွန်ကလိုက်စ်သည် ချာချီထံမှ အထက်ပါစာကို ယူဆောင်၍ ဂျာမနီသို့ ပြန်လာခဲ့ပြီး ဗိုလ်ချုပ်ဘတ်ခ်၊ ဗိုလ်ချုပ်ဟေလ်ဒါ၊ ဗိုလ်မှူးကြီး အော်စတာနှင့် အခြား ဟစ်တလာဆန့်ကျင်ရေး ဂိုဏ်းသားများအား ပြသခဲ့သည်။ ဟစ်တလာ ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပါဝင်သော ဂျာမန်တပ်မတော် ထောက်လှမ်းရေး ဌာနချုပ်မှ တာဝန်ခံဗိုလ်ကြီး ကင်နာရစ္စ သည် ဗွန်ကလိုက်စ် ယူဆောင်လာသော ချာချီ၏စာကို မိတ္တူနှစ်စောင်ကူး၍ တစ်စောင်ကို ဗိုလ်ချုပ်လက်ခ် လက်သို့ ပေးအပ်ခဲ့၍ ကျန်မိတ္တူတစ်စောင်ကိုမူ သူကိုယ်တိုင် လျှို့ဝှက်စွာ သိမ်းဆည်းထား ခဲ့သည်။ *မူရင်းစာကိုမူ ဗွန်ကလိုက်စ်က ဂျာမနီမြောက်ပိုင်း ပွန်မာနီယာပြည်နယ် ကျေးလက်ဒေသရှိ မိမိ၏နေအိမ်ကလေးတွင် အမှတ်တရသိမ်းဆည်းထားခဲ့သည်။

---

*၁၉၄၄ ခု ဂျူလိုင်လ ၂၀ ရက်နေ့တွင် ဟစ်တလာအား လုပ်ကြံမှုဖြစ်ပွားပြီး နောက် ဂျာမန်ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များသည် ထိုစာကို တွေ့ရှိသွားကြ၍ ဗွန်ကလိုက်မှာ ဗိုလ်ချုပ်အဆင့်သို့ ရောက်နေပြီဖြစ်သည်။ သူ့သားဖြစ်သူ ဟိန်းရစ်ခ် လည်း ဂျာမန်တပ်မတော်မှ အရာရှိတစ်ဦးဖြစ်၍ ဟစ်တလာလုပ်ကြံမှုတွင်ပါဝင်သည်ဟု အသတ်ခံခဲ့ရသည်။

စာရေးသူ။



ဗိုလ်ချုပ်ဘတ်ခ် အမှူးပြုသော ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် … ချာချီထံမှစာအရ ဗြိတိသျှတို့က ဟစ်တလာကျူးကျော်ရေး စီမံကိန်းများကို … ပြင်းပြင်းထန်ထန် ကန့်ကွက်လိမ့်မည်ဟု အခိုင်အမာ ယူဆထားခဲ့ကြသည်။ … ဖြစ်ရာ ၎င်းတို့သည် မူလကကြိုတင်စီစဉ်ထားသည့် လျှို့ဝှက်အစီအစဉ်အတိုင်း ချက် … အတွင်းသို့ ဂျာမန်တပ်များ ကျူးကျော်ဝင်ရောက်ရန် အမိန့်ထုတ်ပြန်လိုက် … နှင့်တစ်ပြိုင်နက် ဟစ်တလာအား ဖမ်းဆီးကြရန် ဆက်လက်ပြင်ဆင်စိုင်းပြင်း … ကြသည်။

စက်တင်ဘာလ ၈ ရက်နေ့တွင် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားတစ်ဦး … သော ဂျာမန်စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ် စတူးလ်ပ်နဂဲလ်သည် စစ်ဦးစီးချုပ် … လ်ဒါ၏ တာဝန်ပေးချက်အရ စစ်ဆင်ရေးဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး … လ်နှင့် တွေ့ဆုံကာ ချက်နိုင်ငံတွင်းသို့ ဂျာမန်တပ်များ ချင်းနင်းဝင်ရောက် … မည့် 'အစိမ်းရောင်စစ်ဆင်ရေး'၏ နောက်ဆုံးအတည်ပြုအမိန့်ကို ငါးရက်ခန့် … တင်၍ အသိပေးရန် တင်ပြတိုက်တွန်းခဲ့သည်။ သို့သော် ဗိုလ်ချုပ်ကြီးဂျိုဒဲလ် … ရာသီဥတုအခြေအနေကို စိတ်မချရသဖြင့် ငါးရက်ကြိုတင်၍ အသိပေးနိုင်မည် … တ်ဘဲ နှစ်ရက်သာ ကြိုတင်၍ အသိပေးမည်ဖြစ်ကြောင်း အာမခံသွားခဲ့သည်။

ဟစ်တလာ ဆန့်ကျင်ရေးအဖွဲ့ခေါင်းဆောင်များသည် ယင်းအမိန့်ကို မူလ … ည်းက နှစ်ရက်ကြိုတင်၍ သိရလျှင် အချိန်လုံလောက်ပြီဟူ၍ အဖက်ဖက်က … ချက်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ ဟစ်တလာ၏ စစ်ဆင်ရေးအမိန့်များ … 'ကိုင်'နေရသည့် ဗိုလ်ချုပ်ကြီး ဂျိုဒဲလ်ကိုင်တိုင်က နှစ်ရက်ကြိုတင်၍ အသိပေး … ဖြစ်ကြောင်း ဂတိပေးသွားပြီဖြစ်ရာ ဤကိစ္စမှာ အစစအရာရာ ချောချောမော … ဖြစ်လိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်။

ထိုသို့ ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများက ချက်နိုင်ငံအရေးအခင်းကို … ကြောင်းပြု၍ ဟစ်တလာအား ရာထူးမှဖယ်ရှားပစ်ရန် လျှို့ဝှက်စွာ စီမံစိုင်းပြင်း … ကြသည့်အချိန်တွင် ဟစ်တလာကလည်း ဂျာမန်တပ်များ ချက်နိုင်ငံအတွင်းသို့ … ကျော်ဝင်ရောက်ခဲ့ပါက ဗြိတိန်နှင့် ပြင်သစ်တို့က မည်သို့မည်ပုံ ခြေလှမ်း … လာကြမည်ကို ကြိုတင်သိရှိနိုင်ရန် အစွမ်းကုန်ကြိုးပမ်းခဲ့သည်။ ယင်းကိစ္စနှင့် … ၍ ဗြိတိသျှနှင့် ပြင်သစ်အစိုးရ၏သဘောထားကို အတိအကျသိရှိရန် … နှင့် ပါရီရှိ ဂျာမန်သံအမတ်ကြီးများမှတစ်ဆင့် တိုက်ရိုက်သော်လည်း … ၊ သွယ်ဝိုက်၍သော်လည်းကောင်း စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့သည် … သို့ တစ်ဖက်မှ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ရင်း အခြားတစ်ဖက်မှ … မန် နည်းပရိယာယ်များကို အစွမ်းကုန် အသုံးချ၍ ချက်နိုင်ငံအရေးအခင်း … ဗြိတိန်နှင့် ပြင်သစ်တို့ လုံးဝပါဝင်စွက်ဖက်ခြင်းမပြုရန် ကြိုးပမ်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် ဗြိတိသျှခေါင်းဆော
ကြီး ချာချီထံမှ စာအရ ချက်နိုင်ငံအရေးအခင်းတွင် ဗြိတိန်နှင့် ပြင်သစ်တို့
လက်ပိုက်ကြည့်မနေဘဲ စစ်အင်အားကို အသုံးပြု၍ တားဆီးကန့်ကွက်ကြလိမ့်မ
ဟု **အခိုင်အမာ သိထား**ရသော်လည်း ဟစ်တလာကမူ ဗြိတိသျှ**ဝန်ကြီး**
ချိန်ဘာလိန်သည် ဤအရေးတွင် ဝင်ရောက်စွက်ဖက်ရန် လုံးဝမရည်ရွယ်ကြော
သိလာခဲ့ရသည်။ ထိုသို့ သိရှိခဲ့ရသည့်အလျောက် ဂျာမန်နိုင်ငံခြားရေးဝန်ကြ
ရစ်ဘင်ထရော့သည် နိုင်ငံခြားတိုင်းပြည်ကြီးများတွင် ရှိနေကြသည့် ဂျာမန်
အမတ်ကြီးများအား ဤကိစ္စကို လျှို့ဝှက်အကြောင်းကြားထားခဲ့သည်။

ဗြိတိန်နှင့်စပ်လျဉ်း၍ ဟစ်တလာ၏အမြင်ယူဆချက်နှင့် ကြိုးပမ်းချက်မ
မှာ မကြာမီ အကောင်အထည်ပေါ်လာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဗြိတိ
ဝန်ကြီးချုပ် ချိန်ဘာလိန်သည် ချက်နိုင်ငံအရေးအခင်းတွင် ဟစ်တလာ၏ ကျ
ကျော်ရေး စီမံကိန်းများကို ပြင်းပြင်းထန်ထန် ကန့်ကွက်ဟန့်တားရမည့်အ
ဟစ်တလာနှင့် ပြေလည်ရာ ပြေလည်ကြောင်း ဇေ့စပ်ဆွေးနွေးရန် ကြိုးစား
သောကြောင့်ဖြစ်သည်။

သို့ဖြင့် ချိန်ဘာလိန်သည် အသက် ၇၀ နီးပါးမျှရှိ၍ တစ်သက်နှင့်တစ်ကို
လေယာဉ်ပျံ တစ်ခါမျှမစီးဘူးပါဘဲလျက် အင်္ဂလန်မှ လေကြောင်းဖြင့် ၇ နာရီ
ပျံသန်းရသည့် ဂျာမနီနိုင်ငံအရှေ့ဘက်အစွန်အဖျားရှိ ဘာချက်စ်ဒင်မြို့ကလေး
စက်တင်ဘာလ ၁၅ ရက်နေ့က ရောက်ရှိလာပြီး ခေါင်းဆောင်ကြီး ဟစ်တလာ
ဆွေးနွေးခဲ့သည်။ ဟစ်တလာသည် ဗြိတိသျှတို့၏သဘောကို ခပ်စောစော
ကြိုတင်၍ ရိပ်မိနေခဲ့ရာ ယခုချိန်ဘာလင်နှင့် တွေ့ဆုံဆွေးနွေးရသောအခါ သူ
ထင်မြင်ယူဆချက်မှာ ပို၍အခိုင်အမာဖြစ်လာခဲ့သည်။

သို့သော် ဟစ်တလာသည် အဆိုပါဆွေးနွေးပွဲတွင် ချိန်ဘာလိန်၏ မေ
ရပ်ခံချက်အရ ၎င်းတို့နှစ်ဦး နောက်တစ်ကြိမ်ထပ်မံ၍မဆွေးနွေးရသေးမီ အခ
အတွင်း ချက်နိုင်ငံအား စစ်ရေးအရ ကျူးကျော်ဝင်ရောက်သိမ်းပိုက်ခြင်း မပြုလု
ဟူ၍ ကတိပေးခဲ့သည်။ ချိန်ဘာလိန်၏ အစီအစဉ်မှာ ယခုဟစ်တလာ
တွေ့ဆုံဆွေးနွေးပြီးနောက် ဤကိစ္စကို ဗြိတိသျှအစိုးရအဖွဲ့နှင့်လည်းကော
ပြင်သစ်အစိုးရနှင့်လည်းကောင်း ညှိနှိုင်းတိုင်ပင်ရန် ရှိနေသေးသည်။ သို့ဖြ
ဤတောအတွင်း ဟစ်တလာအား တစ်စုံတစ်ရာ ခြေလှမ်းလက်လှမ်းမပြုလုပ်
မေတ္တာရပ်ခံခဲ့ခြင်းဖြစ်သည်။

ချိန်ဘာလိန်၏မေတ္တာရပ်ခံချက်ကို ဟစ်တလာက ရှောရှောရှူရှူ လ
သဘောတူခဲ့သည်မှာလည်း သူ၏ကျူးကျော်ရေးအစီအစဉ်အရ ဂျာမန်တပ်မျ



အချိန်ယူ၍ စနစ်တကျ စုရုံးရန်ရှိနေသေးသောကြောင့်ပင်ဖြစ်သည်။ သို့ဖြစ်၍
နောက်တစ်ကြိမ် ချိန်ဘာလိန်နှင့်မတွေ့ရဘဲ ချက်နိုင်ငံအား **စစ်ရေးအရ ကျူးကျော်**
ဝင်ရောက်ခြင်းမပြုပါဟူ၍ ကတိပေးနေသည့်အချိန်အတန့်မှာပင် **ဟစ်တလာသည်**
ချက်နိုင်ငံ နယ်စပ်ဒေသတွင် ဂျာမန်တပ်များကို အလုံးအရင်းဖြင့် **စုရုံးလျက်**
ရှိနေခဲ့သည်။

စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဟစ်တလာ၏အမိန့်အရ အမှတ် ၂၊
အမှတ် ၈၊ အမှတ် ၁၀၊ အမှတ် ၁၄ နှင့် အမှတ် ၂၀ ဂျာမန်တပ်မတော်များ
သည် ဂျာမနီအရှေ့ပိုင်းနယ်စပ်တစ်လျှောက်တွင် အလုံးအရင်းဖြင့် စုရုံးလျက်
ရှိနေကြသည်။ အဆိုပါ ဂျာမန်တပ်မတော်ငါးခုတွင် ခြေလျင်တပ်မဟာပေါင်း
၃၆ ခုနှင့် သံချပ်ကာကား တပ် ၃ ခုပါဝင်သည်အထိ အင်အားကြီးမားခဲ့သည်။

ထို့နောက် စက်တင်ဘာ ၂၂ ရက်နေ့တွင် ချိန်ဘာလိန်သည် ဟစ်တလာနှင့်
ဒုတိယအကြိမ် လာရောက်တွေ့ဆုံခဲ့သည်။ ဤအကြိမ်တွင်မူ ချက်နိုင်ငံအရေး
အခင်းနှင့်စပ်လျဉ်း၍ ဗြိတိန်နှင့် ပြင်သစ်တို့၏ သဘောထားမှာ ပို၍ထင်ရှားလာ
ခဲ့သည်။

ချိန်ဘာလိန်သည် အာဏာရှင်ကြီး ဟစ်တလာနှင့် ဒုတိယအကြိမ်တွေ့ဆုံ
ရာ၌ ချက်နိုင်ငံအား ကျူးကျော်ဝင်ရောက်မည့် ဂျာမန်တို့၏ ခြေလှမ်းကို တားဆီး
နှိုက်ချိုးပစ်ရမည့်အစား ချက်နိုင်ငံအတွင်းမှ ဂျာမန်တို့အလိုရှိသော ဆူဒီတန်နယ်
ကလေးကို ဟစ်တလာလက်သို့ တရားဝင်ထိုးအပ်ရန် လိုအပ်သော အစီအစဉ်များ
ကိုပင် တစ်ပါတည်းယူဆောင်လာခဲ့သည်။ ထိုသို့ ဟစ်တလာ အလိုရှိသမျှ
တစ်ခုမကျန် လိုက်လိုက်လျောလျော ပေးအပ်ရန်အတွက်လည်း ချိန်ဘာလိန်သည်
ဗြိတိသျှနှင့် ပြင်သစ်အစိုးရတို့ကိုသာမက ကာယကံရှင်ဖြစ်သော ချက်အစိုးရကို
ပင် အတန်တန်ဖျောင်းဖျနားချခဲ့ပြီးဖြစ်သည်။

သို့သော် ဥရောပတိုက်တွင် ဗြိတိန်နှင့် ပြင်သစ်တို့၏ ဩဇာအာဏာကို
'ခဝါချ' ပစ်လိုသည့် ရည်ရွယ်ချက်နှင့် ခေါင်းမာလှသော ချက်အစိုးရကို မှတ်
လောက်သားလောက်အောင် 'ဆုံးမ'လိုသည့်ဆန္ဒများ ကြီးကြီးမားမားရှိနေသည့်
ဟစ်တလာသည် ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်က အသာတကြည်ပေးအပ်မည့်
သော ချက်နိုင်ငံအတွင်းမှ ဆူဒီတန်နယ်ကလေးကို ဂျာမန်ပိုင်နက်အဖြစ်
တကူ တရားဝင်လွှဲပြောင်းမယူလိုဘဲ စစ်အင်အားဖြင့် ကျူးကျော်သိမ်းပိုက်
ကျူးနပ်နိုင်မည်ဟု 'တင်း'ခံနေခဲ့သည်။ အကယ်၍ တစ်စုံတစ်ရာ လ
ပြဿနာဖြစ်ပွားမှုများကို ရှောင်ရှားလိုပါက အဆိုပါဆူဒီတန်
ချက်စစ်တပ်များနှင့် ပုလိပ်များအပါအဝင် ချက်အမျိုးသား**သည်** **အောက်တို**

www.burmeseclassic.com

www.burmeseclassic.com



ဘာလ ၁ ရက်နေ့ကို နောက်ဆုံးထား၍ ဖယ်ရှားပြောင်းရွှေ့ပေးကြရမည်ဟူ၍ ဟစ်တလာက ချိန်ဘာလိန်အား ရာဇသံပေးခဲ့သည်။ သို့ဖြင့် ချိန်ဘာလိန်သည် ဟစ်တလာထံမှ မျက်နှာကောင်းမရဘဲ ရာဇသံကိုသာပိုက်၍ လန်ဒန်သို့ပြန်သွားခဲ့ရရှာသည်။

ဟစ်တလာသည် ချိန်ဘာလိန်ထံပေးလိုက်သည့် ရာဇသံတွင် မူလက 'စက်တင်ဘာလ ၂၆ ရက်နေ့နောက်ဆုံး' ထား၍ ဆူဒီတန်နယ်မှ ချက်တို့ဆုတ်ခွာပေးရမည်ဟု ပါရှိခဲ့သည်။ သို့သော် ချိန်ဘာလိန်အား လိုက်လျောသက်ညှာသည့်အနေဖြင့် 'အောက်တိုဘာလ ၁ ရက်နေ့နောက်ဆုံး'ဟူ၍ မူရင်းရာဇသံစာရွက်ပေါ်မှ နေ့စွဲကို သူကိုယ်တိုင် ခဲတံဖြင့်ပြင်ရေးပေးလိုက်သည်။ ဤသည်မှာ ဂျာမနီခေါင်းဆောင်ကြီးက ဗြိတိသျှဝန်ကြီးချုပ်အား လူပေါ်လူဇော်လုပ်ကိုင်ခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ချက်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်မည့် 'အစိမ်းရောင်စစ်ဆင်ရေး' ကို အောက်တိုဘာလ ၁ ရက်နေ့တွင် လက်တွေ့အကောင်အထည်ဖော်ရန် ချိန်ဘာလိန်နှင့် မတွေ့မီကပင် အတိအကျဆုံးဖြတ်ခဲ့ပြီးဖြစ်သောကြောင့်တည်း။

ဤအတောအတွင်း ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် အခြေအနေအရပ်ရပ်ကို စောင့်၍ အကဲခတ်နေကြသည်။ ၎င်းတို့အနက် စစ်ဦးချုပ်ဗိုလ်ချုပ်ဟောလ်ဒါ၊ သတင်းထောက်လှမ်းရေးဌာနတာဝန်ခံ ရေတပ်ဗိုလ်ချုပ်ကြီးကင်နာရစ္စနှင့် သူ့လက်အောက်မှ ဗိုလ်မှူးကြီး အော်စကာတို့သည် ဟစ်တလာ၏ အစီအစဉ်နှင့် လှုပ်ရှားမှုများကို မျက်ခြေမပြတ်စောင့်ကြည့်နေခဲ့ကြသည်။ သို့သော် ဟစ်တလာ၏ ကျူးကျော်ရေးစီမံကိန်းများ တစ်နေ့တခြား ပေါ်လွင်ထင်ရှား၍ အရေးကြီးလာသလောက် ဗြိတိန်နှင့် ပြင်သစ်တို့၏ သဘောထားမှာ အားရစရာမကောင်းဘဲ ဖြစ်နေသည်ကို တွေ့ရ၍ စိတ်ပျက်မိကြသည်။

ဘာလင်စစ်နယ်မြေကို အုပ်ချုပ်နေရသော ဗိုလ်ချုပ်စစ်ဗိုလ်ဘင်း သည်လည်း ဗြိတိန်နှင့် ပြင်သစ်တို့၏ ခြေလှမ်းများကို အကြီးအကျယ်သံသယဖြစ်လာခဲ့သည်။ အထူးသဖြင့် သူလေ့လာခန့်မှန်းကြည့်ရသလောက် ဗြိတိသျှအစိုးရနှင့် ပြင်သစ်အစိုးရတို့သည် ချက်နိုင်ငံအရေးနှင့်ပတ်သက်၍ ဟစ်တလာအား 'ဘေးမဲ့လွှတ်' ထားကြလိမ့်မည်ဟု ထင်နေမိသည်။ သူ့ထင်မြင်ချက်ကို ဗိုလ်ချုပ်အတော်များများကလည်း လက်ခံသဘောတူကြသည်။

အကယ်၍ ဤအတိုင်းစကန်တကယ်မှန်ပါက ဟစ်တလာအား ဖယ်ရှားပစ်ရန်အတွက် လက်တွေ့အကောင်အထည်ဖော်ရေးမှာ မလွယ်ကူလှကြောင်း တွေ့ရှိသည်။ သူတို့သည် ဟစ်တလာအား စစ်ကြီးဖြစ်ပွားအောင် မီးမွှေးနေသူတစ်



ယောက်အဖြစ်လည်းကောင်း၊ ထိုမှတစ်ဆင့် ထိုစစ်ကြီးတွင် ဂျာမနီနိုင်ငံကြီးအား ရှုံးနိမ့်ပြိုလဲအောင် လုပ်ဆောင်နေသူတစ်ယောက်အဖြစ်လည်းကောင်း စွပ်စွဲချက်တင်၍ ဖယ်ရှားပစ်ရန် စီမံစိုင်းပြင်းခဲ့ကြခြင်းဖြစ်သည်။ အကယ်၍သာ ဗြိတိန်နှင့်ပြင်သစ်တို့က ဟစ်တလာ၏ ကျူးကျော်ရေးစီမံကိန်းများကို စစ်ဆင်အားဖြင့် တားဆီးအရေးယူခြင်းမပြုကြဘဲ၊ ဟစ်တလာအလိုကျ ချိန်ဘာလိန်က အစစအရာရာ ပေးအပ်လိုက်လျောနေပါက ဟစ်တလာအား ဖမ်းဆီး၍ စွဲချက်တင်ရန်နှင့် ရာထူးမှ ဖယ်ရှားပစ်ရန် လုံလောက်သော အကြောင်းပြချက်မရှိတော့ဘဲ ဖြစ်နေမည်မဟုတ်ပါလော။

ဤအတောအတွင်း ဂျာမန်နိုင်ငံခြားရေးဌာနမှ ဟစ်တလာဆန့်ကျင်ရေးသမားတစ်ဦးဖြစ်သော ကော့ဒ် ဆိုသူထံမှ စက်တင်ဘာလ ၁၃ ရက်နေ့ညတွင် သတင်းတစ်ခုရောက်လာခဲ့သည်။ ထိုသတင်းမှာ ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်သည် 'ချက်နိုင်ငံအရေးအခင်းကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးအတွက် ဟစ်တလာနှင့်တွေ့ဆုံဆွေးနွေးရန် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဂျာမနီသို့လာရောက်ရမည်' ဟူသော သတင်းပင်ဖြစ်သည်။ ဗြိတိသျှအစိုးရက ဟစ်တလာ၏ ကျူးကျော်ရေးစီမံကိန်းကို တင်းတင်းမာမာ ပြတ်ပြတ်သားသား တားဆီးကန့်ကွက်လိမ့်မည်ဟူ၍ မျှော်လင့်ကြည့်ယူဆနေကြသည့် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများမှာ အထက်ပါသတင်းကြောင့် တုန်လှုပ်ချောက်ချားသွားမိကြသည်။ အထူးသဖြင့် သူတို့သည် ဟစ်တလာအား ဤရက်ပိုင်းအတွင်း ဖမ်းဆီးကြရန် အစစအရာရာ စီစဉ်ထားကြပြီးဖြစ်နေရာ အဆိုပါသတင်းကြောင့် အစီအစဉ်များအားလုံး ကမောက်ကမဖြစ်ရတော့သည်။

မူလအစီအစဉ်အရ ဟစ်တလာသည် နူရင်ဘတ်မြို့တွင် ပြုလုပ်သည့် ပါတီအင်အားပြပွဲသို့ တက်ရောက်ပြီး စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဘာလင်သို့ ပြန်ရောက်မည်ဖြစ်သည်။ သို့ရောက်လာပါက ထိုနေ့သို့မဟုတ် နောက်တစ်နေ့ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဟစ်တလာအား ဖမ်းဆီး၍ ရာထူးမှဖယ်ရှားကြရန် ဗိုလ်ချုပ်ဘတ်ခ်နှင့် သူ့ဂိုဏ်းသားများက စီစဉ်ထားကြသည်။ သို့သော် ဟစ်တလာသည် နောက်ဆုံးပေါ်ပေါက်လာသည့် အခြေအနေအရ စက်တင်ဘာလ ၁၄ ရက်နေ့တွင် နူရင်ဘတ်မြို့မှ ဘာလင်သို့ ပြန်မလာတော့ဘဲ ချိန်ဘာလိန်နှင့် တွေ့ဆုံရန် မြူနစ်မြို့သို့ ထွက်ခွာသွားခဲ့သည်။ သို့နှင့်ပင် ဟစ်တလာဆန့်ကျင်ရေးသမားများ၏ အစီအစဉ်မှာ ပျက်ပြားသွားခဲ့ရသည်။

"ဗြိတိသျှဝန်ကြီးချုပ်က 'ကမ္ဘာ့ငြိမ်းချမ်းရေး' အတွက် ဟစ်တလာနဲ့ တွေ့ဆုံဆွေးနွေးဖို့လာနေတဲ့ အခိုက်အတန့်မှာ ကျွန်တော်က ဟစ်တလာကို ဖမ်းပြီး

www.burmeseclassic.com

www.burmeseclassic.com



"ရာထူးကဖြုတ်ချဖို့လုပ်ရမယ်ဆိုတာ တော်တော်ခက်ကျတဲ့ကိစ္စပဲ"ဟူ၍ အထက်ဖော်ပြ ဝါနိုင်ငံရေးရုံးမှ ကော့ဒ်ဆိုသူက စိတ်ပျက်လက်ပျက်ဖြင့် ညည်းညည်းညူညူ ပြောရှာသည်။

သို့သော် စက်တင်ဘာလ ၁၅ ရက်နေ့ညနေပိုင်းတွင် ဟစ်တလာ၏ စကားပြန် ဒေါက်တာချဲမစ်ထံမှ သတင်းတစ်ခုရောက်လာပြန်သည်။ ချဲမစ်သည် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားတစ်ဦးပင်ဖြစ်၍ သူသည် ဟစ်တလာနှင့် ချိန်ဘာလိန်တို့ တွေ့ဆုံဆွေးနွေးကြရာတွင် စကားပြန်အဖြစ် ဆောင်ရွက်ခဲ့ရသူဖြစ်သည်။ သူ့ထံမှ သတင်းအရ ဟစ်တလာသည် ချိန်ဘာလိန်နှင့်တွေ့ဆုံရာ ချက်ကိုစလိုဗက်ကီးယားတစ်နိုင်ငံလုံးကို သိမ်းပိုက်ရန် ဆုံးဖြတ်ချက်ချထားခဲ့ပြီး ဖြစ်သဖြင့် ချိန်ဘာလိန်အား မဖြစ်နိုင်သည့် တောင်းဆိုချက်များကို တစ်ခုပြီးတစ်ခု တင်ပြတောင်းဆိုခဲ့သည်ဟု သိရသည်။

ဤတွင်မှ ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် ဟစ်တလာနှင့် ချိန်ဘာလိန်တို့ ဆွေးနွေးပွဲ မအောင်မြင်သည့်အတွက် စိတ်ဓာတ်တစ်ဖန်တက်လာ ပြန်သည်။

ယင်းသို့ ဟစ်တလာ၊ ချိန်ဘာလိန်ဆွေးနွေးပွဲ မအောင်မြင်ဘဲဖြစ်သွားသည် ဟူသော စကားပြန်ချဲမစ်ထံမှ သတင်းကို ကော့ဒ်ကတစ်ဆင့် ဗိုလ်မှူးကြီးအော်စတာထံ အကြောင်းကြားလိုက်သည်။ ကော့ဒ်နှင့် ဗိုလ်မှူးကြီးအော်စတာတို့သည် ထိုနေ့ညနေဘက်တွင် တွေ့ဆုံ၍ ထိုသတင်းအရ မူလအစီအစဉ်အတိုင်း ဟစ်တလာ ဘာလင်သို့ ပြန်ရောက်လျှင်ရောက်ခြင်း ဖမ်းဆီးကြရန် ဆက်လက်ပြင်ဆင် စိုင်းပြင်းခဲ့ကြသည်။ 'ဒါပေမဲ့ ပထမဆုံး လိုအပ်ချက်က ကျုပ်တို့လိုချင်တဲ့ ငှက်ဟာ ဘာလင်' 'လှောင်ချိုင့်'ထဲ ပြန်ရောက်လာဖို့ အရေးကြီးတယ်'ဟု ဗိုလ်မှူးကြီးအော်စတာက ကော့ဒ်အား ပြောလိုက်သေးသည်။

ဗိုလ်မှူးကြီး အော်စတာအလိုရှိနေသော 'ငှက်'သည် စက်တင်ဘာ ၂… ရက်နေ့တွင် 'လှောင်ချိုင့်'ရှိရာသို့ ပြန်ရောက်လာခဲ့သည်။ ထို့နောက် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဘာလင်မြို့ အားကစားကွင်းကြီး၌ လူထုအစည်းအဝေးကြီးတစ်ရပ် ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးကြီးတွင် ချိန်ဘာလိန်နှင့် ဆွေးနွေးခဲ့ပုံများကို ပြန်လည်တင်ပြရင်း ဟစ်တလာသည် ချက်နိုင်ငံအား ဝင်ရောက်သိမ်းပိုက်ရန်အတွက် ယတိပြတ် ဆုံးဖြတ်ချက်ချပြီးဖြစ်ကြောင်း အတိအလင်း ကြေညာခဲ့သည်။ သို့ကြေညာခဲ့သည့်အတိုင်း နောက်တစ်နေ့ စက်တင်ဘာလ ၂၇ ရက်နေ့တွင် 'အစိမ်းရောင်စစ်ဆင် ရေး' ကို အကောင်အထည်ဖော်ရန်



အတွက် စက်တင်ဘာ ၃၀ ရက်နေ့ကို သတ်မှတ်လိုက်ကြောင်း အမိန့်ထုတ်ပြန် လိုက်သည်။

ချက်နိုင်ငံအား ဝင်ရောက်သိမ်းပိုက်မည့် နောက်ဆုံးအမိန့်ထွက်လာပြီဖြစ် ရာ ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် ထိုနေ့မှာပင် အရေးတကြီးတွေ့ဆုံ၍ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဟစ်တလာအား ဖမ်းဆီးကြရန် အပြတ်စီစဉ်ကြသည်။

စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဘာလင်စစ်မြေပြင်တပ်မှူးကြီး ဝစ်ဇ်လဘင်း၏ အကြံပေးချက်အရ ဗိုလ်ချုပ်ဟောလ်ဒါသည် ကြည်းတပ်ဆိုင်ရာ စစ်သေနာပတိဖြစ်သည့် ဗိုလ်ချုပ်ကြီး ဘရောချစ်အား ဤပုန်ကန်မှုကြီးကို ဦးဆောင်ရန် သွားရောက်တိုက်တွန်းခဲ့သည်။ ဗိုလ်ချုပ်ကြီး ဘရောချစ်ကလည်း ဟစ်တလာ၏ အန္တရာယ်များလှသော စစ်ရေးစွန့်စားမှုကြီးကို မကျေနပ်သည့်အလျောက် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများနှင့် ပူးပေါင်းပါဝင်ရန် သဘောတူလက်ခံလိုက် သည်။

သို့ဖြင့် ဟစ်တလာအား ဖမ်းဆီးရန် သတ်မှတ်ထားသည့် စက်တင်ဘာ ၂၉ ရက်နေ့သို့ ရောက်လာခဲ့သည်။ သို့သော် ထိုနေ့တွင် ဟစ်တလာမှာ အဖမ်းခံရရုံမျှမက ခလုတ်မထိဆူးမငြိဘဲ ကျန်းမာပကတိ ချမ်းသာစွာရှိခဲ့သည်။

အဘယ့်ကြောင့်ပါနည်း…?

အဘယ့်ကြောင့်ဆိုသော် ငြိမ်းချမ်းရေးသမားကြီးဖြစ်သော ချိန်ဘာလိန်၏ 'ကုသိုလ်ကောင်းမှု'ကြောင့် ဂျာမန်ခေါင်းဆောင်ကြီး ဟစ်တလာသည် ဒုတိယ ကမ္ဘာစစ်နှင့်ပတ်သက်သည့် သမိုင်းဝင်ဖြစ်ရပ်များအနက် ထင်ရှားကျော်ကြား သလောက် အရေးပါအရာရောက်လှသည့် 'မြူးနစ်စာချုပ်'ကို ချုပ်ဆိုရန် ထိုနေ့ ဆိုရက်က မြူးနစ်မြို့သို့ ရောက်ရှိနေသောကြောင့်တည်း…။

မှန်သည်၊ ခေါင်းဆောင်ကြီးဟစ်တလာအား စစ်မီးမွေးသူ၊ ဂျာမဏီနိုင်ငံ ကြီး ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်သူအဖြစ် ဖမ်းဆီးအရေးယူ၍ ရာထူးမှ ဖယ်ရှားပစ်ကြရန် ကြံစည်ခဲ့ကြသော ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများ၏ အကြံအစည်မှာ မြူးနစ်စာချုပ်ကြောင့် ပျက်ပြားခဲ့ရသည်။ ဤမြူးနစ်စာချုပ်ဖြင့် ချက်နိုင်ငံကလေးအား ဟစ်တလာထံ ရောင်းစားခဲ့သည့် ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်ကြောင့် ဟစ်တလာဆန့်ကျင်ရေးပုန်ကန်မှုမှာ ရေစုန်မျောခဲ့ရသည်။

'ကျွန်တော်တို့ဟာ အဲဒီတုန်းက ဂျာမန်ဝန်ကြီးချုပ်အိမ်နဲ့ ရုံးအဆောက် အဦးတွေကို စစ်တပ်နဲ့ဝိုင်းပြီး သိမ်းဖို့စီစဉ်ခဲ့ကြတယ်။ အဲဒီအထဲမှာ… ပါတီဝင်တွေနဲ့ ဟစ်တလာကို လိုက်လိုက်လံလံ…

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်နေကြတဲ့ ဝန်ကြီးဌာနတွေကို သိမ်းဖို့စီစဉ်ခဲ့ကြပါတယ်။ ဒီဝ... သိမ်းတဲ့နေရာမှာလည်း သွေးထွက်သံယိုမဖြစ်အောင် လုပ်ဖို့ရည်ရွယ်... ကြပါတယ်။ ပြီးတော့မှ ဒီလူစုကို ဂျာမန်တစ်မျိုးသားလုံးရဲ့ရှေ့မှာ စစ်ဆေ... ပြီး အပြစ်ပေးဖို့ပါပဲ...'

'အဲဒီနေ့က (စက်တင်ဘာ ၂၈) မွန်းတည့်ချိန်လောက်မှာ ဝစ်ဇဲလ်ဘင်... ဟာ ကျွန်တော့်ရုံးခန်းကို ရောက်လာပါတယ်။ သူနဲ့ကျွန်တော်နဲ့ အဲဒီကိ... ကိုပဲ ဆွေးနွေးကြပါတယ်။ သူက ပုန်ကန်ဖို့ အမိန့်ပေးပါတော့... ကျွန်တော့်ကို တောင်းဆိုပါတယ်။ ကျွန်တော်ဟာ အခြားလုပ်ငန်း အ... အစဉ်တွေလဲ အသေးစိတ်ဆွေးနွေးကြပါသေးတယ်။ ဆွေးနွေးတဲ့အထဲမှ... သူ့အတွက် အချိန်ဘယ်လောက်ယူရမည်စသည်ဖြင့် ပါပါတယ်။ ဒီဝ... ဆွေးနွေးနေကြတုန်းမှာပဲ ဗြိတိသျှဝန်ကြီးချုပ်နဲ့ ပြင်သစ်ဝန်ကြီးချုပ်ဟာ... ဟစ်တလာနဲ့ နောက်ထပ်ဆွေးနွေးရအောင် လာကြဖို့ သဘောတူလိုက်... ကြပြီဆိုတဲ့သတင်း ရောက်လာပါတယ်။ ဒီသတင်းရောက်လာတာဟာ... ဝစ်ဇဲလ်ဘင်း ရှေ့မှာပဲဖြစ်ပါတယ်။ ဒါနဲ့ ကျွန်တော်လဲ ပုန်ကန်ဖို့အမိန့်... ပြန်ပြီးရုပ်သိမ်းလိုက်ရပါတယ်။ အဲဒီသတင်းကြောင့် ပုန်ကန်ဖို့အစြေ... တစ်ခုလုံးဟာ ရေစုန်မျောခဲ့ရပါတယ်'

'တကယ်လို့ ပုန်ကန်မှုသာ ဖြစ်ပွားရန် မုချအောင်မြင်မယ်ဆိုတ... ကျွန်တော်တို့ သေချာပေါက်ယုံကြည်ပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာ... မစွတာချိန်ဘာလိန်ရောက်လာပြီး စစ်ဖြစ်မည့်အန္တရာယ်ဟာ တစ်ချီထဲ... လွှဲသွားတာပါပဲ။'

(ဂျာမန် တတိယနိုင်ငံတော်ကြီး၏ အတက်နှင့်အ...
စာမျက်နှာ ၅၀...

စစ်ကြီးပြီးဆုံးခဲ့သည့်နောက် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့... နျူရင်ဘတ် စစ်ခုံရုံးတွင် ဂျာမန်စစ်ရာဇဝတ်ကောင်များအား စစ်ဆေးခဲ့ရာ... ဗိုလ်ချုပ်ဟေလ်ဒါက အထက်ပါအတိုင်း အစစ်ခံခဲ့သည်။

ဗိုလ်ချုပ်ဟေလ်ဒါကဲ့သို့ပင် ထိုစဉ်က ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှား... များတွင်ပါဝင်ခဲ့ကြပြီး စစ်ကြီးအတွင်းက မသေမပျောက် ကျန်ခဲ့ကြသည့် ဂျာ... စစ်ဗိုလ်များနှင့် အရပ်သားများက ၁၉၃၈ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့... ဟစ်တလာအား ပုန်ကန်ကြမည့်အစီအစဉ်များ ပျက်ပြားခဲ့ရခြင်းသည် မြူနစ်စာချု...



...ဖန်တီးထုတ်ဖော်ခဲ့သည့် ချိန်ဘာလိန်ကြောင့်ဟူ၍ **တညီတညွတ်တည်း** ...စွဲခဲ့ကြသည်။

ယင်းစွပ်စွဲချက်သည် မှန်ချင်လည်းမှန်ပေလိမ့်မည်။ **မှားချင်လည်း မှားပေ**...လိမ့်မည်။ အမှန်အမှားကို ခိုင်လုံသော အထောက်အထား အကိုး**အကားများဖြင့်** ...ဆန်းစစ်ကြည့်ရန်မှာ သမိုင်းသုတေသီတို့၏ အလုပ်တာဝန်ပင်**ဖြစ်သည်။** ...မှုမက သမိုင်းကြောင်း၏ အပြောင်းအလဲများကို အချက်အလက်**အခြေခံဖြင့်** ...ခါမြော်မြင် စိတ်ကူးယဉ်တတ်သူများအတွက် အကယ်၍သာ ထိုစဉ်ထို**အခါ** ...ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများက ဟစ်တလာအား တော်လှန်ပုန်**ကန်၍** ...ထုတ်မှ ဖယ်ရှားပစ်နိုင်ခဲ့ကြပါက ၁၉၃၈ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်**နေ့** ...နောက်ပိုင်းတွင် ဂျာမနီအပါအဝင် ဥရောပတစ်တိုက်လုံးနှင့်တကွ ကမ္ဘာ**နိုင်ငံ** ...အားလုံးတို့တွင် မည်သို့မည်ပုံ ဖြစ်ပျက်လာမည်ကိုပါ ရော်ရမ်းမှန်းဆနိုင်ကြ**သည်။**

သို့သော် မှန်သည် မှားသည်ကို အငြင်းပွားစရာမလိုသကဲ့သို့ စိတ်ကူး**ဖြင့်** ...မှန်းဆရော်ရမ်းစရာမလိုသည့် အဖြစ်အပျက်တစ်ခုသည် ထိုရက် ထိုအခါ**က** ...အချက်အလက်ခိုင်မာစွာဖြင့် ပေါ်ပေါက်ခဲ့သည်။ ဖြစ်ပွားခဲ့သည်။ ယင်း**အချက်** ...အလက်ကား အခြားမဟုတ်၊ ဂျာမနီမှ ဟစ်တလာဆန့်ကျင်ရေးသမားများ**သည်** ...ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ တစ်နှစ်ခန့်အလို ၁၉၃၈ ခုနှစ်၊ စက်တင်ဘာလ**အတွင်း** ...ခေါင်းဆောင်ကြီးဟစ်တလာအား ဖမ်းဆီးစစ်ဆေး အပြစ်ပေးရန် ပထမအ**ကြိမ်** ...ရှိရှိ၀ှက်စွာ ကြံစည်ကြိုးပမ်းခဲ့ကြသည်ဟူသော အဖြစ်အပျက်ပင်ဖြစ်**သည်။**

ယင်းအဖြစ်အပျက်သည် ရော်ရမ်းမှန်းဆချက်မဟုတ်၊ အငြင်းပွားစရာမလို...သည့် တကယ့်အဖြစ်မှန်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဟစ်တလာ၏ လေယာဉ်ပေါ်မှ
## ဘရင်ဒီနှစ်ပုလင်း

ည၏အမှောင်ထုအတွင်း မည်းနက်သော မိုးသားတိမ်တိုက်များအကြားမှ လေယာဉ် စက်သံများသည် ကောင်းကင်ယံတစ်ခုလုံး မိုးချုန်းသကဲ့သို့ အဆက်မပြတ် မည်ဟည်းထွက်ပေါ်နေပေသည်။

မြေပြင်မှနေ၍ ရုတ်တရက် ကြည့်လိုက်မည်ဆိုပါက နက်ပြာရောင် မိုးကောင်းကင်တွင် တလက်လက်တောက်ပနေကြသည့် ကြယ်ပွင့်ကလေးများဟု မှုချထင်မှတ်မှားကြမည်ဖြစ်သည်။ သို့သော် အခြားသောကြယ်ပွင့်ကလေးများနှင့် မတူဘဲ အသေအချာ ဂရုတစိုက်ကြည့်ပါမှ မသိမသာ တရွေ့ရွေ့လှုပ်ရှားနေ ကြသည်ကို တွေ့မြင်နေရသဖြင့် လေယာဉ်တောင်ပံနှင့် အမြီးပိုင်းများမှ အချက်ပြ မီးရောင်ကလေးများဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကြီးမားပြင်းထန်သလောက် ဆူညံလှသည့် စက်သံများကို ကြားနေရခြင်းဖြင့်လည်းကောင်း၊ တရွေ့ရွေ့လှုပ်ရှား နေသည့် အချက်ပြမီးကလေးများ၏ အရေအတွက်ကို ကြည့်ရခြင်းအားဖြင့်လည်း ကောင်း၊ လေယာဉ်မှာ တစ်စင်းတည်းမဟုတ်ဘဲ အုပ်စုဖြင့်ဖွဲ့၍ ပျံသန်းနေ ကြောင်း အသေအချာပြောနိုင်သည်။

အကယ်၍သာ ထိုသို့မြေပြင်မှမဟုတ်ဘဲ ကောင်းကင်မှနေ၍ အနီးကပ် လှေလာကြည့်ခွင့်ရမည်ဆိုပါက မည်းနက်သောမိုးသားတိမ်တိုက်များအကြား ည၏ အမှောင်ထုကို ဖောက်ထွင်းပျံသန်းနေကြသော ဤလေယာဉ်များမှာ စုစုပေါင်း ငါးစင်းတိတိရှိ၍ ဤငါးစင်းအနက် အမျိုးအစားချင်း ကိုယ်ထည်ချင်းတူသည့် လေယာဉ်လေးစင်းသည် အမျိုးအစားနှင့် ကိုယ်ထည်ချင်းမတူသည့် အခြားလေ ယာဉ်တစ်စင်းကို ဝိုင်းရံ၍ပျံသန်းလိုက်ပါလာကြသည်ကို အထင်အရှားတွေ့မြင် ကြရမည်ဖြစ်သည်။ ထိုနေ့ ထိုရက်မှာ ၁၉၄၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ဖြစ်၍ အချိန်မှာ ညဦးယံအချိန်ပင်ဖြစ်သည်။ ထိုနေရာမှာ ရုရှားနိုင်ငံအရှေ့ပိုင်း စမိုလင် မြို့၏ အရှေ့ဘက်ကောင်းကင်ယံတွင်ဖြစ်၍ ဤလေယာဉ်ငါးစင်းစလုံးသည် အရှေ့တောင်ခပ်ယွန်းယွန်းသို့ ဦးတည်ပျံသန်းနေကြခြင်းဖြစ်သည်။ လေယာဉ် ငါးစင်းအနက် မလှမ်းမကမ်း လေးဘက်လေးတန်မှ ဝိုင်းရံလိုက်ပါလာကြသော လေယာဉ်လေးစင်းမှာ စက်သေနတ်နှင့် စက်အမြောက်များတပ်ဆင်ထားကြသည့် စက်ခေါင်းနှစ်လုံးတပ် တိုက်လေယာဉ်များဖြစ်ကြ၍ အလယ်မှာ ရှိးရှိးစက်ခေါင်



လေးလုံးတပ် လူစီးလေယာဉ်ကြီးတစ်စင်းဖြစ်သည်။ လေယာဉ်အားလုံး၏ကိုယ် ထည်များတွင် ရေးခြယ်ထားသည့် အဖြူနှားကွပ်ထားသော အနက်ရောင်ကြက်ခြေ ခတ် အမှတ်တံဆိပ်များကို ကြည့်ရခြင်းအားဖြင့် ဤလေယာဉ်များသည် ဂျာမန် လေယာဉ်များဖြစ်ကြောင်း သိသာနိုင်သည်။

ထိုညက မည်းမှောင်လှသည့် တိမ်တိုက်များအကြား ယခုကဲ့သို့ ဂျာမန် တိုက်လေယာဉ်လေးစင်းတို့ ခြံရံ၍ စောင့်ရှောက်လာရအောင် အလယ်မှ လူစီး လေယာဉ်ကြီးပေါ်တွင် မည်သူမည်ဝါများ လိုက်ပါလာပါသနည်း။ ယင်းလူစီး လေယာဉ်ကြီးပေါ်တွင် လိုက်ပါလာသည့် ပုဂ္ဂိုလ်ကား အခြားသူမဟုတ်၊ ဂျာမနီ အာဏာရှင် နာဇီခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင်ပင်ဖြစ်သောကြောင့် သည်း။

မှန်သည်၊ ဟစ်တလာသည် တစ်နေ့တခြား သေရေးရှင်ရေးတမျှ အရေး ကြီးလာနေသော ရုရှားစစ်မြေပြင်ကို ကိုယ်တိုင်ကိုယ်ကျ လှေ့လာအကဲခတ်ရန် အတွက် ရှေ့တန်းစစ်အခြေစိုက်စခန်းရှိရာ စမိုလင့်မြို့သို့ ထိုနေ့နံနက်က သွား ရောက်ခဲ့ပြီး ညဘက်တွင် သူ၏ဌာနချုပ်ရှိရာ ပရပ်ရှားပြည်နယ် ရက်စတင်းဘတ် မြို့သို့ နေ့ချင်းပြန်လာခဲ့ခြင်းဖြစ်သည်။

စမိုလင့်မြို့တွင် တစ်နေ့လုံး စစ်မြေပြင်တပ်မှူးကြီးများနှင့် ဆွေးနွေးခဲ့ရသည့် အပြင် လိုအပ်သမျှ အသေးစိတ် စီစဉ်ညွှန်ကြားခဲ့ရသဖြင့် မောပန်းနွမ်းနယ်လာ သော ဟစ်တလာသည် ငြိမ့်ညောင်းစွာပျံသန်းနေသည့် သူ၏ကိုယ်ပိုင် အထူး လေယာဉ်ပေါ်တွင် အေးဆေးစွာ အနားယူရင်း လိုက်ပါလာခဲ့သည်။ လေယာဉ် ပေါ်တွင် ဟစ်တလာနှင့်အတူ သူ၏သက်တော်စောင့် ရှပ်နက်တပ်သားနှစ်ယောက် နှင့် ဗိုလ်မှူးကြီးဘရန့်ဆိုသူတို့ လိုက်ပါလာခဲ့သည်။

ဗိုလ်မှူးကြီးဘရန့်သည် ကြည်းတပ်မတော် စစ်ဦးစီးအဖွဲ့ဝင်တစ်ဦးဖြစ်၍ ဟစ်တလာနှင့်အတူ ဌာနချုပ်မှ လိုက်ပါလာခဲ့ပြီး ယခုအပြန်တွင်လည်း အတူပြန် လာခဲ့ခြင်းဖြစ်သည်။

အပြင် ကောင်းကင်ယံတစ်ဝိုက်တွင် လေယာဉ်ငါးစင်းမှ စက်သံများဖြင့် အမခံသာအောင် ဆူညံမည်ဟည်းနေသော်လည်း အသံလုံအောင် အထူးစီစဉ်ထား သည့် ဟစ်တလာ၏ လေယာဉ်ကိုယ်အတွင်းခန်းမှ စက်သံကိုကြားရသည်ဆိုရုံမျှ သာကသာ ကြားနေရသည်။ စက်သံမှ နားမငြီးရုံမျှမက လေယာဉ်ပေါ်တွင် လိုက်ပါလာသူများအား မိုန်းကောင်းရုံ ငိုက်၍ကောင်းရုံမျှ ညင်သာစွာကြားနေရ သည်။

ဟစ်တလာသည် ညင်သာသော စက်သံကို နားခံရင်း လေယာဉ်ပေါ်မထောက်

www.burmeseclassic.com

www.burmeseclassic.com



မီ စမိုလင့်မြို့အခြေစိုက်စခန်းတွင် အားရပါးရစားလာခဲ့သည့် ညစာ၏အရှိန်ဖြင့် မီးရောင်မှိန်မှိန်တွင်း ဓိမ်ကျကျမှိန်း၍ လိုက်လာခဲ့သည်။ ခပ်လှမ်းလှမ်းမှ သတ် တော်စောင့်တပ်သားနှစ်ယောက်မှာမူ တဖြည်းဖြည်း မျက်တောင်များစင်း၍ စင်း လာသဖြင့် တစ်ယောက်နှင့်တစ်ယောက် မသိမသာအပြန်အလှန် သတိပေးရင်း မျက်လုံးများကို အစွမ်းကုန်ဖြဲထားကြရသည်။

အခန်းထောင့်တစ်နေရာတွင်မူ ဗိုလ်မှူးကြီးဘရန့်သည် လေယာဉ်ကိုယ် ထည်နံရံမှ မီးလုံးကလေးများ၏ အလင်းရောင်ကိုအားပြုကာ ဖိုင်တွဲတစ်ခုအတွင်း မှ စာရွက်များကို တစ်ရွက်ချင်းလှန်၍ ဖတ်နေသည်။ သူ့ရှေ့ရှိသည့်တည် စားပွဲကလေးပေါ်တွင် ဖိုင်တွဲများ စာရွက်စာတမ်းများနှင့်အတူ လက်ဆွဲသားရေ အိတ်တစ်လုံးနှင့် စက္ကူပတ်ထားသည့် အထုတ်တစ်ထုပ်ကိုပါ တွေ့မြင်နေရသည်။

ခဏအကြာတွင် ဗိုလ်မှူးကြီးဘရန့်သည် သူဖတ်နေသောဖိုင်တွဲကို စား ပေါ်သို့ အသာတင်လိုက်ပြီး အနည်းငယ်ညောင်းလာဟန်ဖြင့် သူ့ကိုယ်ကို ကုလား ထိုင်နောက်မှီဖြင့် အားပြု၍ ခါးဆန့်လိုက်သည်။ ထို့နောက် သူသည် စားပွဲပေါ် ဖိုင်တွဲများနှင့် စာရွက်များကို လက်ဆွဲသားရေအိတ်အတွင်းသို့ ထည့်လိုက် သားရေအိတ်ကိုပိတ်ကာ သတိရဟန်ဖြင့် စားပွဲပေါ်မှအထုပ်ကို ဂရုတစိုက် ယူလိုက်ပြီး သားရေအိတ်နှင့်အတူယှဉ်၍ ကပ်ထားလိုက်သည်။

ဗိုလ်မှူးကြီးဘရန့်က ဂရုတစိုက်မယူလိုက်သည်ကိုထောက်ရှုခြင်းအားဖြ ထိုအထုပ်မှာ အထဲတွင် 'တစ်စုံတစ်ရာ အရေးကြီးသည့်ပစ္စည်းတစ်ခုသော်လည် ကောင်း၊ သို့မဟုတ် ကွဲရှတတ်သည့် ပစ္စည်းတစ်ခုသော်လည်းကောင်း ပါဟန်ရှိ သည်။ အထုပ်မှာ စက္ကူဖြင့်ပတ်ထား၍ အပေါ်မှကြိုးဖြင့် စည်းထားရုံမျှသာရှိ အထုပ်၏အပေါ်ပိုင်းမှ ပုံသဏ္ဌာန်ကိုကြည့်ရခြင်းအားဖြင့် အထဲမှပစ္စည်းများ ပုလင်းနှစ်လုံးဟု ယူဆရသည်။

မှန်သည်၊ ဤအထုပ်ထဲမှပစ္စည်းများမှာ ဘရန်ဒီအရက်နှစ်ပုလင်းပင်ဖြ သည်။ သို့သော် ထိုအရက်နှစ်ပုလင်းမှာ ဗိုလ်မှူးကြီးဘရန့်၏ပစ္စည်းမဟုတ် လူကြုံပါးလိုက်သည့်ပစ္စည်းဖြစ်သည်။ စမိုလင့်မြို့မှ ထွက်ခွာမလာမီ ဗိုလ်ချ ထရက်စ်ကော်င်း က ဗဟိုစစ်ဦးစီးဌာနချုပ်ရှိ ဗိုလ်ချုပ် စတိဖ် ထံ လူကြုံဖြ လက်ဆောင်ပါးလိုက်သည့်ပစ္စည်းများ ဖြစ်သည်။

သို့ဖြစ်ရာ ဤဘရန်ဒီနှစ်ပုလင်းမှာ အရေးလည်းမကြီး၊ တန်ဖိုးအား လည်း မပြောပလောက်ဟု ဆိုနိုင်သည်။ သို့သော် မိမိထက် ရာထူးကြီးသူ စစ်ဦးစီးဌာနချုပ် တပ်မတော်စည်းရုံးရေးဌာနမှ အကြီးအကဲဖြစ်သူ ဗိုလ် တော်အား ပေးရမည့်ပစ္စည်းဖြစ်သည့်ပြင် တောကြီးမြက်မဲထဲမှ မိမိတို့၏ ဌာန



ခန်းတွင် ဤအရက်မျိုးမှာ ရှားရှားပါးပါးရှိလှသည်ကို ဗိုလ်မှူးကြီးဘရန့် ကလည်းသဘောထားပြီးဖြစ်သည်။ သို့ဖြစ်ရာ သူသည် လမ်းခုလတ်လေယာဉ်ပေါ် ၌ မတော်တဆကျကွဲမည်စိုးသဖြင့် ဘရန်ဒီနှစ်ပုလင်းကို စားပွဲပေါ်တွင် ထားရာ သို့ ဂရုတစိုက်နေရာရွှေ့၍ ထားလိုက်ခြင်းဖြစ်သည်။

သို့သော် ဤဘရန်ဒီနှစ်ပုလင်းသည် ဗိုလ်မှူးကြီးဘရန့်အတွက်သော်လည်း ကောင်း၊ ခေါင်းဆောင်ကြီးဟစ်တလာအတွက်သော်လည်းကောင်း၊ နောက်ဆုံး၌ ၌လေယာဉ်ပေါ်တွင် လိုက်ပါလာကြသည့် လေယာဉ်မောင်းသမားများနှင့် မိမိတို့ အားလုံးအတွက်သော်လည်းကောင်း 'သေရေးရှင်ရေး'တမျှ အရေးကြီးသည့် ပစ္စည်း ဖြစ်သည်ကိုမူ ဗိုလ်မှူးကြီးဘရန့်သည် လုံးဝမရိပ်မိဘဲရှိခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် လေယာဉ်ပေါ်တွင်ပါလာသည့် ဘရန်ဒီနှစ်ပုလင်း သည် ရိုးရိုးသာမန် ဘရန်ဒီအရက်ပုလင်းများမဟုတ်ဘဲ၊ ခေါင်းဆောင်ကြီး ဟစ်တလာအား လုပ်ကြံသတ်ဖြတ်ရန်အတွက် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသား များက ဘရန်ဒီပုလင်းအဖြစ် 'ပုံမှား' ရိုက်၍ တင်လွှတ်လိုက်ကြသည့် ပြင်းထန်လှ သော 'ချိန်ကိုက်ဗုံး'တစ်လုံးဖြစ်နေသောကြောင့်တည်း။

၁၉၃၈ ခုနှစ်၊ စက်တင်ဘာလအတွင်းက ဟစ်တလာအားဖမ်းဆီး၍ ရာထူး မှ ဖယ်ရှားပစ်ရန် ကြံစည်ခဲ့ကြသော ဟစ်တလာဂိုဏ်းသားများ၏ လျှို့ဝှက် ကြံအစည် ပျက်ပြားခဲ့ရပြီးသည့်နောက် ဟစ်တလာ၏အရှိန်အဝါနှင့် ဩဇာ အာဏာမှာ တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ၊ တစ်စထက်တစ်စ ကြီးမားလာခဲ့သည်။ ထိုမှတစ်ဖန် ဗြိတိန် ပြင်သစ်စသည့်အင်အားကြီးနိုင်ငံများ ၏ ပျော့ကွက်ဟာကွက်များကြောင့် နာဇီဂျာမနီမှ ဟစ်တလာသည် ဩစတြီး ယားအစ ချက်ကိုစလိုဗက်ကီးယားအလယ်၊ ပိုလန်အဆုံး နိုင်ငံငယ်အားလုံးကို ကျူးကျော်သိမ်းပိုက်လာခဲ့ရာမှ နောက်ဆုံး ၁၉၃၉ ခုနှစ်၊ စက်တင်ဘာ ၁ ရက် နေ့တွင် ဒုတိယကမ္ဘာစစ်မီးကြီးကိုပင် စတင်မွေးလာခဲ့တော့သည်။

စစ်ကြီးဖြစ်ပွားခဲ့သည့်နောက်ပိုင်းတွင် ကမ္ဘာတစ်ဝှမ်းလုံးကသာမက ဂျာမန် ပြည်သူများနှင့်တကွ ဂျာမန်ဗိုလ်ချုပ်ကြီးများကပင် အံ့ဩယူရလောက်အောင် ဂျာမန်တပ်သားသည် နော်ဝေး၊ ဟော်လန်၊ ဘယ်လ်ဂျီယံ၊ လူဇင်းဘတ်စသည့် နိုင်ငံကလေးများနှင့် နောက်ဆုံး၌ ပြင်သစ်နိုင်ငံကြီးကိုပါ ရှစ်လကျော်ကိုးလ အတွင်း တိုက်ခိုက်သိမ်းပိုက်လာနိုင်ခဲ့ကြသည်။ ယင်းသို့ ဂျာမန်တပ်များမှ ထူးထူးခြားခြား အောင်ပွဲခံ၍ ဥရောပနိုင်ငံအားလုံးကို သိမ်းပိုက်လာနိုင်ခဲ့သည် နှင့်အမျှ ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများ၏ လှုပ်ရှားမှုမှာ လုံးဝပျက်ပြား

www.burmeseclassic.com

www.burmeseclassic.com



သွားသလောက် ဖြစ်ခဲ့ရသည်။ အကယ်၍ စစ်ကြီးဖြစ်ပွားလာပါက ဂျာမန်တို့ မရှုမလှရှုံးနိမ့်ကာ ဂျာမနီနိုင်ငံကြီး ဘုံးဘုံးလဲ၊ ကျဆုံးပျက်စီးရမည်ဟူ၍ ကြိုနိမိတ်ဖတ်ခဲ့ကြသော ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများ၏ အထင်နှင့် အမြင်မှာ ပါစင်အောင်လွဲနေပြီမဟုတ်ပါလော။

သို့ဖြစ်ရာ စစ်ကြီးဖြစ်ပွားလာပြီးနောက် ဂျာမန်တပ်များ တောက်လျှောက် အောင်ပွဲဆင်လာကြသည့် နှစ်နှစ်ကျော် သုံးနှစ်အတွင်း ဟစ်တလာဆန့်ကျင်ရေး ဂိုဏ်းသားများမှာ ကြီးကြီးမားမားလှုပ်ရှားမှုဟူ၍ တစ်စုံတစ်ရာ ဘာမှမလုပ်နိုင် ဘဲ ဖြစ်ခဲ့ကြသည်။ သို့သော် ဗိုလ်ချုပ်ဘက်ခ်၊ ဂိုအာဒဲလား၊ ဟေဆဲယ်လ်စသည့် ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသားခေါင်းဆောင်များသည် ဟစ်တလာ၏ နာဇီ ဝါဒကိုလည်းကောင်း၊ ဖက်ဆစ်စနစ်ကိုလည်းကောင်း၊ စစ်ရေးစွန့်စားမှုများကို လည်းကောင်း ဆက်လက်၍ကန့်ကွက်မြဲ ကန့်ကွက်ခဲ့ကြသည်။ အထူးသဖြင့် ဟစ်တလာ၏ အာဏာရှင်ပီပီ ငါတကောကောမှုများနှင့် ပြည်သူလူထုအပေါ် လက်နက်အားကိုးဖြင့် ဖားမိုးအုပ်စိုးသည့်စနစ်ကို တွန်းလှန်ခုခံရန် လျှို့ဝှက် ဆော်ဩ လှုံ့ဆော်ခဲ့ကြသည်။ အကြမ်းဖက်မှုကို အခြေခံသော နာဇီဝါဒ ကျူးကျော်မှုကို အရင်းတည်သော ဟစ်တလာသည် နောက်ဆုံးတစ်နေ့တွင် မရှုမလှကျဆုံးရမည်ဟူ၍ အခိုင်အမာ ယုံကြည်မြဲယုံကြည်ခဲ့ကြသည်။

၎င်းတို့ယုံကြည်ခဲ့ကြသည့်အတိုင်း အာဏာရှင်ပီပီငါတကောကောမှုနှင့် အကြမ်းဖက်ကျူးကျော်မှုတို့ကို အကြောင်းပြု၍ ဟစ်တလာ၏ကျဆုံးခန်းသည် ၁၉၄၃ ခုနှစ်တွင် နိဒါန်းအစပျိုးလာခဲ့သည်။

၁၉၄၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ဟစ်တလာ၏အမိန့်အရ ဂျာမန် တပ်များသည် ဆိုဗီယက်ယူနီယံနိုင်ငံကြီးအား အလုံးအရင်းဖြင့် ဝင်ရောက်တိုက် ခိုက်ရန် ဟစ်တလာ၏အမိန့်ကို ဂျာမန်ဗိုလ်ချုပ်များက အကြီးအကျယ်မကျေနပ် ဖြစ်ခဲ့ကြသည်။ ထိုအချိန်တွင် အနောက်ဖက်စစ်မျက်နှာ၌ ဂျာမန်တပ်များသည် ဗြိတိသျှတို့၏ အလုံးအရင်းဖြင့် ခုခံမှုကို ရင်ဆိုင်နေရဆဲဖြစ်သည်။ ထို စစ်မျက်နှာတစ်ရပ်တွင် လုံးဝအဆုံးသတ်အောင်ပွဲကို မရရှိသေးမီ၊ အခြား မျက်နှာသစ်တစ်ရပ်ဖွင့်ရန် ဆုံးဖြတ်ခြင်းသည် ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ် ခြင်းပင်ဖြစ်သည်ဟု ဂျာမန်ဗိုလ်ချုပ်ကြီးများက ယူဆခဲ့ကြသည်။

'ဂျာမနီသည် စစ်မျက်နှာနှစ်ရပ်ဖွင့်၍ တိုက်ရသည့်စစ်ပွဲမျိုးတွင် ... သည့်အခါမျှ ကံမကောင်းခဲ့ပေ။ ရေရှည်တွင် စစ်မျက်နှာနှစ်ခု... မည်သည့်ဘက်တွင်မှ ကြာရှည်ခုခံ ရပ်တည်နိုင်စွမ်းမရှိဘဲဖြစ်လာတတ် သည်။

(ဂိုးဘဲလ်၏နေ့စဉ်မှတ်တမ်း)



အရှေ့ဘက်စစ်မျက်နှာဖွင့်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ဟစ်တလာ၏လက်ရုံး ဖြစ်သူ ဂိုးဘဲလ်ကိုယ်တိုင်က အထက်ပါအတိုင်းဖွင့်ဟဝန်ခံရေးသားခဲ့သည်။

ယင်းသို့ ဟစ်တလာက ဗိုလ်ချုပ်ကြီးများနှင့် စစ်ဦးစီးအဖွဲ့ဝင်များ၏ ဆန္ဒနှင့် ကန့်ကွက်ချက်များကို ပယ်ချကာ ဆိုဗီယက်ယူနီယံအား ဝင်ရောက်တိုက်ခိုက်ရန် အမိန့်ပေးခဲ့ရာမှ ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများ၏ လှုပ်ရှားမှုများသည် ဂျာမန်တပ်မတော်ထိပ်ပိုင်းတွင် အသက်ပြန်ဝင်လာခဲ့သည်။ ထို့နောက် ဂျာမန်တပ် များသည် ဤစစ်မျက်နှာပြင်တွင်လည်း ဆိုဗီယက်တပ်နီတော်၏ အပြင်းအထန် ခုခံမှုကြောင့် ရှေ့မတိုးနိုင်ဘဲဖြစ်လာသောအခါ စောစောက စစ်မျက်နှာသစ်ဖွင့် လှစ်မှုကို ကန့်ကွက်ခဲ့ကြသော ဗိုလ်ချုပ်ကြီးများသည် ဟစ်တလာအပေါ်တွင် ပို၍မကျေမနပ်ဖြစ်လာကြသည်။

သို့သော် ဟစ်တလာ ဆန့်ကျင်ရေးလှုပ်ရှားမှုနှင့်ပတ်သက်၍ ဤဗိုလ်ချုပ် များသည် ထိထိရောက်ရောက် စွန့်စွန့်စားစား မလုပ်ရဲ မလုပ်ဝံ့ကြဘဲ ဖြစ်နေ ကြသည်။ အထူးသဖြင့် သူတို့၏အရေးပါအရာရောက်သော ရာထူးတာဝန်နှင့် သူတို့၏လက်အောက်ရှိ တပ်များကိုအသုံးပြု၍ ဟစ်တလာအား ပုန်ကန်တော်လှန် နေကန်ရန် မဝံ့မရဲဖြစ်ကာ သတ္တိကြောင်နေကြသည်။

၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ရုရှားပြည်အတွင်း စမိုလင့်မြို့တွင် ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသားများ၏ လျှို့ဝှက်အစည်းအဝေးတစ်ခု ကျင်းပခဲ့ ကြသည်။ ယင်းအစည်းအဝေးတွင် ခေါင်းဆောင်တစ်ဦးဖြစ်သော ဂိုအာဒဲလား က ဗိုလ်ချုပ်ကြီးဗွန်ကလပ်ဂျီအား ဟစ်တလာ ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလှုံ့ဆော်ခဲ့သည်။ ဗိုလ်ချုပ် ကြီးကလပ်ဂျီသည် ဂိုအာဒဲလား၏ တိုက်တွန်းချက်ကို လိုလိုလားလားဖြင့် လက်ခံသဘောတူခဲ့သည်။

သို့သော် စမိုလင့်မြို့မှ ဂိုအာဒဲလား ပြန်သွားပြီးနောက် ရက်အနည်းငယ်ခန့် ကြာသောအခါ ဗိုလ်ချုပ်ကြီးကလပ်ဂျီသည် ဘာလင်မြို့ရှိ ဗိုလ်ချုပ်ဘက်ခ်ထံ 'ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသားများစာရင်းထဲမှ မိမိနာမည်ကို ပယ်ဖျက်ပစ် လိုက်ပါရန်' စာဖြင့် အကြောင်းကြားခဲ့သည်။

ထို့နောက် တနင်္ဂနွေနှစ်ပတ်သုံးပတ်ခန့်အကြာတွင် ဟစ်တလာ ဆန့်ကျင် ရေးဂိုဏ်းသားများသည် ဗိုလ်ချုပ်ပေါလပ်စ်ထံ ချဉ်းကပ်စည်းရုံးကြပြန်သည်။ ဗိုလ်ချုပ်ပေါလပ်စ်မှာ စတာလင်ဂရက်မြို့ကို ဝိုင်းဝန်းခဲ့ရသည့် အမှတ် ၆၊ တပ်မတော်၏ တပ်မှူးကြီးဖြစ်သည်။ ထိုအချိန်တွင် စတာလင်ဂရက်တိုက်ပွဲ၌ ... တို့ဂျာမန်တပ်မတော်မှ အကြီးအကျယ်အရေးနိမ့်၍ တပ်သားပေါင်း ၅ သိန်း

နိုးပါးမျှ သေကျေထိခိုက်ဒဏ်ရာရခဲ့သဖြင့် ဤတိုက်ပွဲကို အတင်းအဓမ္မအမိန့်ပေးခဲ့သည့် ခေါင်းဆောင်ကြီးဟစ်တလာအား ဗိုလ်ချုပ်ပေါလပ်စ်က အကြီးအကျယ်မကျေမနပ်ဖြစ်နေသည့်အချိန်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသားများ၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်ချုပ်ဘက်ခ်သည် စတာလင်ဂရက်မြို့တွင်းရှိ ဗိုလ်ချုပ်ပေါလပ်စ်ထံသို့ စာတစ်စောင်ရေး၍ လေတပ်အရာရှိတစ်ယောက်မှတစ်ဆင့် ပေးပို့ခဲ့သည်။ အဆိုပါစာထဲတွင် စတာလင်ဂရက်တိုက်ပွဲ၌ ယခုကဲ့သို့ ဂျာမန်တပ်သားများ သိန်းချီ၍ တိုက်ခိုက်သေကျေခဲ့ရသည့်အတွက် ဤတိုက်ပွဲကို ဖွတ်အဓမ္မအမိန့်ပေးခဲ့သော ဟစ်တလာအား ဂျာမန်တပ်မတော်သားတိုင်းက ပုန်ကန်တော်လှန်ကြရန် လှုံ့ဆော်သည့် ကြေညာချက်တစ်စောင် ထုတ်ပြန်သင့်ကြောင်းဖြင့် ဗိုလ်ချုပ်ဘက်ခ်က ဗိုလ်ချုပ်ပေါလပ်စ်အား တိုက်တွန်းခဲ့သည်။ သို့သော် ဟစ်တလာအား ထာဝရသစ္စာစောင့်သိရိုသေ၍ ဟစ်တလာ၏အမိန့်ကို အမြဲတစေ ဦးထိပ်ရွက်ပန်ဆင်လာခဲ့သော ဗိုလ်ချုပ်ပေါလပ်စ်သည် အဆိုပါတိုက်တွန်းချက်ကို လက်မခံဘဲနေခဲ့ပြီး မကြာမီ ဆိုဗီယက်တပ်နီတော်၏ သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်းခံရ၍ မော်စကိုမြို့တော်သို့ ရောက်သွားတော့မှ ဟစ်တလာ အာဏာရှင်ဆန်မှုကို သဘောပေါက်ကာ နောင်တရခဲ့သည်။

ယင်းသို့ဟစ်တလာ ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် အချို့သောဗိုလ်ချုပ်များက ပါဝင်ဆောင်ရွက်ရန် မဝံ့မရဲဖြစ်နေကြသော်လည်း အချို့သောဗိုလ်ချုပ်များကမူ ဟစ်တလာအား အကြမ်းဖက်၍ လုပ်ကြံဖယ်ရှားပစ်ရန် စိတ်ရောကိုယ်ပါ ကြိုး ပမ်းလာကြသည်ကို တွေ့ရသည်။ ဤဗိုလ်ချုပ်များကိုအကြောင်းပြု၍ *'လျှပ်တစ်ပြက် အလင်းရောင်စစ်ဆင်ရေး' ပေါ်ပေါက်လာရခြင်းဖြစ်သည်။

'လျှပ်တစ်ပြက် အလင်းရောင်စစ်ဆင်ရေး'ဟူသောအမည်မှာ ဟစ်တလာအား လုပ်ကြံရန်အတွက် ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသားများက လျှို့ဝှက်ခေါ်ဝေါ်ခဲ့ကြသည့် စကားဝှက်တစ်ခုပင်ဖြစ်သည်။ အဆိုပါ 'စစ်ဆင်ရေး'ကို ကာယကံမြောက် စီစဉ်ရေးဆွဲခဲ့ကြသူများမှာ ဗိုလ်ချုပ်အောလ်ဘရစ်နှင့် ဗိုလ်ချုပ်ထရက်စ်ကောင်း ဆိုသူတို့ပင်ဖြစ်သည်။ ဗိုလ်ချုပ်အောလ်ဘရစ်မှာ တပ်မတော်စစ်ရုံးချုပ်မှ တာဝန်ခံအကြီးအကဲဖြစ်၍ ဗိုလ်ချုပ်ထရက်စ်ကောင်းမှာ ရုရှားနိုင်ငံအတွင်းရှိ ဗိုလ်ချုပ်ကြီးကလပ်ဂျီ၏ ဗဟိုတပ်မတော်အုပ်စုမှ စစ်ဌာနချုပ်မှူးဖြစ်သည်။

*Operation Flash.



၎င်းတို့နှစ်ဦးအနက် ဗိုလ်ချုပ်အောလ်ဘရစ်သည် ဘာသာတရားကို အလွန်သက်ဝင်ကိုင်းရှိုင်းသူ တစ်ဦးဖြစ်၍ ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသားအဖြစ် မကြာမီကမှ ဝင်ရောက်လာသူဖြစ်သည်။ သို့သော် သူ၏လက်ရှိတာဝန်နှင့်ရာထူးကို အကြောင်းပြု၍ သူသည် ဤလုပ်ကြံမှုတွင် အရေးပါအရာရောက်သူတစ်ဦးဖြစ်လာခဲ့သည်။ သူသည် ဖြည့်တင်းရေးတပ်မတော်မှ တပ်မှူးကြီး ဗိုလ်ချုပ်ဖရွမ်း၏ လက်ထောက်ဖြစ်၍ ဘာလင်မြို့တော်အပါအဝင် မြို့ကြီးများမှ မြို့စောင့်တပ်များကို အုပ်ချုပ်ကွပ်ကဲသူဖြစ်သည်။ အကယ်၍ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဤမြို့စောင့်တပ်အားလုံး ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသားများဘက်မှပါဝင်လှုပ်ရှားစေရန် အမိန့်ထုတ်နိုင်သူမှာ ဗိုလ်ချုပ်အောလ်ဘရစ်ပင်ဖြစ်သည်။

ဗိုလ်ချုပ်အောလ်ဘရစ် အထက်မှ တပ်မှူးကြီးဖြစ်သူ ဗိုလ်ချုပ်ဖရွမ်းမှာမူ ဗိုလ်ချုပ်ကြီး ကလပ်ဂျီကဲ့သို့ ဟစ်တလာနှင့်ပတ်သက်လျှင် မပြတ်မသား ဖြစ်နေသော်၍ စိတ်မချရသူတစ်ဦးဖြစ်သည်။

ဗိုလ်ချုပ်အောလ်ဘရစ်နှင့် ဗိုလ်ချုပ်ထရက်စ်ကောင်းတို့သည် 'လျှပ်တစ်ပြက် အလင်းရောင် စစ်ဆင်ရေး'ကို ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်းကပင် ပြင်ဆင်စိုင်းပြင်းခဲ့ကြသည်။ ထို့နောက် မတ်လစောစောပိုင်းတွင် ဗဟိုတပ်မတော်အုပ်စု၏ ဌာနချုပ်ရှိရာ စမိုလင့်မြို့၌ နောက်ဆုံးအစည်းအဝေးထိုင်၍ လိုအပ်သည့်ပြင်ဆင်မှုများကို ပြုလုပ်ခဲ့ကြသည်။

ဂျာမန်တပ်မတော် ထောက်လှမ်းရေးဌာနချုပ်မှ တာဝန်ခံဖြစ်သူ ဗိုလ်ချုပ်ကင်နာရစ္စသည် အဆိုပါ 'လျှပ်တစ်ပြက် အလင်းရောင်စစ်ဆင်ရေး' အစည်းအဝေးတွင် ကိုယ်တိုင်ပါဝင်တက်ရောက်ခြင်း မပြုသော်လည်း အစည်းအဝေးအောင်မြောက်ရေးနှင့် အခြားအရေးကြီးသော အကူအညီများကို ပေးခဲ့သည်။ အထူးသဖြင့် ဗိုလ်ချုပ်ကင်နာရစ္စ၏အကူအညီဖြင့် ထောက်လှမ်းရေးတပ်မတော်မှ ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသားတစ်ဦးဖြစ်သော ဗိုလ်ချုပ်လာဟောက်စင်းသည် စမိုလင့်မြို့သို့ လေကြောင်းမှတစ်ဆင့် ရောက်ရှိလာ၍ အဆိုပါ အစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့သည်။

ဗိုလ်ချုပ်လာဟောက်စင်းသည် သူနှင့်အတူ အရေးကြီးသောပစ္စည်းများကို ယူဆောင်လာခဲ့သည်။ ယင်းပစ္စည်းများမှာ အခြားမဟုတ်၊ ဟစ်တလာအား လုပ်ကြံရာတွင် အသုံးပြုကြမည့် 'ချိန်ကိုက်ဗုံး'များပင်ဖြစ်သည်။

ဗိုလ်ချုပ်ထရက်စ်ကောင်းသည် သူ့လက်အောက်မှ အရာရှိငယ်တစ်ဦးဖြစ်သူ ချဲလာဘရင်းဒေါ့ဖ်နှင့်အတူ အဆိုပါ 'ချိန်ကိုက်ဗုံး'များကို စစ်ဆေးကြည့်

www.burmeseclassic.com



ကြသည်။ ပေါက်ကွဲစေတတ်သော လက်နက်များအကြောင်းကို အသေအချ
နားလည်၍ အတွေ့အကြုံကြွယ်ဝနေသော ချဲလာဘရင်းဒေါ့က မိမိတို့ဂျာမန်လ
ချိန်ကိုက်ဗုံးများမှာ အန္တရာယ်များ၍ စိတ်မချရကြောင်း အထူးသဖြင့် သတ်မှ
ထားသည့် ဗုံးပေါက်ကွဲချိန်သို့ မရောက်မီ အဆိုပါဂျာမန်ဗုံးများသည် အ
အနည်းငယ်မြည်နေတတ်သဖြင့် လျှို့ဝှက်လုပ်ကြံသည့်ကိစ္စများတွင် အသုံးပြု
မသင့်ကြောင်း၊ ဤနေရာတွင် ဗြိတိသျှလုပ် ချိန်ကိုက်ဗုံးများမှာ ပေါက်ကွဲသ
အချိန်အထိ တစ်စုံတစ်ရာ ဘာသံမှမကြားရသဖြင့် ပို၍စိတ်ချရကြောင်းစသ
ဖြင့် ဗိုလ်ချုပ်ထရက်စ်ကောင်းအား ရှင်းလင်းတင်ပြခဲ့သည်။

အထက်ပါအကြောင်းများကြောင့် ဟစ်တလာအား လုပ်ကြံမည့် 'လျှပ်တ
ပြက် အလင်းရောင်စစ်ဆင်ရေး'တွင် ဗြိတိသျှလုပ် ချိန်ကိုက်ဗုံးများကို အသုံး
ရန် စီစဉ်ခဲ့ကြသည်။

ထိုအချိန်က ဗြိတိသျှလေတပ်မတော်သည် ဂျာမန်တို့သိမ်းပိုက်ထားသ
နယ်မြေများပေါ်သို့ ၎င်းတို့၏သူလျှိုများနှင့် ဖက်ဆစ်ဆန့်ကျင်ရေး မြေအော
တပ်သားများ အသုံးပြုရန် ချိန်ကိုက်ဗုံးများကို လေကြောင်းမှတစ်ဆင့် အမြော
အမြား ချပေးခဲ့ကြသည်။ အဆိုပါဗုံးများကို ဂျာမန်ထောက်လှမ်းရေးတပ်ဖွဲ့များ
မကြာခဏတွေ့ရှိ၍ သိမ်းဆည်းထားခဲ့ကြရာ ယခုထောက်လှမ်းရေးတပ်မှ ဗိုလ်
လာဟောက်စင်းသည် ဟစ်တလာလုပ်ကြံမှုတွင် အသုံးပြုရန်အတွက် အဆိုပါ
များကို တကူးတကန့် သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

၎င်းတို့၏အစီအစဉ်မှာ ဟစ်တလာအား ရှေ့တန်းစစ်မျက်နှာအခြေစိုက်
စခန်းသို့ တစ်နည်းနည်းဖြင့် ရောက်လာအောင် ကြိုးစား၍ သူအလာတွ
တစ်နေရာရာမှ ချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲလုပ်ကြံရန်ပင်ဖြစ်သည်။ ဟစ်တလာအ
ထိုသို့လုပ်ကြံ၍ အောင်မြင်သည်နှင့်တစ်ပြိုင်တည်း တစ်ချိန်တည်း ဘာလင်မြ
တော်တွင် ဟစ်တလာ ဆန့်ကျင်ရေးသမားများက အာဏာသိမ်းကြရန်ပင်ဖြ
သည်။

သို့သော် ထိုအချိန်တွင် ဟစ်တလာသည် အရှေ့ပိုင်း ပရပ်ရှားပြည်နယ်
အတွင်း ရက်စ်တင်းဘတ်မြို့အနီးမှ သူ၏စစ်ဌာနချုပ်ဖြစ်သော 'ဝံပုလွေဂူ'စခ
တွင် အမြဲတမ်းလိုလို နေထိုင်လျက်ရှိ၍ ဂျာမင့်တပ်မတော်မှ ဗိုလ်ချုပ်ကြီးများ
ဗိုလ်ချုပ်များအပေါ်တွင် အတော်အတန် သံသယဝင်နေသည့်အချိန်ဖြစ်သည
အထူးသဖြင့် စစ်မျက်နှာနှစ်ရပ် တစ်ပြိုင်တည်းဖွင့်လှစ်ခြင်းကို မလိုလားသ
ဗိုလ်ချုပ်များသည် ဟစ်တလာအား အသိမပေးဘဲ အနောက်ဘက်မှ အင်္ဂလိပ်
ပြင်သစ်သည့် မဟာမိတ်များနှင့်ဖြစ်စေ၊ အရှေ့ဘက်မှ ဆိုဗီယက်ရုရှားနှင့်ဖြစ်

ပြေငြိမ်းရန် တိတ်တဆိတ်ဆက်သွယ်ကြိုးစားနေကြသည့် **အချိန်ဖြစ်သည်။**
ကြောင်းအရာများကို တစ်စွန်းတစ်စ သိရှိထားရသဖြင့် ဟစ်တလာ **သည်**
လက်အောက်မှ ဗိုလ်ချုပ်များကို မယုံကြည်ဘဲဖြစ်နေခဲ့သည်။ **သို့ဖြစ်ရာ**
လိုအချိန်အခါမျိုးတွင် ခေါင်းဆောင်ကြီး ဟစ်တလာအား **'ဝံပုလွေဂူ'မှ**
တန်းစစ်မျက်နှာစခန်းသို့ တော်ရုံတန်ရုံကိစ္စဖြင့် လာရောက်အောင် **ခေါ်ယူရန်**
အတော်ကလေးပင် မလွယ်ကူသောကိစ္စဖြစ်သည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်ထရက်စ်ကောင်းသည် စမိုလင့်မြို့ ရှေ့တန်းစစ်မျက်နှာ
ချုပ်စခန်းသို့ ခေါင်းဆောင်ကြီးဟစ်တလာ ဆက်ဆက်လာရန်အတွက် ဗဟို
ဦးစီးဌာနချုပ် 'ဝံပုလွေဂူ'စခန်းမှ သူနှင့်အင်မတန်ရင်းနှီးသည့် ဗိုလ်ချုပ်
ထံ တစ်ဖက်လှည့်ဖြင့် ဆက်သွယ်၍ကြိုးစားခဲ့ရသည်။ ဗိုလ်ချုပ်ချဲမွန့်သည်
ချုပ်စခန်းတွင် ဟစ်တလာ၏ လက်ထောက်တပ်မှူးကြီးအဖြစ် အမြဲတမ်း
ဝန်ယူနေရသူဖြစ်သည်။ အထူးသဖြင့် စစ်မြေပြင်မှ ဂျာမန်တပ်များနှင့်ပတ်
က်၍ ဟစ်တလာအား လိုအပ်သည့်အစီအစဉ်များနှင့် အကြံဉာဏ်များကို
ခြံစီစဉ်လုပ်ဆောင်ပေးနေရသူဖြစ်သည်။

သို့နှင့်ပင် ဗိုလ်ချုပ်ထရက်စ်ကောင်းထံမှ တစ်ဖက်လှည့်ဖြင့် ရေးလိုက်သည့်
ကို သွေးရိုးသားရိုးဟု၍ ထင်မှတ်နေသော ဗိုလ်ချုပ်ချဲမွန့်၏ အကြံပေးတိုက်
န်းချက်အရ နောက်ဆုံး၌ ဟစ်တလာသည် စမိုလင့်မြို့ ရှေ့တန်းစစ်မျက်နှာ
ခြေစိုက်စခန်းသို့ မတ်လ ၁၃ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးရန်
သဘောတူလက်ခံလိုက်သည်။

ဗိုလ်ချုပ်ထရက်စ်ကောင်းသည် မူလက ဟစ်တလာအား လုပ်ကြံရာ၌
တို့ အရှေ့ဘက်စစ်မျက်နှာ ဗဟိုတပ်မတော်အုပ်စုမှ ဗိုလ်ချုပ်ကြီးကလပ်ဂျ
ယ်တိုင် ပါဝင်ခေါင်းဆောင်စေရန် စီစဉ်ကြိုးစားခဲ့သေးသည်။ **အဆိုပါမူလ**
အစဉ်အရဆိုပါက ဟစ်တလာနှင့် သူ့သက်တော်စောင့်များ **ရောက်လာသည်**
တစ်ပြိုင်နက် မိမိတို့အခြေစိုက်စခန်းရှိ မြင်းစီးတပ်ဖွဲ့မှ ဒုဗိုလ်**မှူးကြီး ဘိုစီ**
က်ဂျာနှင့် တပ်သားများက အသင့်စောင့်၍ ပစ်ခတ်လုပ်ကြံကြရန်ဖြစ်သည်။
အကြံကို ဒုဗိုလ်မှူးကြီး ဘိုစီလက်ဂျာကိုယ်တိုင်ကလည်း စိတ်ပါလက်ပါဖြင့်
သဘောတူလက်ခံခဲ့ပြီးဖြစ်သည်။ သို့သော် စိတ်ဓာတ်တွေဝေ၍ မပြတ်မသား
နေသော ဗိုလ်ချုပ်ကြီးကလပ်ဂျီသည် ဤကိစ္စတွင် သူ့ပယောဂမပါအောင်
င်နေခဲ့ရုံမျှမက ဒုဗိုလ်မှူးကြီး ဘိုစီလက်ဂျာကိုပါ တစ်စုံတစ်ရာ ပါဝင်လုပ်
ောင်ခြင်းမပြုရန် တားမြစ်ခဲ့သည်။ သို့နှင့်ပင် ဗိုလ်ချုပ်ထရက်စ်ကောင်းနှင့်
ဘာရင်းဒေါ့ဖ်တို့သည် သူတို့ကိုယ်တိုင် ကာယကံမြောက်ဆောင်ရွက်ရန်
ဉ်ခဲ့ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့၏ နောက်ဆုံးအစီအစဉ်မှာ ရှေ့တန်းစစ်မျက်နှာသို့ ဟစ်တ
လာရောက်စစ်ဆေးကြည့်ရှုပြီးနောက် အပြန်တွင် သူစီးလာသည့်လေယာဉ်
'ချိန်ကိုက်ဗုံး'ကို တစ်နည်းနည်းဖြင့် တင်လွှတ်လိုက်ရန်ပင်ဖြစ်သည်။ သို့
ဟစ်တလာအား ရှေ့တန်းစစ်မျက်နှာအခြေစိုက်စခန်းမှ အပြန်လမ်းခုလတ်
လေယာဉ်ပေါက်ကွဲပျက်စီး၍ သေဆုံးရန် ကြံစည်ခဲ့ကြသည်။

'ဒါကတော့ နိုင်ငံရေးအရ လုပ်ကြံမှုမဟုတ်ဘဲ မတော်တဆ လေယာဉ်ပျ
ကျပြီး သေတယ်လို့ထင်ရအောင် ကြံတာပါပဲ။ ဘာလို့လဲဆိုတော့ ဒီအချိန်
ဟစ်တလာမှာ နောက်လိုက်တွေတော်တော်များများ ရှိနေသေးလို့ပါပဲ။ တကယ်
သာ မတော်တဆ လေယာဉ်ပျက်ကျတာမဟုတ်ဘူးဆိုရင် ကျွန်တော်တို့ရဲ့ပုန်
မှုကို ပြင်းပြင်းထန်ထန် ခံကြမှာသေချာတယ်' ဟူ၍ ချဲလာဘရင်းဒေါ့ဖ်
အခြေအနေကို ရှင်းပြခဲ့သေးသည်။

သို့နှင့်ပင် ခေါင်းဆောင်ကြီး ဟစ်တလာသည် မူလသတ်မှတ်ထားသ
အတိုင်း မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် 'ဝံပုလွေဂူ'ဌာနချုပ်မှ ရှေ့တ
စစ်မျက်နှာ အခြေစိုက်စခန်းရှိရာ စမိုလင့်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိ
ခဲ့သည်။ သူနှင့်အတူ ဗဟိုစစ်ဦးစီးဌာနချုပ်မှ ဗိုလ်မှူးကြီးဘရန့် လိုက်ပါ
သည်။

ဗိုလ်ချုပ်ထရက်စ်ကောင်းနှင့် ဗိုလ်ကြီးချဲလာဘရင်းဒေါ့ဖ်တို့သည် သူ
ထောင်ထားသည့် 'ထောင်ချောက်'ထဲသို့ တန်းတန်းမတ်မတ်ကြီး ဝင်လာ
ဟစ်တလာအား 'သည်တစ်ချီတော့ ပိုင်ပြီ'ဟူ၍ သေချာပေါက်တွက်ထား
သည်။ သူတို့နှစ်ယောက်သည် လောလောဆယ် တစ်ကမ္ဘာလုံးက ဖိမ့်ဖိမ့်
အောင် ကြောက်လန့်နေကြရသည့် အာဏာရှင်ကြီးဟစ်တလာအား လုပ်ကြံသ
ဖြတ်ရမည့် ဧရာမလုပ်ငန်းကြီးအတွက် စိတ်ဓာတ်များချောက်ချားလျက်ရှိ
ကြသည်။ ဤလုပ်ကြံမှုကြီး မြန်မြန်ပြီးစီးအောင်မြင်ရေးအတွက် စိတ်စောလျ
နေကြရာ ဟစ်တလာ ပြန်သွားသည့်အချိန်အထိပင် မစောင့်တော့ဘဲ ထိုစခန်း
ပင် ကိစ္စတုံးအောင် ချိန်ကိုက်ဗုံးဖြင့်လုပ်ကြံသတ်ဖြတ်ကြရန် ကြံမိကြံရာ
စည်ခဲ့ကြသေးသည်။

ဟစ်တလာသည် ထိုနေ့က တစ်နေ့လုံး ရှေ့တန်းစစ်မျက်နှာအခြေစိုက်စ
တွင် အစည်းအဝေးများ ကျင်းပကာ၊ စစ်ဆင်ရေးအစီအစဉ်များကို ချမှတ်ခဲ့သ
ဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်ချုပ်များအပါအဝင် စစ်မြေပြင်တပ်မှူးကြီးမျာ
တွေ့ဆုံဆွေးနွေးခဲ့သည်။ လုပ်ကြံမှုကြီးအတွက် အဘက်ဘက်က စိတ်စော
ကြသော ဗိုလ်ချုပ်ထရက်စ်ကောင်းနှင့် ဗိုလ်ကြီးချဲလာဘရင်းဒေါ့ဖ်တို့သ

စ်တလာအား ဗိုလ်ချုပ်ကြီးကလပ်ဂျီ၏ နေအိမ်တွင်တစ်ကြိမ်၊ အရာရှိများ
သာတွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် လုပ်ကြံရန် ကြံစည်ကြသေးသည်။
သို့သော် ထိုစဉ်က ဟစ်တလာနှင့်အတူ အခြားဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်ချုပ်များ
အနီးအနားတွင်ရှိနေကြရာ ဤအထဲတွင် မိမိတို့ဘက်တော်သားများပါ ပါဝင်
သဖြင့် ထိုအကြံကို လက်လျှော့ခဲ့ကြရသည်။

ဗိုလ်ကြီးချဲလာဘရင်းဒေါ့ဖ်သည် အရာရှိများရိပ်သာတွင် ဟစ်တလာနှင့်
အရာရှိကြီးများ ညစာ စားနေကြစဉ် ချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲလုပ်ကြံရန်
စ်တလာ၏အနီးအနားသို့ပင် မယောင်မလည် ရောက်သွားသေးသည်။ သို့သော်
ထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဟစ်တလာနှင့် ညစားနေကြသည့် ဗိုလ်ချုပ်
များနှင့် အရာရှိကြီးများထဲတွင် မိမိတို့နှင့် တစ်ကျိတ်တည်းတစ်ဉာဏ်တည်းဖြစ်
သည့် ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသားများ ပါဝင်နေကြသဖြင့် မည်သို့မျှ
တတ်နိုင်ဘဲ လက်လျှော့လိုက်ရသည်။ ထိုစဉ်က ချဲလာဘရင်းဒေါ့ဖ်သည်
စ်တလာ ညစာစားနေစဉ်အတွင်း အခန်းထောင့်တစ်နေရာမှ ဟစ်တလာ၏
က်ဦးထုပ်ကိုပင် အမှတ်တမဲ့ ကောက်ကိုင်ကြည့်ခဲ့သေးသည်။ ဟစ်တလာ၏
က်ဦးထုပ်မှာ အခြားဦးထုပ်များထက် အနည်းငယ်ကြီးနေသည့်ပြင် ရှိသင့်သည့်
လေးချိန်ထက် ပို၍လေးနေသဖြင့် အသေအချာဂရုစိုက်ကြည့်လိုက်ရာ ချဲလာ
ရင်းဒေါ့ဖ်မှာ တအံ့တဩဖြစ်သွားမိသည်။ အဘယ့်ကြောင့်ဆိုသော် ဦးထုပ်၏
အားပတ်မှာ ရိုးရိုးမဟုတ်ဘဲ အလေးချိန် သုံးပေါင်ခွဲ (တစ်ပိဿာ) ခန့်ရှိသည့်
မဏိပြားကြီးဖြင့် ကျည်ဆံမဖောက်နိုင်အောင် ပြုလုပ်ထားသည်ကို တွေ့လိုက်ရ
သာကြောင့်ပင်။

သို့နှင့်ပင် ဟစ်တလာသည် ညစာစားပြီး စခန်းမှပြန်လည်ထွက်ခွာရန်
င်ဆင်ခဲ့သည်။ ဗိုလ်ချုပ်ထရက်စ်ကောင်းနှင့် ချဲ့လာဘရင်းဒေါ့ဖ်သည် ဤတွင်မှ
သအစီစဉ်ထားသည့်အတိုင်း ဟစ်တလာ၏ လေယာဉ်ပေါ်သို့ 'ချိန်ကိုက်ဗုံး'ကို
င်ပေးလိုက်ရန် ပြင်ဆင်ရတော့သည်၊

ဗိုလ်ချုပ်ထရက်စ်ကောင်းသည် ဟစ်တလာနှင့်အတူ လိုက်ပါလာသော
လ်မှူးကြီးဘရန့်အား လေဆိပ်သို့မသွားမီ ဌာနချုပ်မှ သူ့မိတ်ဆွေဗိုလ်ချုပ်
ထိဖ်အတွက် ဘရန်ဒီနှစ်ပုလင်း လက်ဆောင်ပါးလိုက်ချင်သည်ဟု အမှတ်မထင်
ပြောကြားခဲ့သည်။ ဗိုလ်မှူးကြီးဘရန့်ကလည်း ဗိုလ်ချုပ်စတီဖ်အတွက် ထိုဘရန်ဒီ
ပုလင်းကို ယူဆောင်သွားပါမည်ဟု အလွယ်တကူ ရှောရှောရှူရှူပင် သဘော
လက်ခံခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဗိုလ်ချုပ်ထရက်စ်ကောင်း၏တာဝန်ပေးချက်အရ ချဲ့လာဘရင်းဒေါ့ဖ်သည် လေဆိပ်တွင် ဟစ်တလာနှင့် အဖွဲ့ဝင်တို့ ပြန်လည်ထွက်ခွာလာဆဲဆဲတွင် စက္ကူဖြင့်ပတ်ထားသော ဘရန်ဒီနှစ်ပုလင်းကို ဗိုလ်မှူးကြီးဘရန့်လက်သို့ လှမ်းရောက်ပေးအပ်ခဲ့သည်။ ဗိုလ်မှူးကြီးဘရန့်ကလည်း ခပ်စောစောက ဗိုလ်ချုပ်ထရက်စ်ကောင်း ပြောသည့်အတိုင်း အဆိုပါဘရန်ဒီနှစ်ပုလင်းကို ဗိုလ်ချုပ်စတီးဖ်အတွက် လူကြုံပါးလိုက်သည့် လက်ဆောင်များအဖြစ် ရိုးရိုးသားသားယူဆကာ လက်ခံ၍ လေယာဉ်ပေါ်သို့တက်လာခဲ့သည်။ သို့သော် တကယ့်တကယ်တွင်မူ ဤဘရန်ဒီနှစ်ပုလင်းမှာ ရိုးရိုးသာမန်ဘရန်ဒီပုလင်းအစစ်များမဟုတ်ဘဲ ဟစ်တလာအား လုပ်ကြံသတ်ဖြတ်ရန်အတွက် လေယာဉ်ပေါ်တွင် ပေါက်ကွဲအောင် အတိအကျ ချိန်သားကိုက်ထားသည့် 'ချိန်ကိုက်ဗုံး'ပင် ဖြစ်သတည်း။

ဘရန်ဒီနှစ်ပုလင်းအဖြစ် ဟန်ဆောင်ပေးလိုက်သည့် ချိန်ကိုက်ဗုံးမှာ အသေးအချာ စမ်းသပ်စစ်ဆေးပြုလုပ်ထားသည့် ဗုံးဖြစ်သည်။ ထိုဗုံးကို ဖောက်ခွဲရန်မှာ လိုအပ်သည့်အချိန်ကိုတွက်၍ ရှေးဦးစွာ အပေါ်မှခလုတ်တစ်ခုကို နှိပ်လိုက်ရသည်။ ထိုခလုတ်ကို နှိပ်လိုက်ခြင်းအားဖြင့် အထဲမှဓာတုဗေဒဆေးရည်များ ထည့်ထားသည့် ပုလင်းငယ်ကလေးတစ်ခု ကွဲထွက်သွားပြီး ဆေးရည်များက အတွင်းရှိဝိုင်ယာကြိုးကို တဖြည်းဖြည်း 'စား'သွားမည်ဖြစ်သည်။ နောက်ဆုံးဝိုင်ယာကြိုး ပြတ်သွားပြီးနောက် ထိုဝိုင်ယာကြိုးဖြင့် ထိန်းထားသည့်စပရင်၏ တွန်းကန်အားကြောင့် မောင်းတံက ဒီတိုနေတာခေါ် ယမ်းခလုတ်ကို သွားရိုက်ပြီး ပြင်းထန်စွာပေါက်ကွဲရန် စီစဉ်ပြုလုပ်ထားသည်။

ဤမျှ ပြင်းထန်သည့် ချိန်ကိုက်ဗုံးသည် ယခုအခါ ရိုးရိုးမြေပြင်တွင်မဟုတ်ဘဲ ကောင်းကင်တွင် တစ်နာရီလျှင် မိုင်သုံးရာခန့်နှုန်းဖြင့် ပျံသန်းနေသည့် လေယာဉ်ပေါ်တွင် ပေါက်ကွဲမည်ဖြစ်ရာ ဤဗုံးပေါက်ကွဲသည်နှင့်တစ်ပြိုင်နက် လေယာဉ်ကြီးတစ်ခုလုံး အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်သွားမည်မှာ သေချာသည်။ သို့ဖြစ်လျှင် ထိုလေယာဉ်တွင် လိုက်ပါလာကြသည့် ဟစ်တလာနှင့်တကွ ကျန်လူများအားလုံးတို့မှာ အရိုးအသားပင် ရှာမရအောင်ဖြစ်သွားကြတော့မည် မဟုတ်ပါလော။

စမိုလင့်မြို့ရှေ့တန်းစစ်မျက်နှာ ဌာနချုပ်ရုံးခန်းအတွင်း၌ ဗိုလ်ချုပ်ထရက်စ်ကောင်းနှင့် ဗိုလ်ကြီးချဲ့လာဘရင်းဒေါ့ဖ်သည် စားပွဲတစ်လုံးတွင် မျက်နှာချင်းဆိုင်ထိုင်ကာ တစ်ယောက်မျက်နှာတစ်ယောက် စူးစူးစိုက်စိုက်ကြည့်နေမိကြသည်။ စားပွဲအလယ်တည့်တည့်မှ မျက်နှာကျက်မှမီးရောင်ကြောင့် သူတို့နှစ်ယောက်စလုံး၏ မျက်နှာများပေါ်မှ တစ်စုံတစ်ရာ တုန်လှုပ်ချောက်ချားနေကြသည့် အရိပ်အယောင်များကို အထင်းသားမြင်နေရသည်။

ဗိုလ်ချုပ်ထရက်စ်ကောင်းသည် စားပွဲပေါ်တွင်တင်ထားသည့် သူ၏ဘယ်ဘက်လက်မှ လက်ပတ်နာရီကို ရုတ်တရက်ကြည့်လိုက်သည်၊ ထို့နောက် ထိုင်နေရာမှ ထ၍ ခန်းထဲက အခန်းထောင့်တစ်နေရာသို့သွား၍ စားပွဲတစ်လုံးပေါ်ရှိ တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

'ဟယ်လို ဘာလင်ကလား၊ အခုစကားပြောနေတာ ဘယ်သူလဲ၊ဟုတ်လား။ ရှေ့ပိုင်းစစ်ဌာနချုပ်ကပါ၊ ဟုတ်ပါတယ်၊ တရက်စ်ကောင်းပါ၊ ဒီမယ် သက်ဆိုင်ရာကို သတင်းပို့လိုက်ပါ 'လျှပ်တစ်ပြက်အလင်းရောင်' စစ်ဆင်ရေးစပြီလို့၊ ဟုတ်ပါတယ်။ 'လျှပ်တစ်ပြက်အလင်းရောင်စစ်ဆင်ရေး' စပြီဆိုတာ သက်ဆိုင်ရာကို သတင်းပို့လိုက်ပါ၊ ဟုတ်ပါတယ်၊ ဒါပါပဲ'

ဗိုလ်ချုပ်ထရက်စ်ကောင်းသည် တယ်လီဖုံးစားပွဲမှတစ်ဖန် ချဲ့လာဘရင်းဒေါ့ဖ် ရှိရာ စားပွဲဆီသို့ ပြန်လာပြီး စောစောက သူထိုင်ခဲ့သည့် ကုလားထိုင်တွင် ထိုင်လိုက်သည်။ ထို့နောက် လက်ပတ်နာရီကိုကြည့်လိုက်ပြန်သည်။

'ဘယ့်နှယ်လဲ၊ မိနစ်နှစ်ဆယ်တောင်ကျော်သွားပြီ'

ဗိုလ်ချုပ်ထရက်စ်ကောင်းသည် ဟစ်တလာ လုပ်ကြံမှု၏ လျှို့ဝှက်အမည်ဖြစ်သော 'လျှပ်တစ်ပြက်အလင်းရောင်စစ်ဆင်ရေး' ကို မိမိတို့ စတင်ကောင်အထည်ဖော်လိုက်ပြီဖြစ်ကြောင်း ဘာလင်ရှိဘက်တော်သားများထံ တယ်လီဖုန်းဖြင့် သတင်းပို့လိုက်ပြီးနောက် ချဲ့လာဘရင်းဒေါ့ဖ်အား အခြေအနေကို လှမ်းမေးလိုက်သည်။

ချဲ့လာဘရင်းဒေါ့ဖ်ကလည်း ပို၍သေချာအောင် သူ့လက်မှ လက်ပတ်နာရီကြည့်လိုက်ရင်း 'ဆယ်မိနစ်လောက်ပဲ လိုပါတော့တယ်'ဟု ပြန်ဖြေလိုက်သည်။ မှန်သည်၊ ဟစ်တလာ၏လေယာဉ်ပေါ်သို့ 'ဘရန်ဒီနှစ်ပုလင်း'ဟူ၍ ဗုံးများထဲက တင်လွှတ်လိုက်သည့် ချိန်ကိုက်ဗုံးသည် နာရီဝက်တိတိကြာသည့်အချိန်တွင် ပေါက်ကွဲမည်ဖြစ်သည်။ ယခုစမိုလင့်မြို့မှ ဟစ်တလာ၏လေယာဉ် ထွက်ခွာသွားသည်မှာ မိနစ်နှစ်ဆယ်ကျော်ရှိပြီဖြစ်၍ နောက်ဆယ်မိနစ်ခန့်အကြာတွင် ပေါက်ကွဲရမည်ဖြစ်သည်။ လေယာဉ်ပျံသန်းသည့် မိုင်နှုန်းမှာ တစ်နာရီလျှင် မိုင်သုံးရာခန့်ရှိမည်ဖြစ်သဖြင့် စမိုလင့်မြို့မှ မိုင်တစ်ရာငါးဆယ်ခန့် ကွာဝေးသော မင်းစ်မြို့ပေါ်သို့အရောက်တွင် လေယာဉ်ပေါက်ကွဲရမည်ဟူ၍ ချဲ့လာဘရင်းဒေါ့ဖ် တွက်ထားသည်။

သို့ဖြင့် နောက်ထပ်ငါးမိနစ်ခန့်ကြာသွားသည်။ ဗိုလ်ချုပ်ထရက်စ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် ချဲ့လာဘရင်းဒေါ်ဖ်တို့၏ နှလုံးများမှာ နာရီစက်သံနှင့်အတူ တဒိတ်ဒိတ်
နေကြသည်။

မိနစ် ၃၀ ပြည့်သည်နှင့်တစ်ပြိုင်နက် လေယာဉ်ပေါက်ကွဲသွားမည်
ထိုအခါ ဟစ်တလာ၏လေယာဉ်ကို ခြံရံစောင့်ရှောက်၍ လိုက်ပါသွားကြသ
တိုက်လေယာဉ်တစ်စင်းစင်းမှ လေယာဉ်ပေါက်ကွဲမှုသတင်းကို မိမိတို့ရှေ့တ
စစ်မျက်နှာ ဌာနချုပ်သို့ ဝိုင်ယာလက်ဖြင့် သတင်းပို့မည်။ ဤသို့တွေး
ဗိုလ်ချုပ်ထရက်စ်ကောင်းနှင့် ချဲ့လာဘရင်းဒေါ်ဖ်သည် တစ်ယောက်နှင့်တ
ယောက် စကားမပြောနိုင်ဘဲ ရင်တထိတ်ထိတ်ဖြင့် စောင့်နေမိကြသည်။

မိနစ်သုံးဆယ်ပြည့်သွားပြီဖြစ်သည်၊ ဘာမှအကြောင်းမထူးသေး။

သုံးဆယ့်ငါးမိနစ်၊ မိနစ်လေးဆယ်၊ လေးဆယ့်ငါးမိနစ်၊ မိနစ်ငါးဆ

တစ်နာရီကြာသွားခဲ့သည်။ ဝိုင်ယာလက်သတင်းတစ်ခု ရောက်လာသ
သို့သော် ဤသတင်းမှာ ဗုံးပေါက်ကွဲသည့်သတင်းမဟုတ်ဘဲ စမိုလင့်မြို့မှ ထ
ခွာပျံသန်းသွားသည့် လေယာဉ်သည် သတ်မှတ်ထားသည့်အချိန်ဇယားအတို
ဗဟိုစစ်ဦးစီးဌာနချုပ်ရှိရာ ရက်စတင်းဘတ်မြို့သို့ ချောမောစွာပြန်လည်ရော
သွားပြီဟူသော သတင်းဖြစ်သည်။ ရက်စတင်းဘတ်လေယာဉ်ကွင်းမှ ဝတ္တ
အတိုင်း ပေးပို့လိုက်သည့် သတင်းဖြစ်နေသည်။

'ကျွန်ုပ်တို့မှာ နှစ်ယောက်သား ကြက်သေသေသွားကြပါသည်။ 
ကြောင့် ချိန်ကိုက်ဗုံးမပေါက်ကွဲဘဲ ဖြစ်သွားရသည်ကို မစဉ်းစားတ
အောင် ဖြစ်မိကြပါသည်။ ကျွန်ုပ်သည် ချက်ချင်းပင် ဘာလင်သို့ တယ
ဖုန်းဆက်၍ အစီအစဉ်မအောင်မြင်ဘဲ ဖြစ်သွားသည့်အကြောင်းကို 
ဝှက်သင်္ကေတဖြင့် သတင်းပို့လိုက်ရပါသည်။ ထို့နောက် ထရက်စ်ကော
နှင့် ကျွန်ုပ်သည် ရှေ့ဆက်ဘာလုပ်ရမည်ကို တိုင်ပင်ဆွေးနွေးကြပါသ
ကျွန်ုပ်တို့နှစ်ယောက်စလုံးမှာ တုန်တုန်ရီရီဖြစ်နေကြပါသည်။ ကျွန်ုပ်
အကြံမအောင်မြင်ဘဲ ဖြစ်ခဲ့ရပြီမှာ သေချာပါသည်။ သို့သော် ချိန်ကိုက
ကို တွေ့ရှိသွားပါက ပိုလို့သာဆိုးသွားမည်ဖြစ်ပါသည်။ ဗုံးကိုတွေ့သည
တစ်ပြိုင်နက် ကျွန်ုပ်တို့နောက်သို့ မီးခိုးကြွက်လျှောက် လိုက်လာ
ကြံဖော်ကြံဖက်အားလုံး တစ်ပြုံကြီးအသတ်ခံကြရမည်ဖြစ်ပါသည်။

(တတိယဂျာမန်နိုင်ငံတော်ပြ
အတက်နှင့်အကျ၊ စာမျက်နှာ 



ဗိုလ်ချုပ်ထရက်စ်ကောင်းနှင့် ချဲ့လာဘရင်းဒေါ်ဖ်တို့သည် **ချိန်ကိုက်ဗုံးကို** တွေ့သွားမည့်အရေးတွေး၍ အကြီးအကျယ်စိုးရိမ်ပူပန်မိကြသည်။ **သို့သော် သူတို့၏** ခြေမြန်လက်မြန် ကြံစည်ကြိုးစားမှုကြောင့် ထိုဗုံးကို ဘယ်သူမှ **မတွေ့ဘဲ** ဖြစ်သွားရသည်။

ထိုညတွင်းချင်းပင် ဗိုလ်ချုပ်ထရက်စ်ကောင်းသည် စမိုလင့်မြို့မှနေ၍ **ဗဟို** စစ်ဦးစီးဌာနချုပ်သို့ တယ်လီဖုန်းဆက်ကာ ဘရန်ဒီနှစ်ပုလင်းကို သယ်ဆောင်သွားသည့် ဗိုလ်မှူးကြီးဘရန့်နှင့် စကားပြောသည်။

'ဟယ်လို၊ ဗိုလ်မှူးကြီး ဘရန့်လား၊ အရှေ့ပိုင်းစစ်ဌာနချုပ်က စကားပြောနေပါတယ်'

'ဟယ်လို၊ ပြောပါ အခုပြောတာ ဘရန့်ပါ'

'သြော် ဗိုလ်မှူးကြီးလား၊ ကျုပ် ထရက်စ်ကောင်းပါ၊ ဘယ့်နှယ်လဲ အားလုံး ချောချောမောမော ပြန်ရောက်ကြပြီမဟုတ်လား'

'ဗိုလ်ချုပ် ဟုတ်ကဲ့၊ အားလုံးချောချောမောမောပါပဲ၊ ရောက်တာ တစ်နာရီ လောက်တောင်ရှိသွားပါပြီ၊ ဘာထူးလို့လဲ ဗိုလ်ချုပ်'

'သြော် ဘာမှမထူးပါဘူး၊ အစည်းအဝေးမှတ်တမ်းတွေအတွက် ပြောချင်လို့ ပါ'

'ဟုတ်ကဲ့ ပြောပါဗိုလ်ချုပ်'

'ဒီနေ့ ဒီမှာ ခေါင်းဆောင်ကြီးနဲ့ ဆွေးနွေးခဲ့တဲ့ ဆွေးနွေးပွဲမှတ်တမ်းနဲ့ အစည်းအဝေးမှတ်တမ်းတွေကို နက်ဖြန်ညနေအထိမစောင့်တော့ဘဲ မနက်ပိုင်းပဲ အရောက်ပို့လိုက်တော့မယ်'

'ဟုတ်လား၊ ဒီလိုဆိုလဲ ကောင်းတာပေါ့ ဗိုလ်ချုပ်၊ လမ်းမှာတောင် ခေါင်းဆောင်ကြီးက အဲဒီအတွက် ထပ်ပြီးသတိပေးသေးတယ်'

'ဟုတ်တယ်၊ ကျုပ်လဲ အဲဒါစဉ်းစားမိလို့ ခုညတွင်းချင်းပဲ **မှတ်တမ်းတွေ** အပြီးရိုက်ခိုင်းထားတယ်။ အခုည နောက်ထပ်ရောက်လာတဲ့ ရှေ့တန်းကသတင်း တွေလဲ အရေးတကြီး ပို့စရာရှိနေတယ်၊ အဲဒါတွေလဲ နက်ဖြန်မနက် ဆက်ဆက် ပို့လိုက်ပါမယ်'

**'ဟုတ်ကဲ့ဗိုလ်ချုပ်၊** ဒါပဲလား'

'ဒါပါပဲ၊ ဒီကအရာရှိတစ်ယောက်ကို မနက်စောစော လွှတ်လိုက်မယ်၊ အဲဒါ ခေါင်းဆောင်ကြီးကိုလဲ ပြောပြပါ။ သြော် ဒါနဲ့နေပါဦး၊ ဗိုလ်ချုပ်စတစ်ဖ် အတွက် ကျုပ်ပေးလိုက်တဲ့ ဘရန်ဒီနှစ်ပုလင်းကော မပို့ရသေးဘူးထင်တယ်'

'ဟုတ်ကဲ့၊ မပို့ရသေးပါဘူး ဗိုလ်ချုပ်၊ အခုညတော့ အချိန်လဲမရှိတော့

www.burmeseclassic.com

www.burmeseclassic.com



လို့၊ နက်ဖြန်မနက် ရုံးချိန်မှာတွေ့မှပဲ ပေးမလို့ စီစဉ်ထားပါတယ်'

'ဪ ဟုတ်လား၊ ဒီလိုဆို မပေးရသေးရင်လဲ အဲဒီဘရန်ဒီနှစ်ပုလင်း မပေးပါနဲ့တော့၊ ဗိုလ်မှူးကြီးပဲ သိမ်းထားပါ၊ အဲဒီဘရန်ဒီတွေက အမျိုးအစား သိပ်မကောင်းလှဘူး၊ အခုည စောစောပိုင်းကပဲ သူ့ထက်ကောင်းတဲ့ ဘရန်ဒီ နောက်ထပ်ရလာတယ်၊ အဲဒီအထဲက နှစ်ပုလင်းပေးလိုက်မယ်၊ မနက်ကျတော့ ဗိုလ်ကြီးချဲ့လာဘရင်းဒေါ့ဖ် ကိုယ်တိုင်လာမှပဲ သူ့နဲ့ပေးလိုက်မယ်။ ဗိုလ်မှူး ကြီးဆီက ပုလင်းတွေလဲ အဲဒီချဲ့လာဘရင်းဒေါ့ဖ်ကိုပဲ ပြန်ပေးလိုက်တာပေါ့ ဟုတ်လား'

'ဟုတ်ကဲ့ ကောင်းပါပြီ ဗိုလ်ချုပ် စိတ်ချပါ'

'ကောင်းပြီလေ၊ ချဲ့လာဘရင်းဒေါ့ကိုလဲ အဲဒီပုလင်းတွေဝင်ယူဖို့ ကျုပ်မှာ လိုက်ပါမယ်၊ တကယ်လို့ သူမေ့နေရင်လဲ ခင်ဗျားကပဲ ပေးဖြစ်အောင် ပြန်ပေး လိုက်ပါ ဟုတ်လား'

'ဟုတ်ကဲ့ ဗိုလ်ချုပ် ကောင်းပါပြီ၊ တခြားဘာများ မှာစရာရှိပါသေးလဲ'

'မရှိပါဘူး၊ ဒါပါပဲ'

သို့ဖြင့် နောက်တစ်နေ့နံနက်လင်းလျှင်လင်းချင်း ချဲ့လာဘရင်းဒေါ့ဖ်သည် သူပေးလိုက်သည့် 'ဘရန်ဒီနှစ်ပုလင်း'ကု သူကိုယ်တိုင်ပင် ပြန်ယူရန်အတွက် စမိုလင့်မြို့မှ ရက်စတင်းဘတ်မြို့သို့ လေကြောင်းဖြင့် တက်သုတ်ရိုက်လာခဲ့ သည်။ ချဲ့လာဘရင်းဒေါ့ဖ်သည် 'ပေါက်တဲ့နဖူး မထူးတော့' ဟု စိတ်ပိုင်းဖြတ် ကာ ဗိုလ်မှူးကြီးဘရန့်ထံမှ 'ဘရန်ဒီပုလင်းများ' အဖြစ် ပုံမှားရိုက်ထားသော 'ချိန်ကိုက်ဗုံး'ကို စွန့်စွန့်စားစားဖြင့် သွားရောက်ယူခဲ့ရသည်။

'ကျွန်ုပ်သည် ဗိုလ်ချုပ်ဘရန့်လက်မှ ချိန်ကိုက်ဗုံးကို လှမ်းယူလိုက် သည့်အခိုက်အတန့်တွင် အကြီးအကျယ်လန့်နေပါသည်။ ဗိုလ်ချုပ်ထံ အထုပ်ကို ရုတ်ရက်ဆွဲယူ၍ ကျွန်ုပ်ထံလှမ်းပေးလိုက်ရာ မတော်တဆ ထိုအချိန်ကျမှ ချိန်ကိုက်ဗုံးပေါက်ကွဲသွားလေမလားဟု တွေးမိပြီး ထိတ်လန့် သွားပါသည်။ သို့သော် စိတ်ထဲက ချိန်ကိုက်ဗုံးကို လှမ်းယူနေရသည့်အဖြစ် ကို မရိပ်မိအောင် မနည်းကြီးဟန်ဆောင်ထားရပါသည်။ ထို့နောက် ချက် ချင်းပင် ကားပေါ်သို့ပြန်တက်ကာ အနီးဆုံးဖြစ်သည့် ကော်စ်ချင်းဘူတာရုံ ဘက်သို့ တအားမောင်းချလာခဲ့ရပါသည်'

(တတိယ ဂျာမန်နိုင်ငံတော်ကြီး၏ အတက်နှင့်အကျ
စာမျက်နှာ ၁၂၁)

ထို့နောက် ချဲ့လာဘရင်းဒေါ့ဖ်သည် ကော်စ်ချင်းဘူတာတွင် **အသင့်ရှိနေ** သည့် မီးရထားပေါ်သို့တက်ကာ ဘာလင်မြို့တော်သို့ **ထွက်ခွာလာခဲ့သည်။** ရထားလမ်းပေါ်တွင် သူ့အတွက် ကြိုတင်၍ နေရာယူထားသည့် **အိပ်ခန်းတွဲထဲ** သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ချဲ့လာဘရင်းဒေါ့ဖ်သည် **အခန်းတံခါးကို** သေသေချာချာပိတ်လိုက်သည်။ ပြီးနောက် ဗိုလ်မှူးကြီးဘရန့်ထံမှ ပြန်ယူလာခဲ့သည့် 'ဘရန်ဒီနှစ်ပုလင်း' ကိုဖွင့်၍ အသေးစိပ် စစ်ဆေးကြည့်သည်။

ဤတွင်မှ အဖြစ်မှန်ကို သေသေချာချာ သိရတော့သည်။

ချိန်ကိုက်ဗုံးအတွင်းမှ ပစ္စည်းများသည် စီစဉ်ထားသည့်အတိုင်း သူ့အချိန်နှင့် သူ အံကျအလုပ်လုပ်ခဲ့သည်။ အပေါ်မှခလုတ်ကို နှိပ်ထားသဖြင့် အတွင်းရှိ ဓာတုဗေဒဆေးရည်များထည့်ထားသည့် ပုလင်းကလေး ကွဲနေသည်ကို တွေ့ရ သည်။ စပရင်၏တွန်းကန်အားကြောင့် မောင်းတန်သည် ဒီတိုနေတာကို အတိ အကျသွား၍ရိုက်ခဲ့သည်ကိုလည်း တွေ့ရသည်။ သို့သော် အားလုံး အဆင့်ဆင့် အတိုင်း ဖြစ်လာခဲ့ပြီးနောက် ပေါက်ကွဲရမည့်အဆင့်သို့ရောက်မှ ဒီတိုနေတာက ထွင်းနေခဲ့ခြင်းဖြစ်သည်။

ချဲ့လာဘရင်းဒေါ့ဖ်သည် 'ဆင်ပြောင်ကြီး အမြီးကျမှတစ်'ဆိုသလို **နောက်** ဆုံး ဗုံးပေါက်ကွဲရမည့်အဆင့်ကျမှ ဒီတိုနေတာ ချို့ယွင်း၍ မီးမကူးဘဲ ဖြစ်ရသဖြင့် အကြီးအကျယ် မကျေမနပ်ဖြစ်မိသည်။ အသက်ဆံဖျား စွန့်စွန့်စားစား လုပ်ကိုင်ခဲ့ ပြီးမှ အကြံမအောင်မြင်ဘဲဖြစ်ရသဖြင့် အကြီးအကျယ်စိတ်ပျက်မိသည်။

သို့သော် မိမိတို့၏လျှို့ဝှက်လုပ်ကြံမှု မအောင်မြင်သဖြင့် **ဟစ်တလာ** သေဘဲဖြစ်သွားရသည်ကို မကျေမနပ်ဖြစ်မိသည်ထက် ဤလုပ်ကြံမှုကို **မည်သူ** တစ်ဦးတစ်ယောက်မှ မသိရသေးမီ ယခုကဲ့သို့ အချိန်မီပြန်၍ဖုံးဖုံးဖိဖိ လုပ်နိုင် ခြင်းသာ မိမိတို့အားလုံး အသက်မခံရဘဲ အသက်ဘေးမှ **သီသီကလေးလွတ်လာ** ခဲ့ရသည်ကို စဉ်းစားမိပြန်သောအခါ **ချဲ့လာဘရင်းဒေါ့ဖ်မှာ ခေါင်းနားထန်များ** ထ၍ ကြက်သီးမွေးညင်းများပင် ထသွားမိသည်။

မီးရထားသည် မှောင်ကြီးမဲကြီးထဲမှာ ဘာလင်မြို့တော်သို့ဦးတည်ကာ တစ်အားခုတ်မောင်းလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဂျူဟာအာကျီ ဒိုးဟာဟာယန်၏ ပုံးနှစ်လုံး

ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် 'လျှပ်တစ်ပြက်အလင်းရောင် စစ်ဆ ရေး' မအောင်မြင်ဘဲ ပျက်ပြားသွားသဖြင့် စိတ်ဓာတ်ကျဆင်းသွားခဲ့ကြသည် သို့သော် သူတို့သည် ဖွဲ့မလျှော့သေးဘဲ နောက်တစ်ကြိမ် အခါသင့်၍ အခွင့်သ သည့်တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ထပ်မံကြိုးစားကြရန် ပြင်ဆင်စိုင်းပြင်းခဲ့ ပြန်သည်။

အဆိုပါ တစ်နေ့နေ့တစ်ချိန်ချိန်သည် သူ့အလိုအလျောက်ပင် ရောက်ရှိလာ သည်။ ထိုနေ့ထိုအချိန်မှာ မတ်လ ၂၁ ရက်နေ့ပင်ဖြစ်သည်။ နာဇီပါတီ အစိုးရအဖွဲ့ကကြီးမှူး၍ ထိုနေ့ထိုရက်တွင် 'သူရဲကောင်းများ အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခု ၁၉၄၃ ခုနှစ်၊ မတ်လ ၂၁ ရ နေ့တွင်လည်း ခါတိုင်းကဲ့သို့ပင် ကျင်းပရန်ရှိနေသည်။

ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် အဆိုပါ 'သူရဲကောင်းများ တွင် ဟစ်တလာအား လုပ်ကြံကြရန် လျှို့ဝှက်ပြင်ဆင်ခဲ့ကြသည်။

၎င်းအတောအတွင်း သက်ဆိုင်ရာမှ ခိုင်လုံသော သတင်းများအရ ထို ထိုရက် ထိုအခမ်းအနားသို့ ခေါင်းဆောင်ကြီး ဟစ်တလာနှင့်အတူ သူ၏လက် များဖြစ်ကြသော လေတပ်ဗိုလ်ချုပ်ကြီး ဂိုးအားရင်း၊ ဂက်စတာပို ဗိုလ် ဟင်းမလားနှင့် လက်နက်ကိုင်တပ်ပေါင်းစုံ ဗိုလ်ချုပ်ကြီးကိုက်တဲလ်တို့ပါ လိုက် လာကြမည်ဟု အတိအကျသိရသည်။ ဟစ်တလာဆန့်ကျင်ရေးသမားများသ ဟစ်တလာနှင့်တကွ သူ၏လူယုံတော်ဗိုလ်ချုပ်ကြီးများ ယခုကဲ့သို့ တစ်စုတ တည်းရှိနေခိုက် လုပ်ကြံရလျှင် ပို၍ထိရောက်မည်ဟု ယူဆကာ ကျိတ်၍ဝမ်းသာ ကြသည်။ 'နောက်ဆိုရင် ဒီအခွင့်အရေးမျိုးရဖို့ မလွယ်ဘူး'ဟူ၍ ဗိုလ်မှူး ဂါးဒေါ့ဖ်ကိုယ်တိုင်က မှတ်ချက်ချခဲ့သည်။

ဗိုလ်မှူးကြီး ဂါးဒေါ့ဖ်သည် ဗိုလ်ချုပ်ကြီးကလပ်ဂျ်၏ ဌာနချုပ်မှ စစ်ဦး အဖွဲ့ဝင်တစ်ဦးဖြစ်၍ ထောက်လှမ်းရေးအရာရှိချုပ်ဖြစ်သည်။ ယခုတစ်ကြိမ် ဟ တလာအား လုပ်ကြံရန်အတွက် ဗိုလ်ချုပ်ထရက်စ်ကောင်းကိုယ်တိုင် ရွေးချယ်ထ သည့် အဓိကဇာတ်ကောင်ပင်ဖြစ်သည်။ ဗိုလ်ချုပ်ထရက်စ်ကောင်း၏ စီစဉ်ချ အရ ဗိုလ်မှူးကြီး ဂါးဒေါ့ဖ်သည် အဆိုပါ မတ်လ ၂၁ ရက် 'သူရဲကောင်း အထိမ်းအမှတ် အခမ်းအနား'သို့ ချိန်ကိုက်ဗုံးများကို လျှို့ဝှက်စွာ ယူဆောင်လာ ဟစ်တလာနှင့် သူ့နောက်လိုက်များကို ဖောက်ခွဲလုပ်ကြံရမည်ဖြစ်သည်။

သို့သော် ယခုတစ်ကြိမ်လုပ်ကြံရာတွင် ယခင် 'လျှပ်တစ်ပြက်အလင်းရောင် ဆင်ရေး' ကဲ့သို့ ချိန်ကိုက်ဗုံးကို တသီးတခြားထားရှိရမည်မဟုတ်ဘဲ ဗိုလ်မှူး ဂါးဒေါ့ဖ်ကိုယ်တိုင် မိမိနှင့်တစ်ပါတည်း လျှို့ဝှက်ယူဆောင်သွားပြီး မိမိကိုယ် ဖောက်ခွဲရမည်ဖြစ်သည်။ အစီအစဉ်အရဆိုပါက ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် စစ်ကုတ်အင်္ကျီအိတ်ထဲတွင် ချိန်ကိုက်ဗုံးနှစ်လုံးထည့်ကာ အခမ်းအနား င်းပရာ ဘာလင်မြို့တွင်းမှ ဖူးဂေါ့စ်ရုံကြီးသို့ သွားရမည်ဖြစ်သည်။ ထို့နောက် သင့်တော်ဆုံး အချိန်တစ်ချိန်တွင် ချိန်ကိုက်ဗုံးများကို ခလုတ်နှိပ်ပြီးနောက် ဟစ်တလာနှင့် နီးကပ်နိုင်သမျှ အနီးကပ်ဆုံးနေရာသို့ရောက်အောင်သွားကာ များကို ဖောက်ခွဲရမည်ဖြစ်သည်။ ထိုသို့ဗုံးများကို မိမိဝတ်ဆင်ထားသည့် ကုတ်အင်္ကျီအိတ်ထဲမှာပင် ဖောက်ခွဲပစ်ရမည်ဖြစ်ရာ ဗုံးပေါက်ကွဲမှုကြောင့် ဟစ်တ နှင့် သူ့နောက်လိုက်များသာမက မိမိကိုယ်တိုင်ပါ အသက်ဆုံးရှုံးခံရမည်ဖြစ် သည်။

ဟစ်တလာအား ခါးခါးသီးသီးမုန်းတီးသလောက် သတ္တိပြောင်မြောက်လှ သော ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် ယင်းသို့မိမိကိုယ်တိုင် အသက်ဆုံးရှုံးခံကာ ၍လုပ်ကြံမှုကြီးတွင် 'အသေခံတပ်သား'အဖြစ် ဆောင်ရွက်ရန် ရဲရင့်စွာလက်ခံ သဘောတူခဲ့သည်။

သို့ဖြင့် မတ်လ ၂၀ ရက်နေ့ညဘက်တွင် ဗိုလ်မှူးကြီးဂါးဒေါ့ဖ် တည်းခိုနေ သည့် ဘာလင်မြို့တွင်းတစ်နေရာမှ အီဒင်ဟော်တယ်သို့ ချဲ့လာဘရင်းဒေါ့ဖ် သည့် အရာရှိငယ်တစ်ယောက် ရောက်လာသည်။ ၎င်းချဲ့လာဘရင်းဒေါ့ဖ်မှာ ခြားသူမဟုတ်၊ 'လျှပ်တစ်ပြက်အလင်းရောင်စစ်ဆင်ရေး'ကို ဟစ်တလာ၏ ယာဉ်ပေါ်သို့ တင်ပေးလိုက်သူပင်ဖြစ်သည်။ ယခုလည်း သူသည် ဗိုလ်ချုပ် ရက်စ်ကောင်း၏ တာဝန်ပေးချက်အရ ချိန်ကိုက်ဗုံးနှစ်လုံးကို ဗိုလ်မှူးကြီး ဒေါ့ဖ်ထံ လာရောက်ပေးပို့ခြင်းဖြစ်သည်။

ယခုတစ်ကြိမ် ချဲ့လာဘရင်းဒေါ့ဖ် ယူလာသည့် ချိန်ကိုက်ဗုံးနှစ်လုံးမှာ ယ်မိနစ်အတွင်း ပေါက်ကွဲရန် စီစဉ်ပြုလုပ်ထားသည့် ဗုံးများဖြစ်သည်။ သို့သော် ရဲကောင်းများအထိမ်းအမှတ် အခမ်းအနား' ကျင်းပမည့် ဖူးဂေါ့စ် အဆောက် ဦးကြီးမှာ အပေါ်မှမှန်များမိုးထား၍ အဆောက်အဦးအတွင်း၌ အအေးဓာတ်မှာ လုနီးပါးရှိနေမည်ဖြစ်ရာ ၎င်းအအေးဓာတ်ကြောင့် ချိန်ကိုက်ဗုံးသည် ဆယ်မိ အတွင်း ပေါက်ကွဲနိုင်မည်မဟုတ်ဘဲ ဆယ့်ငါးမိနစ်သို့မဟုတ် မိနစ်နှစ်ဆယ် ကြာမှ ပေါက်ကွဲမည်ဖြစ်ကြောင်း 'ဗုံးပါရဂူ' ချဲ့လာဘရင်းဒေါ့ဖ်က ဗိုလ်မှူး ကြီးဂါးဒေါ့ဖ်အား ကြိုတင်သတိပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာသည် အဆိုပါအခမ်းအနားသို့ ဂိုးအားရင်း၊ ဟင်းမလားစ
နာဇီထိပ်ပိုင်းခေါင်းဆောင်များနှင့်အတူ တက်ရောက်၍ မိန့်ခွန်းပြောကြားမည်
သည်။ မိန့်ခွန်းပြောအပြီးတွင် အခမ်းအနားကျင်းပရာ အဆောက်အဦးအတွင်
ပင် ခင်းကျင်းပြသမည်ဖြစ်သော ပြပွဲကိုတက်ရောက်ကြည့်ရှုမည်ဖြစ်သည်။ အ
ပါ ပြပွဲမှာ ဆိုဗီယက်ရုရှားတို့ထံမှ စစ်မြေပြင်တွင် သိမ်းပိုက်ရရှိခဲ့သည့်
လက်နက်အသုံးအဆောင်ပစ္စည်းများကို ပြသသည့်ပြပွဲပင်ဖြစ်၍ ဟစ်တလာသ
ပြပွဲကို မိနစ်သုံးဆယ်တိတိကြာအောင် ကြည့်ရှုရန် သတ်မှတ်ထားသည်။

အဆိုပါ စစ်ပစ္စည်းပြပွဲကို တာဝန်ယူ၍ ခင်းကျင်းပြသရသူမှာလည်း ဗို
မှူးကြီးဂါးဒေါ့ဖ်ပင်ဖြစ်ရာ ပြပွဲကျင်းပရာသို့ ဟစ်တလာ ရောက်လာသည်
တစ်ပြိုင်နက် သူကိုယ်တိုင် ခရီးဦးကြိုပြု၍ နာရီဝက်ခန့် လိုက်လံပြသရ
ဖြစ်သည်။ သို့ဖြစ်ရာ ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် ဤနာရီဝက်ခန့်အချိန်အ
အတွင်းမှာပင် သူဝတ်ဆင်ထားသည့် ကုတ်အင်္ကျီအိတ်ထဲမှ ချိန်ကိုက်ဗုံးနှစ်လုံး
ဖောက်ခွဲ၍ သူကိုယ်တိုင် အသေခံကာ ဟစ်တလာအား လုပ်ကြံရန်စီစဉ်ထ
သည်။

နောက်တစ်နေ့ မတ်လ ၂၁ ရက်နေ့ဖြစ်သည်။

ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် မိမိ၏စစ်ကုတ်အင်္ကျီနှစ်ဖက်အတွင်းသို့ ချိန်ကို
ဗုံးကို တစ်ဖက်တစ်လုံးစီထည့်ကာ 'သူရဲကောင်းများနေ့' ကျင်းပရာ ဇူးဂေ
အဆောက်အဦးဆီသို့ ကူးခြေမပျက်ထွက်လာခဲ့သည်။ သူရောက်သွားသည့်အ
တွင် အဆောက်အဦးတစ်ခုလုံးမှာ ယူနီဖောင်းမျိုးစုံ၊ တံဆိပ်မျိုးစုံတို့ဖြင့် ဂျာမန်တ
**မတော်** တပ်ဖွဲ့အသီးသီးမှ တပ်သားများ ကြိတ်ကြိတ်တိုးနေသည်ကို တွေ့ရသည်
ခဏအကြာတွင် အခြံအရံများဖြင့် ရောက်ရှိလာသည်။ စင်မြင့်ပေါ်ရှိ ဟစ်တလ
တက်လာသည်နှင့်တစ်ပြိုင်နက် အဆောက်အဦးအတွင်းရှိ လူအားလုံးသည် 'ဟေး
ဟစ်တလာ' ဟူသောအသံနှင့်အတူ ဖြန့်းခနဲမတ်တတ်ရပ်၍ အလေးပြုလိုက်
ရာ အဆောက်အဦးတစ်ခုလုံးမှာ သိမ့်သိမ့်တုန်သွားတော့သည်။

ဗိုလ်မှူးကြီး ဂါးဒေါ့ဖ်သည် အခမ်းအနားတွင် ဟစ်တလာမိန့်ခွန်းပြော
သည်အထိ စောင့်၍နားထောင်ခဲ့သည်။ သို့နားထောင်ရင်းက တစ်ချက်တစ်ချ
တွင် သူကုတ်အင်္ကျီအိတ်များအတွင်းသို့ မသိမသာ လက်ဖြင့်နှိုက်ကာ ချိန်ကိုက်
များကို စမ်းကြည့်မိသည်။

ရှည်လျားသည့်သြဘာသံကြီးနှင့်အတူ ဟစ်တလာ၏မိန့်ခွန်းဆုံးလျှင်ဆုံးခြ
ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် အခမ်းအနားကျင်းပသည့်နေရာမှ ပြပွဲခင်းကျင်းထာ
သည့်နေရာသို့ ခပ်သွက်သွက်ကလေးထွက်လာခဲ့သည်။



ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် ပြပွဲကျင်းပရာနေရာသို့ ရောက်သည်နှင့်တစ်ပြိုင်
နက် သူ့လက်အောက်မှအရာရှိတစ်ယောက်ကိုခေါ်ကာ ဟစ်တလာ ရောက်လာ
တော့မည်ဖြစ်၍ အားလုံးအဆင်သင့်ဖြစ်နေစေရန် အမိန့်ပေးလိုက်သည်။ ထို့နောက်
သူကိုယ်တိုင် ပြပွဲအပေါက်ဝမှရပ်၍ ခေါင်းဆောင်ကြီးဟစ်တလာ ကြွချီလာမည့်
လမ်း'ဆီသို့ စောင့်မျှော်ကြည့်နေခဲ့သည်။

ခဏအကြာတွင် အဆောက်အဦးကြီး၏ လေးဘက်လေးတန်တွင် တပ်ဆင်
ထားသည့် အသံချဲ့စက်မှ အခမ်းအနား၏ကြေညာချက်အရ အခမ်းအနားပြီးဆုံး
ပြီဖြစ်ကြောင်း သိရသည်။ ထို့နောက် တစ်ဆက်တည်း အခမ်းအနားသတင်းကို
အထူးအစီအစဉ်ဖြင့် အသံနှင့်ကြေညာနေသည့် အသံလွှင့်ဌာနမှ ကိုယ်စားလှယ်၏
အသံကို ကြားလိုက်ရသည်။

'အခုဆိုရင် 'သူရဲကောင်းများ အထိမ်းအမှတ်' အခမ်းအနားကြီးဟာ အောင်
မြင်စွာ ပြီးဆုံးသွားပါပြီခင်ဗျာ၊ ဒါကြောင့်မို့ ခေါင်းဆောင်ကြီးဟစ်တလာ မူလ
စီစဉ်ထားတဲ့အတိုင်း စစ်မြေပြင်က သိမ်းဆီးရခဲ့တဲ့ ဆိုဗီယက်စစ်ပစ္စည်းအသုံး
အဆောင်ပြပွဲကို ဆက်လက်ကြည့်ရှုဖို့ ပြင်ဆင်နေပါပြီ။ မကြာခင်မှာပဲ ခေါင်း
ဆောင်ကြီးဟာ ပြပွဲကျင်းပတဲ့နေရာကို ကြွပါတော့မယ်ခင်ဗျာ'

ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် အသံလွှင့်ဌာနမှ ကိုယ်စားလှယ်၏ကြေညာချက်
ကို အသက်အောင့်၍ နားစိုက်ထောင်နေမိသည်။ မိနစ်ပိုင်းအတွင်း ဟစ်တလာ
သည် မိမိရှိရာသို့ တန်းတန်းမတ်မတ်ရောက်လာပေတော့မည်။ နောက် မိနစ်
အနည်းငယ်အတွင်း မိမိကိုတ်အင်္ကျီအိတ်ထဲမှ ဗုံးနှစ်လုံးပေါက်ကွဲ၍ မိမိသည်
ဟစ်တလာနှင့်အတူ လူ့ပြည်နှင့်လူ့ဘဝကို အပြီးအပိုင်စွန့်ခွာရပေတော့မည်။

ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် လက်ယာဘက်အိတ်ထဲမှဗုံးကို မသိမသာ စမ်း
ကြည့်လိုက်သည်။ ခလုတ်ကလေးကို လက်ညှိုးဖြင့် ခပ်ဖွဖွကလေးကိုင်ကြည့်
ပြန်သည်။ ပြပွဲခန်းထဲသို့ ဟစ်တလာရောက်လာသည်နှင့်တစ်ပြိုင်နက် ဤ
ခလုတ်ကလေးကို နှိပ်လိုက်ရမည်ဖြစ်သည်။ ဟစ်တလာသည် ပြပွဲခန်းမထဲတွင်
မိနစ်သုံးဆယ်ခန့် ရှိနေမည်ဖြစ်သည်။ သို့သော် ဤခလုတ်ကလေးကို နှိပ်လိုက်ပြီး
သည့်နောက် ဟစ်တလာသည် ပြပွဲခန်းမတွင် ဆယ့်ငါးမိနစ်သို့မဟုတ်၊ မိနစ်
မှ်ဆယ်ထက် ပို၍နေနိုင်မည်မဟုတ်၊ ဤဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်အတွင်း
ဟစ်တလာသည် ဤပြပွဲခန်းမှသာမက လူ့ပြည်ကပါ အပြီးအပိုင် ထွက်ခွာသွား
တော့မည်ဖြစ်သည်။

'သောတရှင်များ ခင်ဗျား၊ အခုဆိုရင် ခေါင်းဆောင်ကြီးဟာ ပြပွဲခန်းကျင်း
ပသတဲ့နေရာကို သွားရောက်ကြည့်ရှုဖို့အတွက် စင်မြင့်ပေါ်က ဆင်းလာနေပါပြီ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ၊ ခေါင်းဆောင်ကြီးနဲ့အတူ ဗိုလ်ချုပ်ကြီး ဂိုးအားရင်း၊ ဗိုလ်ချုပ်ဟင်းမလား နဲ့...'

ဗိုလ်မှူးကြီး ဂါးဒေါ့ဖ်၏ရင်မှာ တထိတ်ထိတ်ခုန်လာသည်။ အသံချဲ့စက်မှ ထွက်ပေါ်လာသော ကြေညာချက်သည် အခြားသူများအတွက် မည်သို့မျှ ထူးခြား မည်မဟုတ်သော်လည်း မိမိအတွက်မူ သေရေးရှင်ရေးတမျှ အရေးကြီးလှသည်ကို သူ သတိပြုမိသည်။

သို့သော် ဤနေရာတွင် 'အခြားသူများအတွက်' ဟုဆိုရာ၌ ချွင်းချက်တစ်ခု ရှိနေသည်ကိုမူ သူသတိမထားမိဘဲ ရှိနေသည်။ အဘယ့်ကြောင့်ဆိုသော် ယခု အသံချဲ့စက်မှ ထွက်ပေါ်နေသော ဤအသံလွှင့်သတင်းထောက် ကြေညာချက်ကို ဤဘာလင်မြို့နှင့်မိုင်ပေါင်း ၈၀၀ ခန့်ဝေးကွာသည့်အရပ်မှနေ၍ သူနှင့်တစ်ချိန် တည်း နားထောင်ရင်း သူနှင့်အလားတူ ရင်တဖိုဖို အသည်းတထိတ်ထိတ်ဖြစ်နေ သူတစ်ဦး ရှိနေသောကြောင့်ဖြစ်သည်။ ထိုပုဂ္ဂိုလ်မှာ အခြားသူမဟုတ်၊ ဤ လုပ်ကြံမှုကြီးကို အစအဆုံး စီစဉ်ပြင်ဆင်၍ ပဲ့ကိုင်ညွှန်ကြားခဲ့သော ဗိုလ်ချုပ် ထရက်စ်ကောင်းပင် ဖြစ်သတည်း။

မှန်သည်၊ ဗိုလ်ချုပ်ထရက်စ်ကောင်းသည် ထိုအချိန်တွင် ဘာလင်မြို့တော် နှင့် မိုင်ပေါင်း ၈၀၀ ခန့် ဝေးကွာသည့် ရုရှားစစ်မျက်နှာ စမိုလင့်မြို့ ရှေ့တန်း စစ်မြေပြင်ဌာနချုပ်မှနေ၍ ဘာလင်အသံလွှင့်ဌာနမှ အသံလွှင့်ကြေညာနေသည့် 'သူရဲကောင်းများနေ့ အခမ်းအနား' သတင်းကို အသက်မရှူဘဲ နားစွင့်၍ထောင်နေ ခဲ့သည်။ သတင်းကြေညာသူက အခမ်းအနားပြီးဆုံး၍ ခေါင်းဆောင်ကြီးဟစ်တလာ သည် ပြပွဲကျင်းပရာနေရာသို့ ဆက်လက်ထွက်ခွာသွားပြီဖြစ်ကြောင်း ကြေညာ လိုက်သည်နှင့်တစ်ပြိုင်နက် ဗိုလ်ချုပ်ထရက်စ်ကောင်း၏ရင်မှာ တထိတ်ထိတ် ခုန်လာတော့သည်။ ပြပွဲခန်းသို့ ဟစ်တလာ ရောက်လျှင်ရောက်ချင်း မိမိတာဝန် ပေးထားသော ဗိုလ်မှူးကြီးဂါးဒေါ့ဖ်က ချိန်ကိုက်ဗုံးမှခလုတ်ကို နှိပ်လိုက်မည်။ ထို့နောက် ၁၅ မိနစ် သို့မဟုတ် မိနစ် ၂၀အတွင်း ဗုံးပေါက်ကွဲ၍ ဟစ်တလာနှင့် ဗိုလ်မှူးကြီးဂါးဒေါ့ဖ် အပါအဝင် ပြပွဲခန်းထဲမှလူများ အတုံးအရုံးသေကုန်ကြ တော့မည်။ ဗိုလ်ချုပ်ထရက်စ်ကောင်းသည် ထိုသို့တွေးရင်း မိမိအသက်ကို အသေ ခံ၍ စွမ်းစွမ်းတမံ ဤလုပ်ကြံမှုကြီးကို တာဝန်ယူခဲ့သော ဗိုလ်မှူးကြီးဂါးဒေါ့ဖ်၏ သတ္တိကို အထူးပင်ချီးကျူးမိသည်။

'ပြောရင်းဆိုရင်းခင်ဗျာ၊ ခေါင်းဆောင်ကြီးဟာ ပြပွဲကျင်းပရာ ခန်းမဆောင် ကို ရောက်လာပါပြီခင်ဗျာ၊ ခေါင်းဆောင်ကြီးရောက်လာတယ်ဆိုရင်ပဲ ပြပွဲတာဝန်ခံ ဗိုလ်မှူးကြီးဂါးဒေါ့ဖ်က ဆီးကြိုအလေးပြုတာကို တွေ့မြင်ရပါတယ်။ အခုဆိုရင်



ခေါင်းဆောင်ကြီးဟာ ပြပွဲခန်းမဆောင်အဝင် လက်ဝဲဘက်မှာ ပြသထားတဲ့ ...က်အမြောက်တစ်လက်ကို စိတ်ပါလက်ပါကြည့်ရှုနေပါတယ်၊ ပြပွဲတာဝန်ခံ ...မှူးကြီးဂါးဒေါ့ဖ်ကလဲ...'

ဗိုလ်ချုပ်ထရက်စ်ကောင်းသည် သူ့လက်ထဲမှ အချိန်ယူသည့်နာရီကိုကိုင် ...း ရေဒီယိုအသံလွှင့်စက်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိသည်။ မိနစ် ...အတွင်း ချိန်ကိုက်ဗုံးပေါက်ကွဲတော့မည်ဖြစ်သည်။ ဤအတိုင်းသာဆိုပါက ...နှင့် မိုင်ပေါင်း ၈၀၀နီးပါး ကွာဝေးသည့် ဘာလင်မြို့တော် ဇူဂေါ့စ်အဆောက် ...ကြီးအတွင်းမှ ဗုံးပေါက်ကွဲသံသည် ရေဒီယိုထဲမှာပင် ပဲ့တင်ရိုက်ခတ်၍ ...ဟည်းထွက်ပေါ်လာစရာရှိနေသည်။ ဗုံးပေါက်ကွဲသည်နှင့်တစ်ပြိုင်နက် အားလုံး ...သုန်းကားဖြစ်ကာ အသံလွှင့်ကြေညာနေသူသည် ဆက်လက်မကြေညာနိုင် ...ဘဲ ရုတ်တရက် ရပ်သွားပေလိမ့်မည်။ သို့မဟုတ်ပါက သူသည် မိမိမျက်စိ ...မှောက်တွင် ဗုံးပေါက်ကွဲသည်ကိုကြည့်ကာ အယောင်ယောင်အမှားမှားဖြင့် ...ပေါက်ကွဲသည့်သတင်းကိုပင် ဆက်လက်ကြေညာကောင်း ကြေညာနေပေလိမ့် ...။

ရေဒီယိုမှ သတင်းကြေညာသူ၏အသံသည် မှန်မှန်ကြီးပင် ဆက်လက်ထွက် ...နေသည်။ ဆယ်မိနစ်ခန့်အကြာတွင် ရေဒီယိုမှဆက်လက်ထွက်ပေါ်လာသော ...င်းကြေညာချက်ကြောင့် ဗိုလ်ချုပ်ထရက်စ်ကောင်းမှာ တအံ့တသြဖြစ်ကာ ...ားကိုပင် သူမယုံနိုင်အောင် ဖြစ်သွားမိသည်။

'ယခုဆိုရင် ခေါင်းဆောင်ကြီးဟာ ပြပွဲခန်းမဆောင်ထဲက ပြန်လည်ထွက်ခွာ ...နေပါပြီခင်ဗျာ၊ ပြပွဲတာဝန်ခံ ဗိုလ်မှူးကြီးဂါးဒေါ့ဖ်နဲ့အဖွဲ့ဝင် တပ်မတော် ...ရှိများကလဲ ခေါင်းဆောင်ကြီးကို အလေးပြုနှုတ်ဆက်နေကြပါတယ်၊ ခေါင်း ...င်ကြီးဟာ ယခုလိုပြပွဲတာဝန်ခံနဲ့ အဖွဲ့ဝင်များရဲ့အလေးပြုတာကို ခံယူပြီး ...ခန်းမဆောင်အပြင်ဘက်ကို မင်းလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားပါပြီ ...ား။ အခု ကျွန်တော်အစီရင်ခံတဲ့အတိုင်း ခေါင်းဆောင်ကြီးဟာ စစ်မြေပြင်က ...သိမ်းရရှိခဲ့တဲ့ ဆိုဗီယက်စစ်လက်နက်ပစ္စည်းပြပွဲ ခန်းမဆောင်ထဲမှာ အချိန်အား ...ဆယ်မိနစ်ဘဲ လှည့်လှည်ကြည့်ရှုပြီး 'စံအိမ်တော်'ကို ပြန်လည်ထွက်ခွာသွားပါ ...င်ဗျာ'

ဗိုလ်ချုပ်ထရက်စ်ကောင်းသည် ရေဒီယိုသတင်းကို နားထောင်ရင်း သူ့ ...ာပေါ်တွင် အံ့သြခြင်း၊ မယုံကြည်ခြင်းနှင့် မဝေခွဲနိုင်ခြင်းစသည့် အမူအရာ ...တစ်လှည့်စီပေါ်ထွက်နေခဲ့သည်။ ဘယ်လိုကဘယ်လိုဖြစ်၍ အစီအစဉ်များ ...လွဲအချော်ချော်ဖြစ်ကုန်သည်ကို မစဉ်းစားတတ်အောင်ဖြစ်မိသည်။ ဘာပဲ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဖြစ် ယခုရေဒီယိုမှလွှင့်သွားသည့် သတင်းအရ ဟစ်တလာသည် ပြပွဲခန်းမ
သေးမသိ ရန်မခဘဲ ပြန်လည်ထွက်ခွာသွားခဲ့ပြီဖြစ်ရာ သည်တစ်ချီတွင်
လွတ်သွားပြန်ပြီဖြစ်သည်။

အစစချိန်ကိုက်ထားပြီးမှ အဘယ့်ကြောင့် ယခုကဲ့သို့ လွတ်သွားရပြ
သနည်း၊ ဗိုလ်မှူးကြီးဂါးဒေါ့ဖ်ကပင် သတ္တိကြောင်သွား၍လော၊ တစ်စုံတစ်ယော
က သစ္စာဖောက်သွား၍လော၊ မိမိတို့၏လျှို့ဝှက်အကြံအစည်ကို ဟစ်တ
ကြိုတင်ရိပ်မိသွားခဲ့၍လော၊ ဗိုလ်ချုပ်ထရက်စ်ကောင်းမှာ စဉ်းစားမရအောင်ဖြစ်
သည်။

သို့သော် မကြာမီ ဗိုလ်မှူးကြီးဂါးဒေါ့ဖ်ထံမှ သတင်းအပြည့်အစုံရော
လာခဲ့ရာ သည်တွင်မှ ဖြစ်ပျက်ပုံအလုံးစုံကို အကုန်အစင်သိရတော့သည်။

ဖြစ်ပုံမှာ ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် ပြပွဲခန်းမအဝင်ဝမှာနေ၍ အသံ
ကြေညာချက်ကို နားစွင့်ရင်း ဟစ်တလာကို စောင့်ကြိုနေခဲ့သည်။ ဟစ်တ
ရောက်လာလျှင်ရောက်လာချင်း သူ့ကုတ်အင်္ကျီအိတ်ထဲမှ ခလုတ်များကိုနှိ
အသင့်ပြင်ထားပြီးဖြစ်သည်။ မကြာမီ သတ်မှတ်ထားသည့်အချိန်အတိုင်း ဟ
လာသည် ပြပွဲခန်းမဆောင်သို့ နောက်လိုက်နောက်ပါများဖြင့် ခြံရံလျက်ရော
လာသည်။ ဤအချိန်မှာပင် အစီအစဉ်များ အလွဲလွဲအချော်ချော်ဖြစ်ကုန်
ဖြစ်သည်။

ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် သူ့ထံသို့ တန်းတန်းမတ်မတ်လာနေသော
တလာကိုမြင်ရသည်နှင့်တစ်ပြိုင်နက် အိတ်ထဲမှ ချိန်ကိုက်ဗုံးခလုတ်ကို နှိ
ဟန်ပြင်လိုက်သည်။ ထိုအခိုက်အတန့်ကလေးမှာပင် လက်နက်ကိုင်တပ်များဆို
**ဟစ်တလာ၏** လက်ထောက်တပ်မှူးချုပ်ချဲ့မွန်သည် ပြပွဲတာဝန်ခံဗိုလ်မှူး
ဂါးဒေါ့ဖ်ထံ အပြေးအလွှားရောက်လာပြီး တစ်စုံတစ်ခုကို ပြောလိုက်သ
သူ့ပြောပြချက်အရ အခြားမဟုတ်၊ ဟစ်တလာသည် ဤပြပွဲခန်းမထဲတွင်
ကြာနေမည်မဟုတ်ဘဲ ရှစ်မိနစ်တိတိသာကြည့်ရှုပြီး အမြန်ဆုံးပြန်ထွက်သွား
မည်ဟူသော သတင်းပင်ဖြစ်သတည်း။

သို့ဖြစ်၍ ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် ဘယ်လိုမှမကြံတတ်ဘဲ အချိန်က
အစီအစဉ်ကို ဖျက်လိုက်ရသည်။ ဟစ်တလာသည် ပြပွဲခန်းမထဲတွင် မှ
မိနစ်သုံးဆယ်တိတိ လှည့်လှည်ကြည့်ရှုရန် စီစဉ်သတ်မှတ်ထားသည်။ သို့
ယခု ဗိုလ်ချုပ်ချဲ့မွန့်၏ပြောပြချက်အရ ရှစ်မိနစ်သာလျှင်ကြည့်ပြီး အမြန်ဆုံး
ထွက်သွားမည်ဖြစ်ရာ ဤရှစ်မိနစ်အတွင်း၌ တပ်ဆင်ထားသည့်ကိရိယာများ
ဆယ်မိနစ်တိတိကြာမှ ဗုံးပေါက်ကွဲမည်ဖြစ်သည်။ သို့တိုင်အောင် ဤအဆေး



တွင်း၌ အဆေးခတ်လွန်ကဲမှုကြောင့် ဆယ်မိနစ်အတွင်း **ပေါက်ကွဲနိုင်သည်**
ဘဲ အနည်းဆုံး ၁၅ မိနစ်သို့မဟုတ် မိနစ် ၂၀ ခန့်ကြာမှ **ပေါက်ကွဲသည်**
သည်။ အကယ်၍ ရာသီဥတုပုံမှန်အတိုင်း ရှိနေသည့်တိုင်အောင် **ပေါက်ကွဲရန်**
မိနစ်အချိန်ယူရမည်ဖြစ်ရာ ဤခန်းထဲတွင် ဟစ်တလာရှိနေမည့် **ရှစ်မိနစ်**
ဗုံးဖောက်ခွဲရန်မှာ လုံးဝစဉ်းစားမရအောင်ဖြစ်ခဲ့ရသည်။

သို့ဖြင့် ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် မိမိကုတ်အင်္ကျီအိတ်တွင်းမှ ဗုံးနှစ်လုံးကို
အသုံးမပြုနိုင်တော့ဘဲ ဖြစ်ခဲ့ရသည်။ သို့ဖြင့် ဟစ်တလာသည် ဆန့်ကျင်
ဂိုဏ်းသားများ၏လုပ်ကြံမှုမှ ဒုတိယအကြိမ်သီသီကလေး လွတ်ခဲ့ရပြန်သည်။
ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် သူတို့၏လုပ်ကြံမှုအစီအစဉ်
အကြိမ်ကြိမ်မက နှစ်ကြိမ်တိုင်တိုင်ပျက်ပြားခဲ့ရသော်လည်း စိတ်မပျက် အား
မလျှော့ဘဲ ဆက်လက်ကြိုးပမ်းခဲ့ကြသည်။

၁၉၄၃ ခုနှစ်၊ ဩဂုတ်လအတွင်း ဝေါလင်းဘတ်ဆိုသူသည် ဘာလင်မြို့သို့
လာပြီး ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှု၏ခေါင်းဆောင်တစ်ဦးဖြစ်သော
လားနှင့် တွေ့ဆုံခဲ့သည်။ ဝေါလင်းဘတ်သည် ဂျာမန်အမျိုးသားတစ်ဦးပင်
သော်လည်း ဆွီဒင်နိုင်ငံ၌ အမြဲနေထိုင်ကာ ဘဏ်လုပ်ငန်းပိုင်ရှင်တစ်ယောက်
ထင်ရှားသည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ထို့ပြင် သူသည် ဟစ်တလာဆန့်ကျင်
ဂိုဏ်းသားများအား ကာလအတန်ကြာကပင် ထောက်ခံအားပေးလာခဲ့၍ ဂျာမန်
ခေါင်းကြီးများအား မဟာမိတ်များနှင့်လည်းကောင်း၊ ဗြိတိသျှခေါင်းဆောင်များ
နှင့်လည်းကောင်း အဆက်အသွယ်ပြုလုပ်ပေးနေသူဖြစ်သည်။

ဝေါလင်းဘတ်သည် ဘာလင်မြို့တော်တွင် ဂိုအာဒဲလားနှင့် တွေ့ဆုံခဲ့ရာမှ
လား၏ပြောပြချက်အရ ရှေ့လာမည့်စက်တင်ဘာလအတွင်း ဟစ်တလာ
လုပ်ကြံ၍ အာဏာသိမ်းရန် အစစစီစဉ်ပြင်ဆင်ပြီဖြစ်ကြောင်း၊ အာဏာသိမ်း
ပြီးတော် ဗြိတိသျှဝန်ကြီးချုပ် ချာချီ၏ကိုယ်စားလှယ်တစ်ဦးနှင့် စစ်ပြေငြိမ်းရေး
ကိစ္စများကို ဆွေးနွေးရန် ချဲ့လာဘရင်းဒေါ့ဖ်အား ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့
လွှတ်ရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း စသည်များကို သိရှိခဲ့ရသည်။

ဝေါလင်းဘတ်သည် ဆွီဒင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသွားပြီးနောက် ဂိုအာ
၏ပြောပြချက်အရ စက်တင်ဘာလအတွင်း ဂျာမနီတွင် လုပ်ကြံမှုနှင့်
အာဏာသိမ်းမှုဖြစ်ပွားတော့မည်ဟုယူဆကာ ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေခဲ့
သို့သော် စက်တင်ဘာလကုန်ဆုံး၍ နိုဝင်ဘာလဆန်းသာရောက်လာခဲ့
ဂျာမနီမှ ထူးထူးခြားခြား ဘာသတင်းမှမကြားရဘဲ ဖြစ်ခဲ့ရသည်။

ဤအတောအတွင်း ဗိုလ်ချုပ်စတီဖ်ဆိုသူသည် ဟစ်တလာအား လုပ်ကြံ

www.burmeseclassic.com



ရန်အတွက် လျှို့ဝှက်ပြင်ဆင်ခဲ့ပြန်သည်။ ဤဗိုလ်ချုပ်စတိဖ်မှာ အခြားသူမ
'လျှပ်တစ်ပြက် အလင်းရောင်စစ်ဆင်ရေး'အတွင်းက ဗိုလ်ချုပ်ထရက်စ်ကော
'ဘရန်ဒီနှစ်ပုလင်း' လက်ဆောင်ပါးခြင်းခံရသူပင်ဖြစ်သည်။

ဗိုလ်ချုပ်စတိဖ်သည် ဗဟိုတပ်ပေါင်းစုံ စစ်ဦးစီးဌာနချုပ်တွင် စည်းရုံး ဌာနဆိုင်ရာ တာဝန်ခံတစ်ဦးဖြစ်၍ ဟစ်တလာနှင့်အတူ ဌာနချုပ်စခန်း အမြဲနေထိုင်နေရသူဖြစ်သည်။ ဟစ်တလာသည် ဌာနချုပ်တွင် နေ့စဉ် နာရီတိတိ မွန်းတည့်ချိန်၌ စစ်ကွန်ဖရင့်အစည်းအဝေးတစ်ရပ် အမြဲကျင်းပ သည်။ သို့ဖြစ်ရာ ဗိုလ်ချုပ်စတာက်ဖ်သည် အဆိုပါ စစ်ကွန်ဖရင့်တွင် ဟစ်တ အား ချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲလုပ်ကြံရန် ကြံစည်ခဲ့သည်။ သို့သော် တကယ် စွန့်စွန့်စားစားလုပ်ကိုင်ရမည့်အချိန်သို့ ရောက်လာသောအခါ ဗိုလ်ချုပ်စတိ သူရဲဘောနည်း၍ သတ္တိကြောင်နေသဖြင့် သူ့အကြံအစည်မှာ အလိုလိုပျက်ပြား ခဲ့ရသည်။

သို့သော် ဗိုလ်ချုပ်စတိဖ်သည် ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှု လိုအပ်သလိုသုံးရန် ထောက်လှမ်းရေးတပ်ဖွဲ့မှရရှိသည့် အင်္ဂလိပ်လုပ် ချိန်ကိုက် များကို ဌာနချုပ်စခန်းအတွင်းရှိ အစောင့်မျှော်စင်အောက်တွင် တိတ်တ လျှို့ဝှက်ထားခဲ့သည်။ ဟစ်တလာအား ချိန်ကိုက်ဗုံးဖြင့် လုပ်ကြံမည့်အစီအ ပျက်ပြားသွားပြီးနောက် နှစ်ရက်ခန့်အကြာတွင် အဆိုပါမျှော်စင်အောက်၌ ထားသည့် ချိန်ကိုက်ဗုံးများမှာ မတော်တဆထ၍ပေါက်ကွဲကုန်သဖြင့် ဗိုလ် စတိဖ်မှာ အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားခဲ့သည်။ သို့သော် ဤပေါက် ကြီးကို စုံစမ်းရန် တာဝန်ပေးခြင်းခံရသည့် ထောက်လှမ်းရေးဗိုလ်မှူးကြီးတ က ဟစ်တလာအား တစ်ဖက်လှည့်ဖြင့် အဆင်ပြေအောင် အစီရင်ခံလိုက်သ ဗိုလ်ချုပ်စတိဖ်မှာ သက်သာရာရသွားခဲ့သည်။

ထို့နောက်တစ်ဖန် နိုဝင်ဘာလထဲမှာပင် ဟစ်တလာအား နောက် ကြိမ် ထပ်မံလုပ်ကြံရန် ကြိုးစားခဲ့ကြပြန်သည်။ ယခုတစ်ကြိမ်တွင် အာဝန်ပေး ခြင်းခံရသူမှာ ခြေလျင်တပ်မတော်မှ အအသက် ၂၄ နှစ်မျှသာရှိသေးသ ဗိုလ်ကြီးဘတ်စ်ချဲ ဆိုသူဖြစ်သည်။

ယခင်တစ်ကြိမ်က ဗိုလ်မှူးကြီးဂါးဒေါ့ဖ်သည် စစ်ကုတ်အင်္ကျီအတွင် ချိန်ကိုက်ဗုံးများထည့်၍ ဟစ်တလာအားလုပ်ကြံရန်ကြိုးစားခဲ့ရာ ယခုတစ်ကြိ တွင်လည်း ဗိုလ်ကြီးဘတ်စ်ချဲ သည် လုပ်ကြံမှုအတွက် စစ်ကုတ်အင်္ကျီကိုအသုံး ရန် စီစဉ်ရာ၌ တူညီသော်လည်း အသုံးပြုသည့်နေရာနှင့် အသုံးပြုပုံပြုနည်း ယခင်ကနှင့်မတူဘဲ ကွဲပြားခြားနားခဲ့သည်။



ဟစ်တလာသည် မကြာမီက ဂျာမန်တပ်မတော်သားများအတွက် စစ်ကုတ် အင်္ကျီပုံစံအသစ်တစ်မျိုး တီထွင်ချုပ်လုပ်ပေးရန် သက်ဆိုင်ရာစစ်ဝတ်စုံထောက်ပံ့ ရေးဌာနသို့ အမိန့်ပေးခဲ့သည်။ ယခုအခါ အဆိုပါစစ်ကုတ်အင်္ကျီပုံစံသစ်အတွက် နမူနာချုပ်လုပ်ပြီးနေပြီဖြစ်ရာ ဟစ်တလာသည် အဆိုပါနမူနာစစ်ကုတ်အင်္ကျီ ပုံစံသစ်ကို အတည်မပြုမီ သူကိုယ်တိုင်ကိုယ်ကျ စစ်ဆေးကြည့်ရှုရန် စီစဉ်ထား သည်။ ဤတွင် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် ဟစ်တလာအား အဆိုပါ နမူနာကုတ်အင်္ကျီ စစ်ဆေးကြည့်ရှုသည့်အချိန်တွင် ဗုံးဖြင့်ဖောက်ခွဲ၍ လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ယင်းအစီအစဉ်အရ ဤလုပ်ကြံမှုတွက် 'အသေခံတပ်သား'အဖြစ် ရွေးချယ် တာဝန်ပေးခြင်းခံရသည့် ဗိုလ်ကြီးဘတ်စ်ချဲသည် ထိုနေ့တွင်ပင် ဟစ်တလာရှေ့ ၌ နမူနာချုပ်ထားသည့် ကုတ်အင်္ကျီများအတွင်း ချိန်ကိုက်ဗုံးများထည့်ထားမည်ဖြစ် ၍ ဟစ်တလာရောက်လာပြီး ကုတ်အင်္ကျီကို စစ်ဆေးကြည့်ရှုနေခိုက် ဗုံးကိုဖောက် ခွဲပစ်ရမည်ဖြစ်သည်။

ဗိုလ်ကြီးဘတ်စ်ချဲသည် ယခင်တစ်ကြိမ်က ဗိုလ်မှူးကြီးဂါးဒေါ့ဖ်၏ 'ကုတ် အင်္ကျီလုပ်ကြံမှု' မအောင်မြင်ဘဲ ပျက်ပြားသွားခဲ့ရသည်မှာ ချိန်ကိုက်ဗုံး၏ပေါက်ကွဲ သည့်အချိန် နှေးကွေးမှုကြောင့်ဖြစ်သည်ကို သိထားပြီးဖြစ်သည်။ သို့ဖြစ်ရာ ယခုတစ်ကြိမ် 'ကုတ်အင်္ကျီဖြင့် လုပ်ကြံမှု'တွင် ခလုတ်ကိုဖြုတ်လိုက်သည်နှင့် တစ်ပြိုင်နက် မိနစ်မဆိုင်းဘဲ စက္ကန့်အနည်းငယ်တွင်း ပြင်းထန်စွာပေါက်ကွဲမည့် ဂျာမန်လုပ်ဗုံးများကို ရွေးချယ်အသုံးပြုရန် စီစဉ်ထားသည်။ သူ့အစီအစဉ်အရဆိုပါ က ဗိုလ်ကြီးဘတ်စ်ချဲသည် မိမိဝတ်ဆင်ပြသနေသည့် ကုတ်အင်္ကျီနမူနာပုံစံသစ် ကို ဟစ်တလာက စိတ်ပါဝင်စားစွာကြည့်ရှုနေခိုက် ကုတ်အင်္ကျီအိတ်အတွင်းမှ ချိန်ကိုက်ဗုံးကို ရုတ်တရက်ခလုတ်ဖြုတ်ကာ ဟစ်တလာအား ကြုံး၍လှမ်းဖက်လိုက် မည်။ ထိုအခိုက် စက္ကန့်ပိုင်းအတွင်းမှာပင် ဗုံးပေါက်ကွဲ၍ မိမိရော ဟစ်တလာ ပါ နှစ်ယောက်စလုံး အတုံးအရုန်းသေဆုံးကုန်ကြမည်ဖြစ်သည်။ သည်တစ်ချီတွင် ချိန်ကိုက်ဗုံး၏ ချို့ယွင်းမှု အချိန်နှေးကွေးမှု လုံးဝရှိတော့မည်မဟုတ်ဘဲ သေချာ ပေါက် မိမိတို့အကြံအောင်ရမည်ဟူ၍ ဟစ်တလာဆန့်ကျင်ရေးသမားများက တစ်ထစ်ချယူဆထားကြသည်။

သို့သော် သေနေ့မစေ့၍ မသေရသေးဟန်တူသော ဟစ်တလာသည် ယခု တစ်ကြိမ်တွင်လည်း သေဘေးမှကင်းဝေးခဲ့ရပြန်သည်။ လုပ်ကြံမှုအစီအစဉ်မှာ ပျက်ပြားခဲ့ရပြန်သည်။ အကြောင်းမှုကား စစ်ကုတ်အင်္ကျီပုံစံသစ် နမူနာ စစ်ဆေးကြည့်ရှုမည့်နေ့မတိုင်မီတစ်ရက်က မဟာမိတ်လေယာဉ်များ အလုံးအရင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လာရောက်၍ အပြင်းအထန်ဖိုးကြိချသွားခဲ့ရာ အဆိုပါကုတ်အင်္ကျီနမူနာမှာ မီးဖိုထဲသို့ ပါသွားသောကြောင့်တည်း။

ထို့နောက် မိမိအသက်ကို ပဓာနမထားဘဲ 'အသေခံတပ်သား'အဖြစ် တာဝန်ယူခဲ့သော ဗိုလ်ကြီးဘတ်စ်ချဲသည် 'ကုတ်အင်္ကျီဖြင့်လုပ်ကြံမှု' ပျက်ပြားသွားပြီးနောက် မိခင်တပ်ရင်းရှိရာ ရုရှားစစ်မြေပြင်သို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။ သို့သော် စိတ်မကျေနပ်ကြသေးသော ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် ဒီဇင်ဘာလအတွင်း ကုတ်အင်္ကျီပုံစံသစ်နမူနာ စစ်ဆေးသည့် အစီအစဉ်ကို ထပ်မံပြုလုပ်ရန်အတွက် ဗိုလ်ကြီးဘတ်စ်ချဲအား စစ်မြေပြင်မှ ပြန်လည်ခေါ်ယူခဲ့ကြပြန်သည်။ သို့သော် ဤတစ်ကြိမ်တွင်လည်း အစစအရာရာအားလုံး စီစဉ်ပြီးပါမှ ခေါင်းဆောင်ကြီးဟစ်တလာသည် ရုတ်တရက် ဖြုန်းခနဲ ခရစ္စမတ်ပွဲတော်ရက်အတွင်း အနားယူမည်ဟုဆိုကာ ဘာချက်စ်ဂါဒင်မြို့သို့ ထွက်ခွာသွားခဲ့ရာ ဗိုလ်ကြီးဘတ်စ်ချဲသည် ဘာလင်မြို့တော်မှ ထွက်ခွာသွားခဲ့ရာ လုပ်ကြံမှုအစီအစဉ်များ ပျက်ပြားသွားခဲ့ရပြန်သည်။ သို့ဖြင့် ဗိုလ်ကြီးဘတ်စ်ချဲသည် ဘာလင်မြို့တော်မှ မိမိတပ်ရင်းရှိရာ ရုရှားစစ်မြေပြင်သို့ ပြန်သွားရပြန်သည်။

ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် မိမိတို့အစီအစဉ် တစ်ကြိမ်ပြီးတစ်ကြိမ် ပျက်ပြားခဲ့ရသော်လည်း စိတ်မပျက်ဘဲ ဆက်လက်ကြိုးစားကြပြန်သည်။ မကြာမီ ဟစ်တလာသည် ခရစ္စမတ်ပွဲတော်ပြီးဆုံး၍ ဘာလင်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ရာ ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် မူလအကြံအစည်ဖြစ်သော စစ်ကုတ်အင်္ကျီပုံစံသစ် စစ်ဆေးသည့် အစီအစဉ်ဖြစ်မြောက်ရေးကို ကြိုးစားခဲ့ကြပြန်သည်။

ယခုတစ်ကြိမ်တွင် 'ကုတ်အင်္ကျီဖြင့် လုပ်ကြံမှု'အတွက် ဗိုလ်ကြီးဘတ်စ်ချဲကို တာဝန်မပေးတော့ဘဲ ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ကြီးဘတ်စ်ချဲမှာ ရုရှားစစ်မြေပြင်တစ်နေရာတွင် ဒဏ်ရာအပြင်းအထန်ရ၍ စစ်ဆေးရုံသို့ရောက်နေသောကြောင့်ဖြစ်စသည်။ သို့ဖြစ်ရာ ဗိုလ်ကြီးဘတ်စ်ချဲ၏နေရာတွင် ဟိန်းရစ်ချ်ဆိုသူအား တာဝန်ပေးခဲ့ကြသည်။

ဟိန်းရစ်ချ်မှာလည်း ရှေ့တန်းစစ်မျက်နှာခြေလျင်တပ်မှ အရာရှိငယ်တစ်ဦးပင်ဖြစ်၍ သူ့ဖခင်မှာ ဗိုလ်ချုပ်ကလိုက်စ်ပင်ဖြစ်သည်။ ဗိုလ်ချုပ်ဗွန်ကလိုက်စ်မှာ အခြားသူမဟုတ်၊ စစ်ကြီးမဖြစ်မီ ၁၉၃၈ ခုနှစ်ကတည်းက ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားတစ်ဦးဖြစ်ခဲ့၍ ချက်ကိုစလိုဗက်ကီးယားနိုင်ငံ အရေးအခင်းတွင် ဗြိတိန်နိုင်ငံသို့ တိတ်တဆိတ်သွားရောက်ကာ ဝင်စတန်ချာချီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် ပုဂ္ဂိုလ်ပင်ဖြစ်သည်။



ထင်းသို့ အစဉ်အလာအားဖြင့် ဟစ်တလာဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းပြခဲ့သော ဟိန်းရစ်ချ်သည် ကုတ်အင်္ကျီ နမူနာစစ်ဆေးသည့် အခမ်းအနားတွင် အသက်ကို အသေခံ၍ ဟစ်တလာအား လုပ်ကြံရန်အတွက် စစ်မြေပြင်မှ ဘာလင်မြို့တော်သို့ ပြန်လာခဲ့သည်။

သို့ဖြင့် ကုတ်အင်္ကျီနမူနာကို ဟစ်တလာကိုယ်တိုင် ကြည့်ရှုစစ်ဆေးရန် သတ်မှတ်ထားသည့်နေ့မှာ ၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ပင်ဖြစ်သည်။ ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသားများသည် ထိုအနေ့မတိုင်မီ ဟိန်းရစ်ချ်နှင့် အကြိမ်ကြိမ်လျှို့ဝှက်တွေ့ဆုံ၍ ရိုန်ကိုက်ဗုံးကို မည်သို့ဖောက်ခွဲရမည်၊ ဟစ်တလာအား မည်သို့မည်ပုံ မလွတ်တမ်းလုပ်ကြံရမည်စသည့် အစီအစဉ်များကို အသေးစိတ်ပင်ညှိနှိုင်းခဲ့ကြသည်။ သို့သော်...

ဟစ်တလာသည် ထိုနေ့က ဘာအကြောင်းကြောင့်ဟူ၍မသိရဘဲ အဆိုပါကုတ်အင်္ကျီစစ်ဆေးကြည့်ရှုရမည့်နေရာသို့ လုံးဝမရောက်မလာဘဲ ဖြစ်ခဲ့သည်။ ဟစ်တလာ ဆန့်ကျင်ရေးသမားများမှာ သည်တစ်ချီတွင် အကြီးအကျယ်စိတ်ပျက်ခဲ့ကြသည်။ ထိုနေ့က ထိုနေရာသို့ ဟစ်တလာ ဘာကြောင့်မလာသည်ကို သိအောင်မရအောင် ဖြစ်ခဲ့သည်။ နောက်ဆုံး၌ တစ်ကြိမ်ကနှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ်အထိ အကြံအစည်များ အကြိမ်ကြိမ်ပျက်ပြားခဲ့ရသည်ကို စိတ်ပျက်လာသည့်ပြင် မိမိတို့၏လျှို့ဝှက်လုပ်ကြံမှုအစီအစဉ်ကို ဟစ်တလာနှင့် သူ့လူများက အနံ့တစ်စ ရိပ်မိသွားကြလေပလားဟုပင် တွေးတောစိုးရိမ်ကာ အဆိုပါအစီအစဉ်ကို လုံးဝဖျက်သိမ်းလိုက်ကြသည်။

ဤသို့ဖြင့် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများအတွင်း *'ကုတ်အင်္ကျီလုပ်ကြံရန်ကြိုးပမ်းမှု'ဟူ၍ နာမည်ရခဲ့သောလုပ်ကြံမှု အစီအစဉ်တစ်ရပ်မှာ ပျက်ပြားခဲ့ရသည်။

စင်စစ် ၎င်းတို့နောက်ဆုံး စီစဉ်ထားသည့်နေ့ရက်ဖြစ်သော ၁၉၄၄ ခု၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့က သတ်မှတ်ထားသည့်နေရာသို့ ဟစ်တလာ လုံးဝရောက်မလာဘဲနေခဲ့သည်မှာ လုပ်ကြံမှုအစီအစဉ်ကို ကြိုတင်သိထား၍လည်းမဟုတ်၊ အကြောင်းထူးကိစ္စကြီးငယ်ရှိ၍လည်းမဟုတ်၊ ဟစ်တလာ၏လုပ်ရိုးလုပ်စဉ်အတိုင်း တမင်သက်သက်မလာဘဲ နေခဲ့ခြင်းပင်ဖြစ်သည်။

ဟစ်တလာသည် မိမိအား ယင်းသို့လျှို့ဝှက်လုပ်ကြံနေကြသူများ ရှိနေကြောင်းကို ခိုင်ခိုင်လုံလုံ တိတိကျကျ မသိရသော်လည်း သူ့အသက်အန္တရာယ်

---

*'Overcoat' Attempts.

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးအတွက်မှု အမြဲတစေ သတိရှိနေသူဖြစ်သည်။ အထူးသဖြင့် ယခုကဲ့
စစ်မြေပြင် စစ်မျက်နှာအသီးသီးတွင် ဂျာမန်တပ်များ အခဲအရှုံးနှင့်ရင်ဆိုင်နေ
ပြည်တွင်း၌လည်း မြို့ကြီးပြကြီးများကို မဟာမိတ်တပ်တို့က အပြင်းအထ
ဗုံးကြဲတိုက်ခိုက်နေကြသဖြင့် ဂျာမန်တပ်မတော်နှင့် ဂျာမန်တစ်မျိုးသားလုံး စိ
ဓာတ်ပျက်ပြားနေချိန်တွင် မိမိအပေါ် မကျေမနပ်ဖြစ်ကာ သစ္စာဖောက်မှု
ပေါ်ပေါက်လာနိုင်သည်ကို သတိပြုမိသောကြောင့် အနေအထိုင်အသွားအလ
အထူးဆင်ခြင်ခဲ့သည်။ လုံခြုံရေးကို အထူးဂရုစိုက်ခဲ့သည်။

ဤနေရာတွင် ဟစ်တလာသည် လွတ်ကင်းအောင် အမြဲအသုံးပြုခဲ့သ
လုပ်နည်းလုပ်ဟန်တစ်ခု ရှိသည်။ ယင်းလုပ်နည်းလုပ်ဟန်မှာ သတ်မှတ်ထားသ
အစီအစဉ်များကို မကြာခဏ အချိန်ကပ်ပြီးမှ ပြောင်းလဲပစ်ခြင်းပင်ဖြစ်သည
တစ်နေရာသို့သွားရန် အသေအချာစီစဉ်ပြီးမှ လုံးဝမသွားဘဲနေခြင်း၊ ဤနေရာ
ဤလမ်းမှသွားရန် ပြင်ဆင်ထားပြီးမှ ရုတ်တရက် အချိန်ကပ်၍ ဤလမ်းမှမသွ
ဘဲ ထိုလမ်းမှသွားရန် စီစဉ်ခြင်းစသည်ဖြင့် မကြာခဏ အပြောင်းအလဲပြုလုပ်
ရှိသည်။ ဤနည်းဖြင့် မိမိအားလုပ်ကြံမည့်သူများ အကြံအစည်ပျက်ပြား၍ မျက်
လည်သွားအောင် ပြုလုပ်လေ့ရှိသည်။

'ရာဇဝင်မှာ စာတင်ခဲ့ရတဲ့ သမိုင်းဝင်လုပ်ကြံမှုကြီးတွေဟာ ဘာကြေ
တစ်ရာမှာ ကိုးဆယ်လောက် အောင်မြင်သွားခဲ့ကြတယ်ဆိုတာ ကျ
ကောင်းကောင်းကြီးနားလည်ထားတယ်။ ဒီလိုလုပ်ကြံမှုမျိုးကို ကြိုတင်ထ
ကွယ်ဖို့အတွက် တစ်ခုတည်းသော နည်းလမ်းကတော့ ဘယ်တော့မှ ပုံ
အတိုင်း မနေဖို့ဘဲ၊ လမ်းလျှောက်သွားရာမှာဖြစ်ဖြစ်၊ ကားစီးသွားရာမှဖြ
ဖြစ်၊ ခရီးသွားရာမှာ သမားရိုးကျပုံမှန်အတိုင်း ဘယ်တော့မှ မသွား
မမျှော်လင့်ဘဲ မမျှော်လင့်တဲ့အစီအစဉ်နဲ့သွားဖို့ လိုတယ်။ ကျုပ်ဆို
ကားနဲ့သွားရတဲ့အခါမျိုးမှာ ဘယ်နေရာသွားသွား ဖြစ်နိုင်ရင် မမျှော်လင့်
အချိန်မျိုးမှာပဲ သွားတယ်။ တစ်ခါတစ်ခါ ပုလိပ်ကိုတောင် တင်ကြို
အသိမပေးဘူး'

(ဟစ်တလာ၏လျှို့ဝှက်မိန့်ခွန်းမျာ
စာမျက်နှာ ၃

ဟစ်တလာသည် တစ်ခါက စစ်ဌာနချုပ်စခန်းရှိ လက်ထောက်ဗိုလ်
ကြီးများအား အထက်ပါအတိုင်း ပြောခဲ့ဖူးသည်။ သူပြောခဲ့သည့်အတိုင်းလည
သူသည် သူ့အသက်လုံခြုံရေးအတွက် သူ့နည်းသူ့ဟန်ဖြင့် ဘယ်တော့မှ ပုံ



လုပ်ဘဲ အချိန်ကပ်ပြီးမှ အစီအစဉ်များကို မမျှော်လင့်ဘဲ ပြောင်းလဲပစ်တတ်
ည်။ တစ်ခါတစ်ခါ အစီအစဉ်များကို လုံးဝဖျက်သိမ်းပစ်တတ်သည်။

ဤသို့ဖြင့် ဟစ်တလာသည် မကြာခဏ အသက်ဘေးမှ သီသီကလေးလွတ်
ည်။ ဆန့်ကျင်ရေးဂိုဏ်းသားများ၏ လုပ်ကြံရန်ကြိုးပမ်းမှုများကို အကြိမ်
ရှောင်ကွင်းနိုင်ခဲ့သည်။

သို့သော် တစ်နေ့တခြား ဆိုးဝါးလာသည့် စစ်ရေးအခြေအနေများကြောင့်
တလာအား မကျေမနပ်သူများ၊ မလိုလားသူများနှင့် ဆန့်ကျင်သူများပေါ်များ
ည်ထက် ပေါ်များလာခဲ့ရာ သူသည် ဤဆန့်ကျင်ရေးဂိုဏ်းသားများ၏ လုပ်
အန္တရာယ်စက်ကွင်းမှ မည်မျှကြာအောင် တိမ်းရှောင်နိုင်ပါမည်နည်း။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ထံမှ နောက်ဆုံးရာဇသံ

နေ့စွဲ- ဂျူလိုင် ၁၅ ရက်၊ ၁၉၄

"နော်မန်ဒီစစ်မျက်နှာ၏အခြေအနေမှာ တစ်နေ့တခြား ပို၍ဆိုးဝါးနေပါသည်
ဤဆိုးဝါးမှုကြောင့် ရောမအာကျပ်အတည်းဖြင့် ရင်ဆိုင်ရလုနီးပါးဖြစ်နေ
သည်။

'နော်မန်ဒီစစ်မျက်နှာသို့ နောက်ထပ်မည်သည့်တပ်များကိုမျှ အသ
ထပ်မံ၍ခေါ်ယူရန် လုံးဝမဖြစ်နိုင်အောင် ရှိနေပါသည်။ ရန်သူ့ဘက်
တပ်သစ်များနှင့် စစ်လက်နက်ရိက္ခာပစ္စည်းအသစ်များ နေ့စဉ်နှင့်အ
စစ်မျက်နှာသို့ အဆက်မပြတ်ရောက်ရှိနေပါသည်။ ရန်သူ၏ထောက်ပံ့
လမ်းကြောင်းကိုလည်း ကျွန်ုပ်တို့၏လေတပ်က အနှောင့်အယှက်မပေးနိ
ဘဲ ဖြစ်နေပါသည်။ ရန်သူသည် အင်အားကြီးမားသည်ထက် ကြီးမားစွာပြ
ဖိလာနေပါသည်။

'ကျွန်ုပ်တို့၏တပ်များသည် နေရာအနှံ့အပြားတွင် သူရဲကောင်းပီသစွ
တိုက်ခိုက်နေကြပါသည်။ သို့သော် အင်အားချင်းမညီမျှဘဲ တိုက်နေ
ရသဖြင့် အရှုံးနှင့် အဆုံးသတ်ဖို့ နီးကပ်နေပြီဖြစ်ပါသည်။

ဤအခြေအနေအရပ်ရပ်ကြောင့် ပေါ်ပေါက်လာမည့် အကျိုးသက်ရော
မှုကို အလျင်အမြန်သုံးသပ်ကြည့်ပါရန် ကျွန်ုပ်တောင်းဆိုမေတ္တာရပ်ခံအ
ပါသည်။ တပ်ပေါင်းစုဗိုလ်ချုပ်ကြီးတစ်ယောက်အဖြစ် အခြေအနေ
ယခုကဲ့သို့ ပွင့်ပွင့်လင်းလင်းတင်ပြရန်မှာ ကျွန်ုပ်၏တာဝန်ဖြစ်သည်
ယူဆပါသည်။

*ရွှမ်းမဲ

စစ်မြေပြင်ဗိုလ်ချုပ်

*ဟစ်တလာထံ 'နောက်ဆုံးရာဇသံ'အဖြစ် ပေးပို့ခဲ့သော ဗိုလ်ချုပ်ကြီးရွှမ်းမဲ
၏ အထက်ပါ စာမူရင်းအပြည့်အစုံကို ဤစာအုပ်နောက်ဆက်တွဲတွင်ကြည့်ပါ။

စာရေး



ဟစ်တလာသည် အကြီးအကျယ်ဒေါပွလျက်ရှိသည်။

မိမိကဲ့သို့ ခေါင်းဆောင်ကြီးတစ်ယောက်ထံ ယခုကဲ့သို့မောက်မောက်မာမာ ရေးသည့်စာမျိုးကို တစ်သက်နှင့်တစ်ကိုယ် ဤတစ်ကြိမ်သာဖတ်ရသေးသည်။ မိမိကဲ့သို့သော အာဏာရှင်ကြီးတစ်ယောက်ထံ ယခုကဲ့သို့ စော်စော်ကားကား 'ရာဇသံ'ပေးသည့်လေသံမျိုးနှင့် ရေးသည့်စာကို ဤတစ်ကြိမ်သာ ဖတ်ဖူးသေးသည်။

သို့သော် ဤစာကိုရေးလိုက်သူမှာ မိမိလက်အောက်ရှိ ဂျာမန်တပ်မတော်ကြီးတစ်ခုလုံးမှ ဗိုလ်ချုပ်ကြီးများနှင့် စစ်မြေပြင်တပ်မှူးကြီးများအနက် အထူးချွန်ဆုံး၊ သတ္တိအပြောင်မြောက်ဆုံးနှင့် စစ်ပရိယာယ်အကြွယ်ဝဆုံး ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်နေသည်ကိုလည်း သူသတိပြုမိသည်။ ထို့ပြင် ဤဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏ စာထဲတွင်ပါရှိသည့် နော်မန်ဒီစစ်မျက်နှာမှ ဂျာမန်တပ်များ၏ အခြေအနေမှာလည်း အမှန်တကယ်ပင် အရှုံးနှင့်အဆုံးသတ်ရန် နီးကပ်နေပြီကိုလည်း ဟစ်တလာ ငြင်းနိုင်ဘဲဖြစ်နေသည်။

မှန်သည် ဗိုလ်ချုပ်ကြီးရွှမ်းမဲသည် ဂျာမန်တပ်မတော်မှ ဗိုလ်ချုပ်ကြီးများနှင့် စစ်မြေပြင်တပ်မှူးကြီးများအနက် အထူးချွန်ဆုံး သတ္တိအပြောင်မြောက်ဆုံးနှင့် စစ်ပရိယာယ်အကြွယ်ဝဆုံးဖြစ်သည်။ အထူးသဖြင့် ၁၉၄၁-၄၂ ခုနှစ်များအတွင်း က အာဖရိက သဲကန္တာရအတွင်း ရန်သူဗြိတိသျှတပ်များကို အပြင်းအထန်ဝင်ရောက်ထိုးဖောက်၍ တိုက်ခိုက်ချေမှုန်းခဲ့သူမှာ ဤဗိုလ်ချုပ်ရွှမ်းမဲလ်ပင်ဖြစ်သည်။ ထိုစဉ်က +နာမည်ကျော် အာဖရိကတပ်ဖွဲ့များကို ကိုယ်တိုင်ကိုယ်ကျ ထိထိရောက်ရောက်ဦးစီးကွပ်ကဲ၍ ကမ္ဘာကျော်အဲလ်အလာမိန်းတိုက်ပွဲတွင် ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ခဲ့သူမှာ ဤဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ပင်ဖြစ်သည်။ အဆုံးအစမရှိသော လွင်တီးခေါင်သဲကန္တာရကြီးအတွင်း စစ်ပရိယာယ်ကြွယ်ကြွယ်ဝဝဖြင့် လက်ဖျားခါရလောက်အောင် တိုက်ခိုက်ခဲ့ရာမှ ဂျာမန်တပ်များနှင့်တကွ ဗြိတိသျှတပ်များအတွင်း *'သဲကန္တာရမြေခွေး'ဟူ၍ နာမည်ကျော်ကြားခဲ့သူမှာ ဤဗိုလ်ချုပ်ကြီးရွှမ်းမဲ့လ်ပင်ဖြစ်သည်။

ဤမျှလောက် သတ္တိပြောင်မြောက်၍ စစ်ပရိယာယ်ကြွယ်ဝကျွမ်းကျင်လှသဖြင့် ဟစ်တလာကိုယ်တိုင်က ယုံကြည်အားကိုးစွာဖြင့် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်

+Afrifa Korps.
*Desert Fox.

www.burmeseclassic.com

www.burmeseclassic.com



အား အနောက်ဖက်စစ်မျက်နှာတွင် မဟာမိတ်တပ်များ၏ ထိုးစစ်ကြီးကို ခုခံတွန်းလှန်ရန် တပ်ပေါင်းစုဗိုလ်ချုပ်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။

ယခုသော်မူ မိမိကိုယ်တိုင်ယုံကြည်စိတ်ချ အားကိုးရပါသည်ဟုဆိုသော ဗိုလ်ချုပ်ကြီးရွမ်းမဲလ်က 'တစ်နေ့တခြား အခြေအနေဆိုးဝါး'လှ၍ ရောမအကျပ်အတည်းဖြင့် ရင်ဆိုင်ရသောကြောင့် အနောက်ဖက်စစ်မျက်နှာတွင် မဟာမိတ်တို့နှင့် အပြန်ဆုံးစေ့စပ်၍ စစ်ရပ်စဲရန် မိမိအား စာဖြင့်ရေး၍ ရာဇသံပေးနေသည်ဖြစ်ရာ ဟစ်တလာ၏စိတ်ထဲတွင် 'ကိုယ်မွေးသည့်မျောက်က ကိုယ့်ပြန်ချောက်'သလို ခံစားရသည်။

သို့သော် စောစောကဖော်ပြခဲ့သည့်အတိုင်း ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏စာထဲတွင်ပါသည့် အကြောင်းချင်းရာများမှာ အမှန်အတိုင်းပင်ဖြစ်၍ အရှိကိုအရှိအတိုင်း ဖော်ပြလိုက်ခြင်းသာဖြစ်သည်။

ဤအနောက်ဖက်စစ်မျက်နှာသည် ဒုတိယကမ္ဘာစစ်ကြီး၏ အနိုင်အရှုံးကို ဆုံးဖြတ်ခဲ့သည့် အဓိကစစ်မျက်နှာကြီးတစ်ရပ်ဖြစ်သော်လည်း ဤစစ်မျက်နှာတွင် မဟာမိတ်တို့၏ ရောမထိုးစစ်ကြီး ဆင်နွှဲမည့်နေ့ရက်နှင့် အချိန်နာရီကို ကြိုတင်မသိခဲ့ရသည်အထိ ဂျာမန်တို့ဘက်မှ ချို့ယွင်းညံ့ဖျင်းခဲ့ကြသည်။ နေ့ရက်နှင့်အချိန်နာရီသာမက မဟာမိတ်တို့က မည်သည့်ကမ်းခြေ မည်သည့်နေရာမှတက်ရောက်၍ ထိုးစစ်ဆင်နေကြမည်ကိုပါ ဂျာမန်တို့မသိခဲ့ရဘဲ ဖြစ်ခဲ့သည်။

ဗြိတိသျှ ပြင်သစ်နှင့် အမေရိကန်တပ်များသည် ဂျာမန်တို့သိမ်းပိုက်ထားသည့် ပြင်သစ်ကမ်းခြေသို့ အလုံးအရင်းဖြင့် တက်ရောက်၍ ရောမထိုးစစ်ကြီးဆင်နွှဲရန် ပြင်ဆင်နေကြပြီဟူသောသတင်းကို ဂျာမန်တို့ရရှိထားခဲ့သည်မှာ ၁၉၄၄ ခုနှစ်၊ ဧပြီလအတွင်းကပင်ဖြစ်သည်။ သို့သော် မည်သည့်နေ့ရက်၊ မည်သည့်အချိန်တွင် မည်သည့်နေရာမှ တက်ရောက်လာကြမည်ကို မည်သူမျှ အတိအကျမပြောနိုင်ဘဲဖြစ်နေကြသည်။

၁၉၄၄ ခုနှစ်၊ မေလဆန်းလောက်က ဗိုလ်ချုပ် ဟင်းမလား၏ စစ်သတင်းထောက်လှမ်းရေးအဖွဲ့မှ ဗိုလ်မှူးကြီးဟင်ဆန်သည် ဇွန်လအတွင်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် မဟာမိတ်တပ်များ ထိုးစစ်ဆင်ကြလိမ့်မည်ဟူသောသတင်းကို ရရှိခဲ့သည်။ သို့သော် ထိုသတင်းမှာ ခိုင်လုံတိကျခြင်းမရှိဟုဆိုကာ ခပ်ပေါ့ပေါ့ ခပ်အေးအေးပင် နေခဲ့ကြသည်။

ထိုသို့ ဇွန်လအတွင်း မဟာမိတ်တို့ ထိုးစစ်ဆင်ကြလိမ့်မည်ဟူသော ထောက်လှမ်းရေးသတင်းကို မဖြစ်နိုင်ဟု ယူဆကြသူများအဖို့ မေလအတွင်းတွင်လည်း ဖြစ်နိုင်စရာမရှိဟု ယူဆထားကြပြီးဖြစ်သည်။ ပြင်သစ်နှင့်အင်္ဂလန်နိုင်ငံ



ကြား ပင်လယ်ရေပြင်၏ ရာသီဥတုအခြေအနေမှာ မေလအတွင်း ဆယ့်နှစ်ရက် လှိုင်းကြီး၍ လေထန်နေတတ်သည်ဖြစ်ရာ မဟာမိတ်တပ်များ၏ ဗိုလ်ချုပ်ကြီး အိုင်ဆင်ဟောင်ဝါသည် လှိုင်းလေစိတ်မချရသည့် ဤမေလအတွင်း အင်္ဂလိပ်ရေလက်ကြားကိုဖြတ်၍ ထိုးစစ်ဆင်ရန် မည်သည့်နည်းနှင့်မျှ ကြိုးစားလိမ့်မည်မဟုတ်ဟု ဂျာမန်တို့က တွက်ထားကြသည်။

မေ ၃၀ ရက်နေ့တွင် အနောက်ဖက်စစ်မျက်နှာမှ ဂျာမန် ဗိုလ်ချုပ်ကြီး ထံတက်သည် 'ယခုလောလောဆယ်ရက်ပိုင်းအတွင်း မဟာမိတ်တို့ ထိုးစစ်ဆင်မည့် အခြေအနေ အရိပ်အယောင်များ လုံးဝမတွေ့ရကြောင်း'ဖြင့် ဟစ်တလာထံ အစီရင်ခံခဲ့သည်။ တစ်ဖန် ဇွန်လ ၄ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့တော်ရှိ ဂျာမန်လေတပ်မတော် မိုးလေဝသတိုင်းထွာရေးဌာနကလည်း ရာသီဥတု အခြေအနေ အလားအလာမကောင်းသည့်အတွက် မဟာမိတ်တပ်များသည် နောက်နှစ်ပတ်အတွင်း ထိုးစစ်ဆင်နိုင်ဖွယ်ရာမရှိဟူ၍ သုံးသပ်ခဲ့သည်။

သို့ဖြစ်ရာ အထက်ပါအခြေအနေ သတင်းအရပ်ရပ်တို့ကိုအမှီပြု၍ ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်သည် ဇွန်လ ၅ ရက်နေ့နံနက်ပိုင်းတွင် ဗိုလ်ချုပ်ကြီး ရန့်စတက်ထံ 'မဟာမိတ်တို့ ထိုးစစ်ဆင်မည့် အရိပ်အယောင်များ လောလောဆယ်မတွေ့ရကြောင်း' အစီရင်ခံစာတစ်စောင် ရေးသားပေးပို့လိုက်သည်။ ထို့နောက် သည် ချက်ချင်းဆိုသလိုပင် သူ့ဇနီးနှင့် သားသမီးများရှိရာ ဂျာမနီနိုင်ငံအတွင်း အာလင်ဂျင်မြို့သို့ ကားဖြင့်ထွက်လာခဲ့သည်။ သူ့အစီအစဉ်မှာ ထိုနေ့ညတွင်း အာလင်ဂျင်မြို့၌ ညအိပ်ပြီး နောက်တစ်နေ့တွင် ဘာချက်စ်ဂါဒင်မြို့သို့ ခရီးဆက်ကာ ဟစ်တလာနှင့် သွားရောက်တွေ့ဆုံမည်ဟု ကြံစည်ထားသည်။

နောက်တစ်နေ့ ဇွန်လ ၆ ရက်နေ့တွင် နော်မန်ဒီကမ်းခြေရှိ အမှတ် ၇၊ ဂျာမန်တပ်မတော်မှ ဗိုလ်ချုပ်ဒေါလ်မန်းသည် မူလက မိမိ၏တပ်များအား အစစအရာရာ သတိဖြင့်နေကြရန် တပ်လှန့်ထားရာမှ ပြန်လည်ရုပ်သိမ်း၍ ခေတ္တအနားယူသည့်အမိန့်ကို ဇွန်လ ၅ ရက်နေ့ ညနေကပင် အရာရှိကြီးများအား ကမ်းခြေမှ ၅ မိုင်ခန့်ကွာသော ရန်းနီးစ်မြို့ကလေးသို့ သွားရောက်၍ မြေပုံလေ့ကျင့်ခန်းများ လုပ်မည်ဖြစ်ကြောင်း ပြောကြားထားခဲ့သည်။

ဇွန်လ ၅ ရက်နေ့ ညနေဘက် မှောင်စပြုလာသည်နှင့်တစ်ပြိုင်နက် ဘီဘီစီအသံလွှင့်ဌာနမှနေ၍ ပြင်သစ်နိုင်ငံအတွင်းရှိ မြေအောက်တော်လှန်ရေးသမားများထံ ခါတိုင်းနှင့်မတူဘဲ ရှည်လျားလှသည့်သတင်းများကို ဝှက် သင်္ကေတများဖြင့် အသံလွှင့်ပေးပို့နေကြောင်း ဂျာမန်ဗိုလ်ချုပ်ကြီး ထံ သတင်းရောက်ရှိလာသည်။ တစ်ဖန် ည ၁၀ နာရီတွင် အမှတ်

www.burmeseclassic.com

www.burmeseclassic.com



၁၅ ဂျာမန်တပ်မတော်မှ ဘီဘီစီအသံလွှင့်ချက်တစ်ခုကို ကြားဖြတ်ဖမ်းယူရရှိခဲ့ပြ သည်။ ယင်းအသံလွှင့်ချက်မှာ လျှို့ဝှက်သင်္ကေတများဖြစ်သော်လည်း ပြင်သ မြေအောက်တော်လှန်ရေးသမားများထံ မဟာမိတ်တို့ 'ထိုးစစ်ကြီးစတင်တော့မ ဖြစ်ကြောင်း' သတင်းပေးပို့သည့်လက္ခဏာများ ပါရှိခဲ့ရာ ဗိုလ်ချုပ်ကြီးရန့်စတ သည် အဆိုပါ အမှတ် ၁၅ တပ်တော်စွဲထားသည့် ကမ်းခြေ၏အနောက်ဘ ခပ်လှမ်းလှမ်းမှ အမှတ် ၇ တပ်မတော်ကိုမူ 'တပ်လှန်' ရန် မလိုသေးဟုယူဆ အမိန့်မထုတ်ဘဲ ထားလိုက်သည်။ ဤသည်ပင်လျှင် ဂျာမန်တပ်များ နော်မန် ကမ်းခြေတွင် အငိုက်မိခံလိုက်ရခြင်းဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် အဆိုပါ အမှတ် ၇ တပ်မတော် တပ်စွဲထားသ နော်မန်ဒီကမ်းခြေတစ်ဝိုက်သို့ ဦးတည်ကာ ထိုနေ့ည ထိုအချိန်တွင် ဗြိတိသျှ ပြင်သစ်နှင့် အမေရိကန် မဟာမိတပ်များသည် စစ်သင်္ဘောအစင်းပေါင်း ၁၀၀ ဖြင့် အင်္ဂလိပ်ရေလက်ကြားကို တိတ်တဆိတ်ဖြတ်ကျော်ကာ လာနေကြပြီဖြစ်သေ ကြောင့်တည်း။

မဟာမိတ်တပ်များ တက်ရောက်လာသည့် ကမ်းခြေတစ်ဝိုက်မှ အမှ ၇၊ ဂျာမန်တပ်မတော်ဗိုလ်ချုပ်ဖြစ်သူ ဒေါလ်မန်းသည် ဇွန်လ ၅ ရက်နေ့ သန်းခေါင်ကျော် (ဇွန်လ ၆ ရက်) ၁ နာရီ၊ ၁၁ မိနစ်အချိန်ကျမှ တပ်စခန်းရှိ သို့ ပြန်လည်ရောက်ရှိလာခဲ့ရာ ထိုအချိန်ကျမှ အခြေအနေအားလုံးကို သိရတေ သည်။ ထိုအချိန်တွင် အမေရိကန်တပ်မဟာနှစ်ခုနှင့် ဗြိတိသျှတပ်မဟာတစ်ခု သည်-ကမ်းခြေပေါ်သို့ အောင်မြင်စွာတက်ရောက်လာကြပြီဖြစ်သည်။ ဤတွင် **အနောက်ဘက်စစ်မျက်နှာတစ်ခုလုံးရှိ** ဂျာမန်တပ်များအားလုံးအား 'တပ်လှန့်'သ **အမိန့်ကို** ညသန်းခေါင်ကျော် ၁ နာရီ မိနစ် ၃၀ အချိန်တွင် ထုတ်ပြန်လိုက်သည် သို့သော် နောက်ကျခဲ့ပေပြီ။

မဟာမိတ်တပ်များသည် နော်မန်ဒီကမ်းခြေတစ်လျှောက်သို့ သဲသဲရုတ်ရု အုတ်အုတ်ကျက်ကျက် တစ်ခဲနက်တက်လာကြသည်။ တစ်ချိန်တည်းတွင် က တက်မဟာမိတ်တပ်များအား အကာအကွယ်ပေးသည့်အနေဖြင့် အင်္ဂလိပ်ရေလ ကြားအတွင်းရှိ မဟာမိတ်စစ်သင်္ဘောကြီးများပေါ်မှ ပစ်ခတ်လိုက်သော အဝေး အမြောက်ကြီးများမှ အမြောက်သံ အမြောက်ဆံများသည် ဂျာမန်တပ်စခန်းမျာ ရာသို့ ကြောက်ခမန်းလိလိ အဆက်မပြတ်ကျရောက်ပေါက်ကွဲနေကြသည်။

ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် ဇွန်လ ၆ ရက်နေ့ နံနက် ၆ နာရီအချိန်ကျ ဗိုလ်ချုပ်စပိုက်ဒဲလ်၏ တယ်လီဖုန်းဖြင့် သတင်းပို့ချက်အရ မဟာမိတ်တပ်မျ ပြင်သစ်ကမ်းခြေသို့ တက်လာကြပြီဖြစ်ကြောင်း သိရသည်။ သို့ဖြစ်ရာ ဟစ်တ



သွားရောက်တွေ့ဆုံရန် စီစဉ်ထားသည်ကို ဖျက်သိမ်း၍ **မိမိဌာနချုပ်ရှိရာသို့** ဖြင့် အမြန်ဆုံးပြန်လာခဲ့သည်။ ယခင်အခါများကဲ့သို့ဆိုပါက ဤမျှဝေးလံသော ခရီးကို ဤမျှအရေးကြီးသောကိစ္စဖြင့် လာရပါမူ အမြန်ဆုံးရောက်အောင် လေ ကြောင်းဖြင့် လာမည်ဖြစ်သည်။

သို့သော် ယခုအခါ အနောက်ဘက်စစ်မျက်နှာတွင် မဟာမိတ်လေတပ်၏ အင်အားကြီးမားမှုကြောင့် ဟစ်တလာက မိမိ၏ဗိုလ်ချုပ်ကြီးများနှင့် စစ်မြေပြင် တပ်မှူးကြီးများအား လေကြောင်းဖြင့် လုံးဝခရီးမသွားရဟု တစ်ချက်လွှတ်အမိန့် ထုတ်ထားသဖြင့် မော်တော်ကားဖြင့် လာခဲ့ရခြင်းဖြစ်သည်။

စစ်မြေပြင်ဌာနချုပ်သို့ ဗိုလ်ချုပ်ကြီးရွမ်းမဲလ် ပြန်လည်ရောက်ရှိသောအခါ အချိန်မှာ ညနေစောင်းနေပြီဖြစ်သည်။ ထိုအချိန်တွင် အမေရိကန်တပ်သားများ သည် ကမ်းခြေနှစ်နေရာတွင်လည်းကောင်း၊ ဗြိတိသျှတပ်များသည် အခြားကမ်းခြေ သုံးနေရာတွင်လည်းကောင်း အလုံးအရင်းနှင့် တက်ရောက်တပ်စွဲခဲ့ကြရုံမျှမက ကုန်းတွင်းပိုင်းသို့ နှစ်မိုင်မှခြောက်မိုင်အထိပင် ထိုးဖောက်ဝင်ရောက်လာခဲ့ကြ ပြီဖြစ်သည်။

ဗိုလ်ချုပ်ကြီးရွမ်းမဲလ် ပြန်မရောက်မီအတောအတွင်း စစ်မြေပြင်မှ ဗိုလ်ချုပ် ကြီးရန့်စတက်နှင့် စပိုက်ဒဲလ်တို့သည် ဘာချက်စ်ဂါဒင်ရှိ ဟစ်တလာ၏ စစ်ဦးစီး ဌာနချုပ်သို့ တယ်လီဖုန်းဆက်ရင်း အကြီးအကျယ်မကျေမနပ်ဖြစ်နေကြသည်။ ဖြစ်ရပုံမှာ ဧရာမအမြောက်ကြီးများဖြင့် ပစ်ဖောက်၍ အကာအကွယ်ယူကာ အလုံးအရင်းဖြင့် ကမ်းလုံးပြည့် တက်လာသော မဟာမိတ်ပ်များအား ပြန်လည် ခုခံတွန်းလှန်ရန်အတွက် ဗိုလ်မှူးကြီးရန့်စတက်နှင့်စပိုက်ဒဲလ်တို့သည် ဂျာမန်ပန်ဇာ တင့်ကားတပ်များကို အရေးတကြီး အသုံးပြုလိုကြသည်။ သို့သော် အဆိုပါ တင့်ကားတပ်များကို ခေါင်းဆောင်ကြီးဟစ်တလာက သူကိုယ်တိုင် တိုက်ရိုက်ချုပ် ကိုင်ထားပြီး သူ့အမိန့်မရဘဲ လုံးဝအသုံးမပြုရဟု **အမိန့်ထုတ်ထားခဲ့သည်။** သို့ဖြင့် စစ်မြေပြင်ဗိုလ်ချုပ်ကြီးနှစ်ဦးသည် အဆိုပါတင့်ကားတပ်မဟာနှစ်ခုကို နော်မန်ဒီကမ်းခြေစစ်မြေပြင်သို့ အမြန်ဆုံးစေလွှတ်ပေးရန် ခေါင်းဆောင်ကြီး ဟစ်တလာထံ ခွင့်ပန်ခဲ့ကြရာ ဟစ်တလာက တင့်ကားများကို ချက်ချင်းလွှတ်မပေး သေးဘဲ အခြေအနေမည်သို့ထူးခြားလာမည်ကို စောင့်ကြည့်ဦးမည်ဟု အကြောင်း ပြန်လိုက်သည်။ ဤတွင် ဗိုလ်ချုပ်ကြီးနှစ်ယောက်မှာ အကြီးအကျယ်ဒေါသ မကျေမနပ်ဖြစ်ကြရသည်။

ထို့နောက် ဟစ်တလာသည် ဇွန်လ ၆ ရက်နေ့ နေ့ခင်းဘက်တွင် ထုံး စံအတိုင်း တစ်ရေးအိပ်ပြီး ညနေ ၃ နာရီထိုး၍ အိပ်ရာကနိုးတော့ မဟာမိတ်တို့

www.burmeseclassic.com

www.burmeseclassic.com



၏ထိုးစစ်အင်အား ကြီးမားလှသည်ကိုသိရှိရပြီး ပန်ဇာတင့်ကားတပ်မဟာ နှစ်တပ် နော်မန်ဒီစစ်မြေပြင်သို့ စေလွှတ်ရန် အမိန့်ပေးခဲ့သည်။ သို့သော် နောက်အကျ ကြီးကျခဲ့ပေပြီ။

ထိုသို့ဗိုလ်ချုပ်ကြီး ရန့်စတက်နှင့် စပိုက်ဒဲတို့အနေဖြင့် ဟစ်တလာအား အကြီးအကျယ် မကျေမနပ်ဖြစ်ခဲ့ကြရသလို ဗိုလ်ချုပ်ကြီးရွမ်းမဲလ်က မဟာမိတ်တပ် များသည် အင်အားကြီးမားသည်ပြင် အမြောက်ကြီးများဖြင့် ကာကွယ်ပစ်ဖောက်၍ တက်လာကြသည်ဖြစ်ရာ လောလောဆယ် မိမိတို့ဂျာမန်တပ်များကို မဟာမိတ် အမြောက်ကြီးများ အလှမ်းမမှီသည့်နေရာအထိ ဆုတ်ခွာပေးပြီး ထိုနေရာမှနေ၍ တင့်ကားတပ်များနှင့် ပူးပေါင်းကာ ခုခံတွန်းလှန်သင့်ကြောင်း ဟစ်တလာအား တင်ပြခဲ့သည်။ သို့သော် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏တင်ပြချက်ကို ဟစ်တလာက လက်မခံဘဲ ပယ်ချခဲ့ပြီး ဂျာမန်တပ်များ လုံးဝဆုတ်ခွာခြင်းမပြုရ၊ အသေခံ၍ တိုက်ရမည်ဟု အမိန့်ထုတ်လိုက်ရာ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်မှာ အကြီးအကျယ်ဒေါသ ထွက်သွားခဲ့ရသည်။

ထိုသို့ ဟစ်တလာနှင့် ရွမ်းမဲလ်၊ ရန့်စတက်၊ စပိုက်ဒဲလ် စသည့် သူ့လက် အောက်မှ ဗိုလ်ချုပ်ကြီးများ၏ သဘောကွဲလွဲမှု၊ မကျေနပ်မှုနှင့် အဆင်မပြေမှုများ မှာ နော်မန်ဒီတိုက်ပွဲကိုအကြောင်းပြု၍ ကြီးထွားလာခဲ့ရာမှ ဂျွန်လ ၁၇ ရက်နေ့ တွင် ပိုမိုပြင်းထန်လာခဲ့ကြသည်။ ဟစ်တလာသည် နော်မန်ဒီစစ်မျက်နှာ အခြေ အနေကို ညှိနှိုင်းသုံးသပ်ရန်အတွက် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၊ ရန့်စတက်စသည့် စစ်မြေပြင်တပ်မှူးကြီးများနှင့် ဂျွန်လ ၁၇ ရက်နေ့တွင် တွေ့ဆုံရန် ချိန်းလိုက် သည်။ ဗိုလ်ချုပ်ကြီးများကလည်း ထိုနေ့တွင် ဟစ်တလာနှင့်တွေ့ပါက မိမိတို့၏ မကျေနပ်ချက်များနှင့် စစ်မြေပြင်၏ဆိုးဝါးနေသော အခြေအနေများကို ပွင့်ပွင့် လင်းလင်း တင်ပြကြရန် စီစဉ်ထားသည်။

သို့ဖြင့် ဟစ်တလာသည် ဗိုလ်ချုပ်ကြီးများနှင့်တွေ့ဆုံရန်အတွက် ပြင်သစ် နိုင်ငံအတွင်း မာဂျီဗ်လ်မြို့အနီးရှိ ဂျာမန်စစ်ဌာနချုပ်သို့ ရောက်လာခဲ့သည်။ အဆိုပါ စစ်ဌာနချုပ်တွင် အခိုင်အလုံဆောက်လုပ်ထားသည့် ပုန်းခိုကျင်းတစ်ခုရှိ ၍ ဤပုန်းခိုကျင်းထဲမှာပင် ဟစ်တလာနှင့် ဗိုလ်ချုပ်ကြီးများ အစည်းအဝေးပြုလုပ် ခဲ့ကြသည်။ ဤပုန်းခိုကျင်းမှာ ၁၉၄၀ ခုနှစ်အတွင်းက ပြင်သစ်နိုင်ငံကြီးကို ဂျာမန်တို့သိမ်းပိုက်ခဲ့ပြီးနောက် ဗြိတိန်နိုင်ငံကိုပါ ဆက်လက်တိုက်ခိုက်သိမ်းပိုက် ရန်တွက် ဟစ်တလာကိုယ်တိုင် ထိုနေရာမှ လာရောက်ကွပ်ကဲမည်ဖြစ်သဖြင့် ဟစ်တလာအတွက် ထိုစဉ်ကပင် သီးသန့်ရည်ရွယ်၍ ဆောက်လုပ်ထားခဲ့သည့် ပုန်းကျင်းဖြစ်သည်။ သို့သော် ဂျာမန်တပ်များမှာ ဗြိတိန်နိုင်ငံအား ဆက်လက်



တိုက်ခိုက်ခြင်းမပြုနိုင်ဘဲ ဖြစ်ခဲ့ရသဖြင့် အဆိုပါပုန်းကျင်းကို သည်အတိုင်းထားခဲ့ ကြ၍ ယခုလေးနှစ်ကျော်မျှ ကြာခဲ့ပြီးမှ ခေါင်းဆောင်ကြီး ဟစ်တလာသည် ဤနေရာသို့ရောက်လာပြီး ဤပုန်းကျင်းကို ပထမဆုံးအကြိမ် အသုံးပြုခြင်းဖြစ် သည်။

"သူ့ကိုကြည့်ရသည်မှာ အိပ်ရေးပျက်ပြီး ပင်ပန်းနွမ်းနယ်နေပုံရပါသည်။ သူ့လက်ထဲတွင် ရောင်စုံခဲတံများနှင့် မျက်မှန်ကို တုန်တုန်ရီရီဖြင့် ကိုင် ထားရင်းက ဃနာမငြိမ်ဘဲ ဖြစ်နေပါသည်။ ဗိုလ်ချုပ်ကြီးများမှာ မတ်တတ် ရပ်နေကြပြီး သူကမူ ခွေးခြေတစ်ခုပေါ်တွင် ခါးကုန်း၍ ထိုင်နေပါသည်။ သူ၏ညို့ဓာတ်အင်အားများမှာ မှေးမှိန်ယုတ်လျော့သွားဟန်တူပါသည်။ သူသည် ဗိုလ်ချုပ်ကြီးများကို အေးတိအေးစက်ဖြင့် တိုတိုတုတ်တုတ်ပဲ နှုတ်ဆက်ပါသည်။ ထို့နောက် မဟာမိတ်တပ်များ အောင်မြင်စွာ တက်လာ နိုင်သည်ကို မကျေနပ်ကြောင်း အော်ကြီးဟစ်ကျယ်ဖြင့် ဒေါသတကြီး ပြောပါတော့သည်။ ဤကိစ္စအတွက် စစ်မြေပြင်တပ်မှူးကြီးများတွင် တာဝန် ရှိကြောင်း ပုံချပါတော့သည်။

(ဗိုလ်ချုပ်စပိုက်ဒီလ်ရေး '၁၉၄၄ ခုနှစ်က ထိုးဖောက်ဝင်ရောက်ခြင်း' စာမျက်နှာ ၉၃)

ဟစ်တလာစကားမဆုံးမီ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် တစ်စုံတစ်ရာ စိတ် ပိုင်းဖြတ်ထားသည့် အမူအရာဖြင့် စစ်မြေပြင်တွင် အခြေအနေမလှဖြစ်နေရပုံများကို ထောက်မညှာဘဲ ပွင့်ပွင့်လင်းလင်း ပြန်၍ရှင်းပြသည်။ မဟာမိတ်တပ်များ၏ လေတပ်၊ ရေတပ်နှင့် ကြည်းတပ်များသည် အဘက်ဘက်က ဂျာမန်တပ်များထက် အဆမတန် အင်အားကြီးမားလှသဖြင့် မိမိတို့ဘက်က လုံးဝမျှော်လင့်ချက်မရှိ ကြောင်း အတိအလင်းပင် ဖွင့်ပြောလိုက်သည်။

ဤတွင် ဟစ်တလာမှာ ပို၍ဒေါပွလာပြီး ဂျာမန်တပ်များအနေဖြင့် မည်သည့် နည်းနှင့်မျှ ဆုတ်ခွာမပေးဘဲ အသေခံ၍ တိုက်ရမည်ဖြစ်ကြောင်း မိမိတို့လေတပ် ၏ *ဂျက်လေယာဉ်များ အမြောက်များ ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်သဖြင့် ဗြိတိသျှနှင့် အမေရိကန်လေယာဉ်များကို ဥရောပကောင်းကင်မှ မောင်းထုတ်ပစ်

---

*ထိုအချိန်တွင် မဟာမိတ်တို့ဘက်မှ ဂျက်လေယာဉ်များ လုံးဝမတည်ဆောက်နိုင် သေးဘဲ ဂျာမန်တို့က စတင်တည်ဆောက်နေပြီဖြစ်သည်။ စာရေးသူ။

www.burmeseclassic.com



နိုင်တော့မည်ဖြစ်ကြောင်း ထို့ပြင် မိမိတို့သည် ယမန်နေ့ကပင်စတင်၍ +ဗွီဝမ်း လက်နက်များကို အသုံးပြုနေပြီဖြစ်ကြောင်း ဤလက်နက်များ၏အစွမ်းကြော ဗြိတိသျှတို့ အရေးနိမ့်ပြီး မချစေ့စပ်ရေးလုပ်လာကြလိမ့်မည်ဖြစ်ကြောင်း စသည်ဖြ သူစိတ်ကူးယဉ်ထားသမျှ ဗိုလ်ချုပ်ကြီးများအား ဒေါနှင့်မောနှင့်ပြောပြခဲ့သည်

သို့သော် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် စစ်မြေပြင်အခြေအနေများကိုလည် ကောင်း၊ မိမိတို့ဘက်မှ လူအင်အားနှင့် စစ်လက်နက်ပစ္စည်း ရုပ်ဝတ္ထုအင်အားမျာ နောက်ထပ်ဖြည့်တင်းရန် လုံးဝမျှော်လင့်ချက်မရှိသည့်အဖြစ်ကိုလည်းကောင်း အခိုင်အမာသိထားပြီးဖြစ်သည်။ သို့ဖြစ်ရာ ဟစ်တလာ၏ စိတ်ကူးယဉ် စစ်နိုင်ရေ စီမံကိန်းများကို လက်မခံဘဲ အဖြစ်မှန်များနှင့် အလားအလာများကို သူမြင် သလောက် သိသလောက် တစ်ခုမကျန် ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်းဖ ဖွင့်ချခဲ့သည်။ သူက နော်မန်ဒီစစ်မျက်နှာတွင် ဂျာမန်တပ်များ အရေးနိမ့်ပြီ မဟာမိတ်တပ်များ ဂျာမနီနိုင်ငံအတွင်းသို့ ချင်းနင်းဝင်ရောက်လာမည့် အန္တရာယ် ရှိနေကြောင်း ရုရှားစစ်မျက်နှာတွင်လည်း ဂျာမန်တပ်များ ကြာရှည်ထိန်းထားနိုင် မည်ဟု မိမိမထင်ကြောင်း၊ သို့ဖြင့် ဂျာမနီမှာ နောက်ဆုံး၌ နိုင်ငံရေးအရ ဝိုင်း ဝယ်ခံရမည့်အခြေအနေသို့ ရောက်သွားနိုင်ကြောင်း၊ သို့ဖြစ်ရာ ဤအခြေအနေမှ လွတ်မြောက်ရန်အတွက် စစ်ကိုအမြန်ဆုံးရပ်စဲသင့်ကြောင်းစသည်ဖြင့် မကြောက် မရွံ့ ပြန်လည်တင်ပြခဲ့သည်။ ဤတွင် ဟစ်တလာသည် ရွမ်းမဲလ်အား အကြီး အကျယ်ဒေါပွလာပြီး

"ဒီစစ်ပွဲမှာ ရှေ့လျှောက် ဘာတွေဖြစ်လာမယ်ဆိုတာ ခင်ဗျား ပူနေစရာမလို ပါဘူး၊ ခင်ဗျားတာဝန်ရှိနေတဲ့ စစ်မျက်နှာအတွက်သာ ခင်ဗျားပူစမ်းပါ" ဟု ပြင်းပြင်းထန်ထန် ရက်ရက်စက်စက် ပြောပစ်ခဲ့သည်။

နောက်ဆုံး၌ ဟစ်တလာသည် ရွမ်းမဲလ်နှင့်တကွ အခြားဗိုလ်ချုပ်ကြီးများ၏ တိုက်တွန်းချက်အရ သူကိုယ်တိုင် ဇွန်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးရွမ်းမဲလ် ၏စစ်မြေပြင် ဌာနချုပ်သို့ လာရောက်စစ်ဆေးကြည့်ရှုရန် သဘောတူလိုက်သည်

သို့သော် ဟစ်တလာသည် ရွမ်းမဲလ်၏ စစ်မြေပြင်ဌာနချုပ်သို့ လုံးဝ မလာရောက်နိုင်ဘဲဖြစ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အဆိုပါ ဇွန်လ ၁၇ ရက်နေ့က ဗိုလ်ချုပ်ကြီးများနှင့် တွေ့ဆုံစည်းဝေးပြီး ထိုနေ့ညနေပိုင်းတွင် ဟစ်

---

\+ V-1- ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျာမန်တို့ ပထမဆုံး စတင် သုံးခဲ့သည့် ဒုံးပျံလက်နက်ဖြစ်သည်။ စာရေးသူ။



အားအကိုးကြီးကိုးနေသည့် ဗွီဝမ်းခေါ် ဂျာမန်ဒုံးပျံများအနက် ပြင်သစ် မြေမှ အင်္ဂလိပ်ကမ်းခြေသို့ လှမ်းပစ်လိုက်သည့် ဒုံးပျံလက်နက်တစ်ခုသည် နက်ကမ်းခြေဘက်သို့ ရောက်သွားရမည့်အစား တစ်စုံတစ်ခု ချို့ယွင်းသွား နောက်ကြောင်းပြန်လှည့်ကာ ဟစ်တလာရှိနေသည့် ပုန်းကျင်းပေါ်သို့ တည့်ကျရောက် ပေါက်ကွဲခဲ့သည်။ ယင်းပေါက်ကွဲမှုကြောင့် မည်သူတစ်ဦး ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့သော်လည်း ခေါင်းဆောင်ကြီး ဟစ်တ လာ ထိတ်လန့်ချောက်ချားပြီး သူအားကိုးသည့် ဗွီဝမ်းလက်နက်ကို စိတ်အပျက် ပျက်သွားသဖြင့် ရွမ်းမဲလ်၏ဌာနချုပ်သို့မသွားတော့ဘဲ ဘေးကင်းရာဘာချက်စ် ဂါဒင်ရှိ စစ်ဦးစီးဌာနချုပ်သို့ သုတ်ခြေတင်ပြန်သွားခဲ့တော့သည်။

နော်မန်ဒီကမ်းခြေသို့ မဟာမိတ်တပ်များ အလုံးအရင်းဖြင့် တက်ရောက်ကာ ထိုးစစ်ကြီး ဆင်နွှဲလာသည့်အချိန်မှစ၍ ဟစ်တလာအဖို့ ကြမ္မာငင်သော ရက်များသည် အဆက်မပြတ်ဆိုက်ရောက်လာကြတော့သည်။ ဇွန်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏ ဌာနချုပ်သို့ မသွားနိုင်တော့ဘဲ စစ်ဦးစီး ဌာနချုပ်ရှိရာ ဘာချက်စ်ဂါဒင်မြို့သို့ ပြန်လည်ရောက်ရှိနေသော ဟစ်တလာသည် နောက်တစ်နေ့ ဇွန်လ ၂၀ ရက်နေ့တွင် နောက်ထပ် သူ့အတွက် အမင်္ဂလာ သတင်းကြီးတစ်ခုကို ကြားရပြန်သည်။ ယင်းသတင်းမှာ အခြားမဟုတ်၊ အရှေ့ ဘက် စစ်မျက်နှာတွင် ဆိုဗီယက်တပ်နီတော်က ထိုးစစ်ကြီးစတင်ဆင်နွှဲလာပြန်ပြီ ဆိုသော သတင်းပင်ဖြစ်သည်။

ကာလအတန်ကြာကပင် ပြင်ဆင်စိုင်းပြင်းလာခဲ့ကြသော ဆိုဗီယက်တပ်နီ တော်သည် ဇွန်လ ၂၀ ရက်နေ့တွင် အလုံးအရင်းဖြင့် ထိုးစစ်ကြီးစတင်ဆင်နွှဲခဲ့ ရာ အရှေ့ဘက်စစ်မျက်နှာအလယ်ပိုင်း၌ ဟစ်တလာကိုယ်တိုင် ရွေးချယ်စုစည်း ထားသည့် ဂျာမန်တပ်မတော်မှ အင်အားအကြီးမားဆုံးသောတပ်များမှာ ရက် ပိုင်းငယ်အတွင်း ဆိုဗီယက်တပ်နီတော်၏ ချေမှုန်းခြင်းကို ခံလိုက်ရသည်။ ထိုတွင် အရှေ့ဘက်စစ်မျက်နှာတစ်ခုလုံးမှ ဂျာမန်စစ်ကြောင်းများမှာ ကျိုးပေါက် ခဲ့ပြီး အင်အားကြီးမားလှသည့် တပ်နီတော်သည် ပိုလန်နိုင်ငံအတွင်းသို့ ချီတက်ဆင်းလာကြတော့သည်။ ထို့နောက် တနင်္ဂနွေနှစ်ပတ်ခန့်အကြာ ဂျူလိုင်လ ရက်နေ့တွင် ပိုလန်နယ်စပ်ကိုဖြတ်ကျော်၍ အရှေ့ပိုင်း ပရပ်ရှားပြည်နယ်ကလေး ကိုဝိုင်းလာကြတော့သည်။ ဤတွင်မှ ဟစ်တလာသည် ဒုတိယကမ္ဘာစစ်ကြီး တစ်လျှောက်လုံးတွင် ပထမဆုံးအကြိမ်အဖြစ် ဂျာမနီနိုင်ငံ၏ နယ်နိမိတ်ကို ကာကွယ်ရန် ရနိုင်သမျှသော စစ်အင်အားများကို စုစည်းခဲ့ရတော့သည်။

ယင်းသို့ အရှေ့ဘက်စစ်မျက်နှာမှ ဆိုဗီယက်တပ်မတော်၏ ထိုးဖောက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်မှုကို မတားဆီးနိုင်သည်နှင့်အမျှ အနောက်ဘက်စစ်မျက်နှာတွင်လ
မဟာမိတ်တပ်များ၏ တိုက်ခိုက်မှုကို မတွန်းလှန်နိုင်ဘဲဖြစ်လာခဲ့၍ အရှေ
နောက်စစ်မျက်နှာနှစ်ရပ်၏ အလယ်တွင် ဂျာမန်တပ်များနှင့် ဂျာမနီနိုင်ငံကြီ
ညှပ်ပူးညှပ်ပိတ် အမိခံရတော့မလိုဖြစ်လာခဲ့သည်။

အနောက်ဘက်စစ်မျက်နှာမှ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်နှင့် ရန့်စ်တက်တို့သ
မိမိတို့ ကြိုတင်ဟောကိန်းထုတ်ထားသည့်အတိုင်း စစ်မျက်နှာနှစ်ရပ်၏ ကြာ
ခြင်းခံနေရပြီဖြစ်သော ဂျာမန်တို့၏အခြေအနေကို နောက်တစ်ကြိမ် ဟစ်တလ
တွေ့ဆုံစည်းဝေးရာ၌ ထပ်မံတင်ပြခဲ့ကြပြန်သည်။ အဆိုပါ အစည်းအဝေ
ဂျွန်လ ၂၉ ရက်နေ့က အိုဘာဆဲလ်ဘတ် စစ်ဦးစီးဌာနချုပ်တွင် ကျင်းပခဲ့
ဖြစ်သည်။

အဖြစ်ကို အဖြစ်အတိုင်း အရှိကို အရှိအတိုင်း ဘယ်တုန်းဘယ်အခါ
မမြင်ခဲ့သော ဟစ်တလာသည် ယခုတစ်ကြိမ်တွင်လည်း ဗိုလ်ချုပ်ကြီးရွမ်းမဲလ်
ရန့်စတက်တို့၏ တင်ပြချက်အဖြစ်မှန်များကို လုံးဝလက်မခံဘဲ "ကျား
မီးယပ်" ဖြစ်နေခဲ့သည်။ ဗိုလ်ချုပ်ကြီးနှစ်ဦးက အရှေ့ဘက်နှင့် အနောက်ဘ
စစ်မျက်နှာနှစ်ရပ်အကြားတွင် အရှူးမီးဝိုင်းခံနေရသလို ဖြစ်နေသော ဂျာမန်တပ်
၏ အခြေအနေကို အရှိအတိုင်း တင်ပြခဲ့ကြပြီး ရှိရှိသမျှဂျာမန်တပ်များ
ချေမှုန်းခြင်းမခံရမီ ဤစစ်ကြီးကို တစ်နည်းနည်းဖြင့် စေ့စပ်၍ အမြန်ဆုံးရပ်စဲ
ကြောင်း ပွင့်ပွင့်လင်းလင်း တင်ပြခဲ့ကြသည်။ သို့သော် ကြမ္မာငင်နေပြီဖြစ်
ဟစ်တလာသည် ဗိုလ်ချုပ်ကြီးများ၏တင်ပြချက်ကို လုံးဝလက်မခံဘဲ ပယ်
မှုမကာ "အံ့မခန်းလောက်သည့် ဗုံးလက်နက်ဆန်းများ"ကြောင့် ဤစစ်
တွင် ဂျာမန်တို့ မုချအောင်ပွဲခံရမည်ဖြစ်ကြောင်း တဇွတ်ထိုး တစ်ဖက်သတ်
ကာ ဗိုလ်ချုပ်ကြီးနှစ်ယောက်အား ဒေါသတကြီး ကြိမ်းမောင်းပစ်ခဲ့သည်။

အခြေအနေဖြစ်ရပ်မှန်ကို အတန်တန်တင်ပြကာ အကျိုးသင့်အကြောင်း
အကြိမ်ကြိမ် အခါခါ ဆွေးနွေးပါလျက် ဘယ်လိုမှပြောမရ ဆိုမရလောက်အေ
"ငါတကောကော"နေသော အာဏာရှင်ကြီး ဟစ်တလာအပေါ်တွင် ဗိုလ်
ကြီးရွမ်းမဲလ်သည် အကြီးအကျယ် စိတ်ပျက်လာခဲ့သည်။ သို့ဖြစ်နေရာမှ အ
အစည်းအဝေးအပြီး နောက်နှစ်ရက်အကြာ ဂျူလိုင် ၁ ရက်နေ့တွင် မိမိ
လုပ်ဖော်ကိုင်ဖက် ဗိုလ်ချုပ်ကြီးရန့်စတက်အား ဟစ်တလာက အနောက်
စစ်မျက်နှာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းပစ်လိုက်ပြီး ထိုနေရာတွင် ဗိုလ်
ကြီးကလပ်ဂျီအား အစားထိုးခန့်အပ်လိုက်ကြောင်း အမိန့်ထုတ်ပြန်လိုက်သော
ဗိုလ်ချုပ်ကြီးရွမ်းမဲလ်မှာ ဟစ်တလာအပေါ်တွင် လုံးဝမျှော်လင့်ချက်မထားတော့
ခင်ကုန်သွားခဲ့မိသည်။



သို့ဖြစ်ရာ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် အဘက်ဘက်က အပြန်ပြန်အလှန်
စဉ်းစားပြီးနောက် ဂျူလိုင် ၁၅ ရက်နေ့တွင် ဟစ်တလာထံ နောက်ဆုံး
သံပေးသည့်အဖြင့် စာရှည်ကြီးတစ်စောင် ကောက်ရေးလိုက်သည်။ စာထဲတွင်
ခြေအနေဆိုးရွားလာပုံများကို ပွင့်ပွင့်လင်းလင်းတင်ပြကာ အဖြစ်မှန်ကို အရင်း
စဉ်းစားလုပ်ဆောင်ရန် သတိပေးခဲ့သည်။

"ကျုပ်ကတော့ သူ့ကို နောက်ဆုံးအခွင့်အရေးပေးတဲ့အနေနဲ့ ပေးလိုက်တာ
ဒီအခွင့်အရေးကိုမှ သူမယူဘူးဆိုရင်တော့ ကျုပ်တို့လုပ်စရာရှိတာ ဆက်လုပ်ဖို့
ရှိတယ်"

ဗိုလ်ချုပ်ရွမ်းမဲလ်သည် ဟစ်တလာထံသို့ စာရေးလိုက်ပြီးနောက် ဗိုလ်ချုပ်
ချုပ်ကြီးစပိုက်ဒဲလ်အား အထက်ပါအတိုင်း ပြောင်ဖွင့်ပြောခဲ့သည်။

မှန်သည်၊ ဗိုလ်ချုပ်ရွမ်းမဲလ်သည် သူအကြံပေးတင်ပြသည့်အချက်ကို ဟစ်
လာက လက်မခံဘဲ ငြင်းဆန်နေပါက 'လုပ်စရာရှိတာ ဆက်လုပ်ရန်' သိမ်ဒ္ဓာန်
ထားပြီးဖြစ်သည့်အဆိုပါ 'လုပ်စရာ'မှာ အခြားမဟုတ်၊ ဟစ်တလာအား အတင်း
ဖြုတ်ပယ်ရှား၍ အာဏာသိမ်းရန်ပင်ဖြစ်သည်။ ယင်းသို့ ဟစ်တလာအား
ဘုးမှဖယ်ရှားပစ်ရန် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်က သံမိဋ္ဌာန်ချမှတ်ပြီးဖြစ်နေသည်မှာ
လည်း အခြားကြောင့်မဟုတ်၊ သူကိုယ်တိုင်က ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသား
နှင့် ကာလအတန်ကြာကပင် ပူးပေါင်းနေခဲ့ပြီဖြစ်သောကြောင့်တည်း။

ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် ၁၉၄၃ ခုနှစ်၊ မတ်လတွင် အာဖရိကစစ်မြေပြင်
ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဟစ်တလာ၏
အမိန့်အရ အနောက်ဖက်စစ်မျက်နှာတွင် တာဝန်ပြောင်းရွှေ့ထမ်းဆောင်ခဲ့သည်။
ထိုတွင် သူသည် ပြင်သစ်နိုင်ငံ၌ မိတ်ဟောင်းဆွေဟောင်းတစ်ဦးနှင့် ပြန်လည်ဆုံ
တွေ့ခဲ့ရသည်။ အဆိုပါမိတ်ဟောင်းဆွေဟောင်းမှာ ပြင်သစ်နိုင်ငံ စစ်အုပ်ချုပ်ရေး
၏ အကြီးဆုံးပုဂ္ဂိုလ်ဖြစ်သော စစ်ဘုရင်ခံချုပ် ဗိုလ်ချုပ်ကားလ်ပင်ဖြစ်သည်။

ဗိုလ်ချုပ်ကားလ်သည် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားတစ်ယောက် ဖြစ်
သည်မှာ ကြာပြီဖြစ်သည်။ သို့ဖြစ်ရာ သူသည် ဗိုလ်ချုပ်ရွမ်းမဲလ်၏ စိတ်နေ
သဘောထားနှင့် အယူအဆများကို အကဲခတ်ကာ ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှု
တွင် ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းစည်းရုံးခဲ့သည်။ အလားတူပင် ရွမ်းမဲလ်၏
မိတ်ဆွေအရင်းအချာတစ်ယောက်ဖြစ်သော ဒေါက်တာစဂိုထလင်ဆိုသူကလည်း
ရွမ်းမဲလ်အား ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းအတွင်းသို့ ဝင်ရောက်လှုံ့ဆော်မေတ္တာ
ရပ်ခံခဲ့သည်။ တစ်ချိန်တည်းတွင် ဗိုလ်ချုပ်ကားလ်နှင့် ဒေါက်တာစထရိုလင်တို့
သည် ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှု၏ ခေါင်းဆောင်တစ်ဦးဖြစ်သော ဂိုအာဒဲ

www.burmeseclassic.com

လားထံမှ လှုံ့ဆော်ရေး စာရွက်စာတမ်းများနှင့် ကြေညာချက်များကိုယူလာ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အား ပြသဖတ်ရှုစေခဲ့ကြသည်။

ဗိုလ်ချုပ်ကားလ်နှင့် ဒေါက်တာစထရိုလင်တို့ ယူလာကြသည့် စာရွက်စာတမ်းများထဲတွင် လက်ရှိဂျာမနီနိုင်ငံကြီးနှင့်တကွ ဂျာမန်တို့သိမ်းပိုက်ထားသော နိုင်ငံများတွင် နာဇီတို့က ဂျူးများအား သုတ်သင်သတ်ဖြတ်မှုများနှင့် ခရစ်ယာန် ဘာသာအား ဖိနှိပ်ချုပ်ချယ်မှုများကို အမြန်ဆုံးရပ်စဲပစ်ရေး၊ ပြည်သူ့အခွင့်အရေး များ ပြန်လည်ထွန်းကားလာရေးတို့အတွက် နာဇီပါတီနှင့် အာဏာရှင်ဟစ်တလာ အား ဖယ်ရှားပစ်ရန် အသေးစိတ်လှုံ့ဆော်ရေးသားထားသည်ကို တွေ့ရသည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် နိုင်ငံရေးပြဿနာရပ်များတွင် စိတ်ပါဝင်စား ကြီးကြီးမားမားရှိသူမဟုတ်ဘဲ စစ်မြေပြင်တွင် စစ်သားကောင်းပီပီ စွန့်စွန့်စားစား တိုက်ခိုက်ရန်သာ စိတ်ပါဝင်စားသူဖြစ်သည်။ သို့ဖြစ်၍လည်း သူသည် ရောက်လေ ရာ စစ်မျက်တိုင်း၌ တစ်ဖက်ရန်သူများ လက်ဖျားခါယူရလောက်အောင် တိုက်ခိုက် လာခဲ့သဖြင့် ထင်ရှားကျော်ကြားလာခဲ့သူဖြစ်သည်။ သို့သော် မိမိတို့စစ်သားများ ရှေ့တန်းမှနေ၍ မည်မျှပင်သက်စွန့်ဆံဖျား ကြိုးစားတိုက်ခိုက်ကြစေကာမူ နောက် ပိုင်းမှာ တိုင်းပြည်အုပ်ချုပ်သူများက အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးစသည့် အရေးများတွင် အမှောက်မှောက်အမှားမှား အလွဲလွဲအချော်ချော် ကျင့်သုံးလုပ်ကိုင် နေကြပါက မိမိတို့၏ကိုယ်ကျိုးစွန့်မှုနှင့် အနစ်နာခံမှုများမှာ အရာမထင်ရုံမျှမက နောက်ဆုံး ဤစစ်ကြီးတွင် အရှုံးနှင့်ရင်ဆိုင်ရမည်ကို တဖြည်းဖြည်းသဘောပေါက် လာခဲ့သည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် အာဖရိကစစ်မျက်နှာတွင် ရှိနေစဉ်က ဂျာမနီ၌ လည်းကောင်း၊ ဂျာမန်တို့သိမ်းပိုက်ထားသည့် ဥရောပတိုက်နိုင်ငံများတွင်လည်း ကောင်း၊ ဖြစ်ပျက်နေပုံများကို လုံးဝမသိဘဲရှိနေခဲ့သည်။ ဂျာမနီသို့ပြန်ရောက်လာ ပြည်တွင်းတွင် ဂက်စတာပိုတပ်ဖွဲ့ဝင်များ၏ အကြမ်းဖက်မှုများ၊ အစုလိုက်အပြုံ လိုက်သတ်ဖြတ်ခြင်းခံနေရသည့်အဖြစ်များကို တီတီကျကျသိလာရသည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် မိမိတို့ဂျာမန်အကျဉ်းစခန်းတွင် ဂျူးလူမျိုးများ အား အဆိပ်အငွေ့လွှတ်၍ အစုလိုက်အပြုံလိုက် နေ့စဉ်သတ်ဖြတ်နေကြောင်း ကြားသိရသောအခါ 'ဒီလိုသာဖြစ်နေရင်တော့ ကျုပ်တို့စစ်ရှုံးတော့မှာပဲ'ဟူ၍ ထိတ်လန့်တကြားပြောကြားခဲ့သည်။

သို့ဖြင့် သူသည် ပြည်တွင်းနိုင်ငံရေး၊ အုပ်ချုပ်ရေးအခြေအနေများ ပျက်ပြား ၍ စီးပွားရေးကျဆင်းလာသည်ကို အထူးမကျေမနပ်ဖြစ်သည်။ ခေါင်းဆောင် ကြီး ဟစ်တလာကလည်း စစ်မြေပြင်တပ်မှူးကြီးများအား အဖက်ဖက်က ချုပ်ချယ်

[illegible]နှိုးသမျှအာဏာများကို သူတစ်ဦးတည်း လက်ဝါးကြီးအုပ်ကာ တကယ့်အာဏာ ရှင်အဖြစ် သူထင်သလို လုပ်နေသည်ကို တွေ့လာရသောအခါ ဟစ်တလာအပေါ် တွင် တစ်နေ့တခြား စိတ်ပျက်လာခဲ့မိသည်။

ဤအတောအတွင်း အနောက်ဖက်စစ်မျက်နှာတွင် တာဝန်ယူရန် ပြောင်းရွှေ့ ရောက်ရှိလာခဲ့ရာမှ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဗိုလ်ချုပ်ကားလ်နှင့် ဒေါက် တာစထရိုလင်စသည့် မိတ်ဆွေဟောင်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရပြီး ဗိုလ်ချုပ် ကြီးရွှမ်းမဲလ်သည် နောက်ဆုံး၌ ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှုတွင် ကိုယ်ထိ လက်ရောက်ပါဝင်ရန် စိတ်ပိုင်းဖြတ်ခဲ့မိသည်။

၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါရီလကုန်လောက်တွင် ဒေါက်တာစထရိုလင်သည် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်နှင့် အာလင်ဂျင်မြို့သို့ လာရောက်တွေ့ဆုံ၍ နှစ်ယောက်သား သို့ဂုဏ်ဆွေးနွေးခဲ့သည်။

'အရှေ့ဖက်စစ်မျက်နှာမှ တပ်မတော်အရာရှိကြီးအချို့က ဟစ်တလာအား လက်ရဖမ်းဆီးပြီး ရာထူးမှနုတ်ထွက်သွားကြောင်း ရေဒီယိုမှ အတင်းအကျပ် ကြေညာရန် စီစဉ်နေကြောင်းဖြင့် 'သူ့အား ကျွန်ုပ်က ပြောပြပါသည်။ ရွှမ်းမဲလ်သည် ဤအစီအစဉ်ကို ထောက်ခံသဘောတူကြောင်း ပြောပါ သည်။

ကျွန်ုပ်က ရွှမ်းမဲလ်အား ကျွန်ုပ်တို့၏အကြီးများဆုံးနှင့် အကျော်ကြား ဆုံး ဗိုလ်ချုပ်ဖြစ်၍ နိုင်ငံခြားတိုင်းပြည်များ၏ လေးစားမှုကို အခြားသူများ ထက် ပို၍ခံယူရရှိသူဖြစ်ကြောင်း ဆက်၍ပြောပြခဲ့ပါသည်။ 'ဂျာမနီမှာ ပြည်တွင်းစစ်မဖြစ်အောင် ကာကွယ်နိုင်တဲ့ပုဂ္ဂိုလ်ကတော့ ခင်ဗျားတစ် ယောက်ပဲရှိပါတယ်။ အဲဒီတော့ ဒီလှုပ်ရှားမှုကြီးအတွက် ခင်ဗျားရဲ့ထင်ရှား ကျော်ကြားမှုကို အသုံးပြုမှဖြစ်မယ်'ဟူ၍ ကျွန်ုပ်ကပြောပြခဲ့ပါသည်။

**(ဒက်စမွန်ယန်း၏ 'ရွှမ်းမဲလ်' အတ္ထုပ္ပတ္တိ စာမျက်နှာ ၂၄၀–၂၄၁)**

နောက်ဆုံး၌ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် ဒေါက်တာစထရိုလင်၏တိုက်တွန်း ချက်ကို လက်ခံခဲ့သည်။ 'ဟုတ်ပါတယ်၊ ဂျာမနီနိုင်ငံကြီးကို ကယ်တင်ဖို့ ကျုပ်မှာ တာဝန်ရှိတယ်ဆိုတာ ကျုပ်ယုံကြည်သဘောပေါက်ပါတယ်'ဟူ၍ သူက ဝန်ခံ ခဲ့သည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် ထိုသို့ ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှုများတွင်

www.burmeseclassic.com

www.burmeseclassic.com



တာယကာံမြောက် ပါဝင်ဆောင်ရွက်ရန် လက်ခံသော်လည်း ဟစ်တလာအား လုပ်ကြံသတ်ဖြတ်ရန်အထိ ကြံစည်ကြိုးစားခြင်းကိုမူ ဘယ်အခါမှ သဘောမတူ ပေ။ သူ၏အကြောင်းပြချက်မှာ အကယ်၍ ဟစ်တလာအား လုပ်ကြံသတ်ဖြတ် လိုက်ပါက ဟစ်တလာမှာသေပြီးမှ ပို၍နာမည်ကြီးလာပြီး 'အာဇာနည်' တစ် ယောက်အဖြစ် ရောက်ရှိသွားမည်ကို စိုးရိမ်ရှိကြောင်းဖြင့် တင်ပြခဲ့သည်။ သို့ဖြစ်ရာ ဟစ်တလာအား အသေလုပ်ကြံခြင်းမပြုဘဲ ဂျာမန်တပ်မတော်က ဖမ်းဆီးပြီး ဂျာမနီနှင့်တကွ ဥရောပနိုင်ငံများ၌ သူကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများအတွက် ဂျာမန်ပြည်သူ့ခုံရုံးတွင် တင်၍ စစ်ဆေးသင့်ကြောင်းဖြင့် သူ့သဘောထားကို တင်ပြခဲ့သည်။

သို့သော် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏ အယူအဆသဘောထားများကို ဟစ်တ လာဆန့်ကျင်ရေးဂိုဏ်းသား အတော်များများက လက်မခံနိုင်ဘဲဖြစ်ခဲ့ကြသည်။ သူတို့အနေဖြင့်လည်း ဟစ်တလာအား လက်ရဖမ်းဆီးရန်မှာအ ပြောလွယ် သလောက် လက်တွေ့လုပ်ရာတွင် မလွယ်ကူလှကြောင်း၊ ထို့ပြင် ဟစ်တလာ၏ အရှိန်အဝါသြဇာအာဏာမှာ ကြီးမားရှုံးရှလှသဖြင့် တော်ရုံတန်ရုံသတ္တိမျိုး တော်ရုံ တန်ရုံအစီအစဉ်မျိုးဖြင့် ဖမ်းဆီး၍မဖြစ်နိုင်ကြောင်း၊ အထူးသဖြင့် ဟစ်တလာ အသက်ထင်ရှားရှိနေသမျှ သူ့သြဇာအာဏာနှင့် သူ့အရှိန်အဝါကို မတော်လှန် မလွန်ဆန်ရဲကြသဖြင့် သူ့အား ဖမ်းဆီးနိုင်သည့်တိုင်အောင် ခေါင်းဆောင်အဖြစ်မှ ဖယ်ရှားဖြုတ်ချရာတွင် အလွန်ကြီးမားသည့်အတားအဆီး အခက်အခဲများ တွေ့ ကြုံရမည်ဖြစ်ကြောင်း၊ အကယ်၍ သူ့အား အောင်မြင်စွာလုပ်ကြံနိုင်ခဲ့ပါမူ သူ့ အသက်ထင်ရှားမရှိတော့သဖြင့် သူ့သြဇာအာဏာလည်းမရှိတော့ဘဲ အစစအရာရာ ချောမောလွယ်ကူမည်ဖြစ်ကြောင်းစသဖြင့် အကြောင်းပြခဲ့ကြသည်။

ဤသို့ဖြင့် ဟစ်တလာအား ကိစ္စတုံးအောင်လုပ်ကြံရေးနှင့် ဖမ်းဆီးရေးဟူ၍ အယူအဆနှစ်မျိုး သဘောထားနှစ်မျိုး ကွဲလွဲနေခဲ့ကြရာမှ လုပ်ကြံခြင်းမပြုဘဲ ဖမ်းဆီးရုံမျှသာ ဖမ်းဆီးရန်တင်ပြခဲ့သော ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏ အယူအဆမှာ မအောင်လင့်ဘဲ အရေးနိမ့်သွားခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ဟစ်တလာအား အသက်ဆုံးရှုံးသည်အထိလုပ်ကြံရန် သဘောမတူခဲ့သော ဗိုလ်ချုပ်ကြီးရွမ်းမဲလ် သည် ဟစ်တလာထံသို့ ဂျူလိုင် ၁၅ ရက်နေ့က နောက်ဆုံးစာတစ်စောင်ရေး၍ ရာဇသံပေးခဲ့ပြီး နောက်နှစ်ရက်အကြာ ဂျူလိုင် ၁၇ ရက်နေ့တွင် နော်မန်ဒီစစ်မြေ ပြင်မှ သူ၏ဌာနချုပ်သို့ ကားဖြင့်အပြန် လမ်းခုလတ်တွင် မဟာမိတ်တိုက်လေ ယာဉ်များ၏ပစ်ခတ်မှုကြောင့် ဒဏ်ရာအကြီးအကျယ်ရရှိသွားခဲ့သောကြောင့်တည်း။

ထိုနေ့က မဟာမိတ်တိုက်လေယာဉ်များသည် ဗိုလ်ချုပ်ကြီးရွမ်းမဲလ် စီးလာ



သည့်ကားကို အနိမ့်ပျံသန်း၍ စက်သေနတ်များဖြင့် ဒရစပ်လိုက်လံပစ်ခတ်ခဲ့ရာ ဆော်ကားမှာ မီးလောင်ပျက်စီး၍ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်မှာလည်း တစ်ကိုယ်လုံး ဒဏ်မကောင်းအောင် ဒဏ်ရာများရကာ ဆေးရုံသို့ အလျင်အမြန်ပို့လိုက်ရသည်။

အကယ်၍သာ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် ထိုနေ့က ထိုသို့ဒဏ်ရာမရဘဲ ခဲ့ပါက သူသည် ဗိုလ်ချုပ်စပိုက်ဒဲလ်အား ပြောခဲ့ဖူးသည့်အတိုင်း ရက်အနည်း ယ်အတွင်း ဟစ်တလာနှင့်ပတ်သက်၍ 'လုပ်စရာရှိတာလုပ်'တော့မည်မှာ သေချာ ည်။ 'လုပ်စရာ' ရှိသည်ဆိုသည်မှာလည်း အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စ်တလာအား အတင်းအကျပ်ဖမ်းဆီး၍ စစ်ရာဇဝတ်ကောင်အဖြစ် ခုံရုံးတင် စ်ဆေးရန်ပင်ဖြစ်သည်။ သို့သော် ယခုမူ သူသည် မဟာမိတ်တိုက်လေယာဉ်များ ၏ ပစ်ခတ်မှုကြောင့် သေလုမြောပါး ဒဏ်ရာရကာ ဆေးရုံသို့ရောက်ရှိသွားခဲ့ပြီ ဖြစ်ရာ ကျန်ရှိသည့် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် နောက်သုံးရက်မျှ ကြာသောအခါ ဂျူလိုင် ၂၀ ရက်နေ့တွင် ဟစ်တလာအား သူ၏စစ်ဌာနချုပ်၌ ပ်ကွန်ဖရင့် အစည်းအဝေးကျင်းပနေခိုက် ဗုံးဖြင့်ဖောက်ခွဲလုပ်ကြံခဲ့ကြသည်။

ယခုတစ်ကြိမ် ဟစ်တလာအား ဗုံးဖြင့်ဖောက်ခွဲလုပ်ကြံသူမှာ ဗိုလ်မှူးကြီး တာပ်ဖင်ဘတ် ဆိုသူပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# လက်ကမ်းဖက်ပြက်၍ မျက်လုံးကမ်းဖက်ပေါ်နေသော ဗိုလ်မှူးကြီး

ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် ဟစ်တလာအားလုပ်ကြံရန်အတွ
၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ခြောက်ကြိမ်ခန့်၊ တစ်
၁၉၄၃ ခုနှစ်၊ စက်တင်ဘာလမှ ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလအတွင်းခြောက်ကြ
ခန့် စုစုပေါင်း ဆယ်ကြိမ်၊ ဆယ့်နှစ်ကြိမ်ခန့် ကြိုးစားခဲ့ကြသည်။ သို့သေ
အကြောင်းအမျိုးမျိုးကြောင့် အလွဲလွဲအချော်ချော်ဖြစ်ကာ အစီအစဉ်များ တစ်ခု
တစ်ခု ပျက်ပြားခဲ့ရသည်။

နောက်ဆုံး ၁၉၄၄ ခုနှစ်၊ ဂျူလိုင်လ ၂၀ ရက်နေ့တွင်မှ သူတို့၏လု
ကြံမှုအစီအစဉ်မှာ လက်တွေ့အကောင်အထည်ပေါ်ခဲ့တော့သည်။

ယခုတစ်ကြိမ်တွင် ၎င်းတို့၏လျှို့ဝှက်လုပ်ကြံမှု အစီအစဉ်အရ ဂျူလို
၂၀ ရက်နေ့က ဟစ်တလာ၏ စစ်ဌာနချုပ်၌ ဟစ်တလာအပါအဝင် စစ်ဗိုလ်ချု
ကြီးများနှင့် စစ်ဦးစီးအဖွဲ့ဝင်များ အစည်းအဝေးကျင်းပနေခိုက် ဗုံးဖြင့်ဖောက်
လုပ်ကြံခဲ့သူမှာ *'ပြည်မတပ်မတော်' မှ စစ်ဦးစီးချုပ် ဗိုလ်မှူးကြီးဗွန်စတပ်ဖင်ဘ
ဆိုသူဖြစ်သည်။

စတပ်ဖင်ဘတ်သည် ၁၉၀၇ ခုနှစ်တွင် ဖွားမြင်ခဲ့၍ သူ့မိဘများနှင့် အဘ
အဘွားများမှာ မြို့စားအဆက်အနွယ် ဆွေကြီးမျိုးကြီးထဲကပင်ဖြစ်ကြသည်။ သူ
မိခင်မှာ မြို့စားကတော်တစ်ဦးဖြစ်၍ သူ၏အဘေး (အဘိုး၏ဖခင်) မှာ ပြင်သ
စစ်ဘုရင် နပိုလီယံခေတ်က ထင်ရှားကျော်ကြားသည့် ဂျာမန်စစ်သူရဲကော
ကြီးတစ်ဦးဖြစ်ခဲ့သည်။ သူ့ဖခင်မှာ တစ်ခါက ဘုရင့်မှူးမတ်ကြီးတစ်ဦးအဖြ
အမှုတော်ထမ်းရွက်ခဲ့ဖူးသည်။ သူတို့မိသားစုအားလုံးမှာ ဂျာမနီတောင်ပိုင်းတွ
အစဉ်အဆက် နေထိုင်လာခဲ့ကြ၍ ဘာသာရေးဘက်တွင် ရိုသေကိုင်းရှိုင်းခဲ့ကြ
သည့်ပြင် ခေတ်ပညာတတ် အထက်တန်းလွှာများဖြစ်ခဲ့ကြသည်။

'ဘမျိုးဘိုးတူ' ဆိုသကဲ့သို့ စတပ်ဖင်ဘတ်သည် ဂျာမန်တပ်မတော်တွ
အဖက်ဖက်က ထူးချွန်ထင်ရှားသည့် အရာရှိကောင်းတစ်ယောက်ဖြစ်ခဲ့သည်
ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်း၍ အချိုးအစားပြေပြစ်သလောက် စိတ်ဓာတ်တည

*Home Army.



ညိုမိုင်ငြိမ် ဣန္ဒြေရရဖြင့် မြင်သူတိုင်းက လေးစားရသည့် လူရွယ်လူလတ်တစ်ဦး
သည်။ သူသည် မြင်းစီးအတတ်အပါအဝင် အားကစားနှင့် ကာယပညာများကို
ဘာလိုက်စားခဲ့ရုံမျှမက အခြားတစ်ဖက်မှ စာပေနှင့်အနုပညာရပ်များတွင်လည်း
ခြေမြစ်မြစ် စစ်စစ်ပေါက်ပေါက် တတ်သိနားလည် သူတစ်ဦးဖြစ်သည်။

စတပ်ဖင်ဘတ်သည် မူလက ဂီတအနုပညာရှင်တစ်ဦးအဖြစ်လည်းကောင်း၊
နောက် ဗိသုကာအတတ်ပညာရှင်တစ်ဦးအဖြစ်လည်းကောင်း အသက်မွေးဝမ်း
ကျောင်းရန် ကြံရွယ်ကြိုးစားခဲ့သည်။ သို့သော် ၁၉၂၆ ခု၊ သူ့အသက် ၁၉ နှစ်
အရွယ်တွင် ဂျာမန်တပ်မတော်သို့ဝင်ရောက်၍ အမှတ် ၁၇ မြင်းတပ်မတော်တွင်
ဗိုလ်လောင်းတစ်ယောက်ဖြစ်လာခဲ့ရာမှ သူ့ဘဝလမ်းကြောင်းသည် တစ်မျိုးတစ်ဖုံ
ပြောင်းလဲလာခဲ့သည်။

၁၉၃၆ ခုနှစ်တွင် သူသည် ဘာလင်မြို့တော် အကယ်ဒမီစစ်ကျောင်းကြီး
သို့ ပြောင်းရွှေ့တက်ရောက်ခဲ့ရသည်။ ထိုစဉ်က အဖက်ဖက်က ထူးချွန်ပြောင်
မြောက်လှသည့် သူ၏အရည်အချင်းများကို အကယ်ဒမီစစ်ကျောင်းကြီးမှ ဆရာများ
သာမက ဂျာမန်စစ်ဦးစီးဌာနချုပ်မှ အရာရှိကြီးများကပါ အထူးသဘောကျနှစ်
သက်ခဲ့ကြသည်။ သို့နှင့်ပင် နောက် ၂ နှစ်မျှကြာ၍ စစ်ကျောင်းမှ အောင်မြင်လာ
ပြီးနောက် သူသည် အထွေထွေစစ်ဦးစီးအဖွဲ့တွင် အရာရှိငယ်တစ်ယောက်အဖြစ်
တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

ထိုအချိန် ထိုကာလမှာ ၁၉၃၈ ခုနှစ်သို့ရောက်ရှိလာခဲ့၍ ဟစ်တလာ
အာဏာရခဲ့ပြီး နာဇီပါတီ၏အရှိန်အဝါ ဩဇာအာဏာကြီးမားလာသည့်အချိန်ဖြစ်
သည်။ စတပ်ဖင်ဘတ်သည် မျိုးရိုးဇာတိအားဖြင့်လည်းကောင်း၊ လူတန်းစား
အဆင့်အတန်းအားဖြင့် ပဒေသရာဇ်အယူအဆရှိသူတစ်ဦးပင်ဖြစ်သော်လည်း ထိုအချိန်
က ဟစ်တလာကိုလည်းကောင်း၊ သူ၏အမျိုးသားဆိုရှယ်လစ်ဝါဒကိုလည်း
ကောင်း ဆန့်ကျင်သည့်သဘောများ လုံးဝမရှိသေးဘဲဖြစ်ခဲ့သည်။

သို့သော် ၁၉၃၈ ခုနှစ်တွင် နာဇီပါတီ၏ လူမျိုးကြီးဝါဒအောက်တွင်
ဂျူးလူမျိုးများ နေစရာမရှိလောက်အောင် ခြိမ်းခြောက်ဖိနှိပ်မှုများ ခံလာရသောအခါ
စတပ်ဖင်ဘတ်သည် အမျိုးသားဆိုရှယ်လစ်ဝါဒအပေါ်တွင် တစ်စတစ်စ သံသယ
ဖြစ်လာမိသည်။ ဟစ်တလာ၏ခေါင်းဆောင်မှုကို တစ်နေ့တခြား ဘဝင်မကျဖြစ်
လာသည်။ ထို့မှတစ်ဖန် ဩစတြီးယားနှင့် ချက်အရေးအခင်းများ ဖြစ်ပွားလာ
ပြီး ဂျာမန်တပ်များသည် ပိုလန်နိုင်ငံကလေးကိုပါ ကျူးကျော်သိမ်းပိုက်ရန်
ခြိမ်းပြင်လာကြသောအခါ သူသည် ဟစ်တလာနှင့် နာဇီပါတီအပေါ်တွင်
စိတ်ကျေမနပ်ဖြစ်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ဂျာမန်တပ် ပိုလန်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ကြ၍ ဒုတိယကမ္ဘာစစ်ကြီး စတင် ပွားလာသောအခါ စတက်ဖင်ဘတ်မှာ ဟစ်တလာနှင့်ပတ်သက်၍လည်းကော နာဇီပါတီနှင့်စပ်လျဉ်း၍လည်းကောင်း တစ်စုံတစ်ရာ စဉ်းစားနေချိန်မရတော့ စစ်မြေပြင်သို့ရောက်ခဲ့ရသည်။ သို့ဖြင့် သူသည် မျိုးရိုးစဉ်လာကို ဆက်လ ထိန်းသိမ်းသောအားဖြင့် စစ်မြေပြင်တွင် စစ်သားကောင်းပီပီ အသက်ကိုပ မထားဘဲ ရှုပ်ရှုပ်ချွန်ချွန် တိုက်ပွဲဝင်ခဲ့သည်။ သူသည် ထိုစဉ်က ဗိုလ်ချုပ် နား၏ အမှတ် ၆၊ ပန်ဇာတင့်ကား တပ်မတော် စစ်ဌာနချုပ်တွင် စစ်ဦးစီးအဖွဲ့ အရာရှိတစ်ယောက်အဖြစ် တာဝန်ယူခဲ့ရသည်။

ထို့နောက် သူသည် ၁၉၄၀ ခုနှစ်၊ ဇွန်လတွင် ဗဟိုစစ်ဦးစီးဌာနချုပ် ပြောင်းရွှေ့ခဲ့ရပြီး ထိုမှတစ်ဖန် အရှေ့ဖက်စစ်မျက်နှာ ရုရှားစစ်မြေပြင်သို့ ရောက် သည်။ ဤတွင် ဆိုဗီယက်ရုရှားနိုင်ငံအတွင်း လပေါင်း ၁၈ လတိုင် တာဝန်ယူခဲ့ရာမှ ဟစ်တလာ၏ ရုပ်နက်တပ်ဖွဲ့ဝင်များ၏ ရက်စက်မှုမျ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရ၍ အကြီးအကျယ်တုန်လှုပ်ချောက်ချားခဲ့ရသ ဟစ်တလာ၏အမိန့်အရ ဆိုဗီယက်တပ်နီတော်မှ နိုင်ငံရေးမှူးများ၊ သုံ့ပန်းမျ သာမက အပြစ်ကင်းမဲ့သည့် ရုရှားလူမျိုး သက်ကြီးရွယ်အိုများနှင့်တကွ ကလေးငယ်များကိုပါမကျန် ဂျာမန်ရုပ်နက်တပ်ဖွဲ့များက ရက်ရက်စက်စက် လိုက်အပြုလိုက် သတ်ဖြတ်နေကြသည်ကို ကိုယ်တိုင်မြင်တွေ့ရပြီးနောက် စ ဖင်ဘတ်သည် ဟစ်တလာအား ဂျာမန်တစ်မျိုးသားလုံး၏ရန်သူအဖြစ် မြင် သည်။

ထိုအတောအတွင်း ဟစ်တလာ၏ အာဏာရှင်ပီပီ ငါတကောကောမှုမျ စစ်ရေးစွန့်စားမှုများကို အကြီးအကျယ် မကျေမနပ်ဖြစ်နေကြသော ဟစ်တ ဆန့်ကျင်ရေးသမားများဖြစ်ကြသည့် ဗိုလ်ချုပ်ထရက်စ်ကောင်းနှင့် ချဲလာဘင်း တို့၏စည်းရုံးမှုကြောင့် တတပ်ဖင်ဘတ်သည် နေ့ချင်းညချင်းပင် ဟစ်တ ဆန့်ကျင်ရေးဂိုဏ်းသားတစ်ယောက်ဖြစ်လာခဲ့သည်။ ထို့နောက် စတာလင် တိုက်ပွဲတွင် ဂျာမန်တပ်သားပေါင်း ၅ သိန်းနီးပါးမျှ သုတ်သင်ချေမှုန်းခြင်းခံ ရသည်ကို တွေ့ရပြန်သောအခါ စတပ်ဖင်ဘတ်သည် ခေါင်းဆောင်ကြီးဟစ်တ အား ခါးခါးသီးသီး မုန်းတီးမိခဲ့သည်။

စတပ်ဖင်ဘတ်သည် ဆိုဗီယက်ရုရှားနယ်မြေတွင် ဆက်လက်မနေလို သဖြင့် သူ့ဆန္ဒအလျောက် အာဖရိကမြောက်ပိုင်း ကျူးနစ်ရှားနိုင်ငံ စစ်မြေ



၁၉၄၃ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ပြောင်းရွှေ့လာခဲ့ပြီး ထိုစစ်မျက်နှာတွင် အမှတ် ၁၀ ပန်ဇာတင့်ကားတပ်မတော်၌ ဝင်ရောက်အမှုထမ်းခဲ့ပြန်သည်။

ဤအတောအတွင်း ၁၉၄၃ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် စတပ်ဖင်ဘတ် သည် စစ်မြေပြင်တစ်နေရာ၌ ကားဖြင့်ခရီးသွားနေခိုက် သူစီးလာသောကားသည် မြေမြှုပ်ဗုံး တစ်လုံးကို တက်နင်းမိရာမှ ကားရောလူပါ ပေါက်ကွဲပျက်စီးပြီး အကြီးအကျယ်ဒဏ်ရာရခဲ့သည်။ ပြင်းထန်လှသော မြေမြှုပ်ဗုံးပေါက်ကွဲမှုကြောင့် စတပ်ဖင်ဘတ်မှာ တစ်ကိုယ်လုံးဒဏ်ရာရ၍ မသေရုံတမည် ကျန်ခဲ့သည်။ သူ၏ ညာဘက်လက်မှာ လက်မောင်းရင်းမှနေ၍ ပြတ်သွားခဲ့ပြီး လက်ဝဲဘက် မျက်စိမှာလည်း မျက်လုံးကျွတ်ထွက်သွားခဲ့သည်။ လက်ဝဲဘက်လက်မှ လက် ချောင်းကလေးနှစ်ချောင်းလည်း အရင်းမှနေ၍ပြတ်သွားခဲ့၍ လက်ဝဲဘက် နားရွက်၊ ညာဘက်ဒူးတို့မှာလည်း ဒဏ်ရာများရရှိခဲ့သည်။

စတပ်ဖင်ဘတ်သည် မိုင်းထိသည့်ဒဏ်ရာဖြင့် ဆေးရုံတွင် ရက်ပေါင်းများစွာ တက်ရောက်၍ ခွဲစိတ်ကုသခဲ့ရသည်။ ဤအတောအတွင်း လက်တစ်ဖက်ပြတ်၍ မျက်လုံးတစ်လုံးကျွတ်ထွက်သွားသည့်ပြင် တစ်ကိုယ်လုံး ဒဏ်ရာအနှံ့အပြား ရခဲ့သဖြင့် အများကပင် အသက်ရှင်နိုင်စရာအကြောင်းမရှိဟု တစ်ထစ်ချယူဆခဲ့ သည်။ သို့သော် မြူနစ်မြို့ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၏ ကျွမ်းကျင်သော ခွဲစိတ်ကုသမှုများကြောင့် စတပ်ဖင်ဘတ်မှာ အသက်မသေဘဲ လူ့ပြည်တွင် ဆက်လက်နေခွင့်ရရှိခဲ့သည်။

တော်ရုံတန်ရုံစိတ်ဓာတ်မျိုးနှင့် တော်ရုံတန်ရုံသတ္တိမျိုးဆိုပါက ယခုကဲ့သို့ လက်တစ်ဖက်ပြတ်ကာ မျက်လုံးတစ်ဖက်ပျက်သွားရသည်အထိ မသေရုံတမည် ဒဏ်ရာပြင်းထန်စွာရပြီးနောက် စစ်တပ်မှ အငြိမ်းစားယူ၍ ဒုက္ခိတဘဝနှင့်ပင် နေသွားရန်သာရှိတော့သည်။ သို့သော် စိတ်ဓာတ်ပြင်းပြသလောက် သတ္တိကြောင် ကြောက်လှသော စတပ်ဖင်ဘတ်သည် စစ်တပ်မှ ထွက်ရန်လုံးဝစိတ်မကူးဘဲ သည်။ သို့နှင့်ပင် သူသည် ဆေးရုံတွင် လပေါင်းများစွာ တက်ရောက်ကုသခဲ့ပြီး နောက် အနည်းငယ်သက်သာလာသည်နှင့်တစ်ပြိုင်နက် လက်ဝဲဘက်လက်မှ ခွက်တီးများစည်းထားဆဲဖြစ်သော လက်သုံးချောင်းဖြင့် စာရေးနိုင်အောင် ကြိုး စားခဲ့သည်။ စာရေးနိုင်သည်နှင့်တစ်ပြိုင်နက် ဆေးရုံမှဆင်းလျှင်ဆင်းချင်း တပ် မတော်တွင် ပြန်လည်တာဝန်ယူလိုကြောင်း ပြည်တွင်းတပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အော်လ်ဘရစ်ထံ စာရေးအကြောင်းကြားလိုက်သည်။

စတပ်ဖင်ဘတ်သည် မျက်စိတစ်ဖက်ကန်း၍ လက်တစ်ဖက်ပြတ်ကာ အင်္ဂါ ချို့သည့် ဒုက္ခိတအဖြစ်ရောက်နေသော်လည်း ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှု

www.burmeseclassic.com

www.burmeseclassic.com



တွင် သူတတ်နိုင်သည့်ဘက်မှ ထိထိရောက်ရောက် တာဝန်ထမ်းရွက်ရန် စိ ခေတ်ပြင်းပြနေဆဲပင်ဖြစ်ခဲ့သည်။ "ဂျာမနီနိုင်ငံကြီးကို ကယ်တင်ဖို့အတွက် တစ်ခုခုတော့ လုပ်မှဖြစ်မယ်ကွ၊ ငါတို့လို စစ်ဦးစီးအဖွဲ့ဝင်တွေအားလုံး တာ ခွဲပြီးယူမှဖြစ်မယ်" ဟူ၍ပင် ဆေးရုံသို့လူမမာလာမေးသည့် သူ့ဇနီးဖြစ်သူအ တစ်နေ့တွင် သူကပြောလိုက်သေးသည်။

သို့ဖြင့် စတော်ဖင်ဘတ်သည် သေမင်းက လက်မခံသဖြင့် သေကံမရော သက်မပျောက်ဘဲ ဆေးရုံမှဆင်းခွင့်ရခဲ့ပြီးနောက် ၁၉၄၃ ခုနှစ်၊ စက်တင်ဘာ တွင် ဘာလင်မြို့တော်ရှိ ဗိုလ်ချုပ်အော်ဘရစ်၏ ဌာနချုပ်ရုံး၌ ဒုဗိုလ်မှူးကြ ရာထူးဖြင့် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ မကြာမီ ဒုဗိုလ်မှူးကြီးစတော်ဖင်ဘ သည် ဟစ်တလာအား လုပ်ကြံရာတွင် အသုံးပြုမည့် ချိန်ကိုက်ဗုံးကို သူ ကောင်းနေသည့်လက်ဝဲဘက်လက်မှ လက်ချောင်းသုံးချောင်းဖြင့် ဖြုတ်နည တပ်နည်းများ လေ့ကျင့်လာခဲ့သည်။

စတော်ဖင်ဘတ်သည် မိုင်းထိ၍ ဆေးရုံကဆင်းလာပြီးသည့်နောက်မှ ဟစ် လာ ဆန့်ကျင်ရေးစိတ်ဓာတ်များ ယခင်ကထက် ပို၍တစ်နေ့တခြား ကြီးမားဖြ ထန်လာခဲ့သည်။ ယခင်ကမူ ဤကိစ္စတွင် မိမိထက်ပို၍စိတ်အားထက်သန် ပြင် ခဲ့ကြသည့် ဗိုလ်ချုပ်ဘက်ခ်၊ ဂိုအာဒဲလားနှင့် ဗွန်ဟေဆဲလ်စသည့် ခေါင်းဆောင်မျ ရှိနေသည်ဟူ၍လည်းကောင်း၊ မိမိထက်ပို၍ ထိထိရောက်ရောက် ကာယကံမြော လုပ်နိုင်ကိုင်နိုင်ကြသည့် ဗိုလ်ချုပ်ကြီးများနှင့် စစ်မြေပြင်တပ်မှူးကြီးများ ရှိနေသ ဟူ၍လည်းကောင်း သဘောထားကာ သူတို့တစ်တွေ တာဝန်ယူလုပ်သွားကြလ မည်ဟု ခပ်အေးအေးပင် နေခဲ့သည်။

သို့သော် ဆေးရုံမှဆင်းလာပြီး ဘာလင်မြို့တော်တွင် တာဝန်ယူရသည့်အ အခြေအနေမှာ သူထင်သလိုမဟုတ်ဘဲ ဖြစ်နေသည်ကို တွေ့နေရသည်။ ဟစ် လာဆန့်ကျင်ရေးဂိုဏ်းသားများမှာ ဟစ်တလာကို ဖမ်းဆီးရမည်၊ ဟစ်တလာအ လုပ်ကြံရမည်ဟူ၍ တဖွဖွပြောဆိုနေကြသော်လည်း တကယ်ဖမ်းဆီးရန် တကယ်လုပ်ကြံရန်အတွက်မူ စနစ်တကျ တာဝန်ယူခေါင်းဆောင်မည့်သူ မဖြစ်မနေ စွန့်စွန့်စားစား လုပ်မည့်သူဟူ၍ ပြောပလောက်အောင် မရှိသည် တွေ့နေရသည်။ ဤလျှို့ဝှက်လုပ်ကြံမှုကြီးတွင် အရေးပါအရာရောက်ဆုံး ခေါ ဆောင်ဖြစ်သော ဗိုလ်ချုပ်ဘက်ခ်မှာလည်း မကြာမီကမှ ကင်ဆာရောဂါ ခွဲစိ ကုသပြီး ဆေးရုံမှဆင်းခါစဖြစ်နေ၍ စိတ်သွားတိုင်း ကိုယ်မပါဘဲ ဖြစ်နေခဲ့သည အသုံးသဖြင့် ဟစ်တလာအား အောင်မြင်စွာလုပ်ကြံပြီးသည့်နောက် အာဏာသိ ရေးအတွက် အရေးကြီးသည့်တပ်များကို အမိန့်ပေးနိုင်မည့် တာဝန်ခံ တပ်မှူး



စနစ်တကျ ကြိုတင်စည်းရုံး ပြင်ဆင်မှုများလည်း မရှိသေးဘဲဖြစ်နေသည်ကို ရသည်။

သို့ဖြစ်ရာ စတော်ဖင်ဘတ်သည် ဟစ်တလာအား လျှို့ဝှက်လုပ်ကြံရန်နှင့် အာဏာသိမ်းတပ်များကို တင်းတင်းကျပ်ကျပ် အုပ်ချုပ်ကွပ်ကဲရန်အတွက် လိုအပ် အစီအစဉ်များနှင့် လိုအပ်သောတပ်မှူးများကို သူကိုယ်တိုင် စည်းရုံးပြင်ဆင် ခဲ့သည်။ ဤသို့ဖြင့် တတော်ဖင်ဘတ်၏ကြိုးပမ်းမှုကြောင့် ဗဟိုအချက်ပြဆက် သွယ်ရေးတပ်မှ တပ်မှူးချုပ်ဖြစ်သူ ဗိုလ်ချုပ်ဖဲလ်ဂျီဘဲလ်၊ ဘာလင်မြို့တော်မှ ချုပ် ဗွန်ဟေ့စ်၊ တပ်မတော်စုစည်းရေးဌာနဆိုင်ရာ အကြီးအကဲ ဗိုလ်ချုပ် စသည့်အရေးပါအရာရောက်သော တာဝန်ခံဗိုလ်ချုပ်များသည် ဟစ်တလာ ကြံမှုနှင့် အာဏာသိမ်း အစီအစဉ်များကို စနစ်တကျ ပြင်ဆင်စိုင်းပြင်းနိုင် သည်။

ဘာလင်မြို့တွင်းရှိ ဖြည့်တင်းရေးတပ်များကို ချုပ်ကိုင်ထားသည့် ဗိုလ်ချုပ် မှာလည်း အရေးပါအရာရောက်သော ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်သည်။ အဘယ့် ကြောင့်ဆိုသော် ထိုအချိန်တွင် ရှိရှိသမျှ ဂျာမန်လက်နက်ကိုင်တပ်များမှာ စစ်မြေ များသို့ ရောက်ရှိနေကြပြီဖြစ်ရာ ဘာလင်မြို့တွင် လက်နက်ကိုင်ပြည်သူ့စစ် စစ်ကျောင်းမှ စစ်သားသစ်များနှင့် အလုပ်ရုံ စက်ရုံများမှ မြို့ပြကာကွယ် တပ်များ စသည်တို့ကို စုစည်းထားသည့် 'ဖြည့်တင်းရေးတပ်မတော်' မှာ အရေးကြီးသည့် အင်အားစုများဖြစ်သည်။ အကယ်၍ အရေးအကြောင်းပေါ် ပါက ဤဖြည့်တင်းရေးတပ်များကို မိမိတို့ဘက်သို့ ပါလာအောင် တင်းတင်း ကျပ် ကွပ်ကဲအမိန့်ပေးနိုင်သူမှာ ဗိုလ်ချုပ်ဖရွမ်းပင်ဖြစ်သည်။ သို့သော် ချုပ်ဖရွမ်းသည် ခုတစ်မျိုး ခုတစ်မျိုးဖြင့် ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှု စိတ်အားထက်သန်လိုက်၊ မသန်လိုက်ဖြစ်နေလေ့ရှိရာ သူ့အတွက် လုံးဝ ယုံကြည်စိတ်ချရပြီဟု မဆိုနိုင်သေးဘဲဖြစ်နေသည်။

ဤအတောအတွင်း၊ ၁၉၄၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အနောက်ဖက် ကမ်းနှာ နော်မန်ဒီကမ်းခြေတွင် မဟာမိတ်တို့ အလုံးအရင်းဖြင့် တက်ရောက် စစ်ဆင်လာခဲ့ကြရာ ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများမှာ မည်သို့မည်ပုံ သည်ကို မစဉ်းစားတတ်အောင်ဖြစ်သွားကြသည်။ သူတို့စိတ်ထဲတွင် အနောက် စစ်မျက်နှာမှ မဟာမိတ်တို့သည် ၁၉၄၄ ခုနှစ်အတွင်း ထိုးစစ်ဆင်နွှဲကြလိမ့် မဟုတ်ဟု တထစ်ချယူဆထားခဲ့ကြသည်။ အကယ်၍ ထိုးစစ်ဆင်နွှဲသည့်တိုင် ယခုလောက် မြန်မြန်ဆန်ဆန်မဟုတ်ဘဲ မိုးရာသီအကုန် အောက်တိုဘာ၊ ဘာလလောက်မှ ဆင်နွှဲကြလိမ့်မည်ဟု တွက်ထားခဲ့ကြသည်။ သို့ဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မဟာမိတ်တို့ ထိုးစစ်မဆင်နွှဲမီ ဟစ်တလာအား လုပ်ကြံ၍ အာ
သိမ်းကာ မဟာမိတ်တို့နှင့် ဆွေးနွေးစေ့စပ်၍ စစ်ရပ်စဲရန်ကြံရွယ်ထားကြသ
ယခုသော်မူ မဟာမိတ်တို့သည် ဧရာမထိုးစစ်ကြီးကို ဆင်နွှဲလာကြရုံမျှ
ဂျာမန်တပ်များကို အောင်မြင်စွာ တွန်းလှန်တိုက်ခိုက်လာခဲ့ကြပြီဖြစ်ရာ ဤသို့
အခြေအနေမျိုးတွင် မိမိတို့က ဟစ်တလာအားလုပ်ကြံ၍ အောင်မြင်ခဲ့သည့်
အောင် မဟာမိတ်တို့က စစ်ရပ်စဲရေးအတွက် ဆွေးနွေးရန် လက်ခံမှုလက်ခံပါ
မည်လောဟူ၍ စိုးရိမ်လာခဲ့ကြသည်။

ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှု၏ အဓိကခေါင်းဆောင်တစ်ဦးဖြစ်
ဗိုလ်ချုပ်ဘက်ခ်ကမူ အကယ်၍ မိမိတို့က ဟစ်တလာအား အောင်မြင်စွာ
ကြံနိုင်ခဲ့ကြသည့်တိုင်အောင် မဟာမိတ်တပ်များသည် ဂျာမနီနိုင်ငံအတွင်
ဆက်လက်ချီတက်သိမ်းပိုက်ကြမည်သာဖြစ်ကြောင်း၊ သို့သော် ဟစ်တလာ မြ
ကျဆုံးလေလေ၊ မိမိတို့ဂျာမန်အမျိုးသားများနှင့် ဂျာမနီနိုင်ငံကြီး သေကြေပျက်
နည်းပါးလေလေဟု ယုံကြည်ကြောင်း၊ ယုတ်စွအဆုံး မိမိတို့ဂျာမန်အမျိုးသား
အတွင်း ဟစ်တလာနှင့် နာဇီဝါဒကို လက်မခံသည့်အင်အားစုများရှိခဲ့သည်
မဟာမိတ်တို့ အနိုင်အမာ သိရှိသွားခြင်းအားဖြင့် ဂျာမနီနှင့် ဂျာမန်လူမျိုးမျာ
အထိုက်အလျောက် သက်သာရာရဖွယ်ရှိကြောင်း စသည်ဖြင့်တင်ပြခဲ့သည်။ ဗို
ချုပ်ဘက်ခ်၏ တင်ပြချက်ကို ဂိုအာဒဲလ်လားကလည်း ထောက်ခံခဲ့သည်။

သို့သော် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်အပေါ်အဝင် အချို့သောအရာရှိမျာ
မဟာမိတ်အတို့အပေါ် သံသယရှိနေကြပြီး ဗိုလ်ချုပ်ဘက်ခ်၏တင်ပြချ
ရတ်တရက် လက်မခံနိုင်သေးဘဲ ဖြစ်နေကြသည်။ နောက်ဆုံး၌ ဤပြဿနာ
စပ်လျဉ်း၍ အခြားအရေးပါ အရာရောက်သော ခေါင်းဆောင်တစ်ဦးဖြစ်
ဗိုလ်ချုပ်ထရက်စ်ကောင်းထံ အကြံဉာဏ်လှမ်း၍ တောင်းခဲ့ကြသည်။ ဤ
ဗိုလ်ချုပ် ဒုတိယတပ်မတော်ကို အုပ်ချုပ်နေရသည့် ဗိုလ်ချုပ်ထရက်စ်ကောင်း
ရုရှားစစ်မျက်နှာမှနေ၍ သူ၏သဘောထားကို ပြတ်ပြတ်သားသားပေးလိုက်
သူ၏သဘောထားမှာ ဟစ်တလာ လုပ်ကြံရေးကို မဖြစ်မနေဆောင်ရွက်ကြ
ဖြစ်သည်။

'လုပ်ကြံမှုတွက် မည်သည့်နည်းဖြင့်မဆို ကြိုးပမ်းကြရမည်ဖြစ်သ
အကယ်၍ လုပ်ကြံမှုမအောင်မြင်သည့်တိုင်အောင် မြို့တော်တွင် အာ
သိမ်းရေးကို ဆက်ဆက်လုပ်ဆောင်ကြရမည်။ ဟစ်တလာဆန့်ကျ
လှုပ်ရှားမှုအဖွဲ့ဝင် ဂျာမန်အမျိုးသားများသည် မိမိတို့အသက်ကို ဗ
မထားဘဲ အဆုံးအဖြတ်ပေးသည့်ခြေလှမ်းကို ရဲဝံ့စွာလှမ်းခဲ့ကြောင်



တစ်ကမ္ဘာလုံးနှင့်တကွ အနာဂတ်သားစဉ်မြေးဆက် ပြည်သူများအား ထွန်း
တို့က အခိုင်အမာသက်သေပြကြရမည်ဖြစ်သည်။ ဤအချက်နှင့် နှိုင်းယှဉ်
မည်ဆိုပါက အခြားမည်သည့်အချက်မျှ အရေးမကြီးဟု ဆိုရမည်ဖြစ်သည်'

('တတိယ ဂျာမန်နိုင်ငံတော်ကြီး၏ အတက်နှင့်အကျ'
စာမျက်နှာ –၁၂၃၉)

ဗိုလ်ချုပ် ထရက်စ်ကောင်းထံမှ တိကျပြတ်သားလှသည့် အထက်ပါပြန်စာ
ကို ရရှိကြသောအခါ စတပ်ဖင်ဘတ်နှင့် အခြားဗိုလ်ချုပ်များမှာ ဟစ်တလာလုပ်
ကြံရေးအတွက် တစ်ဖန်ပြန်၍စိတ်အားထက်သန်လာကြပြန်သည်။

ဤအခိုက်အတန့်မှာပင် ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသားများနှင့် စတပ်
ဖင်ဘတ်အတွက် ဧရာမအခွင့်အရေးကြီးတစ်ခုသည် မမျှော်လင့်ဘဲ မိုးပေါ်ကျသလို
ကျလာခဲ့သည်။ ယင်းအခွင့်အရေးမှာ အခြားမဟုတ်၊ စတပ်ဖင်ဘတ်အား ဒုဗိုလ်မှူး
ကြီးရာထူးမှ ဗိုလ်မှူးကြီးအဆင့်သို့ ရာထူးတိုးမြှင့်လိုက်သည့်ပြင် ပြည်မတပ်မတော်
၏ တာဝန်ခံတပ်မှူးကြီးဖြစ်သူ ဗိုလ်ချုပ်ဖရွမ်း၏ စစ်ဦးစီးချုပ်အဖြစ် တာဝန်
တိုးမြှင့်ပေးအပ်လိုက်ခြင်းပင်ဖြစ်သည်။

ယခုကဲ့သို့ ရထူးနှင့် တာဝန်ကို တိုးမြှင့်ပေးခြင်းခံလိုက်ရသည့်အတွက်
ပြည်မတပ်မတော်လက်အောက်ခံ တပ်များအားလုံးကို ဗိုလ်ချုပ်ဖရွမ်းကိုယ်စား
ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်က အုပ်ချုပ်ကွပ်ကဲလာနိုင်ပြီဖြစ်ရုံမျှမက ဤတာဝန်နှင့်
ရာထူးအရ သူသည် ခေါင်းဆောင်ကြီးဟစ်တလာနှင့် မကြာခဏတွေ့ဆုံရန်
အခွင့်အလမ်းပါ တစ်ပါတည်းရလာခဲ့သည်။

ယခုအခါ စတပ်ဖင်ဘတ်သည် ဟစ်တလာလုပ်ကြံမှုတွက် အရေးကြီးဆုံး
သောချက်ပုဂ္ဂိုလ်ဖြစ်လာပြီဖြစ်သည်။ ဤလုပ်ကြံအောင်မြင်ရေးမှာ အစစအရာရာ
သူ့ပခုံးပေါ်တွင် တာဝန်ကျရောက်လာခဲ့ပြီဖြစ်သည်။

မှန်သည်၊ သံဆူးကြိုးအတန်တန်ကာရံ၍ အစောင့်အကြပ်အထပ်ထပ်ချထား
သည့် ခေါင်းဆောင်ကြီးဟစ်တလာ၏ဌာနချုပ်သို့ ဝင်ရောက်နိုင်သည့် အခွင့်အရေး
ကြီးကို ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ရာထူးနှင့်တာဝန်အရ အလွယ်တကူ
ချောချောမွေ့မွေ့ ရလာခဲ့ပြီဖြစ်သည်။ ထို့မျှမက သူသည် ပြည်မတပ်မတော်၏
စစ်ဦးစီးချုပ်အနေဖြင့် ဘာလင်မြို့နှင့် ဆင်ခြေဖုံးတစ်ဝိုက်မှ တပ်များအားလုံးကို
ဗိုလ်ချုပ်ကြီးဖရွမ်းကိုယ်စား တိုက်ရိုက်အမိန့်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ဟစ်တလာသည် ယခုအခါ အရှေ့ပိုင်းပရပ်ရှားပြည်နယ် ရတ်စတင်းဘတ်

www.burmeseclassic.com

www.burmeseclassic.com



မြို့အနီးမှ သူ၏ဌာနချုပ်ဖြစ်သော 'ဝံပုလွေဂူ' စခန်းတွင် အမြဲလိုလိုနေထိုင်လျ သည်။ ရံဖန်ရံခါ အကြောင်းကြီးငယ်ကိစ္စရှိသည့်အခါမှ ဂျာမနီတောင်ပိုင်း ဆဲလ်ဘတ်မြို့အနီးရှိ အခြားဌာနချုပ်စခန်းသို့ သွားလေ့ရှိသည်။

သို့သော် အဆိုပါဌာနချုပ်စခန်းနှစ်ခုစလုံးမှာ ဘာလင်မြို့မှ လေကြော ခရီးဖြင့် သွားမည်ဆိုပါက အကွာအဝေးခြင်း မခြားနားလှဘဲ မိုင်ပေါင်း ခန့်စီဝေးကွာကြသည်။

ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် မည်သည့်ဌာနချုပ်တွင် ဟစ်တလ ရှိနေသည်ဖြစ်စေ၊ ဟစ်တလာရှိရာ ဌာနချုပ်သို့ သွားရောက်လုပ်ကြံပြီးနော ဘာလင်မြို့တော်သို့ လေကြောင်းခရီးမှ ပြန်ပြေးလာပြီး ဘာလင်မှတပ်များ အာဏာသိမ်းရေးကို စီစဉ်ကွပ်ကဲရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဟစ်တလာအ ဌာနချုပ်တွင်လုပ်ကြံပြီးနောက် ဘာလင်မြို့သို့ လေယာဉ်ဖြင့် ပြန်ပြေးလာရာတွ လမ်းခရီး၌ အချိန်နှစ်နာရီခန့်ကြာမည်ဖြစ်ရာ ဤနှစ်နာရီအတောအတွင်း သူသ ဘာမှမလုပ်နိုင်ဘဲ လေယာဉ်ပေါ်တွင် သည်အတိုင်း အချိန်ကုန်ခံရမည်ဖြစ် ဤအချက်မှာ သူ့အတွက် အတော်ကလေး ကိုယို့ကားရားနိုင်လှသည်ဟု ဆိုရမ ဖြစ်သည်။ သို့သော် ဤကိစ္စမှာ မည်သို့မျှ မတတ်နိုင်၊ ဤနှစ်နာရီအတောအတွ ဘာလင်မြို့တော်တွင် ရှိနေကြသည့် သူ့လူများက အခြေအနေကိုကြည့်၍ ထိ သိမ်းရှေ့ဆောင်သွားကြလိမ့်မည်ဟု မျှော်လင့်ရသည်။

ဤအခိုက်အတန့်တွင် ဟစ်တလာဆန့်ကျင်ရေးသမားများ အတွင်းပြဿ **တစ်ခုပေါ်**လာပြန်သည်။ ယင်းပြဿနာမှာ အခြားမဟုတ်၊ မိမိတို့အာဏာသိမ်း **ကြိုးပမ်းရာ**တွင် ခေါင်းဆောင်ကြီးဟစ်တလာတစ်ဦးတည်းကို လုပ်ကြံရုံမျှဖြ **အောင်မြင်နိုင်လိမ့်မည်မဟုတ်**၊ ဟစ်တလာ သေဆုံးသွားသည့်တိုင်အောင် ဗိုလ်ချု ဟင်းမလားနှင့် ဗိုလ်ချုပ်ကြီးဂိုးအားရင်းတို့ ရှိနေကြသေးသည်။ ၎င်းတို့နှစ်ဦးသည ဂျာမန်လက်နက်ကိုင်တပ်အားလုံးအပေါ်တွင် ဟစ်တလာမှလွဲ၍ သြဇာအာဏာ အရှိဆုံး ဗိုလ်ချုပ်များဖြစ်ကြသည်။ သို့ဖြစ်ရာ သူတို့နှစ်ဦးစလုံးကိုပါ ဟစ်တလ နှင့် တစ်ပါတည်း လုပ်ကြံပစ်မှဖြစ်မည်။ စစ်မြေပြင်များမှ အချို့သောတပ်မှူ ကြီးများသည် ယခုအချိန်အထိ ဟစ်တလာ ဆန့်ကျင်ရေးလှုပ်ရှားမှုကို စိတ် လက်ချ ယုံကြည်ကိုးစားစွာဖြင့် အားပေးခြင်းမပြုဘဲ ရှိနေကြသေးသည်။ ထို ဖြစ်ရသည်မှာ ၎င်းတို့သည် ဟစ်တလာကိုသာမက ဂိုးအားရင်းနှင့် ဟင်းမလား၏ သြဇာအာဏာကိုပါ မလွန်ဆန်ရဲကြ၍ဖြစ်သည်။ အကယ်၍သာ ဟစ်တလာနှ တကွ ဂိုးအားရင်းနှင့် ဟင်းမလားပါ လုပ်ကြံခံကြရမည်ဆိုပါက စစ်မြေပြင်တပ်မှူ ကြီးများအားလုံး မိမိတို့ဘက်သို့ ပါလာမည်မှာ မုချပင်ဖြစ်သည်။ သို့ဖြစ်



စ်တလာနှင့်တကွ ဂိုးအားရင်းနှင့် ဟင်းမလားတို့ကိုပါ **တစ်ပြိုင်တည်း လုပ်** နိုင်အောင် ကြိုးစားကြရမည်ဟူ၍ တင်ပြလာကြပြန်သည်။

ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် အဆိုပါတင်ပြချက်ကို **အစော** က အပြန်အလှန်စဉ်းစားကြပြီးနောက် အားလုံးလက်ခံသဘော**တူလိုက်ကြ** သည်။ လုပ်ကြံမှုကြီးကို ကာယကံမြောက် ဆောင်ရွက်မည့်ဗိုလ်မှူးကြီး **စတပ်ဖင်** ဘတ်ကိုယ်တိုင်ကလည်း ဂိုးအားရင်းနှင့် ဟင်းမလားတို့သည် ဟစ်တလာ၏ စဉ်ကွန်ဖရင့်အစည်းအဝေးသို့ တက်ရောက်လေ့ရှိသဖြင့် သူတို့သုံးယောက်စလုံး ဗုံးတစ်လုံးတည်းဖြင့် တစ်ခါတည်းကိစ္စချောအောင်လုပ်ကြံရန်မှာ မခဲယဉ်းလှ ဆိုက ကျေကျေနပ်နပ်ပင် လက်ခံသဘောတူခဲ့သည်။

သို့ဖြင့် ဟစ်တလာနှင့်တကွ ဂိုးအားရင်း၊ ဟင်းမလားတို့ကိုပါ လုပ်ကြံ အတွက် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် အသေးစိပ် အစီအစဉ်များ ဆင်စိုင်းပြင်းခဲ့ကြပြီးနောက် ယင်းလုပ်ကြံမှုအစီအစဉ်တစ်ခုလုံးကို *'ဗာလ်**ကီရီ**' စ်ဆင်ရေးဟူ၍ လျှို့ဝှက်အမည်ပေးခဲ့ကြသည်။

ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ပြည်မလက်နက်ကိုင်တပ်များထဲမှ **စစ်မြေ** ပြင်သို့ စစ်ကူများ အမြဲမပြတ်ဖြည့်တင်းပေးပို့နေရသည်ဖြစ်ရာ ယင်းကိစ္စအတွက် ဟစ်တလာရှိရာ စစ်ဌာနချုပ်သို့ တစ်ပတ်လျှင် နှစ်ကြိမ်သုံးကြိမ် မှန်မှန်သွားရောက် ၍ ဟစ်တလာအား တိုက်ရိုက်အစီရင်ခံနေရသည်။ ဟစ်တလာသည် ယခုအခါ ဘာလင်မြို့တော်အပါအဝင် ဂျာမန်မြို့ကြီးများကို မဟာမိတ်စစ်တပ်က **နေ့ရော** ညပါ အပြင်းအထန်ဗုံးကြဲနေသဖြင့်တစ်ကြောင်း၊ စစ်မျက်နှာအားလုံးတို့တွင် ဂျာမန်တပ်များ အရေးနိမ့်နေသဖြင့် သူ့အပေါ် မကျေမနပ်ဖြစ်ကာ သစ္စာဖောက်၍ လုပ်ကြံကြမည့်သူများ၏အန္တရာယ်မှ ကာကွယ်သည့်အနေဖြင့်လည်းကောင်း၊ သူ၏ စစ်ဌာနချုပ်များမှ အပြင်သို့ လုံးဝမထွက်ဘဲနေလာခဲ့သည်မှာ ကြာပြီဖြစ်သည်။

သို့ဖြစ်ရာ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ဟစ်တလာအား **သူ၏စစ်ဌာန** ချုပ်မှာပင် လုပ်ကြံရန်ဆုံးဖြတ်ခဲ့ပြီး **အခွင့်သာသည့်နေ့ကို စောင့်ဆိုင်းနေခဲ့သည်။**

သို့သော် သူ့အတွက် ထိုအခွင့်အရေးမှာ ကြာကြာစောင့်ဆိုင်းနေစရာမလို၊ အဘယ့်ကြောင့်ဆိုသော် ဟစ်တလာကိုယ်တိုင်က စစ်မြေပြင်သို့ တပ်ကူများ

---

*Yalkyrie: ဂျာမန်ရှေးဟောင်း ဒဏ္ဍာရီပုံပြင်များထဲမှ နတ်သမီးများ၏အမည် ဖြစ်သည်။ ဤနတ်သမီးများသည် ရုပ်ရည်ချောမောလှပသလောက် ကြောက်စရာကောင်း သည်။ သူတို့သည် ရှေးအခါက စစ်မြေပြင်များပေါ်တွင် ပျံဝဲ၍ သေသင့်သေထိုက်သည့် စစ်သားများအား ရွေးချယ်သတ်လေ့ရှိသည်ဟု ဂျာမန်တို့အယူရှိခဲ့ကြသည်။ **(စာရေးသူ)**

www.burmeseclassic.com

www.burmeseclassic.com



စေလွှတ်ပေးပို့ရေးနှင့်ပတ်သက်၍ ဂျူလိုင်လ ၁၁ ရက်နေ့တွင် ဌာနချုပ်သို့ အမြန်ဆုံးလာရောက်အစီရင်ခံရန် အမိန့်ထုတ်၍ ဆင့်ခေါ်လိုက်သောကြောင့်ဖြစ် သည်။

သို့ဖြင့် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ဂျူလိုင်လ ၁၁ ရက်နေ့နံနက်တွင် ဘာလင်မြို့တော်မှ ဟစ်တလာရှိရာ ဘိုဘာဆဲလ်ဘတ် ဗဟိုစစ်ဦးစီးဌာနချုပ်သို့ လေယာဉ်ဖြင့်ထွက်ခွာလာခဲ့သည်။ သူနှင့်အတူ လိုအပ်သည့်စာရွက်စာတမ်းများ ထည့်ထားသည့် လက်ဆွဲအိတ်တစ်လုံးပါလာခဲ့သည်။ သို့သော် အဆိုပါလက်ဆွဲ သားရေအိတ်ထဲတွင် စာရွက်စာတမ်းများသာမက အရေးကြီးသည့်ပစ္စည်းတစ်ခု လည်း ပါလာသေးသည်။ ယင်းပစ္စည်းကား အခြားမဟုတ်၊ ပြင်းထန်စွာပေါက်ကွဲ နိုင်သည့် ချိန်ကိုက်ဗုံးတစ်လုံးပင်ဖြစ်သတည်း။

ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် အိုဘာဆဲလ်ဘတ် စစ်ဌာနချုပ်သို့ အချိန်မီ ရောက်ရှိသွားခဲ့၍ နေ ၁၂ နာရီတိတိတွင် ကျင်းပသည့် စစ်ကွန်ဖရင့်သို့ တက် ရောက်နိုင်ခဲ့သည်။ သူသည် အဆိုပါစစ်ကွန်ဖရင့် အစည်းအဝေးမှာပင် ဟစ်တလာ နှင့်တကွ ဂိုးအားရင်း၊ ဟင်းမလားစသောခေါင်းဆောင်ကြီးများကို ချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲလုပ်ကြံရန် စီစဉ်ထားသည်။

သို့သော် ကွန်ဖရင့်ခန်းမဆောင်ထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဗိုလ်မှူး ကြီး စတပ်ဖင်ဘတ်မှာ အကြီးအကျယ်စိတ်ပျက်သွားမိသည်။ အဘယ့်ကြောင့်ဆို သော် ထိုနေ့က စစ်ကွန်ဖရင့် အစည်းအဝေးသို့ ဟစ်တလာနှင့် ဂိုးအားရင်းတို့ တက်ရောက်လာကြသော်လည်း ဟင်းမလားကိုမူ အစည်းအဝေးကျင်းပရာ ခန်းမ ဆောင်ထဲတွင် လုံးဝမမြင်တွေ့ရသောကြောင့်ပင်ဖြစ်သည်။

ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် မည်သို့မျှမကြံတတ်အောင်ဖြစ်ကာ အစည်းအဝေးခန်းမထဲမှ အမှတ်တမဲ့ထွက်လာခဲ့သည်။ ထို့နောက် စခန်းအတွင်းရှိ တစ်နေရာမှ တယ်လီဖုန်းဖြင့် ဘာလင်မြို့တော်ရှိ ဗိုလ်ချုပ်အောလ်ဘရစ်ထံသို့ အခြေအနေကို သတင်းပို့လိုက်သည်။ သူ၏တာဝန်မှာ ဟစ်တလာ၊ ဂိုးအားရင်းနှင့် ဟင်းမလားတို့ သုံးဦးစလုံးရှိနေသည့်အချိန်တွင် ဗုံးဖြင့်ဖောက်ခွဲ၍ လုပ်ကြံရန်ဖြစ် သည်။ သို့သော် ယခုကျင်းပနေသည့် စစ်ကွန်ဖရင့်အစည်းအဝေးတွင် ဟင်းမလား မတက်ရောက်ဘဲ ဟစ်တလာနှင့် ဂိုးအားရင်းတို့သာ ရှိနေသည်ဖြစ်ရာ ဟင်းမလား မပါဘဲ ဟစ်တလာနှင့် ဂိုးအားရင်းတို့နှစ်ယောက်တည်း လုပ်ကြံရမည် မလုပ် ကြံရမည်ကို ဗိုလ်ချုပ်အောလ်ဘရစ်ထံသို့ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်က လှမ်း၍ မေးကြည့်သည်။

ဤတွင် ဗိုလ်ချုပ်အောလ်ဘရစ်က ဟစ်တလာနှင့် ဂိုးအားရင်းတို့နှစ်ယောက်



တည်းဆိုပါက ယနေ့အဖို့ လုပ်ကြံမှုအစီအစဉ်ကို ဖျက်၍ နောက်တစ်ကြိမ် ဟင်းမလားပါ သုံးယောက်စလုံးရှိနေချိန်ကျမှ လုပ်ကြံရန် အမိန့်ပေးလိုက်သည်။ သို့ဖြစ်ရာ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ကွန်ဖြေမပျက် အစည်းအဝေးကို ပြန် တက်၍ အစည်းအဝေးအပြီးတွင် ဘာလင်သို့ ပြန်လာခဲ့ရသည်။

ထိုနေ့ညတွင် စတပ်ဖင်ဘတ်သည် ဗိုလ်ချုပ်ဘတ်ခ်နှင့် ဗိုလ်ချုပ်အောလ် ဘရစ်တို့ထံ သွားရောက်တွေ့ဆုံ၍ နောက်တစ်ကြိမ်အစည်းအဝေးတွင် ဟင်းမလား နှင့် ဂိုးအားရင်းတို့ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဟစ်တလာတစ်ဦးတည်းကိုပင် လုပ်ကြံတော့မည်ဖြစ်ကြောင်း ယခုကဲ့သို့ သုံးယောက်စလုံးမဆုံသဖြင့် အစီအစဉ် ကို မကြာခဏဖျက်နေရပါက ကြာလျှင် ရိပ်မိသွားပြီး အားလုံးဒုက္ခရောက်ကုန် ကြလိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။ ဗိုလ်ချုပ်ဘတ်ခ်နှင့် ဗိုလ်ချုပ်အောလ်ဘရစ်တို့ကလည်း စတပ်ဖင်ဘတ် ပြောကြားချက်ကိုလက်ခံ၍ နောက်တစ်ကြိမ်တွင် မည်သည့်နည်းနှင့်မဆို လုပ်ကြံမှုအစီအစဉ်ကို အောင်မြင် အောင် လုပ်ဆောင်ကြရန် သဘောတူလိုက်ကြသည်။

စတပ်ဖင်ဘတ်သည် ကြာကြာမစောင့်လိုက်ရဘဲ နောက်တစ်ကြိမ် အခွင့် အရေးတစ်ရပ် ပေါ်လာခဲ့သည်။ ဂျူလိုင်လ ၁၄ ရက်နေ့တွင် သူ့ထံသို့ ဌာနချုပ်မှ အမိန့်တစ်ခုရောက်လာသည်။ ယင်းအမိန့်မှာ စစ်မြေပြင်သို့ တပ်ကူများပို့ရေး အတွက် နောက်ဆုံးအခြေအနေအရပ်ရပ်ကို နောက်တစ်နေ့ (ဂျူလိုင် ၁၅ ရက်) တွင် ဌာနချုပ်သို့ လာရောက်အစီရင်ခံရန် ဆင့်ခေါ်သည့် အမိန့်ပင်ဖြစ်သည်။ ထိုအချိန်တွင် အရှေ့ဖက်စစ်မျက်နှာ၌ ဆိုဗီယက်တပ်နီတော်၏ ထိုးနှက်ချက် ကြောင့် ဂျာမန်တပ်များမှာ အကြီးအကျယ် ပြိုကွဲပျက်စီးနေသည့် အချိန်ဖြစ်သည်။ အရှေ့ဖက်စစ်မျက်နှာ၊ အလယ်ပိုင်း စစ်မြေပြင်တစ်ခုတည်းတွင် ဂျာမန်တပ်မ ကြီးပေါင်း ၂၇ ခုမှာ တပ်လုံးပြုတ်သွားခဲ့ရာ ထိုနေရာတွင် တပ်ကူများ အမြန်ဆုံး စေလွှတ်ပေးပို့ရန် အရေးကြီးနေသည်။

ဟစ်တလာသည် အခြေအနေမလှဖြစ်နေသော ဆိုဗီယက်စစ်မျက်နှာကို ကိုယ်တိုင်လေ့လာကွပ်ကဲရန်အတွက် ဂျာမနီတောင်ပိုင်း အိုဘာဆဲလ်ဘတ်ဌာနချုပ် မှ အရှေ့ပိုင်းပရပ်ရှားပြည်နယ် ရက်စတင်းဘတ်ဌာနချုပ်ဖြစ်သော 'ဝံပုလွေဂူ'သို့ ဂျူလိုင် ၁၄ ရက်နေ့ကပင် ထွက်ခွာသွားခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ ယခုတစ် ကြိမ်တွင် ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် အဆိုပါ 'ဝံပုလွေဂူ'ဌာနချုပ်သို့ သွားရောက်၍ စစ်ကွန်ဖရင့် အစည်းအဝေးကို တက်ရောက်ရမည်ဖြစ်သည်။

နောက်တစ်နေ့ ဂျူလိုင် ၁၅ ရက်နေ့နံနက်တွင် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ် သည် ဟစ်တလာရှိရာ စစ်ဦးစီးဌာနချုပ်သို့ လေယာဉ်ဖြင့် ထွက်ခွာလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ်တွင်လည်း သူ၏လက်ဆွဲသားရေအိတ်ထဲတွင် စာရွက်စာတမ်း နှင့်အတူ ချိန်ကိုက်ဗုံးတစ်လုံး အဆင်သင့်ထည့်လာခဲ့သည်။

ဗိုလ်ချုပ်ဘက်ခ်နှင့် ဗိုလ်ချုပ်အောလ်ဘရစ်တို့သည် ဗိုလ်မှူးကြီးစတပ် ဘတ်နှင့် နောက်ဆုံးသဘောတူထားကြသည့်အတိုင်း ယခုတစ်ကြိမ် စစ်ကွန်ဖ အစည်းအဝေးတွင် လုပ်ကြံမှုအစီအစဉ် မှချအကောင်အထည်ပေါ်လိမ့်မည် တထစ်ချယုံကြည်ထားသည်။ သို့ဖြစ်ရာ ဗိုလ်ချုပ်အောလ်ဘရစ်သည် ဗိုလ် ကြီးစတပ်ဖင်ဘတ် ထွက်ခွာသွားသည်နှင့်တစ်ပြိုင်နက် ဗိုလ်ချုပ်ဘက်ခ်နှင့် တို ပင်၍ ဘာလင်တွင် အာဏာသိမ်းရေးအစီအစဉ်ဖြစ်သော 'ဗာလ်ကီရီ' စစ်ဆင် အမိန့်ကို အကောင်အထည်ဖော်ရန် ပြင်ဆင်စိုင်းပြင်းခဲ့ကြသည်။

ထိုနေ့အဖို့ရာ၌ ဌာနချုပ် စစ်ကွန်ဖရင့်မှာ နေ့တစ်နာရီတိတိတွင် စတင် ဖြစ်ရာ ဘာလင်မြို့တော်တစ်ဝိုက်ရှိ ခြေလျင်တပ်များနှင့် တင့်ကားတပ်များ ဘာလင်မြို့တွင်းရှိ စစ်ဌာနချုပ်နှင့် အရေးကြီးသော အဆောက်အဦးများရှိရာ ချီတက်လာကြရန် အချိန် ၂ နာရီခန့်စော၍ ကြိုတင်အမိန့်ထုတ်ထားရမည်ဖြ သည်။ သို့မှသာ 'ဝံပုလွေဂူ' ဌာနချုပ်စခန်းတွင် ဟစ်တလာအား ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်က ချိန်ကိုက်ဗုံးဖြင့် လုပ်ကြံမည့် နေ့ ၁ နာရီခန့်တွင် ဘာလင် တွင်း သတ်မှတ်ထားသည့်နေရာများသို့ ဂျာမန်တပ်များ 'ချိန်ကိုက်'ရောက်ရှိ ပြီး၊ တစ်ပြိုင်တည်း တစ်ချိန်တည်း အာဏာသိမ်းနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ဂျူလိုင် ၁၅ ရက်၊ စနေနေ့၊ နံနက် ၁၁ နာရီ ထိုးသည် **တစ်ပြိုင်နက်** 'ပြည်မတပ်မတော်' စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်အောလ်ဘ **သည် 'ဗာလ်ကီရီ' စစ်ဆင်ရေးအမိန့်** အမှတ် ၁ ကို ထုတ်ပြန်လိုက်သည် **ယင်းအမိန့်အရ** ဘာလင်ဆင်ခြေဖုံးဒေသများတွင် ရှိနေကြသည့် လက်နက်ကို တပ်သားများနှင့် တင့်ကားများသည် ဘာလင်မြို့တွင်း စစ်ဌာနချုပ်ရုံးရှိရာ ဝိ လမ်းမကြီးဆီသို့ ရှေ့ရှုချီတက်လာခဲ့ကြသည်။

အာဏာသိမ်းပွဲကြီးကား စလေပြီ...။

ထိုအချိန်တွင် 'ဝံပုလွေဂူ' ဌာနချုပ်စခန်း၌ ဗိုလ်မှူးကြီး စတပ်ဖင်ဘ သည် နေ့တစ်နာရီထိုးသည်နှင့်တစ်ပြိုင်နက် စစ်ကွန်ဖရင့်ကျင်းပရာ **စည်း** ခန်းမဆောင်တွင်းသို့ ဝင်လာခဲ့သည်။ ခန်းမဆောင်တွင်း၌ ဟစ်တလာနှင့်တ စစ်ဦးစီးအဖွဲ့ဝင်များအားလုံး စုံစုံညီညီ ရောက်နေကြသည်ကို တွေ့ရသည်။

ခဏအကြာတွင် အစည်းအဝေးစတော့သည်။ စလျှင်စချင်းပင် ဗိုလ် ကြီး စတပ်ဖင်ဘတ်သည် စစ်မြေပြင်သို့ စစ်ကူများ ပို့ဆောင်ရေးနှင့်ပတ်သက်သ နောက်ဆုံးအခြေအနေ အရပ်ရပ်ကို တင်ပြအစီရင်ခံလိုက်သည်။ သူ၏အစီရင်



ခံစာ သိပ်မကြာဘဲ မိနစ်အနည်းငယ်တွင်းမှာပင် ပြီးသွားခဲ့သည်။ **ထို့နောက်** ဆင်ရေးနှင့်ပတ်သက်၍ ဟစ်တလာနှင့် စစ်ဦးစီးအဖွဲ့ဝင်များ **အပြန်အလှန်** ဆွေးနွေးကြသည်။

ထိုအခိုက်မှာပင် စတပ်ဖင်ဘတ်သည် အစည်းအဝေးခန်း**မဆောင်ထဲမှ** တိတ်တမ်ဲ အပြင်သို့ထွက်လာခဲ့ပြီး တယ်လီဖုန်းရုံရှိရာသို့ လာခဲ့သည်။ **သူသည်** ပြင်ဆင်ပြီးဖြစ်နေ၍ ဟစ်တလာအား ဗုံးဖောက်ခွဲလုပ်ကြံရန် စိတ်ပိုင်းဖြတ် ပြီဖြစ်သည်။ သို့ဖြင့် ဘာလင်မြို့ရှိ ဗိုလ်ချုပ်အောဘရစ်ထံ အခြေအနေ အားလုံးအဆင်သင့်ဖြစ်နေကြောင်းနှင့် လုပ်ငန်းစတော့မည်ဖြစ်ကြောင်း' တယ်လီ ဖုန်းဖြင့် လှမ်း၍သတင်းပို့လိုက်သည်။ ဗိုလ်ချုပ်အောလ်ဘရစ်ကလည်း မိမိတို့ ဘာလင်တွင် 'ဗာလ်ကီရီ' စစ်ဆင်ရေး အမိန့်ထုတ်ခဲ့ပြီးဖြစ်၍ ယခုပင် ခြေလျင် တပ်များနှင့် တင့်ကားများ မြို့တွင်းသို့ ချီတက်ဝင်ရောက်စပြုလာကြပြီ ဖြစ် ကြောင်း သတင်းပြန်ပို့လိုက်သည်။ စီစဉ်ထားသည့်အတိုင်း အားလုံး အဖက်ဖက် မှ အသင့်ဖြစ်နေကြပေပြီ။

သို့သော် တယ်လီဖုန်းမှ ခပ်သုတ်သုတ်ပြန်လာ၍ အစည်းအဝေးခန်းမဆောင် တွင်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်မှာ မျက်လုံး ပြူးကာ ပါးစပ်မှ 'ဟိုက်' ခနဲ အသံထွက်မသွားအောင်ပင် **မနည်းပင်** ထိန်းထားလိုက်ရသည်။ အဘယ့်ကြောင့်ဆိုသော် စောစောက **အစည်းအဝေး** ခန်းမဆောင်ထဲတွင် ဗံခါးဝကို ကျောပေး၍ စားပွဲရှည်ကြီး၏ဘေးဘက် အလည် လောက်တည့်တည့် ကုလားထိုင်တွင် ထိုင်နေသော ဟစ်တလာသည် ယခုမရှိတော့ဘဲ အစည်းအဝေးမှ ပြန်ထွက်သွားပြီဖြစ်သောကြောင့်တည်း။

သို့ဖြစ်ရာ စတပ်ဖင်ဘတ်မှာ အစည်းအဝေးခန်းထဲမှ ချက်ချင်းပင် ပြန်ထွက် လာခဲ့ရပြီး တယ်လီဖုန်းရုံသို့ အပြေးအလွှားသွားကာ ဘာလင်သို့ ဖုန်းကောက်ဆက် ပြန်တော့သည်။ ဘာလင်မြို့တော်မှ ဗိုလ်ချုပ်အောလ်ဘရစ်မှာလည်း **ဘာလင်မြို့** တွင်းသို့ပင် ဝင်ရောက်စပြုနေပြီဖြစ်သော တပ်များအား **အာဏာသိမ်းအမိန့်ဖြစ်** သော 'ဗာလ်ကီရီ' **စစ်ဆင်ရေးအမိန့်အမှတ်** ၂ ကို ထုတ်ပြန်တော့မည့်ဆဲဆဲ စတပ်ဖင်ဘတ်ထံမှ နောက်ထပ်ရောက်လာသောသတင်းကြောင့် ခေါင်းနားပန်းများ ကြီးကာ တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။ ချက်ချင်းပင် ဗိုလ်ချုပ်အောလ်ဘရစ် သည် စစ်ဆင်ရေးအမိန့်အမှတ် ၁ ကို ပြန်လည်ရုတ်သိမ်းလိုက်ပြီး ဘာလင်မြို့တွင်း သို့ ဝင်ရောက်စပြုလာနေပြီဖြစ်သော တပ်များအားလုံး မူလတပ်စခန်းများ စခန်း များနှင့် စစ်ကျောင်းများသို့ ပြန်သွားကြရန် အမိန့်ထုတ်ပြန်လိုက်ရတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ် အစီအစဉ်ပျက်သွားသည့်အတွက် ဟစ်တလာဆန့်ကျင်ရေး ဂိုဏ်းသားများမှာ အကြီးအကျယ် စိတ်ဓာတ်ကျသွားမိကြသည်။ သို့ဖြစ် 'ဝုပုလွေဂု' ဌာနချုပ်မှ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ် ပြန်ရောက်လာပြီးနော ဗိုလ်ချုပ် ဘက်ခ်၊ ဗိုလ်ချုပ်အောလ်ဘရစ်နှင့် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်အ အဝင် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် အရေးပေါ်အစည်းအဝေး ရပ်ကို လျှို့ဝှက်စွာ ခေါ်ယူကျင်းပ၍ ရှေ့ဆက်ပြီး မည်သို့မည်ပုံ စခန်းသွားရမ ကို တိုင်ပင်ဆွေးနွေးကြပြန်သည်။ အထူးသဖြင့် ဗိုလ်ချုပ်အောလ်ဘရစ်မှာ မိမိ အစီအစဉ် မအောင်မြင်၍ စိတ်ပျက်မိသည်ထက် ထိုနေ့ကအကြောင်းထူးမ 'ပြည်မတပ်မတော်' လက်အောက်ရှိ တပ်များအား၊ ဘာလင်မြို့တွင်းသို့ ချီတ လာကြရန် အမိန့်ပေးခဲ့သည်ဟုဆိုကာ ဗိုလ်ချုပ်ကြီး ကိုက်တဲလ်နှင့် ဗိုလ် ဖရွမ်းတို့က ထုချေလွှာတောင်းသဖြင့် အကြီးအကျယ် ချောက်ကျခဲ့ရသည် နောက်မှ တပ်များကို အရေးတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အဆင်သင့်ဖြစ် ရန်နှင့် အလေ့အကျင့်ရစေရန် ယခုကဲ့သို့ တပ်လှန့်ကာ အစမ်းချီတက်သည့်အ ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်ဟု ဖြေရှင်းမှ သက်သာသွားခဲ့သည်။

သို့ဖြစ်ရာ ယခုကဲ့သို့ အလွန်အန္တရာယ်များလှသည့် စွန့်စားမှုမျိုးကို မ ချာမရေရာဘဲ လုပ်၍မဖြစ်တော့ကြောင်းနှင့် နောက်တစ်ကြိမ်ဆိုလျှင် လုပ် မှုထပ်မြောက်အောင်မြင်ပြီးနောက် ဟစ်တလာ-တကယ်သေဆုံးပြီဖြစ်ကြော အခိုင်အမာသိရမှသာလျှင် ခြေလျင်တပ်များနှင့် တင့်ကားများ ချီတက်ရေ အမိန့်ပေးနိုင်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောလ်ဘရစ်က တင်ပြဆွေးနွေးခဲ့သ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်ကလည်း ဂျူလိုင် ၁၅ ရက်နေ့က အစီအစဉ်ပျက် သွားခဲ့ရခြင်းမှာ သူ၏အပြစ်မဟုတ်ဘဲ ဟစ်တလာအတွက် ကံကောင်းထော သဖြင့် တွေ့လွဲ လွဲသွားခဲ့ရခြင်းသာဖြစ်ကြောင်းနှင့် နောက်တစ်ကြိမ်တွင် အောင်မြင်အောင် ကြိုးစားမည်ဖြစ်ကြောင်း အလေးအနက် ကတိပေးခဲ့သ ဤသို့ဖြင့် သူတို့အားလုံးသည် ဂျူလိုင် ၁၅ ရက်နေ့က အကြံအစည် ပျက် သွားသဖြင့် စိတ်ဓာတ်ကျမိကြသော်လည်း နောက်တစ်ကြိမ် ဆက်လက်ကြိုး ကြရန် ပြင်ဆင်စိုင်းပြင်းခဲ့ကြပြန်သည်။

ဤအတောအတွင်း ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများအတွက် ကြံမှုကြီးကို အမြန်ဆုံးဖြစ်သည့်နည်းဖြင့် ဆောင်ရွက်ရန် စေ့ဆော်လိုက်သ ဖြစ်ရပ်နှစ်ခု ပေါ်ပေါက်လာခဲ့သည်။

ပထမဖြစ်ရပ်မှာ ဂျူလိုင် ၁၇ ရက်နေ့တွင် မမျှော်လင့်ဘဲ ဗိုလ်ချုပ် ရွမ်းမဲလ်တစ်ယောက် ရန်သူတိုက်လေယာဉ်များလက်ချက်ကြောင့် ဒဏ်ရာအ

ဆန် ရရှိသွားခဲ့ခြင်းပင်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်မှာ ဂျာမန်တပ်မတော် တိုင်းနှင့်တကွ ဂျာမန်တစ်မျိုးသားလုံး၏ ချစ်ခင်လေးစားမှုကို ခံယူရရှိခဲ့သူ ၍ ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှုကြီးတွင် အထူးပင် အရေးပါသည့် ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ယခုကဲ့သို့ ဗိုလ်ချုပ်ကြီးရွမ်းမဲလ် ဒဏ်ရာပြင်းထန် ၍ ဆေးရုံသို့ ရောက်သွားသည့်အတွက် ဟစ်တလာဆန့်ကျင်ရေး လှုပ်ရှားမှု တအားလျော့သွားသည့်ပြင် နောက်ထပ် မိမိတို့အထဲမှ အခြားခေါင်းဆောင် ယခုကဲ့သို့ မမျှော်လင့်သည့်အဖြစ်မျိုး ထပ်မံဖြစ်ပွားလာမည်ဆိုပါက လုပ် အစီအစဉ်တစ်ခုလုံး ပျက်စီးသွားနိုင်သဖြင့် အချိန်မနှောင်းမီ အမြန်ဆုံး ကောင်အထည်ဖော်ကြမှဖြစ်မည်ဟု သဘောပေါက်လာမိကြသည်။

ဒုတိယဖြစ်ရပ်မှာ ဂက်စတာပို ဗိုလ်ချုပ်ဟင်းမလားက ဟစ်တလာဆန့်ကျင် လှုပ်ရှားမှု၏ အဓိကခေါင်းဆောင်ကြီးတစ်ဦးဖြစ်သော ဂိုးအာဒဲလားအား ဖမ်းဆီးရန် ဂျူလိုင် ၁၈ ရက်နေ့က အမိန့်ထုတ်လိုက်ခြင်းပင်ဖြစ်သည်။ ဂိုးအာဒဲ မှာ မိတ်ဆွေတစ်ဦး၏ ကြိုတင်သတင်းပေးချက်အရ အဖမ်းမခံရဘဲ မြေ အောက်သို့ တိမ်းရှောင်သွားနိုင်သော်လည်း ဤအမိန့်ထွက်ပေါ်လာခြင်းကို ထောက် ၍ မိမိတို့၏လုပ်ကြံမှုအစီအစဉ်မှာ တစ်စွန်းတစ်စ ပေါက်ကြားစပြုလာပြီဖြစ် ကြောင်း ထင်ရှားနေသည်။ သို့ဖြစ်ရာ တစ်ဖက်က လက်ဦးမှုရမသွားမီ မိမိတို့၏ အစီအစဉ်ကို အမြန်ဆုံး တက်သုတ်ရိုက်၍ အကောင်အထည်ဖော်မှဖြစ်မည်ကို အားလုံးနားလည်သဘောပေါက်မိကြသည်။

ယင်းသို့ တစ်ရက်နှစ်ရက်အတွင်း ဖြစ်ပေါ်လာသော အခြေအနေ အဖြစ် အပျက်များကြောင့် လုပ်ကြံမှုအစီအစဉ်ကို အမြန်ဆုံး ဆောင်ရွက်ကြရန် ပြင်ဆင် စိုင်းပြင်းနေဆဲမှာပင် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်ထံ ဌာနချုပ်မှ ဆင့်ခေါ်သည့် အမိန့်စာ ရောက်လာပြန်ခဲ့သည်။

ဂျူလိုင် ၁၉ ရက်နေ့နံနက်က ဟစ်တလာ၏ စစ်ဌာနချုပ်သို့ ယူကရိန်း စစ်မြေပြင်မှ ဂျာမန်တပ်များ အလူးအလဲခံနေရသဖြင့် နောက်ထပ် တပ်အသစ်များ ထပ်မံပေးပို့ရန် အကြောင်းကြားစာ ရောက်လာသည်။ ဌာနချုပ်မှ စစ်ဆင်ရေး တာဝန်ခံဖြစ်သူ ဗိုလ်ချုပ်ဟူဆင်ဂါးသည် ပိုလန်နိုင်ငံအတွင်း ဖြည့်တင်းရေး တပ်မတော်မှ လောလောဆယ်သင်တန်းပေးနေသည့် တပ်အသစ်များကို ယူကရိန်း စစ်မြေပြင်သို့ပို့ရန် မဖြစ်နိုင်၊ ဗိုလ်ချုပ်ကိုက်ဘဲလ်အား စုံစမ်းခဲ့သည်။ ဗိုလ်ချုပ် ကိုက်တဲလ်ကလည်း ဤကိစ္စတွင် မိမိအသေအချာ မပြောနိုင်ကြောင်း ဗိုလ်မှူး ကြီး စတပ်ဖင်ဘတ်နှင့် တွေ့ဆုံမေးမြန်းပြီးမှသာ အသေအချာ ပြောနိုင်မည်ဖြစ် ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ သို့ဖြစ်ရာ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်အား

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ဂျူလိုင် ၂၀ ရက်နေ့ စစ်ကွန်ဖရင့်အစည်းအဝေးသို့ ဆက်ဆ တက်ရောက်ရန် ဗိုလ်ချုပ်ကိုက်တဲလ်က ဆင့်ခေါ်လိုက်သည်။ သို့ဖြင့် အဆိုပါ ခေါ်သည့် အမိန့်စာကို ဘာလင်မြို့ရှိ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်ထံသို့ ဂျူ ၁၉ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိလာခဲ့သည်။

ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် ဌာနချုပ်မှဆင့်ခေါ်သည့် အမိန့်စာရ ရချင်း ထိုအကြောင်းကို သက်ဆိုင်ရာ ဗိုလ်ချုပ်များထံ အမြန်ဆုံးသတင်းပို့ သည်။ သည်တစ်ကြိမ်တွင် လုပ်ကြံမှုအစီအစဉ်ကို မုချအကောင်အထည်ဖော် မည်ဖြစ်ရာ ဗိုလ်ချုပ်ဘက်ခ်သည် ဘာလင်မြို့တွင် မနက်ဖြန် အာဏာသိမ်း ပတ်သက်၍ နောက်ဆုံးပြင်ဆင်မှုများကို အသေးစိတ် စီစဉ်ပြင်ဆင်ခဲ့သ ဘာလင်မြို့နှင့် မလှမ်းမကမ်းတွင်ရှိနေကြသည့် ဗိုလ်ချုပ်ကြီး ဝစ်ဖဲလ်ဘင် ဗိုလ်ချုပ်ဟို့ပ်နားတို့မှာလည်း နောက်နစ်နေ့တွင် မိမိတို့တပ်များကို ဘာလင် တွင်းသို့ ခေါင်းဆောင်ချီတက်ကြရန်အတွက် လိုအပ်သောအမိန့်များကို အသင့် လျက်ရှိနေကြသည်။

ထိုနေ့ထိုရက်ဖြစ်သော ဂျူလိုင် ၁၉ ရက်နေ့ညက ဘာလင်မြို့ ဘင် လမ်းရှိ 'ပြည်မတပ်မတော်' စစ်ဌာနချုပ်ရုံးခန်းတွင် ဂျာမန်တပ်မတော် အ တစ်ယောက်သည် မီးရောင်အောက်၌ စားပွဲတစ်လုံးတွင် တကုန်းကုန်းဖြင့် အ ရှုပ်လျက်ရှိနေသည်ကို တွေ့မြင်ကြရသည်။ ထိုအရာရှိကား အခြားသူမဟု နက်ဖြန် ဂျူလိုင်လ ၂၀ ရက်နေ့တွင် 'ဝပုလွေဂူ' ဌာနချုပ်စခန်းသို့ လု ရန် အခိုင်အမာ သံဓိဋ္ဌာန်ချပြီးဖြစ်နေသည့် လက်တစ်ဖက်ပြတ်ကာ မျက်စိ ဖတ်လပ်နေသော ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်ပင်ဖြစ်သည်။

## အစည်းအဝေးခန်းထဲမှ ဗုံးပေါက်ကွဲသံ

တော် ၆ နာရီသာသာခန့်ပင်ရှိသေးသော်လည်း အရှေ့လောကဓာတ်မှ ရောင်ခြည်၏အနွေးဓာတ်နှင့် အလင်းရောင်တို့သည် ဘာလင်မြို့ကြီးအား ခြုံစသိုင်းလျက်ရှိနေသည်။ တစ်ညလုံး အိပ်မောကျနေရာမှ နိုးစပြုလာပြီ သော ဘာလင်မြို့ကြီးသည် လူသံသူသံ ကားသံစက်သံများဖြင့် တစ်စတစ်စ ညကာ သက်ဝင်လှုပ်ရှားလာနေပြီဖြစ်သည်။

ထိုအခိုက် အစိမ်းပုပ်ရောင်များဖြင့် ကွက်တိကွက်ကြား ရုပ်ဖျက်ဆေးခြယ် ထားသည့် စစ်ကားကလေးတစ်စီးသည် ဖုံကြီးခံထားရသဖြင့် ပြိုကျပျက်စီးနေသော ဘာလင်မြို့တွင်းရှိ တိုက်တာအဆောက်အဦးများအကြားမှ ခပ်သွက်သွက်ကလေး မောင်းကာ မြို့အပြင်ဘက်သို့ ဦးတည်လာနေသည်ကို တွေ့မြင်ရသည်။

ခဏအကြာတွင် ထိုစစ်ကားကလေးသည် ဘာလင်မြို့အပြင်ဘက်မှ မလှမ်း ကမ်းတွင်ရှိနေသည့် လေဆိပ်အဆောက်အဦးတစ်ခုရှေ့သို့ ရောက်ရှိလာပြီး ရပ်လိုက်ရာ ကားပေါ်မှ စစ်ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်ထားသည့် လူနှစ် ယောက် ရှေ့ဆင့်နောက်ဆင့် ဆင်းလာကြသည်ကို မြင်ရသည်။ အဆိုပါ စစ်ယူနီ ဖောင်းဝတ် စစ်ဗိုလ်နှစ်ယောက်အနက် တစ်ယောက်မှာ လက်ယာဘက် လက်တစ် ပြတ်နေပြီး သူ၏လက်ဝဲဘက်မျက်စိမှာလည်း ရေးပင်လယ်ဓားပြဗိုလ်များကဲ့ သို့ သားရေပြား အဝိုင်းကလေးကို ကြိုးဖြင့်သိုင်းကာ ဖုံးအုပ်ထားသည်ကို တွေ့ရခြင်းအားဖြင့် ဤစစ်ဗိုလ်သည် အခြားသူမဟုတ်၊ ဗိုလ်မှူးကြီး စတပ်ဖင် ဘတ်ပင်ဖြစ်ကြောင်း အဝေးကပင် သိရသည်။ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်နှင့် အတူပါလာသူမှာ သူ့လက်အောက်မှ လက်ဖ်တင်နင်ဟေ့ဖ်တင် အမည်ရှိ ဗိုလ် ကလေးတစ်ဦးပင်ဖြစ်သည်။

ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် ကားပေါ်မှဆင်းပြီးနောက် ဗိုလ်ကလေး ဟေ့ဖ်တင်နှင့်အတူ လေယာဉ်ကွင်းဆီသို့ လျှောက်လာခဲ့သည်။ သူ၏တစ်ဖက် သည်းရှိနေသည့် လက်ဝဲဘက်လက်တွင် သူသွားလေရာရာ ပါနေကျဖြစ်သော စာလက်ဆွဲအိတ်ကိုင်ထားသည်ကို အထင်းသားတွေ့မြင်နေရသည်။ အဆိုပါ လက်ဆွဲအိတ်အတွင်း၌ကား ယနေ့နေ့လယ် ၁ နာရီအချိန်တွင် ခေါင်းဆောင် ကြီးဟစ်တလာ၏ရှေ့မှောက်တွင် ဖတ်ကြားတင်ပြ အစီရင်ခံရမည့် စာရွက်စာတမ်း များနှင့်အတူ ယနေ့နေ့လယ် ၁ နာရီနှင့် ၂ နာရီကြားတွင် ဤခေါင်းဆောင်

www.burmeseclassic.com



ကြီး ဟစ်တလာအား လုပ်ကြံသတ်ဖြတ်ရန်အတွက် ရုပ်အင်္ကျီတစ်ထည်ဖြင့်...၍ ယူလာသော ချိန်ကိုက်ဗုံးတစ်လုံးပါလာခဲ့သည်။

ဤချိန်ကိုက်ဗုံးမှာ လွန်ခဲ့သည့်တစ်နှစ်ခန့်က ဟစ်တလာအသက်ကို ...ကြံရန်အတွက် ဗိုလ်ချုပ်ထရက်စ်ကောင်းနှင့် ချဲလာဘရင်းဒေါ့ဖ်တို့က ဟစ်တ...လေယာဉ်ပေါ်သို့တင်လွှတ်လိုက်ကြသည့် ချိန်ကိုက်ဗုံးနှင့် တစ်မျိုးတစ်စားတည်း...ဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါချိန်ကိုက်ဗုံးအတွင်း၌ တပ်ဆင်ထားသည့်ပစ္စည်း...မှာ ဓာတုဗေဒဆေးရည်ထည့်ထားသည့် ပုလင်းအသေးစားကလေးတစ်ခု၊ ဝိုင်...ကြိုးမျှင်ကလေးတစ်ချောင်းနှင့် စပရင်ကလေးတစ်ခုတို့ပင်ဖြစ်သည်။ ဝိုင်...ကြိုးမျှင်ကလေး၏အကြီးအသေး အရွယ်အစားကိုလိုက်၍ ပေါက်ကွဲရန် အချိန်...မည်မျှကြာမည်ကို အတိအကျတွက်ချက်နိုင်ကြသည်။ ယခုဗိုလ်မှူးကြီးစတပ်...ဘတ်၏ လက်ဆွဲသားရေအိတ်အတွင်းမှ ချိန်ကိုက်ဗုံးမှာ ဝိုင်ယာကြိုးမျှင်ခပ်သေး...သေးဖြင့်တပ်ဆင်ထားခြင်းဖြစ်၍ ဤဝိုင်ယာကြိုးမျှင်၏အရွယ်အစားအရ ဆယ်...မိနစ်အတွင်း ပေါက်ကွဲမည့်ဗုံးဖြစ်သည်။

ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် လေယာဉ်ကွင်းထဲတွင် ဗိုလ်ချုပ်စတိဖ်...တွေ့ရသည်။ ဗိုလ်ချုပ်စတိဖ်မှာ ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားတစ်ယော...ဖြစ်ရုံမျှမက ယနေ့ ဟစ်တလာအား လုပ်ကြံရန်အတွက် ဗိုလ်မှူးကြီးစတပ်...ဘတ် ယူလာသော ချိန်ကိုက်ဗုံးကို ယမန်နေ့ညက ကိုယ်တိုင်လာပေးခဲ့သူဖြ...သည်။

လေယာဉ်ကွင်းထဲတွင် လေယာဉ်တစ်စီး အသင့်စောင့်နေသည်ကို တွေ့...သည်။ ဤလေယာဉ်မှာ ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသားတစ်ဦးဖြစ်သော...ဗိုလ်ချုပ်ဝဂ္ဂနာ၏ လေယာဉ်ဖြစ်၍ ဤလုပ်ကြံမှုတွင် အသုံးပြုရန် သီးသန့်စီစ...ပေးလိုက်သည့် လေယာဉ်ဖြစ်သည်။

ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် ဗိုလ်ကလေးဟေ့ဖ်တင်နှင့်အတူ ဘာလ...မြို့ ရန်းဒေါ့ဖ်လေဆိပ်မှ နံနက် ၇ နာရီသာသာခန့်တွင် ထွက်ခွာလာခဲ့ကြ...၁၀ နာရီလောက်တွင် ဟစ်တလာ၏ဌာနချုပ်ရှိရာ ရက်စတင်းဘတ်သို့ ရောက်ရှ...ခဲ့ကြသည်။ ဗိုလ်ကလေးဟေ့ဖ်တင်သည် ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်၏ ညွှ...ကြားချက်အရ လေယာဉ်မောင်းသမားအား နေ့ ၁၂ နာရီနောက်ပိုင်းတွင် အဆ...မရွေးပြန်မည်ဖြစ်သဖြင့် အဆင်သင့်ရှိနေစေရန် မှာကြားထားခဲ့သည်။

ထို့နောက် ရက်စ်တင်းဘတ်လေဆိပ်မှ ဟစ်တလာ ခိုအောင်းရာ 'ဝံပုလွေ...ခေန်းသို့ ကားဖြင့်အတော်ကလေးကြာအောင် မောင်းခဲ့ကြရသည်။ စွတ်စိုထိုင်းမှိုင်း...



...ခဲ့ မြည်းမှောင်ထူထပ်လှသည့် တောအုပ်များကို ဖြတ်ကျော်လာခဲ့ကြပြီး နောက်ဆုံး...၌ 'ဝံပုလွေဂူ'သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့သည်။

ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် ဤခရီးစဉ်အတိုင်း ဤလမ်း ဤစခန်းသို့ ...အခင်က မကြာခဏရောက်ဖူးခဲ့သည်မှန်သော်လည်း ယခုတစ်ကြိမ်လာရသည်မှာ ...သူ့အဖို့ လမ်းသစ်စခန်းသစ်သို့လာရသလို စိတ်ထဲတွင် တစ်မျိုးတစ်ဖုံ ခံစား...ရမိသည်။ အမှန်စင်စစ်အားဖြင့်လည်း ဤလမ်း ဤစခန်းသို့ လာရသည်မှာ ...သတ်ရုံတန်ရုံလူတစ်ယောက်အဖို့ မလွယ်ကူလှသော ကိစ္စဖြစ်သည်။ ပတ်ပတ်...လည်တွင် ခြေမချရဲလောက်အောင် မြေမြှုပ်ဗုံးများ မြှုပ်ထားသည့်ပြင် သံဆူးကြိုးအတန်တန် ကာရံ၍ အစောင့်အကြပ်အထပ်ထပ်တို့ဖြင့် နေ့ရောညပါ စောင့်ကြပ်နေသည့် ဤ 'ဝံပုလွေဂူ'သို့ အဝင်ခက်သလောက် အထွက်တွင်လည်း မလွယ်လှ။ ဂျာမန်တပ်မတော်မှ အကြီးဆုံးဖြစ်သော ဗိုလ်ချုပ်ကြီးများပင်လျှင် ဘဲခါးမရှိ စားမရှိ ဝင်ခွင့်ထွက်ခွင့်မရဘဲ အဝင်ရော အထွက်ပါ အထူးခွင့်ပြုချက်လက်မှတ်များကို ပြသကြရသည်။ သို့ဝင်ခွင့်ထွက်ခွင့်လက်မှတ်များ ပါသည့်တိုင်အောင် ဟစ်တလာ၏ ခါးပိုက်ဆောင် လက်နက်ကိုင်တပ်ဖွဲ့မှ ဗိုလ်ချုပ်ဟင်းမလား၏ လူယုံတော် ကင်းစောင့်တပ်မှူး ရက်တင်ဟူးဘားကိုယ်တိုင် အကျအနစစ်ဆေးပြီးမှသာ ဝင်နိုင်ထွက်နိုင်သည့် တကယ့်နေရာ တကယ့်စခန်းဖြစ်သည်။

သို့ဖြစ်ရာ ယနေ့အဖို့ရာ၌လည်း ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်နှင့် ဗိုလ်ကလေးဟေ့ဖ်တင်တို့သည် လမ်းခရီးတစ်လျှောက်တွင် အကြိမ်ကြိမ်တားဆီး စစ်ဆေးခြင်းခံကြရသည်။ သို့သော် စတပ်ဖင်ဘတ်မှာ ဟစ်တလာ၏အမိန့်အရ တစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ်သုံးကြိမ်မျှ ဤဌာနချုပ်စခန်းသို့ ဝင်ထွက်သွားလာနေသူတစ်ယောက်ဖြစ်သည့်ပြင် လက်တစ်ဖက်ပြတ်၍ မျက်လုံးတစ်ဖက်လပ်နေသော သူ၏ထူးခြားသောရုပ်လက္ခဏာကြောင့် အစောင့်တပ်မှူးတပ်သားအားလုံးကပင် ကောင်းကောင်းကြီးမှတ်မိနေကြပြီဖြစ်သည်။ ဤသို့ဖြင့် စတပ်ဖင်ဘတ်တို့ ဆရာတပည့်နှစ်ယောက်သည် 'ဝံပုလွေဂူ'သို့ အခက်အခဲမတွေ့ရဘဲ ချောချောမောမော ရောက်လာခဲ့ကြသည်။

ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် ရောက်လျှင်ရောက်ချင်း စခန်းလုံခြုံရေးတပ်မှ လက်ထောက်တပ်မှူး ဗိုလ်ကြီးမိုလင်ဒေါ့ဖ်နှင့်အတူ နံနက်စာ ကတိုက်ကရိုက်စားပြီးနောက် ဗိုလ်ချုပ်ဖဲလ်ဂျီဘဲလ်နှင့်တွေ့ရန် ထွက်လာခဲ့သည်။

ဗိုလ်ချုပ်ဖဲလ်ဂျီဘဲလ်မှာ ဤဖျူဟိုစစ်ဦးစီးဌာနချုပ်တွင် အချက်ပြဆက်သွယ်ရေးဌာန တာဝန်ခံတပ်မှူးကြီးဖြစ်သည့်အလျောက် ယနေ့ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်၏ ဟစ်တလာ လုပ်ကြံမှုကြီးတွင် အလွန်အရေးကြီးသောပုဂ္ဂိုလ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားတစ်ဦးဖြစ်ရာ ဤလုပ်ကြံမှုကြီး အစီအစဉ်များကို ခပ်စောစောကပင် ကြိုတင်၍သိရှိနေသူဖြစ်သည်။

ဗိုလ်မှူးကြီး စတုပ်ဖင်ဘတ်သည် ဗိုလ်ချုပ်ဖဲလ်ဂျီဘဲလ်နှင့် တွေ့လျှင် ချင်း ယနေ့လုပ်ကြံမှုကို မဖြစ်မနေ အကောင်အထည်ဖော်တော့မည်ဖြစ်၍ လို သည့် အစီအစဉ်များကို နှစ်ယောက်သား အသေးစိတ်တိုင်ပင်ခဲ့ကြသည်။ ဗိုလ် ဖဲလ်ဂျီဘဲလ်က ဤစခန်းတွင် ဟစ်တလာအား အောင်မြင်စွာလုပ်ကြံပြီးသည် တစ်ပြိုင်နက် ဤသတင်းကို ဘာလင်ရှိ မိမိတို့လူများထံ အမြန်ဆုံးသတင်းပို့ ရန် စိတ်အားထက်သန်စွာ တာဝန်ယူလိုက်သည်။ ထိုမျှမက ထိုသို့မိမိတို့လူမျ ရာ ဘာလင်သို့ အကြောင်းကြား သတင်းပို့ပြီးလျှင်ပြီးချင်း ဤဌာနချုပ်စခန်း ဆက်သွယ်ထားသည့် တယ်လီဖုန်းကြိုးမဲ့ကြေးနန်းနှင့် ကြေးနန်းစသည့် အဆ အသွယ်လိုင်းအားလုံးတို့ကို ဖျက်ဆီးဖြတ်တောက်ပစ်ရန်လည်း တာဝန်ယူလို သည်။

ဤတာဝန်မှာ အလွန့်အလွန်အရေးကြီးလှသည့် တာဝန်တစ်ရပ်ဖြစ်သည် အဘယ့်ကြောင့်ဆိုသော် ဟစ်တလာ ကျဆုံးပြီးသည့်နောက် ဂိုးအားရင်း၊ ဟင် မလား၊ ဘောမန်းစသည့်ခေါင်းဆောင်များသည် ဤဆက်သွယ်ရေးကိရိယာများ အသုံးပြု၍ တပ်များကို ပြန်လည်ချုပ်ကိုင်ပြီး မိမိတို့ ဟစ်တလာ ဆန့်ကျင် ဂိုဏ်းသားများအား တုံ့ပြန်ချေမှုန်းကြမည်ကို စိုးရိမ်ရသောကြောင့်ဖြစ်သည် သို့ဖြစ်ရာ ဤမျှလောက် အရေးကြီးသည့်တာဝန်ကို စိတ်ပါလက်ပါ ထိထိရော ရောက် ဆောင်ရွက်ပေးနိုင်မည့် အချက်ပြဆက်သွယ်ရေးတာဝန်ခံ ဗိုလ်ချုပ်ဖဲ ဂျီဘဲလ်ကဲ့သို့သော ပုဂ္ဂိုလ်တစ်ယောက်ကို ရရှိထားကြသည်မှာ မိမိတို့အတွ ရေးအခွင့်အရေးကြီးတစ်ရပ်ပင်ဖြစ်သည်ဟု ဗိုလ်မှူးကြီး စတပ်ဖင်ဘတ် တွေးမိသည်။ လုပ်ကြံမှုကြီးနှင့်တစ်ဆက်တည်း ဆောင်ရွက်ကြရမည့် အာဏာသိ ရေး အစီအစဉ်တစ်ခုလုံး၏ အောင်မြင်မှုမှာ ဤဗိုလ်ချုပ်ဖဲလ်ဂျီဘဲလ်အပေါ်တွ လုံးဝတည်နေသည် မဟုတ်ပါလော။

ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ဗိုလ်ချုပ်ဖဲလ်ဂျီဘဲလ်နှင့် တိုင်ပင်ဆွေးနွေ ပြီးနောက် မူလက ကြိုတင်စီစဉ်ထားသည့်အတိုင်း ဗိုလ်ချုပ်ကိုက်တဲလ်နှ ခေတ္တဝင်ရောက်တွေ့ဆုံလိုက်သည်။ ဤသည်မှာ ကံကောင်းသည်ဟု ဆိုရမည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့မွန်းလွဲ ၂ နာရီ ၃၀ မိနစ်အချိန်တွ မှဆိုလိုနီသည် ဟစ်တလာနှင့် တွေ့ဆုံဆွေးနွေးရန် ဤဌာနချုပ်သို့ ရောက်ရှိမည် ဖြစ်ရာ စစ်ကွန်ဖရင့်အစည်းအဝေးကို ခါတိုင်းနေ့ ၁ နာရီတိတိတွင် ကျင်းပလေ့ ရာမှ ယနေ့ နာရီဝက်စော၍ ၁၂ နာရီ မိနစ် ၃၀ တိတိတွင် ကျင်းပရန် စီစဉ်



အားကြောင်း ဗိုလ်ချုပ်ကိုက်တဲလ်ထံမှ သိရှိလိုက်ရသောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် အစည်းအဝေးကိုလည်း ယနေ့ ခါတိုင်းထက်စော၍သိမ်းမည်ဖြစ်သဖြင့် အစီရင်ခံစရာရှိသည့် အချက်အလက်များကို တတ်နိုင်သမျှ အတိုချုံး၍ အစီရင်ခံ ရန် ဗိုလ်ချုပ်ကိုက်တဲလ်က ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်အား ကြိုတင်သတိပေးခဲ့ သည်။ ဤတွင် စတပ်ဖင်ဘတ်မှာ မိမိ၏အစီအစဉ်တွင် ရုတ်တရက် စိတ်ထဲတွင် ထင့်သွားမိသည်။

ယခုပင် ၁၂ နာရီထိုးပြီး၍ ငါးမိနစ်ခန့်ရှိနေပေပြီ။ နောက် ၂၅ မိနစ် အကြာတွင် အစည်းအဝေးစပေတော့မည်။ ဗိုလ်ချုပ်ကိုက်တဲလ်၏ပြောပြချက်အရ အစည်းအဝေးမှာ ခပ်စောစောကျင်းပပြီး ခပ်မြန်မြန်သိမ်းမည်ဟုဆိုရာ ဤအချိန် ပိုင်းအတွင်း မိမိလုပ်ကြံမှုအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ပါမည်လော။ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် အစည်းအဝေး မြန်မြန်သိမ်းမည်ဟု သိလိုက်ရ သဖြင့် စိတ်ထဲတွင် စနိုးစနောင့်ဖြစ်သွားမိသလို အစည်းအဝေးကျင်းပမည့်နေရာ အတွက်လည်း စိတ်အနှောင့်အယှက်ဖြစ်မိပြန်သည်။

ယခင်အပတ်များက ဟစ်တလာသည် စစ်ကွန်ဖရင့် အစည်းအဝေးကို သူနေထိုင်ရာ မြေအောက်ပုန်းကျင်းထဲမှာပင် ကျင်းပခဲ့သည်။ သို့သော် ဗိုလ်ချုပ် ကိုက်တဲလ်၏ပြောပြချက်အရ ယနေ့ စစ်ကွန်ဖရင့် အစည်းအဝေးကို မြေပေါ်ရှိ စစ်တန်းလျား အဆောက်အဦးတစ်ခု၏ ခန်းမဆောင်ထဲတွင် ကျင်းပရန် ဟစ် တလာက အမိန့်ပေးထားသည်ဟု သိရသည်။ အကယ်၍သာ မြေအောက်ပုန်းကျင်း ထဲမှာပင် အစည်းအဝေးကျင်းပမည်ဆိုပါက မိမိဖောက်ခွဲမည့် ချိန်ကိုက်ဗုံးသည် လေလုံသည့် မြေအောက်ပုန်းကျင်းထဲတွင် မူလရှိရင်းစွဲ ပေါက်ကွဲမှုယမ်းအားထက် ပို၍ အဆပေါင်းများစွာ ပြင်းထန်မည်ဖြစ်သည်။ ယခုမူ မြေအောက်ပုန်းကျင်းထဲ တွင် အစည်းအဝေးမကျင်းပဘဲ အပြင်ထွက်၍ မြေပေါ်ရှိ ရိုးရိုးသာမန်အဆောက် အဦထဲတွင် ကျင်းပမည်ဖြစ်ရာ ချိန်ကိုက်ဗုံးပေါက်ကွဲမှုယမ်းအားမှာ မြေအောက် အလုံခန်းထဲမှာလောက် ပြင်းထန်ခြင်းမရှိတော့ဘဲ ဖြစ်မည်မှာ သေချာသည်။ ဤအချက်ကို အလေးအနက်စဉ်းစားမိသော ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် စိတ်ထဲတွင် ခိုးလိုးခုလု ဖြစ်သွားမိသည်။

မည်သို့ပင်ဖြစ်စေ ယခုတစ်ကြိမ်တွင်မူ 'ဝံပုလွေ'ကို တစ်နည်းနည်းဖြင့် အသေသတ်မှဖြစ်မည်။ ဝံပုလွေမသေလျှင် မိမိတို့အားလုံး ကြိုးစင်ပေါ်သို့ တက် ကြရမည်မှာ မုချဖြစ်သည်။

ထို့နောက် ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် ဗိုလ်ချုပ်ကိုက်တဲလ်အား ယနေ့အစည်းအဝေးတွင် မိမိအစီရင်ခံမည့် အချက်အလက်များကို အကြမ်းအား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြို့တင်ပြောပြခဲ့သည်။ ဗိုလ်ချုပ်ကိုက်တဲလ်မှာလည်း စတပ်ဖင်ဘတ်ပြောသမျှကို နားထောင်ရင်း လက်မှ လက်ပတ်နာရီကိုကြည့်ကာ ဖင်တကြွကြွဖြစ်နေသည်။ ၁၂ နာရီခွဲလုနီးနေပြီဖြစ်သည်။

နောက်ဆုံး၌ ဗိုလ်ချုပ်ကိုက်တဲလ်သည် မအောင့်နိုင်တော့ဘဲ ၁၂ နာရီခွဲရန် မိနစ်အနည်းငယ်မျှသာ လိုတော့သဖြင့် ကျန်ရှိနေသည့် အချက်အလက်များကို အစည်းအဝေးကျမှ ဆက်လက်တင်ပြရန် စတပ်ဖင်ဘတ်အား ပြောဆိုကာ ထိုင်ရာမှ ထလိုက်သည်။ သို့ဖြင့် စတပ်ဖင်ဘတ်သည်လည်း ထိုင်ရာမှထကာ နှစ်ယောက်သား အခန်းထဲမှထွက်လာခဲ့ကြသည်။

သို့သော် ဗိုလ်ချုပ်ကိုက်တဲလ်၏အခန်းမှ ထွက်လာခဲ့ကြပြီး ခြေလှမ်းဆယ်လှမ်း၊ ဆယ့်ငါးလှမ်းမျှအရောက်တွင် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ဗိုလ်ချုပ်ကိုက်တဲလ်၏အခန်းထဲ၌ မိမိ၏ကက်ဦးထုပ်နှင့် စစ်ခါးပတ်မေ့ကျန်နေရစ်ခဲ့သည်ဟု ဆိုကာ ပြောပြောဆိုဆိုဖြင့် အခန်းဘက်ဆီသို့ ခပ်သုတ်သုတ်ပြန်လာခဲ့သည်။ အစည်းအဝေးနောက်ကျနေမည်စိုးသဖြင့် ရေးကြီးသုတ်ပြာဖြစ်နေသော ဗိုလ်ချုပ်ကိုက်တဲလ်မှာ 'အရင်လိုမှ အနေးဖြစ်'နေသော ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်အား မည်သို့မျှပြောချိန်မရလိုက်ဘဲ မကျေမနပ်ဖြင့် ရပ်စောင့်နေရတော့သည်။

ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ဗိုလ်ချုပ်ကိုက်တဲလ်၏ အခန်းထဲသို့ရောက်သည်နှင့်တစ်ပြိုင်နက် ချက်ချင်းပင် သူ့လက်ထဲတွင်ပါလာသည့် လက်ဆွဲသားရေအိတ်ကိုဖွင့်လိုက်သည်။ ထို့နောက် အထဲမှရုပ်အင်္ကျီဖြင့်ပတ်ထားသော ချိန်ကိုက်ဗုံးကို လက်ဖြင့်စမ်းကာ အပေါ်မှ ခလုတ်ကို တအားနှိပ်ချလိုက်သည်။ ပြီးနောက် သားရေအိတ်ကို ခပ်မြန်မြန်ပိတ်လိုက်သည်။ နောက် ၁၀ မိနစ်ခန့်ကြာလျှင် ဤသားရေအိတ်ထဲမှ ဤချိန်ကိုက်ဗုံးသည် အရှိန်ပြင်းစွာဖြင့် မုချပေါက်ကွဲပေတော့မည်။

ထိုအခိုက် ခပ်လှမ်းလှမ်းမှ ရပ်စောင့်နေသော ဗိုလ်ချုပ်ကိုက်တဲလ်သည် သည်းမခံနိုင်တော့ဘဲ ဒေါပွပွဖြင့် အခန်းဝသို့ပြန်လှည့်လာပြီး ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်အား အစည်းအဝေးနောက်ကျနေပြီဖြစ်သဖြင့် မြန်မြန်လာရန် အပြင်မှ လှမ်းအော်လိုက်သည်။ ထိုအချိန်တွင် စတပ်ဖင်ဘတ်မှာလည်း တိုင်တွင်ချိတ်ထားသော ခါးပတ်နှင့် ကက်ဦးထုပ်ကို လှမ်းယူပြီး ဦးထုပ်ကိုဆောင်းကာ ခါးပတ်ကို အကျအနပတ်ပြီးနေပြီဖြစ်ရာ ဗိုလ်ချုပ်ကိုက်တဲလ်၏ခေါ်သံကြားလျှင်ကြားချင်း အခန်းထဲမှ ခပ်သွက်သွက်ပြန်ထွက်လာခဲ့သည်။

ဗိုလ်ချုပ်ကိုက်တဲလ်သည် အခန်းထဲမှ ပျာယီးပျာယာပြန်ထွက်လာသော စတပ်ဖင်ဘတ်အား ၁၂ နာရီခွဲပြီး[illegible]၍ အစည်းအဝေးနောက်ကျနေပြီဖြစ်



ကြောင်း ပြောဆို ကြိမ်းမောင်းကာ အစည်းအဝေးကျင်းပမည့် စစ်တန်းလျားဆောက်အဦဆီသို့ ခပ်မြန်မြန်လျှောက်လာခဲ့သည်။ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည်လည်း သူ့ကြောင့် ယခုလိုဖြစ်ရသည်ကို တောင်းပန်ကာ နောက်မှထော့နဲ့ထော့နဲ့ဖြင့် ခပ်သုတ်သုတ်ကြိုးစား၍ အမှီလိုက်လာခဲ့သည်။

ဗိုလ်ချုပ်ကိုက်တဲလ် စိုးရိမ်သည့်အတိုင်းပင် သူတို့နှစ်ယောက်မှာ အစည်းအဝေး နောက်ကျနေပြီကို တွေ့ရသည်။ အစည်းအဝေးကျင်းပရာ အဆောက်အဦအဝင်ဝသို့ ရောက်သည်နှင့်တစ်ပြိုင်နက် အထဲတွင် အစည်းအဝေးစနေပြီဖြစ်ကြောင်း သိလိုက်ရသည်။ သူတို့နှစ်ယောက်သည် အစည်းအဝေးခန်းမဆောင်အတွင်းသို့ ရှေ့ဆင့်နောက်ဆင့်ဝင်သွားကြရာမှ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် အဆောင်အဝင်ဝတွင် အစောင့်ကျနေသည့်တပ်ကြပ်ကြီးအား မိမိထံသို့ 'ဘာလင်မြို့မှ အရေးတကြီး တယ်လီဖုန်းဖြင့် သတင်းလာစရာရှိကြောင်း၊ ယင်းတယ်လီဖုန်းသတင်းတွင် ယခုခေါင်းဆောင်ကြီး ဟစ်တလာထံ မိမိအစီရင်ခံရမည့် အချက်အလက်များပါရှိနေကြောင်း သို့ဖြစ်၍ ဘာလင်မှ တယ်လီဖုန်းခေါ်လျှင် ချက်ချင်း မိမိထံ ချက်ချင်းအကြောင်းကြားစေလိုကြောင်း' စသည်ဖြင့် ဗိုလ်ချုပ်ကိုက်တဲလ် မကြားကြားအောင် တမင်လှမ်း၍မှာခဲ့သည်။

ဗိုလ်ချုပ်ကိုက်တဲလ်သည် ခပ်စောစောက မိမိအခန်းထဲ၌ ဦးထုပ်နှင့်ခါးပတ်ကျန်ရစ်ခဲ့စဉ်က ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်အား မည်သို့မျှ သံသယမဖြစ်မိသို့၊ ယခု အစောင့်တပ်ကြပ်ကြီးအား ဘာလင်မှ တယ်လီဖုန်းလာလျှင် မိမိထံ ချက်ချင်းအကြောင်းကြားပါဟု စတပ်ဖင်ဘတ်က မှာကြားနေသည်ကိုလည်း မည်သို့မျှ သင်္ကာမကင်းမဖြစ်မိဘဲ ရှိခဲ့သည်။ အမှန်စင်စစ် ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင် ကြီးမှူးကျင်းပနေသည့် အရေးကြီးလှသော စစ်ကွန်ဖရင့် အစည်းအဝေးမှ ဟစ်တလာ၏ ခွင့်ပြုချက်မရဘဲနှင့်သော်လည်းကောင်း၊ အစည်းအဝေးမပြီးဆုံးသေးဘဲနှင့်သော်လည်းကောင်း သို့မဟုတ် ဟစ်တလာကိုယ်တိုင် ထိုင်ရာဦးစွာ ပြန်မသွားသေးဘဲနှင့်သော်လည်းကောင်း မည်သည့်ဗိုလ်ချုပ်ပင်သော်မျှ အစည်းအဝေးခန်းမဆောင်ထဲမှ ထွက်ခွာမသွားဝံ့ မသွားရဲကြပါဘဲ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်က သူ့ထံ အစည်းအဝေးကျင်းပရာသို့ လာရောက်အကြောင်းကြားရန် အစောင့်တပ်ကြပ်ကြီးအား မှာကြားနေသည်မှာ ထူးခြားလှသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် ဗိုလ်ချုပ်ကိုက်တဲလ်မှာ အစည်းအဝေးနောက်ကျနေသည့်အပေါ်တွင် ဇောကပ်နေသဖြင့် ဤအချက်ကို မည်သို့မျှ သံသယဖြစ်မိဘဲရှိနေခဲ့သည်။

သို့ဖြင့် သူတို့နှစ်ယောက်သည် အစည်းအဝေးခန်းမဆောင်ထဲသို့ ရှေ့ဆင့်

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆင့် ဝင်လာခဲ့ကြသည်။ ဗိုလ်ချုပ်ကိုက်တဲလ်၏အခန်းထဲတွင် ကက်ဦး နှင့် စစ်ခါးပတ် မေ့ကျန်ခဲ့သည်ဟုဆိုကာ အလစ်တွင် ချိန်ကိုက်ဗုံးကို ခလု နှိပ်ခဲ့သည့်အချိန်မှ ယခုစစ်ကွန်ဖရင့် အစည်းအဝေးခန်းမဆောင်ထဲသို့ ရောက် အချိန်အထိ စုစုပေါင်း ၄ မိနစ်မျှသာ ရှိသေးသည်။ ဗုံးပေါက်ကွဲရန် နောက် ခြောက်မိနစ် စောင့်ရဦးမည်ဖြစ်သည်။

အစည်းအဝေးကျင်းပရာ ခန်းမဆောင်မှာ သိပ်မကြီးလှဘဲ ခပ်ငယ်ငယ် ဖြစ်သည်။ အလျားပေ ၃၀၊ အနံ ၁၅ ပေခန့်ရှိ၍ လေးဘက်လေးတန် နံရံများ ပြူတင်းပေါက်များ တပ်ဆင်ထားသည်။ ပြူတင်းပေါက်များမှာ အားလုံး စုစုပေ ဆယ်ခုရှိရာ၊ ပူလောင်အိုက်စပ်လှသည့် နေ့လယ်ခင်းအချိန်ဖြစ်၍ အစည်းအ တက်ရောက်သူများ အပူသက်သာပြီး လေကောင်းလေသန့်ရကြစေရန် ပြူ ပေါက်အားလုံး ဖွင့်ထားသည်ကို တွေ့ရသည်။ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်အ ယခုကဲ့သို့ ပြူတင်းပေါက်များအားလုံး ဖွင့်ထားသည့်အတွက် မိမိ၏ချိန်ကိုက် မှာ ပေါက်ကွဲမှုအရှိန် အားနည်းတော့မည်ဟူ၍ တွေးတောစိုးရိမ်လိုက်မိသေးသ သို့သော် ချိန်ကိုက်ဗုံးပေါက်ကွဲရန်မှာ မိနစ်အနည်းငယ်ခန့်သာ လိုတော့သည် ရာ ယခုအချိန်ကျမှ မိမိအဖို့ ဘာများတတ်နိုင်ပါဦးမည်နည်း။

အစည်းအဝေးတက်ရောက်လာကြသည့် စစ်ဦးစီးအဖွဲ့ဝင်များနှင့် ဌာန တာဝန်ခံဗိုလ်ချုပ်ကြီးများသည် ခန်းမဆောင်၏အလယ်တည့်တည့်မှ စားပွဲ ကြီးတစ်ခုကို လေးဘက်လေးတန် ပတ်ပတ်လည်ဝိုင်း၍ ထိုင်နေကြသည်။ ထို ပွဲရှည်ကြီးမှာ အလျား ၁၈ ပေ၊ အနံ ၅ ပေခန့်ရှိ၍ အလွန်မာကျောလှသ ဝက်သစ်ချသားဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ သို့သော် စားပွဲရှည်ကြီး ထူးခြားသည်မှာ အခြားစားပွဲများကဲ့သို့ အောက်ခြေမှ ခြေလေးချောင်းတပ်ထာ မရှိဘဲ အစွန်းနှစ်ဘက်နားတွင် အလွန်ကြီးမား၍ အလွန်ထုသည့် ဝက်သစ်ချ ပျဉ်ပြားကြီးနှစ်ချပ်ကို တစ်ဖက်တစ်ချက်ထောင်၍ အောက်မှထောက်ခံထားခြင်း ဖြစ်သည်။ ထိုသို့အောက်ခြေမှ ဧရာမထုထည်ကြီးမားလှသည့် ပျဉ်ပြားကြီးနှ ဖြင့် ထောက်ခံထားသည့်ထူးခြားချက်သည် စတပ်ဖင်ဘတ်၏လုပ်ကြံမှုကြီး တစ်မျိုးတစ်ဖုံ ဖြစ်သွားစေသည်ကို မကြာမီတွေ့ကြရမည်ဖြစ်သည်။

စည်းဝေးခန်းမဆောင်ထဲသို့ ဗိုလ်ချုပ်ကိုက်တဲလ်နှင့် ဗိုလ်မှူးကြီးစတ ဘတ်တို့ ဝင်ရောက်လာကြသည့်အချိန်တွင် ခေါင်းဆောင်ကြီးဟစ်တလာ တံခါးဝကို ကျောပေး၍ စားပွဲ၏တစ်ဖက် အလယ်တည့်တည့်တွင် ထိုင်လျ ၍ သူ၏လက်ယာဘက်မှ ကုလားထိုင်များတွင် ကြည်းတပ်စစ်ဆင်ရေး ဘာဝန်ခံ ဗိုလ်ချုပ်ဟူးဆင်းဂါး၊ လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကောတင်းနှင့် ၎င



တ်ထောက် ဗိုလ်မှူးကြီးဘရန့်တို့ အစဉ်အတိုင်း ထိုင်နေကြသည်ကို တွေ့ရ သည်။ ဗိုလ်ချုပ်ကိုက်တဲလ်သည် ဟစ်တလာ၏ လက်ဝဲဘက်မှ ကပ်နေသော လားထိုင်အလွတ်တွင် ဝင်ထိုင်လိုက်သည်။ သူ၏လက်ဝဲဘက်တွင်မူ တပ်ပေါင်း စစ်ဆင်ရေး တာဝန်ခံ ဗိုလ်ချုပ်ဂျိုဒဲလ် ရှိနေသည်။

အစည်းအဝေးတက်ရောက်ကြသူများမှာ ခေါင်းဆောင်ကြီးဟစ်တလာနှင့် ာက်ဆုံးရောက်လာကြသည့် ဗိုလ်ချုပ်ကိုက်တဲလ်၊ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ် တို့အပါအဝင် စုစုပေါင်း ၂၅ ယောက်ရှိသည်။ ၎င်းတို့အနက် အစည်းအဝေး တ်တမ်းများကို လိုက်လံမှတ်သားကြရန်အတွက် လက်ရေးတိုလက်နှိပ်သမား ်ယောက်ပါပါဝင်သည်။ သို့သော် ဤအထဲတွင် ဗိုလ်ချုပ်ကြီး ဂိုးအားရင်းနှင့် လ်ချုပ်ဟင်းမလားတို့ကို မတွေ့မမြင်ရဘဲဖြစ်နေသည်။

ဗိုလ်ချုပ်ကိုက်တဲလ်နှင့် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်တို့ ရောက်လာသည့် ချိန်တွင် ကြည်းတပ်စစ်ဆင်ရေးတာဝန်ခံ ဗိုလ်ချုပ်ဟူးဆင်းဂါးသည် ရုရှား ်မြေပြင်မှ ဂျာမန်တပ်များ၏ အခြေအနေကို အစီရင်ခံနေသည်ကို တွေ့ရသည်။ ူ၏အစီရင်ခံချက်အရ ဂျာမန်တပ်များမှာ အရှေ့ဘက်စစ်မျက်နှာတွင် အလယ် င်း စစ်မြေပြင်သာမက၊ တောင်ပိုင်းနှင့် မြောက်ပိုင်း စစ်မြေပြင်များတွင်ပါ လူးအလဲခံနေရကြောင်း သိရသည်။

ထိုအခိုက် ဗိုလ်ချုပ်ကိုက်တဲလ်သည် ခြေစုံရပ်၍အလေးပြုကာ ဗိုလ်မှူး ြီး စတပ်ဖင်ဘတ် ရောက်ရှိလာပြီဖြစ်ကြောင်း ဟစ်တလာအား သတင်းပို့လိုက် ည်။ ဟစ်တလာသည် စားပွဲရှည်ကြီးပေါ်တွင် အပြည့်ဖြန့်ထားသည့်မြေပုံကို ်ဘီလူးဖြင့် ငုံ့၍ကြည့်နေရာမှ ဗိုလ်ချုပ်ကိုက်တဲလ်၏ သတင်းပို့ချက်ကြောင့် သိမသာ စောင်းငဲ့၍မော့ကြည့်လိုက်ရာ လက်ချောင်းသုံးချောင်းသာရှိသည့် က်ဝဲဘက်လက်ဖြင့် မိမိအား ဆန့်တန်းအလေးပြုနေသော မျက်စိတစ်ဖက်လပ်၊ က်တစ်ဖက်ပြတ် ဗိုလ်မှူးကြီးကို မြင်လိုက်ရသည်။ ဟစ်တလာသည် ဗိုလ်မှူး ြီး စတပ်ဖင်ဘတ်အား အသိအမှတ်ပြုသည့်အနေဖြင့် ခေါင်းတစ်ချက်ငြိမ့်ပြ ိုက်ပြီးနောက် ဗိုလ်ချုပ်ဟူးဆင်းဂါး၏ အစီရင်ခံချက်ကို ပြီးအောင်ဆက်၍ းထောင်ဦးမည်။ ပြီးမှ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်၏ အစီရင်ခံစာကို ကြားနာ ည်ဟု အမိန့်ပေးလိုက်သည်။ သို့ဖြင့် ဗိုလ်ချုပ်ဟူးဆင်းဂါးသည် တစ်ပိုင်းတစ်စ ်း ရပ်ထားရသော စစ်မြေပြင်အခြေအနေကို ဆက်၍ အစီရင်ခံလိုက်သည် ၌တွင် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည်လည်း ဟစ်တလာ၏ လက်ယာဘက်မှ လ်ချုပ်ကောတင်းနှင့် ဗိုလ်မှူးကြီးဘရန့်တို့နှစ်ယောက်အကြားတွင် ဝင်၍နေရာ ူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ စတပ်ဖင်ဘတ်နှင့် ဟစ်တလာအကြားတွင် ဗိုလ်ချုပ်ဟူးဆင်း နှင့် ဗိုလ်ချုပ်ကောတင်းတို့နှစ်ဦးသာ ရှိနေပြီး ဟစ်တလာနှင့် စတပ်ဖင်ဘတ် ၏ အကွာအဝေးမှာ လေးငါးပေခန့်သာရှိတော့သည်။ စတပ်ဖင်ဘတ်သည် ယူပြီးလျှင်ပြီးချင်း သူနှင့်အတူပါလာသော လက်ဆွဲသားရေအိတ်ကို စားပွဲအော တွင်ချကာ ထောက်ခံထားသည့် ပျဉ်ပြားကြီးအတွင်းဘက်၌ အသာမှီ၍ထောင်ထ လိုက်သည်။ အဆိုပါသားရေအိတ် ချထားသည့်နေရာနှင့် စားပွဲအောက်မှ ဟစ် လာ၏ ခြေထောက်များမှာ ငါးပေ ခြောက်ပေခန့်သာ ကွာဝေးသည်။

အချိန်မှာ ၁၂ နာရီ ၃၇ မိနစ်တိတိရှိနေပြီဖြစ်သည်။ ဗုံးပေါက်ကွဲရန် ၅ မိနစ်သာလိုတော့သည်။

ဗိုလ်ချုပ်ဟူးဆင်းဂါးသည် ရုရှားစစ်မြေပြင်မှ အခြေအနေများကို ဆက် အစီရင်ခံလျက်ရှိသည်။ သူသည် တစ်ချက်တစ်ချက်တွင် စားပွဲပေါ်မှ ဖြန့်ထ သော မြေပုံကြီးကို ထောက်၍ထောက်၍ပြလျက်ရှိရာ ဟစ်တလာနှင့်တကွ ဗိုလ် ချုပ်ကြီးများသည် စားပွဲပေါ်သို့ကုန်း၍ မြေပုံကို စိတ်ပါဝင်စားစွာဖြင့် ကြည့် ကြသည်။

ဟစ်တလာနှင့် စစ်ဦးစီးအဖွဲ့ဝင်များသည် ဟူးဆင်းဂါး၏ အစီရင်ခံချက် မြေပုံကို မည်မျှစိတ်ပါဝင်စားနေကြသည်မသိ။ ဤအခိုက်အတန့်ကလေးမှာ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် တစ်စုံတစ်ခုကို စိတ်ပိုင်းဖြတ်ထားသည့်အ အရာဖြင့် စည်းဝေးခန်းမဆောင်ထဲမှ ရုတ်တရက် လှစ်ခနဲထွက်လာခဲ့ရာ မည် တစ်ဦးတစ်ယောက်မှ သတိမထားမိလိုက်ကြဘဲ ဖြစ်ခဲ့ကြသည်။

သို့သော် ဤအခန်းထဲတွင် ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်မရှိတော့သည် အမှတ်မထင် သတိပြုလိုက်မိသူတစ်ဦးရှိသည်။ ထိုသူမှာ ဗိုလ်မှူးကြီးဘရန့် ဖြစ်သည်။ ဗိုလ်မှူးကြီးဘရန့်သည် စတပ်ဖင်ဘတ်၏ လက်ယာဘက်တွင် ထိုင် ရာမှ ဗိုလ်ချုပ်ဟူဆင်းဂါး၏ အစီရင်ခံချက်ကို စိတ်ပါဝင်စားလှသဖြင့် မြေပုံ မှ အနေအထားများကို ပို၍နီးနီးကပ်ကပ်မြင်နိုင်ရန် လက်ဝဲဘက်သို့ အနည်း တိုးလာမိခဲ့သည်။ ဤတွင် စောစောက ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်ချထားခဲ့သ စားပွဲအောက်မှ လက်ဆွဲသားရေအိတ်ကြီးကို မတော်တဆ ခြေထောက်နှင့် သွ ထိမိတော့သည်။ ပထမတွင် ဗိုလ်မှူးကြီးဘရန့်သည် စားပွဲအောက်မှ သားရေအ ကို လမ်းရှင်းသွားစေရန် ခြေထောက်ဖြင့်တွန်း၍ ဖယ်ရှားကြည့်သေးသ သို့သော် အိတ်ကြီးမှာ အနည်းငယ်လေးသယောင်ယောင်ဖြစ်နေသဖြင့် အောက်သို့ လက်တစ်ဖက်သွင်းကာ ထိုသားရေအိတ်ကြီးကို အောက်ခံပျဉ်



၏ အတွင်းဘက်မှ အပြင်ဘက် သို့ လွတ်လွတ်ကင်းကင်းရွှေ့ထားလိုက်တော့ သည်။

ယင်းသို့ ဗိုလ်မှူးကြီးဘရန့်၏ အမှတ်မထင်ပြုလုပ်လိုက်သော လုပ်ရပ် လေးသည် မကြာမီ မိနစ်ပိုင်းအတွင်း ဖြစ်ပွားလာမည့် အဖြစ်အပျက်ကြီးကို မ အပြောင်းလဲကြီး ပြောင်းလဲသွားစေခဲ့သည်။ ဗိုလ်မှူးကြီးဘရန့်က အမှတ် ခဲ့ နေရာရွှေ့လိုက်သဖြင့် ယခုအခါ ဗုံးထည့်ထားသည့် လက်ဆွဲသားရေအိတ် ည် ဟစ်တလာနှင့် အနည်းငယ်ပိုဝေးသွားသည့်ပြင် ဤသားရေအိတ်နှင့် ခေါင်း ဆောင်ကြီး ဟစ်တလာတို့အကြားတွင် စားပွဲအောက်မှ ထောက်အဖြစ်ခံထားသော ထည်ကြီးမားလှသည့် ဝက်သစ်ချသား ပျဉ်ပြားကြီးတစ်ခုလုံး ခြားနားနေပြီ သည်။ ဤသို့ဖြင့် ဗိုလ်မှူးကြီးဘရန့်သည် လက်ဆွဲသားရေအိတ်ကို စားပွဲ အောက်ခံ ပျဉ်ပြားကြီး၏အတွင်းဘက်မှ အပြင်ဘက်သို့ နေရာချင်းလဲလိုက်ခြင်း သူ့အသက်နှင့် ခေါင်းဆောင်ကြီးဟစ်တလာ၏အသက်ကို လဲလိုက်ခြင်းဖြစ် ကြောင်း သူလုံးဝမသိရှာဘဲဖြစ်ခဲ့ရသည်။

ယခုကဲ့သို့ မပြောပလောက်သည့် အပြုအမူကလေးတစ်ခုကြောင့် ရောမ ဖြစ်အပျက်ကြီးတစ်ခုကို ပြောင်းလဲသွားစေခဲ့သည့် ဗိုလ်မှူးကြီးဘရန့်ကား ခြားသူမဟုတ်၊ လွန်ခဲ့သည့် ၁၉၄၂ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့က ဗိုလ်ချုပ် ထရက်စ်ကောင်း၏ ဘရန်ဒီနှစ်ပုလင်းအဖြစ် ပုံမှားရိုက်ထားသည့် ချိန်ကိုက် စ်လုံးကို ဟစ်တလာ၏ လေယာဉ်ပေါ်သို့တင်၍ ယူဆောင်လာခဲ့သော ဗိုလ်မှူး ဘရန့်ပင်တည်း။

မည်သို့ပင်ဖြစ်စေ ဗိုလ်မှူးကြီးဘရန့်က အမှတ်မထင် သွေးရိုးသားရိုးဖြင့် က်ဆွဲသားရေအိတ်ကို ရွှေ့ပြီးသည့်အချိန်တွင် ထိုသားရေအိတ်အတွင်းရှိ ချိန် က်ဗုံးတွင် တပ်ဆင်ထားသည့် ဗိုင်ယာကြိုးသည် ပြတ်လုပြတ်ခင် တဲတဲကလေး ကျန်တော့သည်။

ဤအချိန်ကလေးမှာပင် ကိုက်တဲလ်သည် ရုတ်တရက် ဂနာမငြိမ် ဣန္ဒြေမရ ထိုင်ရာမှ ဖြုန်းခနဲထလိုက်မိသည်။ အဘယ့်ကြောင့်ဆိုသော် ဗိုလ်ချုပ်ဟူး င်းဂါး၏အစီရင်ခံချက်မှာ ပြီးဆုံးတော့မည်ဖြစ်သည်။ ပြီးလျှင် ဗိုလ်မှူးကြီး ပ်ဖင်ဘတ်အလှည့်ဖြစ်သဖြင့် သူ့နေရာမှလှမ်း၍ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ် သို့လှမ်းကြည့်လိုက်ရာ စောစောက ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်မှာ လုံးဝ က်ချက်သားကောင်းနေသောကြောင့်ဖြစ်သည်။

ဗိုလ်ချုပ်ကိုက်တဲလ်သည် ပထမတွင် စတပ်ဖင်ဘတ်အား အခန်းထောင့် နေရာရာတွင် သူ့အစီရင်ခံစာအတွက် လိုအပ်သည့်စာရွက်စာတမ်းများကို

www.burmeseclassic.com

www.burmeseclassic.com



စနစ်တကျ ပြင်ဆင်နေသလားဟု အောက်မေ့ကာ အခန်းထဲ ဟိုဟိုသည်သ လှမ်းကြည့်လိုက်မိသေးသည်။ သို့သော် လုံးဝအရိပ်အယောင်မျှ မမြင်တွေ့ရသ အကြီးအကျယ်ဒေါပွသွားမိသည်။ အထူးသဖြင့် စတပ်ဖင်ဘတ်အား ယခု အစ အဝေးသို့ တက်ရောက်ရန် မိမိကတာဝန်ယူ၍ ဆင့်ခေါ်ထားရခြင်းဖြစ်ရာ တစ် ချို့ယွင်းလျှင် ခေါင်းဆောင်ကြီးဟစ်တလာက မိမိအားဖိ၍ ကြိမ်းတော့မည်မဟု ပါလော။

ချက်ချင်းဆိုသလိုပင် ဗိုလ်ချုပ်ကိုက်တဲလ်သည် မိမိတို့ ဤအစည်းအ ခန်းထဲသို့ ဝင်ရောက်လာစဉ်က အပေါက်ဝမှ အစောင့်တပ်ကြပ်ကြီးအား စတပ် ဘတ်က ဘာလင်မှ သူ့ထံသို့ တယ်လီဖုန်းလာစရာရှိသည်ဟူသော ပြောကြားချ ကို သွားသတိရမိသည်။ သို့ဖြင့် ဗိုလ်ချုပ်ကိုက်တဲလ်သည် အစည်းအဝေးကျင် နေဆဲ ယခုလို မထီလေးစား လစ်ထွက်သွားသော ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်အ ဒေါအပွကြီးပွ၍ အစည်းအဝေးခန်းမဆောင်ထဲမှ ခပ်သုတ်သုတ်ထွက်ကာ တယ် ဖုန်းရုံးရှိရာသို့ လာခဲ့သည်။

သို့သော် တယ်လီဖုန်းရုံးမှ အစောင့်တာဝန်ခံက မိမိတို့ထံ စတပ်ဖင်ဘ လုံးဝမလာကြောင်းနှင့် ယခုခပ်စောစောကလေးကပင် အပြင်သို့ သုတ်သီးသု ပြာထွက်သွားသည်ကို တွေ့မြင်လိုက်ရကြောင်း ဆီး၍ပြောပြသည်။ ဗိုလ်ချ ကိုက်တဲလ်မှာ ဘာလုပ်ရမှန်းမသိအောင်ပင် ဦးနှောက်ခြောက်သွားမိသည်။ စတ ဖင်ဘတ်၏ အပြုအမူကိုလည်း မစဉ်းစားတတ်အောင် ဖြစ်သွားမိသည်။ စတပ် ဘတ်အား မတွေ့တွေ့အောင် ဆက်၍ရှာရလျှင် ကောင်းမလားဟု တွေးမိသည် **သို့သော်** ယခုလောက်ဆိုလျှင် ဗိုလ်ချုပ်ဟူဆင်းဂါး၏ အစီရင်ခံချက်မှာ ပြီး လောက်ပြီဖြစ်ရာ စတပ်ဖင်ဘတ်နှင့်တွ မိမိကိုပါ အစည်းအဝေးခန်းမထဲတွ မတွေ့ရပါက ခေါင်းဆောင်ကြီးဟစ်တလာ ပို၍ဒေါသူပုန်ထတော့မည်ကို တွေ သဖြင့် အစည်းအဝေးခန်းမရှိရာသို့ စိတ်ပျက်လက်ပျက်နှင့် ခပ်သွက်သွက်ပြန်ပြေ လာခဲ့ရသည်။

အစည်းအဝေးခန်းမဆောင်ထဲသို့ ဗိုလ်ချုပ်ကိုက်တဲလ် ပြန်ရောက်သွားသ အချိန်တွင် ဗိုလ်ချုပ်ဟူဆင်းဂါးသည် သူ၏အစီရင်ခံချက်ကို နိဂုံးချုပ်နေပြီဖြ သည်။ **အချိန်မှီရုံကလေး** ပြန်ရောက်လာသဖြင့် ဗိုလ်ချုပ်ကိုက်တဲလ်မှာ 'တော် သေးရဲ့' **ဟု** အောက်မေ့မိသည်။ သို့သော် ဟစ်တလာက စတပ်ဖင်ဘတ် ေးလာပါက ဘယ်လိုအဖြေပေးရမှန်းမသိသဖြင့် မိမိဘက်ယာဘက်ဘေး၌ စာ ဆေးကို လက်ထောက်၍ မြေပုံကိုငုံ့ကြည့်နေသော ဟစ်တလာအား မရဲတ



ာ်လှာလှန်ကြည့်လိုက်ရင်း ဗိုလ်ချုပ်ကိုက်တဲလ်သည် **ဗိုလ်ချုပ်ဟူဆင်းဂါး** ာက်ဆုံးအစီရင်ခံချက်ကို အမှတ်မထင် နားစွင့်၍ထောင်**လိုက်မိသည်။**

'ရုရှားတွေဟာ ဒွန်နာမြစ်ရဲ့အနောက်ဖက်ကမ်းကနေပြီး **မြောက်ပိုင်းတို** အင်အားကြီးကြီးမားမားနဲ့ ပြင်းပြင်းထန်ထန် ထိုးနက်လာနေပါတယ်။ အခုဆိုရင် သူ့ရဲ့တပ်ဦးဟာ ဒွန်နာဘတ်မြို့ရဲ့ အနောက်တောင်ဘက်ကို ရောက်နေပါပြီ။ တကယ်လို့ သာပိုက်ပတ်စ်ကန်တော်ကြီးတစ်ဝိုက်က ကျုပ်တို့တပ်တွေကို အမြန်ဆုံးပြန်ပြီး မရုပ်သိမ်းနိုင်ဘူးဆိုရင်တော့ အင် မတန် ကြီးမားတဲ့ဆုံးရှုံးမှုကြီးနဲ့...'

**(ဗိုလ်ချုပ်ဟူဆင်းဂါး၏မိန့်ခွန်းများ**
**စာမျက်နှာ ၃၅၂)**

အထက်ပါတို့မှာ ဗိုလ်ချုပ်ဟူဆင်ဂါး၏ အစီရင်ခံချက်မှ နောက်ဆုံးနိဂုံးချုပ် ားများဖြစ်သည်။ သို့သော် ထိုစကားမှာ ဘယ်တော့မှ အဆုံးမသတ်လိုက်ရ ည် နိဂုံးချုပ်စကားများဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ထိုစကားကို နိဂုံးမချုပ် အဆုံးမသတ်နိုင်မီ ၁၂ ၏ ၄၂ မိနစ်တိတိအချိန်တွင် စားပွဲအောက်ရှိ သားရေအိတ်ထဲမှ ချိန်ကိုက်ဗုံး ည် ဝုန်းခနဲ ပြင်းထန်စွာမည်ဟီး၍ ပေါက်ကွဲသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com

# အာကာသအသံလွှင့်ဌာနမှ သတင်းကြေညာချက်

ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် သူ့မျက်စိအောက်တွင် ပေါက်ကွဲမှုကြီးကို ထင်
ထင်ရှားရှားကြီး မြင်လိုက်သည်။

သူသည် ထိုအချိန်က ဗိုလ်ချုပ်ဖဲလ်ကျီဘဲလ်၏ ရုံးခန်းရှေ့တွင် ဗိုလ်ချုပ်နှင့်
အတူ နှစ်ယောက်သားရပ်နေကြသည်။ ဗိုလ်ချုပ်ဖဲလ်ကျီဘဲလ်သည် ရုံးခန်း
စစ်ကွန်ဖရင့် အစည်းအဝေးကျင်းပနေသည့် အဆောက်အဦးနှင့် ကိုက် ၂၀၀
ခန့်သာ ဝေးသည်။ အစည်းအဝေးခန်းမထဲမှ အမှတ်မထင် လစ်လာခဲ့ပြီးနောက်
စတပ်ဖင်ဘတ်သည် ဗိုလ်ချုပ်ဖဲလ်ကျီလ်ရှိရာ ရုံးခန်းသို့ ရေးကြီးသုတ်ပြာရောက်
လာခဲ့သည်။ ဗိုလ်ချုပ်အား အစည်းအဝေးခန်းမဆောင်ထဲတွင် ချိန်ကိုက်ဗုံး
ထောင်ထားခဲ့ပြီဖြစ်၍ ယခုမိနစ်အနည်းငယ်အတွင်း ပေါက်ကွဲတော့မည်ဖြစ်
ကြောင်း ကပျာကယာပြောကြားပြီးနောက် နှစ်ယောက်သား ရုံးခန်းအပြင်သို့
ထွက်ကာ အစည်းအဝေးကျင်းပနေသည့် ခန်းမဆောင်ရှိရာဘက်သို့ တထိတ်ထိတ်
ဖြင့် မျှော်ကြည့်နေခဲ့ကြသည်။

ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် အစည်းအဝေးခန်းမဆောင်သို့ လှမ်း
ကြည့်လိုက်၊ လက်မှ လက်ပတ်နာရီကို ငုံ့ကြည့်လိုက်ဖြင့် သဲတထိတ်ထိတ်
ရင်တမမဖြစ်နေခဲ့သည်။ ၁၂ နာရီ ၄၂ မိနစ်တိတိရှိသည်နှင့်တစ်ပြိုင်နက် ဝုံးခနဲ
ပေါက်ကွဲသံကြီးနှင့်အတူ အစည်းအဝေးကျင်းပသည့် အဆောက်အဦးတစ်ခုလုံးမှာ
လေထဲသို့မြှောက်တက်သွားပြီး ဖုံများ မီးခိုးလုံးကြီးများနှင့် မီးတောက်များအကြား
၌ အစိတ်စိတ်အမွှာမွှာ လွင့်စင်ကြေမွသွားသည်ကို တွေ့မြင်လိုက်ရသည်။ စစ်
မြေပြင် အတွေ့အကြုံအရ ထိုအဆောက်အဦးရှိရာသို့ ၁၅၅ မီလီမီတာရှိ အမြောက်
ဆံကြီး ကျရောက်ပေါက်ကွဲသည်နှင့်တူသည်ဟု သူ့စိတ်ထဲတွင် ထင်လိုက်မိသည်။
မြေစိုင်မြေခဲများ၊ သစ်သားအတိုအစများနှင့်အတူ ယူနီဖောင်းဝတ်ထားကြသည့်
လူ့ခန္ဓာကိုယ်များသည် လေထဲတွင် အဟုန်ပြင်းစွာဖြင့် မြောက်တက်လာပြီး
မြေပေါ်သို့ အရှိန်ဖြင့် ပြန်ကျသွားသည်ကို လှမ်းမြင်လိုက်ရသည်။

ကြီးမားပြင်းထန်လှသည့် ပေါက်ကွဲသံကြီးနှင့် တုန်လှုပ်ချောက်ချားဖွယ်ရာ
အထက်ပါမြင်ကွင်းကို မိမိမျက်စိဖြင့် တပ်တပ်အပ်အပ် ကွင်းကွင်းကွက်ကွက်
ကြီး မြင်လိုက်ရသည်၏ အခြားမဲ့၌ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ဗုံးပေါက်ကွဲ
ရာ အစည်းအဝေးခန်းမထဲမှ လူအားလုံး တစ်ယောက်မကျန် အတုံးအရုံး မရှုမလှ
သေဆုံးကြပြီဟု တထစ်ချတွက်လိုက်မိသည်။



စတပ်ဖင်ဘတ်သည် အချိန်ကြာကြာ ဆိုင်းမနေတော့ဘဲ ဗိုလ်ချုပ်ဖဲလ်ကျီ
ဘဲလ်အား ဘာလင်သို့ လုပ်ကြံမှုကြီး ထမြောက်အောင်မြင်ပြီဖြစ်ကြောင်း သတင်း
ပို့ရန်နှင့် ပြီးလျှင် ဆက်သွယ်ရေးလိုင်းများအားလုံး ဖြတ်တောက်ပစ်ရန်
အချက်ပြ အမိန့်ပေးပြီးနောက် ထိုနေရာမှ အမြန်ဆုံးထွက်ခွာလာခဲ့သည်။

ယခုအခါ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်အတွက် အရေးကြီးဆုံးလုပ်ရမည့်
အလုပ်မှာ ဤ 'ဝံပုလွေဂူ' စခန်းအတွင်းမှ အသက်ရှင်လျက်ဖြင့် အမြန်ဆုံးထွက်
သွားနိုင်ရန်ပင်ဖြစ်သည်။

ထိုအချိန်တွင် စခန်းအတွင်းရှိ ရုပ်နက်တပ်ဖွဲ့ဝင် အစောင့်တပ်သားများသည်
ပေါက်ကွဲသံကို ကြားလိုက် မြင်လိုက်ကြရသဖြင့် ဂိတ်အသီးသီးကို အမြန်ဆုံး
ပိတ်ထားလိုက်ကြပြီဖြစ်သည်။ စတပ်ဖင်ဘတ်နှင့် သူ့လက်ထောက်ဗိုလ်ကလေး
ဟက်ဖတင်တို့ စီးလာသောကားကလေးသည် ပထမဆုံးဂိတ်တွင် စတင်၍ တားဆီး
ခံခဲ့ကြရသည်။ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ကားပေါ်မှ ရုတ်တရက်
ဆင်းကာ အစောင့်စစ်သားအား တာဝန်ခံဂိတ်မှူးနှင့်တွေ့လိုကြောင်း ပြောပြော
ဆိုဆိုဖြင့် ကင်းစောင့်ရုံးခန်းထဲသို့ တန်းဝင်သွားသည်။ ထိုနောက် သူသည်
တာဝန်ခံဂိတ်မှူးရှေ့မှာပင် ရုံးခန်းထဲမှ တယ်လီဖုန်းကိုကောက်ကိုင်ကာ 'တစ်စုံ
တစ်ယောက်' ထံ လှမ်း၍ဆက်လိုက်သည်။

'ဟဲလို… ဟဲလို ဗိုလ်ချုပ်လား၊ ဩော်- ဟုတ်ကဲ့ ကျွန်တော်ပါ ဗိုလ်မှူး
ကြီး စတပ်ဖင်ဘတ်ပါ၊ အခု ကျွန်တော် ၃ နံပါတ်ဂိတ်က စကားပြောနေပါတယ်။
ကျွန်တော် အစည်းအဝေးပြီးလို့ ဘာလင်ပြန်ဖို့အတွက် လေဆိပ်ကိုအသွားမှာ ဒီ
နံပါတ်ဂိတ်က တားထားလို့ပါ။ အဲဒါ ဗိုလ်ချုပ်ဆီက သွားခွင့်ပြုတဲ့အကြောင်း
အမိန့်ပေးဖို့ပါပဲ။ ဩော်- ဟုတ်ကဲ့၊ ဂိတ်မှူးကို ကျွန်တော်ပြောလိုက်ပါမယ်။
ဟုတ်ကဲ့ ဗိုလ်ချုပ် ကျေးဇူးတင်ပါတယ်'

ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက်
တာဝန်ခံဂိတ်မှူးဘက်သို့လှည့်ကာ 'ကဲ- ဘယ့်နှယ်လဲ၊ ကြားတယ်မဟုတ်လား၊
ကို ဌာနချုပ်က သွားဖို့ခွင့်ပြုပြီးသားပါကွာ' ဟု ပြောလိုက်သည်။

အမှန်စင်စစ် စတပ်ဖင်ဘတ်သည် ဘယ်ဗိုလ်ချုပ်နှင့်မှ စကားပြောခြင်း
မဟုတ်၊ တယ်လီဖုန်းစကားပြောခွက်ကို ခပ်တည်တည်ကိုင်ကာ သူတစ်ယောက်
တည်း တစ်ဘက်က ဗိုလ်ချုပ်တစ်ယောက်ယောက်နှင့် စကားပြောဟန်ဆောင်ကာ
ပြောင်လိမ်လိုက်ခြင်းပင်ဖြစ်သည်။ သို့သော် သူ၏ရာထူးအရှိန်အဝါနှင့် တာဝန်အရ
လည်းမှာ မင်သေလှသဖြင့်တစ်ကြောင်း၊ မျက်စိတစ်ဖက်လပ်၍ လက်တစ်ဖက်
ပြတ်နေသော ဤဗိုလ်မှူးကြီးသည် ဤဌာနချုပ်စခန်းသို့ ယခင်ကလည်း အကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကြိမ် ဝင်ထွက်သွားလာနေသည်ကို မြင်တွေ့နေရသဖြင့်တစ်ကြောင်း ဂိတ် တာဝန်ခံဗိုလ်ကလေးသည် နောက်ထပ်ထူးထူးထွေထွေ စစ်ဆေးမနေတော့ သွားခွင့်ပြုလိုက်သည်။ တစ်ဆက်တည်းတွင် သူ၏ဂိတ်အဝင်အထွက် မှတ် စာအုပ်ထဲတွင် '၁၂ နာရီ ၄၄ မိနစ်၊ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ် ဖြတ်သန်း သည်' ဟူ၍ ရေးမှတ်ထားလိုက်သည်။

တာဝန်ကျေပြွန်လှသော ၃ နံပါတ်ဂိတ်မှ တာဝန်ခံဂိတ်မှူးသည် ဗိုလ် ကြီးစတပ်ဖင်ဘတ်အား မိမိတို့ဂိတ်မှ ပြန်လည်ထွက်ခွာခွင့်ပြုလိုက်ကြောင်း နံပါတ်ဂိတ်သို့ အကြောင်းကြားလိုက်ရာ စတပ်ဖင်ဘတ်နှင့် ဗိုလ်ကလေး တင်တို့သည် ၂ နံပါတ်ဂိတ်တွင် တစ်စုံတစ်ရာ စစ်ဆေးမေးမြန်းခြင်းမခံရ လွတ်လာခဲ့ကြသည်။

သို့သော် နောက်ဆုံးဖြစ်သော ၁ နံပါတ်ဂိတ်တွင်မူ လွယ်လွယ် မဟုတ်တော့ဘဲ ခဲခဲယဉ်းယဉ်းဖြစ်နေသည်ကို တွေ့ကြရသည်။ ထိုအချိန် ဌာနချုပ်အစည်းအဝေးခန်းမဆောင်ကြီး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားကြောင်းနှင့် ဂိတ် အားလုံးတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဝင်ခွင့် ထွက်ခွင့်မပြုရန် အ ရောက်ရှိနေပြီဖြစ်သည်။ သို့ဖြစ်ရာ စတပ်ဖင်ဘတ်သည် ၁ နံပါတ်ဂိတ်၌ လမ်းပိတ်ထားသည်ကိုလည်းကောင်း စစ်သားများ နှစ်ဆချထားပြီး ဂရုတစိုက် စောင့်ကြပ်နေကြသည်ကိုလည်းကောင်း တွေ့ရသဖြင့် သူတို့စီးလာသောကား ထိုးရပ်ပေးလုကရသည်။

ဤ ၁ နံပါတ်ဂိတ်၏တာဝန်ခံမှာ မျက်နှာပေါက်ဆိုးဆိုး ရှုသိုးသိုး အလွန်ခေါင်းမာလှသည့် တပ်ကြပ်ကြီးကိုယ်ဘီ ဆိုသူဖြစ်သည်။ စတပ်ဖင်ဘ သည် ကွန္ဒြေမပျက် ကားပေါ်မှခပ်သွက်သွက်ဆင်းလာပြီး ဌာနချုပ်သို့ သူ တိုင် ဖုန်းဆက်ပြန်သည်။ ယခုတစ်ကြိမ်တွင်မူ သူသည် နံပါတ် ၃ ဂိတ်မှာ ကလို မလိမ့်တော့ဘဲ ဌာနချုပ်စခန်းလုံခြုံရေး လက်ထောက်တာဝန်ခံဗိုလ် မိုလင်ဒေါ့ဖ်ထံ တကယ်ပင် ဖုန်းဆက်လိုက်သည်။ ဤဗိုလ်ကြီးမိုလင်ဒေါ့ဖ် နံနက်ပိုင်းက ဌာနချုပ်စခန်းတွင် သူနှင့်အတူ နံနက်စာစားခဲ့သူဖြစ်သည်။

စတပ်ဖင်ဘတ်က 'ဌာနချုပ် ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် ဂိတ်အဝင်အထွ များပိတ်ထားသည်ကို တွေ့ရကြောင်း မိမိမှာ အရေးကြီးသောကိစ္စတစ်ရ ဗိုလ်ချုပ်ဖရွမ်းထံ အမြန်သွားရောက်တွေ့ဆုံရန် ရှိနေကြောင်း၊ ယခု ဗိုလ် ဖရွမ်းမှာ မိမိအား လေဆိပ်မှ စောင့်နေသည်ဖြစ်ရာ မိမိအား အမြန်ဆုံးသွားခွ ပေးလိုကြောင်း စသည်ဖြင့် ဗိုလ်ကြီး မိုလင်ဒေါ့ဖ်အား တယ်လီဖုန်းဖြင့် လှမ်း လိုက်သည်။ စတပ်ဖင်ဘတ်သည် ဗိုလ်ကြီးမိုလင်ဒေါ့ဖ်နှင့် ဟန်ဆောင်ပြော



တော့ဘဲ တကယ်ပြောခဲ့သည်မှန်သော်လည်း 'ဗိုလ်ချုပ်ဖရွမ်းက လေဆိပ်မှာ စောင့်နေသည်' ဆိုသောစကားမှာမူ မိုလင်ဒေါ့ဖ်အား လိမ့်လိုက်ခြင်းပင်ဖြစ်သည်။

'ကဲ– ဘယ့်နှယ်လဲတပ်ကြပ်ကြီး၊ ငါ့ကို ဌာနချုပ်က ထွက်သွားခွင့်ပြုလိုက် မင်းကြားတယ်မဟုတ်လား'

စတပ်ဖင်ဘတ်သည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် တာဝန်ခံဂိတ် ကိုယ်ဘီအား ခပ်တည်တည်လှမ်းပြောလိုက်သည်။ သို့သော် တပ်ကြပ်ကြီး ကိုယ်ဘီသည် လူတစ်ဖက်သားအား ရုတ်တရက် လွယ်လွယ်ဖြင့် ယုံတတ်သူ မဟုတ်သည့်အလျောက် တယ်လီဖုန်းကို ပြန်ကောက်ကိုင်ကာ ဌာနချုပ်မှ ဗိုလ် ကြီးမိုလင်ဒေါ့ဖ်ထံ သူကိုယ်တိုင် ထပ်မံစုံစမ်းကြည့်လိုက်သည်။ ကံအားလျော်စွာ မိုလင်ဒေါ့ဖ်က 'ခွင့်ပြုကြောင်း' ပြန်ကြားလိုက်ရာ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ကားပေါ်သို့ခုန်တက်ခါ လေဆိပ်သို့ တအားစွတ်မောင်းလာခဲ့သည်။

လေဆိပ်သို့သွားသည့်လမ်းတစ်လျှောက် ကားပေါ်တွင် စတပ်ဖင်ဘတ်နှင့် အတူ ပါလာသော ဗိုလ်ကလေးဟော့ဖ်တင်သည် သူ၏သားရေအိတ်ထဲတွင် လိုလို မည် အပိုယူဆောင်လာသော အခြားချိန်ကိုက်ဗုံးတစ်လုံးကို အတွင်းမှတပ်ထား သည့် ကိရိယာများ တစ်ခုစီတစ်ခုစီဖြုတ်ကာ *ကားပေါ်မှ လမ်းဘေးသို့ ပစ်ချခဲ့ သည်။

လေဆိပ်သို့ရောက်သောအခါ နံနက်က စတပ်ဖင်ဘတ်တို့ စီးလာခဲ့ကြ သော လေယာဉ်သည် စက်နှိုး၍အသင့်ပြင်ထားသည်ကို တွေ့ကြရသည်။ ထို အချိန်အထိ လေဆိပ်သို့ ဌာနချုပ်မှ တစ်စုံတစ်ရာ သတင်းမရောက်သေးဘဲရှိနေ နောက်မိနစ်အနည်းငယ်အကြာတွင် ဗိုလ်ကြီးစတပ်ဖင်ဘတ်နှင့် ဗိုလ်ကလေး ဟော့ဖ်တင်တို့သည် ရပ်စတင်းဘတ်လေဆိပ်မှ အလွယ်တကူပင် ထွက်ခွာလာခဲ့ သည်။

အချိန်မှာ နေ့မွန်းလွဲ ၁ နာရီသာသာခန့် ရှိနေပြီဖြစ်သည်။ စတပ်ဖင်ဘတ် စီးလိုက်ပါလာသော လေယာဉ်သည် ဘာလင်မြို့ ရန်းဒေါ့ဖ်လေဆိပ်သို့ရောက် ၂ နာရီကျော်ကျော် ၃ နာရီနီးပါးမျှ မောင်းရဦးမည်ဖြစ်ရာ ဤ ၂ နာရီ ၃ ခရီးသည် စတပ်ဖင်ဘတ်အတွက် အရှည်လျားဆုံးခရီးပင်ဖြစ်သည်။ သို့ဖြင့် သည် တစ်နာရီလျှင် မိုင်တစ်ရာထက်ပို၍ မပျံသန်းနိုင်သည့် ဟိန်းကဲလ်

---

*ဤချိန်ကိုက်ဗုံးအတွင်းမှ အစအနများကို နောင်အခါ၌ ဂက်စတာပိုစုံထောက် များ ရှာဖွေတွေ့ရှိသွားရာ ဤအကြောင်းကို နောက်ဆက်တွဲ 'လုံခြုံရေးတပ်ဖွဲ့၏ မှင်ခံစာ' တွင်ကြည့်ပါ။ စာရေးသူ။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးအစား လေယာဉ်ကလေးပေါ်တွင် မည်သို့မျှ မတတ်နိုင်ဘဲ ပြန့်ပြောကျ မောလှသည့် မြေပြန့်သဲပြင်ကြီးကိုသာ အဓိပ္ပာယ်မရှိ ငုံ့ကြည့်၍ လိုက်ပါလာခဲ့ သည်။

သူ့အတွက် အားတက်စရာ မျှော်လင့်ချက်မှာ ဗိုလ်ချုပ်ဖဲလ်ကီဘဲလ်၏ အကူအညီပင်ဖြစ်သည်။ ယခုလောက်ဆိုလျှင် ဌာနချုပ်မှ ဆက်သွယ်ရေးတာဝန် ဗိုလ်ချုပ် ဖဲလ်ကီဘဲလ်၏အကြောင်းကြားချက်အရ ဘာလင်မြို့တော်မှ ဟစ်တလာ ဆန့်ကျင်ရေးဂိုဏ်းသား မိမိတို့လူများသည် လုပ်ကြံမှုကြီး အောင်မြင်ပြီ ကြောင်း အတိအကျသိကြရ၍ နောက်ဆက်တွဲ အာဏာသိမ်းရေး အစီအစဉ်များ တက်သုတ်ရိုက်ကာ ဆောင်ရွက်လုပ်ကိုင်နေကြပြီဟု ခန့်မှန်းရသည်။ ယခုလော ဆိုလျှင် ဘာလင်မြို့ကြီးကို မိမိတို့တပ်များက အောင်မြင်စွာ ထိမ်းထားနိုင် ဂျာမနီတစ်နိုင်ငံလုံးနှင့် အနောက်ဖက်စစ်မျက်နှာတစ်ခုလုံးရှိ ဂျာမန်တပ်မှူး ကြီးများထံ လုပ်ကြံမှုနှင့် အာဏာသိမ်းပွဲကြီး ထမြောက်အောင်မြင်စွာ ဆင် ပြီးကြောင်း ဝိုင်ယာလက် ကြိုးမဲ့ကြေးနန်းဖြင့် သတင်းများအနှံ့အပြား ရောက် သွားပြီဟု ယူဆရသည်။

ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် မိမိစီးလာသည့်လေယာဉ်ပေါ်တွင် ဆက် ဝေးအတွက် အသုံးပြုနိုင်သည့် ဝိုင်ယာလက်စက် တပ်ဆင်ထားခြင်းမရှိသဖြ ဘာလင်မြို့တော်မှ အခြေအနေကို အထက်ပါအတိုင်း စိတ်ကူးဖြင့်သာ ရော်ရ မှန်းဆလာခဲ့ရသည်။ ယခုကဲ့သို့ ခရီးဝေးသုံး ဝိုင်ယာလက်စက်မပါသဖြင့်လည်း ဘာလင်ရှိ မိမိတို့ဘက်တော်သားများထံ မိမိကိုယ်တိုင် လုပ်ကြံမှုကြီး ပြီးစီးအော မြင်ခဲ့ပြီဖြစ်ကြောင်း သတင်းကောင်းမပို့နိုင်ဘဲ ဖြစ်နေရသည်မဟုတ်ပါလော

စတပ်ဖင်ဘတ် လိုက်ပါလာသည့် လေယာဉ်ကလေးသည် ယင်းသို့ ပျံ ဖွယ်ရာ တအိအိပျံသန်းလာခဲ့ရာ ညနေ ၃ နာရီ ၄၅ မိနစ်တိတိအချိန်တွင် ဘာလင်မြို့ ရန်စ်ဒေါ့ဖ်လေဆိပ်သို့ ရောက်ရှိလာခဲ့သည်။

လေဆိပ်သို့ လေယာဉ်ဆိုက်လျှင်ဆိုက်ချင်း စတပ်ဖင်ဘတ်သည် အနီး တယ်လီဖုန်းရုံသို့ပြေးကာ ဘာလင်မြို့တွင်းရှိ ဗိုလ်ချုပ်အောလ်ဘရစ်ထံ လှမ်း အာဏာသိမ်းရေးအစီအစဉ်များ မည်မျှလုပ်ဆောင်အောင်မြင်နေကြောင်း အလော သုံးဆယ် မေးမြန်းကြည့်လိုက်သည်။ ဤတွင် ဗိုလ်ချုပ်အောလ်ဘရစ်ထံမှ ကြား ရသောသတင်းကြောင့် ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်မှာ မျက်လုံးပြူး မျက်ဆံပြူ ဖြစ်သွားခဲ့မိသည်။ အဘယ့်ကြောင့်ဆိုသော် ဗိုလ်ချုပ်အောလ်ဘရစ်အပါအဝင် ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများသည် ဘာလင်မြို့တော်ကြီးတွင် အာဏာ သိမ်းရေးအစီအစဉ်နှင့်ပတ်သက်၍ ဘာတစ်ခု လှုပ်လှုပ်ရှရှ တက်တက်ကြွ င် လုပ်ဆောင်ခြင်းမပြုကြရသေးဘဲ အားလုံး 'နေမြဲ'အတိုင်းပင် ရှိနေသေး ကြောင့်တည်း။

ဗိုလ်ချုပ်အောလ်ဘရစ်၏ ပြောပြချက်အရ ဌာနချုပ်စည်းဝေးခန်းမဆောင်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် သတင်းကို နေ့လယ် ၁ နာရီသာသာလောက်က ဗိုလ်ချုပ်ဖဲလ်ကီဘဲလ်ထံမှ ရရှိခဲ့ကြောင်း၊ သို့သော် ဆက်သွယ်ရေးလိုင်းများမကောင်း ဖြင့် ဗိုလ်ချုပ်ဖဲလ်ကီဘဲလ်၏ သတင်းပို့ချက်ကို ကြည်ကြည်လင်လင် ပီပီသသ ကြားရ၍ လုပ်ကြံမှုအောင်မြင်သည် မအောင်မြင်သည်၊ ဟစ်တလာသေသည် သေသည်ကို အတိအကျအခိုင်အလုံ မသိရဘဲ ဖြစ်နေကြောင်း၊ ထို့ကြောင့် ဘာလင်မြို့တော်တွင် အာဏာသိမ်းရေး အစီအစဉ်များ ဘာတစ်ခုမှ မလုပ်ရ သေးဘဲဖြစ်နေကြောင်း စသည်ဖြင့် သိလိုက်ရသည်။

မှန်သည်၊ ဘာလင်မြို့တော်မှ ဟစ်တလာဆန့်ကျင်ရေးသမားများသည် ဟစ်တလာ သေမသေ မရေရာသေးသဖြင့် မူလအစီအစဉ်များကို မလုပ်နိုင် လုပ်ရဲသေးဘဲ ဖြစ်နေခဲ့ကြသည်။ ဗိုလ်ချုပ်အောဘရစ်သည် ဆင်ခြေဖုံးဒေသမှ လက်နက်ကိုင်တပ်များ မြို့တွင်းသို့ ချီတက်လာကြရန်ဖြစ်သော 'ဗာလ်ကီရီ' အမှတ် ၁၊ စစ်ဆင်ရေးအမိန့်ကို သူ၏လုံခြုံစိတ်ချရသော အာမခံသေတ္တာထဲမှ ထုတ်ယူထားပြီးဖြစ်သော်လည်း ယခင်တစ်ခါလို ဖြစ်မှာစိုးသဖြင့် ဟစ်တလာ သေမသေ မသိရသေးဟုဆိုကာ ယင်းအမိန့်ကို တပ်မှူးများသို့ ထုတ်မပေးရဲသေး ဖြစ်နေခဲ့သည်။ အာဏာသိမ်းပြီး ဖွဲ့စည်းမည့်အစိုးရအဖွဲ့သစ်တွင် အဓိပတိအဖြစ် ထားခြင်းခံရသည့် ဗိုလ်ချုပ်ကြီးဘက်ခ်နှင့် တပ်မတော်စစ်သေနာပတိအဖြစ် ခန့်မှန်းထားခြင်းခံရသည့် ဗိုလ်ချုပ်ဝစ်ဇ်ဖဲလ်ဘင်းတို့မှာလည်း ဟစ်တလာ သေ သေ အတိအကျမသိရသေးသဖြင့် နိုင်ငံတစ်ဝှမ်းလုံးရှိ ဂျာမန်အမျိုးသားများနှင့် လက်နက်ကိုင်တပ်များသို့ ထုတ်ပြန်ရန် ကြိုတင်ရေးဆွဲထားသည့် ကြေ ငြာစာတမ်းများနှင့် အမိန့်ကြေညာချက်များကို မထုတ်ပြန်ရဲသေးဘဲ သည်အတိုင်း ထိုင်ကြည့်နေခဲ့ကြရသည်။ အလားတူပင် ဘင်ဒလာလမ်းမကြီးပေါ်ရှိ 'ပြည်မ တပ်မတော်' စစ်ရုံးချုပ်မှ အရာရှိကြီးများမှာလည်း မည်သို့မျှ မလုပ်ကြသေးဘဲ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်ပြန်အလာကို လည်တဆန့်ဆန့်ဖြင့် ငံ့မျှော်နေခဲ့ကြ သည်။

ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် အကြီးအကျယ်ဒေါ်ပွသွားမိသည်။ အလွန့် အလွန် မကျေမနပ်ဖြစ်သွားမိသည်။ မိမိကဲ့သို့ လက်တစ်ဖက်ပြတ်၍ မျက်စိ တစ်ဖက်လပ်နေသည့် အင်္ဂါမစုံသူတစ်ယောက်က တက်တက်ကြွကြွဖြင့် သက်စွန့် ဆံဖျားလုပ်ဆောင်ရွက်နေပါလျက် အာဏာသိမ်းရေးအစီအစဉ်များ ဘာတစ်ခုမှ

www.burmeseclassic.com



မစရသေးသည်ကို အကြီးအကျယ်ဒေါပွသွားမိသည်။ မိမိကိုယ်တိုင် ဌာနချုပ် စစ်ကွန်ဖရင့် စည်းဝေးခန်းမဆောင်ကြီး ပေါက်ကွဲပျက်စီး၍ စစ်ဦးစီးအဖွဲ့ဝင်များ အတုံးအရုန်းဖြစ်ကုန်ကြသည်အထိ အောင်မြင်စွာ လုပ်ကြံခဲ့ပြီးပါလျက် ဘာလင်မှ သူ့လူများသည် ဟစ်တလာ သေမသေ မရေရာသေးဟုဆိုကာ ဘာမှမလုပ်ကြ သေးဘဲ ငုတ်တုတ်ထိုင်နေကြသည့်အဖြစ်ကို အလွန့်အလွန် မကျေမနပ်ဖြစ်သွား မိသည်။

သို့ဖြင့် သူသည် ရန်းစ်ဒေါ့ဖ်လေဆိပ်မှ ဘာလင်မြို့တွင်းသို့ရောက်အောင်ပင် မစောင့်တော့ဘဲ ယခုချက်ချင်း အာဏာသိမ်းရေး အစီအစဉ်များကို အကောင် အထည်ဖော်ရန် ဗိုလ်ချုပ်အောလ်ဘရစ်အား အပြင်းအထန် တောင်းဆိုတိုက်တွန်း ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ဌာနချုပ်တွင် ဗုံးပေါက်ကွဲ၍ အတုန်းအရုန်းသေကုန် ကြပြီဖြစ်ရာ မိမိတို့အဖို့ နောက်ဆုတ်၍ မဖြစ်နိုင်တော့သည်မှာ သေချာနေပြီဖြစ် သည်။ ယခု မိမိမှာ ရန်းစ်ဒေါ့ဖ်လေဆိပ်မှ ဘာလင်မြို့တွင်းသို့ရောက်ရန် နောက်ထပ် မော်တော်ကားဖြင့် ၄၅ မိနစ်ခန့် သွားရဦးမည်ဖြစ်သည်။ ဤ ၄၅ မိနစ် အတောအတွင်း အခြားတစ်ဖက်က လက်ဦးမှုရသွားခဲ့သော် အားလုံးဒုက္ခရောက် ကုန်ကြမည်ဖြစ်သည်။ ဌာနချုပ်တွင် ဗုံးပေါက်ကွဲခဲ့သည်မှာ ၃ နာရီကျော်မျှပင် ကြာခဲ့ပြီဖြစ်ရာ ဤသုံးနာရီအတွင်း ဘာလင်မြို့တော်တွင် ဘာတစ်ခုမလုပ်ကြ ဘဲ ငုတ်တုတ်ထိုင်နေခဲ့ကြသည်ပင် လွန်လှပြီ၊ အန္တရာယ်များလှပြီ မဟုတ်ပါလော။

သို့ဖြစ်ရာ စတပ်ဖင်ဘတ်ကိုယ်တိုင် ဌာနချုပ်မှပြန်လည်ရောက်ရှိလာပြီး အာဏာသိမ်းရေး အစီအစဉ်များ အမြန်ဆုံးအကောင်အထည်ဖော်ရန် ပြင်းပြင်းထန် ထန် တိုက်တွန်းနေပြီဖြစ်သဖြင့် ဗိုလ်ချုပ်အောလ်ဘရစ်သည် သူ့လက်ထဲတွင် အသင့်ရှိနေသော 'ဗာလ်ကီရီ' စစ်ဆင်ရေးအမိန့်ကို ချက်ချင်းပင်ထုတ်ပြန်လိုက် တော့သည်။

ဗိုလ်ချုပ်အောလ်ဘရစ်၏ စစ်ဦးစီးမှူးဖြစ်သူ ဗိုလ်မှူးကြီး ကွာဟိမ်းသည် 'ဗာလ်ကီရီ' စစ်ဆင်ရေးအမိန့် အမှတ် ၁ ကို ဘာလင်မြို့တွင်းနှင့် ဆင်ခြေဖုံး ဒေသရှိ လက်နက်ကိုင်တပ်မှူးများအားလုံးထံ တယ်လီဖုန်းဖြင့်တစ်မျိုး၊ တယ်လီ ပင်တာခေါ် လျှပ်စစ်ကြေးနန်းစာဖြင့်တစ်ဖုံ၊ ချက်ချင်းပင်ထုတ်ပြန်လိုက်သည်။ ထို့ပြင် ဂျာမနီတစ်နိုင်ငံလုံးရှိ လက်နက်ကိုင်တပ်များအားလုံးနှင့် စစ်မြေပြင်တပ်မှူး ကြီးများထံသို့လည်း စစ်ဆင်ရေးအမိန့်အမှတ် ၂ ကို ကြေးမုံကြေးနန်းဖြင့် ထုတ်ပြန် လိုက်သည်။ အဆိုပါအမိန့်မှာ 'ခေါင်းဆောင်ကြီး ဟစ်တလာ သေဆုံးပြီဖြစ်သဖြင့် တပ်မတော်က လုံးဝအာဏာလွှဲပြောင်းယူလိုက်ပြီဖြစ်ကြောင်း' ဖော်ပြထားသည့် အမိန့်ပင်ဖြစ်သည်။ ယင်းအမိန့်ကို ဗိုလ်ချုပ်ကြီး ဝစ်ဖဲလ်ဘင်းက 'ဂျာမန်လက်နက်



ကိုင်တပ်များ၏ စစ်သေနာပတိချုပ်' အဖြစ်လည်းကောင်း၊ ဗိုလ်မှူးကြီး ဘော်ဖင် ဘတ်က အာဏာသိမ်းအဖွဲ့ခေါင်းဆောင်တစ်ဦးအဖြစ်လည်းကောင်း ပူးတွဲလက်မှတ် ရေးထိုးကာ လွန်ခဲ့သောလပေါင်းအတော်ကြာကတည်းကပင် လျှို့ဝှက်စွာ ကြိုတင်ပြင်ဆင်ထားခဲ့သည့် အမိန့်စာဖြစ်သည်။

သို့သော် အာဏာသိမ်းတပ်မတော်၏ 'စစ်သေနာပတိချုပ်'အဖြစ် တာဝန်ယူ မည့် ဘာလင်စစ်နယ်မြေ တပ်မှူးကြီး ဗိုလ်ချုပ်ဝစ်ဖဲလ်ဘင်းမှာ ထိုအချိန်က ဘာလင်မြို့တွင်းနှင့် ရှိမနေဘဲ မြို့နှင့် မိုင် ၂၀ ခန့်ကွာသည့် ဆင်ခြေဖုံးဒေသတစ်ခု ၌ ရောက်ရှိနေရာ သူ့ထံအမြန်ဆုံးဆက်သားလွှတ်၍ အခေါ်ခိုင်းကြရသည်။ ထိုအတူ အခြားအရေးကြီးလှသည့် ခေါင်းဆောင်တစ်ဦးဖြစ်သော ဗိုလ်ချုပ်ကြီး ဘက်ခ်မှာလည်း တစ်နေရာသို့ ခရီးလွန်နေသဖြင့် အမြန်ဆုံးအခေါ်လွှတ်ရပြန် သည်။

ဗိုလ်ချုပ် အောလ်ဘရစ်သည် အာဏာသိမ်း စစ်ဆင်ရေးအမိန့်ကို ထုတ်ပြန် ၍ ဘာလင်မြို့တွင်းမြို့ပြင်ရှိ တပ်များအားလုံးကို အုပ်ချုပ်ရသည့် ဗိုလ်ချုပ် ဖရွမ်း၏အမည်ကို အသုံးပြုကာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သော်လည်း ဗိုလ်ချုပ်ဖရွမ်း အား ယခုအချိန်အထိ ဤအကြောင်းကို လုံးဝအသိမပေးရသေးဘဲ ဖြစ်နေသည်။ သို့ဖြစ်ရာ သူသည် ချက်ချင်းပင် ဗိုလ်ချုပ်ဖရွမ်းရှိရာ ရုံးခန်းသို့သွားရောက်ကာ ဌာနချုပ်စခန်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား၍ ခေါင်းဆောင်ကြီးဟစ်တလာ သေဆုံး သွားပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ အာဏာသိမ်းစစ်ဆင်ရေး အစီအစဉ်များကို ဗိုလ်ချုပ် ဖရွမ်းကိုယ်တိုင် ဦးစီးဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောလ်ဘရစ်သည် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်၏ ပြောပြချက်အရ ဟစ်တလာ သေဆုံးပြီဟူ၍ တကယ်ပင်ယုံကြည်ခဲ့သည့်ပြင် ဟစ်တလာဆန့်ကျင် ရေး လှုပ်ရှားမှုကို မူလကပင် စိတ်အားထက်သန်စွာ လျှို့ဝှက်လုပ်ဆောင်လာခဲ့သူ ဖြစ်သည့်အလျောက် ဗိုလ်ချုပ်ဖရွမ်းအား ယခုကဲ့သို့ ရဲဝံ့ပြတ်သားစွာ သွားရောက် ပြောကြားခြင်းဖြစ်သည်။

သို့သော် ဗိုလ်ချုပ်ဖရွမ်းမှာမူ ဗိုလ်ချုပ်အောလ်ဘရစ်ကဲ့သို့မဟုတ်ဘဲ ဟစ်တ လာ ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် အစဉ်တစိုက်တွေဝေ၍ မပြတ်မသားဖြစ်လာခဲ့ သည့်ပြင် အခြေအနေအရ 'မီးစင်ကြည့်ကမည်' ဟူသော စိတ်ထားမျိုးရှိနေသူဖြစ် သည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်ဖရွမ်းသည် ဟစ်တလာ သေဆုံးပြီဖြစ်၍ အာဏာသိမ်း စစ်ဆင်ရေးတပ်များကို မိမိအား ကွပ်ကဲဦးစီးရန် ဗိုလ်ချုပ်အောလ်ဘရစ်က လာရောက်ပြောကြားသည့်အခါ ရုတ်တရက် မယုံကြည် လက်မခံသေးဘဲ ဟစ်တ

www.burmeseclassic.com

www.burmeseclassic.com



လာ တကယ်သေမသေသည်ကို ဌာနချုပ်သို့ ဖုန်းလှမ်းဆက်၍ စုံစမ်းကြည့် ဟု ပြောလိုက်သည်။ ဗိုလ်ချုပ်အောလ်ဘရစ်ကလည်း ဗိုလ်မှူးကြီးစတပ်ဖင် ၏ ပြောကြားထားချက်အရ ဌာနချုပ်စခန်းမှ ဆက်သွယ်ရေးတာဝန်ခံ ဗိုလ် ဖဲလ်ဂျီဘဲလ်သည် ဘာလင်မြို့တော်နှင့် ဌာနချုပ်အကြားရှိ အဆက်အသွယ် ကို လောလောဆယ် ဖြတ်တောက်ထားလိုက်ပြီဟု တစ်ထစ်ချယုံကြည်နေခဲ့ သို့ယုံကြည်သည့်အတိုင်းလည်း ဗိုလ်ချုပ်ဖရွမ်းက ဌာနချုပ်သို့ ဖုန်းဆက် မည်ဟု ပြောလာသောအခါ ဆက်၍ရလိမ့်မည်မဟုတ်ဟု ယူဆကာ မည် မပြောဘဲ အသာကြည့်နေလိုက်သည်။

သို့သော် ဗိုလ်ချုပ်အောလ်ဘရစ်မှာ အထင်နှင့်အမြင် ပါစင်အောင် သည်ကို တွေ့လိုက်ရသဖြင့် အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားခဲ့ရ အဘယ့်ကြောင့်ဆိုသော် ဗိုလ်ချုပ်ဖရွမ်းက တယ်လီဖုန်းစကားပြောခွက်ကို ကိုင်၍ ဌာနချုပ်ချုပ်စခန်းမှ ဗိုလ်ချုပ်ကိုက်တဲလ်ထံ ဆက်လိုက်သည်နှင့် နက် လက်ခံစကားပြောသည့်အသံကို ကြားလိုက်ရသောကြောင့်တည်း။

ဖရွမ်း။ ။ ဌာနချုပ်မှာ ဘာတွေဖြစ်ကုန်ပြီလဲ၊ အခု ဘာ ကောလဟာလသတင်းတွေ တော်တော်ဆိုးဆိုးဝါးဝါး ကြ ရတယ်။

ကိုက်တဲလ်။ ။ ဘာဖြစ်ရမလဲ၊ ဒီမှာ အားလုံးအခြေအနေကောင်းပါ ခါတိုင်းလိုပါပဲ။

ဖရွမ်း။ ။ ကျွန်တော့်ဆီကို ယခုပဲ ခေါင်းဆောင်ကြီး ဟစ် လုပ်ကြံခံရတယ်လို့ သတင်းရောက်လာတယ်၊ အဲဒါ ဘ လဲ။

ကိုက်တဲလ်။ ။ အလကားပါ၊ ဒီသတင်းဟာ အဓိပ္ပာယ်မရှိပါဘူး ကြံဖို့ ကြိုးစားခဲ့တာတော့ မှန်တယ်၊ ဒါပေမဲ့ ဒီလုပ် ဟာ မအောင်မြင်ပါဘူး။ ခေါင်းဆောင်ကြီးမှာ ဒဏ်ရာ နည်းပါးပါး မဖြစ်စလောက်ပဲ ရသွားတယ်၊ မသေ ဒါ့ထက် နေပါဦး၊ ခင်ဗျားရဲ့စစ်ဦးစီးမှူး ဗိုလ်မှူးကြီး စ ဘတ်ကော ဘယ်ရောက်နေလဲ။

ဖရွမ်း။ ။ စတပ်ဘတ် ကျွန်တော်တို့ဆီ ပြန်မရောက်လာသေး

ဗိုလ်ချုပ်အောလ်ဘရစ်သည် ဗိုလ်ချုပ်ဖရွမ်းနှင့် ဗိုလ်ချုပ်ကိုက်တဲ တယ်လီဖုန်းဖြင့် အထက်ပါအတိုင်း အပြန်အလှန်ပြောဆိုနေကြသည်ကို လိုက်ရပြီးနောက် ရုတ်တရက် ကြက်သေသေကာ ဘာလုပ်ရမှန်းမသိ



ဖြစ်သွားမိသည်။ ထို့နောက် သူသည် ဗိုလ်ချုပ်ဖရွမ်းအား စကားတစ်ခွန်း ဆက်မပြောနိုင်တော့ဘဲ ချာခနဲလှည့်ထွက်လာခဲ့မိသည်။

ထိုအခိုက်မှာပင် ဟစ်တလာဆန့်ကျင်ရေး လှုပ်ရှားမှုတစ်ခုလုံး၏ အရေး အကြီးသော ခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်ဘက်ခ်သည် ဘာလင်မြို့တွင်းသို့ ရောက်လာခဲ့သည်။ သူသည် ဌာနချုပ်စခန်း၌ ဗုံးပေါက်ကွဲသည့်သတင်းနှင့် အဆိုပါ ပေါက်ကွဲမှုကြီးကို စွန့်စွန့်စားစား တာဝန်ယူလုပ်ဆောင်ခဲ့သည် ဗိုလ်မှူး ကြီးစတပ်ဖင်ဘတ် ဘာလင်သို့ ပြန်ရောက်လာပြီဟူသောသတင်းကို ကြားရသဖြင့် အာဏာသိမ်းရေး အစီအစဉ်များကို ဦးဆောင်ကွပ်ကဲရန် ရောက်ရှိလာခြင်းဖြစ် သည်။ သို့သော် တကယ့်တကယ်တွင်မူ ဘာလင်မြို့တော်၌ အာဏာသိမ်းရေး အစီအစဉ်များကို ထိုနေ့က ဆက်လက်ဦးဆောင်ခဲ့ရသူမှာ ဗိုလ်မှူးကြီးစတပ်ဖင် ဘတ် ဖြစ်ကြောင်း မကြာမီ အထင်အရှားတွေ့မြင်ကြရသည်။

လေယာဉ်ကွင်းမှ ဘာလင်မြို့တွင်းရှိ စစ်ရုံးချုပ်သို့ ကက်ဦးထုပ်ပင် ပါမလာ တော့ဘဲ မောကြီးပမ်းကြီးဖြင့် စတပ်ဖင်ဘတ် ရောက်လာသည့်အခါ အချိန်မှာ ညနေ ၄ နာရီ မိနစ် ၃၀ တိတိရှိနေပြီဖြစ်သည်။ သူသည် ချက်ချင်းပင် ဗိုလ် ချုပ်ဘက်ခ်၊ ဗိုလ်ချုပ်အောလ်ဘရစ်နှင့် အခြားခေါင်းဆောင်များနှင့် တွေ့ဆုံကာ ဌာနချုပ်စခန်းတွင် ချိန်ကိုက်ဗုံးကို မိမိမည်ကဲ့သို့ဖောက်ခွဲခဲ့ပုံနှင့် ဗုံးပေါက်ကွဲ၍ အစည်းအဝေးခန်းမဆောင်ကြီးတစ်ခုလုံး လွင့်စင်ပျက်စီးသွားပုံများကို မိမိမျက်စိ နှင့် တပ်တပ်အပ်အပ် မြင်ခဲ့ရကြောင်း ပြန်လည်အစီရင်ခံခဲ့သည်။

ဤတွင် ဗိုလ်ချုပ်အောလ်ဘရစ်က မိမိသည် ယခုပင် ဗိုလ်ချုပ်ဖရွမ်းထံမှ ပြန်လာခဲ့ကြောင်း၊ ဗုံးပေါက်ကွဲ၍ ဟစ်တလာ သေဆုံးပြီဟူသော မိမိ၏သတင်းကို ဗိုလ်ချုပ်ဖရွမ်းက မယုံကြည်သဖြင့် ဌာနချုပ်စခန်းသို့ မိမိရှေ့မှာပင် ဖုန်းဆက်မေး မြန်းခဲ့ကြောင်း၊ ဌာနချုပ်မှ ကိုက်တဲလ်ကိုယ်တိုင်က ဟစ်တလာမှာ မသေဘဲ ဒဏ်ရာအနည်းငယ်သာ ရရှိသည်ဟူ၍ ပြန်လည်ဖြေကြားခဲ့သည်ကို မိမိကြားခဲ့ရ ကြောင်း စသည်ဖြင့် ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်အား အကျိုးအကြောင်းပြောပြခဲ့ သည်။ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်ကလည်း ဤကိစ္စမှာ ဗိုလ်ချုပ်ကိုက်တဲလ်က အချိန်ဆွဲထားရန် အကြံအစည်ဖြင့် လိမ်လည်ပြောကြားခြင်းဖြစ်ဟန်တူကြောင်း မိမိမျက်စိဖြင့် မြင်ခဲ့ရသလောက်ဆိုပါက ဟစ်တလာမှာ လုံးဝအသက်ရှင်နိုင် အကြောင်းမရှိကြောင်း၊ အကယ်၍ မသေသည့်တိုင်အောင် ဒဏ်ရာပြင်းထန်စွာ ရမည်မှာ သေချာကြောင်းစသည်ဖြင့် ပြန်လည်ရှင်းပြခဲ့သည်။

ထို့ပြင် စတပ်ဖင်ဘတ်က ဆက်လက်၍ ယခုကိစ္စတွင် ဟစ်တလာ သေ သည်ဖြစ်စေ၊ မသေသည်ဖြစ်စေ မိမိတို့၏ အာဏာသိမ်းရေးအစီအစဉ်များကို

www.burmeseclassic.com

www.burmeseclassic.com



မလုပ်လျှင် မဖြစ်တော့ကြောင်း ယခုအခါ အားလုံးခြေလွန်လက်လွန်ဖြစ်ကု
ကြပြီဖြစ်သဖြင့် နောက်ဆုတ်၍ မရတော့ဘဲ ခြေမြန်လက်မြန်ဖြင့် နာဇီအုပ်စု
ကို အပြီးသတ် တော်လှန်ကြရန်သာရှိတော့ကြောင်း ထပ်မံပြောကြားရာ ဗိုလ်ချု
ဘက်ခ်ကလည်း ဤအချက်ကို ထောက်ခံခဲ့သည်။

မှန်သည်၊ ဟစ်တလာဆန့်ကျင်ရေးသမားများအဖို့ ယခုအခါ လမ်းတစ်လ
တည်းသာရှိသည်။ ဂျာမနီနိုင်ငံကြီးအား နာဇီဝါဒီများနှင့် နာဇီအစိုးရ၏ အကြ
ဖက် အုပ်စိုးမှုအောက်မှ ကယ်တင်ရန်အတွက် မိနစ်မဆိုင်း စက္ကန့်မဆိုင်း ဖွ
တစ်ခုတည်းသောလမ်းအတိုင်း ဆက်လက်ချီတက်သွားကြရန်သာရှိသည်။

သို့သော် သူ့အတွက်ခက်နေသည်မှာ ရှေ့သို့ဆက်လက်ချီတက်ရမည်ဖြ
သော်လည်း မည်သို့မည်ပုံချီတက်ရမည်ကို မစဉ်းစားတတ်အောင် ဖြစ်နေကြသည်
လပေါင်းများစွာက ကြိုတင်ပြင်ဆင်ထားခဲ့ကြသည့် အာဏာသိမ်းရေးအစီအစဉ်မျ
မှာ ယခုထက်တိုင် စတင်အကောင်အထည်မဖော်ရသေးဘဲ ဖြစ်နေကြရာ မိမိ
ဘက်က လက်ဦးမှုမရဘဲ ဖြစ်နေကြသည်ကို တွေ့ရသည်။ ယုတ်စွအဆုံး လ
နက်ကိုင်တပ်များကို စုရုံးခြင်းမပြုနိုင်သေးမီ အတောအတွင်း ဘာလင်ရဲအဖွဲ့
အကူအညီဖြင့် အလွန်အရေးကြီးသည့် အသံလွှင့်ဌာနကို ခြေမြန်လက်မြန်သိ
ပိုက်ကာ မိမိတို့အာဏာသိမ်းရေး ကြေညာချက်များနှင့် အမိန့်ပြန်တမ်းများ
ဆောလျင်စွာ ထုတ်ပြန်ကြေညာသင့်ခဲ့ကြသည်မဟုတ်ပါလော။

ဟစ်တလာဆန့်ကျင်ရေး ဂိုဏ်းသားတစ်ဦးဖြစ်သော ဘာလင်မြို့တေ
**ရဲမင်းကြီး** ဗွန်ဘဲလ်ဒေါ့ဖ်သည် ယနေ့ ဂျူလိုင် ၂၀ ရက်နေ့တွင် အာဏာသိမ်းရေ
**အစီအစဉ်**များ အကောင်အထည်ပေါ်လိမ့်မည်ဟု သိရှိထားသဖြင့် နေ့လ
မွန်းတည့်ချိန်လောက်မှ စတင်ကာ ရဲအဖွဲ့ကြီးတစ်ခုလုံးကို 'တပ်လှန့်' ထ
သည်။ သက်ဆိုင်ရာမှ အာဏာသိမ်းရေးအမိန့်ရောက်လာသည်နှင့်တစ်ပြိုင်န
ကျရာတာဝန်ကို အမြန်ဆုံးထမ်းရွက်ရန် အသင့်စောင့်နေခဲ့သည်။ သို့သေ
တစ်နေကုန်တစ်နေခမ်း စောင့်နေသည့်တိုင်အောင် ဘာအမိန့်မှ ဘာညွှန်ကြား
မှ ရောက်မလာသောအခါ ရဲမင်းကြီး ဟဲလ်ဒေါ့ဖ်သည် ညနေ ၄ နာရီတိ
အချိန်တွင် သည်းမခံနိုင်တော့ဘဲ စစ်ရုံးချုပ်ရှိရာ ဘင်ဒလာလမ်းဘက်သို့ အ
အနေကို အကဲခတ်ရန် ထွက်လာခဲ့သည်။ စစ်ရုံးချုပ်တွင် ဗိုလ်ချုပ်အောလ်ဘရစ်
တွေ့၍ အကျိုးအကြောင်းစုံစမ်းကြည့်ရာ အောလ်ဘရစ်က ဘာလင်ရဲအဖွဲ့
သည် **အာဏာသိမ်း** တပ်မတော်၏အမိန့်ကို နာခံကြရမည်ဟု ပြောလိုက်သ
ရဲမင်းကြီး ဟဲလ်ဒေါ့ဖ်မှာ သည်အတိုင်းပြန်လာခဲ့ရသည်။ သို့သော် သူသ
အခိုက်အတိ အာဏာသိမ်း တပ်မတော်ကြီးကို မမြင်ရ မတွေ့ရသေး၊ ဘယ်



ရောက်နေမှန်းလည်း မသိရသေးဘဲ သူ့မျက်စိအောက်တွင် **ဗိုလ်ချုပ်များနှင့်**
ဗိုလ်မှူးကြီးများသာ ဟိုပြေးလိုက် သည်ပြေးလိုက်ဖြင့် **အမိန့်ပေးစရာ စစ်သား**
တစ်ယောက်မှမရှိဘဲ ဗျာများနေကြသည်ကို တွေ့ခဲ့ရသည်။

ယင်းသို့အခြေအနေမှာ အီလည်လည်ဖြစ်နေခိုက် စိတ်မြန်ကိုယ်မြန်ရှိလှ
သော ဗိုလ်မှူးကြီးစတာဝ်ဖင်ဘတ်သည် ပြင်သစ်နိုင်ငံ ပါရီမြို့တော် ဂျာမန်စစ်ဌာန
ချုပ်ရှိ သူ၏ညီတစ်ဝမ်းကွဲတော်သူ ဒုဗိုလ်မှူးကြီး ဟိုဖက်ကာထံ မိမိတို့ဘက်တော်
သားများ ပါရီတွင် အာဏာသိမ်းကြရန် ဖုန်းဖြင့်လှမ်း၍အကြောင်းကြားလိုက်
သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ဟစ်တလာဆန့်ကျင်ရေးသမားများကို ဦးဆောင်နေ
သူမှာ ဗိုလ်ချုပ်ဟိန်းနရစ် ဆိုသူဖြစ်၍ စစ်ရေးနှင့် နိုင်ငံရေး နှစ်ဖက်စလုံးတွင်
ထူးချွန်ကျင်ထက်မြက်သူတစ်ဦးဖြစ်သည်။ ထိုနေ့က သူသည် အာဏာသိမ်းရေး
အစီအစဉ်များကို လုပ်ဆောင်ခဲ့ရာ၌ ဘာလင်မြို့တော်မှ ဗိုလ်ချုပ်များထက်ပို၍
အောင်မြင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ညနေ
၆ နာရီခန့်တွင် ဘာလင်ရှိ ဗိုလ်မှူးကြီးစတာဝ်ဖင်ဘတ်ထံမှ ညွှန်ကြားချက်ရောက်
လာပြီးနောက် ပါရီမှ ဗိုလ်ချုပ်ဟိန်းနရစ်သည် ဟစ်တလာ၏ ခါးပိုက်ဆောင်တပ်
သားဖြစ်ကြသော ရှုပ်နက်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အရာရှိ အကြပ်နှင့်
တပ်သားပေါင်း ၁၂၀၀ ခန့်ကို နေမဝင်မီပင် အားလုံးဖမ်း၍ ချုပ်နှောင်ထားပြီး
ဖြစ်နေခဲ့သည်။ အကယ်၍သာ ဘာလင်မှ ဟစ်တလာဆန့်ကျင်ရေးခေါင်းဆောင်
များသည် ယခုပါရီမှ ဗိုလ်ချုပ်ဟိန်းနရစ်ကဲ့သို့ လုပ်ရည်ကိုင်ရည် ထက်ထက်
မြက်မြက်ရှိကြမည်ဆိုပါက ဒုတိယကမ္ဘာစစ်ကြီးနှင့် ဂျာမနီနိုင်ငံ၏ သမိုင်းကြောင်း
သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစရာပင် ရှိနေပေသည်။

သို့ဖြင့် အာဏာသိမ်းရေးအစီအစဉ်တစ်ခုလုံး၏ ဦးစီးဦးကိုင်ဖြစ်လာသော
ဗိုလ်မှူးကြီးစတာဝ်ဖင်ဘတ်သည် ပါရီသို့လှမ်း၍ ညွှန်ကြားချက်ထုတ်ပြန်ပြီးနောက်
ဆက်လက်၍ အခြားအရေးကြီးသော တာဝန်တစ်ခုကို ထမ်းရွက်ခဲ့ပြန်သည်။
ယင်းတာဝန်မှာ အခြားမဟုတ်၊ ဗိုလ်ချုပ်ဖရွမ်းထံ သွားရောက်တွေ့ဆုံ၍ မိမိတို့နှင့်
ပွင့်ပွင့်လင်းလင်း ပူးပေါင်းပါဝင်ရန် ဆွေးနွေးတိုက်တွန်းခဲ့ခြင်းပင်ဖြစ်သည်။

အမှန်စင်စစ် ဗိုလ်ချုပ်ဖရွမ်းသည် ဘာလင်မြို့ပြင်ရှိ လက်နက်ကိုင်တပ်
များအားလုံးကို အုပ်ချုပ်ရသည့်တာဝန်ခံ တပ်မှူးကြီးဖြစ်သည့်ပြင် ဗိုလ်မှူးကြီး
စတာဝ်ဖင်ဘတ်၏ အထက်အရာရှိလည်းဖြစ်သည်။ ဗိုလ်ချုပ်ဖရွမ်းသာ မိမိတို့နှင့်
ပူးပေါင်းခဲ့ပါက အာဏာသိမ်းပွဲကြီးမှာ မုချအောင်မြင်ရမည်ဟု အားလုံးက

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ထားကြသည်။ သို့ဖြစ်ရာ ဗိုလ်ချုပ်ဖရွမ်းနှင့် ထပ်မံတွေ့ဆုံဆွေးနွေးရန် အတွက် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ဗိုလ်ချုပ်အောလ်ဘရစ်နှင့်အတူ သွား ရောက်ခဲ့သည်။

ဗိုလ်ချုပ်ဖရွမ်းနှင့် တွေ့လျှင်တွေ့ချင်း ဗိုလ်ချုပ်အောလ်ဘရစ်က ဟစ်တလာ သေဆုံးသည်မှာ အမှန်တကယ်ဖြစ်ကြောင်း ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်ကိုယ်တိုင် မြင်တွေ့ခဲ့ကြောင်း ပြောပြရာ ဗိုလ်ချုပ်ဖရွမ်းက လက်မခံနိုင်ဘဲဖြစ်နေပြန်သည်။

'ဒါ လုံးဝမဖြစ်နိုင်ဘူး၊ ကိုက်တဲလ်ကိုယ်တိုင်က ကျုပ်ကို ဒီသတင်းမမှန် ဘူးလို့ ပြောနေတာပဲ'

'ဒါကတော့ ထုံးစံအတိုင်း ကိုက်တဲလ်က လိမ်ပြောတာဖြစ်မှာပါ။ ကျွန်တော် ကိုယ်တိုင် ဟစ်တလာရဲ့အလောင်းကို သယ်သွားတာ မြင်ခဲ့ရတာပဲ'

စတပ်ဖင်ဘတ်က ကြားဖြတ်၍ ဝင်ပြောလိုက်ရာ ဗိုလ်ချုပ်ဖရွမ်းမှာ ရုတ် တရက် ဘာမှပြန်မပြောနိုင်ဘဲ ဖြစ်သွားသည်။ မိမိ၏လက်အောက်မှ စစ်ဦးစီးမှူး တစ်ယောက်ဖြစ်သည့်ပြင် အရာရာတွင် တည်တည်ငြိမ်ငြိမ် အိန္ဒြေရရဖြင့် မြင်သူ တိုင်း လေးစားရသည့် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်ကိုယ်တိုင်က သူ့မျက်စိဖြင့် တပ်အပ်သေချာမြင်ခဲ့ရပါသည်ဟု ဆိုလာသောကြောင့် ဗိုလ်ချုပ်ဖရွမ်းမှာ ရုတ်တ ရက် ခပ်တွေတွေဖြစ်သွားမိသည်။ အကယ်၍ စတပ်ဖင်ဘတ် ပြောသည့်အတိုင်း ဟစ်တလာသည် အမှန်တကယ်ဖြစ်နေပါက မိမိသည် ဤလူများနှင့်ပူးပေါင်း၍ အာဏာသိမ်းပွဲကို ဝင်ရောက်ဆင်နွှဲရန်သာရှိတော့သည် မဟုတ်ပါလော။

ယင်းသို့ ဗိုလ်ချုပ်ဖရွမ်း၏ စိတ်ထဲတွင် မဝေခွဲနိုင်ဘဲ ဒွိဟနစ်ခွဲဖြစ်နေစဉ် ဗိုလ်ချုပ်အောလ်ဘရစ်က ဗိုလ်ချုပ်ဖရွမ်းအား မိမိတို့ဘက်သို့ အမြန်ဆုံးပါလာစေ ရန် ရည်ရွယ်၍ 'ဘာပဲဖြစ်ဖြစ် အာဏာသိမ်းအစီအစဉ်တစ်ခုဖြစ်သော 'ဗာလ်ကီ ရီစစ်ဆင်ရေး' အမိန့်ကိုမူ မိမိတို့ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း' ပြောလိုက်ရာ ဗိုလ်ချုပ်ဖရွမ်းသည် မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် ရုတ်တရက် ဒေါသူကာ ထိုင်ရာမှ ဖြုန်းခနဲထလိုက်သည်။

'ဟင် ဟုတ်လား၊ ဒါဘယ်သူ့အမိန့်ထုတ်လာလဲဟင်။ ဒါဟာ သက်သတ် အထိက်အမိန့်ကို အလွဲသုံးစားလုပ်တာပဲ'

ဤတွင် ဗိုလ်ချုပ်အောလ်ဘရစ်သည် မနေသာတော့ဘဲ ယင်းအမိန့်ကို ဗိုလ်ချုပ်ဖရွမ်းကိုယ်စား ဗိုလ်မှူးကြီးကွာဟိမ်းက ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း ပြောပြရသည်။

'ကဲ ဒီလိုဆိုရင် ကွာဟိမ်းကို ခေါ်စမ်း'

ဗိုလ်ချုပ်ဖရွမ်းသည် မိမိမသိဘဲ နာမည်အလွဲသုံးစားလုပ်ရကောင်းလား။



ဒေါ်ကာ ပိုရှုံဒေါပွလာပြီး ဗိုလ်မှူးကြီးကွာဟိန်းအား အစောင့်စစ်သားကိုလွှတ်၍ ချက်ချင်းအခေါ်ခိုင်းလိုက်သည်။ ထို့နောက် ဗိုလ်မှူးကြီးကွာဟိန်းရောက်လာရာ ဗိုလ်ချုပ်ကြီးဖရွမ်းသည် 'အထက်အမိန့်အလွဲသုံးစားမှု' ဖြင့် ချက်ချင်းဖမ်းချုပ်ရန် အမိန့်ပေးလိုက်သည်။

ဗိုလ်ချုပ်ဖရွမ်း၏အပြုအမူမှာ ပို၍တင်းမာလာသည်ဖြစ်ရာ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် သူ့အထက်အရာရှိကြီးအား နောက်ဆုံး စည်းရုံးသိမ်းသွင်း သည့်အနေဖြင့် ပြောလိုက်သည်။

'ဒီမယ် ဗိုလ်ချုပ် ဟစ်တလာရဲ့အစည်းအဝေးခန်းထဲမှာ ကျွန်တော်ကိုယ် တိုင် ဗုံးထောင်ခဲ့တာပါ။ ဗုံးပေါက်ကွဲတဲ့အရှိန်ဟာ ၁၅၅ မီလီမီတာ အမြောက်ဆံ ကျသလောက် ပြင်းထန်ပါတယ်၊ အဲဒီအစည်းအဝေးခန်းထဲမှာ ရှိတဲ့လူတွေ တစ် ယောက်မှ အသက်မရှင်နိုင်ပါဘူး'

သို့သော် ဗိုလ်ချုပ်ဖရွမ်းမှာ ထိုအချိန်တွင် တစ်စုံတစ်ခုကို စိတ်ပိုင်းဖြတ်ပြီး ပြီဖြစ်ရာ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်၏စကားကို လုံးဝမယုံကြည်တော့ဘဲ မျက်နှာ တင်းတင်းဖြင့် ပြန်၍အမိန့်ပေးလိုက်သည်။

'စတပ်ဖင်ဘတ်၊ မင်းရဲ့လုပ်ကြံမှုဟာ မအောင်မြင်ဘဲဖြစ်သွားပြီ။ အဲဒီတော့ မင်းကိုယ်မင်း ခုချက်ချင်းပစ်သတ်ရလိမ့်မယ်'

ဗိုလ်ချုပ်ဖရွမ်းက အထက်ပါအတိုင်း အမိန့်ပေးလိုက်ရာ စိတ်ဓာတ်တည်ငြိမ် သူသော စတပ်ဖင်ဘတ်ကလည်း သူ့ကိုယ်သူ သတ်မသေနိုင်ကြောင်း အမိန့်ကို နာခံနိုင်ကြောင်း အိန္ဒြေရရဖြင့်ပြန်ပြောသည်။

ဤတွင် ဗိုလ်ချုပ်ဖရွမ်းသည် 'ပေါက်သည့်နဖူး မထူးတော့ပြီ'ဟူ၍ စိတ် ပိုင်းဖြတ်ကာ ဤရုံးခန်းထဲသို့ရောက်နေကြသည့် စတပ်ဖင်ဘတ်နှင့် အောလ်ဘရစ် တို့အား စောစောက ကွာဟိန်းနှင့်အတူ သုံးယောက်စလုံးကို မိမိဖမ်းမိဆီးလိုက် ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

သို့သော် ခေါင်းဆောင်ကြီး ဟစ်တလာကိုပင် လုပ်ကြံ၍ အာဏာသိမ်းရန် ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပြီးဖြစ်နေကြသော စတပ်ဖင်ဘတ်နှင့် အောလ် ဘရစ်တို့သည် မိမိတို့၏ 'ရန်သူ' ဖြစ်သွားပြီဖြစ်သော ဗိုလ်ချုပ်ဖရွမ်းအား ရန်သူ လိုပင် သဘောထားလိုက်ကြတော့သည်။

'ခင်ဗျားအမိန့်က ပြောင်းပြန်ဖြစ်နေပြီ၊ ကျုပ်တို့က ခင်ဗျားကို ပြန်ဖမ်းရ လိမ့်မယ်'

ပြောပြောဆိုဆိုဖြင့် ဗိုလ်ချုပ်အောလ်ဘရစ်နှင့် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်တို့ သည် ဗိုလ်ချုပ်ဖရွမ်းအား ပစ္စတိုသေနတ်များဖြင့် ချိန်၍ဖမ်းလိုက်ကြပြီး အခြား

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခန်းထဲသို့သွင်းကာ ဗိုလ်မှူးလီယွန်ယော့ဆိုသူအား အစောင့်ချ ကြသည်။ အပြင်နှင့် ဆက်သွယ်မှုမလုပ်နိုင်စေရန် အဆိုပါအခန်းထဲမှ တ ဖုန်းကြိုးများကိုလည်း ဖြတ်ပစ်ခဲ့ကြသည်။

ထို့နောက် အခြေအနေမှာ ပို၍တင်းမာပြတ်သားလာခဲ့ပြီဖြစ်ရာ ဗိုလ် ကြီးစတာပ်ဖင်ဘာတ်သည် သူ့ရုံးခန်းသို့ပြန်အရောက်တွင် သူ့အားဖမ်းဆီးရန် နေသော ရှပ်နက်တပ်ဖွဲ့မှ ဗိုလ်မှူးတစ်ယောက်နှင့် လုံခြုံရေးတပ်ဖွဲ့မှ တပ် နှစ်ယောက်ကို ပြန်၍ဖမ်းဆီးချုပ်နှောင်ကာ အခြားရုံးခန်းအလွတ်တစ်ခုထဲ ထည့်ထားလိုက်ရသည်။ အလားတူပင် ဗိုလ်ချုပ်အောလ်ဘရစ်သည်လည်း သို့ရောက်လာပြီး အခြေအနေကို စုံစမ်းသော အမှတ် ၃ နယ်မြေ တပ်မှ ဗိုလ်ချုပ် ကော့စ်ဖလိုက်ကိုလည်း ဖမ်း၍ချုပ်နှောင်ထားလိုက်ရသည်။

ထိုသို့ ရှပ်နက်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ မိမိတို့စစ်ရုံးချုပ်အ သို့ အလွယ်တကူ ဝင်ရောက်လာနိုင်ကြသည်ကို တွေ့တော့မှ ဟစ်တလာဆန့် ရေးဂိုဏ်းသားများသည် မိမိတို့၏ 'သူပုန်ဌာနချုပ်' ဖြစ်သော စစ်ရုံးချုပ်အဆော အဦပတ်ပတ်လည်တွင် အစောင့်တပ်တစ်တပ်ချထားရန် အရေးတကြီး လိုအ သည်ကို နားလည်သဘောပေါက်မိကြသည်။ သို့ဖြင့် ညနေ ၅ နာရီသာသာခန့် ၎င်းတို့သည် အဆိုပါဌာနချုပ်စစ်ရုံးကို လုံးလုံးလျားလျားကြီး သိမ်းပိုက်ထား ကြသည်။

သို့သော် အာဏာသိမ်းရေးသမားများသည် မိမိတို့၏ဌာနချုပ်ဖြစ် **စစ်ရုံး**ကို သိမ်းပိုက်နိုင်ခဲ့ကြသော်လည်း ဘာလင်မြို့တွင်းရှိ ဝီလျံလမ်းမ **နာဇီအစိုး**ရအဖွဲ့ဝင် ဝန်ကြီးများ၏ ရုံးအဆောက်အဦများကိုလည်းကောင်း၊ **စတာပိုဌာနချုပ်** ရုံးကြီးကိုလည်းကောင်း၊ ရှပ်နက်တပ်ဖွဲ့များနှင့် လုံခြုံရေးတ များ၏ ဌာနချုပ်ရုံးများကိုလည်းကောင်း အချိန်မီ သိမ်းပိုက်ခြင်းမပြုနိုင် ရှိနေခဲ့ကြ သည်။ အထူးဖြင့် နာဇီထိပ်တန်းခေါင်းဆောင်များအနက် ဟစ်တလ စိတ် အချရဆုံး လူယုံတော်တစ်ဦးဖြစ်သော နာဇီအစိုးရအဖွဲ့သစ် ဝါဒဖြန့်ချိရေ ကြီးဖြစ်သူ ဂိုးဘဲလ်သည် ထိုနေ့က ဘာလင်မြို့တွင်းရှိ သူ၏ရုံးခန်းတွင် ရှိ ရာ ဤမျှလောက် အရေးပါအရာရောက်သော ရန်သူတစ်ယောက်လုံးကို အ ချက်ချင်းသွားရောက်ဖမ်းဆီးခြင်းမပြုခဲ့ကြသည်မှာ အာဏာသိမ်းရေးသမား အတွက် မဟာအမှားတော်ကြီးပင်ဖြစ်ခဲ့သည်။

**နာဇီ**အစိုးရအဖွဲ့ဝင် ဝါဒဖြန့်ချိရေးဝန်ကြီး ဂိုးဘဲလ်သည် ထိုနေ့ည ဝီလျံလမ်းမကြီးပေါ်မှ သူ၏ရုံးခန်းတွင် ခါတိုင်းကဲ့သို့ပင် **ရုံးထိုင်လျက်ရှိ** သည်၊ သူ၏ရုံးခန်းအဆောက်အဦမှာလည်း ခါတိုင်းကဲ့သို့ပင် တစ်စုံတ



စစ်တပ်အစောင့်အရှောက်များ လုံ့ဝချထားခြင်းမရှိဘဲ **ငြိမ်သက်နေဆို** ခြားမရှိ ဝင်ထွက်သွားလာနေခဲ့ကြသည်။ အကယ်၍သာ **အာဏာသိမ်းရေးသ** များသည် နာဇီထိပ်တန်းခေါင်းဆောင်ကြီးများထဲမှ ဘာလင်မြို့**တော်တွင် တ** တည်းရှိနေသည့် ဂိုးဘဲလ်အား ချက်ချင်းအမြန်ဆုံး ဖမ်းဆီး**ကြမည်ဆိုပါက** ခဲခဲယဉ်းယဉ်း ကြိုးစားနေစရာမလို၊ ရဲမင်းကြီး ဟဲလ်ဒေါ့ဖ်နှင့်တိုင်ပင်၍ **လက်နက်** ကိုင်ရဲသားနှစ်ယောက်ကို တာဝန်ပေးလိုက်ရုံမျှဖြင့် တစ်မိနစ် နှစ်မိနစ်**အတွင်း** အလွယ်အကူပင် လက်ရဖမ်းဆီးနိုင်သည့် အခွင့်အရေးများ ရှိနေခဲ့ကြသည်။

သို့သော် ၎င်းတို့သည် ဤအခွင့်အရေးကို အချိန်မီ ရယူရကောင်းမှန်း**မသိ** အချိန်မီရယူရန်လည်း ကြိုးစားခြင်းမရှိခဲ့ကြဘဲ 'ခေါင်းဆောင်ကြီး ဟစ်တလာ သေမသေ' ဟူသောပြဿနာကို မိမိတို့ဘက်တော်သားအချင်းချင်း ပြေလည်**အောင်** ဖြေရှင်းနေကြရသည်နှင့်ပင် အလွန်အရေးကြီး၍ အလွန်အဖိုးတန်လှသည့်**အချိန်** များကို အလဟဿဖြုန်းတီးပစ်သလို ဖြစ်ခဲ့ကြရသည်။

နောက်ဆုံး၌ ဝါဒဖြန့်ချိရေးဝန်ကြီး ဂိုးဘဲလ်အား ဖမ်းဆီးချုပ်နှောင်မှု**ဖြစ်မည်** ဟူ၍ အလေးအနက် သဘောပေါက်ကာ ဘာလင်မြို့စောင့်တပ်ရင်းမှ တပ်ရင်း**မှူး** ဗိုလ်မှူးကြီးရမ်းမားအား တာဝန်ပေးလိုက်သောအခါ ထိုအချိန်မှာ အလွန့်**အလွန်** နောက်ကျနေပြီဖြစ်သည့်ပြင် ယင်းသို့အချိန်နှောင်းခဲ့သည်ကိုအကြောင်းပြု၍ **မိမိတို့** ၏အစီအစဉ်အားလုံး ကမောက်ကမဖြစ်ကုန်ကြသည်ကို တွေ့ရသည်။

အဘယ့်ကြောင့်ဆိုသော် ထိုအချိန်အထိ အာဏာသိမ်းရေးသမားများ**ဘက်မှ** လက်နက်ကိုင်တပ်များနှင့် တင့်ကားတပ်များသည် ဘာလင်မြို့တွင်းသို့ **အလုံး** အရင်းဖြင့် ဝင်ရောက်လာခြင်း မပြုနိုင်ကြသေးသော်လည်း ဟစ်တလာ၏ **အား** အကိုးရဆုံး လက်ရုံးကြီးတစ်ဦးဖြစ်သောဂိုးဘဲလ်သည် ဌာနချုပ်နှင့်အဆက်အသွယ် ရကာ ဟစ်တလာ အသက်မသေဘဲ ကျန်းမာပကတိ ချမ်းသာစွာရှိကြောင်း အတိအကျသိနေခဲ့ပြီဖြစ်သောကြောင့်တည်း။

သို့ဖြစ်ရာ အာဏာသိမ်းရေးသမားများအဖို့ မိမိတို့ဘက်တော်သားများအချင်း ချင်း 'ဟစ်တလာ သေမသေ' ကို ငါတစ်မျိုး သူတစ်ဖုံ အငြင်းအခုံများဖြစ်ပွား၍ အပြန်အလှန် ရှင်းလင်းရင်း ဘာလင်မြို့တွင်းသို့ အာဏာသိမ်းတပ်များ ချီတက် ရောက်လာကြမည့်အချိန်ကို စောင့်မျှော်ပြင်ဆင်နေကြခိုက် သူတို့မျှော်လင့်သည့် လက်နက်ကိုင်တပ်များနှင့် တင့်ကားတပ်များ၏အသံဗလံများကို မကြား**ရဘဲ** သူတို့မမျှော်လင့်သည့် အသံကိုသာ ကြားလိုက်ရသဖြင့် အကြီးအကျယ်**အံ့အားသင့်** သွားကြသည်။

ထိုအသံမှာ အခြားမဟုတ်၊ ဌာနချုပ်နှင့် အဆက်အသွယ်ရသွားခဲ့ပြီ**ဖြစ်သော**

www.burmeseclassic.com

www.burmeseclassic.com



ဝါဒဖြန့်ချိရေးဝန်ကြီး ဂိုးဘဲလ်၏လုပ်ဆောင်ချက်အရ ညနေ ၆ နာရီ ၄၅မိနစ် အချိန်တွင် ဘာလင်ရေဒီယိုမှ ထွက်ပေါ်လာသည့်အသံပင်ဖြစ်သည်။

'ဂရိတ်တား ဂျာမနီအသံလွှင့်ဌာန' ဟူ၍ အမည်ပေးထားသော ဘာလင် အသံလွှင့်ဌာနသည် အင်အားကြီးမားလှသည့် အသံလွှင့်စက်ကြီးများဖြင့် ဇူလိုင် လ ၂၀ ရက်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်အချိန်က အလွန်အရေးကြီးသည့် သတင်းတိုကလေးတစ်ပုဒ်ကို အသံလွှင့်ကြေညာသွားခဲ့သည်။ ထိုနေ့ ထိုရက် ထိုအချိန်က ဂျာမနီနိုင်ငံတစ်ဝှမ်းလုံးရှိ ဂျာမန်တစ်မျိုးသားလုံးသာမက ဥရော တစ်တိုက်လုံးရှိ နိုင်ငံအားလုံးတို့မှ ပီပီသသကြီး ကြားလိုက်ကြရသော ဘာလင် အသံလွှင့်ဌာနမှ အဆိုပါသတင်းကြေညာချက်မှာ အောက်ပါအတိုင်းပင်ဖြစ်သည်။

'ယနေ့ခေါင်းဆောင်ကြီး ဟစ်တလာ၏အသက်ကို ပေါက်ကွဲစေတတ် သည့် လက်နက်ဖြင့် လုပ်ကြံရန်ကြိုးစားမှုတစ်ခု ဖြစ်ပွားခဲ့ပါသည်။ ယင်းလုပ်ကြံမှုကြောင့် ထိုအချိန်က ခေါင်းဆောင်ကြီးနှင့်အတူရှိနေကြသူ များအနက် ဗိုလ်မှူးကြီးဘရန့်နှင့် ရုံးအမှုထမ်းတစ်ဦးဖြစ်သူ ဘာဂျားတို့မှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပါသည်။ ဗိုလ်ချုပ် ဂျိုဒဲလ်နှင့် အခြားဗိုလ်ချုပ် များဖြစ်ကြသော ကောတင်း၊ ဘူးဟဲလ်၊ ဘိုဒင်ချက်စ်၊ ဟူဆင်းဂါး ချဲ့ရစ်၊ ရေတပ်ဗိုလ်ချုပ်ကြီး ဗော့စ်နှင့် ဗွန်ပွတ်ကမ်းမား၊ ရေတပ်ဗိုလ် ကြီး အက်ခ်မန်းနှင့် ဒုဗိုလ်မှူးကြီး ဘော့ဂ်မန်းတို့မှာ ဒဏ်ရာအနည်းငယ် ရရှိသွားခဲ့ကြပါသည်။ ခေါင်းဆောင်ကြီးဟစ်တလာမှာ အနည်းငယ် ပွန်းပဲ့ ထိခိုက်သွားရုံမှအပ ဒဏ်ရာလုံးဝမရခဲ့ပါ။ ခေါင်းဆောင်ကြီးသည် ချက်ချင်း ပင် အလုပ်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်ကာ မူလသတ်မှတ်ထား သည့် အစီအစဉ်အတိုင်း အာဏာရှင်ကြီး မူဆိုလိုနီအား လက်ခံတွေ့ဆုံရန် အချိန်အတော်ကြာအောင် စကားစမြည်ပြောဆိုခဲ့ပါသည်။ ခေါင်းဆောင် ကြီး၏အသက်ကို လုပ်ကြံရန် ကြိုးပမ်းမှုဖြစ်ပွားပြီးနောက် ခဏအကြာ တွင် ဗိုလ်ချုပ်ကြီးဂိုးအားရင်းသည် ခေါင်းဆောင်ကြီးနှင့် လာရောက်တွေ့ဆုံ ခဲ့ပါသည်။*

* 'ဟစ်တလာကို ဆန့်ကျင်ခဲ့သော ဂျာမန်များ' စာမျက်နှာ ၁၀၆။

# မျှော်လင့်သောညတစ်ည

ဒီတုန်းက ဟောဒီနေရာမှာရှိတဲ့ စားပွဲဘေးမှာ ကျုပ်က ရပ်နေတာပေါ့၊ ဗုံး ကလည်း ကျုပ်ခြေထောက်ရဲ့ရှေ့နားမှာ ထကွဲတာပဲ။ ဒါကိုကြည့်ခြင်းအားဖြင့် ကျုပ်မှာ ရှေ့လျှောက်ဘာမှ မဖြစ်နိုင်တော့ဘူးဆိုတာ သိပ်ထင်ရှားတယ်။ ပြီးတော့ ကျုပ်အနေနဲ့ လုပ်စရာရှိတဲ့တာဝန်ကို အဆုံးထိအောင် ဆက်လုပ်နိုင်ဖို့သက်သက် ပဲဖယ်'တာပဲဆိုတာ ရှင်းနေတယ်။ ဒီနေ့ ဒီမှာ ဖြစ်တဲ့ အဖြစ်အပျက်ဟာ ကြီးအကျယ်ဆုံး ဖြစ်လိုက်တာပဲ၊ ဒါတောင် ကျုပ်မသေဘူးဆိုတော့ အရင်က ဆက်ပိုပြီး ကျုပ်သဘောပေါက်သွားတယ်။ အခုလောလောဆယ် တွေ့နေရတဲ့ ခက်အခဲတွေနဲ့ အန္တရာယ်တွေကို ကျော်လွှားပြီး ကျုပ်ရဲ့ယုံကြည်ချက်နဲ့ လုပ် ဆောင်မှုတွေအားလုံးဟာ နောက်ဆုံးကျရင် အောင်မြင်ရမယ်ဆိုတာ ကျုပ်တထစ်ချ ခဲ့သွားတယ်'

မကြာသေးမီ နာရီပိုင်းအတွင်းလောက်ကမှ ဗုံးပေါက်ကွဲ၍ ပြိုကျပျက်စီး သွားသော အစည်းအဝေးခန်းမဆောင် အဆောက်အဦး၏ အပျက်အစီးများနှင့် လောင်ကျွမ်း၍ ယခုထက်တိုင် မီးခိုးတအူအူထွက်နေဆဲဖြစ်သော သစ်သား တိုအစများအကြားတွင် ရပ်ကာ အထက်ပါစကားများကို ဂုဏ်ယူဝင့်ကြွားစွာ ဖြင့် ပြောကြားနေသူမှာအခြားသူမဟုတ်၊ ခေါင်းဆောင်ကြီး ဟစ်တလာပင်တည်း။

သူ့ဘေးနားတွင် မကြာသေးမီကမှ ဤစခန်းသို့ရောက်လာသော ဧည့်သည် တော်ကြီး မူဆိုလိုနီသည် ခေါင်းဆောင်ကြီး ဟစ်တလာ၏စကားများကို ပါးစပ် ဟောင်းသားဖြင့် နားထောင်နေမိသည်။ သူတို့နှစ်ဦး၏ဘေးပတ်ပတ်လည်တွင် ဗိုလ်ချုပ်ကြီးဂိုးအားရင်းနှင့်အတူ အခြားဂျာမန်ဗိုလ်ချုပ်များနှင့် စစ်ဦးစီးအဖွဲ့ဝင် များလည်း မတ်တတ်ရပ်လျက်ရှိနေကြသည်။

ဟစ်တလာသည် မြေပေါ်သို့ပြားပြားဝပ် ပြိုကျနေသည့် အပျက်အစီးများ အကြားတွင် ခပ်စောစောပိုင်းက ဗုံးပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပုံများကို စိတ်အား ထက်သန်စွာ ပြောပြလျက်ရှိသည်။ မိမိက ဘယ်နေရာတွင်ရှိနေ၍ ဘယ်ဗိုလ်ချုပ် ကြီးက ဘယ်နေရာတွင် ထိုင်နေပြီး ဗုံးက ဘယ်နေရာတွင် ပေါက်ကွဲခဲ့သည်စသည် ဖြင့် တစ်နေရာပြီး တစ်နေရာ လက်ညှိုးထိုးပြကာ ဤလုပ်ကြံမှုကြီးတွင် 'ဘုရား သခင်၏အလိုတော်အတိုင်း' မိမိမှာအသက်မဆုံးရှုံးဘဲ ဒဏ်ရာမဖြစ်စလောက်သာ ရပုံများကို ဂုဏ်ယူသည့်မျက်နှာထား အားရကျေနပ်သည့် အမူအရာဖြင့် ပြောပြ ခဲ့ရာ သူ့နံဘေးမှရပ်၍ နားထောင်နေသော ဧည့်သည်တော်ကြီး မူဆိုလိုနီမှာ အံ့တသြဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မူဆိုလိုနီ အံ့သြမည်ဆိုလျှင်လည်း တကယ်ပင်အံ့သြဖွယ်ရာဖြစ်သည်။ ဟစ်တလာသည် 'သေကံမရောက် သက်မပျောက်'- ဆိုသည့်စကားအတိုင်း အသက်ဘေးမှ သီသီကလေးလွတ်မြောက်လာခဲ့သည်။ အထူးသဖြင့် သူ့အသက်ကို အစီကထား၍ လုပ်ကြံရန် ထောင်ထားခဲ့သောဗုံးသည် အခြားသူများကို သေသေ ဒဏ်ရာအပြင်းအထန်ရသူရ ဖြစ်စေခဲ့သော်လည်း သူ့ကိုမူ သာမန်ပွန်းပဲ့ရုံ လောက်သာ ဒဏ်ရာရစေခဲ့သည်။ ဤသည်မှာ သူပြောသည့်အတိုင်း 'ကံကောင်း ခြင်းပင်ဖြစ်သည်။ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ် ချထားခဲ့သော လက်ဆွဲသားရေ အိတ်သည် မူလနေရာတွင်သာရှိနေမည်ဆိုပါက ဟစ်တလာမှာ မုချနေရာတွင် ပွဲချင်းပြီး သေဆုံးရမည်ဖြစ်သည်။ သို့သော် ဗုံးပေါက်ကွဲရန် တစ်မိနစ်ခန့်လောက် သာ လိုတော့သည့်အချိန်ကျမှ ဗိုလ်မှူးကြီးဘရန့်သည် စားပွဲပေါ်မှမြေပုံကို ကြည့်ရန် ရှေ့သို့အနည်းငယ်တိုးလိုက်သည်တွင် စားပွဲအောက်မှ ဗုံးထည့်ထားသော သားရေအိတ်နှင့် သွားထိမိပြီး သားရေအိတ်ကို လွတ်လွတ်ကင်းကင်းဖြစ်အောင် စားပွဲထောင့်ခံပျဉ်ပြားကြီး၏ အပြင်ဘက်သို့ ရွှေ့ထားလိုက်မိသည်။

သို့ဖြစ်ရာ ၁၂ နာရီ ၄၂ မိနစ်တိတိအချိန်တွင် ဝုန်းခနဲ ဗုံးပေါက်ကွဲသော အခါ ထုထည်ကြီးမားလှ၍ မာကျောလှသည့်စားပွဲအောက်မှ ထောက်ခံထားသော ပျဉ်ပြားကြီးသည် ဟစ်တလာ၏အသက်ကို ကာကွယ်ပေးလိုက်သလို ဖြစ်သွား သည်။ ဤထောင့်ခံပျဉ်ပြားကြီး၏ ထုထည်ကြီးမားမှုကြောင့် သားရေအိတ်ထဲမှ ချိန်ကိုက်ဗုံးပေါက်ကွဲမှုအရှိန်သည် ရှေ့သို့မသွားတော့ဘဲ နောက်သို့သာ ပြင်းထန် စွာ ရိုက်ခတ်ခဲ့သည်။ ဤသို့ဖြင့် ပျဉ်ပြားကြီး၏အတွင်းဘက်တွင် ရှိနေကြသူ ဟစ်တလာ၊ ဗိုလ်ချုပ်ဂျိုဒဲလ်၊ ဗိုလ်ချုပ်ကြီးကိုက်တဲလ်၊ ဟစ်တလာဟူဆင်း စသူတို့မှာ ဒဏ်ရာအနည်းငယ်စီသာ ရရှိခဲ့ကြပြီး ချိန်ကိုက်ဗုံးပါသောသားရေ အိတ်ကို ကိုယ်တိုင်လက်ဖြင့် နေရာရွှေ့ခဲ့သည့် ဗိုလ်မှူးကြီးဘရန့်နှင့်တကွ ဗိုလ်ချုပ်ကောတင်း၊ ဗိုလ်ချုပ်ရဲမွှန်နှင့် လက်နှိပ်စက် လက်ရေးတို ရုံးအမှုထမ်း ဘာဂျားတို့မှာ အတုံးအရုန်း သေဆုံးခဲ့ကြရသည်။ ၎င်းတို့အနက် ရုံးအမှုထမ်း ဘာဂျားမှာ ချိန်ကိုက်ဗုံးပေါက်ကွဲသည့်နေရာနှင့် အတန်ငယ်ဝေးသော်လည်း သူထိုင်နေသည့်နေရာမှာ အောက်ခံပျဉ်ပြားကြီး၏ တစ်ဖက်ထိပ်တည့်တည့်မှာ ရှိနေရာ ပေါက်ကွဲမှုအရှိန်သည် အဆိုပါပျဉ်ပြားကြီးအတိုင်း တစ်ဖြောင့်တည်း တန်းတန်းမတ်မတ်ကြီး 'ကန်' ထွက်သွားခဲ့ရာမှ ဘာဂျားမှာ နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ရသည်။

(ဤစာအုပ်ရှေ့ပိုင်းစာမျက်နှာတစ်နေရာတွင် ဖော်ပြ ထားသည့်ပုံကို ကြည့် ပါ ၊ စာရေးသူ)



ဗုံးပေါက်ကွဲ၍ အဆောက်အဦးကြီးတစ်ခုလုံး **လွင့်စဉ်ပျက်စီးသွားခဲ့ပြီး** မီးခိုးလုံးကြီးနှင့် ဖုံလုံးကြီးများ အလိပ်အလိပ်တက်နေစဉ် **ချက်ချင်းဆိုသလိုပင်** ဟစ်တလာသည် ဗိုလ်ချုပ်ကြီးကိုက်တဲလ်၏ပခုံးကို အားပြုကာ **မီးခိုးလုံးများနှင့်** ဖုံလုံးများအကြားမှ ဒယိမ်းဒယိုင်ဖြင့် ထွက်လာခဲ့ရသည်။ **မမျှော်လင့်ဘဲ ရုတ်** တရက်ဖြစ်ပွားသည့် ပေါက်ကွဲမှုကြောင့် ဟစ်တလာသည် **အကြီးအကျယ် တုန်** လှုပ်ချောက်ချားနေသော်လည်း သူ့ခြေထောက်နှစ်ဖက်နှင့် လက်ယာဘက်လက်တို့ တွင် အနည်းငယ်ထိခိုက်ပွန်းပဲ့သွားရုံမှတစ်ပါး သူ့မှာ အခြားဒဏ်ရာတစ်ခုမှ ပြင်းပြင်းထန်ထန်မရဘဲ ရှိခဲ့သည်။

ပထမတွင် ဟစ်တလာသည် ဗုံးပေါက်ကွဲသည်ဟု မထင်လိုက်ဘဲ ကောင်း ကင်မှ ရန်သူတိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခြင်း ဖြစ်သည်ဟု ထင်လိုက်မိသည်။ သို့သော် သေဆုံးသူများနှင့် ဒဏ်ရာအပြင်းအထန် ရသူများအား အမြန်ဆုံးသယ်ယူသွားပြီးနောက် ဖြစ်ပွားပုံကို အသေးစိတ်စစ်ဆေး ကြည့်တော့မှ မိမိတို့အား တစ်စုံတစ်ယောက်က ချိန်ကိုက်ဗုံးထောင်၍ လုပ် ကြံခြင်းဖြစ်သည်ကို အတိအကျသိရတော့သည်။ ဟစ်တလာ၏ လက်ယာဘက် စားပွဲအောက် အစွန်းနားတွင် မြေပေါ်၌ ၂၂ လက်မခန့်ရှိသည့် အပေါက်ကြီး တစ်ပေါက်တွေ့ရခြင်းဖြင့် ဤအချက်မှာ ထင်ရှားနေသည်။

သို့ဖြစ်လျှင် ဤဗုံးကို ဤအစည်းအဝေးခန်းမဆောင်အတွင်းသို့ မည်သူယူ လာခဲ့ပါသနည်း၊ ဤလုပ်ကြံမှုကြီး၏ လက်သည်တရားခံသည် မည်သူနည်း။

ဟစ်တလာနှင့်တကွ ဌာနချုပ်မှ စစ်ဦးစီးအဖွဲ့ဝင်များသည် ဤမေးခွန်း၏ အဖြေကို ကြာကြာစဉ်းစားမနေရဘဲ အချိန်အနည်းငယ်အတွင်းမှာပင် သိခဲ့ကြ သည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေ့က အစည်းအဝေးခန်းမထဲတွင် ရှိနေ ကြသူများကို စစ်ဆေးကြည့်လိုက်သောအခါ ဗုံးပေါက်ကွဲမှုကြောင့် **သေဆုံးရသူ** များ၊ ဒဏ်ရာအပြင်းအထန်ရသူများနှင့် ဒဏ်ရာအနည်းငယ်သာရ၍ **အသက်ဘေး** မှ လွတ်မြောက်လာကြသူများအနက် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်တစ်ယောက်မှာ ပျောက်ချင်းမလှ ပျောက်နေသည်ကို တွေ့ကြရသောကြောင့်ဖြစ်သည်။

ဗုံးပေါက်ကွဲသည့်နေရာသို့ အပြေးအလွှားရောက်လာသည့် ဂက်စတာပို ဗိုလ်ချုပ်ဟင်းမ်လားသည် အစည်းအဝေးခန်းမထဲမှာ ထူးဆန်းစွာပျောက်ဆုံးသွား သော စတပ်ဖင်ဘတ်ကို ခြေရာခံကြည့်ခဲ့သည်။ အစည်းအဝေးတက်ရောက်ခဲ့ ကြသည့် စစ်ဦးစီးအဖွဲ့ဝင်များနှင့် ဌာနချုပ်စခန်းတစ်ခုလုံးရှိ အစောင့်တပ်သား များအား တစ်ဦးချင်း လိုက်လံစုံစမ်းခဲ့သည်။ နောက်ဆုံး၌ ဗိုလ်မှူးကြီးစတပ်ဖင် ဘတ်သည် ထိုနေ့က အစည်းအဝေးခန်းမထဲသို့ ဗိုလ်ချုပ်ကြီးကိုက်တဲလ်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျပြီးမှရောက်ရှိလာပုံ၊ ဗိုလ်ချုပ်ဟူဆင်းဂါးနှင့် ဗိုလ်မှူးကြီးဘရန့်
အကြားတွင် ဝင်ထိုင်ခဲ့ပုံ၊ ထို့နောက် ဗုံးပေါက်ကွဲရန် ငါးမိနစ်ခန့်အလိုတွ
အခန်းထဲမှ လစ်ထွက်သွားပုံ၊ ထိုမှတစ်ဆင့် ဌာနချုပ်တာဝန်ခံများအနက် မည်
ကိုမျှ အခွင့်မတောင်းဘဲ ဂိတ်စောင့်များအား ခပ်တည်တည် 'လိမ့်'၍ လေဆိ
တွင် အသင့်ရှိနေသည့် လေယာဉ်ဖြင့် ကတိုက်ကရိုက်လစ်သွားပုံ စသည်စသ
များကို ကွင်းဆက်သဖွယ် ခြေရာခံမိခဲ့ကြပြီးနောက် ဤဗုံးပေါက်ကွဲမှုကြီး
တစ်ဦးတည်းသောလက်သည် တရားခံမှာ ဗိုလ်မှူးကြီးစတော့ဖင်ဘတ်ပင် ဖြ
ကြောင်း လယ်ပြင်တွင် ဆင်သွားသလို အထင်အရှားတွေ့ကြရသည်။

သို့သော် ထိုအချိန်အထိ ဟစ်တလာနှင့်တကွ ဌာနချုပ် ဦးစီးအဖွဲ့ဝင်မျ
သည် ဤလုပ်ကြံမှုကြီးကို စတော့ဖင်ဘတ်တစ်ဦးတည်း လျှို့ဝှက်ကြံစည်လုပ်
ခဲ့ခြင်းဖြစ်သည်ဟု ထင်နေမိကြသည်။ သို့ဖြစ်ရာ ဟင်းမလားသည် ဘာလင်မြို့
တော် ရန်းစ်ဒေါ့ဖ်လေဆိပ်ရှိ လုံခြုံရေးတပ်မှူးအား ဗိုလ်မှူးကြီးစတော့ဖင်ဘတ်
လေယာဉ်ဆိုက်လာလျှင် သူ့အားချက်ချင်းဖမ်းချုပ်ရန် အမိန့်ပေးခဲ့သည်။ သို့သေ
သူ့အမိန့်ကို ဆက်သွယ်ရေးတာဝန်ခံ ဗိုလ်ချုပ်ဖဲလ်ဂျီဘဲလ်က 'ခွေ'ထားလိုက်
သဖြင့် စတော့ဖင်ဘတ်မှာ ရန်းစ်ဒေါ့ဖ်လေဆိပ်တွင် အဖမ်းမခံရဘဲ လွတ်လာ
သည်။ သို့ဖြင့် ဘာလင်သို့ စတော့ဖင်ဘတ် ချောချောမောမော ပြန်ရောက်သွ
သည်ကို မသိကြရသော ဟင်းမလားနှင့် စစ်ဦးစီးအဖွဲ့ဝင်များသည် စတော့ဖင်ဘတ်
အား ရုရှားစစ်မြေပြင်သို့ ထွက်ပြေးသွားပြီဟု ယူဆခဲ့ကြသည်။

ဗိုလ်ချုပ်ဟင်းမလားနှင့် ဂက်စတာပိုစုံထောက်များက ထိုသို့ စတော့ဖင်ဘတ်
၏ခြေရာကို နောက်ယောင်ခံ၍ လိုက်လံထောက်လှမ်းနေခိုက် ခေါင်းဆော
ကြီး ဟစ်တလာသည် စိတ်ဓာတ်တည်ငြိမ်စွာဖြင့် 'အလုပ်ဝတ္တရား' ကို ဆက်လ
လုပ်ကိုင်ခဲ့သည်။ ယင်းအလုပ်ဝတ္တရားမှာ အခြားမဟုတ်၊ မူလသတ်မှတ်စီစဉ်ထ
သည့်အတိုင်း အီတလီအာဏာရှင်ကြီး မူဆိုလိုနီအား ကြိုဆိုဧည့်ခံ၍ တွေ့
တွေ့ဆွေးနွေးခြင်းပင်ဖြစ်သည်။

မူလက မူဆိုလိုနီသည် ဟစ်တလာရှိရာ ရက်စတင်းဘတ်ဌာနချုပ်
နေ့ ၂ နာရီခွဲတွင် မီးရထားဖြင့် ဆိုက်ရောက်လာရန်ဖြစ်သော်လည်း ရထ
နောက်ကျသဖြင့် ညနေ ၄ နာရီအချိန်ကျမှ ရောက်ရှိလာခဲ့သည်။

ဟစ်တလာသည် ဗုံးပေါက်ကွဲပြီးစအချိန်က ဤလုပ်ကြံမှုသည် သူ့အသ
ကို အဓိကရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိလိုက်ရသဖြင့် အကြီးအကျ
ယ်လှုပ်ချောက်ချားသွားမိခဲ့သည်။ သို့သော် သူ့တွင် ပွန်းရုံပဲ့ရုံမျှသာထိခိုက်
အသက်ဘေးမှ စိတ်ချလက်ချ လွတ်မြောက်လာခဲ့ရသည့်အဖြစ်ကို စဉ်းစားလို



မိသောအခါ ဝမ်းသာအားရဖြစ်မိသည်နှင့်အမျှ သူ့ကိုယ်သူယုံကြည်ချက် ပို၍
ကြီးမားလာခဲ့သည်။ သို့ဖြစ်၍လည်း သူသည် ဗုံးပေါက်ကွဲသည့် သတင်းကို
မူဆိုလိုနီအား ဖုံးကွယ်မထားခဲ့ရုံမျှမက ဗုံးပေါက်ကွဲသည့်နေရာသို့ သူကိုယ်တိုင်
လိုက်လံပြသကာ 'ဒီတစ်ချီမှမသေလျှင် သေစရာအကြောင်းမရှိတော့၊ သူ့လုပ်ငန်း
ကြီး အောင်မြင်ပြီးဆုံးသည်အထိ သူ့အသက်နှင့်ကိုယ် မြဲနေမည့် အတိတ်နိမိတ်
ဖြစ်သည်' ဟူ၍ပင် ဂုဏ်ယူဝါကြွားလိုက်သေးသည်။

ထို့နောက် ခေါင်းဆောင်ကြီးနှစ်ဦးသည် သီးသန့်ပြင်ဆင်ထားသည့် ခန်းမ
ဆောင်တစ်ခုသို့ ကြွရောက်ကာ နှစ်ယောက်သား လက်ဖက်ရည်များ သုံးဆောင်
ကြသည်။

ထိုအချိန်မှာ ညနေ ၅ နာရီသာသာရှိနေပြီဖြစ်သည်။

ဟစ်တလာနှင့် ဌာနချုပ်မှ ဦးစီးအဖွဲ့ဝင်များသည် ထိုအချိန်ကျမှ ဘာလင်မြို့
တော်၌ ပုကန်မှုများ ဖြစ်ပွား၍ အာဏာသိမ်းရန် ကြိုးပမ်းနေကြသည့် အဖြစ်
အပျက်များကို သိရှိကြရသည်။ ယခုအခါ ဟစ်တလာ၏တိုက်ရိုက်အမိန့်ပေးချက်
အရ ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်နေပြီဖြစ်ရာ ရှေးဦးစွာ ဗိုလ်ချုပ်
ကိုက်တဲလ်သည် ဘာလင်မြို့တော်မှ မြို့စောင့်တပ်မှူးကြီး ဗိုလ်ချုပ်ဖရွမ်းနှင့်
ဆက်သွယ်စကားပြောခဲ့ရသည်။ ဗိုလ်ချုပ်ဖရွမ်း၏ပြောကြားချက်အရ ဘာလင်မြို့
တော်တွင် 'ဟစ်တလာသေပြီ' ဟူ၍ ကောလဟာလသတင်းများ ပြန့်နှံ့နေပြီး
အာဏာသိမ်းရန် ကြိုးပမ်းလှုပ်ရှားမှုများ ဖြစ်ပွားနေကြောင်း သိလိုက်ရသည်။

သို့ဖြစ်ရာ ခေါင်းဆောင်ကြီးဟစ်တလာသည် ဘာလင်သို့ တိုက်ရိုက်ဆက်
သွယ်၍ ဘာလင်တွင်ရှိနေသည့် မိမိ၏တစ်ဦးတည်းသော လူယုံတော် ဂိုးဘဲလ်ထံ
သူကိုယ်တိုင် ညွှန်ကြားချက်များနှင့် အမိန့်များထုတ်ပြန်ခဲ့သည်။ ယင်းအမိန့်မှာ
'ယနေ့ဌာနချုပ်စခန်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သော်လည်း မိမိမှာ ဒဏ်ရာ
အနည်းငယ်သာရရှိ၍ အသက်ဘေးမှ လုံးဝလွတ်မြောက်ခဲ့သည်'ဟူသော တကယ့်
အဖြစ်မှန်ကို ဘာလင်နှင့်တကွ ဂျာမနီတစ်နိုင်ငံလုံးရှိ ဂျာမန်လူမျိုးများနှင့်
ဂျာမန်တပ်မတော်သားများ အားလုံးသိရှိအောင် ဘာလင်ရေဒီယိုမှ အမြန်ဆုံး
အသံလွှင့်ကြေညာရန်ပင်ဖြစ်သည်။

ဟစ်တလာသည် သူ့ကိုယ်သူ အလွန်ယုံကြည်မှုပြင်းထန်သူဖြစ်သည်။
သူ့အရှိန်အဝါနှင့် သူ့သြဇာကိုလည်း မှန်မှန်ကန်ကန် အကဲဖြတ်တတ်သူဖြစ်သည်။
မိမိအား ဆန့်ကျင်နေသူများသည် မိမိအသက်ထင်ရှားရှိနေသမျှ မိမိ၏သြဇာ
အာဏာနှင့် အရှိန်အဝါကို ကျော်လွန်၍ ဘာမျှမလုပ်နိုင်ဟု သူယုံကြည်ထားသည်။ သို့ဖြစ်၍လည်း ၎င်းတို့သည် မိမိ၏အသက်ကို ရှေးဦးစွာ

www.burmeseclassic.com



လုပ်ကြံသတ်ဖြတ်ပြီးမှ အာဏာသိမ်းရန် စီစဉ်ကြခြင်းဖြစ်သည်ကို သူကောင်းကောင်းကြီး နားလည်သည်။ ယင်းသို့ ယုံကြည်နားလည်ခဲ့သည့်အလျောက် မိမိတကယ်အသက်မသေကြောင်းကို ဂျာမန်တပ်မတော်သားများနှင့် ဂျာမန်တစ်မျိုးသားလုံး အမြန်ဆုံးသိရှိအောင် ဘာလင်ရေဒီယိုမှ အသံလွှင့်ကြေညာရန် ဂိုးဘဲလ်အား အမိန့်ပေးခဲ့ခြင်းဖြစ်သည်။ မိမိ တကယ်အသက်မသေကြောင်းကို အထင်အရှား အနိုင်အမာ သိရှိကြပါက ဂျာမန်တပ်မတော်သားနှင့် ဂျာမန်အမျိုးသားလူများစုကြီးသည် မိမိဘက်မှနေပြီး တော်လှန်ပုန်ကန်သူများ၏ အာဏာသိမ်းရေးအစီအစဉ်များမှာ မုချကျဆုံးရမည်ဟု သူတထစ်ချယုံကြည်ခဲ့သည်။

သူယုံကြည်သည့်အတိုင်းလည်း ဖြစ်လာခဲ့သည်။

ဂျူလိုင် ၂၀ ရက်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်အချိန်တွင် ဘာလင်အသံလွှင့်ဌာနမှနေ၍ 'ခေါင်းဆောင်ကြီးဟစ်တလာ မသေဘဲရှိနေသည်'ဟူသောသတင်းကြေညာချက်သည် ထိုနေ့ထိုအချိန်က ဘာလင်မြို့တော် အာဏာသိမ်းပွဲကြီးတွင် အနိုင်အရှုံးကို အဆုံးအဖြတ်ပေးလိုက်သလို ဖြစ်သွားခဲ့သည်။ သူ့ ကိုယ်မယုံ၊ ကိုယ့် သူမယုံဖြစ်ကာ သူ့ဘက်သား ကိုယ်ဘက်သားဟူ၍ ကွဲကွဲပြားပြားမသိနိုင်လောက်အောင် ရှုပ်ရှုပ်ထွေးထွေးဖြစ်နေခိုက် 'ဟစ်တလာမသေ' ဟူသောအသံလွှင့်ကြေညာချက်ကို ကြားလိုက်ရပြီးနောက် အာဏာသိမ်းရေးသမားများ၏အလားအလာမှ တစ်စတစ်စ ယုတ်လျော့ပျက်ပြားခဲ့ရသည်။ 'ဟစ်တလာမသေ' ဟူသောသတင်းသည် ဟစ်တလာအား သစ္စာတော်ခံကြသည့် တပ်မှူးများနှင့်တပ်သားများအတွက် တအားတက်စေခဲ့သလို မပြတ်မသားနှင့် တွေဝေယိမ်းယိုင်နေကြသူများကိုလည်း ဟစ်တလာ၏ဘက်တော်သားများ ဖြစ်စေခဲ့သည်။ ထို့ပြင် မကာ အာဏာသိမ်းရေးကြိုးပမ်းမှုတွင် တက်တက်ကြွကြွပါဝင်နေကြသူများကိုပင် စိတ်ထားတစ်မျိုး ပြောင်းသွားစေခဲ့သည်။

'ခေါင်းဆောင်ကြီး ဟစ်တလာသည် အသက်မသေဘဲ ရှိနေသည်' ဟူသောသတင်းကို အသံလွှင့်ဌာနမှ အမြန်ဆုံးကြေညာရန် စီစဉ်နေဆဲမှာပင် ဝါဒဖြန့်ချိရေးဝန်ကြီး ဂိုးဘဲလ်သည် ဤသတင်းကို အကြောင်းပြု၍ ဗိုလ်မှူးရမ်းမားဆိုသူအား အာဏာသိမ်းရေးသမားအဖြစ်မှ ဟစ်တလာဘက်တော်သားဖြစ်အောင် စည်းရုံးနိုင်ခဲ့သည်။

ဗိုလ်မှူးရမ်းမားသည် ထိုစဉ်က ဘာလင်မြို့စောင့်တပ်တွင် တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းရွက်နေရသူဖြစ်သည်။ သူသည် စစ်သားသက်သက်ဖြစ်၍ နိုင်ငံရေးကို လုံးဝမလိုက်စား နားမလည်၊ စစ်သားပီပီ အထက်အရာရှိ၏အမိန့်ကို ... နာခံတတ်သူဖြစ်သည်။ သူသည် စစ်ကြီးအတွင်း စစ်မြေပြင်တွင် ...



...ကိုကို ပဓာနမထားဘဲ စွန့်စွန့်စားစား တိုက်ခိုက်ခဲ့၍ ... ကြိမ်တိုင်တိုင် ...ရာရခဲ့သဖြင့် ဟစ်တလာကိုယ်တိုင်က သူ့ရဲကောင်းဘွဲ့တံဆိပ်ပေးအပ်ခြင်း ...ခံခဲ့ရသူဖြစ်သည်။

ဗိုလ်ချုပ်ဘက်ခ်၊ ဗိုလ်ချုပ်အောလ်ဘရစ် အစရှိသောအာဏာသိမ်းရေးသမား ...ခေါင်းဆောင်များသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း 'ဟစ်တလာသေပြီ' ...ဟူသော ပြဿနာကို အခြေအတင် ငြင်းခုံရှင်းလင်းနေကြသဖြင့် အသံလွှင့်ရုံ...က်စတာပိုဌာနချုပ်၊ ရှပ်နက်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဌာနချုပ်၊ အစိုးရအဖွဲ့ဝင်...န်ကြီးများရုံးစသည့် အရေးကြီးသော နေရာဌာနများကို ရုတ်တရက်သိမ်းပိုက်ခြင်း ...မပြုနိုင်ဘဲ ၂ နာရီခန့် အချိန်ကုန်ခဲ့ရသည်။

ထိုနောက် ညနေ ၅ နာရီသာသာခန့်တွင်မှ အာဏာသိမ်းရေးခေါင်းဆောင်...များ၏ညွှန်ကြားချက်အရ ဘာလင်မြို့တော်တပ်မှူးကြီး ဗိုလ်ချုပ်ဗွန်ဟေ့စ်သည် ...လက်အောက်ရှိ မြို့စောင့်တပ်မှူး ဗိုလ်မှူးရမ်းမားအား ဘာလင်မြို့တွင်း ...ဝီလျံလမ်းမကြီးပေါ်ရှိ အစိုးရရုံးအဆောက်အဦးများကို သွားရောက်သိမ်းပိုက်ရန်နှင့် ...ဝါဒဖြန့်ချိရေးဝန်ကြီး ဂိုးဘဲလ်အား ဖမ်းဆီးရန် အမိန့်ပေးလိုက်သည်။

သို့ဖြင့် 'စစ်မြေပြင်သူရဲကောင်း'ဘွဲ့ရ ဗိုလ်မှူးရမ်းမားသည် ရာထူးအားဖြင့် ...ပြောပလောက်သူဖြစ်သော်လည်း နာဇီအစိုးရဝန်ကြီးများရုံး အဆောက်အဦးကို ...သိမ်းပိုက်ရန်နှင့် ဝန်ကြီးဂိုးဘဲလ်အား ဖမ်းဆီးရန် ဧရာမတာဝန်ကြီးဖြင့် သူ့တပ်ကို ...ခေါင်းဆောင်ကာ ဝီလျံလမ်းမကြီးဘက်သို့ ချီတက်လာခဲ့သည်။ ခဏအကြာတွင် ...မြို့စောင့်တပ်သားများသည် ဝီလျံလမ်းမကြီးပေါ်ရှိ အစိုးရအဖွဲ့ဝန်ကြီးများရုံးကို ...လက်နက်များအသင့်ကိုင်ဆောင်ကာ ဝိုင်းလိုက်သည်။

ဗိုလ်မှူးရမ်းမားသည် ဝါဒဖြန့်ချိရေးဝန်ကြီး ဂိုးဘဲလ်၏ရုံးခန်းရှိရာသို့ ...လက်နက်ကိုင်တပ်သားနှစ်ဆယ်နှင့်အတူ ရောက်ရှိလာခဲ့သည်။ ထို့နောက် သူသည် ...ထိုပါလက်နက်ကိုင်တပ်သား နှစ်ဆယ်အား သတ်မှတ်ထားသည့်အချိန်အတော...တွင်း မိမိပြန်ထွက်မလာပါက နောက်မှလိုက်လာကြရန် မှာကြားပြီး သူ့လက်...ဘက် တပ်မှူးတစ်ယောက်နှင့်အတူ ဝန်ကြီးဂိုးဘဲလ်၏ရုံးခန်းထဲသို့ ဝင်လာခဲ့...ကြသည်။

ပစ္စတိုသေနတ်များကို အသင့်ကိုင်ကာ ရုံးခန်းထဲဖြုန်းခနဲ ဝင်လာသော ...စောင့်တပ်မှူးနှစ်ယောက်ကို ရုတ်တရက် တွေ့မြင်လိုက်ရသော ဝန်ကြီးဂိုးဘဲလ်...သည် ပါးနပ်ဖျတ်လတ်သူပီပီ အခြေအနေကို ချက်ချင်းအကဲခတ်လိုက်မိသည်။ ...အချိန်မတိုင်မီကလေးကပင် ဌာနချုပ်မှ ဟစ်တလာကိုယ်တိုင်က ဖုန်းပေါက်ကွဲ

www.burmeseclassic.com

www.burmeseclassic.com



သည့်သတင်းကို အသံလွှင့်ဌာနမှ ကြေညာရန် တယ်လီဖုန်းဖြင့် အမိန့်ပေးထား ဖြစ်သည့်ပြင် မြို့စောင့်တပ်မှူးနှစ်ယောက် အခန်းထဲသို့ ဝင်မလာမီ မိမိရုံး ပြူတင်းပေါက်မှ အမှတ်တမဲ့လှမ်းကြည့်လိုက်မိသဖြင့် မိမိတို့ဝန်ကြီးများရုံး ပတ်လည်တွင် လက်နက်ကိုင်တပ်သားများ ဝိုင်းထားကြသည်ကိုလည်း တွေ့ လိုက်ရပြီးဖြစ်သည်။

သို့ဖြစ်ရာ ဂိုးဘဲလ်သည် မိမိအားဖမ်းဆီးရန် ရောက်လာကြသော တပ်မှူး နှစ်ယောက်အား စစ်သားကောင်းတို့မည်သည် အထက်အမိန့်ကို တော်လှန်ဖီဆန် ရိုးထုံးစံမရှိကြောင်း ဂျာမန်တပ်မတော်၏တာဝန်မှာ ဂျာမန်အစိုးရ၏သစ္စာ စောင့်သိရိုသေရန်ပင်ဖြစ်ကြောင်း အထူးသဖြင့် ဂျာမန်လက်နက်ကိုင်တပ်သား တပ်မှူးတိုင်းသည် 'ဟစ်တလာအား သစ္စာစောင့်သိရိုသေပါမည်'* ဟူ၍ ကျမ်း သစ္စာကျိန်ဆိုထားခဲ့သူများ ဖြစ်သဖြင့် ခေါင်းဆောင်ကြီးဟစ်တလာအပေါ် သစ္စာ မဖောက်ကြရန် အရေးကြီးကြောင်း တစ်ဖက်လှည့်ဖြင့် ဖျောင်းဖျပြောဆိုခဲ့သည်။

ဤတွင် ဗိုလ်မှူးရမ်းမားက ခေါင်းဆောင်ကြီး ဟစ်တလာမှာ ယနေ့ ဌာနချုပ်၌ လုပ်ကြံခံရသဖြင့် သေဆုံးပြီဖြစ်ကြောင်းပြန်ပြောရာ ဂိုးဘဲလ်က ဤသတင်းမှာ လုံးဝမမှန်ကြောင်း ယခုခပ်စောစောနာရီပိုင်းလောက်ကပင် ဌာန ချုပ်မှ ဟစ်တလာကိုယ်တိုင် မိမိထံဖုန်းဆက်၍ အမိန့်များပေးခဲ့သေးကြောင်း စသည်ဖြင့် ပြန်လှန်ရှင်းလင်းပြောပြရင်းက

'ကဲ– ဒီလိုဆိုရင် မင်းကိုယ်တိုင် ခေါင်းဆောင်ကြီးနဲ့ စကားပြောမလား ငါ အခုချင်းချင်းခေါ်ပေးမယ်'

ဂိုးဘဲလ်သည် ပြောပြောဆိုဆိုဖြင့် စကားပြောခွက်ကို ကိုင်က တယ်လီဖုန်း ဆက်သွယ်ရေးဌာနမှတစ်ဆင့် ရက်စတင်းဘတ်ဌာနချုပ်သို့ ဖုန်းဆက်လိုက်သည်။ ခဏအတွင်းမှာပင် တယ်လီဖုန်းထဲတွင် ဟစ်တလာ၏အသံထွက်ပေါ်လာသည်။

'ကဲ– ရော့၊ ခေါင်းဆောင်ကြီး မသေဘူးသေတယ်ဆိုတာ ကိုယ်တိုင်ကြား ရအောင် မင်းကိုယ်တိုင် ခေါင်းဆောင်ကြီးနဲ့ စကားပြောကြည့်'

ဂိုးဘဲလ်သည် သူ့လက်ထဲမှ စကားပြောခွက်ကို ဗိုလ်မှူးရမ်းမားထံ လှမ်း ပေးလိုက်သည်။ ရမ်းမားကလည်း ရုတ်တရက် ခပ်ကြောင်ကြောင်ဖြင့် လှမ်းယူ၍ သူ့နားတွင်ကပ်၍ နားထောင်လိုက်သည်။

---

* ဂျာမန်လက်နက်ကိုင်တပ်သားများသည် ယခင်က 'တိုင်းပြည်နှင့်လူမျိုးအား သစ္စာစောင့်သိရိုသေပါမည်'ဟူ၍ သစ္စာဆိုခဲ့ကြရာမှ ဟစ်တလာ အာဏာရလာပြီးနောက် 'ခေါင်းဆောင်ကြီးဟစ်တလာအား သစ္စာစောင့်သိရိုသေပါမည်'ဟူ၍ ပြောင်းလဲသစ္စာဆိုခဲ့ကြသည်။ စာရေးသူ။



'ဟုတ်ကဲ့– ကျွန်တော် ဗိုလ်မှူးရမ်းမားပါ။ ဘာလင်မြို့စောင့်တပ်ထဲက တပ်ရင်းမှူးပါ'

'ဘယ့်နှယ်လဲ၊ မင့် ငါ့အသံကို မှတ်မိရဲ့လား'

ဗိုလ်မှူးရမ်းမားသည် ရုတ်တရက် မျက်လုံးများပြူးကာ အံ့အားသင့်သွားသည်။ တစ်ဘက်မှ မိမိနှင့်တယ်လီဖုန်းစကားပြောနေသူမှာ ခေါင်းဆောင်ကြီး ဟစ်တလာမှ တကယ့်ခေါင်းဆောင်ကြီး ဟစ်တလာပင်ဖြစ်သည်။ သူ့အသံကို မှတ်မိစရာဘာမှမရှိ။ မိမိကဲ့သို့သော တပ်မတော်အရာရှိတစ်ယောက်မဆိုထား ဘိ၊ သာမန်အရပ်သူအရပ်သားတစ်ယောက်ပင်လျှင် ခေါင်းဆောင်ကြီးဟစ်တလာ ၏အသံကို ကောင်းကောင်းကြီးမှတ်မိကြသည်။ လူကိုယ်တိုင်သော်လည်းကောင်း၊ ရေဒီယိုမှသော်လည်းကောင်း၊ အကြိမ်ပေါင်းမရေမတွက်နိုင်လောက်အောင် ကြား ခဲ့ကြရဖူးသော ခေါင်းဆောင်ကြီး ဟစ်တလာ၏အသံမှာ 'ခွေးချီသွားတောင် မေ့နိုင်'သည့် အသံဖြစ်သည်။ ထို့ပြင် လွန်ခဲ့သည့်တစ်လလောက်က မိမိ သူရဲကောင်းဘွဲ့ရရှိခဲ့စဉ်က မိမိအား ဟစ်တလာကိုယ်တိုင် ချီးကျူးစကား ပြောကြားခဲ့သည်ဖြစ်ရာ ခေါင်းဆောင်ကြီး၏အသံကို သူ့တစ်သက်တာအဖို့ အဘယ်မှာလျှင် မေ့၍ရနိုင်ပါမည်နည်း။

ဤတွင်မှ ခေါင်းဆောင်ကြီးဟစ်တလာသည် ဗိုလ်မှူးရမ်းမားအား ယခု လာလောဆယ် ဘာလင်တွင် ဖြစ်ပွားနေသည့် ပုန်ကန်တော်လှန်မှုကို အစွမ်းကုန် ချေမှုန်းပစ်ရန်နှင့် ဝန်ကြီးဂိုဘဲလ်၊ ဗိုလ်ချုပ်ဟင်းမလားနှင့် ဗိုလ်ချုပ်ရိုန်းနက်တို့ ၏အမိန့်ကိုသာ နာခံရန် အတိအကျ အမိန့်ပေးလိုက်သည်။ ထို့ပြင် ဟစ်တလာ က ဘာလင်မြို့တော်ရှိ 'ဖြည့်တင်းရေးတပ်မတော်'၏ တပ်မှူးကြီးအဖြစ် ဗိုလ်ချုပ် ဟင်းမလားအားလည်းကောင်း၊ ဘာလင်မြို့တစ်ဝိုက်တွင်းရှိ လက်နက်ကိုင်တပ်များ အားလုံးကို အုပ်ချုပ်ရန်အတွက် ဗိုလ်ချုပ်ရိုန်းနက်အားလည်းကောင်း ပြောင်းလဲ ခန့်ထားလိုက်ကြောင်းနှင့် ဗိုလ်ချုပ်ဟင်းမလားသည် ယခုပင်ဌာနချုပ်စခန်းမှ ဘာလင်မြို့တော်လေကြောင်းဖြင့် ထွက်ခွာလာပြီဖြစ်ကြောင်း စသည်များကိုပါ ဗိုလ်မှူးရမ်းမားအား ပြောပြလိုက်သည်။ ထို့နောက် ဟစ်တလာသည် ဗိုလ်မှူး ရမ်းမားအား သူ့ရသတ္တိကိုလည်းကောင်း၊ သစ္စာရှိမှုကိုလည်းကောင်း ယုံကြည် ကြောင်း ပြသသောအားဖြင့် ယခုချက်ချင်း တယ်လီဖုန်းထဲမှနေ၍ ဗိုလ်မှူးရာထူး မှ ဗိုလ်မှူးကြီးရာထူးသို့ တိုက်ရိုက်တိုးမြှင့်ပေးလိုက်ကြောင်း အမိန့်ထုတ်ပြန်လိုက် သည်။

'အရှင်မွေး နေ့ချင်းကြီး' ဟူသောစကားကဲ့သို့ ယခုချက်ချင်း မိနစ်ပိုင်း အတွင်း ဗိုလ်မှူးဘဝမှ ဗိုလ်မှူးကြီးဘသို့ 'ဒါရိုက်ဟစ်' ရောက်လာသော အသစ်

www.burmeseclassic.com

www.burmeseclassic.com



စက်စက် ဗိုလ်မှူးကြီးရမ်းအားသည် ဟာစ်တလာအား တယ်လီဖုန်းထဲမှပင် ... ချင်း ဂေါက်ခနဲမြည်အောင် အလေးပြုလိုက်ပြီးနောက် တယ်လီဖုန်းစကားပြော ခွက်ကို ပြန်ချလိုက်သည်။

ထို့နောက်တွင်အား အာဏာသိမ်းရေးသမားများ၏ အမိန့်အရ ဂိုးဘဲ... အား ဖမ်းဆီးရန် ဤရုံးခန်းထဲသို့ သေနတ်ဖြင့်ချိန်ကာ ဝင်ရောက်လာခဲ့သော ဗိုလ်မှူးကြီးရမ်းမားသည် ခေါင်းဆောင်ကြီးဟာစ်တလာ၏အမိန့်အရ ဂိုးဘဲလ်... ညွှန်ကြားချက်များကို ရင်ဝယ်ပိုက်ကာ အာဏာသိမ်းရေးသမားများအား ချေမှုန်း သုတ်သင်ရန် ရုံးခန်းထဲမှပြန်လည်ထွက်ခွာလာခဲ့သည်။ ဗိုလ်မှူးကြီးရမ်းမား... မြို့စောင့်တပ်များသည် ဝန်ကြီးများရုံးအဆောက်အဦးကို ဝိုင်းထားကြရာမှ ချက်ချင်း ပင် ပြန်လည်ရုတ်သိမ်းသွားခဲ့ကြသည်။ ထို့နောက် ရမ်းမား၏အမိန့်အရ ဘာလ... မြို့တွင်းသို့ အခြားလက်နက်ကိုင်တပ်များ ဝင်ရောက်မလာနိုင်အောင် မြို့အဝင် လုံးဆုံလမ်းခွများမှနေ၍ စစ်ဆေးစောင့်ကြပ်နေခဲ့ကြသည်။

သို့ဖြင့် အာဏာသိမ်းရေးသမားများ အားအထားကြီးထားခဲ့ကြသော ဘာလင်ဆင်ခြေဖုံးရပ်ကွက်များမှ လက်နက်ကိုင်တပ်များနှင့် တင့်ကားတပ်များ သည် ဘာလင်မြို့တွင်းသို့ ချီတက်မလာနိုင်ကြတော့ဘဲ ဖြစ်ခဲ့ရသည်။ တင့်ကား တပ်များအား ကွပ်ကဲအုပ်ချုပ်ရသော ဗိုလ်မှူးကြီးဂလက်ဆီမာကလည်း ဟာစ် လာ အသက်မသေဘဲရှိနေသည်ဟူသော ရေဒီယိုသတင်းအရ အာဏာသိမ်းရေး သမားများ၏အမိန့်ကို မနာခံဘဲ အပြင်းအထန် ငြင်းဆန်နေခဲ့သည်။ နောက်ဆုံး ဘယ်လိုမှ အမိန့်ပေး၍မရဘဲ 'တင်း' ခံနေသဖြင့် ဗိုလ်ချုပ်ကြီးအောလ်ဘရစ်... ဗိုလ်မှူးကြီးဂလက်ဆီမာအား ဖမ်းဆီး၍ ဘင်ဒလာလမ်းမှ စစ်ရုံးချုပ် ရုံးခန်းတစ်... အတွင်း ပိတ်လှောင်ထားခဲ့သည်။ သို့သော် ဗိုလ်မှူးကြီးဂလက်ဆီမာသည် ... ပိုင်းအတွင်းမှာပင် ထွက်ပြေးလွတ်မြောက်သွားခဲ့ရာ မြို့တွင်းသို့ တင့်ကားများ ချီတက်လာရေးမှာ လုံးဝအကောင်အထည်မပေါ်တော့ဘဲ ဖြစ်သွားခဲ့သည်။ ... ဆောစောက မြို့ထဲသို့ရောက်နေကြသော တင့်ကားများပင်လျှင် 'ဟာစ်တလာမသေ... ဟူသောသတင်းကို ကြားကြရပြီးနောက် ကိုယ့်တပ်စခန်းရှိရာသို့ ပြန်လည်မော... နှင့်ထွက်ခွာသွားတော့သည်။

မကြာမီ ထိုထက်ပို၍ဆိုးဝါးသော အဖြစ်အပျက်တစ်ခုဖြစ်ခဲ့ပြန်သည်... ဘာလင်မြို့တော်အပါအဝင် အမှတ် ၃ စစ်နယ်မြေတစ်ခုလုံးကို အုပ်ချုပ်... သော တပ်မှူးကြီး ဗိုလ်ချုပ်ကြီး ဝစ်ဇဲလ်ဘင်းသည် ည ၈ နာရီခန့်တွင် ... အောင်းဝတ်စုံအပြည့်ဝတ်ဆင်ကာ ဘာလင်မြို့တွင်းသို့ ရောက်ရှိလာခဲ့သည်... အာဏာသိမ်းရေးသမားများ၏ မူလကြိုတင်ပြင်ဆင်ထားချက်အရ သူသည်



...ပြည်းတပ်မတော် စစ်သေနာပတိအဖြစ် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ယင်းအားလ... ... စတင်ထမ်းဆောင်ရန် ရောက်ရှိလာခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီး ဝစ်ဇဲဘင်း၏စိတ်ထဲတွင် မိမိဘာလင်မြို့တွင်းသို့ ရောက်ရှိ... ...သည့်အချိန်တွင် အာဏာသိမ်းရေးအစီအစဉ်အားလုံး ပြီးစီးသလောက် ဖြစ်နေလိမ့် ...ည်ဟု ယူဆထားခဲ့သည်။ သို့သော် လက်တွေ့တွင်မူ ဘာလင်မြို့တွင်းသို့ ...ရောက်လာသည့် ည ၈ နာရီခန့်အချိန်အထိ အာဏာသိမ်းရေးအစီအစဉ်များမှာ ...ာတစ်ခုမျှ ပြောပလောက်အောင် ပြီးစီးခြင်းမရှိသည့်ပြင် မိမိတို့အကြံအစည် ...ားနှင့် 'ဗာလ်ကီရီ' စစ်ဆင်ရေးကြီးတစ်ခုလုံးမှာ တစ်စတစ်စဖြင့် ပြိုကျလာနေ ...ဖြစ်ကြောင်း သိရှိပ်မိလိုက်သည်။

ဝစ်ဇဲလ်ဘင်းသည် ထိုသို့အာဏာသိမ်းရေး အစီအစဉ်များ ဘာတစ်ခုမျှ ...ထိထိရောက်ရောက် အောင်မြင်မှုမရှိသေးသည့်အတွက် ဗိုလ်ချုပ်ဘက်ခ်နှင့် ဗိုလ် ...ချုပ်အောလ်ဘရစ်တို့အား အကြီးအကျယ်ဆူပူကြိမ်းမောင်းခဲ့သည်။ သူကိုယ်တိုင် ...ာက်တက်ကြွကြွပါဝင်လှုပ်ရှားခြင်းမပြုဘဲ အခြားသူများကိုသာ ပြစ်တင်ရှုံ့ချပြီး ...နောက် ဝစ်ဇဲလ်ဘင်းသည် 'အာဏာသိမ်းသမားများ၏ ဌာနချုပ်ဖြစ်သော ဘင် ...ဒလာလမ်းရှိ ရုံးချုပ်တွင် ၄၅ မိနစ်လောက်သာ နေထိုင်ပြီး တစ်ခါတည်း ...ပြန်လည်ထွက်ခွာသွားခဲ့သည်။ ဘင်ဒလာလမ်းမှသာ ထွက်ခွာသွားခြင်းမဟုတ်ဘဲ ...အာဏာသိမ်းရေးသမားများ၏ အရေးတော်ပုံကြီးတစ်ခုလုံးအတွင်းမှ အပြီးအပိုင် ...ထွက်ခွာသွားခြင်းဖြစ်သည်။ မကြာမီ သူသည် မာစီဒီးကားကြီးကို အခန့်သားစီး ...ကာ ဘာလင်မြို့မှ မိုင် ၃၀ ခန့်ဝေးသည့် တောရွာကလေးတစ်ရွာမှ သူ၏နေအိမ် ...သို့ သွားရောက်ခေါင်းရှောင်နေခဲ့သည်။

ည ၉ နာရီသာသာခန့်တွင် ဘင်းဒလားလမ်းရှိ အာဏာသိမ်းသမားများ၏ ...ဌာနချုပ်သို့ သတင်းတစ်ခုရောက်လာပြန်သည်။ ယင်းသတင်းမှာ မိမိတို့ဘက် ...တော်သား ဘာလင်မြို့စောင့်တပ်မှူးကြီး ဗိုလ်ချုပ်ဗွန်ဟေ့စ်မှာ အဖမ်းခံရပြီး ...သူနေရာတွင် ခေါင်းဆောင်ကြီးဟာစ်တလာကိုယ်တိုင် ခန့်ထားလိုက်သည့် ဗိုလ် ...ချုပ်ရိန်းနက်က တာဝန်ယူကာ ဘာလင်မြို့တွင်းရှိ တပ်များအားလုံးကို အုပ်ချုပ် ...ကွပ်ကဲနေပြီဟူသော သတင်းပင်ဖြစ်သည်။

ဤအတောအတွင်း ရုပ်နက်တပ်ဖွဲ့မှ တပ်မှူးတစ်ဦးဖြစ်သူ အော့တိုစကော် ...နီသည် တာဝန်တစ်ခုဖြင့် ဗီယာနာမြို့သို့ မီးရထားဖြင့် ထွက်ခွာလာခဲ့ရာမှ ...ဘာလင်မြို့ဆင်ခြေဖုံးတစ်နေရာအရောက်တွင် ခေတ္တရထားရပ်နေခိုက် ရုပ်နက် ...တပ်ဖွဲ့မှ ဗိုလ်ချုပ် ချဲ့လင်းဘတ်နှင့် သွားတွေ့သည်။ ဤတွင်မှ ဗိုလ်ချုပ်ချဲ့ ...လင်းဘတ်၏ ပြောပြချက်အရ ဘာလင်မြို့တွင်း၌ အာဏာသိမ်းရေးသမားများ

www.burmeseclassic.com

www.burmeseclassic.com



ပုန်ကန်တော်လှန်နေကြကြောင်း သိရသဖြင့် စကော်ဇီနီသည် ခရီးဆက်မသွား တော့ဘဲ သူလက်လှမ်းမီသမျှ လက်နက်ကိုင်တပ်သားများကို စည်းရုံးကာ လိုဗြီ ရေးတပ်ဖွဲ့ဌာနချုပ်ကို စနစ်တကျ စောင့်ကြပ်ကာကွယ်ခဲ့သည်။ ထို့ပြင် သူသည် အာဏာသိမ်းရေးသမားများနှင့် ပူးပေါင်းလုဆဲဆဲဖြစ်နေသော တင့်ကားတပ် ကျင့်ရေးကျောင်းမှ တပ်သားများအား ခေါင်းဆောင်ကြီးဟာစ်တလာအပေါ် သစ္စာ စောင့်သိရှိသေကြရန် ပြင်းပြင်းထန်ထန် လှုံ့ဆော်စည်းရုံးခဲ့သည်။

သို့ဖြင့် သူသည် မြို့ဆင်ခြေဖုံးမှတင့်ကားများ မြို့တွင်းသို့ချီတက်ကြရန် ပြင်ဆင်နေသည်ကို အောင်မြင်စွာ တားဆီးနိုင်ခဲ့သည်။ ထိုသို့အရေးကြီးသော လုပ်ဆောင်ချက်များကို ခြေမြန်လက်မြန် ကြိုးကြိုးစားစား သစ္စာရှိရှိ လုပ်ကိုင်ခဲ့ သည့် အော်တိုစကော်ဇီနီမှာ အခြားသူမဟုတ်၊ ၁၉၄၄ ခုနှစ်၊ ဂျူလိုင်လအတွင်း က ဖက်ဆစ်ဆန့်ကျင်ရေး ဘက်တော်သားများ၏ ဖမ်းဆီးထားခြင်း ခံနေရသည့် အီတလီအာဏာရှင်ကြီး မူဆိုလိုနီအား ဟာစ်တလာ၏ ညွှန်ကြားချက်အရ အီတလီ နိုင်ငံမှ ရဲရင့်ပြောင်မြောက်စွာ ခိုးထုတ်လာခဲ့သည့် ရှပ်နက်တပ်မှူး စကော်ဇီနီ ပင်ဖြစ်သည်။

ဤသို့ အဖက်ဖက်က အစီအစဉ်များ တစ်ခုပြီးတစ်ခု ပျက်ပြားလာခဲ့ရာ မကြာမီ အာဏာသိမ်းရေးသမားများ၏ နောက်ဆုံးဇာတ်သိမ်းခန်းသို့ ရောက်လာခဲ့ သည်။

ဗိုလ်ချုပ်အောလ်ဘရစ်နှင့် ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်တို့၏ ဖမ်းဆီးခြင်းခံ ရပြီး ညနေ ၄ နာရီခန့်ကပင် ဘင်ဒလာလမ်းရှိ စစ်ရုံးချုပ်၏ ရုံးခန်းတစ်ခုအတွင်း ၌ ချုပ်နှောင်ထားခြင်းခံနေရသော ဗိုလ်ချုပ်ဖရွမ်းသည် ည ၈ နာရီသာသာလောက် တွင် ထိုရုံးခန်းမှ သူယခင်က သီးသန့်နေထိုင်ခဲ့သည့် အောက်ထပ်မှ အခန်းသို့ ပြောင်းရွှေ့ပေးရန် တောင်းပန်ခဲ့သည်။ နောက်ဆုံး၌ ထွက်ပြေးရန် လုံးဝကြိုးစား ခြင်းမပြုပါဟူသော ကတိပေးချက်အရ ဗိုလ်ချုပ်ဖရွမ်းသည် သူနေထိုင်ခဲ့သည့် အောက်ထပ်အခန်းသို့ ပြောင်းရွှေ့ခွင့်ရခဲ့သည်။

ခဏအကြာတွင် ဗိုလ်ချုပ်ဖရွမ်း၏ဌာနချုပ်မှ အခြားဗိုလ်ချုပ်သုံးဦးရောက်ရှိ လာကြသည်။ သို့သော် သူတို့သုံးယောက်စလုံးသည် 'ခေါင်းဆောင်ကြီးဟာစ်တလာ မသေ' ဟူသောသတင်းကို အခိုင်အမာ သိရှိကြပြီးဖြစ်သဖြင့် အာဏာသိမ်းရေး သမားများနှင့် ပူးပေါင်းရန် အပြင်းအထန် ငြင်းဆန်နေခဲ့ကြသည်။ သို့ဖြစ်ရာ မည်သို့မျှ တိုက်တွန်းလှုံ့ဆော်၍မရသဖြင့် ဗိုလ်ချုပ်အောလ်ဘရစ်သည် အဆိုပါ ဗိုလ်သုံးယောက်စလုံးအား ဖမ်းဆီးလိုက်ပြီးနောက် ဗိုလ်ချုပ်ဖရွမ်းရှိရာ အခန်းသို့ သွင် အတူချုပ်နှောင်ထားလိုက်ရသည်။



ဗိုလ်ချုပ်ဖရွမ်းသည် ညနေ ၄ နာရီအချိန်မှစ၍ ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေရပြီး တစ်ညနေလုံး မည်သည့်အစားအစာမှ မစားမသောက်ရသဖြင့် ဆာလောင်နေ သည်။ သို့ဖြစ်ရာ သူတောင်းဆိုချက်အရ ဗိုလ်ချုပ်ဟိုပ်နားသည် အသားညှပ် ပေါင်မုန့်များနှင့် ဝိုင်အရက်တစ်ပုလင်းကို အခန်းထဲသို့ လာရောက်ပို့ပေးခဲ့ရသည်။ ထို့နောက် ဗိုလ်ချုပ်ဖရွမ်းသည် သူ၏ကတိစားအတိုင်း သူကိုယ်တိုင် လွတ်မြောက် အောင် ထွက်ပြေးခြင်းမပြုသော်လည်း သူ့အခန်းထဲတွင် သူနှင့်အတူ ဖမ်းဆီး ချုပ်နှောင်ထားခြင်းခံနေကြရသည့် ဗိုလ်ချုပ်သုံးယောက်အား လျှို့ဝှက်သောမလွယ် ပေါက်တစ်ခုမှ ထွက်ပြေးနိုင်အောင် စီစဉ်ပေးခဲ့သည်။ ထိုသို့ထွက်မပြေးမီ ဗိုလ် ချုပ်သုံးယောက်အား ၎င်းတို့ အပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် မိမိတို့တပ် များကို စုစည်း၍ ဤဘင်ဒလာလမ်းမှ 'သူပုန်ဌာနချုပ်' ကို အမြန်ဆုံးလာရောက် နှင်းသိမ်းပိုက်ရန် ဗိုလ်ချုပ်ဖရွမ်းက မှာကြားလိုက်သည်။

သို့သော် အဆိုပါဗိုလ်ချုပ်သုံးယောက် လွတ်မြောက်သွားပြီးနောက် တပ်များ ဖြင့် စုရုံးရောက်ရှိမလာမီ ဘင်ဒလာဌာနချုပ်တွင် အခြေအနေ ပိုမိုဆိုးဝါးစေသည့် အချင်းအရာတစ်ခု ဖြစ်ပွားလာခဲ့သည်။

ဗိုလ်ချုပ်အောလ်ဘရစ်လက်အောက်မှ အရာရှိငယ်တစ်စုသည် မူလက အာဏာသိမ်းရေးအစီအစဉ်များကို တစ်စုံတစ်ရာ ကန့်ကွက်ငြင်းဆန်ခြင်းမပြုဘဲ နေခဲ့ကြရာမှ 'ဟာစ်တလာမသေ' ဟူသောသတင်းကို အခိုင်အမာကြားသိကြရ သဖြင့်တစ်ကြောင်း၊ အာဏာသိမ်းရေးအစီအစဉ်များမှာလည်း ယခုအချိန်အထိ ထူးထူးခြားခြား အောင်မြင်မှု မရရှိရုံမျှမက တဖြည်းဖြည်း 'ပုံပျက်ပန်းပျက်' ဖြစ်လာသည်ကို တွေ့နေကြရသဖြင့်တစ်ကြောင်း၊ စိတ်ဓာတ်ပျက်ပြားကာ အာဏာ သိမ်းရေး အစီအစဉ်ကို ဆန့်ကျင်ကန့်ကွက်လာကြသည်။ သို့ဖြင့် ည ၁၀နာရီ မိနစ် ၃၀ အချိန်လောက်တွင် ဒုဗိုလ်မှူးကြီးဟာဘား ခေါင်းဆောင်သော အဆိုပါ အရာရှိငယ်တစ်စုသည် ဌာနချုပ်အဆောက်အဦး၏အလယ်ထပ်ရှိ လက်နက်ကိုင် တပ်မှ တော်မီဂန်းများကို ထုတ်ယူခဲ့ကြပြီး ဗိုလ်ချုပ်အောလ်ဘရစ်ရှိရာသို့ သွား ရောက်ကာ နောက်ဆုံးဖြစ်ပေါ်နေသော အခြေအနေကို မိမိတို့အား ရှင်းပြရန် တောင်းဆိုခဲ့ကြသည်။

ဗိုလ်ချုပ်အောလ်ဘရစ်ကလည်း အခြေအနေကို အကျဉ်းချုံး၍ ရှင်းပြကာ အရာရှိငယ်များအား သည်းခံစောင့်ဆိုင်းကြရန် ဖျောင်းဖျပြောဆိုခဲ့ရာ ၎င်းတို့သည် နောက်ထပ်မည်သို့မျှ အရေးဆိုကန့်ကွက်ခြင်းမပြုဘဲ ပြန်လည်ထွက်ခွာသွား ကြသည်။

သို့သော် နောက်မိနစ် ၂၀ ခန့်အကြာတွင် ဒုဗိုလ်မှူးကြီးဟာဘားနှင့်

www.burmeseclassic.com

www.burmeseclassic.com



အခြားဒုဗိုလ်မှူးကြီးတစ်ဦးဖြစ်သူ ဗွန်ဟိုက် အပါအဝင် အရာရှိ ၈ ဦးခန့်သည် ဗိုလ်ချုပ်အောလ်ဘရစ်ထံ နောက်တစ်ကြိမ် ထပ်မံရောက်ရှိလာကြပြန်သည်။ ၎င်းတို့အာဏာသိမ်းရေးအစီအစဉ်များမှာ စနစ်တကျမရှိဘဲ ဖရိုဖရဲဖြစ်နေကြောင်း ယခုအထိ တစ်စုံတစ်ရာ ထူးထူးခြားခြား အောင်မြင်မှုများ မရရှိသေးရုံမျှမက ညဉ့်နက်လေ အခြေအနေပိုဆိုးလေဖြစ်လာသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်ရာ ဤအခြေအနေအတိုင်းသာဆိုပါက မိမိတို့သည် ဆက်လက်သည်းမခံနိုင်တော့ဘဲ အာဏာသိမ်းရေးအစီအစဉ်များကို ဆန့်ကျင်ကန့်ကွက်ရလိမ့်မည်ဖြစ်ကြောင်း လေသံခပ်တင်းတင်းဖြင့် ပြောဆိုခဲ့ကြသည်။ ဗိုလ်ချုပ်အောလ်ဘရစ်ကလည်း မိမိလက်အောက်မှ အရာရှိများက ယခုကဲ့သို့ မိမိအားလာရောက်ခြိမ်းခြောက်ကြသည်ကို မခံမရပ်နိုင်သဖြင့် ပြန်လည်အော်ဟစ်ပြောဆိုခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် တင်းတင်းမာမာဖြစ်လာခဲ့ကြသည်။

ယင်းသို့ ဆူဆူညံညံ ပြင်းပြင်းထန်ထန် အော်ဟစ်ပြောဆိုနေကြသည်ကို ကြားရသော ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် အကျိုးအကြောင်းသိရှိရန်အတွက် အသံကြားရာ ဗိုလ်ချုပ်အောလ်ဘရစ် အခန်းထဲသို့ ဝင်လာခဲ့သည်။ ဤတွင် ထိန်းမနိုင် သိမ်းမရဖြင့် ဒေါသအပွကြီးပွနေကြပြီဖြစ်သော အရာရှိများသည် အခန်းထဲသို့ ဝင်လာသော စတပ်ဖင်ဘတ်အား ဘာမပြော ညာမပြောဘဲ ဒရကြမ်းဝင်၍ ဖမ်းဆီးတော့ရာ စတပ်ဖင်ဘတ်သည် အဖမ်းမခံဘဲ အခန်းထဲ ရုတ်တရက် ထွက်ပြေးခဲ့သည်။

အခြေအနေမှာ ဝရုန်းသုန်းကားဖြင့် ဆိုးဆိုးဝါးဝါးဖြစ်လာသည်။ အရာရှိများသည် ယခုအခါ အာဏာသိမ်းရေးသမားများအား အတိအလင်းဆန့်ကျင်သွားပြီး ဗိုလ်ချုပ်အောလ်ဘရစ်အား တော်မီဂန်းများဖြင့်ချိန်၍ ဖမ်းဆီးလိုက်ကြသည်။ ပြင် ထွက်ပြေးသော စတပ်ဖင်ဘတ်ကိုလည်း အဆောက်အဦးစင်္ကြံတစ်လျှောက် နောက်မှ ဒရကြမ်းလိုက်၍ပစ်ခတ်ကြရာ စတပ်ဖင်ဘတ်မှာ လက်မောင်းတွင် ဒဏ်ရာရပြီး အဖမ်းခံလိုက်ရသည်။ နောက်ဆုံး၌ အရာရှိငယ်များသည် ဘင်ဒလာ ဌာနချုပ်တွင်ရှိနေသော ဗိုလ်ချုပ်ဘက်ခ်၊ ဗိုလ်ချုပ်အောလ်ဘရစ်၊ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်နှင့် ဗိုလ်ချုပ်ဟိုပ်နား စသောအာဏာသိမ်းရေးခေါင်းဆောင်များအား ဖမ်းဆီးကြပြီး ဗိုလ်ချုပ်ဖရွမ်း၏ လွတ်နေသောရုံးခန်းထဲတွင် ချုပ်နှောင်ထားခဲ့ကြသည်။

သို့ဖြင့် ညနေပိုင်းတစ်ချိန်လုံး မိမိတို့ဘက်မှ အစီအစဉ်များ နှောင့်နှေးခဲ့ရသလောက် ည ၁၁ နာရီအချိန်လောက်တွင် အာဏာသိမ်းရေးခေါင်းဆောင်များမှာ ဓာ...င်ပိုင်းအတွင်း အစုလိုက်အပြုံလိုက် အဖမ်းခံခဲ့ကြရတော့သည်။



အာဏာသိမ်းရေးအစီအစဉ်များအားလုံး ဆုံးရှုံးပျက်ပြားသွားခဲ့ပြီဖြစ်ရာ ခဏ ...ကြာတွင် ဗိုလ်ချုပ်ဖရွမ်းသည် အောက်ထပ်တွင် အဖမ်းခံနေရသည့် အခန်းမှ ...ထွက်လာခဲ့ပြီး အာဏာသိမ်းရေးသမားများအား ဖမ်းဆီးချုပ်နှောင်ထားသည့်အခန်း ...သို့ ဝင်ရောက်လာသည်ကို တွေ့ရသည်။ သူ့လက်ထဲတွင် ခြောက်လုံးပြူးတစ် ...က် အသင့်ကိုင်ထားပြီး သူ့မျက်နှာထားမှာလည်း ခပ်တင်းတင်းဖြစ်နေသည်။

'ကဲ– လူကြီးမင်းတို့၊ ဒီတစ်ခါတော့ ခင်ဗျားတို့ကို ကျုပ်က ပြန်ဖမ်းရလိမ့် ...ယ်။ ခင်ဗျားတို့မှာ ပါလာတဲ့လက်နက်တွေအားလုံး ချလိုက်ကြပါ'

ဗိုလ်ချုပ်ဖရွမ်းက အိန္ဒြေရရအမိန့်ပေးလိုက်သည်။

သူ့အမိန့်ကို ကျန်လူများက လိုက်နာကြသော်လည်း ဗိုလ်ချုပ်ဘက်ခ်မှာ လိုက်နာဘဲ လေသံခပ်တင်းတင်းဖြင့် ငြင်းဆန်လိုက်သည်။

'ဟော့– ငါဟာ မင်းအထက်အရာရှိ လုပ်လာခဲ့တာပါကွ၊ မင်းက ငါ့ကို ...ပြီး အမိန့်ပေးနေစရာမလိုပါဘူး'

ဗိုလ်ချုပ်ဘက်ခ်သည် ပြောပြောဆိုဆိုဖြင့် သူ့ခါးမှ ခြောက်လုံးပြူးကို ...ထုတ်လိုက်သည်။ ပြီးမှ အေးအေးဆေးဆေး ဆက်ပြောလိုက်သည်။

'ငါ့ပြဿနာကို ငါ့ဘာသာဖြေရှင်းသွားဖို့ပဲ ရှိတယ်'

'ကောင်းပြီလေ၊ ဒီလိုဆိုရင်လဲ ခင်ဗျားကိုယ်ခင်ဗျားသာ တည့်တည့်ချိန်ပစ် ...'

ဗိုလ်ချုပ်ဖရွမ်း၏စကားအဆုံးတွင် ဗိုလ်ချုပ်ဘက်ခ်သည် သူ့လက်ထဲမှ ခြောက်လုံးပြူးဖြင့် သူ့ဦးခေါင်းကိုချိန်ကာ ခလုတ်ကိုဖြုတ်ချလိုက်သည်။ 'ဒိုင်း' ...မြည်သံနှင့်အတူ သူ့ဦးခေါင်းမှသွေးများ ဖြာကျလာသည်ကို တွေ့ကြရသည်။ ...သော် ကျည်ဆံမှာ ဦးခေါင်းကိုရှပ်၍ မှန်သွားခြင်းမျှသာဖြစ်ရာ ဗိုလ်ချုပ်ဘက်ခ် ... အသက်မသေဘဲ ကုလားထိုင်ပေါ်တွင် လဲရုံမျှသာလဲကျသွားခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်ဖရွမ်းသည် ကျန်လူများဘက်သို့လှည့်ကာ

'ကဲ– ခင်ဗျားတို့အိမ်သားတွေကို မှာစရာရှိရင် စာနဲ့ရေးပြီး မှာထားခဲ့နိုင် ...တယ်။ ခင်ဗျားတို့အတွက် အချိန်နည်းနည်းတော့ ပေးမယ်'

ဗိုလ်ချုပ်ဖရွမ်းသည် အခန်းထဲတွင်ရှိနေကြသည့် အရာရှိများအား ...စောင့် နေကြရန် မျက်ရိပ်ပြကာ အခန်းထဲမှ ထွက်သွားသည်။

ဤတွင် ဗိုလ်ချုပ်အောလ်ဘရစ်နှင့် ဟိုပ်နားတို့သည် အစောင့်အရာရှိများ ...မှ စာရေးစက္ကူအလွတ်များတောင်းကာ သူတို့ဇနီးများထံသို့ နောက်ဆုံးစာများကို ...ကြသည်။ ထိုအခိုက် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်နှင့် အခြားနှစ်ယောက်မှာ ...ခန်းအလယ်တွင် မလှုပ်မယှက် ရပ်ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်ခန့်အကြာတွင် ဗိုလ်ချုပ်ဖရွမ်းသည် အခန်းထဲသို့ ပြန်ဝင်လာသ
သူသည် အခန်းထဲသို့ရောက်လျှင်ရောက်ချင်း အာဏာသိမ်းသမားများ၏ ရှေ့
တည့်တွင်ရပ်ကာ ယနေ့ဖြစ်ပွားသော ပုန်ကန်မှုအတွက် မိမိသည် ခေါင်းဆော
ကြီး ဟစ်တလာကိုယ်စား စစ်ခုံရုံးတစ်ရပ် အမြန်ဆုံးဖွဲ့စည်းကာ ယခုပင်
အစည်းအဝေးထိုင်၍ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းခုံရုံး
ဖြတ်ချက်အရ ဤအခန်းထဲတွင်ရှိနေကြသည့် တရားခံများအနက် ဗိုလ်မှူး
စတပ်ဖင်ဘတ်၊ ဗိုလ်ချုပ်အောလ်ဘရစ်၊ *ဗိုလ်ကလေးဟေ့ဖ်တင်နှင့် ဗိုလ်
ကြီး ကွာဟိမ်းတို့လေးဦးကို ယခုချက်ချင်းပင် သေဒဏ်ပေးရလိမ့်မည်
ကြောင်း ရုတ်တရက်ပြောချလိုက်သည်။

ထိုအချိန်တွင် ဗိုလ်ချုပ်အောလ်ဘရစ်နှင့် ဟိုပ်နားတို့သည် အိမ်သား
ထံ အမှာစာများ ရေးနေကြဆဲဖြစ်၍ ဗိုလ်ချုပ်ဘက်ခ်မှာ မျက်နှာတွင် သွေး
ယိုစီးကာ ကုလားထိုင်ပေါ်တွင် ခွေလဲကျနေဆဲပင်ဖြစ်သည်။ 'သေဒဏ်' အပေ
ရသော အရာရှိလေးဦးမှာ မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ရပ်နေကြသည်

'ကဲ- လူကြီးမင်းတို့ မပြီးကြသေးဘူးလား၊ မြန်မြန်လုပ်ကြရင် ကောင်းမ
ခင်ဗျားတို့အတွက် ကျန်တဲ့ပုဂ္ဂိုလ်တွေမှာ အနှောင့်အယှက်ဖြစ်မှာစိုးရမယ်'

ဗိုလ်ချုပ်ဖရွမ်းသည် ယခုထက်တိုင် စာရေးနေကြဆဲဖြစ်သော ဗိုလ်
အောလ်ဘရစ်နှင့် ဟိုပ်နားတို့အား လှမ်း၍ပြောလိုက်သည်။ ဤတွင် ဗိုလ်
အောလ်ဘရစ်သည် ရေးလက်စစာကို အဆုံးသတ်လိုက်ပြီး စာအိတ်တစ်အိ
တောင်းလိုက်သည်။ ထို့နောက် စာကို စာအိတ်ထဲသို့ထည့်၍ ပိတ်လိုက်
စားပွဲပေါ်တွင် အသာတင်လိုက်သည်။ ဗိုလ်ချုပ်ဟိုပ်နားသည်လည်း သူ့စာ
လက်စသတ်လိုက်ပြီး စားပွဲပေါ်တွင်တင်ရင်း ထိုင်ရာမှထလိုက်သည်။

ထို့နောက် ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် ဗိုလ်ချုပ်ဖရွမ်းခေါ်ဆောင်ရာ
ရှေ့ဆုံးမှ လိုက်ပါလာခဲ့ရာ သူ့နောက်မှ ကျန်လူများ ပါလာခဲ့ကြသည်။ တော
ဂန်းများ ကိုင်ထားသည့် အရာရှိများသည် ဘေးမှရံကာ လိုက်ပါလာကြသ
အောက်ဆုံးထပ်သို့ရောက်၍ အဆောက်အဦးအတွင်းမှ ထွက်လိုက်သည်
တစ်ပြိုင်နက် အပြင်တွင် မှောင်နှင့်မဲမဲဖြစ်နေသည်ကို တွေ့ရသည်။ ဘာလ

---

* ဗိုလ်ကလေးဟေ့ဖ်တင်မှာ ဟစ်တလာ၏ဌာနချုပ်တွင် ဗုံးဖောက်ခွဲရန် ဗိုလ်
ကြီး စတပ်ဖင်ဘတ်နှင့်အတူ လိုက်ပါလာခဲ့သူဖြစ်၍ ဗိုလ်မှူးကြီးကွာဟိမ်းမှာ စာ
ကီရီ စစ်ဆင်ရေးအမိန့်ကို ဗိုလ်ချုပ်ဖရွမ်းကိုယ်စား ထုတ်ပြန်ခဲ့သူဖြစ်သည်။ စာရေး



မှာ မဟာမိတ်တို့၏လေကြောင်းရန်ကို ကြောက်ရွံ့သဖြင့် တစ်မြို့လုံးမှောင်
းသောကြောင့်ဖြစ်သည်။

ခဏအကြာတွင် ဗိုလ်ချုပ်ဖရွမ်း၏အမိန့်အရ ရုံးဝင်းအတွင်း ခုံလှမ်းလှမ်း
င်နေရာတွင် ရပ်ထားသော စစ်ကားတစ်စင်းသည် 'စစ်တရားခံလေးဦး'နှင့်
ဗိုလ်ချုပ်ဖရွမ်းတို့ရှိရာသို့ ခပ်ဖြည်းဖြည်းမောင်းလာသည်ကို တွေ့ရသည်။ မိမိတို့
များသို့ စစ်ကားရောက်လာသည်နှင့်တစ်ပြိုင်နက် ဗိုလ်ချုပ်ဖရွမ်းသည် ထိုကား
မှ မီးလုံးနှစ်လုံး၏အလင်းရောင်ကို အသုံးပြုကာ စစ်တရားခံလေးဦးအား
သေဒဏ် 'ပေးရန် အမြန်ဆုံးစီစဉ်တော့သည်။

စစ်ကား၏ရှေ့မီးနှစ်လုံးမှာ စစ်အတွင်း လေကြောင်းရန် စိုးရိမ်ရသဖြင့်
ပေါ်မှ အုပ်ဆောင်းများအုပ်ထားရာ မီးရောင်မှာ ရှီးရှီးမော်တော်ကားမီးများကဲ့သို့
လင်းဘဲ မှုန်မှုန်မွှားမွှားဖြင့် ခပ်ဝါးဝါးဖြစ်နေသည်။ သေဒဏ်အပေးခံရသော
တရားခံလေးဦးအား အဆိုပါစစ်ကားမှ မီးရောင်ဖြင့် မြင်သာအောင် ဘေးတိုက်
ပြရသည်။ ဤမှုန်မွှားသော မီးရောင်အောက်မှာပင်လျှင် လက်တစ်ဖက်ပြတ်၍
လုံးတစ်ဖက်လပ်နေသော ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်၏မျက်နှာမှ ရဲရင့်တည်
ငြိမ်သောအသွင်ကို အားလုံးမြင်နေကြရသည်။ ခပ်စောစောက သေနတ်မှန်ထား
ဖြင့် သူ၏လက်ဝဲဘက်လက်မောင်းမှ အင်္ကျီတွင် သွေးကွက်များ ရဲရဲနီလျက်ရှိ
သည်။

ချက်ချင်းဆိုသလိုပင် အမိန့်ပေးသံများနှင့်အတူ တရားခံလေးဦးအား
သေနတ်ဖြင့် ပစ်သတ်ရမည့် သေနတ်ပစ်အဖွဲ့သည် သတ်မှတ်ထားသည့်နေရာတွင်
သင့်ဖြစ်နေကြသည်။ ခဏအကြာတွင် 'ချိန်၊ ပစ်' ဟူသော ဆက်တိုက်အမိန့်
သံနှင့်တစ်ဆက်တည်း 'ဒိုင်း ဒိုင်း' ဟူသော သေနတ်သံများသည် ဘင်းဒလာ
မ်းမကြီး၏ တိတ်ဆိတ်သောညကို ဖောက်ထွင်းပေါ်ထွက်လာသည်။

ထို့နောက် မိနစ်အနည်းငယ်မျှအကြာတွင် နောက်ထပ်သေနတ်သံတစ်ချက်
ကြားလိုက်ရပြန်သည်။

ဤသေနတ်သံမှာ အခြားမဟုတ်၊ ခပ်စောစောက အခန်းထဲတွင် သေနတ်
ဆ်ရာဖြင့် သတိမရတစ်ချက်ရတစ်ချက် ဖြစ်နေသော ဗိုလ်ချုပ်ဘက်ခ်အား
ဗိုလ်ချုပ်ဖရွမ်း၏အမိန့်အရ တပ်ကြပ်ကြီးတစ်ယောက်က အခန်းအပြင်ဘက်သို့
ထုတ်လာပြီး ဂုတ်ပိုးကို သေနတ်ဖြင့်ပစ်သတ်ရာမှ ထွက်ပေါ်လာသော သေ
နတ်သံပင်ဖြစ်သည်။

ထိုအချိန်မှာ ည ၁၂ နာရီ သန်းခေါင်ကျော်အချိန်ပင်ဖြစ်သည်။

ဤသို့ဖြင့် ဂျူလိုင် ၂၀ ရက်လုပ်ကြံမှုနှင့် အာဏာသိမ်းရေး အစီအစဉ်များ

www.burmeseclassic.com

www.burmeseclassic.com



မှာ နောက်ဆုံး ကန့်လန့်ကာချ၍ ဇာတ်သိမ်းခဲ့သည်။ ဤသို့ဖြင့် ၁၉၃၈ ခုနှ[စ်]၏ သန္တေတည်လာခဲ့သော ဟစ်တလာနှင့် နာဇီပါတီဆန့်ကျင်ရေး လှုပ်ရှား[မှု]ကြီးသည် အချိန်ကာလအားဖြင့် ၁၁ နှစ်ခွဲမျှ ကြာခဲ့ပြီးသည့်နောက် ၁၉၄[၄] ခုနှစ် ဇူလိုင် ၂၀ ရက်နေ့တွင် ဗုံးပေါက်ကွဲပြီးခဲ့သည့်အချိန်မှစ၍ နာရီအား[ဖြင့်] ၁၁ နာရီခွဲမျှအကြာတွင် လုံးဝချုပ်ငြိမ်း၍ ဇာတ်သိမ်းခဲ့ပြီဖြစ်သည်။

သို့သော် ထိုနေ့ည သန်းခေါင်ယံအချိန်က ဘင်ဒလာလမ်းပေါ်ရှိ စစ်[ဌာနချုပ်]ဝင်းအတွင်းမှ သေနတ်သံများသည် ဟစ်တလာလုပ်ကြံမှု လျှို့ဝှက်သဲဖို့ဇာတ်လ[မ်း]၏ ဇာတ်သိမ်းခန်းမှ ပေါ်ထွက်လာသောအသံဟုဆိုပါက နောက်တစ်နာရီ[ခန့်] အကြာတွင် ဘာလင်အသံလွှင့်ဌာနမှ ထွက်ပေါ်လာသောအသံသည် 'ဟစ်တလာ၏ လက်စားချေရေးဇာတ်လမ်း' အတွက် ဇာတ်လမ်းအစပဏာမအသံဟု၍ ဆိုရမည်ဖြစ်သည်။

မှန်သည် ဇူလိုင်လ ၂၀ ရက်နေ့ည သန်းခေါင်ယံအချိန်လောက်တွ[င်] လုပ်ကြံမှုခေါင်းဆောင်များ အသတ်ခံရပြီးနောက် တိုက်တိုက်ဆိုင်ဆိုင်ပင် ထို[နေ့]ည သန်းခေါင်ကျော် ၁ နာရီသာသာခန့်တွင် ဘာလင်အသံလွှင့်ဌာနမှ ခေါ[င်း]ဆောင်ကြီး ဟစ်တလာ၏အသံကို ဂျာမနီတစ်နိုင်ငံလုံးမှ ပီပီသသကြီး ကြားလို[က်]ကြရသည်။

'ဂျာမန်ရဲဘော်ပေါင်းတို့...

ဒီနေ့ ခုလို ကျုပ်စကားပြောရတာဟာ ပထမအချက်အနေနဲ့ ခင်ဗျားတို့ ကျုပ်အသံကိုကြားရပြီး ကျုပ်ဟာဒဏ်ရာအနာတရမဖြစ်ဘဲ ကျန်းကျ[န်း]မာမာ ရှိနေတယ်ဆိုတာ ခင်ဗျားတို့ သိထားကြဖို့နဲ့ ဒုတိယအချက်က ဂျာမန်သမိုင်းတစ်လျှောက်မှာ တစ်ခါဖူးမှ မပေါ်ပေါက်ခဲ့ဖူးတဲ့ ရာဇဝတ်[မှု]ကြီးအကြောင်းကို ခင်ဗျားတို့ကို သိစေချင်လို့ပါပဲ။

အလိုရမ္မက်ကြီးသလောက် တာဝန်မဲ့ပြီး တစ်ချိန်တည်းမှာ အသိဉာဏ်ခေါင်းပါးသလောက် မိုက်တွင်းနက်လှတဲ့ လက်တစ်ဆုပ်စာ အရာရှိအနည်းစုကလေးတစ်စုဟာ ကျုပ်နဲ့တကွ တပ်မတော်ဗဟိုစစ်ဦးစီး ဌာနချုပ်အဖွဲ့ဝ[င်]တွေကိုပါ သုတ်သင်ရှင်းလင်းပစ်ဖို့ ကြိုးစားခဲ့ကြတယ်။

ဗိုလ်မှူးကြီး စတပ်ဖင်ဘတ် ထောင်ထားခဲ့တဲ့ ဗုံးဟာ ကျုပ်ရဲ့လက်ယာဘက် ၂ မီတာလောက်အကွာမှာ ပေါက်ကွဲခဲ့တယ်။ ဒီပေါက်ကွဲမှုကြော[င့်] ကျုပ်အပေါ်မှာ ရိုးရိုးသားသားနဲ့ သစ္စာရှိခဲ့ကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေ အတော်များများဟာ အပြင်းအထန် ဒဏ်ရာရခဲ့ကြပြီး အဲဒီအထဲ [က] *တစ်ယောက်ဟာ အသက်ဆုံးရှုံးခဲ့ရတယ်။ ဒါပေမဲ့ ကျုပ်ကိုယ်တိုင်ကတော့ နည်းနည်းပါးပါး မဖြစ်စလောက် ပွန်းရုံပဲ့ရုံကလွဲလို့ လုံးဝဒဏ်ရာမရခဲ့ပါဘူး။

ဒီပြစ်မှုကို ကျူးလွန်ခဲ့တဲ့လူတွေဟာ ရာဇဝတ်ဂိုဏ်းသားအင်အားစုတွေ ဖြစ်တဲ့အတွက် အသနားမဖက်ဘဲ ရက်ရက်စက်စက် ချေမှုန်းပစ်ကြရလိမ့်မယ်။

သူတို့ကိုဖမ်းဖို့ဟာ လူတိုင်းရဲ့တာဝန်ပဲဆိုတာ ကျုပ်အမိန့်ပေးလိုက်တယ်၊ တကယ်လို့ အဖမ်းမခံဘဲ ခုခံမယ်ဆိုရင် နေရာတင်ပစ်သတ်ဖို့ ကျုပ်အမိန့်ပေးလိုက်တယ်။

ဒီတစ်ချီမှာတော့ ကျုပ်တို့အမျိုးသားဆိုရှယ်လစ်တွေရဲ့ လုပ်နေကျထုံးစံအတိုင်း အပြတ်စာရင်းကြရလိမ့်မယ်'+

မှောင်နှင့်မည်းမည်းဖြစ်နေသော ဘာလင်မြို့ကြီးနှင့်တကွ ဂျာမနီနိုင်ငံတစ်ဝှမ်း[လုံး]တွင် ဒေါသမီးဟုန်းဟုန်းတောက်လောင်နေသည့် အာဏာရှင်ကြီးဟစ်တလာ[၏] အသံနက်ကြီးသည် မှောင်တစ်ည၏ သန်းခေါင်ယံအချိန်ကို ဖောက်ထွင်းပေါ်[ထွ]က်နေပေသည်။

မှောင်လွန်းသောညတစ်ညပါတကား။

---

*ဗုံးပေါက်ကွဲသည့်အချိန်က နေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့ရသော လက်ရေးတို အမှုထမ်းဘာရားကို ဆိုလိုသည်။ ကျန်လူများမှာ ဆေးရုံရောက်မှ သေဆုံးခဲ့ကြ[သူမျာ]းဖြစ်သည်။ စာရေးသူ။

+ဟစ်တလာ၏ ယင်းအသံလွှင့်မိန့်ခွန်းအပြည့်အစုံကို နောက်ဆက်တွဲတွင် [ကြ]ည့်ပါ။ စာရေးသူ။

www.burmeseclassic.com

# ဆွေးမြိုက်သောနေ့ရက်များ

ဟစ်တလာသည် အနုပြောသမားသက်သက်လည်းမဟုတ်၊ အလုပ်သမားသက်သ
လည်းမဟုတ်။ သူသည် ပြောလည်းပြောသည်၊ လုပ်လည်းလုပ်သည်။ အတိအ
ဆိုရလျှင် သူသည် ပြောသည့်အတိုင်းလုပ်၍၊ လုပ်သည့်အတိုင်း ပြောသည့်လူ
ဖြစ်သည်။

'ဒီလူတွေနဲ့ အပြတ်စာရင်းရှင်းရလိမ့်မယ်'ဟူ၍ သူပြောခဲ့သည်။ ပြောသ
အတိုင်းလည်း အပြတ်စာရင်းရှင်းခဲ့သည်။

'ဒီတစ်ခါတော့ ရာဇဝတ်ကောင်တွေကို အမြန်ဆုံးအပြစ်ပေးပစ်ရမ
စစ်ခုံရုံးတွေလည်း ဖွဲ့မနေ၊ သူတို့ကို ပြည်သူ့ခုံရုံးမှာ တင်ပြီးစစ်ရမယ်။ စစ
နေရာမှာလည်း စကားရှည်ရှည်ဝေးဝေးပြောခွင့်မပေးဘဲ လုပ်စရာရှိတာ အမြန်
လုပ်၊ စီရင်ချက်ချပြီး ၂ နာရီအတွင်း ကိစ္စပြီးအောင်လုပ်ပစ်ရမယ်။ သေဒဏ်
ရာမှာလည်း ရက်ရက်စက်စက် ကြိုးဆွဲချသတ်တဲ့နည်းကိုပဲသုံးရမယ်'

ဌာနချုပ်တွင် ဗုံပေါက်ကွဲမှုနှင့် ဘာလင်တွင် အာဏာသိမ်းရန်ကြိုးပမ်
များ ပျက်ပြားသွားပြီးနောက် ပထမဆုံးအကြိမ်ကျင်းပသည့် အစည်းအဝေ
ဟစ်တလာသည် အထက်ပါအတိုင်း ထပ်မံကြိုးဝါးခဲ့သည်။ အမိန့်ထုတ်ခဲ့သည
အမြင့်ဆုံးနေရာမှ ထိပ်ဆုံးခေါင်းဆောင်ကြီး၏ အမိန့်ဖြစ်သည့်အတ
အောက်ခြေမှ တာဝန်ရှိသူများသည် အမြန်ဆုံးနှင့် အတိကျဆုံး အကောင်အထ
ဖော်ခဲ့သည်။ ယင်းသို့အကောင်အထည်ဖော်ရာ၌ တာဝန်အများဆုံးယူခဲ့ရသူ
ရိုနယ်လ်ဖရိုက်စလာ ဆိုသူဖြစ်သည်။

ရိုနယ်လ်ဖရိုက်စလာ သည် အခြားသူမဟုတ်၊ ပြိုကွဲပျက်စီးသွားခဲ့သေ
လုပ်ကြံမှုတွင် ကိုယ်ထိလက်ရောက်ပါဝင်ခဲ့သည့် ဂိုဏ်းသားများ၊ ကူညီအားပေ
များနှင့် ကြံရာပါများအား စစ်ဆေးအပြစ်ပေးရသည့် ပြည်သူ့ခုံရုံး၏ သဘာ
ကြီးဖြစ်သည်။ သူသည် ပထမကမ္ဘာစစ်ကြီးအတွင်းက ရုရှားနိုင်ငံတွင် သုံ့ပ
အဖြစ် ဖမ်းဆီးခြင်းခံခဲ့ရပြီး စစ်ကြီးပြီးသည့်နောက် ၁၉၂၄ ခုနှစ်ကပင် စတ
နာဇီဝါဒကို အားပေးထောက်ခံလာခဲ့သူဖြစ်သည်။ အကြမ်းဖက်အုပ်စိုးမှုကို အာ
ထောက်ခံလာခဲ့သူဖြစ်သည်။ အကြမ်းဖက်အုပ်စိုးမှုကို အလေးအနက်ယုံကြ
သက်ဝင်၍ ရက်စက်မှု၊ ရိုင်းစိုင်းမှု၊ ကြမ်းကြုတ်မှုတို့သည် သူ၏ထင်ရှားသေ
အရည်အချင်းများပင်ဖြစ်သည်။

လုပ်ကြံမှုကြီး ပျက်စီးပြိုကွဲပြီးနောက် တနင်္ဂနွေနှစ်ပတ်ကျော်ကျော်အခ



တွင်း ဂက်စတာပို ဗိုလ်ချုပ်ဟင်းမလားကိုယ်တိုင် ဦးစီးကွပ်ကဲ၍ လူစုံသွ
ပြီး ကျင်းပခဲ့ကြသည်။ ဟစ်တလာ ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် ကာလကြာမြင့်စွာ
ပါဝင်သူများ၊ ဝင်ကံမြောက်ထောက်ခံသူများနှင့် မနောကံမြောက် အားပေးသူ
များ တစ်ယောက်မကျန် ဖမ်းဆီးခဲ့သည်။ ထိုသူများသာမက ၎င်းတို့၏ဆွေမျိုး
သားချင်းများကိုပါ ချမ်းသာမပေးဘဲ အစုလိုက်အပြုံလိုက် ဖမ်းဆီးခဲ့ရာ ထိုနေ့
ရက်များအတွင်းက ဖမ်းဆီးခြင်းခံရသူပေါင်းမှာ ၇၀၀၀ ကျော်ရှိခဲ့သည်။

ထိုသို့ နှစ်ပတ်ကျော်ကျော်မျှ လူဖမ်းပွဲကြီးကျင်းပပြီးနောက် သြဂုတ်လ
၇ ရက်နေ့နှင့် ၈ ရက်နေ့များတွင် အရေးကြီးသော တရားခံများကို ပထမဆုံး
ပြည်သူ့ခုံရုံးတွင်တင်၍ စစ်ဆေးခဲ့သည်။ ၎င်းတို့အထဲတွင် အမှတ် ၃ စစ်နယ်မြေ
တပ်မှူးကြီး ဗိုလ်ချုပ်ဝစ်ဇ်လ်ဘင်း (ဇူလိုင် ၂၀ ရက်နေ့ညက၊ အခြေအနေဟန်ပို
ပေါ်သဖြင့် မာစီဒီးကားဖြင့် တောပိုင်းသို့လစ်ပြေးသူ)၊ သံချပ်ကာတပ်မှူးကြီး
ဗိုလ်ချုပ်ဟို့ပ်နား (ထိုညက ဘင်ဒလာလမ်း စစ်ရုံးချုပ်တွင် အဖမ်းခံခဲ့ရသူ)၊
ဟိုစစ်ဦးစီးဌာနချုပ် စည်းရုံးရေးဌာနတာဝန်ခံ ဗိုလ်ချုပ်စတိဖ် ('ဘရန်ဒီနှစ်ပု
လင်း' ကိစ္စတွင် ပါဝင်ခဲ့သူ)၊ ဘာလင်မြို့စောင့်တပ်မှူးကြီး ဗိုလ်ချုပ်ဖွန်ဟော့စ်
ထိုနေ့က ဂိုးဘဲလ်အား သွားရောက်ဖမ်းဆီးရန် ဗိုလ်မှူးရမ်မားအား အမိန့်ပေးခဲ့
သူ)၊ 'ကရိုက်ဆောအုပ်စု' ခေါင်းဆောင်တစ်ဦးဖြစ်သော ဗိုလ်ချုပ် ဝါတင်ဘတ်
ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်နှင့် အလွန်ရင်းနှီးသူ)နှင့် အခြားဗိုလ်ချုပ်များပါဝင်ခဲ့
ကြသည်။

ဂက်စတာပို အချုပ်ခန်းထဲတွင် အမျိုးမျိုးအဖုံဖုံ အနှိပ်စက်ခံခဲ့ကြရသည်ဖြစ်
၍ ပြည်သူ့ခုံရုံးတရားခွင်သို့ ထုတ်လာသောအခါ တရားခံများမှာ လူရုပ်ပင်
ပေါ်တော့ဘဲ ပုံပျက်ပန်းပျက်ဖြစ်နေကြရသည်။ သူတို့၏အသားအရေများမှာ
သွေးမရှိတော့သလို ဖြူဖတ်ဖြူရော်ဖြစ်နေကြပြီး မျက်နှာမှာလည်း မျက်တွင်းများ
ဟောက်လျက်၊ ရက်ပေါင်းများစွာ မရိတ်ဘဲနေခဲ့ကြရသော မုတ်ဆိတ်မွေးများနှင့်
ပါးသိုင်းမွေးများကြောင့် တောထဲတွင် အစာရှာစားတော်၍ အားပြတ်လာကြသူများ
ပမာ ပိန်ချုပ်းချိနဲ့နေကြသည်ကို တွေ့ရသည်။ သူတို့ကိုယ်ပေါ်တွင် ဝတ်ဆင်ထား
ကြသည့် အဝတ်အစားများမှာလည်း ကြေးအထပ်ထပ်ဖြင့် ညစ်ပတ်စုတ်ပြတ်နေ
ကြပြီး အင်္ကျီများမှာ နက္ကတိုင်လည်စည်းမပါ၊ ဘောင်းဘီမှာလည်း ခါးပတ်မရှိဘဲ
ခံသလိုဝတ်လာကြရသည်ကို တွေ့မြင်ရသည်။

သည်အထဲတွင် တစ်ခါက ထယ်ထယ်ဝါဝါဖြင့် ခန့်ခန့်ညားညားရှိခဲ့သော
ဗိုလ်ချုပ်ကြီး ဝစ်ဇ်လ်ဘင်းမှာ ယခုအခါ တစ်ကိုယ်လုံး ခွေနုံးယိုင်နဲ့၍ အရုပ်
ကြိုးပြတ်ပမာ ပုံလဲကျတော့မလိုပင် ဖြစ်နေရှာသည်။ အသက်ကြီးပြီဖြစ်၍ သွား

www.burmeseclassic.com



အတုများတပ်ဆင်ထားရသော ဗိုလ်ချုပ်ကြီးမှာ အချုပ်ခန်းထဲ ရောက်နေသည့်နေ့မှ ၍ ဂက်စတာပိုအဖွဲ့ဝင်များက သွားတုများကို အဓမ္မဖြုတ်ယူသွားကြသဖြင့် ရုံးထုတ်လာသောအခါ သူ့မျက်နှာမှာ မှတ်မိစရာမရှိလောက်အောင်ပင် ချုံးကျနေရှာသည်။

သို့သော် တရားခံများမှာ 'ပြည်သူ့ခုံရုံး' မှ သူတို့အပေါ် နောက်ဆုံးမည်သို့ စီရင်ချက်ချမှတ်မည်ကို ကြိုတင်သိပြီးဖြစ်နေကြသော်လည်း ရုံးတော်တွင် အတတ်နိုင်ဆုံး သိက္ခာရှိရှိ၊ သတ္တိပြောင်ပြောင်ဖြင့် ထွက်ဆိုသွားခဲ့ကြသည်။ ပါးစပ်ထဲမှ အသွားအတုများ အဓမ္မဖြုတ်ယူခြင်းခံခဲ့ရပြီး အမျိုးမျိုးအဖုံဖုံ နှိပ်စက်ထားကြသဖြင့် အရိုးပေါ် အရေတင်နေသော ဗိုလ်ချုပ်ကြီးဝစ်ဇ်လ်ဘင်းကိုယ်တိုင်ကပင် ခုံရုံးသဘာပတိ ဖရိုလ်စလာအား ရဲရဲဝံ့ဝံ့ဖြင့် ရင်ဆိုင်ခဲ့သည်။

ဖရိုက်စလာ။ ။ ခင်ဗျား အစစ်ခံခဲ့တဲ့အထဲမှာ ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ခင်ဗျားဟာ ဗိုလ်ချုပ်ဘက်ခ်နဲ့ တွေ့ပြီး အခြေအနေကို ဆွေးနွေးကြတယ်လို့ ပါတယ်။ အဲဒီတုန်းက ခင်ဗျားတို့နှစ်ယောက်ဟာ ခေါင်းဆောင်ကြီးဟစ်တလာ စစ်ရေးစစ်ရာ ဘာမှ နားမလည်ဘူးလို့ ပြောခဲ့ကြတယ်လို့ ဆိုတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ခေါင်းဆောင်ကြီး ဟစ်တလာထက် ပိုပြီးနားလည်တဲ့လူ ရှိသေးတယ်လို့များ ထင်သလား။

ဝစ်ဇ်လ်ဘင်း။ ။ ထင်တယ်။

ဖရိုက်စလာ။ ။ ကောင်းပြီ၊ ခေါင်းဆောင်ကြီး ဟစ်တလာထက် ပိုပြီးစစ်ရေးစစ်ရာ နားလည်တဲ့လူ ရှိသေးတယ်လို့ ခင်ဗျားထင်တယ်၊ ကဲ– ဒါဖြင့် အဲဒီလိုနားလည်တဲ့ လူဟာ ဘယ်သူလဲ။

ဝစ်ဇ်လ်ဘင်း။ ။ ကျုပ်နဲ့ ဗိုလ်ချုပ်ဘက်ခ် နှစ်ယောက်စလုံး ဟစ်တလာထက် ပိုပြီး စစ်အကြောင်းနားလည်တယ်လို့ ထင်တယ်။

ဗိုလ်ချုပ်ကြီး ဝစ်ဇ်လ်ဘင်းသည် အထက်ပါအတိုင်း ခုံရုံးတွင် ရဲရဲကြီး ထွက်ဆိုခဲ့သည်။

အလားတူပင် တရားခံတစ်ဦးဖြစ်သော ဗိုလ်ကလေးဗွန်ဟော့ဖ်တင် (ဗိုလ်မှူးကြီး စတော့ဖင်ဘတ်နှင့်အတူ ဟစ်တလာ၏ဌာနချုပ်သို့ လေယာဉ်ဖြင့် လိုက်ပါ



ခဲ့သူ) ကလည်း သတ္တိပြောင်မြောက်စွာ အစစ်ခံခဲ့သည်။ ခုံရုံးသဘာပတိ ဖရိုက်စလာက ဟော့ဖ်တင်အား ဟစ်တလာလုပ်ကြံမှုတွင် အဘယ့်ကြောင့်ပါဝင်ခဲ့သနည်းဟု မေးခွန်းထုတ်ခဲ့ရာ၊ ဟော့ဖ်တင်က 'ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်စိတ်ထဲမှာ ဟစ်တလာဟာ ရာဇဝင်မှာ စာတင်ရမယ့် မကောင်းမှု ဒုစရိုက်တွေကို ကျူးလွန်ခဲ့တဲ့လူလို့ ယူဆထားတဲ့အတွက်ပါပဲ' ဟူ၍ ခပ်တင်းတင်းပင် ပြောကြားခဲ့သည်။ အခြားတရားခံတစ်ဦးဖြစ်သော ဗိုလ်ချုပ်ဖဲလ်ဂျီဘဲလ်ကမူ ခုံရုံးသဘာပတိ ဖရိုက်စလာအား 'ခင်ဗျား ကျုပ်ကို ကြိုးပေးမှာဖြင့် မြန်မြန်ပေးပါ၊ ဒီလိုမှမဟုတ်ရင် ခင်ဗျား ကျုပ်တို့ အရင်စောပြီး ကြိုးစင်ပေါ်တက်နေရလိမ့်မယ်'ဟူ၍ပင် ကြုံးဝါးသွားခဲ့သည်။

ဟစ်တလာသည် သူ့အသက်ကို လုပ်ကြံရန် ကြိုးစားခဲ့ကြသူများကို လှလှကြီး လက်စားချေ၍ 'အပြတ်စာရင်းရှင်း' လိုသည်။ နောက်နောင်တွင်လည်း ဤသို့သော လုပ်ကြံမှုမျိုးကို မည်သူတစ်ဦးတစ်ယောက်မျှ မစဉ်းစား မတွေးတောလောက်အောင် စံနမူနာပြ ဆုံးမလိုသည်။ သို့ဖြစ်ရာ ပြည်သူ့ခုံရုံးတွင် စစ်ဆေးပုံများ၊ စီရင်ချက် ချပုံများနှင့်တကွ တရားခံများအား သေဒဏ်ပေးပုံများကိုပါ အစအဆုံး ရုပ်ရှင်ရိုက်ကူးရန် ကြိုတင်၍ အမိန့်ပေးထားခဲ့သည်။ သို့ဖြစ်ရာ ပြဒဖြန့်ချိရေးဝန်ကြီး ဂိုးဘဲလ်သည် အဆိုပါလုပ်ကြံမှုကြီး စတင်စစ်ဆေးသည့်အချိန်မှစ၍ နောက်ဆုံး တရားခံများအား ကြိုးပေးသည့်အချိန်အထိ အဖြစ်အပျက်များကို အစအဆုံး ရုပ်ရှင်ရိုက်ကူးပေးခဲ့သည်။

အဆိုပါ မှတ်တမ်းတင်ရုပ်ရှင်မှာ အသံထွက်ရိုက်ကူးရခြင်းဖြစ်ရာ တရားခွင်တွင် သဘာပတိ ဖရိုက်စလာက မကြာခဏ တရားခံများအား ဒေါသတကြီးဖြင့် ဟစ်အော်ကြိမ်းမောင်းနေသောကြောင့် အသံဖမ်းဆရာများမှာ အချို့နေရာများတွင် လုံးဝအသံဖမ်းမရအောင်ဖြစ်၍ အကြီးအကျယ် စိတ်ညစ်ခဲ့ရသည်။

'ဒီကောင်တွေအားလုံးကို ကျွဲတွေ နွားတွေလို ကြိုးဆွဲချပြီး သတ်ပစ်ရမယ်' ဟူသော ဟစ်တလာ၏ ရက်စက်လှသည့်အမိန့်အတိုင်း ပထမဆုံး သေဒဏ်ပေးခံကြရသည့် တရားခံ ရှစ်ယောက်မှာ တကယ်ပင် ကျွဲနွားများ သတ်သလို ရက်ရက်စက်စက် ကြိုးပေး၍ အသတ်ခံခဲ့ကြရရှာသည်။

ရှေးဦးစွာ အကျဉ်းထောင်အတွင်းရှိ ကျဉ်းမြောင်းလှသည့် တိုက်ခန်းကလေးထဲသို့ တရားခံရှစ်ယောက်စလုံးကို ကျွဲနွားတိရစ္ဆာန်များပမာ မောင်း၍ သွင်းလိုက်ကြသည်။ ပြီးမှ တစ်ယောက်ချင်း ကြိုးပေး၍ သတ်ပစ်ကြသည်။ ကြိုးပေးရာတွင်လည်း လူသတ်မှုတရားခံ ရာဇဝတ်ကောင်များကို ကြိုးပေးသကဲ့သို့ နှစ်တာရှည် မဟုတ်ဘဲ တကယ်ရက်စက်သည့်သဘောကို ပြသရန်အတွက် မှုန်နှာကျွတ်တွင်

www.burmeseclassic.com



သားသတ်ရုံများမှာကဲ့သို့ သံချိပ်ကြီးများ ဆွဲထားပြီး တရားခံများ၏လည်ပင်း စန္ဒယားဝိုင်ယာကြိုးများဖြင့် ကွင်းလျှောချည်ကာ မသေမချင်း ကြိုးဆွဲချ၍ သတ် ကြခြင်းဖြစ်သည်။

ထိုစဉ်က ထိုသို့တရားခံများအား ပြည်သူ့ခုံရုံးတွင် စတင်စစ်ဆေးသ အချိန်မှစ၍ ကြိုးပေး၍ သတ်ခဲ့သည်အထိ မြင်ကွင်းများကို ဟစ်တလာ၏အမိ အရ ရုပ်ရှင်ဖြင့် မှတ်တမ်းတင်ရိုက်ကူးခဲ့ရသော အီရစ်စတိုးလ်နှင့် ဆက်ဆိုး တို့က အောက်ပါအတိုင်း ပြန်လည်ရေးသားဖော်ပြခဲ့ကြသည်။

'ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့ကို ပြည်သူ့ခုံရုံးသို့ခေါ်ဆောင်သွားပြီးနောက် တရားခံစစ်ဆေးပုံများကို အနီးကပ်ရိုက်ကွင်းများပါမကျန် အသံထွက်ရု ရှင်ရိုက်ရန် စီစဉ်ပြင်ဆင်နိုင်းပါသည်။ ထိုသို့ ရိုက်ကူးရာတွင် တတ်နိုင် သမျှ တရားခံများ မမြင်သာအောင် စီစဉ်ရပါသည်။ ကျွန်တော်တို့သည် ယာယီမီးလုံးများကိုတပ်ဆင်ကြပြီး အသံဖမ်းစက်ကို တံခါးများ၏ နောင် ကွယ်တွင် တပ်ထားကြရပါသည်။ ဓာတ်ပုံဆရာ ဘယောက်က အနီးကပ် ရိုက်ကွင်းများနှင့် ရုံးခန်းတစ်ခုလုံး၏ မြင်ကွင်းများကို နံရံတွင်ဖောက်ထား သော အပေါက်တစ်ခုမှ ရိုက်ကူးရန် တာဝန်ယူရပါသည်။ ထို့နောက် နိုင်ငံတော်ရုပ်ရှင်အဖွဲ့၏ အကြီးအကဲလုပ်သူက ဘယ်ဓာတ်ပုံဆရာအား ဘယ်ရိုက်ကွင်းများကို ရိုက်ကူးရမည်စသည့် တာဝန်ချထားပေးပါသည်။ သူသည် ရိုက်ကွက်တစ်ခုအတွက် ဖလင်ပေပေါင်း မည်မျှထုတ်ပေးထား သည်ကို အသေအချာ မှတ်သားထားပါသည်။ သို့မှတ်သားသည်မှာ ဓာတ်ပုံ ဆရာများသည် ယင်းရိုက်ကွက်ကို ရိုက်ကူးပြီးပါက ဖလင်တစ်ပေမျှမကျန် အောင် ပြန်အပ်သည် မအပ်သည်ကို သိရှိနိုင်ရန်ဖြစ်ပါသည်။

ထို့နောက် တရားခံများအား ရုံးခန်းအတွင်းသို့ ခေါ်ဆောင်လာပုံ လက်ထိပ်များ ချွတ်ပေးပုံ၊ နေရာယူပုံများကို စတင်ရိုက်ကူးကြရပါသည်။ ပြီးနောက် ခုံရုံးသဘာပတိ ဖရိုက်စလာ ခေါင်းဆောင်၍ တရားသူကြီး များ ဝင်ရောက်လာပုံများနှင့် အမှုစတင်စစ်ဆေးပုံများကို ဆက်လက်ရိုက် ကူးကြရပါသည်။ အရေးကြီးသော တရားခံအားလုံးကို အသံထွက်ရုပ်ရှင် အဖြစ် အသံပါဖမ်းယူရိုက်ကူးကြရပါသည်။ ပထမအကြိမ် ခေတ္တရပ်နားချိန် တွင် ကျွန်တော်တို့အဖွဲ့၏ အကြီးအကဲလုပ်သူ ဟင်ကဲလ်နှင့် ခုံရုံးသဘာ ပတိတို့က ရိုက်ကွင်းရိုက်ကွက်များ မည်သို့နေသည်ကို ကျွန်တော်တို့အား မေးမြန်းကြပါသည်။ ကျွန်တော်တို့က ခုံရုံးသဘာပတိသည် တရားခံများ အား ဟစ်အော်ကြိမ်းမောင်းရာတွင် အသံကျယ်လောင်လွန်းလှသဖြင့် အသံ

ဖမ်းရာတွင် အခက်အခဲတွေ့ကြရကြောင်း၊ အသံဖမ်းစက်ဆရာများ ခုံရုံး သဘာပတိ၏ ကျယ်လောင်သောအသံများနှင့် တရားခံများ၏ ခပ်တိုးတိုး ပြောကြားကြသောအသံများကို ညှိ၍ ဖမ်းမရအောင်ဖြစ်နေကြောင်းများကို တင်ပြကြပါသည်။ သို့သော် သဘာပတိသည် ရုံးပြန်ထိုင်၍ အမှုစစ် ဆေးရာတွင်လည်း ယခင်အတိုင်း သံကုန်ဟစ်အော်ကြိမ်းမောင်းနေပြန် သဖြင့် ကျွန်တော်တို့ အလုပ်မှာ စက်ဖက်ကချို့ယွင်းသလိုဖြစ်ခဲ့ရပါသည်'

'ကြိုးပေးသည့်နေရာမှာ ဗုံးဒဏ်ကြောင့် ပြိုကျပျက်စီးနေသည်များကို ဖြစ်သလို ပြန်လည်ပြုပြင်ထားသည့် အဆောက်အဦးကြီးတစ်ခုအတွင်းတွင် ဖြစ်ပါသည်။ ထိုအခန်းမှာ အလျား ၂၆ ပေ၊ အနံ ၁၃ ပေခန့်ရှိ၍ အခန်း၏ အလယ်တည့်တည့်တွင် ကန့်လန့်ကာအနက်ကြီးတစ်ခုဖြင့် ဟိုဘက်သည်ဘက် ခြားထားပါသည်။ ပြတင်းပေါက်ကလေးနှစ်ခုရှိရာ အခန်းထဲတွင် ထိုပြတင်းပေါက်များမှ ဝင်လာသည့် အလင်းရောင်များသာ ရှိနိုင်ပါသည်။ ပြတင်းပေါက်များ၏ ရှေ့တည့်တည့်မျက်နှာကျက်တွင် သံချိပ်ကြီး ၈ ခု ဆွဲထားပြီး ထိုသံချိပ်ကြီးများမှာ တရားခံများကို ကြိုး ဆွဲချသတ်ရန်ပင် ဖြစ်ပါသည်။

ပထမဆုံး ကြိုးမိန့်ပေးခံရသူမှာ ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်၍ သူ့အား ကန့်လန့်ကာအနက်ကြီး၏ တစ်ဖက်သို့ခေါ်ဆောင်လာပါသည်။

တရားခံသည် အခန်း၏ တစ်ဖက်စွန်းသို့ ဦးခေါင်းကိုမော့၍ လျှောက် သွားရာ ပါးကွက်အာဏာသားက ခပ်မြန်မြန်လျှောက်ရန် လှမ်းအော်လိုက် ပါသေးသည်။ ထိုနေရာသို့ ရောက်သောအခါ တရားခံက မျက်နှာကို တစ်ဖက်သို့လှည့်ပေးရပါသည်။ ထို့နောက် သူ့လည်ပင်းကို ကြိုးကွင်းစွပ် လိုက်ပါသည်။ ပြီးနောက် ပါးကွက်အာဏာသားက ကြိုးစတစ်ဖက်ကိုကိုင် ၍ သူ့ကို အပေါ်သို့ဆွဲတင်လိုက်ပါသည်။ ကြိုးစ၏အခြားတစ်ဖက်မှာ မျက်နှာကျက်မှ သံချိပ်ကြီးတွင်ချိပ်ထားရာ တရားခံမှာ ကြိုးစကို တအား ဆောင့်ဆွဲလိုက်သဖြင့် သူ့လည်ပင်းမှ ကြိုးကွင်းတင်းကျပ်သွားပြီး တွဲ လောင်းဖြစ်သွားပါသည်။ ကျွန်တော့်စိတ်အထင် ပြောရလျှင် ဤနည်းသည် အမြန်ဆုံး သေလွယ်သည့်နည်းဖြစ်ပါသည်။

ယင်းသို့ ကြိုးဆွဲချ၍ သတ်ရာတွင် လျှင်လျှင်မြန်မြန်နှင့် အလုပ်တွင် ကျယ်လှပါသည်။ အသတ်ခံရသူတိုင်းမှာ ယောကျ်ားပီသစွာ တည်ငြိမ်ငြိမ်ဖြင့် တစ်စုံတစ်ရာ တမ်းတညည်းညူခြင်းမပြုဘဲ သူတို့၏နောက် ဆုံးခြေလှမ်းများကို ရဲရင့်စွာပင် လှမ်းသွားခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ရုပ်ရှင်ရိုက်ကူးရာတွင် ဓာတ်ပုံဆရာ ၉ ဦးတို့ အလှည့်ကျရိုက်ကူးခဲ့ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ရုပ်ရှင်ဓာတ်ပုံဆရာများသည် ဤရိုက်ကွင်းများကို စက်ဆုပ်နေကြသောကြောင့်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့ ဓာတ်ပုံဆရာများသည် ဤသို့သောရက်စက်လှသည့် မြင်ကွင်းများကို မရိုက်ကူးလိုကြပါ'

ဟစ်တလာကို ဆန့်ကျင်ခဲ့ကြသော ဂျာမန်များ
စာမျက်နှာ ၂၁၁-၁၂

သွေးငတ်သလောက် သွေးပူနေသော ဟစ်တလာသည် အဆိုပါ 'လူသတ်သတင်းကားများ' ကို ကြာကြာမဆိုင်းဘဲ ရိုက်ကူးပြီးသည့်နေ့မှာပင် ချက်ချင်းဆေး၊ ချက်ချင်းကူးပြီး သူ့ထံသို့ ချက်ချင်းပို့ပေးရမည်ဟု အမိန့်ထုတ်ခဲ့သည်။ ဝါဒဖြန့်ချိရေးဝန်ကြီး ဂိုးဘဲလ်သည် ဟစ်တလာ၏ တစ်ချက်လွှတ်အမိန့်အရ အဆိုပါ ရုပ်ရှင်သတင်းကားများကို မိနစ်မဆိုင်းဘဲ ချက်ချင်းကူးပြီး ဟစ်တလာရှိရာ ရက်စတင်းဘတ်ဌာနချုပ်သို့ ညတွင်းချင်း သွားရောက်ပြသရသည်။ ဟစ်တလာသည် သူ့အသက်ကို လုပ်ကြံရန်ကြိုးစားခဲ့ကြသူများအား လှလှပပကြီး လက်စားချေထားသည့် အဆိုပါ 'လူသတ်သတင်းကား' များကို မြိန်ရေယှက်ရေ အရသာခံ၍ ကြည့်ခဲ့သည်။ သို့သော် သူ့လက်ရုံးကြီးဂိုးဘဲလ်မှာမူ အချို့နေရာများတွင် မကြည့်ရဲသဖြင့် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားခဲ့ရသည်။

ဟစ်တလာသည် ဤလူသတ်သတင်းကားကို သူကိုယ်တိုင် ကြည့်ရှုရုံမျှမက အများပြည်သူတို့ကိုပါ ပြသရန် အကြံအစည်ဖြင့် ရိုက်ကူးရန် အမိန့်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ကြံစည်ထားသည့်အတိုင်း ဗိုလ်သင်တန်းကျောင်းမှ ဗိုလ်လောင်းများအား ရှေးဦးစွာ ပြသစေခဲ့သည်။ သူ့ရည်ရွယ်ချက်မှာ ဤလူသတ်သတင်းကားများကို ကြည့်ရခြင်းအားဖြင့် နောက်နောင်တွင် မည်သူမျှ သူ့အား ပုန်ကန်တော်လှန်ရန် စိတ်မကူးရဲအောင် စံပြနမူနာ သင်ခန်းစာအဖြစ် ပြသခြင်းဖြစ်သည်။

သို့သော် တကယ်လက်တွေ့တွင်မူ သူ့ရည်ရွယ်ချက်မှာ မအောင်မြင်ဖြစ်ခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ဗိုလ်သင်တန်းကျောင်းမှ ဗိုလ်လောင်းကျောင်းသားများသည် ရက်စက်လွန်းလှသော အဆိုပါသတင်းကားကို အဆုံးအထိ မည်သူမျှမကြည့်ဘဲ တစ်ယောက်ပြီးတစ်ယောက် ထပြန်သွားကြရာ နောက်ဆုံး ၍ရှိသတ်တစ်ယောက်မျှမကျန်အောင် ဖြစ်သွားခဲ့သောကြောင့်ဖြစ်သည်။



ထိုစဉ်က အမေရိကန်ထောက်လှမ်းရေးတပ်ဖွဲ့များ၏ တာဝန်ခံအကြီးအကဲဖြစ်သူ အဲလင်ဒါးလက်စ်၏ စုံစမ်းသိရှိချက်အရဆိုပါလျှင် လုပ်ကြံမှုတရားခံများအား ယင်းသို့ ရုံးတင်စစ်ဆေးပုံနှင့် သေဒဏ်ပေးပုံ* သတင်းကားများမှာ ရှည်ပေါင်း ၈ မိုင်မျှ (ပေပေါင်း ၄၂,၂၄၀ ခန့်) ပင် ရှည်လျားခဲ့သည်ဟု သိရသည်။

ယင်းသို့ ဂျူလိုင် ၂၀ ရက် လုပ်ကြံမှုကြီး၏ တရားခံများအား ဟစ်တလာက 'အပြတ်စာရင်းရှင်း' နေခိုက်၊ ထိုလူစုထဲတွင် မပါဝင်ဘဲ ထွက်ပြေးလွတ်မြောက်နေသည့် ခေါင်းဆောင်တစ်ဦးရှိသေးသည်။ ထိုသူမှာ အခြားမဟုတ်၊ ဟစ်တလာဆန့်ကျင်ရေး လှုပ်ရှားမှုကို ၁၉၃၈ ခုနှစ်ကပင် စတင်၍ လှုံ့ဆော်ခေါင်းဆောင်လာခဲ့သော လိုက်ပဇစ် မြို့တော်ဝန်ဟောင်း 'ဂိုအာဒဲလား' ပင်ဖြစ်သည်။

ဂိုအာဒဲလားသည် ဟစ်တလာ လုပ်ကြံမှုနှင့် အာဏာသိမ်းရေး အစီအစဉ်များ ပြင်ဆင်နေဆဲ ဂျူလိုင် ၂၀ ရက်နေ့မတိုင်မီ သုံးရက်လောက်က သူ့အား ဂက်စတာပို ဗိုလ်ချုပ်ဟင်းမလားကိုယ်တိုင်က ဖမ်းဆီးရန် အမိန့်ထုတ်လိုက်ပြီဟုသော သတင်းကြောင့် ရုပ်ဖျက်ကာ မြေအောက်တွင် ပုန်းအောင်းနေခဲ့ရသည်။ ထို့နောက် ဂျူလိုင် ၂၀ ရက်နေ့တွင် လုပ်ကြံမှုအစီအစဉ်နှင့် အာဏာသိမ်းရေးအကြံအစည်များ မအောင်မြင်ဘဲ ပျက်ပြားကျဆုံးခဲ့ရပြီးနောက် ဂက်စတာပိုနှင့် ရှုပ်နက်တပ်သားများက လူများကို အစုလိုက်အပြုံလိုက် ဖမ်းဆီးလာသောအခါ ဂိုအာဒဲလားမှာ ဆက်လက်ပုန်းအောင်းမနေရဲတော့ဘဲ ဘာလင်မှ ထွက်ပြေးလာခဲ့သည်။

ဂိုအားဒဲလားသည် တနင်္ဂနွေသုံးပတ်ခန့် နေရာအနှံ့အပြား ထွက်ပြေးတိမ်းရှောင်နေခဲ့ရာ ပို့စဒမ်မှတစ်ဆင့် အရှေ့ပိုင်း ပရပ်ရှားပြည်နယ်သို့ ရောက်လာခဲ့သည်။ ဤရက်များအတွင်း သူသည် တစ်ညလျှင် တစ်နေရာသာ အိပ်စက်ခဲ့သည်။ ဤအတောအတွင်း 'အပြတ်စာရင်းရှင်းမည်' ဟူ၍ ဘီလူးကြိမ်းကြိမ်းထားသော ဟစ်တလာသည် ထွက်ပြေးလွတ်မြောက်သွားသော ဂိုအာဒဲလားအား အသေဖြစ်စေ၊ အရှင်ဖြစ်စေ ဖမ်းဆီးပေးနိုင်ပါက ဆုငွေ တစ်သန်းတိတိ ပေးမည်ဟူ၍ ဆင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ သို့ဖြစ်ရာ ဂိုအာဒဲလား၏ ဆွေမျိုးများနှင့်

---

* ဂျာမန်တို့သည် လုပ်ကြံမှုတရားခံများအား ကြိုးပေးသည့်သတင်းကား ... ကျက်ဆီးပစ်ခဲ့ကြရာ စစ်ကြီးပြီးသောအခါ ထိုလူသတ်သတင်းကားများကို ... ဘဲ တရားခွင်တွင် စစ်ဆေးသည့် သတင်းကားများကိုသာ တွေ့ ...

www.burmeseclassic.com



မိတ်ဆွေများသည် 'ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်' မီးလောင်တိုက်သွင်းခံရမည့် အရေးကို တွေးတောစိုးရိမ်ကာ ဝရမ်းပြေး ဂိုအာဒဲလားအား တထိတ်တလန့်လန့်ဖြင့် တစ်ညတစ်လေသာ လက်ခံရဲကြသည်။ ဂိုအာဒဲလားကိုယ်တိုင်ကလည်း ဆုငွေတစ်သန်း ထုတ်ထားခြင်းခံရသော မိမိ၏အသက်ကို ဖက်နှင့်ထုပ်ကာ တစ်နေရာမှ တစ်နေရာသို့ လျှို့ဝှက်စွာ လှည့်လည်ပုန်းအောင်းနေခဲ့ရသည်။

ဩဂုတ်လ ၁၂ ရက်နေ့တွင် ဂိုအာဒဲလားသည် အရှေ့ပိုင်း ပရပ်ရှားပြည်နယ်အတွင်းမှ ရွာကလေးတစ်ရွာသို့ ရောက်လာခဲ့သည်။ ရက်ပေါင်းများစွာ တစ်နေရာမှ တစ်နေရာ လှည့်လည်သွားလာခဲ့ရသဖြင့် ငတ်တစ်လှည့် ပြတ်တစ်လှည့်ဖြစ်လာသော ဂိုအာဒဲလားသည် ထိုရွာကလေးသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ထမင်းဆိုင်ကလေးတစ်ဆိုင်အတွင်းသို့ အမှတ်မထင် ဝင်ရောက်ကာ စားစရာများကို မှာလိုက်သည်။ ထို့နောက် ထောင့်တစ်ထောင့်၌ ခပ်ကုပ်ကုပ်ဝင်ထိုင်ရင်း စားစရာများကို စောင့်နေမိသည်။

ထိုအခိုက် ထမင်းဆိုင်အတွင်းတစ်နေရာမှ စားပွဲတစ်လုံးတွင် ဂျာမန်လေတပ်ယူနီဖောင်းဝတ်စုံများဖြင့် ယောကျ်ားနှစ်ယောက်နှင့် မိန်းမတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ ဂိုအာဒဲလားသည် ယောကျ်ားနှစ်ယောက်ကို မြင်လိုက်စဉ်က မည်သို့မျှ မဖြစ်သော်လည်း သူတို့နှင့်အတူထိုင်နေသော ယူနီဖောင်းဝတ်အမျိုးသမီးကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ဖြုန်းခနဲ အထိတ်တလန့်ဖြစ်သွားမိသည်။ ချက်ချင်းပင် သူသည် အစားအသောက်များ လာချသည်အထိ မစောင့်တော့ဘဲ ဆိုင်ထဲမှ ရုတ်တရက် ခပ်သုတ်သုတ်ထွက်လာခဲ့သည်။ သို့သော် နောက်ကျခဲ့လေပြီ။

ထမင်းဆိုင်ကလေးထဲမှ ယူနီဖောင်းဝတ် အမျိုးသမီးသည် ဂိုအာဒဲလားအား မြင်လိုက်ရုံမျှမက ကောင်းကောင်းကြီးမှတ်မိလိုက်သည်။ သူမ၏အမည်မှာ ဟဲယ်လင် ဖြစ်၍ ဂိုအာဒဲလားတို့ မိသားစုနှင့် တစ်ချိန်က ရင်းရင်းနှီးနှီး အတူတကွနေထိုင်ခဲ့ဖူးသူဖြစ်သည်။ သို့ဖြစ်ရာ သူမသည် အတူပါလာသော လေတပ်အရာရှိနှစ်ယောက်အား တစ်စုံတစ်ရာ တိုးတိုးတိတ်တိတ် ပြောလိုက်ပြီးနောက် သူတို့သုံးယောက်စလုံး ဆိုင်ထဲမှ သုတ်သီးသုတ်ပြာထွက်သွားကြသည်။

နောက်တစ်နာရီခန့်အကြာတွင် ထိုရွာကလေးနှင့် မလှမ်းမကမ်း တောအုပ်ကလေးထဲတွင် ဂိုအာဒဲလားအား ဂက်စတာပိုများက ဖမ်းမိသွားခဲ့ကြသည်။

ဂိုအာဒဲလားသည် ပြည်သူ့ခုံရုံးတွင်တင်၍ စစ်ဆေးခြင်းခံခဲ့ရပြီးနောက် စက်တင်ဘာလ ၈ ရက်နေ့တွင် ခုံရုံးမှသေဒဏ်အမိန့်ချမှတ်ခြင်း ခံခဲ့ရသည်။

ဂိုအာဒဲလားအား သေဒဏ်အမိန့်ချမှတ်လိုက်သည့် စက်တင်ဘာလ ၈ရက်



နေ့တွင်ပင် ယခင်က အီတလီနိုင်ငံ ရောမမြို့တော်တွင် ဂျာမန်သံအမတ်ကြီးအဖြစ် ဆောင်ရွက်ခဲ့ဖူးသော ဗွန်ဟေဆယ်မှာ ကြိုးစင်ပေါ်တွင် အသက်ပေးလိုက်ရသည်။ ဟေဆဲလ်မှာ ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ ၁၉၃၈ ခုနှစ်ကတည်းကပင် ဟစ်တလာ၏ စစ်ရေးစွန့်စားမှုများကို မကျေနပ်သဖြင့် ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှုတွင် အစဉ်တစိုက်ပါဝင်ဆောင်ရွက်လာခဲ့သူဖြစ်သည်။

ဟစ်တလာလုပ်ကြံမှုတွင် အရေးပါအရာရောက်သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သော ဗိုလ်ချုပ် ဖဲလ်ဂျိဘဲလ်မှာမူ ဂိုအာဒဲလားအား ဖမ်းဆီးမမိခင် နှစ်ရက်အလို ဩဂုတ်လ ၁၀ ရက်နေ့ကပင် ကြိုးစင်တင်၍ အသတ်ခံခဲ့ရပြီးဖြစ်သည်။ ဗိုလ်ချုပ်ဖဲလ်ဂျိဘဲလ်မှာ အခြားသူမဟုတ်၊ ဟစ်တလာ၏ဌာနချုပ်တွင် ဗုံးပေါက်ကွဲသည့်နေ့က ဆက်သွယ်ရေးလိုင်းများကို ဖြတ်တောက်ပစ်ရန် တာဝန်ယူခဲ့ပြီး စတော်ဖင်ဘတ်နှင့်အတူ ဗုံးပေါက်ကွဲသည်ကို ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေခဲ့သူပင်ဖြစ်သည်။ ထို့ပြင် စတော်ဖင်ဘတ်ထံမှ အကြောင်းကြားချက်အရ ပါရီမြို့တွင် အာဏာသိမ်းရေး အစီအစဉ်များကို လုပ်ဆောင်ခဲ့သော ဗိုလ်မှူးကြီးဟိုဖက်ကာနှင့် ဘာလင်မြို့တော်ရဲအဖွဲ့မှ ရဲမင်းကြီးဗွန်ဟဲလ်ဒေါ့ဖ်တို့မှာလည်း သေဒဏ်အပေးခံခဲ့ကြရသည်။

လုပ်ကြံမှုနှင့် အာဏာသိမ်းရန် ကြံစည်မှုတွင် ပါဝင်ခဲ့ကြသည့် တရားခံများအား စစ်ဆေးသည့် ပြည်သူ့ခုံရုံးသည် ၁၉၄၄ ခု ဩဂုတ်လမှစတင်၍ ရုံးထိုင်ခဲ့ရာ ထိုနှစ်ကုန်သည်အထိ မပြီးပြတ်သေးဘဲ ၁၉၄၅ ခုနှစ်ဆန်းလာသည်အထိ 'သေဒဏ်' များကို မရေမတွက်နိုင်အောင် ချမှတ်ခဲ့သည်။ ဂက်စတာပိုဌာနချုပ်မှ စာရင်းအရ ဤအမှုကြီးနှင့်စပ်လျဉ်း၍ ဖမ်းဆီးခဲ့သူပေါင်း ၇၀၀၀ ကျော်မျှ ရှိသည့်အနက် သေဒဏ်အပေးခံရသူများမှာ စုစုပေါင်း ၁၉၈၀ တိတိရှိသည်ဟူ၍ပင် သိရသည်။ 'သူတို့ကို အပြတ်စာရင်းရှင်းပစ်ရမယ်' ဟူသော ဟစ်တလာ၏အမိန့်အရ တကယ်ပင် 'အပြတ်' စာရင်းရှင်းပစ်ခဲ့ခြင်းဖြစ်သည်။

နောက်ဆုံး၌ ယင်းသို့ ဟစ်တလာ၏ အမိန့်အရ လုပ်ကြံမှုနှင့်ပတ်သက်သူများအားလုံး တစ်ယောက်မကျန် သေဒဏ်ပေး၍ 'အပြတ်' စရင်းရှင်းပစ်ခဲ့သော ပြည်သူ့ခုံရုံး သဘာပတိ ဖရိုက်စလာမှာ သူကိုယ်တိုင် 'အပြတ်' စာရင်းရှင်းခံခဲ့ရသည်။ သို့သော် သူ့ကို အပြတ်စာရင်းရှင်းပစ်ခဲ့သူမှာ ဟစ်တလာဆန့်ကျင်ရေးလိုက်းသားများလည်းမဟုတ်၊ ဟစ်တလာ ဘက်တော်သားများလည်းမဟုတ်၊ မဟာမိတ်တို့က အပြတ်စာရင်းရှင်းပစ်ခဲ့ခြင်းဖြစ်သည်။

၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့နံနက်တွင် ပြည်သူ့ခုံရုံးတရားခွင်၌ လုပ်ကြံမှု တရားခံတစ်ဦးဖြစ်သော ချဲလာဘရင်းဒေါ့ဖ်အား ခုံရုံးသဘာပတိ

www.burmeseclassic.com

www.burmeseclassic.com



ဖရိုက်စလာက ထုံးစံအတိုင်း ဟာစ်အော်ကြိမ်းမောင်းကာ စစ်ဆေးမေးမြန်းလျက်သည်။ ထိုအခိုက် အမေရိကန်လေတပ်မတော်မှ ဗုံးကြဲလေယာဉ်ကြီးများသည် ဘာလင်မြို့ပေါ်သို့ အစုလိုက် အပြုံလိုက် ရောက်ရှိလာကြပြီး အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ရာ မမျှော်လင့်ဘဲ ပြည်သူ့ခုံရုံးအဆောက်အဦးပေါ်သို့ ဗုံးတစ်လုံး တည့်တည့်ကြီး ကျရောက်၍ အခြားသောခုံရုံးတရားသူကြီးများနှင့်အတူ ခုံရုံးသဘာပတိကြီး ဖရိုက်စလာမှာ နေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့ရသည်။ ဤသို့ဖြင့် လုပ်ကြံမှုတရားခံများအား အပြတ်စာရင်းရှင်းပစ်နေသော ဖရိုက်စလာမှာ နောက်ဆုံး၌ သူကိုယ်တိုင် အပြတ်စာရင်းရှင်းသည့်အထဲတွင် ပါသွားခဲ့ရသည်။

သို့သော် ထိုနေ့က တရားခံဖြစ်သူ ချဲလာဘရင်းဒေါ့ဖ်မှာ ထိခိုက်ဒဏ်ရာ ရခြင်းမရှိဘဲ ဗုံးဒဏ်မှပင် တစ်ခါတည်းလွတ်မြောက်လာခဲ့သည်။ လုပ်ကြံမှုနှင့် ပတ်သက်၍ လူပေါင်း ၅၀၀၀ နီးပါးမျှ အသတ်ခံခဲ့ကြရသည့်အထဲတွင် ချဲလာဘရင်းဒေါ့ဖ်မှာ သေကံမရောက် သက်မပျောက်ဘဲ ရှားရှားပါးပါး လွတ်မြောက်လာခဲ့သူဖြစ်သည်။ သူသည် နောက်ဆုံး၌ မဟာမိတ်တပ်များ ဂျာမနီနိုင်ငံအတွင်းသို့ ချီတက်ဝင်ရောက်လာချိန်တွင် ဂက်စတာပိုအကျဉ်းစခန်းတစ်ခုမှ အပြီးအပိုင် လွတ်လာခဲ့သည်။ ဤမျှလောက်ကံကောင်းသူ ချဲလာဘရင်းဒေါ့ဖ်မှာ အခြားသူ မဟုတ် တစ်ခါက ဟာစ်တလာသည် လေယာဉ်ပေါ်သို့ 'ဘရန်ဒီနှစ်ပုလင်း'အဖြစ် ပုံများရိုက်ထားသော ချိန်ကိုက်ဗုံးကို တင်ပေးလိုက်သည့် ချဲလာဘရင်းဒေါ့ဖ် ဝင်တည်း။

ဤသို့သေမင်းနိုင်ငံမှ မမျှော်လင့်ဘဲ ပြန်လာရသဖြင့် ဝမ်းအသာကြီးသာခဲ့ ရသူများရှိသလို ဤလုပ်ကြံမှုတွင် မထင်ဘဲနှင့် ဝမ်းနည်းပန်းနည်း အသတ်ခံခဲ့ရသူ ရှိသေးသည်။ ထိုသူမှာ ဗိုလ်ချုပ်ဖရွမ်းပင်ဖြစ်သည်။

အမှန်စင်စစ် အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဂျူလိုင် ၂၀ ရက်ညက ဗိုလ်ချုပ်ဖရွမ်းသည် အာဏာသိမ်းရေးသမားများနှင့် ပူးပေါင်းရတော့ မလိုလို မဝေခွဲနိုင်ဘဲ ဖြစ်နေရာမှ 'ဟာစ်တလာမသေ' ဟူသောသတင်းကြောင့် စိတ်တစ်မျိုးပြောင်းသွားခဲ့သူဖြစ်သည်။ အာဏာသိမ်းရေးသမားများနှင့် မပူးပေါင်း ခဲ့ရုံမျှမက ဗိုလ်ချုပ်ဘက်ခ်၊ ဗိုလ်ချုပ်အောလ်ဘရစ်နှင့် ဗိုလ်မှူးကြီးစတော်ဖင်ဘတ် အပါအဝင် အာဏာသိမ်းရေးသမား ခေါင်းဆောင်များကိုပင် ပြန်ဖမ်းပြီး 'စစ်ခုံရုံး'၏ အမိန့်ဟုဆိုကာ ညတွင်းချင်းသေဒဏ်ပေး၍ သတ်ပစ်ခဲ့သူဖြစ်သည်။

သို့ဖြစ်ရာ သူ့စိတ်ထဲတွင် ဤလုပ်ကြံမှုနှင့်ပတ်သက်၍ သူ့မှာ တစ်စုံတစ်ရာ ထိခိုက်ဖွယ်ရာ မရှိသည့်ပြင် အာဏာသိမ်းခေါင်းဆောင်များအား ယင်းသို့ပြတ်ပြတ် သားသား သုတ်သင်ချေမှုန်းခဲ့သဖြင့် ခေါင်းဆောင်ကြီးဟာစ်တလာကိုယ်တိုင်က ချီးကျူးဂုဏ်ပြုခြင်းခံရလိမ့်မည်ဟု ထင်မြင်ယူဆနေခဲ့သည်။ သို့သော် ဂက်စတာပို ထောက်လှမ်းရေးအဖွဲ့၏ စုံစမ်းထောက်လှမ်းတွေ့ရှိချက်အရ ဗိုလ်ချုပ်ဖရွမ်းသည် အာဏာသိမ်းရေးသမားများနှင့် ကာလအတန်ကြာကပင် ဆက်သွယ်လာခဲ့၍ လုပ်ကြံမှုအစီအစဉ်များကို သိထားခဲ့သည်မှာ ထင်ရှားနေသည်။ ဂျူလိုင် ၂၀ ရက်ညက အာဏာသိမ်းရေးသမားများနှင့် မပူးပေါင်းဘဲ ပြတ်ပြတ်သားသား ချေမှုန်းခဲ့သည် မှန်သော်လည်း ယခင်ယခင်က ၎င်းတို့၏အစီအစဉ်များကို ကြိုတင်သိထားပါလျက် သက်ဆိုင်ရာခေါင်းဆောင်ကြီးများထံ သတင်းမပို့၊ အစီရင်မခံဘဲ 'မြုံ' နေခဲ့သည်မှာ သစ္စာဖောက်ခြင်း၊ သူရဲဘောနည်းခြင်းဖြစ်၍ ရာဇဝတ်မှုကြီးကို ကျူးလွန်ခဲ့ခြင်းပင်ဖြစ်သည်ဟု ဟင်းမလားက ယူဆခဲ့သည်။



သို့ဖြင့် ဂျူလိုင် ၂၀ ရက်နေ့ညက ဟာစ်တလာ၏အမိန့်တာဝန်ပေးချက်အရ ဘာလင်သို့ ရောက်လာသော ဗိုလ်ချုပ်ဟင်းမလားသည် နောက်တစ်နေ့တွင် သူကိုယ်တိုင် တပ်များအားလုံးကို ချုပ်ကိုင်ပြီး ဗိုလ်ချုပ်ဖရွမ်းကိုပါ ရာထူးမှချ၍ ဖမ်းဆီးခဲ့သည်။ ထို့နောက် ပြည်သူ့ခုံရုံးတွင်တင်၍ စစ်ဆေးကာ 'သူရဲဘောနည်းသည်' ဟူသော စွပ်စွဲချက်ဖြင့် နောက်ဆုံး ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလတွင် သေဒဏ်ပေးခဲ့သည်။ သို့သော် ဂျူလိုင် ၂၀ ရက်နေ့ညက အာဏာသိမ်းခေါင်းဆောင်များအား ဖမ်းဆီးသုတ်သင်၍ ဘာလင်မြို့ကြီးအား ကယ်တင်ခဲ့သည်ကို အသိအမှတ်ပြုသည့်အနေဖြင့် ဗိုလ်ချုပ်ဖရွမ်းမှာ အခြားဗိုလ်ချုပ်များကဲ့သို့ လည်ပင်းတွင် ဝိုင်ယာကြိုးဖြင့် ကြိုးကွင်းစွပ်၍ အသတ်မခံရဘဲ ရိုးရိုးစစ်ရာဇဝတ်ကောင်များကဲ့သို့ပင် သေနတ်ဖြင့် ပစ်သတ်ခြင်းခံခဲ့ရသည်။

လုပ်ကြံမှုကြီးနှင့်ပတ်သက်၍ သေဒဏ်ပေးခံရသူများအနက် အခြားထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးမှာ ရေကြောင်းဗိုလ်ချုပ်ကြီး ကင်နာရစ္စ ပင်ဖြစ်သည်။ ဗိုလ်ချုပ်ကြီး ကင်နာရစ္စသည် ဂျူလိုင် ၂၀ ရက်နေ့ လုပ်ကြံမှုကြီးတွင် တစ်စုံတစ်ရာ ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း ဟာစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှုကို ခပ်စောစောပိုင်းကပင် အားပေးထောက်ခံလာခဲ့သူ တစ်ဦးဖြစ်သဖြင့် လုပ်ကြံမှုကြီး ဖြစ်ပွားပြီးနောက် အဖမ်းခံရသူများထဲတွင် ပါဝင်ခဲ့သည်။

သို့သော် ဗိုလ်ချုပ်ကြီး ကိုက်တဲလ်၏ အကာအကွယ်ပေးမှုကြောင့် ပြည်သူ့ခုံရုံးသို့ ရတ်တရက် လွှဲပြောင်းပေးခြင်းမခံရဘဲ ရှိနေခဲ့သည်။ ဤကိစ္စကို ဟာစ်တလာ သိသွားသောအခါ အကြီးအကျယ်ဒေါပွပြီး စစ်ခုံရုံးဖွဲ့၍ အမြန်ဆုံးစစ်ဆေး အပြစ်ပေးရန် အမိန့်ထုတ်ခဲ့သည်။ နောက်ဆုံး၌ ဗိုလ်ချုပ်ကြီး ကင်နာရစ္စအား အခြားတရားခံငါးဦးနှင့်အတူ ကြိုးပေးခြင်းခံခဲ့ရသည်။ ထိုစဉ်က ကင်နာရစ္စအား ဂက်စတာပိုအကျဉ်းစခန်းတစ်ခုတွင် ဖမ်းဆီးချုပ်နှောင်ထားခဲ့ရာ သူ့အား [illegible]

www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲမှ အဝတ်အစားလုံးဝမပါဘဲ ကြိုးစင်ရှိရာသို့ ဒရွတ်တိုက်ဆွဲခေါ်လာပြီး သတ်ပစ်ခဲ့ကြသည်။

ဗိုလ်ချုပ်ကြီး ကင်နာရစ္စနှင့် အခြားတရားခံငါးဦးကို ကြိုးပေးခဲ့သည့်နေ့မှာ ၁၉၄၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ပင်ဖြစ်၍ စစ်ကြီးပြီးဆုံးရန် တစ်လတိတိသာ လိုတော့သည်။

လုပ်ကြံမှုကြီးနှင့်စပ်လျဉ်း၍ အဖမ်းခံရလျှင် ယင်းသို့ ရက်ရက်စက်စက် အသတ်ခံရမည်ကို အသေအချာသိထားကြသဖြင့် လုံးဝအဖမ်းမခံဘဲ ကိုယ့်ဘဝ ကိုယ် အဆုံးစီရင်သွားခဲ့ကြသူများလည်း ရှိသေးသည်။ ထိုသူများထဲတွင် 'ဘရန်ဒီ နှစ်ပုလင်း' အတုဖြင့် ဟစ်တလာအား လုပ်ကြံရန် ကြိုးစားခဲ့သည့် ဗိုလ်ချုပ် ထရက်စ်ကောင်းလည်း ပါဝင်ခဲ့သည်။

ထရက်စ်ကောင်းသည် လုပ်ကြံဖြစ်ပွားသည့်အချိန်က အရှေ့ဖက်စစ်မျက်နှာ ဆိုဗီယက်စစ်မြေပြင်တစ်နေရာတွင် ရောက်ရှိနေခဲ့သည်။ သူသည် လုပ်ကြံမှု မအောင်မြင်ဘဲ ပျက်ပြားသွားသည့်သတင်းနှင့် အဖြစ်အပျက်များကို အခိုင်အမာ ကြားသိရပြီးနောက် သူ့အတွက် အခြားနည်းလမ်းမရှိတော့ဘဲ လာမည့်ဘေး ပြေးတွေ့ရန် ရဲဝံ့စွာဆုံးဖြတ်ချက်ချလိုက်သည်။

'အခုဆိုရင် လူတိုင်းက ငါတို့ကို အပြစ်တင်ကြ ဆဲကြတော့မှာပဲ၊ ဒါပေမဲ့ ငါ့စိတ်ဓာတ်ကတော့ မတုန်လှုပ်ပါဘူး။ တို့ဟာ မှန်တာကို လုပ်ခဲ့ကြတယ်လို့ ငါယုံကြည်တုန်းပါပဲ။ တကယ်တော့ ဟစ်တလာဟာ ဂျာမနီရဲ့အကြီးဆုံးရန်သူလည်းဖြစ်နေတယ်။ အခုလို ဟစ်တလာကို ဆန့်ကျင်တိုက်ခိုက်လာခဲ့ရာမှာ ငါလုပ်ခဲ့သမျှ ငါ့စိတ်ထဲက သံသယကင်းကင်း ရှင်းရှင်း ဖြစ်နေမှာပါပဲ။ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်ဖို့ဆိုတာ ဒီလူမှာ သူ့ယုံကြည်ချက်အတွက် သူ့အသက်ကိုစွန့်လွှတ်ဖို့ အသင့်မရှိဆိုတဲ့အပေါ်မှာ တည်တာပါပဲ'

(တတိယဂျာမန်နိုင်ငံတော်ကြီး၏
အတက်နှင့်အကျ စာမျက်နှာ ၁၂၇၈)

ဗိုလ်ချုပ်ထရက်စ်ကောင်းသည် ဂျူလိုင်လ ၂၁ ရက်နေ့နံနက်က သူ့လက်အောက်မှ အရာရှိကလေးဖြစ်သော ချဲလာဘရင်းဒေါ့ဖ်အား အထက်ပါအတိုင်း ပြောပြခဲ့သည်။

ထို့နောက် သူသည် ရှေ့တန်းစစ်မြေပြင်မှ အမှတ် ၁၈ သေနတ်ကိုင်တပ်ရင်း တပ်စွဲထားသည့်နေရာသို့ သူကိုယ်တိုင် ကားမောင်းသွားခဲ့သည်။ တပ်



စခန်းသို့ရောက်သောအခါ သူသည် ကားပေါ်မှဆင်း၍ မည်သူ့ကိုမျှ နှုတ်မဆက် စကားမပြောဘဲ ရှေ့သို့လျှောက်လာခဲ့သည်။ တပ်ရင်းတွင် ရှိနေကြသောအရာရှိများ နှင့် တပ်သားများကလည်း ခါတိုင်းကဲ့သို့ စစ်မြေပြင်သို့ ကိုယ်တိုင်လာရောက် စစ်ဆေးကြည့်ရှုသည်ဟုထင်ကာ အမှတ်တမဲ့ ကြည့်နေလိုက်ကြသည်။

ခဏအကြာတွင် ဂျာမန်တပ်နှင့် ရုရှားတပ်များ၏အလယ်တည့်တည့် 'ပိုင်ရှင်မဲ့နယ်မြေ'သို့ ရောက်ရှိသွားပြီးနောက် ဗိုလ်ချုပ်ထရက်စကောင်းသည် ရုတ်တရက် သူ့ခါးမှ လက်ပစ်ဗုံးကိုဖြုတ်၍ ပင်အပ်ကိုဆွဲထုတ်လိုက်သည်။ 'အုံး'ခနဲပေါက်ကွဲသံကြီးနှင့်အတူ ထရက်စ်ကောင်း၏ဦးခေါင်းမှာ ခန္ဓာကိုယ်မှ လွင့်စင်ပြတ်ထွက်သွားတော့သည်။

ထို့နောက် ငါးရက်အကြာတွင် ဘာလင်မြို့တော်နှင့် မိုင် ၃၀ ကွာ ဆင်ခြေဖုံးဒေသမှ ဗိုလ်ချုပ်ဝဂ္ဂနာသည် ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ပြန်သည်။

ဘာလင်မြို့တော်နှင့် အရှေ့ဘက်စစ်မျက်နှာတွင် ယင်းသို့ ကိုယ့်ဘဝကို အဆုံးစီရင်သွားသူများရှိခဲ့ကြသလို အနောက်ဖက်စစ်မျက်နှာ ပြင်သစ်နိုင်ငံတွင် လည်း အလားတူဖြစ်ခဲ့သည်။

လုပ်ကြံမှုဖြစ်ပွားခဲ့သည့် ဂျူလိုင် ၂၀ ရက်နေ့ညနေဘက်တွင် ပြင်သစ်နိုင်ငံ စစ်ဘုရင်ခံချုပ်ဖြစ်သော ဗိုလ်ချုပ်ဟိန်းနရစ်သည် စတပ်ဖင်ဘတ်ထံမှ အကြောင်း ကြားချက်အရ ပါရီမြို့တွင်းရှိ ဂက်စတာပိုတပ်သားများနှင့် ရှပ်နက်တပ်ဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့စသော ဟစ်တလာ၏ ခါးပိုက်ဆောင် လက်နက်ကိုင်စုစုပေါင်း ၁၂၀၀ ခန့်ကို လက်နက်များသိမ်းကာ ဖမ်းဆီးချုပ်နှောင်ထားခဲ့သည်။

သို့သော် ဤကိစ္စတွင် အပြီးသတ်အာဏာသိမ်းရေးအတွက် အဓိက အရေး ကြီးဆုံးပုဂ္ဂိုလ်မှာ အနောက်ဘက်စစ်မျက်နှာတစ်ခုလုံးကို အုပ်ချုပ်ကွပ်ကဲနေရသည့် ဗိုလ်ချုပ်ကြီး ဗွန်ကလပ်ဂျ်ဖြစ်သည်။ ဗွန်ကလပ်ဂျ်မှာ ဟစ်တလာဆန့်ကျင်ရေး စိတ်ဓာတ်ရှိသော်လည်း ပြတ်ပြတ်သားသား မလုပ်ရဲဘဲ သူ့ရာထူးနှင့် စည်းစိမ်ကို ခုံမင်နေသူဖြစ်သည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်ဟိန်းနရစ်ချ်သည် ထိုနေ့ညနေ ညစာစားချိန်တွင် ဗိုလ်ချုပ်ကြီး ကလပ်ဂျ်အား ပြင်သစ်နှင့် အနောက်ဖက်စစ်မျက်နှာတွင် အာဏာ သိမ်းရေး အစီအစဉ်များကို ဦးဆောင်ရန် မဖြစ်မနေ တိုက်တွန်းပြောဆိုရန် [illegible] ကြံစည်ထားခဲ့သည်။ အဆိုပါ ညစာစားပွဲသို့ ဗိုလ်ချုပ်ကြီးဗွန်ကလပ်ဂျ်နှင့် [illegible] ဗိုလ်ချုပ် စပိုက်ဒဲနှင့် ဗိုလ်မှူးကြီး ဟိုဖက်လာတို့ပါ ရောက်လာ[illegible]။

ဗိုလ်ချုပ်ကြီး ဗွန်ကလပ်ဂျ်သည် ညစာစားပွဲသို့ ရောက်မလာ[illegible] ဘာလင်မှ ဗိုလ်ချုပ်ဘက်ခ်နှင့် တယ်လီဖုန်းစကားပြောခဲ့[illegible]။ ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ဘက်ခ်က လုပ်ကြံမှုနှင့် အာဏာသိမ်းရေးအစီအစဉ်များ ဘာလင်တွင် စတင်နေပြီဖြစ်ကြောင်း ဟစ်တလာသေသည်ဖြစ်စေ မသေသည်ဖြစ်စေ မိမိတို့အား ထောက်ခံအားပေးစေလိုကြောင်း ဗွန်ကလပ်ဂျီအား တိုက်တွန်းမေတ္တာရပ်ခံခဲ့သည်။ သို့ဖြစ်ရာ ဗွန်ကလပ်ဂျ်သည် ညစာစားပွဲသို့ ရောက်လာသည့်အချိန်တွင် အာဏာသိမ်းရေးသမားများနှင့် ပူးပေါင်းရန် စိတ်ထဲက လိုလားလျက်ရှိနေခဲ့သည်။

သို့သော် အာဏာသိမ်းရေးသမားများအတွက် ကြမ္မာငင်စရာဖြစ်လာပုံမှာ အားလုံးအစုံအညီ ရောက်ရှိလာကြ၍ ညစာစားပွဲစတင်ရန် ပြင်ဆင်နေခိုက်မှာပင် ဗိုလ်ချုပ်စတိဖ်ထံမှ ဗွန်ကလပ်ဂျီထံသို့ တယ်လီဖုန်းတစ်ခုရောက်လာခဲ့သည်။ ဗိုလ်ချုပ်စတိဖ်က ရက်စတင်းဘတ်ဌာနချုပ်တွင် ဗုံးပေါက်ကွဲချိန်က မိမိရှိနေခဲ့ကြောင်း ဟစ်တလာမှာလုံးဝဒဏ်ရာမရဘဲ အသက်ဘေးမှလွတ်မြောက်ခဲ့ကြောင်း သို့ဖြစ်ရာ ယခုအခါ လုပ်ကြံမှုနှင့် ပတ်သက်သမျှအားလုံး တစ်ယောက်မကျန် ဖမ်းဆီး၍ ပြင်းပြင်းထန်ထန် အပြစ်ပေးရန် စီစဉ်နေကြပြီဖြစ်ကြောင်း စသည်များကို ဗွန်ကလပ်ဂျ်အား အတိအကျ သတင်းပို့လိုက်သည်။

ထို့နောက် ညစာစားပွဲစတင်သောအခါ ဗိုလ်ချုပ်ဟိန်းနရစ်ချ်နှင့် ဗိုလ်မှူးကြီးဟိုဖက်ကာတို့က ဘာလင်တွင် အာဏာသိမ်းရေးအစီအစဉ်များ စတင်နေပြီဖြစ်၍ မိမိတို့ ပါရီတွင်လည်း ဗိုလ်ချုပ်ကြီး ဗွန်ကလပ်ဂျ်ကိုယ်တိုင် ဦးဆောင်လှုပ်ရှားသင့်ပြီဖြစ်ကြောင်း တိုက်တွန်းပြောဆိုခဲ့ကြသည်။ ဤတွင် တစ်စုံတစ်ရာ စိတ်ပိုင်းဖြတ်ထားပြီးဖြစ်ဟန်တူသော ဗွန်ကလပ်ဂျ်က အေးဆေးသောလေသံဖြင့် ပြန်ပြောလိုက်သည်။

'လုပ်ကြံမှုဟာ မအောင်မြင်ဘဲ ဖြစ်သွားပြီ။ အခုမှတော့ ဘာမှမတတ်နိုင်တော့ဘူး'

'ဒီမယ် ဗိုလ်ချုပ်ကြီး၊ အခုဒီအစီအစဉ်တွေနဲ့ပတ်သက်လို့ ဗိုလ်ချုပ်ကြီးလဲ တော်တော်များများ သိထားတာပဲ။ အဲဒီတော့ တစ်ခုခုတော့လုပ်မှဖြစ်မယ်ထင်တယ်'

ဗိုလ်ချုပ်ဟိန်းနရစ်က ပြာပြာသလဲ ပြန်ပြောလိုက်သည်။ သို့သော် ဗိုလ်ချုပ်ဗွန်ကလပ်ချ်သည် ဟိန်းနရစ်ချ်၏စကားကို လက်မခံဘဲ ဤလုပ်ကြံမှုအစီအစဉ်များကို မိမိဘာတစ်ခုမျှ မသိခဲ့ရကြောင်း အပြင်းအထန်ငြင်းဆိုခဲ့သည်။ ထို့နောက် သူသည် ပါရီတွင် ဖမ်းထားသော ရှပ်နက်တပ်သားများနှင့် လုံခြုံရေးတပ်သားများအားလုံးကို အမြန်ဆုံးလွှတ်ရန် အမိန့်ပေးလိုက်သည်။ ပြီးမှ ဟိန်းနရစ်ချ်၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီးနောက် အိခြေ့ရရဖြင့် လှမ်းပြောလိုက်သည်။



'ဒီမယ် ဟိန်းနရစ်ချ်၊ ခင်ဗျားအတွက် အကောင်းဆုံးကတော့ အရပ်ဝတ် အရပ်စားလဲပြီး အမြန်ဆုံးလွတ်အောင် ပုန်းဖို့ပဲလိုတယ်ထင်တယ်'

သို့သော် မိမိကိုယ်မိမိ စစ်သားကောင်းကြီးတစ်ယောက်အဖြစ် ဂုဏ်ယူလာခဲ့သော ဟိန်းနရစ်ချ်အတွက် အကြံမအောင်မြင်သဖြင့် ထွက်ပြေးတိမ်းရှောင်ရမည်ဟူသော ဗွန်ကလပ်ဂျ်၏ အကြံပေးချက်မှာ မိမိ၏သိက္ခာကို စော်ကားရာရောက်သည်ဟု ယူဆမိသည်။ အသက်ဘေးမှလွတ်မြောက်အောင် ပြေးသည့်အလုပ်သည် သူရဲဘောနည်း၍ သတ္တိကြောင်သူတို့၏ အလုပ်ဖြစ်သည်ဟု ယုံကြည်ခဲ့သည်။

ဤအတောအတွင်း ဗိုလ်ချုပ်ဟိန်းနရစ်ချ်အား ဘာလင်ဌာနချုပ်သို့ အမြန်ဆုံး လာရောက်သတင်းပို့ရန် ဆင့်ခေါ်သည့်အမိန့်ရောက်လာခဲ့သည်။ အခြေအနေကို ရိပ်မိနေပြီဖြစ်သော ဟိန်းနရစ်ချ်သည် ချက်ချင်းပင် ဘာလင်သို့ ကားဖြင့် ထွက်၍လာခဲ့သည်။ ဂျာမနီနယ်စပ်နှင့် မလှမ်းမကမ်းရှိ မြူဆီမြစ်ကမ်းပေါ်မှ ဗာဒမ်းမြို့ကလေးအနီးသို့ရောက်သောအခါ ဟိန်းနရစ်ချ်သည် စီးလာသောကားကို ခဏတ္တအရပ်ခိုင်းလိုက်သည်။

ဤဗာဒမ်းအမည်ရှိဒေသမှာ လွန်ခဲ့သည့် ပထမကမ္ဘာစစ်ကြီးအတွင်းက ပြင်သစ်တပ်များနှင့် ဂျာမန်တပ်များ အပြင်းအထန်တိုက်ပွဲဖြစ်ပွားခဲ့၍ သမိုင်းတွင် တင်ရှားသည့်နေရာတစ်ခုဖြစ်သည်။ ထိုစဉ်က ဟိန်းနရစ်ချ်သည် ထိုနေရာတွင် ဂျာမန်တပ်များကို ဦးစီးကွပ်ကဲခဲ့ရသည့် တပ်မှူးတစ်ယောက်ဖြစ်ခဲ့သည်။

သူသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ လောက်က မိမိကိုယ်တိုင် ပါဝင်တိုက်ခိုက်ခဲ့ရသည့် စစ်မြေပြင်ကို အမှတ်တရ ပြန်ကြည့်လိုက်ဦးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကားပေါ်မှ ဆင်းကာ ခပ်လှမ်းလှမ်းမှ လယ်ကွင်းနှင့် တောင်ကုန်းများရှိရာသို့ လျှောက်လာခဲ့သည်။ ကားပေါ်တွင်မူ အစောင့်တပ်သားတစ်ယောက်နှင့် ကားမောင်းသူတို့ ကျန်နေရစ်ခဲ့သည်။

ဟိန်းနရစ်ချ်သည် ဤစစ်မြေပြင်ဟောင်းဒေသကို ကြည့်ရန် သက်သက်ရည်ရွယ်၍ ကားပေါ်မှဆင်းလာသည်မဟုတ်။ သူ့တွင် အခြားကြံရွယ်ချက်တစ်ခုပါလာသေးသည်။

ခဏအကြာတွင် ဟိန်းနရစ်ချ် ထွက်သွားသောနေရာဘက်မှ ခြောက်လုံးပြူးသေနတ်သံတစ်ချက် ကြားလိုက်ရသည်။ ကားပေါ်တွင် ကျန်ရစ်ခဲ့ကြသော အစောင့်တပ်သားနှင့် ကားမောင်းသူသည် ကပျာကယာ ကားပေါ်မှဆင်းကာ အသံကြားရာဘက်သို့ အပြေးအလွှားလာခဲ့ကြသည်။ ထိုနေရာသို့ ရောက်သောအခါ ရေမြောင်းကလေးတစ်ခုထဲတွင် ဦးခေါင်း၌ သေနတ်ဒဏ်ရာဖြင့် သွေးသံတို့ လိမ်းလိမ်းလဲကျနေသော ဗိုလ်ချုပ်ဟိန်းနရစ်ချ်အား တွေ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဟိန်းနရစ်ချ်မှာ အသက်မသေသေးဘဲ ရှိနေသဖြင့် ဗာဒမ်းမြို့တွင်းမှ စစ်ဆေးရုံသို့ ခေါ်ဆောင်သွားကြသည်။ ဆေးရုံတွင် ဒေါက်တာကိုစစ်ဆေးကြည့်ကြသောအခါ သေနတ်ကျည်ဆံသည် သူ၏မျက်လုံးတစ်ဖက်ကို ဖောက်ထွက်သွားပြီး အခြားမျက်လုံးတစ်ဖက်ကိုပါ ထိခိုက်သွားခဲ့ရာ ဟိန်းနရစ်ချ်မှာ အသက်မသေသော်လည်း မျက်လုံးနှစ်ဖက်စလုံးပျက်ကာ မျက်မမြင်ဘဝသို့ ရောက်ခဲ့ရသည်။

သို့တိုင်အောင်၏ လက်စားချေရေးအမိန့်နှင့် ပြင်းထန်စူးရှသောဒေါသသည် မြက်မမြင်ဒုက္ခိတ ဗိုလ်ချုပ်ဟိန်းနရစ်ချ်အား ချမ်းသာခွင့်မပေးဘဲ ရှိခဲ့သည်။ ဟစ်တလာ၏ တစ်ချက်လွှတ်အမိန့်အရ မျက်လုံးနှစ်ဖက်ပျက်စီးနေသည့် ဟိန်းနရစ်ချ်အား ဘာလင်သို့ အမြန်ဆုံးခေါ်ဆောင်လာခဲ့ပြီး ပြည်သူ့ခုံရုံးသို့တင်ကာ စစ်ဆေးခဲ့ကြသည်။ မျက်မမြင်ဒုက္ခိတဖြစ်နေသာ တရားခံဟိန်းနရစ်ချ်သည် ပြည်သူ့ခုံရုံးသို့ ထမ်းစင်ဖြင့်သွားရောက်အစစ်ခံခဲ့ရပြီး နောက်ဆုံး၌ ဩဂုတ်လ ၃၀ ရက်နေ့တွင် ထမ်းစင်ပေါ်မှ ကြိုးစင်ပေါ်သို့ တက်သွားခဲ့ရရှာသည်။

ဘာလင်တွင် အာဏာသိမ်းရေးအစီအစဉ်များကို ပျက်ပြားအောင် လုပ်ဆောင်ခဲ့ကြသော ဗိုလ်ချုပ်ဖရွမ်းသည် လုပ်ရကျိုးမနပ်ဘဲ ကြံရာပါအဖြစ် အသတ်ခံရသည့်နည်းတူ ယခုပြင်သစ်နိုင်ငံတွင် အာဏာသိမ်းရေးသမားများ၏ အကြံအစည်ကို လက်မခံဘဲ ငြင်းဆန်ခဲ့သော ဗိုလ်ချုပ်ကြီး ဗွန်ကလပ်ဂျ်မှာလည်း ငြင်းရကျိုးမနပ်ဘဲ ဖြစ်ခဲ့ရသည်။

လုပ်ကြံမှုကြီး မအောင်မြင်ဘဲ ပျက်စီးခဲ့ပြီးနောက်တစ်လခန့်အကြာ ဩဂုတ်လ ၁၇ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး မိုဒဲလ်ဆိုသူသည် ဟစ်တလာ စေလွှတ်ချက်အရ ဗွန်ကလပ်ဂျ်ရှိရာ စစ်ဌာနချုပ်သို့ ရောက်ရှိလာခဲ့သည်။ သူရောက်ရှိလာခြင်းမှာ ကောင်းသောလာခြင်းမဟုတ်ဘဲ ဗွန်ကလပ်ဂျ်၏နေရာတွင် တာဝန်လွှဲပြောင်းယူရန် ဟစ်တလာ၏အမိန့်အရ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ဗွန်ကလပ်ဂျ်သည် မိမိအား ရာထူးမှဖြုတ်လိုက်သည့် အမိန့်စာနှင့်အတူ ဂျာမနီသို့ လာရောက်ရန် ဆင့်ခေါ်သည့်အမိန့်စာကိုပါ ဟစ်တလာထံမှ တစ်ပါတည်း လက်ခံရရှိခဲ့သည်။

ဟစ်တလာသည် ဂက်စတာပိုစုံထောက်များ၏ စုံစမ်းထောက်လှမ်းရရှိချက်များနှင့် လုပ်ကြံမှုတရားခံအချို့၏ အစစ်ခံချက်များအရ ဗိုလ်ချုပ်ကြီးဗွန်ကလပ်ဂျ်သည် ဂျူလိုင် ၂၀ ရက်နေ့က ပါရီတွင် အာဏာသိမ်းရေးသမားများနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းမရှိသော်လည်း ၎င်းတို့၏အကြံအစည်များကိုမူ ကြိုတင်သိရှိခဲ့ကြောင်း အတိအကျသတင်းရရှိခဲ့သည်။ သို့ဖြစ်၍လည်း ဗွန်ကလပ်ဂျ်အား ဗိုလ်ချုပ်



ဖရွမ်းကဲ့သို့ 'သူရဲဘောနည်းမှု သတ္တိကြောင်မှု'ဖြင့် စွဲချက်တင်ရန် ဘာလင်သို့ ဆင့်ခေါ်လိုက်ခြင်းဖြစ်သည်။

'အမျိုးသားဆိုရှယ်လစ်များ၏ လုပ်နေကျထုံးစံ'နှင့် ဟစ်တလာ၏ 'အပြတ်' စာရင်းရှင်းသည့် လုပ်နည်းလုပ်ဟန်ကို သိထားပြီးဖြစ်သော ဗိုလ်ချုပ်ကြီးဗွန်ကလပ်ဂျ်သည် နောက်တစ်နေ့ ဩဂုတ်လ ၁၈ ရက်နေ့တွင် သူ၏ဌာနချုပ်မှ ဂျာမနီနိုင်ငံသို့ ကားဖြင့်ထွက်လာခဲ့သည်။ ထို့နောက် ဂျာမနီနယ်စပ်နှင့် မိုင် ၂၀ ခန့်အကွာ၊ မက်ဇ်မြို့ကလေးသို့ အရောက်တွင် အဆိပ်သောက်၍ သတ်သေသွားခဲ့သည်။

ဤသို့ဖြင့် ဟစ်တလာသည် ကျုပြင်ခုတ် ကျုငုတ်မကျန်ရအောင် 'အပြတ်' စာရင်းရှင်းပစ်ခဲ့သည်။ သူသည် သူလုပ်သလိုပြော၍၊ သူပြောသလို လုပ်ခဲ့သည်။

အပြောနှင့်အလုပ် ညီလှသော ဟစ်တလာ၏ အပြတ်စာရင်းရှင်းမှုများကြောင့် လုပ်ကြံမှုကြီး ပျက်ခဲ့ရပြီးနောက် လူပေါင်း ၅၀၀၀ နီးပါးမျှ အသက်ပျောက်ခဲ့ရသည်။

သို့ဖြင့် ဂျူလိုင်လ ၂၀ ရက်နေ့ညသည် ဂျာမန်ဗိုလ်ချုပ်ကြီးများအတွက် မှောင်လွန်းသောညတစ်ညဖြစ်ခဲ့ရသလို ဂျူလိုင် ၂၀ ရက်၏နောက်ပိုင်းနေ့ရက်များသည် မှောင်မိုက်သောနေ့ရက်များဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းသော 'အသွင်အရေး'

ဟစ်တလာသည် ထိုသတင်းကို ကြားလိုက်သောအခါ ရုတ်တရက် သူ့ဦးခေါင်းတည့်တည့်ပေါ်တွင် မိုးကြိုးအပစ်ခံလိုက်ရသလို ဖြစ်သွားမိသည်။ သူ့နားထဲတွင် ထိုသတင်းကို ကြားလိုက်ရသည်မှာ ဂျူလိုင် ၂၀ ရက်နေ့က အစည်းအဝေးကျင်းပနေခိုက် မမျှော်လင့်ဘဲ သူ့အနားတွင်ကပ်၍ ထွက်ပေါ်လာခဲ့သော ဗုံးပေါက်ကွဲသံထက်ပင် ပို၍ပြင်းထန်သည်ဟု ထင်မှတ်လိုက်ရသည်။

သူ့နားကိုပင် သူမယုံနိုင်အောင်ဖြစ်သွားမိသည်။ သူ့ရှေ့တည့်တည့်တွင် သတိအနေအထားဖြင့် တောင့်တောင့်ကြီး ခြေစုံရပ်နေသော ဗိုလ်ချုပ်ဟင်းမလားကိုပင် ရုတ်တရက်- မသင်္ကာသောမျက်စိဖြင့် ပြန်ကြည့်မိသည်။

'ဒီအတိုင်း အမှန်ပဲလား'

'မှန်ပါတယ် ခေါင်းဆောင်ကြီး၊ အခုတင်ပြထားတဲ့ အစီရင်ခံစာတွေထဲက အချက်တွေက အားလုံးအမှန်ကြီးပါပဲ။ ကျွန်တော်ကိုယ်တိုင်လည်း အသေအချာ စုံစမ်းစစ်ဆေးပြီးပါပြီ'

မိမိအား မသင်္ကာသောစိတ်ထားဖြင့် မေးနေသည်ကို ရိပ်မိလိုက်သော ဗိုလ်ချုပ်ဟင်းမလားသည် သူ့ကိုယ်သူ အပြည့်အဝယုံကြည်စိတ်ချထားသောအသံဖြင့် တိတိကျကျ ပြတ်ပြတ်သားသားပင် ပြန်ပြောလိုက်သည်။

ဟစ်တလာသည် ဘာမှပြန်မပြောတော့ဘဲ စားပွဲပေါ်မှဖိုင်တွဲများနှင့် စာရွက်စာတမ်းများကိုသာ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိသည်။ ခပ်စောစောကသူ့စိတ်ထဲတွင် သံသယဖြစ်မှုနှင့် မသင်္ကာမှုတို့ဖြင့် လွှမ်းမိုးနေခဲ့ရာမှ ယခုအခါထိုနေရာတွင် နာကျည်းမှုနှင့် ဒေါသဖြစ်မှုတို့သည် တားမနိုင်ဆီးမရအောင် အစားထိုးဝင်ရောက်လာခဲ့ကြသည်။

မှန်သည်၊ ဤအချက်မှာ သူ့အတွက် နာကျည်းစရာလည်းကောင်းလှသည်၊ ဒေါသအမျက် ချောင်းချောင်းထွက်စရာကောင်းလှသည်။ ဤလုပ်ကြံမှုကြီးတွင် အခြားဗိုလ်ချုပ်ကြီးများ ဗိုလ်ချုပ်များနှင့် တပ်မတော်အရာရှိကြီးငယ်များ မည်သူမည်ဝါတို့ ပူးပေါင်းကြံစည်ခဲ့ကြသည်ဟူ၍ ကြားခဲ့သိခဲ့ရစဉ်က ဒေါသထွက်ရုံမျှသာ ထွက်ခဲ့သည်။ ယခုကဲ့သို့ မိမိအားလုပ်ကြံသတ်ဖြတ်၍ အာဏာသိမ်းရန်ကြံစည်ခဲ့သူများတွင် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ကိုယ်တိုင် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းပါဝင်ခဲ့သည်ဟူသောသတင်းကို ကြားသိလိုက်ရသောအခါ ဟစ်တလာသည် ဒေါသထွက်ရုံမျှမက စိတ်ထဲကနာကျည်း၍မဆုံးနိုင်အောင် ဖြစ်မိသည်။



မှန်သည်၊ အခြားဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်ချုပ်များက မိမိအပေါ် ဧည့်မှုတင်စွာဖောက်စေကာမူ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်မှာမူ မိမိအပေါ်တွင် သစ္စာဖောက်လိမ့်မည်ဟူ၍ ဘယ်အခါမျှ မယုံကြည်ခဲ့၊ မယူဆခဲ့၊ အိပ်မက်ထဲတွင် ယောင်လို့မျှ မမက်ဘူးခဲ့။ ယခုမူ ဂျာမန်တပ်မတော်အတွင်းရှိ ဗိုလ်ချုပ်ကြီးများအနက် အားအကိုးရဆုံးဟူ၍ မိမိကိုယ်တိုင်ကယုံကြည်သတ်မှတ်ထားခဲ့သော ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် အာဏာသိမ်းရေးသမားများနှင့် လက်ဝါးချင်းရိုက်ကာ ပူးပေါင်းပါဝင်ခဲ့ကြောင်း အထောက်အထားခိုင်မာစွာ တွေ့နေရပြီဖြစ်သည်။

မိမိကိုယ်မိမိ ခြောက်လုံးပြူးဖြင့် ပစ်သတ်ခဲ့ရာမှ အသက်မသေဘဲ ဦးခေါင်းတွင် ဒဏ်ရာရခါ မျက်လုံးနှစ်ဖက်ပျက်စီးသွားရရှာသော ဗိုလ်ချုပ်ဟိန်းနရစ်သည် ဗာဒန်မြို့ဆေးရုံတွင် သတိမရတစ်ချက် ရတစ်ချက်ဖြင့် အကြိမ်ကြိမ်အခါခါ တမ်းတခေါ်ဝေါ်ခဲ့သည်။ တစ်ဖန် ပါရီမြို့တွင် အာဏာသိမ်းရန်ကြံစည်မှုဖြင့် ဖမ်းဆီးခြင်းခံနေရသော ဗိုလ်မှူးကြီးဟိုဖက်ကာသည် ဂက်စတာပိုများ၏ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်မှုကြောင့် ၎င်းတို့နှင့်ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်တို့ ဆက်သွယ်ရှိကြောင်း ထုတ်ဖော်အစစ်ခံခဲ့သည်။ 'ဘာလင်မှာရှိတဲ့ ဟစ်တလာဆန့်ကျင်ရေးသမားတွေကို ကျုပ်နာမည်ပါ စာရင်းထဲထည့်ဖို့ ပြောလိုက်ပါ'ဟူ၍ ရွှမ်းမဲလ်က ပြောကြားခဲ့ကြောင်း ဗိုလ်မှူးကြီးဟိုဖက်ကာက ဖြောင့်ချက်ပေးခဲ့သည်။

ထို့ပြင် လုပ်ကြံမှုနှင့်ပတ်သက်၍ အပ်ကျသည်ကအစ အသေးစိတ်အဖြစ်အပျက်များနှင့် အချက်အလက်များကို နည်းမျိုးစုံတို့ဖြင့် စုံစမ်းထောက်လှမ်းခဲ့ကြသော ဂက်စတာပိုနှင့် ဂျာမန်ထောက်လှမ်းရေးအဖွဲ့ဝင်များသည် အာဏာသိမ်းရေးသမားများနှင့် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်တို့ မည်သည့်အချိန်မှစ၍ မည်သို့မည်ပုံ အဆက်အသွယ်ရှိခဲ့သည်များကို ခရေစေ့တွင်းကျ ထောက်လှမ်းရရှိခဲ့ကြသည်။ ဒေါက်တာစထရိုလင်မှတစ်ဆင့် ဂိုးအာဒဲလ်လား၊ ဗိုလ်ချုပ်ဘက်ခ်တို့နှင့် အဆက်အသွယ်ပြုလုပ်ခဲ့ပုံ၊ ဗိုလ်ချုပ်စပိုက်ဒဲလ်၊ ဗိုလ်ချုပ်ဟိန်းနရစ်တို့နှင့် တွေ့ဆုံ၍ ဟစ်တလာဆန့်ကျင်ရေးလှုပ်ရှားမှုများအတွက် ပြင်ဆင်ခဲ့ပုံများကိုပါ အပ်ကျမတ်ကျ သိရှိခဲ့ကြသည်။

နောက်ဆုံး၌ အနောက်ဖက်စစ်မျက်နှာတွင် မဟာမိတ်တို့ ထိုးစစ်ဆင်လာကြပြီးနောက် ဂျာမန်တပ်များ အကြီးအကျယ် အရေးနိမ့်လခဲ့ကြသည့်ကိစ္စနှင့်စပ်လျဉ်း၍ လုပ်ကြံမှုကြီး မဖြစ်ပွားမီ ၅ ရက်အလို ဂျူလိုင် ၁၅ ရက်နေ့က တင်းတင်းမာမာ ရေးသားပေးပို့လိုက်သော ဗိုလ်မှူးကြီးရွှမ်းမဲလ်၏ ရာဇသံကို ပြန်လည်စဉ်းစားမိလိုက်သောအခါ ခေါင်းဆောင်ကြီးဟစ်တလာသည် စိတ်နှလုံး

www.burmeseclassic.com

www.burmeseclassic.com



ဒုံးဒုံးချလိုက်မိသည်။ မိမိအပေါ် သစ္စာဖောက်၍ အာဏာသိမ်းရေးသမားများနှင့် ပူးပေါင်းခဲ့သည်မှာ မယုံကြည်စရာ ဘာမျှမရှိ၊ အမှန်ပင်ဖြစ်သည်ဟု တစ်ထစ်ချ ဆုံးဖြတ်သတ်မှတ်လိုက်တော့သည်။

ဤသို့ဖြင့် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် ဟစ်တလာ၏ အပြတ်စာရင်းရှင်းသည့်အထဲတွင် ပါသွားခဲ့ရသည်။

သို့သော် ဟစ်တလာသည် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏ပြဿနာကို ကိုင်တွယ် ဖြေရှင်းရာ၌ ဦးနှောက်ကို အစွမ်းကုန်အသုံးပြုခဲ့သည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် နယ်နယ်ရရပုဂ္ဂိုလ်မဟုတ်၊ ဂျာမန်တစ်မျိုးသားလုံးက ချစ်ခင်လေးစားခြင်းခံရသည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ယုတ်စွအဆုံး ဟစ်တလာကိုယ်တိုင်က အလွန်ကြည်ညိုအားကိုးခဲ့သည့် စစ်သူကြီးတစ်ဦးဖြစ်သည်။ ထိုအချိန် ထိုအခါက ဂျာမနီတစ်နိုင်ငံလုံးတွင် ဟစ်တလာမှလွဲ၍ အထင်ရှားဆုံး အကျော်ကြားဆုံးပုဂ္ဂိုလ်ကို ပြပါဟုဆိုလျှင် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ကိုပင် လက်ညှိုး ထိုးပြရမည်ဖြစ်သည်။ ဤမျှလောက်အထိ သူ့အရှိန်အဝါမှာ ကြီးမားခဲ့သည်။

ဂျာမနီနှင့် ဂျာမန်အမျိုးသားများအတွင်း၌သာ ထင်ရှားကျော်ကြားသည် မဟုတ်၊ ရွှမ်းမဲလ်ဟူသောအမည်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း အင်္ဂလိပ် အမေရိကန်၊ ပြင်သစ်၊ ရုရှားစသည့် မဟာမိတ်နိုင်ငံများနှင့် မဟာမိတ်တပ်သား များကပါ 'စစ်ရေးစစ်ရာ ကျွမ်းကျင်ဆုံး ဂျာမန်ဗိုလ်ချုပ်ကြီးတစ်ယောက်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသူဖြစ်သည်။

သို့ဖြစ်ရာ ဤမျှလောက် အရှိန်အဝါကြီးမား၍ ဂျာမန်တစ်မျိုးသားလုံးနှင့် ဂျာမန်တပ်မတော်သားတိုင်း၏ ချစ်ခင်လေးစားခြင်းခံနေရသည့် ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်သည် လုပ်ကြံမှုကြီးတွင် ပါဝင်ပူးပေါင်းခဲ့ကြောင်း လူသိထင်ရှားဖြစ်သွား ပါက ဤသတင်းသည် တစ်တိုင်းပြည်လုံး တုန်လှုပ်ချောက်ချားသွားမည့်ပြင် ခေါင်းဆောင်ကြီးဟစ်တလာအတွက် အကြီးအကျယ် သိက္ခာကျသွားမည်မှာ သေ ချာလှသည်။ ထို့ပြင် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အား လုပ်ကြံမှုတွင် ပူးပေါင်းပါဝင်ခဲ့ သည့်တရားခံအဖြစ် ပြည်သူ့ခုံရုံးတွင် တင်၍စစ်ဆေးအပြစ်မပေးမည်ဆိုပါက ဤလုပ်ရပ်သည် ဟစ်တလာအတွက် ကိုယ့်မျက်နှာကိုယ်ပြန်၍ အိုးမဲသုတ်ရာကျ မည်မှာ အမှန်ပင်ဖြစ်သည်။ အကယ်၍ ထိုမျှမက သည့်ထက်သည်အခြေအနေ ဆိုးလာမည်ဆိုပါ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကပင်လျှင် တော်လှန် ဆန့်ကျင်လာသည်ကို အကြောင်းပြု၍ တပ်မတော်သားများနှင့် ပြည်သူလူထု ကြီးအတွင်း မိမိ၏ခေါင်းဆောင်မှုကို လုံးဝမယုံကြည်တော့ဘဲ အုံကြွတော်လှန်လာ ကြမည်ဆိုပါက မခက်ပါလော။



ဤသို့လျှင် နက်နက်နဲနဲ သဘာဝကျကျ စဉ်းစားတွေးခေါ်မိသော ခေါင်း ဆောင်ကြီးဟစ်တလာသည် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အား အပြတ်စာရင်းရှင်းရေး အတွက် ဦးနှောက်ကို အစွမ်းကုန် အသုံးပြုခဲ့ရသည်။ အတတ်နိုင်ဆုံး ဖုံးဖုံးဖိဖိ နှင့် ပျော့ပျော့ပျောင်းပျောင်း လုပ်ကိုင်ခဲ့ရသည်။ အချုပ်အားဖြင့်ဆိုရလျှင် ဟစ်တ လာသည် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အား မိမိအပေါ်သစ္စာဖောက်သူတစ်ယောက်အဖြစ် လည်းကောင်း၊ အာဏာသိမ်းရေးသမားများနှင့် ပူးပေါင်းခဲ့သူတစ်ယောက်အဖြစ် လည်းကောင်း၊ ဖမ်းဆီးခြင်း၊ ခုံရုံးတင်၍ စစ်ဆေးခြင်းများ မပြုလုပ်ဘဲ အလို အလျောက် စာရင်းရှင်းသွားအောင် ပရိယာယ်ကြွယ်ကြွယ်ဝဝဖြင့် ကျွမ်းကျင်စွာလုပ် ဆောင်ခဲ့ရသည်။

ဂျူလိုင်လ ၁၇ ရက်နေ့က မဟာမိတ်တိုက်လေယာဉ်များ၏ ပစ်ခတ်တိုက် ခိုက်မှုကြောင့် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်မှာ ဒဏ်ရာရ၍ ဆေးရုံသို့ ရောက်ခဲ့ရသည်။ သူရရှိသည့်ဒဏ်ရာမှာ နည်းနည်းပါးပါးမဟုတ်ဘဲ တစ်ကိုယ်လုံး အနှံ့အပြား ဒဏ်ရာအပြင်းအထန်ရရှိခဲ့ခြင်းဖြစ်သည်။ ကျည်ဆံအစအနများ ထိမှန်ခဲ့သဖြင့် ဦးခေါင်းတစ်ခုလုံး ဒဏ်ရာများရခဲ့သည့်ပြင် လက်ဝဲဘက်မျက်လုံးမှာလည်း အပြင်း အထန် [illegible]ခဲ့သည်။ ထို့ထက်ပို၍ဆိုးသည်မှာ ကားပေါ်မှအရှိန်ပြင်းစွာဖြင့် လွင့်စင်ကျသွားခဲ့သောကြောင့် မေးရိုးများကျိုးသွားသည့်ပြင် ဦးခွံပါအက်သွားခဲ့ ခြင်းပင်ဖြစ်သည်။

ရွှမ်းမဲလ်သည် ဒဏ်ရာရပြီးနောက် အနီးဆုံးဖြစ်သော ဘာနေးမြို့ကလေးမှ ဆေးရုံတွင် တက်ရောက်ကုသခဲ့ရသည်။ သို့သော် ထိုအချိန်တွင် မဟာမိတ်တပ် များသည် ပြင်သစ်နိုင်ငံအတွင်းပိုင်းသို့ တစ်နေ့တခြား ထိုးဖောက်ဝင်ရောက်လာ နေကြပြီဖြစ်ရာ မဟာမိတ်တပ်များ၏လက်တွင်းသို့ ကျရောက်သွားမည်စိုးသဖြင့် ရွှမ်းမဲလ်မှာ ဘာနေးမြို့မှ စိန့်ဂါမိန်းမြို့ဆေးရုံသို့ ပြောင်းရွှေ့လာခဲ့ရသည်။

တစ်စတစ်စဖြင့် သူ့ဒဏ်ရာများမှာ သက်သာစပြုလာသည်။ သို့သော် လုံးဝမပျောက်သေးဘဲ ဆေးရုံမှာပင် ဆက်နေခဲ့ရသည်။

သြဂုတ်လ ၈ ရက်နေ့တွင်မူ ရွှမ်းမဲလ်သည် ဆရာဝန်ကြီးများ၏ အတန် တန် တားမြစ်နေသည့်အကြားမှ နားမထောင်ဘဲ ဆေးရုံမှဆင်းကာ [illegible] မြို့ရှိ သူ၏နေအိမ်သို့ ပြန်သွားခဲ့သည်။ သို့ဖြစ်ရာ ဆရာဝန်ကြီးနှစ်ယောက်သည် သူနှင့်တစ်ပါတည်း လိုက်ပါပြီး သူ့အိမ်မှာပင် ဒဏ်ရာများကို ကုသပေးခဲ့ရသည်။

ထိုသို့ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် အိမ်မှာပင် ဒဏ်ရာများကို ကုသ[illegible] သူ၏စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်စပိုက်ဒဲလ်သည် သူ့ထံသို့ မကြာခဏ [illegible] ၍ အခြေအနေအရပ်ရပ်ကို တင်ပြအစီရင်ခံခဲ့သည်။ ဂျူလိုင် ၂၀ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းတွင် အစုလိုက်အပြုံလိုက် လူဖမ်းပွဲများကျင်းပ၍ ပြည်သူ့ခုံရုံးမှ သေဒဏ်များ ချမှတ်နေသည့်သတင်းများကို စပိုက်ဒဲလ်မှတစ်ဆင့် ဗိုလ်ချုပ်ကြီးရှမ်းမဲလ် သိ ခဲ့ရသည်။

'လိမ်တတ် ညာတတ်တဲ့ ရောဂါစွဲကပ်နေတဲ့လူဟာ အခုတော့ သွက်သွ လည်အောင် ရှုးသွားတော့တာပေါ့။ ရက်ရက်စက်စက်လုပ်တတ်တဲ့ သူ့ဝါဒ ဂျူလိုင် ၂၀ ရက်ကိစ္စနဲ့ပတ်သက်တဲ့ လူတွေအပေါ်မှာ ကောင်းကောင်းကြ အသုံးချတာပါပဲ၊ ဒီကိစ္စဟာ ဒါနဲ့ပြီးမှာမဟုတ်သေးဘူး'

ရှမ်းမဲလ်သည် ဟစ်တလာနှင့်ပတ်သက်၍ စကားစပ်မိသဖြင့် စပိုက်ဒဲလ် အား အထက်ပါအတိုင်း ပြောပြခဲ့သည်။

'ဒီကိစ္စဟာ ဒါနဲ့ပြီးမှာမဟုတ်သေးဘူး'

ရှမ်းမဲလ်ပြောသည့်အတိုင်း အမှန်ဖြစ်သည်။ သို့သော် ဤကိစ္စသည် သူ့ထံ သို့ ဦးတည်လာနေကြောင်းကိုမူ သူလုံးဝမရိပ်မိဘဲ ရှိနေခဲ့သည်။

ရှမ်းမဲလ်၏ဇနီးဖြစ်သူကမူ ဤကိစ္စကို မရိပ်မိသေးသော်လည်း သူမ၏စိတ် ထဲတွင် တစ်စုံတစ်ရာထူးထူးခြားခြား ခံစားချက်ဖြစ်ပေါ်နေမိသည်။ သူမ၏ခင်ပွန်း ဖြစ်သူမှာ သာမန်အညာတြ မထင်ရှားသည့်ပုဂ္ဂိုလ်မဟုတ်၊ ဂျာမန်တပ်မတော်တွင် ဖီးမာရှယ်ခေါ် ရာမဗိုလ်ဂျိုလ်ကြီးအဆင့်ရရှိထားသည့်ပြင် ခေါင်းဆောင်ကြီး ဟစ်တလာနှင့်တကွ ဂျာမန်တပ်မတော်တစ်ခုလုံးက ယုံကြည်လေးစားခြင်း ခံရသူ ဖြစ်သည်။

သို့ပါလျက် မိမိ၏ခင်ပွန်းအား ယခုကဲ့သို့မသေရုံတမည် ဒဏ်ရာအကြီး အကျယ်ရရှိ၍ ဆေးကုသနေခိုက် မည်သူတစ်ဦးတစ်ယောက်မျှ စာဖြင့်သော်လည်း ကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း မေးမြန်းခြင်းမရှိ၊ ယုတ်စွအဆုံး တယ် လီဖုန်းဖြင့်ဆက်၍ 'ဗိုလ်ချုပ်ကြီး ဘယ့်နှယ်နေပါသေးသလဲ'ဟူ၍ပင် စုံစမ်းမေး မရှာဘဲ အားလုံးငြိမ်ချက်သားကောင်းနေကြသည်မှာ ထူးဆန်းလှသည်ဟု သူမ၏ စိတ်ထဲတွင် မှတ်ထင်နေမိသည်။

ဤအတောအတွင်း ရှမ်းမဲလ်သည် သူ၏နေအိမ်သို့ ပြန်ရောက်ပြီး တစ်ပတ် ခန့်အကြာ ဩဂုတ်လလယ်လောက်တွင် ထူးဆန်းသည့်အဖြစ်အပျက်တစ်ခု ဖြစ် ပွားသည်ကို တွေ့ရသည်။ တစ်ညတွင် လူတစ်ယောက်သည် ရှမ်းမဲလ်အိမ်နှ မလှမ်းမကမ်းရှိ ပုန်းခိုကျင်းမှတစ်ဆင့် အိမ်နှင့်ဆက်ထားသော ကတုတ်ကျင် ကလေးအတိုင်း တိတ်တဆိတ်လျှောက်လာပြီး အိမ်တွင်းသို့ဝင်ရန် ကြိုးစားန သည်။ သို့သော် အစောင့်စစ်သားက အချိန်မှီမြင်တွေ့လိုက်ရသဖြင့် သေနတ်ဖြ လှမ်းသစ်ရာ မထိဘဲ ထိုလူမှာ ထွက်ပြေးလွတ်မြောက်သွားသည်။



အစပထမတွင် အိမ်သူအိမ်သားအားလုံးက ဤအဖြစ်အပျက်ကို သာမန် ပေါ့ပေါ့ဆဆပင် သဘောထားခဲ့သည်။ ထိုအချိန်ထိုအခါက ဂျာမန်တပ်များမှာ ါးအစည်းပြေသလိုဖြစ်နေရာ တပ်မှထွက်ပြေးသူများ၊ သုံ့ပန်းစခန်းမှ ထွက်ပြေး သူများ၊ ချွေးတပ်စခန်းမှ ထွက်ပြေးသူများစသဖြင့် ခြေဦးတည့်ရာ တိမ်းရှောင် သွားလာနေသူများ အမြောက်အမြား ရှိနေကြသည်။ ထိုညက ရှမ်းမဲလ်၏အိမ် အတွင်းသို့ တိတ်တဆိတ်ဝင်ရန် ကြိုးစားခဲ့သူမှာ ထိုသို့သောလူစားမျိုးထဲကပင် ဖြစ်မည်ဟု ယူဆကာ အမှတ်တမဲ့ပင် မေ့မေ့ပျောက်ပျောက်နေလိုက်သည်။

သို့သော် ဂျူလိုင်လ ၂၀ ရက် အရေးအခင်းနှင့် စပ်လျဉ်း၍ ကျီးလန့်စာစား ဖြစ်နေချိန်တွင် ယခုကဲ့သို့ ထူးထူးဆန်းဆန်းဖြစ်လာသည်မှာ မသင်္ကာစရာကောင်း သည်ဟု ရှမ်းမဲလ်၏စိတ်ထဲတွင် ယူဆမိသည်။ မိမိအား ဂက်စတာပိုနှင့် ရှပ် ကော်လုံခြုံရေးတပ်ဖွဲ့ဝင်များက ရန်ရှာနေလေသလားဟူ၍လည်း တွေးတောစိုးရိမ် လာမိသည်။ ထိုအချိန်တွင် ရှမ်းမဲလ်မှာ အနည်းငယ်သက်သာလပြီဖြစ်သည့် အလျောက် ရာသီဥတုကောင်းမွန်၍ နေသာသောနေ့ရက်များတွင် အိမ်ထဲမှထွက် ကာ အပြင်ဘက်ပန်းခြံထဲတွင် နေစာလှုံခြင်း၊ တစ်ခါတစ်ရံ အိမ်နှင့်ကပ်နေသည့် တောစပ်ကလေးတွင် လမ်းလျှောက်ခြင်းများ ပြုလုပ်လေ့ရှိသည်။ ခေတ္တအပြင်ထွက် ၍ နေစာလှုံ လမ်းလျှောက်ရာ၌ သူနှင့်သူ့သားဖြစ်သူ မင်းဖရက်တို့သည် ဘေးဆီး ရန်ကာသဘောဖြင့် ခြောက်လုံးပြူးကိုယ်စီယူလာခဲ့ကြသည်။

ရှမ်းမဲလ်၏သားဖြစ်သူ မင်းဖရက်မှာ အသက် ၁၅ နှစ်မျှ သာရှိသေးသည်။ *လေယာဉ်ပစ်အမြောက်တပ်တွင် အမှုထမ်းနေရာမှ ဖခင်ဖြစ် သူ ဒဏ်ရာရသဖြင့် တပ်မှခွင့်ယူကာ အိမ်သို့ခေတ္တပြန်လာပြီး ဖခင်ကြီးအား စောင့်ရှောင်နေခြင်း ဖြစ်သည်။

ထို့နောက်တနင်္ဂနွေသုံးပတ်မျှကြာသောအခါ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်အတွက် ထိတ်လန့်အံ့ဩဖွယ် သတိပေးလိုက်သည့် သတင်းစကားကို ကြားလာရတော့သည်။

စက်တင်ဘာလ ၆ ရက်နေ့တွင် သူ၏စစ်ဦးချုပ်ဖြစ်သူ စပိုက်ဒဲလ်သည် အိမ်သို့ရောက်လာသည်။ ရှမ်းမဲလ်သည် စပိုက်ဒဲလ်၏မျက်နှာအမူအရာကို မြင် ကတည်းက တစ်စုံတစ်ခုဖြစ်ပြီဟု ရိပ်မိလိုက်သည်။

---

* ဂျာမန်တပ်များ အရေးနိမ့်လာသည့်အချိန် စစ်ကြီးနောက်ပိုင်းတွင် ဟစ်တလာ သည် အသက်မပြည့်သေးသည့် လူငယ်များကိုပါ စစ်ထဲမဝင် မနေရဟု အမိန့်ထုတ် ခဲ့သဖြင့် ရှမ်းမဲလ်၏သားဖြစ်သူ မင်းဖရက်မှာ အသက် ၁၅ နှစ်သားအရွယ်တွင် စစ်မှုထမ်းနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စပိုက်ဒဲလ်က 'မိမိအား ယမန်နေ့က ဌာနချုပ်မှ ရထူးချလိုက်သည့်အမိ ရောက်လာကြောင်း၊ ယင်းအမိန့်အရ မိမိသည် ဘာလင်သို့ သွားရောက်သတင ရသည်ဖြစ်သဖြင့် လာရောက်နှုတ်ဆက်ခြင်းဖြစ်ကြောင်း ပြောပြသည်။ ထို့နော ဆက်လက်၍ ဌာနချုပ်တွင် ဗိုလ်ချုပ်ကြီးကိုက်တဲလ်နှင့် ဗိုလ်ချုပ်ဂျိုဒဲလ်တို့ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အား 'အရူးပေးရေးသမား၊ အညံ့ခံရေးသမား' ဟူ၍ စွ ပြောဆိုသည်ဟု မိမိကြားသိရကြောင်း၊ သို့ဖြစ်၍ အစစအရာရာ ဆင်ခြင်နေသ ကြောင်းများကိုလည်း စပိုက်ဒဲလ်က ရွှမ်းမဲလ်အား စေတနာဖြင့် သတိပေးစကာ ပြောကြားခဲ့သည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် စပိုက်ဒဲလ်၏ သတိပေးချက်အရ မိမိနှင့်ပ သက်၍ ဌာနချုပ်မှ တစ်စုံတစ်ရာ စီစဉ်နေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည သို့သော် လောလောဆယ် မိမိမှာ ဘာမျှမဖြစ်သေးဘဲ မိမိ၏ဦးစီးချုပ် စပိုက်ဒဲ ရာထူးမှ အချခံလိုက်ရသည်ကိုသာ စိတ်မကောင်းဖြစ်ခဲ့မိသည်။

စပိုက်ဒဲလ်သည် ဌာနချုပ်မှ အမိန့်အရ နောက်တစ်နေ့တွင် ဘာလင်သ သွားရောက်သတင်းပို့ရန် ထိုညက အစစပြင်ဆင်ခဲ့သည်။ သို့သော် အဆိပ်သော ၍ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့သော ဗွန်ကလပ်ဂျ်၊ ဟိန်းနရစ်ချ် စသော များ၏ အတွေ့အကြုံမှရလိုက်သော ဗိုလ်ချုပ်ဟင်းမလားသည် စပိုက်ဒဲလ်အ သူ့ကိုယ်သူ သတ်မသေနိုင်စေရန် အချိန်မနှောင်းမီ သူ့လူများကို လွှတ်ထိုက သည်။

နောက်တစ်နေ့နံနက် ၆ နာရီတွင် ဖရူးဒင်းစတက်မြို့ စပိုက်ဒဲလ် အိမ်တံခါးဝသို့ ရှပ်နက်ဗိုလ်တစ်ယောက်နှင့် တပ်သားတစ်ယောက်တို့ ရောက လာကြသည်။ တံခါးကို ခပ်ပြင်းပြင်းခေါက်လိုက်သောအသံကြောင့် စပိုက်ဒဲလ အိပ်ရာမှနိုးကာ တံခါးဖွင့်ပေးလိုက်ရသည်။ ရှပ်နက်ဗိုလ်က ဗိုလ်ချုပ်ဟင်းမလာ ထံမှ အမိန့်စာကိုထုတ်ပြကာ ၎င်းတို့နှင့်တစ်ပါတည်း လိုက်ခဲ့ရန် ခေါ်သည် သို့ဖြင့် စပိုက်ဒဲလ်သည် ညဝတ်များကိုလဲကာ လိုက်ရန်ပြင်ရတော့သည်။

ရှပ်နက်ဗိုလ်သည် ဤမျှအရေးတကြီးလာခေါ်နေရသည့်အထဲတွင် စပိုက်ဒဲလ ၏အိမ်ကို ရှာမိအောင် ရှာလိုက်သေးသည်။ သို့သော် စပိုက်ဒဲလ်၏ဇနီးသည တံခါးခေါက်သံကြားကတည်းက အိမ်ရှေ့ဧည့်ခန်းဆောင်မှ ဗိုလ်ချုပ်ဘက်ခ ဓာတ်ပုံကိုလည်းကောင်း၊ စားပွဲအံဆွဲထဲမှ အရေးကြီးသောစာများကိုလည်းကောင် အချိန်မီ တစ်နေရာတွင် ဝှက်ထားခဲ့ပြီးဖြစ်သဖြင့် ဘာမျှမတွေ့ဘဲရှိခဲ့သည်။

သို့ဖြင့် စပိုက်ဒဲလ်သည် ရှပ်နက်တပ်ဗိုလ်နှင့်အတူ ဘာလင်သို့ လိုက်လ ခဲ့ရသည်။ သို့သော် သူသည် ဘာလင်သို့ ရောက်ခဲ့ရသော်လည်း စစ်ဦးစီးဌာနချ

ဦ သတင်းမပို့လိုက်ရဘဲ ဖြစ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဘာလင်မြို့သို့ ရောက်လျှင်ရောက်ချင်း သူသည် ဟင်းမလား၏အမိန့်အရ ဂက်စတာပိုအကျဉ်း ထောင်ထဲသို့ တန်းဝင်သွားခဲ့ရသောကြောင့်ဖြစ်သည်။

ထိုနေ့နေ့လယ်ပိုင်းတွင် ဗိုလ်ချုပ်စပိုက်ဒဲလ်၏ လက်ထောက်တပ်မှူးတစ် ယောက်က ဟာလင်ဂျင်မြို့ရှိ ဗိုလ်ချုပ်ရွှမ်းမဲလ်ထံ စပိုက်ဒဲလ်အား ဂက်စတာပိုက မ်းသွားပြီဖြစ်ကြောင်း သတင်းပို့လိုက်သည်။ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် အ ကြီးအကျယ်ဒေါပွသွားသည်။ မိမိသည် ဒဏ်ရာရသဖြင့် အိမ်တွင်ဆေးဝါးကုသ နေရသည်မှန်သော်လည်း အနောက်ဖက်စစ်မျက်နှာတွင် စစ်မြေပြင်တပ်မှူးကြီး ဖြစ်၍တာဝန်ရှိနေဆဲဖြစ်သည်။ သို့ဖြစ်ရာ မိမိ၏လက်အောက်မှ ဦးစီးချုပ်ဖြစ် ၍ စပိုက်ဒဲလ်အား မိမိထံလုံးဝအကြောင်းမကြား အသိမပေးဘဲ ယခုကဲ့သို့ က်လွှတ်စပယ် ဖမ်းဆီးသွားသည်မှာ မိမိကိုပါ စော်ကားရာကျသည်ဟု ယူဆ သည်။

ရွှမ်းမဲလ်သည် ချက်ချင်းပင် ဤကိစ္စအတွက် ကန့်ကွက်သည့်စာတစ်စောင် ကိုရေးကာ ခေါင်းဆောင်ကြီး ဟစ်တလာထံသို့ ဆက်သားတစ်ယောက်ဖြင့် မြန်ဆုံးအပို့လွှတ်လိုက်သည်။ ရွှမ်းမဲလ်၏ ကန့်ကွက်စာသည် ဟစ်တလာထံသို့ ရောက်သည် မရောက်သည် မည်သူမျှမပြောနိုင်သော်လည်း ထိုစာနှင့်ပတ်သက်၍ မ်းမဲလ်သည် ဟစ်တလာထံမှ မည်သို့မျှ ပြန်ကြားချက်မရခဲ့သည်မှာ အမှန်ပင် စ်သည်။

ထိုနေ့ညနေဘက်တွင် ဟာလင်ဂျင်မြို့ရှိ ရွှမ်းမဲလ်၏ မိတ်ဆွေများက မ်းမဲလ်ထံ တယ်လီဖုန်းဖြင့် လှမ်း၍သတိပေးစကား ပြောကြားကြသည်။ သူတို့၏ ပြောကြားချက်တွင် မသင်္ကာဖွယ်ရာလူနှစ်ယောက်သည် ရွှမ်းမဲလ်၏ အိမ်အနီး အနားတစ်ဝိုက် မယောင်မလည်လုပ်နေကြသည်ကို တွေ့ရကြောင်း၊ သူတို့၏ အမူအရာနှင့် လှုပ်ရှားပုံများအရ သူတို့သည် ရွှမ်းမဲလ်၏အိမ်ဝင်းအတွင်းသို့ တိတ်တဆိတ် အလစ်တွင် တိတ်တဆိတ်ဝင်ရောက်ရန် ချောင်းနေကြဟန်တူ ကြောင်း စသည်ဖြင့် ပါရှိခဲ့သည်။ ရွှမ်းမဲလ်၏ အပါးတော်မြဲဖြစ်သူ ဗိုလ်ကြီး ဓဲလ်ဒင်ဂျာကမူ အဆိုပါမသင်္ကာဖွယ်ရာ လူနှစ်ယောက်အနက် တစ်ယောက်မှာ ျက်မှန်အနက်တပ်ထားသည်ကို တွေ့ရကြောင်း၊ ၎င်းတို့နှစ်ယောက်သည် ညနေ နာရီခွဲလောက်က ရွှမ်းမဲလ်၏အိမ်နောက်ကျောဘက်တွင် ကပ်နေသည့်တောင် ကုန်းကလေးပါမှနေ၍ အိမ်ဘက်သို့ လှမ်းကြည့်နေကြသည်ကိုတွေ့ရကြောင်း ထိုအချိန်တွင် သူတို့စီးလာသည့် ကားများမှာ မြို့တွင်းရှိ ထမင်းဆိုင်တစ်ဆိုင် တွင် ရပ်ထားသည်ကို တွေ့ရကြောင်းစသည်ဖြင့် သတင်းအတိအကျပို့သည်။

www.burmeseclassic.com

ထိုနေ့ညနေစောင်းတွင် ဒေါက်တာစထရီလင်သည် ရွှမ်းမဲလ်၏အိမ်သို့
သုတ်သီးသုတ်ပြာရောက်လာသည်။ ဒေါက်တာစထရီလင်မှာ အခြားသူမဟုတ်
ရွှမ်းမဲလ်အား ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများနှင့် ဆက်သွယ်ပေးခဲ့သူဖြစ်
သည်။ စထရီလင်သည် ဗိုလ်ချုပ်စပိုက်ဒဲလ် ဘာလင်တွင် အဖမ်းခံရသည်ဟူသော
သတင်းကို ကြားရသဖြင့် အကျိုးအကြောင်း အခြေအနေကို စုံစမ်းမေးမြန်းရန်
အတွက် အရဲစွန့်ပြီးလာရောက်ခြင်းဖြစ်သည်။ စထရီလင်သည် ရွှမ်းမဲလ်၏အိမ်
နှင့် မလှမ်းမကမ်းတွင် အစောင့်စစ်သားများ ချထားသည်ကို တွေ့ခဲ့ရသည်။
အိမ်ထဲသို့ရောက်သောအခါ ရွှမ်းမဲလ်မှာ မျက်စိမျက်နှာပျက်ကာ၊ တစ်စုံတစ်
ရာ စိတ်အိုက်နေပုံရသည်ကို တွေ့ရသည်။ ရွှမ်းမဲလ်က စထရီလင်အား စကား
ပြောလျှင် တိုးတိုးပြောရန် သတိပေးလိုက်သည်။ ထို့နောက် သူ၏အံဆွဲထဲမှ
ပစ္စတိုသေနတ်ကို ထုတ်ပြသည်။ 'ကျုပ်က အင်္ဂလိပ်နဲ့ အမေရိကန်တွေ
မကြောက်ပါဘူး' ဟု သူကပြောသည်။

ထို့နောက် ရွှမ်းမဲလ်သည် ဟစ်တလာထံသို့ သူပေးပို့ခဲ့သည့် ကန့်ကွက်
မိတ္တူကို စထရီလင်အားထုတ်ပြကာ စပိုက်ဒဲလ်နှင့်ပတ်သက်၍ မည်သို့မည်
ဆောင်ရွက်သင့်သည်များကို နှစ်ယောက်သား တိုင်ပင်ဆွေးနွေးကြသည်။ ရွှမ်းမဲလ်
က စပိုက်ဒဲလ် အဖမ်းခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ စစ်ရုံးချုပ်သို့ တယ်လီဖုန်း
ဖြင့် မိမိကိုယ်တိုင်လှမ်း၍ စုံစမ်းမေးမြန်းခဲ့သော်လည်း တစ်စုံတစ်ရာ ကျေနပ်
လောက်သည့် အဖြေမရခဲ့ကြောင်း၊ မည်သည့်အတွက်ဖမ်းသည်ကို ယခုထက်တိုင်
အတိအကျမသိရဘဲ ဖြစ်နေကြောင်းများကို စထရီလင်အား ပြောပြခဲ့သည်။

စထရီလင်သည် ရွှမ်းမဲလ်နှင့် တစ်နာရီခန့် စကားပြောပြီးနောက် ပြန်သွား
သည်။ သို့သော် ယခုတစ်ကြိမ် သူသည် ရွှမ်းမဲလ်အား နောက်ဆုံးတွေ့လိုက်
ခြင်းဖြစ်သည်ကိုမူ သူလုံးဝမသိရဘဲ ဖြစ်ခဲ့သည်။

စထရီလင် ပြန်သွားပြီးနောက် ခဏအကြာတွင် ရွှမ်းမဲလ်၏ဇနီးသည်
စထရီလင်ထံသို့ တယ်လီဖုန်းဆက်လိုက်သည်။ လောလောဆယ် အခြေအနေ
မကောင်းသဖြင့် မိမိတို့အိမ်သို့ နောက်ထပ် အဝင်အထွက် မလုပ်ဘဲ ခေတ္တအဆက်
ဖြတ်ထားစေလိုကြောင်း၊ ဂက်စတာပို စုံထောက်များ အစောင့်ချထားသည်မှာ
သေချာနေပြီဖြစ်သဖြင့် အစစအရာရာ သတိရှိနေကြဖို့ လိုကြောင်းများကို တယ်လီ
ဖုန်းထဲမှ ပြောပြခဲ့သည်။

နောက်ရက်အနည်းငယ်ခန့်အကြာတွင် ရွှမ်းမဲလ်ထံသို့ ဧည့်သည်တစ်
ယောက် ရောက်လာသည်။ ထိုသူမှာ ဒေသဆိုင်ရာ နာဇီပါတီခေါင်းဆောင်
မိုင်ယာဆိုသူဖြစ်သည်။ မိုင်ယာသည် ရွှမ်းမဲလ်အား ပုဂ္ဂိုလ်အရအထူးပင်ကြည်



ညိုလေးစားသူတစ်ဦးဖြစ်၍ ယခု သူလာသည်မှာ ရိုးရိုးသားသား လာခြင်းပင်ဖြစ်
သည်။ ရွှမ်းမဲလ်တို့ အိမ်သားများက မိုင်ယာအား လက်ဖက်ရည်ပွဲဖြင့် တည်ခင်း
ဧည့်ခံနေစဉ် မိုင်ယာက ဤအိမ်မှ အစေခံများသည် စိတ်ချရမချရ အိမ်သားများ
အား မေးကြည့်သည်။ ပြီးမှ သူကြားသိလာသော သတင်းကို ရွှမ်းမဲလ်အား
တိုးတိုးတိတ်တိတ်ပြောပြသည်။

မိုင်ယာက 'ဤနယ်မြေမှ ရက်နက်တပ်ဖွဲ့၏ ခေါင်းဆောင်သည် မိမိအား
ရွှမ်းမဲလ်နှင့်ပတ်သက်၍ ရွှမ်းမဲလ်သည် ဟစ်တလာကိုလည်းကောင်း၊ စစ်ဦးစီး
ဌာနချုပ်ကိုလည်းကောင်း၊ အာခံသူတစ်ယောက်ဖြစ်၍ ဟစ်တလာလုပ်သမျှ မကျေ
နပ်ဘဲ ဝေဖန်သူတစ်ယောက်ဖြစ်ကြောင်း၊ ထို့ပြင် ဤစစ်ကြီးတွင် ဂျာမန်တို့
အောင်ပွဲခံရမည်ဟူသောအချက်ကိုလည်း မယုံကြည်ဘဲရှိနေကြောင်း' စသည်ဖြင့်
ပြောလာသည်ကို ရွှမ်းမဲလ်အား စေတနာဖြင့် ပြန်ပြောပြခဲ့သည်။

'အောင်ပွဲ ဟုတ်လား၊ ဘာအောင်ပွဲလဲ၊ မြေပုံကိုများ ပြန်ကြည့်ပါဦး၊
ဒီမှာ ဗြိတိသျှတွေ၊ ဒီမှာ အမေရိကန်တွေ၊ ပြီးတော့ ဒီမှာက ရုရှားတွေ။ ဒါနဲ့
များ အောင်ပွဲဆိုတဲ့စကားကို ခုထက်ထိ ပြောနေကြတုံးပဲလား'

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် ထိုင်ရာမှထကာ မြေပုံပေါ်တွင် တစ်နေရာပြီး
တစ်နေရာ ထောက်ပြရင်း မိုင်ယာအား ဒေါနှင့်မောနှင့် ပြန်ပြောလိုက်သည်။
ရွှမ်းမဲလ်သည် စစ်သားပီပီ ဘွင်းဘွင်းနှင့် ရှင်းရှင်းပင်ပြောလိုက်သည်။ မိုင်ယာက
ဟစ်တလာအကြောင်း စကားစပ်၍ပြောရာတွင်လည်း 'ဒီလူဟာ အရူးပဲ'ဟူ၍
ရွှမ်းမဲလ်က တစ်ခွန်းခွန်းပြောပြန်သည်။

ဤတွင် မိုင်ယာက ယခုလိုအချိန်မျိုးတွင် စကားကိုဆင်ခြင်၍ပြောသင့်
ကြောင်း ရွှမ်းမဲလ်အား တောင်းပန်သည်။

'ဗိုလ်ချုပ်ကြီးအနေနဲ့ ဒီလိုပြောဖို့ မသင့်ဘူးလို့ထင်ပါတယ်၊ အခုမဟုတ်
တောင် တော်တော်ကြာ ဂက်စတာပိုက ဗိုလ်ချုပ်ကြီးကို ဘာဘာညာညာ လုပ်
လာမှာစိုးရမယ်'

'မိုင်ယာသည် ရွှမ်းမဲလ်အား ကြည်ညိုရင်းစွဲရှိသူတစ်ဦးပီပီ စေတနာဖြင့်
တောင်းပန်ပျောင်းဖျပြောဆိုကာ ပြန်သွားခဲ့သည်။

ထို့နောက် တစ်လခန့်ကြာသည်အထိ တစ်စုံတစ်ရာ ထူးထူးခြားခြား မဖြစ်
ပွားဘဲ ငြိမ်ချက်သားကောင်းနေခဲ့သည်။

ရွှမ်းမဲလ်မှာ ယခုအခါ ဒဏ်ရာလုံးဝမပျောက်သေးသော်လည်း
အတန် သက်သာလာပြီဖြစ်၍ သူ့ဒဏ်ရာများကို တူဘင်ဂျန်မြို့သို့
သွားရောက်ကာ ဆေးများပင်ထည့်နိုင်လာပြီဖြစ်သည်။ ဆေးရုံမှ

www.burmeseclassic.com



ညွှန်ကြားချက်အရ မော်တော်ကားဖြင့် မကြာခဏ သွားရောက်၍ ဆေးထည့်နေခဲ့ရာ အောက်တိုဘာလ ၁၀ ရက်နေ့တွင် တစ်ကြိမ်သွားရန်ရှိနေသည်။

အောက်တိုဘာ ၇ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးကိုက်တဲလ်ထံမှ ရွှမ်းမဲလ်ထံသို့ တယ်လီဖုန်းဖြင့် ဆင့်ခေါ်ချက်ရောက်လာသည်။ ယင်းဆင့်ခေါ်ချက်အရ ရွှမ်းမဲလ်သည် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဘာလင်သို့သွားရောက်ကာ သတင်းပို့ရမည်ဖြစ်သည်။ ဘာလင်သို့သွားရန် ရွှမ်းမဲလ်အတွက် အထူးမီးရထားတစ်စင်း စီစဉ်ပြီးဖြစ်ကြောင်း ကိုက်တဲလ်က ပြောပြသည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် သူ၏ဒဏ်ရာများကိုကုသနေသော ဆရာဝန်ကြီးအဲလ်ဘရက်ချ်ထံ ၁၀ ရက်နေ့တွင် ဆေးရုံသို့ မိမိလာနိုင်တော့မည်မဟုတ်ကြောင်း၊ ထိုနေ့တွင် ဘာလင်သို့ အရေးတကြီးသွားရန်ရှိကြောင်း၊ တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်သည်။ သို့သော် ဆရာဝန်ကြီးက ရွှမ်းမဲလ်အား ဦးခေါင်းမှဒဏ်ရာများ ကောင်းစွာမပျောက်သေးသဖြင့် ခရီးဝေးသွားရန် မိမိခွင့်မပြုနိုင်ကြောင်း ပြန်ကြားခဲ့သည်။

နောက်ဆုံး၌ ရွှမ်းမဲလ်သည် ဆရာဝန်ကြီး၏ညွှန်ကြားချက်ကိုလက်ခံကာ ဘာလင်သို့ မိမိကိုယ်တိုင်မသွားတော့ဘဲ မိမိ၏အပါးတော်မြဲ ဗိုလ်ကြီးအဲလ်ဒင်ဂျာအား စေလွှတ်ရန် ဆုံးဖြတ်လိုက်သည်။ သို့နှင့် ဤကိစ္စကို ဌာနချုပ်သို့ သူကိုယ်တိုင်ဖုန်းဆက်၍ အကြောင်းကြားလိုက်သည်။ သို့သော် ဌာနချုပ်မှ အကြောင်းပြန်ကြားချက်အရ ရွှမ်းမဲလ်သည် ဘာလင်သို့သွားရန် မလိုတော့ဘဲ ဖြစ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် ခေါင်းဆောင်ကြီးဟစ်တလာ၏ ညွှန်ကြားချက်အရ ဌာနချုပ်မှ ဗိုလ်ချုပ်ကြီးကိုက်တဲလ်ကိုယ်တိုင် ရွှမ်းမဲလ်နှင့် လာရောက်တွေ့ဆုံပြီး 'ရှေ့လုပ်ရမည့် အလုပ်တာဝန်' ကိစ္စများကို ဆွေးနွေးလိမ့်မည်ဟူ၍ အကြောင်းပြန်ကြားခဲ့သောကြောင့်ဖြစ်သည်။

---

* စစ်ကြီးအပြီးတွင် အီတလီသတင်းစာဆရာတစ်ယောက်က ရေးသားသည့် စာအုပ်တစ်အုပ်တွင် 'မိုင်ယာသည် ထိုနေ့က ရွှမ်းမဲလ်အိမ်မှပြန်သွားပြီးနောက် ရွှမ်းမဲလ်နှင့် ဆွေးနွေးခဲ့ပုံများကို စာမျက်နှာ ၃၀ ခန့်ပါဝင်သည့် အစီရင်ခံစာတစ်စောင် ရေးသား၍ နောက်တစ်နေ့တွင် ဘာလင်သို့ သူကိုယ်တိုင်သွားရောက်ကာ ပါတီခေါင်းဆောင် ဘောမန်းထံ ပေးအပ်ခဲ့သည်' ဟု ပါရှိသည်။ ဤသည်မှာ နာဇီပါတီ၏ လုပ်ကြံလုပ်စဉ်တစ်ခုဖြစ်၍ ဖြစ်နိုင်စရာရှိသည်။ သို့သော် မိုင်ယာမှာ စစ်ကြီးပြီးစ အမေရိကန် သို့ပန်းစခန်းတစ်ခုတွင် သေဆုံးသွားခဲ့သဖြင့် ထိုအချက်မှန်မမှန် မည်သူမျှ အခိုင်အမာ မပြောနိုင်ဘဲဖြစ်ခဲ့ရသည်။ (ဒက်စ်မွန်ယမ်း၏ ရွှမ်းမဲလ်အတ္ထုပ္ပတ္တိ စာမျက်နှာ ၁၁)



သို့သော် ရွှမ်းမဲလ်သည် ဌာနချုပ်မှ အကြောင်းပြန်ကြားချက်အပေါ်တွင် သံသယဖြစ်နေမိသည်။ မိမိအား ဘာလင်သို့ လာရောက်သတင်းပို့ရန် ဆင့်ခေါ်ပြီးမှ မိမိလာရန်မလိုတော့ဘဲ ဗိုလ်ချုပ်ကြီးကိုက်တဲလ်ကိုယ်တိုင် မိမိနှင့်လာရောက်တွေ့ဆုံမည်ဟူသော ပြန်ကြားချက်မှာ တစ်မျိုးတစ်ဖုံထူးဆန်းနေသည်ဟု ထင်မိသည်။ ထို့ပြင် မိမိအား ဗိုလ်ချုပ်ကြီးကိုက်တဲလ်က 'ရှေ့လုပ်ရမည့် အလုပ်တာဝန်များ' ကို ဆွေးနွေးလိမ့်မည်ဟူသောအချက်မှာလည်း စဉ်းစားစရာဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော် မိမိနှင့် ဟစ်တလာမှာ ယခုအခါ ယခင်ကလိုမဟုတ်တော့ဘဲ တစ်ယောက်နှင့်တစ်ယောက် အယူအဆချင်း ကွဲပြားနေသည်ထက် ကွဲပြားနေကြပြီဖြစ်ရာ မိမိအား တာဝန်ပြန်၍ ပေးလိမ့်မည်ဟု မယုံကြည်သောကြောင့်ဖြစ်သည်။ ထို့ပြင် မိမိ၏ဒဏ်ရာများမှာ အတော်အတန် ပျောက်ကင်းစပြုလာပြီဖြစ်သော်လည်း အလုပ်တာဝန်များ ပြန်လည်ထမ်းဆောင်နိုင်ရန်မှာ အချိန်အတော်ကြာကြာ စောင့်ရဦးမည်ဖြစ်သည်။ သို့ဖြစ်ရာ ဌာနချုပ်မှ မိမိအား ယခုကဲ့သို့ 'ရှေ့လုပ်ရမည့် အလုပ်တာဝန်များ' အတွက် လာရောက်ဆွေးနွေးမည်ဟုအကြောင်းကြားခြင်းကို နားမလည်နိုင်အောင်ဖြစ်မိသည်။

သို့သော် ရွှမ်းမဲလ်သည် သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသည့်အချင်းအရာများကို ဗိုလ်ကြီးအဲလ်ဒင်ဂျာအားလည်းကောင်း၊ သူ့ဇနီးဖြစ်သူအားလည်းကောင်း၊ တစ်စုံတစ်ရာ အရိပ်အမြွက်မျှပြောမပြဘဲ ခပ်မဆိတ်ပင်နေခဲ့သည်။ ရွှမ်းမဲလ်၏ ဇနီးဖြစ်သူမှာလည်း ဗိုလ်ချုပ်စပိုက်ဒဲလ် အဖမ်းခံရပြီးသည့်အချိန်မှစ၍ မိမိလင်ယောက်ျားအတွက် နေ့လားညလားဟူ၍ တွေးတောကာ ရင်တထိတ်ထိတ်ဖြစ်နေခဲ့ရှာသည်။

ဌာနချုပ်မှ နောက်ဆုံးအကြောင်းကြားချက် ရောက်လာသည့် အောက်တိုဘာလ ၇ ရက်နေ့မှာပင် ရွှမ်းမဲလ်၏သား မင်းဖရက်သည် ခွင့်ရက်ရှေသဖြင့် သူ၏အမြောက်တပ်ရှိရာသို့ ပြန်သွားခဲ့သည်။

ထို့နောက် ၅ ရက်လုံးလုံး မည်သို့မျှမထူးခြားဘဲ ရှိနေခဲ့ရာမှ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ရေတပ်ဗိုလ်ချုပ်ကြီးရုပ်ဂျီသည် ရွှမ်းမဲလ်၏ဒဏ်ရာအခြေအနေကို မေးမြန်းစုံစမ်းရင်း အလည်အပတ်ရောက်ရှိလာသည်။ ဗိုလ်ချုပ်ရုပ်ဂျီသည် ရွှမ်းမဲလ်အိမ်တွင် တစ်ညအိပ်သွားခဲ့ရာ ထိုညက ရွှမ်းမဲလ်နှင့် ရုပ်ဂျီတို့သည် ညစာစားပြီးချိန်မှ သန်းခေါင်ကျော်အထိ စကားကောင်းနေခဲ့ကြသည်။

ရွှမ်းမဲလ်က ရုပ်ဂျီအား မိမိကို ဘာလင်သို့လာရန် ဌာနချုပ်မှဆင့်ခေါ်ခဲ့ကြောင်း၊ သို့သော် မိမိ၏ဒဏ်ရာများမှာ စိတ်မချရသေးသဖြင့် မသွားဘဲနေခဲ့ကြောင်းများကို ပြောပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ဘာလင်ကိုသွားလို့တော့ မဖြစ်ပါဘူး။ တကယ်သွားရင်လဲ အဲဒီက အသက်ရှင်ပြီးရောက်ဖို့ ခဲယဉ်းပါတယ်'

ရွှမ်းမဲလ်၏ အထက်ပါစကားကို ကြားလိုက်သောအခါ ဗိုလ်ချုပ်ကြီးရပ် သည် ရုတ်ရက်သော် နားမလည်နိုင်အောင်ဖြစ်သွားမိသည်။ ဤသည်ကို ရိပ်မိဟ တူသော ရွှမ်းမဲလ်က သူ့စိတ်ထဲတွင် ရှိသမျှ ဗိုလ်ချုပ်ကြီးရပ်ဂျ်အား အရင်းအတိုင်း ဖွင့်ချပြောပြခဲ့သည်။

'သူတို့က ကျုပ်ကို လမ်းမှာတင်သတ်ပြီး တစ်ခုခု မတော်တဆဖြစ် သေတဲ့အနေမျိုးလုပ်ကြမယ်ဆိုတာ ကျုပ်သိနေတာပဲ'

ရွှမ်းမဲလ်သည် ထိုညက ဗိုလ်ချုပ်ကြီးရပ်ဂျ်အား အထက်ပါအတိုင်း ရ တရက် သူ့စိတ်ထဲရှိသမျှ ပွင့်ပွင့်လင်းလင်း ရှင်းရှင်းကြီးပြောချလိုက်ခြင်းပ ဖြစ်ဟန်တူသည်။ သို့သော် နောက်သုံးရက်မြောက်သောနေ့တွင် ဖြစ်ပွားလာသ အဖြစ်အပျက်များအရ သူ့ 'ပါးစပ်တွင် နတ်စောင့်' သည်ဟုဆိုရမည်ဖြစ်ခဲ့သည်

အောက်တိုဘာ ၁၃ ရက်နေ့တွင် ရွှမ်းမဲလ်ထံသို့ အမှတ် ၅ စစ်နယ်မြေ ဌာနချုပ်ရှိရာ စတပ်ဂတ်မြို့မှ တယ်လီဖုန်းခေါ်သံရောက်လာခဲ့သည်။ ထိုအချိ တွင် ရွှမ်းမဲလ်သည် ဗိုလ်ကြီးအဲလ်ဒင်ဂျာနှင့်အတူ အပြင်သို့ခေတ္တသွားနေခိုက်ဖြ ရာ အစောင့်တပ်သားအား 'နက်ဖန်မွန်းတည့်ချိန်လောက်တွင် ဗဟိုဌာနချုပ် ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်သည် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ထံ ရောက်လာလိမ့်မည်ဖြ ကြောင်း၊ ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်နှင့်အတူ ဗိုလ်ချုပ်မေဆယ်လ်ပါ လိုက်လာလိ မည်ဖြစ်၍ ဤသတင်းကို ဗိုလ်ချုပ်ကြီးရွှမ်းမဲလ် ပြန်ရောက်လျှင်ရောက်ချ သတင်းပို့ အစီရင်ခံရန်' အကြောင်းကြားလိုက်သည်။

ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်နှင့် ဗိုလ်ချုပ်မေဆယ်တို့မှာ ဗဟိုစစ်ဦးစီးဌာနချ ပုဂ္ဂိုလ်ရေးဌာန တာဝန်ခံများဖြစ်ကြသည်။ သူတို့၏တာဝန်မှာ ဂျာမန်တပ်မတေ ကြီးတစ်ခုလုံးရှိ အရာရှိ အကြပ်တပ်သားများ၏ တပ်အပြောင်းအရွှေ့၊ ရာထ အတက်အကျနှင့် အခြားတစ်ဦးချင်းပုဂ္ဂိုလ်ရေးဆိုင်ရာ ပြဿနာအားလုံးကို ကို တွယ်ဖြေရှင်းကြရသူများဖြစ်သည်။ သို့သော် ဂျူလိုင်လ ၂၀ ရက် လုပ်ကြ ဖြစ်ပွားပြီးသည့်နောက်ပိုင်းတွင်မူ ဤဗိုလ်ချုပ်ကြီးနှစ်ယောက်သည် လုပ်ကြံမှု ပတ်သက်၍ မသင်္ကာသူ တပ်မတော်အရာရှိ အကြပ်တပ်သားများအား လိုက် စုံစမ်းထောက်လှမ်းရသည့်အလုပ်များဖြင့် မအားအောင်ဖြစ်နေခဲ့ကြသည်။

ရွှမ်းမဲလ်သည် အပြင်မှပြန်ရောက်လာပြီး အစောင့်ရဲဘော်ထံမှ ဗိုလ်ချု ဘတ်ဒေါ့ဖ်တို့ ရောက်လာကြမည့်အကြောင်း ကြားသိရသောအခါ တစ်စုံတစ်ရ ထူးထူးထွေထွေပြန်မမေးဘဲ ခပ်အေးအေးပင် နားထောင်နေခဲ့သည်။ နောက်



သူသည် အဲလ်ဒင်ဂျာဘက်သို့လှည့်၍ 'ယခုကဲ့သို့ ဌာနချုပ်မှ ဗိုလ်ချုပ်နှစ်ယောက် က လာမည်ဆိုခြင်းမှာ မိမိအား အလုပ်တာဝန် ပြန်လည်ထမ်းဆောင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးရန်လာရောက်ကြခြင်း ဖြစ်ဟန်တူကြောင်း အိမ်ရှေ့ရှေ့ဖြင့်ပင် ပြောခဲ့သည်။ ထို့နောက် ထိုနေ့အဖို့ရာ၌ သူသည် နောက်ထပ် တစ်စုံတရာ ဘာမျှမပြောတော့ဘဲ တစ်နေ့လုံးတိတ်တိတ်ဆိတ်ဆိတ်နေခဲ့သည်။

နောက်တစ်နေ့နံနက်တွင် ရွှမ်းမဲလ်၏သားဖြစ်သူ မင်းဖရက်သည် မြောက်ဘက် ရထားဖြင့်ရောက်လာသည်။ သူသည် ဖခင်ဖြစ်သူ ရွှမ်းမဲလ်၏ကျန်းမာရေး အခြေ အနေကို စိတ်မချသဖြင့် နောက်ထပ်ခွင့်ယူပြီး ပြန်လာခြင်းဖြစ်သည်။

မင်းဖရက် ရောက်လာသည့်အချိန်မှာ နံနက်စောစောပင်ရှိသေးသော်လည်း ထိုအချိန်တွင် ရွှမ်းမဲလ်သည် အိပ်ရာမှနိုးနေပြီဖြစ်သည်။ ထို့နောက် သားအဖ နှစ်ယောက် နံနက်စာစားပြီး လမ်းလျှောက်ထွက်လာခဲ့ကြသည်။ နှစ်ယောက်သား လမ်းလျှောက်ရင်း ရွှမ်းမဲလ်က 'ယနေ့ ဌာနချုပ်မှ ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်တို့ ရောက်လာကြလိမ့်မည်' ဖြစ်ကြောင်း ပြောပြရာ မင်းဖရက်က 'သူတို့ ဘာကိစ္စရှိ လို့ လာကြမှာလဲ' ဟူ၍ ဖခင်အား ပြန်မေးခဲ့သည်။

'ဖေဖေ့အတွက် တာဝန်အသစ်ပြန်ပေးဖို့ လာဆွေးနွေးတာများလား'

'သူတို့ကတော့ အဲသလိုပဲပြောတာပဲ'

မင်းဖရက်သည် သူ့ဖခင်၏စကားကို ခေါင်းညိတ်၍ နားထောင်ရင်း မသိ မသာ ဖခင်၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ ရွှမ်းမဲလ်၏မျက်နှာမှာ တစ်စုံတစ်ရာစိုးရိမ်ပူပန်နေပုံရသည်ဟု သူထင်မိသည်။ သို့သော် ရွှမ်းမဲလ်သည် ထိုကိစ္စကို နောက်ထပ် ဘာမျှဆက်မပြောတော့ဘဲ မင်းဖရက်၏ လောလောဆယ် ကိုယ်ရေးကိုယ်တာပြဿနာများနှင့် နောက်ရေးအတွက် သူ့ရည်မှန်းချက်များကို ပြောဆိုလာခဲ့သည်။ ရွှမ်းမဲလ်သည် မင်းဖရက်အား စစ်ကြီးပြီးဆုံးလျှင် တပ်မှထွက် ၍ ဆရာဝန်ဖြစ်အောင် ကြိုးစားစေလိုကြောင်းပြောပြလာခဲ့သည်။

သားအဖနှစ်ယောက် လမ်းလျှောက်ရာမှ ပြန်ရောက်လာသောအခါ ၁၁ နာရီထိုးနေပြီဖြစ်သည်။

ချိန်းဆိုသတ်မှတ်ထားသည့်အတိုင်း မွန်းတည့် ၁၂ နာရီတိတိအချိန်တွင် ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်နှင့် ဗိုလ်ချုပ်မေဆယ်တို့ ရောက်လာကြသည်။ သူတို့နှင့်အတူ ဗိုလ်မှူးအာရင်ဘာဂျာဆိုသူပါ လိုက်ပါလာသည်ကို တွေ့ရသည်။

သူတို့သုံးယောက်စလုံး အစိမ်းရောင်စစ်ကားကလေးဖြင့် လာကြ သည်။ ကားမောင်းသူမှာ ယူနီဖောင်းအနက် ဝတ်ဆင်ထားသည့် ရှုပ် ဝင်တစ်ယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်နှစ်ဦးသည် ကားပေါ်မှဆင်း၍ အိမ်ထဲသို့ ရောက်လျှင်ရောက်ချင်း ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အား လက်ဆွဲနှုတ်ဆက်ကြသည်။ ရွှမ်းမဲလ်ကလည်း ပြန်လည်နှုတ်ဆက်ရင်း ဇနီးဖြစ်သူ ဖရောရွှမ်းမဲလ်၊ သားဖြစ်သူ မင်းဖရက်၊ အပါးတော်မြဲ ဗိုလ်ကြီးအဲလ်ဒင်ဂျာတို့နှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ခဏအကြာတွင် ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်က ရွှမ်းမဲလ်နှင့် မိမိတို့ သီးခြားလွတ်လပ်စွာ စကားပြောလိုကြောင်း ခွင့်တောင်းသဖြင့် ရွှမ်းမဲလ်၏ဇနီးသည် ဧည့်သည်များအားနှုတ်ဆက်၍ အိမ်အပေါ်ထပ်သို့ တက်သွားခဲ့သည်။ ထို့နောက် ရွှမ်းမဲလ်က ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်အား အောက်ထပ်အခန်းရှိရာသို့ ခေါ်ဆောင်သွားရာ ဗိုလ်ချုပ်မေဆယ်ပါ နောက်မှလိုက်လာသည်။ ရွှမ်းမဲလ်သည် အောက်ထပ်အခန်းရှိရာသို့မသွားမီ ဗိုလ်ကြီးအဲလ်ဒင်ဂျာအား လိုအပ်သော စာရွက်စာတမ်းများကို အသင့်ပြင်ဆင်ထားရန် လှမ်း၍မှာကြားခဲ့သည်။

ရွှမ်းမဲလ်သည် ဤဗိုလ်ချုပ်ကြီးများက အနောက်ဖက် စစ်မျက်နှာမှ မဟာမိတ်တပ်များ၏ ထိုးစစ်အကြောင်းကို စုံစမ်းမေးမြန်းလိမ့်မည်ဟူ၍ ထင်မှတ်နေခဲ့သည်။ သို့ဖြစ်ရာ ၎င်းတို့ရောက်မလာမီကပင် သူ့အပါးတော်မြဲ ဗိုလ်ကြီးအဲလ်ဒင်ဂျာအား နော်မန်ဒီကမ်းခြေမှ တိုက်ပွဲများနှင့်ပတ်သက်သည့် အချက်အလက်စာရွက်စာတမ်း အထောက်အထားများကို အဆင်သင့်ရှာဖွေစီစဉ်ထားရန် ကြိုတင်အမိန့်ပေးထားခဲ့သည်။

ဗိုလ်ကြီးအဲလ်ဒင်ဂျာသည် လိုအပ်သည့်စာရွက်စာတမ်းများကို အဆင်သင့်ရှာဖွေစီစဉ်ထားပြီးဖြစ်သည်။ သို့ဖြစ်ရာ ရွှမ်းမဲလ်နှင့် ဗိုလ်ချုပ်နှစ်ယောက်တို့ အောက်ထပ်အခန်းဆီသို့ ဆင်းသွားကြသောအခါ အဲလ်ဒင်ဂျာသည် ဗိုလ်မှူးအာရင်ဘာဂျာနှင့် တံခါးဝနားတွင်ရပ်၍ စကားပြောရင်း ကျန်ရစ်နေခဲ့သည်။ ထိုအခိုက် မင်းဖရက်သည်လည်း ခပ်စောစောက သူ့ဖခင်ခိုင်းထားသည့် မြေပုံများ ဆေးရောင်ခြယ်သည့်အလုပ်ကို လက်စသတ်ရန် အိမ်အပေါ်ထပ်သို့တက်သွားခဲ့သည်။

အချိန်တစ်နာရီနီးပါးမျှ ကြာသွားသည်။

ထို့နောက် ဗိုလ်ချုပ်မေဆယ်သည် အောက်ထပ်အခန်းထဲမှ ပြန်ဟက်လာသည်။ နောက်တစ်မိနစ်ခန့်အကြာတွင် ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်သည် နောက်မှလိုက်လာသည်ကို တွေ့ရသည်။ သို့သော် ထိုအခန်းထဲသို့ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ် ပြန်ဝင်လာသည်ကို မတွေ့ရဘဲဖြစ်နေသည်။ မှန်သည်၊ ထိုအချိန်တွင် ရွှမ်းမဲလ်သည် အောက်ထပ်တွင်းလည်းမရှိတော့ဘဲ နောက်ဘက်လှေကားမှတစ်ဆင့် အိမ်အပေါ်ထပ်သို့ ရောက်နေပြီဖြစ်သည်။ ဖရောရွှမ်းမဲလ်သည် အပေါ်ထပ်အခန်းသို့ သူ့ခင်ပွန်းဗိုလ်ချုပ်ကြီးရွှမ်းမဲလ် ဝင်လာသည်ကို လှမ်းကြည့်လိုက်ရင်း သူ့မျက်နှာကို အကဲခတ်လိုက်သည်။



'အခန်းထဲကို သူဝင်လာတော့ သူ့မျက်နှာဟာ အမူအရာပျက်နေပြီး သိပ်ချောက်ချားနေတာ မြင်လိုက်ရတာနဲ့ ကျွန်မလည်း မေးလိုက်မိပါတယ်။ 'ရှင် ဘာဖြစ်လာတာလဲ၊ ဘယ်လိုဖြစ်လို့လဲ၊ နေမကောင်းလို့လား' ဆိုပြီး မေးလိုက်တော့ သူက ပြန်ပြောပါတယ်။ 'ငါ မင်းကို နောက်ဆုံးနှုတ်ဆက်ရအောင် လာတာပဲ။ နောက်ဆယ့်ငါးမိနစ်လောက်ကြာရင် ငါ လူ့ပြည်မှာရှိမှာမဟုတ်တော့ဘူး။ သူတို့က ငါ့ကို ဟစ်တလာ လုပ်ကြံမှုမှာပါတယ်လို့ သံသယဖြစ်နေကြတယ်။ ဂိုအာဒဲလားရဲ့စာရင်းထဲမှာ ငါ့နာမည်ကို ဂျာမနီနိုင်ငံရဲ့သမ္မတအဖြစ် ရာထားတာတွေ့ရတယ်လို့ ပြောတယ်။ တကယ်တော့ ငါဟာ အခုထက်ထိ ဂိုအာဒဲလားကို တစ်ခါမှ လူချင်းမတွေ့ဖူးသေးပါဘူး။ နောက်ပြီးတော့ ဟိန်းနရစ်တို့၊ ဗိုလ်ချုပ်စပိုက်ဒဲလ်နဲ့ ဗိုလ်မှူးကြီးဟိုဖက်ကာတို့ကလဲ ဒီကိစ္စမှာ ငါပါတယ်ဆိုပြီး အစစ်ခံကြတယ်တဲ့။ ဒါကလဲ ထုံးစံအတိုင်း ငါ့ကို တစ်ပတ်ရိုက်တာပါပဲ။ ငါက ဒီကိစ္စကို ယုံလဲမယုံဘူး။ ဒါဟာ မှန်လဲမမှန်ဘူးလို့ သူတို့ကိုပြောလိုက်တယ်။ ဒါပေမဲ့ အခု ဟစ်တလာက ငါ့ကို အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကိုသတ်သေမလား၊ ဒါမှမဟုတ် ပြည်သူ့ခုံရုံးတင်ပြီး အစစ်ဆေးခံမလား ကြိုက်ရာရွေးပါလို့ မှာလိုက်တယ်။ အခု သူတို့နဲ့အတူ အဆိပ်လဲပါလာတယ်။ အဲဒီအဆိပ်က သောက်လိုက်ရင် သုံးစက္ကန့်အတွင်း သေနိုင်တယ်'လို့ သူတို့ကပြောတယ်'

(ဒက်စမွန်ယန်း၏ 'ရွှမ်းမဲလ်အတ္ထုပ္ပတ္တိ'၊
စာမျက်နှာ ၂၅၅)

ရွှမ်းမဲလ်ဇနီးမှာ ခေါင်းထဲတွင် မိုက်ခနဲဖြစ်ကာ ရတ်တရက် ပုံလဲကျမသွားအောင် မနည်းသတိထားလိုက်ရသည်။ ထို့နောက် သူမသည် ရှိုက်ကြီးတငင်ငိုကြွေးကာ သူမ၏ခင်ပွန်းဖြစ်သူ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အား ကိုယ့်ကိုယ်ကို သတ်မသေဘဲ ပြည်သူ့ခုံရုံးတွင် အစစ်ခံရန် ခြေသလုံးကိုဖက်၍ သနားစဖွယ် တောင်းပန်ရှာသည်။ သူမ၏လင်ယောကျ်ားသည် ဟစ်တလာ၏လုပ်ပုံကိုင်ပုံကို သဘောမကျသည်မှန်သော်လည်း ဟစ်တလာကို လုပ်ကြံရန် ဘယ်သောအခါမှ [illegible] သဘောမတူခဲ့ဘဲ ယခုလုပ်ကြံမှုတွင်လည်း လုံးဝပါဝင်ခြင်းမရှိခဲ့သည်ကို [illegible] ကောင်းကောင်းကြီးသိထားသည်။ သို့ဖြစ်ရာ မိမိတွင် အပြစ်မရှိသည့်[illegible] ပြည်သူ့ခုံရုံးတွင် မှန်သည့်အတိုင်း ရဲရဲဝံ့ဝံ့ အစစ်ဆေးခံရန်သာ ရှိသည်[illegible] လော။

www.burmeseclassic.com



'မဟုတ်ပါဘူး၊ ငါက ဒီကိစ္စမှာ လူသိရှင်ကြား အစစ်ဆေးမခံရဲလို့ မဟုတ်ဘူး။ ငါလုပ်ခဲ့ကိုင်ခဲ့တာတွေအားလုံးအတွက် ငါ့ဘက်က ကောင်းကောင်းကြီး ခုခံကာကွယ်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒီလိုခုံရုံးမှာ အစစ်ခံဖို့ ဘာလင်ကိုလိုက်သွားရမယ်ဆိုရင် ငါ့အသက်ဟာ ဘာလင်အထိ ပါမှာ မဟုတ်တော့ဘူးဆိုတာ ငါသိနေပါတယ်ကွာ'

ရှမ်းမဲလ်က မချိတင်ကဲ ပြောရှာသည်။

ထိုအခိုက် မင်းဖရက်သည် အခန်းထဲသို့ဝင်လာသည်။ သူသည် သူ့ဖခင်၏စကားကို တစ်စွန်းတစ်စ ကြားလိုက်ရသဖြင့် မျက်စိမျက်နှာပျက်နေသော မင်းဖရက်အား တည်ငြိမ်အေးဆေးစွာဖြင့် အကျိုးအကြောင်းပြောပြလိုက်သည်။

'ဒီမယ် ငါ့သား၊ မင့်အမေကိုတော့ အခုပဲ ငါပြောပြီးပြီ။ သားကိုလဲပြောရဦးမယ်၊ ဖေဖေဟာ နောက်ဆယ့်ငါးမိနစ်လောက်ဆိုရင် သေရတော့မယ်။ ဟာစ်တလာက ဖေဖေ့ကို သစ္စာဖောက်မှုနဲ့ စွဲချက်တင်ထားတယ်။ ဒါပေမဲ့ အာဖရိကမှာ ဖေဖေဆောင်ရွက်လာခဲ့တာတွေကို ထောက်ထားပြီးတော့ ဖေဖေ့ကို သူက သစ္စာဖောက်မှုနဲ့ သေဒဏ်မပေးချင်ဘူးတဲ့။ ဒါ့ကြောင့်မို့ ကိုယ့်ကိုယ်ကို အဆိပ်သောက်သေဖို့ သူက အခွင့်အရေးတစ်ခုအနေနဲ့ ပေးလိုက်တယ်။ အခုလာတဲ့ ဗိုလ်ချုပ်နှစ်ယောက်နဲ့အတူ အဲဒီအဆိပ်လဲ ပါလာတယ်။ ဒီအဆိပ်က သုံးစက္ကန့်အတွင်း သေနိုင်တယ်လို့ပြောတယ်။ တကယ်လို့သာ ဖေဖေက သူပြောတာကိုလက်ခံရင် ကျန်ရစ်ခဲ့တဲ့ ဖေဖေ့ အိမ်သားတွေကို ဘာတစ်ခုမှ အရေးမယူပါဘူးလို့ ကတိပေးတယ်။ နောက်ပြီးတော့ ဖေဖေ့အလောင်းကိုလဲ နိုင်ငံတော်ဈာပနအနေနဲ့ ခမ်းခမ်းနားနား သဂြိုဟ်ပေးပါမယ်လို့ ပြောတယ်။ ဒီအတွက်လဲ အားလုံးအသေးစိတ် စီစဉ်ထားပြီးပြီတဲ့။ နောက်ဆယ့်ငါးမိနစ်လောက်ကြာရင် အူလမ်မြို့ဆေးရုံက တယ်လီဖုန်းရောက်လာလိမ့်မယ်။ အဲဒီတယ်လီဖုန်းထဲကနေပြီး ဖေဖေဟာ အစည်းအဝေးတစ်ခုကိုသွားရင်း လမ်းမှာ ဦးနှောက်သွေးကြောပြတ်ပြီး အနိစ္စရောက်သွားတယ်ဆိုတာ သားတို့ဆီကို အကြောင်းကြားလိမ့်မယ်'

ရက်စက်သလောက် အကြံပိုက်လှသော ဟာစ်တလာပါတကား။ မိမိအပေါ် သစ္စာဖောက်သူတစ်ဦးအား ပြည်သူ့ခုံရုံးတွင်တင်၍ 'သေဒဏ်'မပေးဘဲ ကိုယ့်ကိုယ်ကို အဆိပ်သောက်သေရန် 'အခွင့်အရေး' ပေးလိုက်သူဟူသော ဟာစ်တလာ၏ 'အခွင့်အရေး' ပေးပုံပေးနည်းမှာ ဆန်းကျယ်လှသည်နှင့်အမျှ ကြောက်မက်ဖွယ်ရာ ကောင်းလှပါတကား။ အကယ်၍သာ သူပေးသည့် 'ထူးဆန်းသော အခွင့်အရေး' ကိုယူ၍ ကိုယ့်ကိုယ်ကို သတ်သေခဲ့ပါက အလောင်းကို နိုင်ငံတော်



ဈာပနအဖြစ် ကြီးကျယ်ခမ်းနားစွာ ဖုတ်ကျည်းသဂြိုဟ်ခြင်းဖြင့် ချီးမြှောက်ဂုဏ်ပြုပါဦးမည်ဟူသော ဟာစ်တလာ၏ 'ဂုဏ်ပြုချီးမြှောက်' ပုံမှာလည်း နှလုံးတုန်ရင်ခုန်စရာ ကောင်းလှပါတကား။

သို့သော် ဗိုလ်ချုပ်ကြီးရှမ်းမဲလ်မှာ အခြားနည်းလမ်းဟူ၍ ရွေးစရာမရှိတော့သူ့အတွက် ဟာစ်တလာပေးသည့် အထက်ပါ 'အခွင့်အရေး'ကိုယူ၍ အထက်ပါအတိုင်း 'ချီးမြှောက်ဂုဏ်ပြုခြင်း' ကို ခံယူရန်သာ ရှိတော့သည်။ ဤသည်မှာလည်း အခြားကြောင့်မဟုတ်။ မိမိ၏ဇနီးနှင့် မိမိ၏သားတို့၏နောင်ရေးအတွက်ပင်ဖြစ်သည်။ ဤအချက်ကို ဗိုလ်ကြီးအဲလ်ဒင်ဂျာနှင့် တွေ့သည့်အခါ အတိုအလင်း ဖွင့်ပြောခဲ့သည်။

ရှမ်းမဲလ်သည် အချိန်မရှိတော့သည့်အတွက် ဇနီးနှင့်သားဖြစ်သူအား နှုတ်ဆက်ကာ အခန်းထဲမှ ထွက်လာခဲ့သည်။ သို့သော် မင်းဖရက်သည် ဖခင်ဖြစ်သူ၏ ဆုံးဖြတ်ချက်ကို နားမလည်နိုင်အောင်ဖြစ်မိသဖြင့် အခန်းထဲမှ ထွက်လိုက်လာခဲ့သည်။

အပြင်ခန်းသို့ရောက်သောအခါ ရှမ်းမဲလ်သည် အစောင့်ရဲဘော်တစ်ယောက်အား ဗိုလ်ကြီးအဲလ်ဒင်ဂျာကို အခေါ်ခိုင်းလိုက်ရာ အဲလ်ဒင်ဂျာသည် အောက်ထပ်မှ ခပ်သုတ်သုတ်တက်လာခဲ့ရသည်။

ဗိုလ်ကြီးအဲလ်ဒင်ဂျာသည် သူ့ဆရာဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ နောက်ဆုံးအခြေအနေကို ကြားလိုက်ရသောအခါ အကြီးအကျယ်အံ့အားသင့်သွားမိသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏မျက်နှာအမူအရာမှာ တစ်စုံတစ်ရာ တုန်လှုပ်ချောက်ချားမှုမရှိဘဲ တည်ငြိမ်လှသည်ကို တွေ့ရသည်။ သို့သော် အတွင်းခန်းထဲမှ ဇရောရှမ်းမဲလ်၏ ဝမ်းနည်းပက်လက်ဖြင့် ငိုကြွေးနေသည့်အသံကိုမူ ခပ်သဲ့သဲ့ ကြားနေရသည်။

ဗိုလ်ကြီးအဲလ်ဒင်ဂျာသည် ဗိုလ်ချုပ်ကြီးရှမ်းမဲလ်အား ဆုံးဖြတ်ချက်ကိုပြင်၍ အဖမ်းမခံဘဲ ထွက်ပြေးရန် တိုက်တွန်းသေးသည်။ သို့သော် ရှမ်းမဲလ်က ထိုသို့ထွက်ပြေးရန်မှာ မဖြစ်နိုင်တော့ကြောင်း၊ ယခုအခါ မိမိနှင့် မလှမ်းမကမ်းတွင် ရုပ်နက်တပ်သားများနှင့် ဂက်စတာပိုအဖွဲ့ဝင်များသည် လမ်းအားလုံးမှ ပိတ်၍ စောင့်နေကြပြီဖြစ်ကြောင်း။ ထို့ပြင် မိမိအိမ်မှ တယ်လီဖုန်းကိုလည်း လုံးဝခေါ်ခွင့်မပြုတော့ဘဲ ပိတ်ပင်ထားသဖြင့် မိမိမှာ အပြင်နှင့် အဆက်အသွယ်ပြုရန် မဖြစ်နိုင်တော့ကြောင်းများကို အဲလ်ဒင်ဂျာအား ပြန်ပြောခဲ့သည်။

'ဒီလိုဆိုရင်လဲ သေမယ့်အတူတူ မထူးတော့ပါဘူးဗိုလ်ချုပ်ရာ၊ ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်နဲ့ မေဆယ်တို့ကို ပစ်သတ်ရရင် မကောင်းဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆရာအတွက် အကြီးအကျယ် မခံမရပ်နိုင်ဖြစ်နေသော ဗိုလ်ကြီး အဲလ်ဒင်ဂျာက အထက်ပါအတိုင်း တိုက်တွန်းခဲ့ရာ ဤသည်ကိုလည်း ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်က လက်မခံဘဲ ပယ်ချခဲ့သည်။

'ဒီလိုလုပ်လို့လဲ မဖြစ်သေးဘူး အဲလ်ဒင်ဂျာ၊ သူတို့က အထက်အမိန့်အရ ဝတ္တရားအတိုင်း ဆောင်ရွက်ကြရတာပဲ။ ပြီးတော့ ငါ့မှ ငါ့ဇနီးနဲ့ ငါ့သားမင်းဖရက်ကိုလဲ ထည့်စဉ်းစားရသေးတယ်'

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ယခုကိစ္စတွင် အရေးအကြီးဆုံးမှာ သူ့ဇနီးနှင့် သူ့သားပင်ဖြစ်သည်။ အကယ်၍ မိမိသည် ဟစ်တလာပေးသည့် 'အခွင့်အရေး'ကို မယူဘဲ တစ်စုံတစ်ရာခုခံခဲ့ပါက မိမိမှာ 'သေလူ'ဖြစ်၍ မိမိအတွက် အကြောင်းမထူးသော်လည်း ဇနီးနှင့်သားဖြစ်သူမှာ မဆီမဆိုင် အသက်ခံကြရမည်မှာ သေချာသည်။ ယခု မိမိဆုံးဖြတ်ပြီးဖြစ်သည့်အတိုင်း ဟစ်တလာပေးသည့် 'အခွင့်အရေး'ကိုယူ၍ ကိုယ့်ကိုယ်ကို သတ်သေခဲ့ပါမူ ကျန်ရစ်သည့် ဇနီးနှင့်သားဖြစ်သူမှာ တစ်စုံတစ်ရာ အရေးယူခြင်းမခံရဘဲ ရသင့်ရထိုက်သည့် ပင်စင်လစာငွေနှင့် ထောက်ပံ့ကြေးများကိုပင် မှန်မှန်ရသွားနိုင်သည် မဟုတ်ပါလော။

'အဲဒီတော့ ငါ့ဇနီးနဲ့ ငါ့သားကိုလဲ အကျိုးအကြောင်း အကုန်ပြောပြီးပြီ။ ငါ့စိတ်ကိုလဲ ငါယတိပြတ် ဆုံးဖြတ်ပြီးပြီ။ နောက်ပြီးတော့ ဟစ်တလာလိုလူမျိုးက ငါ့ကိုကြိုးပေးသတ်တဲ့အဖြစ်မျိုးကိုလဲ ငါအရောက်မခံနိုင်ဘူး။ တကယ်တော့ ငါဟာ သူ့ကိုလုပ်ကြံဖို့ စီစဉ်ခဲ့တာမဟုတ်ပါဘူး။ ငါ့တိုင်းပြည်အတွက် ငါလုပ်စရာရှိတာ လုပ်ခဲ့တာပါပဲ။ ငါ့ဘဝတစ်လျှောက်လုံးလဲ ဒီအတိုင်းလုပ်လာခဲ့တာပါပဲ။ ဒါပေမဲ့ အခုကိစ္စမှာတော့ ငါ့အတွက် ဒီလိုပဲလုပ်ရတော့မယ်'

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် သူ၏အပါးတော်မြဲ ဗိုလ်ကြီးအဲလ်ဒင်ဂျာအား အထက်ပါအတိုင်း ပြောကြားပြီးနောက် နောက်ဆုံးနှုတ်ဆက်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ထပ်တွင် ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်နှင့် မေဆယ်တို့သည် အသင့်စောင့်နေကြသည်။

ချက်ချင်းဆိုသလိုပင် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်၊ ဗိုလ်ချုပ်မေဆယ်တို့နှင့်အတူ အိမ်ရှေ့တွင် အသင့်စောင့်နေသော ကားရှိရာသို့ လျှောက်လာခဲ့ကြသည်။ ကားပေါ်သို့ ရွှမ်းမဲလ်က အရင်တက်၍ ဘတ်ဒေါ့ဖ်နှင့် မေဆယ်လ်တို့က နောက်မှတက်ကြသည်။ သူတို့နှင့်အတူပါလာသော ဗိုလ်မှူး



အာရင်ဘာဂျာမှာ ဤကိစ္စအတွက် အခြားလိုအပ်သော အစီအစဉ်များကို ဆောင်ရွက်ရန် ခပ်စောစောထွက်ခွာနှင့်ပြီဖြစ်သည်။

ခဏအကြာတွင် ရှပ်နက်တပ်ဖွဲ့ဝင်တစ်ဦးမောင်းနှင်သည့် အစိမ်းရောင်ကားကလေးသည် ဗိုလ်ချုပ်ရွှမ်းမဲလ်အိမ်ရှေ့မှ အိန္ဒြေမပျက် ခပ်မှန်မှန်မောင်းထွက်သွားသည်ကို တွေ့လိုက်ရသည်။

ဤသို့ဖြင့် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် ဟစ်တလာပေးသော 'အခွင့်အရေး'ကို လက်ခံခဲ့သည်။ ဤအခွင့်အရေးကိုပေးသူကလည်း ထူးထူးဆန်းဆန်းပေးသကဲ့သို့ လက်ခံသူကလည်း ထူးထူးဆန်းဆန်းလက်ခံခဲ့သည်။ ဤထူးဆန်းလှသည့် အခွင့်အရေးကို လက်ခံခဲ့သူ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အား ရှုတ်ချပြစ်တင်ကြသူများ ရှိသလို အံ့သြချီးကျူးကြသူများလည်း ရှိပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကိုယ့်ကိုယ်ကို သတ်သေသည့်အလုပ်ကို 'အခွင့်အရေးတစ်ရပ်' အဖြစ်လက်ခံခဲ့သည့် ဤထူးဆန်းလှသည့် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏ စိတ်ဓာတ်မျိုးမှာ ရှာမှရှားသည်ကား အမှန်ပင်ဖြစ်သည်။

နောက်နှစ်ဆယ့်ငါးမိနစ်ခန့်အကြာတွင် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏ အိမ်မှ တယ်လီဖုန်းမည်သံကြားရသည်။ အိမ်ရှေ့ခန်းထဲတွင် အသင့်စောင့်နေသော ဗိုလ်ကြီးအဲလ်ဒင်ဂျာသည် စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

တစ်ဖက်မှ စကားပြောသူမှာ ဗိုလ်မှူးအာရင်ဘာဂျာဖြစ်သည်။

'အခုပြောတာ ဘယ်သူလဲ၊ ဪ- ဗိုလ်ကြီးအဲလ်ဒင်ဂျာလား၊ ဒီမှာ အခု ဒီမယ် အင်မတန်ဆိုးဝါးတဲ့အဖြစ်တစ်ခုဖြစ်လို့ အကြောင်းကြားတာပါ။ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ဟာ ကားနဲ့လာရင်း လမ်းမှာ ဦးနှောက်သွေးကြောပြတ်ပြီး ကားပေါ်မှာပဲ ရုတ်တရက် ဖြုန်းခနဲ အနိစ္စရောက်သွားတယ်။ အဲဒါ သူ့ဇနီးကို အကြောင်းကြားပေးပါ'

ဗိုလ်ကြီးအဲလ်ဒင်ဂျာသည် ဘာမျှပြန်မပြော၊ တယ်လီဖုန်းစကားပြောခွက်ကိုသာ တအားဆုပ်၍ကိုင်ထားသည်။

'ဟေ့ ဘယ်လိုလဲ၊ ငါပြောတာ ကြားရဲ့လား'

'ကြားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

## လုပ်ကြံမှု၏ နိဂုံး

ဗိုလ်ကြီးအဲလ်ဒင်ဂျာသည် ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ဇနီးရှိရာ အိမ်အပေါ်ထပ်သို့ ဖြေးညင်းစွာတက်လာခဲ့သည်။

ဖရောရှမ်းမဲလ်သည် သူမ၏လင်ယောကျ်ား ထွက်ခွာသွားသည့်အချိန်မှစ၍ အိမ်အပေါ်ထပ်ခန်းထဲမှာပင် ရှိနေခဲ့သည်။ အဲလ်ဒင်ဂျာသည် စေ့ရုံသာစေ့ထားသည့် အခန်းတံခါးကို အသာယာပင်တွန်း၍ ဖွင့်လိုက်သည်။ အခန်းထဲ၌ ဖရောရှမ်းမဲလ်သည် ခုတင်ပေါ်တွင်ထိုင်ကာ မျက်နှာကိုလက်ဝါးနှစ်ဖက်ဖြင့်အုပ်၍ ရှိုက်ကြီးတငင် ငိုကြွေးနေရှာသည်။ အဲလ်ဒင်ဂျာသည် ဘာမှမပြောတော့ဘဲ အခန်းဝမှ ပြန်လှည့်ထွက်လာခဲ့ရာ အခန်းထဲမှ ဖရောရှမ်းမဲလ်၏ ရှိုက်သံသဲ့သဲ့သည် နောက်ကျောတွင် ပဲ့တင်ထပ်၍ကျန်ရစ်ခဲ့သည်။

သူ့အဖို့ ဖရောရှမ်းမဲလ်အား ဘာများပြောစရာလိုပါသေးသနည်း။ ခပ်စောစောက တယ်လီဖုန်းသံကြားကတည်းက ဘာဆိုသည်ကို သူမသိပြီးဖြစ်နေပြီ မဟုတ်ပါလော။

နောက်နာရီဝက်ခန့်အကြာတွင် အိမ်ရှေ့၌ မော်တော်ကားတစ်စင်းဆိုက်သံကြားသဖြင့် အဲလ်ဒင်ဂျာသည် ဧည့်ခန်းတံခါးဝသို့ ထွက်ကြည့်လိုက်ရာ ကားပေါ်မှ ဆင်းလာသော ဗိုလ်မှူးအာရင်ဘာဂျာကို တွေ့ရသည်။ အာရင်ဘာဂျာသည် ခပ်စောစောက ဗိုလ်ချုပ်ကြီးရှမ်းမဲလ် 'ဦးနှောက်ကြောပြတ်' ၍ ကားပေါ်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း တယ်လီဖုန်းဖြင့် သတင်းပို့ပြီးနောက် ယခုလူကိုယ်တိုင် လာရောက်အကြောင်းကြားခြင်းဖြစ်သည်။

ဗိုလ်မှူးအာရင်ဘာဂျာက ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏သတင်းကို ဇနီးဖြစ်သူထံ ကိုယ်တိုင်တွေ့၍ အစီရင်ခံလိုကြောင်းဖြင့် အဲလ်ဒင်ဂျာအား ပြောပြသည်။ သို့သော် အဲလ်ဒင်ဂျာက ဗိုလ်ချုပ်ကြီး၏ဇနီးမှာ ယခုအခါ အလွန့်အလွန်စိတ်ထိခိုက်နေသဖြင့် မည်သူနှင့်မျှ တွေ့လိုစိတ်မရှိကြောင်းဖြင့် ပြန်ပြောရာ ဗိုလ်မှူးအာရင်ဘာဂျာသည် တစ်စုံတစ်ရာ အတိုက်အခံပြောမနေတော့ဘဲ လက်လျှော့လိုက်သည်။

ထို့နောက် အဲလ်ဒင်ဂျာသည် အာရင်ဘာဂျာနှင့်အတူ အူလမ်မြို့ဆေးရုံသို့ ကားဖြင့်လိုက်လာခဲ့သည်။ သူတို့နှစ်ယောက်သည် လမ်းတစ်လျှောက်လုံး တစ်ယောက်နှင့်တစ်ယောက် စကားလုံးဝမပြောဘဲ လိုက်ပါလာခဲ့ကြသည်။

အူလမ်မြို့ဆေးရုံသို့ ရောက်သောအခါ တစ်ခုသော အခန်းကလေးထဲတွင် ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ ရုပ်အလောင်းကို တွေ့ရသည်။ အဲလ်ဒင်ဂျာသည် ဗိုလ်ချုပ်



ကြီး၏ရုပ်အလောင်းကို ကြည့်ကာ အကြီးအကျယ်စိတ်ထိခိုက်သွားမိသည်။ လွန်ခဲ့သည့် မိနစ် ၃၀ ခန့်ကပင် မိမိနှင့်စကားပြောခဲ့ပြီး မိမိအား နောက်ဆုံးနှုတ်ဆက်သွားခဲ့သော ဗိုလ်ချုပ်ကြီးရှမ်းမဲလ်သည် ယခုအခါ လူနာခုတင်ပေါ်တွင် မလှုပ်မယှက်ငြိမ်သက်စွာ လဲလျောင်းနေပေပြီ။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်ကပင် စတင်၍ မိမိနှင့်သိကျွမ်းလာခဲ့ပြီး မိမိအပေါ်တွင် ဆရာသမား မိဘသဖွယ်လည်းကောင်း၊ ရဲဘော်ရဲဘက်သဖွယ်လည်းကောင်း၊ စစ်မြေပြင်အသီးသီး၊ စစ်မျက်နှာအမျိုးမျိုးတို့တွင် အတူတကွ အသက်ပေး၍ လက်တွဲကာ တိုက်ပွဲဝင်လာခဲ့သော 'သဲကန္တာရမြေခွေး' ဗိုလ်ချုပ်ကြီးရှမ်းမဲလ်သည် ယခုအခါ မထသော အိပ်ခြင်းဖြင့် အိပ်စက်အနားယူနေခဲ့ပေပြီ။

ထိုသို့ အူလမ်မြို့ဆေးရုံတွင် ဗိုလ်ကြီးအဲလ်ဒင်ဂျာသည် ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ ရုပ်အလောင်းကိုကြည့်ရှုနေခိုက် အူလမ်မြို့ရှိ ဂျာမန်တပ်များ၏တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီး ကူဇ်မင်နီသည် ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ ဇနီးဖြစ်သူနှင့် လာရောက်တွေ့ဆုံလျက် ရှိသည်။

ဖရောရှမ်းမဲလ်သည် ဗိုလ်မှူးကြီးကူဇ်မင်နီအား လက်ခံတွေ့ဆုံခဲ့သည်။ ဗိုလ်မှူးကြီးမှာ တကယ့်အဖြစ်မှန်ကို လုံးဝမရိပ်မိ၊ မသိရှိဘဲ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်သည် တကယ်ပင် ဦးနှောက်သွေးကြောပြတ်၍ သေဆုံးခဲ့ရသည်ဟု ယုံကြည်ကာ အထူးပင် စိတ်မကောင်းဖြစ်နေရှာသည်။ သူက ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်နှင့် မေဆယ်တို့သည် ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ ရုပ်အလောင်းကို ဆေးရုံသို့ပို့ပြီးနောက် မိမိရှိရာ တပ်မဟာဌာနချုပ်သို့ ရောက်လာကြကြောင်း၊ မိမိ၏ဌာနချုပ်မှနေ၍ ဗိုလ်ချုပ်ကြီးရှမ်းမဲလ် ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ကာ ကွယ်လွန်အနိစ္စရောက်သွားကြောင်းကို ဂျာမန်တပ်မတော်အသီးသီးသို့ သတင်းပို့ခဲ့ကြကြောင်း၊ ထို့နောက် ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ ကြွင်းကျန်သည့်ရုပ်အလောင်းကို နိုင်ငံတော်ရျာပနအဖြစ် တခမ်းတနား သဂြိုဟ်ရန် မိမိအား လိုအပ်သမျှ စီစဉ်ဆောင်ရွက်ဖို့ အမိန့်များပေးခဲ့ကြောင်း စသည်များကို ဖရောရှမ်းမဲလ်အား တကယ်ပင် စိတ်မကောင်းသည့်မျက်နှာဖြင့် ပြောပြရှာသည်။

ထို့နောက် ဗိုလ်မှူးကြီးကူဇ်မင်နီသည် ဗိုလ်ချုပ်ကြီး၏ဇနီးဖြစ်သူ ဖရောရှမ်းမဲလ်အား နှစ်သိမ့်စကားများပြောကြားကာ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ဗိုလ်ကြီးအဲလ်ဒင်ဂျာသည် ထိုနေ့ညနေဘက်တွင် ဆေးရုံမှပြန်ရောက်လာပြီး ဗိုလ်ချုပ်ကြီးဇနီးနှင့် သားဖြစ်သူ မင်းဖရက်တို့အား အူလမ်ဆေးရုံသို့ ကားဖြင့်ခေါ်ဆောင်သွားကာ ဗိုလ်ချုပ်ကြီး၏ရုပ်အလောင်းကို ပြသခဲ့သည်။ ဗိုလ်ချုပ်ကြီး၏ ဇနီးနှင့်သားတို့အား ဆေးရုံအုပ်ကြီးကခရီးဦးကြိုပြု၍ အတိုင်းအဆကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်မကောင်းစွာဖြင့် ပြောပြခဲ့သည်။ ဆေးရုံအုပ်ကြီး၏ ပြောပြချက်အရ ဗိုလ်ချုပ်ကြီး၏ရုပ်အလောင်းကို ဗိုလ်ချုပ်ဘတ်ဒေါ်ဖ်နှင့် ဗိုလ်ချုပ်မေဆယ်တို့က နေ့လယ် ၁ နာရီ၊ ၂၅ မိနစ်တိတိ အချိန်တွင် ဆေးရုံသို့ လာရောက်ပို့ခဲ့ကြ ကြောင်း၊ ဆေးရုံသို့ရောက်လျှင်ရောက်ချင်း ဗိုလ်ချုပ်ကြီးများ၏ အမိန့်အရ နှလုံးအားဆေးကို မိမိကိုယ်တိုင်ထိုးပေးခဲ့ရကြောင်း၊ သို့သော် ဗိုလ်ချုပ်ကြီး၏ နှလုံးမှာ လုံးဝပြန်၍လှုပ်ရှားမလာတော့သဖြင့် ဆေးရုံမရောက်မီ လမ်းမှာပင် သေဆုံးလာခဲ့သည်ကို သိရှိရကြောင်း စသည်ဖြင့် ပြောပြခဲ့သည်။

ဗိုလ်ကြီးအဲလ်ဒင်ဂျာသည် ဆေးရုံအုပ်ကြီး၏ ပြောပြချက်များကို နားထောင် ရင်း တစ်စုံတစ်ခု ဝင်ရောက်ပြောဆိုရန် စိတ်ထဲက ကြံရွယ်မိသေးသည်။ သို့သော် ယခုအချိန်ကျမှပြော၍လည်း အကြောင်းထူးတော့မည်မဟုတ်သဖြင့် 'ရေငုံနှုတ်ပိတ်' နေလိုက်ရသည်။ သူက ယင်းသို့ရေငုံနှုတ်ပိတ်နေလိုက်ရသော်လည်း ဆေးရုံအုပ် ကြီး၏ စိတ်ထဲတွင်မူ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ် သေဆုံးရပုံနှင့် စပ်လျဉ်း၍ တစ်စုံ တစ်ရာ မသင်္ကာသည့်အမူအရာမျိုး ဖြစ်နေပုံရသည်။

'ထုံးစံအတိုင်းဆိုရင်တော့ ကျွန်တော်တို့ဆေးရုံကို အခုလို ရုတ်တရက် သေဆုံးသွားပြီးမှ ရောက်လာတဲ့ရုပ်အလောင်းတွေကို ဘာ့ကြောင့်ဘယ်လိုဖြစ်တယ် ဆိုတာ သိရအောင်၊ ရင်ခွဲပြီး ခန္ဓာကိုယ်ထဲက အင်္ဂါအစိတ်အပိုင်းတွေကို စစ်ဆေး ကြည့်ရတဲ့ အစဉ်အလာရှိပါတယ်။ ဒါပေမဲ့ အခု ဗိုလ်ချုပ်ကြီးရဲ့ရုပ်အလောင်းကို တော့ လုံးဝခွဲစိတ်ကြည့်ရှုတာမျိုး မလုပ်ပါနဲ့လို့ အထက်က အမိန့်ပေးထားတဲ့ အတွက် ကျွန်တော်တို့လည်း ဒီအတိုင်းပဲနေလိုက်ရပါတယ်'

ဆေးရုံအုပ်ကြီးက သူ့တစ်သက်နှင့်တစ်ကိုယ် တစ်ခါဖူးမျှမကြုံဖူးမကြား ဖူးသည့်အဖြစ်အပျက်ကို အမှန်အတိုင်း ရိုးသားစွာ ပြောပြခဲ့သည်။ မှန်သည်၊ ဗိုလ်ချုပ်ဘတ်ဒေါ်ဖ်သည် ခေါင်းဆောင်ကြီး ဟစ်တလာ၏ညွှန်ကြားချက်အရ ရွှမ်းမဲလ်၏ရုပ်အလောင်းကို လုံးဝခွဲစိတ်စစ်ဆေးကြည့်ရှုခြင်းမပြုလုပ်ရန် ဆေးရုံ အုပ်ကြီးအား အတိအကျအမိန့်ပေးခဲ့သည်။ အကယ်၍သာ ခွဲစိတ်စစ်ဆေးကြည့် မည်ဆိုပါက ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်မှာ ဦးနှောက်သွေးကြောပြတ်၍ သွေးရိုးသားရိုး သေဆုံးရခြင်းမဟုတ်ဘဲ အလွန်ပြင်းထန်သည့်အဆိပ်ကြောင့် စက္ကန့်ပိုင်းအတွင်း သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဘူးပေါ်သလို ပေါ်လာမည်မဟုတ်ပါလော။

ဖရောရွှမ်းမဲလ်နှင့် မင်းဖရက်တို့သည် ဆေးရုံအုပ်ကြီးခေါ်ဆောင်ရာ အခန်း ကလေးတစ်ခုအတွင်းသို့ လိုက်လာခဲ့ကြပြီး ဗိုလ်ချုပ်ကြီး၏အလောင်းကို ကြည့် ရှုခဲ့ကြသည်။ မိမိလင်ယောကျာ်း၏ ရုပ်အလောင်းကို မြင်လိုက်ရသောအခါ ဖရောရွှမ်းမဲလ်မှာ ရင်ထဲ၌ အလုံးဆို့သလို နင့်ခနဲ ခံစားလိုက်မိရှာသည်။ စစ်မြေ



ပြင်တွင် စွန့်စွန့်စားစား တိုက်ခိုက်လာခဲ့စဉ်က အသက်မသေခဲ့ရဘဲ အခု ခေါင်းဆောင်ကြီး ဟစ်တလာ၏အမိန့်အရ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ရ သော လင်ယောကျာ်း၏ရုပ်အလောင်းကိုကြည့်ကာ ရင်ထုမနာဖြစ်မိရှာသည်။

သို့ဖြင့် နောက်တစ်နေ့ အောက်တိုဘာ ၁၅ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်၏နှမဖြစ်သူသည် စတပ်ဂတ်မြို့မှ ဟာလင်ဂျာသို့ ရောက်လာသည်။ သူမသည် သက်ဆိုင်ရာ စစ်ဌာနချုပ်မှ အကြောင်းကြားချက်အရ အစ်ကိုဖြစ်သူ ရွှမ်းမဲလ်၏သတင်းကို ကြားသိရသဖြင့် အပြေးအလွှားရောက်လာခြင်းဖြစ်သည်။ သူမသည်လည်း တကယ့်အဖြစ်အမှန်ကို လုံးဝမရိပ်မိဘဲ အစ်ကိုဖြစ်သူ ဗိုလ်ချုပ် ကြီးရွှမ်းမဲလ်မှာ ဦးနှောက်သွေးကြောပြတ်၍ သွေးရိုးသားရိုးသေဆုံးခဲ့သည်ဟု ထင်မှတ်နေရှာသည်။ ယောင်းမဖြစ်သူ ဖရောရွှမ်းမဲလ်ကလည်း အဖြစ်မှန်ကို မပြောဘဲ နေခဲ့သည်။

ထိုနေ့က ဗိုလ်ချုပ်ကြီးအဲလ်ဒင်ဂျာသည် သက်ဆိုင်ရာမှ အမိန့်အရ အူလ်မ် မြို့ရှိ တပ်မဟာဌာနချုပ်သို့ သွားရောက်သတင်းပို့ရသည်။ ဌာနချုပ်သို့သွားရာတွင် ဗိုလ်ချုပ်ရွှမ်းမဲလ်၏ဇနီးဖြစ်သူပါ လိုက်ပါလာခဲ့သည်။ သို့သော် သူမသည် ဌာနချုပ်ရုံးခန်းအတွင်းသို့ မဝင်ဘဲ ကားပေါ်မှာပင် ထိုင်နေရစ်ခဲ့သည်။ ထိုသို့ ရုံးခန်းရှေ့တွင် ကားရပ်ထားစဉ် ဗိုလ်ချုပ်မေဆယ်သည် ရုတ်တရက် ထိုနေရာသို့ ရောက်လာပြီး ကားပေါ်မှ ဖရောရွှမ်းမဲလ်အား မျက်နှာပြောင်တိုက်ကာ လာရောက် နှုတ်ဆက်သည်။ သို့သော် သူမသည် စိတ်အနာကြီးနာနေသည်ဖြစ်ရာ ဘာတစ်ခွန်း မျှ ပြန်မပြောရုံမက ဗိုလ်ချုပ်မေဆယ်လ်က လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းလာ သည်ကိုပင် မမြင်ဟန်ဆောင်၍ တစ်ဖက်လှည့်နေလိုက်သည်။

ထို့နောက် ဗိုလ်ချုပ်မေဆယ်လ်သည် ရုံးခန်းထဲတွင် ဗိုလ်ကြီးအဲလ်ဒင်ဂျာ နှင့်တွေ့သောအခါ ဖရောရွှမ်းမဲလ်၏အခြေအနေကို မသိဟန်ဆောင်၍ မေးမိအောင် မေးလိုက်သေးသည်။

'ဖရောရွှမ်းမဲလ်ကော မပါဘူးလား၊ အခု သူဘယ်နှယ်နေသေးသလဲ'

'ပါပါတယ်၊ ကားပေါ်မှ ကျန်ရစ်ခဲ့တယ်၊ သူဘယ်နှယ်နေသေးသလဲ ဆိုတော့ ဗိုလ်ချုပ်စိတ်ထဲက ဘယ်လိုနေတယ်ထင်လို့လဲ'

အဲလ်ဒင်ဂျာသည် သူ့ဆရာအတွက် စိတ်ထဲတွင် အခံရခက်လှသဖြင့် ဗိုလ်ချုပ်မေဆယ်လ်အား အထက်ပါအတိုင်း ဘုကျကျပင် ပြန်မေးခဲ့သည်။

ထို့နောက် တပ်မဟာဌာနချုပ်၏ ခွင့်ပြုချက်အရ ဖရောရွှမ်းမဲလ်နှင့် ဗိုလ် ကြီးအဲလ်ဒင်ဂျာသည် ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏ ရုပ်အလောင်းကို အူလမ်ဆေးရုံမှ ဟာလင်ဂျင်ရှိ နေအိမ်သို့ ပြန်၍ယူဆောင်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏ ရုပ်အလောင်းမှာ အိမ်ရှေ့ဧည့်ခန်းဆောင်တွင် တခမ်းတနား ပြင်ဆင်ထားပြီးဖြစ်နေပေပြီ။ ဂျာမန်ဗိုလ်ချုပ်တစ်ယောက်၏ ယူနီဖောင်းဝတ်စုံအပြည့်အစုံဝတ်ဆင်ထားပြီး မလှုပ်မယှက်ငြိမ်သက်စွာ လဲလျောင်းနေသည့် ရွှမ်းမဲလ်၏ရုပ်အလောင်းပေါ်တွင် အနီရောင်ခံ၍ အလယ်မှာ အဖြူရောင်စက်ဝိုင်းအတွင်း အနက်ရောင်စကြာတံဆိပ်ပါရှိသည့် နာဇီအလံကြီး ဖုံးလွှမ်းထားသည်ကို တခမ်းတနား တွေ့မြင်ကြရသည်။ သို့သော် မျက်နှာကိုမူ လူအများမြင်သာအောင် ဖော်ထားသည်ကို တွေ့ကြရသည်။ ရုပ်အလောင်း၏ ခေါင်းရင်းဘက်နှင့်ခြေရင်းဘက်တို့တွင် ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်ထားသည့် ဂျာမန်တပ်မတော်အရာရှိနှစ်ယောက်သည် အရောင်တလက်လက်ထွက်နေသည့် ဓားရှည်ကြီးများကို ဓားအိမ်မှချွတ်၍ကိုင်ကာ မလှုပ်မယှက် ငြိမ်သက်စွာ နေ့ရောညပါ အလှည့်ကျစောင့်ကြပ်အလေးပြုလျက်ရှိနေကြသည်။ ဤကား ကွယ်လွန်သူ အာဇာနည်ဗိုလ်ချုပ်ကြီးအား ဂျာမန်တပ်မတော်မှ စစ်ထုံးစံအရ နောက်ဆုံးချီးကျူးဂုဏ်ပြုသည့် အထိမ်းအမှတ်ပေတည်း။

ရွှမ်းမဲလ်၏ရုပ်အလောင်းကို နေအိမ်သို့ရွှေ့ပြောင်း၍ အထက်ပါအတိုင်း တခမ်းတနား ပြင်ဆင်ထားရှိပြီးနောက် ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်နှင့် မေဆယ်တို့သည် သူတို့၏ 'တာဝန်ဝတ္တရား' ကုန်ဆုံးပြီဖြစ်သဖြင့် ဘာလင်သို့ ပြန်သွားကြသည်။

၎င်းတို့နှစ်ဦး ပြန်သွားပြီးမှ ဗိုလ်ကြီးအဲလ်ဒင်ဂျာသည် အစစလိုက်လံစစ်ဆေးကြည့်ရှုရာ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏ ကက်ဦးထုပ်နှင့် လက်ကိုင်တုတ်ကလေးမှာ ပျောက်ဆုံးနေသည်ကို သိရသည်။ ထို့ပြင် ဗိုလ်ချုပ်နှစ်ဦးနှင့် လိုက်ပါသွားစဉ်က ဗိုလ်ချုပ်ကြီး၏အင်္ကျီအိတ်တွင် ပါသွားသော ဂျူလိုင် ၁၅ ရက်နေ့စွဲပါ 'ဟစ်တလာထံပေးပို့ခဲ့သည့် ရာဇသံ' မိတ္တူစာရွက်မှာလည်း ရှာမတွေ့ဘဲဖြစ်နေသည်။

သို့ဖြစ်ရာ အဲလ်ဒင်ဂျာသည် ဗိုလ်ချုပ်ကြီးသေဆုံးစဉ်က သိမ်းဆည်းသွားခဲ့သည့် ပစ္စည်းများအားလုံးနှင့် စာရွက်စာတမ်း မှန်သမျှကို ပြန်ပေးရန် ဘာလင်မြို့ရှိ ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်ထံ တယ်လီဖုန်းဖြင့် လှမ်း၍တောင်းခဲ့သည်။ ယင်းသို့ အဲလ်ဒင်ဂျာ၏ တောင်းဆိုချက်အရ ဗိုလ်ချုပ်ကြီး၏ ကက်ဦးထုပ်နှင့် လက်ကိုင်တုတ်ကလေးကို ပြန်လည်ရရှိခဲ့သော်လည်း ဟစ်တလာထံ နောက်ဆုံးရေးခဲ့သည့်စာအပါအဝင် အခြားစာရွက်စာတမ်းများကိုမူ လုံးဝမရတော့ဘဲ ဖြစ်ခဲ့သည်။

ယခုအခါ ဗိုလ်ချုပ်ကြီး ကွယ်လွန်အနိစ္စရောက်သွားသည့်သတင်းမှာ ဂျာမနီတစ်နိုင်ငံလုံးနှင့် ဂျာမန်တပ်မတော်အားလုံးသို့ တောမီးပမာ ပြန့်နှံ့သွားခဲ့ပြီဖြစ်ရာ ဝမ်းနည်းကြောင်း သဝဏ်လွှာများမှာ ဟာလင်ဂျာရှိနေအိမ်သို့ တစ်စောင်ပြီးတစ်



စောင် အဆက်မပြတ် ရောက်လာလျက်ရှိသည်။ ကျန်ရစ်သည့် ဇနီးဖြစ်သူဇရော ရွှမ်းမဲလ်ထံ စာတိုက်မှ ရိုးရိုးစာဖြင့်တစ်မျိုး၊ ကြေးနန်းဖြင့်တစ်သွယ်၊ တယ်လီဖုန်းဖြင့်တစ်တန်၊ နာရီနှင့်အမျှ ရောက်လာကြသည့် ဝမ်းနည်းကြောင်းသဝဏ်လွှာများမှာ မရေမတွက်နိုင်အောင်ရှိခဲ့သည်။

'သင်၏ခင်ပွန်းဖြစ်သူ ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် သင်နှင့်ထပ်တူထပ်မျှ ဖြစ်ခဲ့ရသော ကျွန်ုပ်၏ဝမ်းနည်းကြေကွဲမှုကို ကျေးဇူးပြု၍လက်ခံစေလိုပါသည်။ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏အမည်သည် မြောက်အာဖရိကတိုက်မှ သူရဲကောင်းပီသသည့် တိုက်ပွဲများနှင့် ထာဝစဉ် ဆက်စပ်နေလိမ့်မည်သာဖြစ်ပါသည်'

ဖရောရွှမ်းမဲလ်သည် အောက်တိုဘာလ ၁၇ ရက် နေ့စွဲဖြင့် ပေးပို့လိုက်သော အထက်ပါဝမ်းနည်းကြောင်း သဝဏ်လွှာကြေးနန်းစာစောင်ကို လက်ခံရရှိခဲ့ပါသည်။ ယင်းသဝဏ်လွှာကို ပေးပို့လိုက်သူကား အခြားသူမဟုတ်၊ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အား အဆိပ်သောက်၍ ကိုယ့်ကိုယ်ကိုသတ်သေရန် 'အခွင့်အရေး' ပေးခဲ့သည့် ခေါင်းဆောင်ကြီး ဟစ်တလာပင်တည်း။

အလားတူပင် နာဇီထိပ်တန်းခေါင်းဆောင်ကြီးများဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့နှင့် ဝါဒဖြန့်ချိရေးဝန်ကြီး ဂိုးဘဲလ်တို့မှလည်း ဝမ်းနည်းကြောင်း သဝဏ်လွှာများ ရရှိခဲ့သည်။ ရစ်ဘင်ထရော့၏သဝဏ်လွှာတွင် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ် အနေဖြင့် ပြင်သစ်နိုင်ငံတွင် ရန်သူတိုက်လေယာဉ်များ၏ ပတ်ခတ်မှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ယခုကဲ့သို့ မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်အနိစ္စရောက်သွားခဲ့သည့်အတွက် 'အထူးပင် စိတ်မကောင်းဖြစ်မိပါကြောင်း' နှင့် ဗိုလ်ချုပ်ကြီး၏ ကြိုးပမ်းလုပ်ဆောင် အောင်မြင်မှုများသည် ယခုခေတ်ကြီး၏ သမိုင်းဝင်ဖြစ်ရပ်များအဖြစ် မုချကျန်ရစ်မည်သာဖြစ်ကြောင်း ဖော်ပြပါရှိခဲ့သည်။

အနောက်ဖက် စစ်မျက်နှာတွင် ဗိုလ်ချုပ်ကြီး ဗွန်ကလပ်ဂျ်၏နေရာ၌ အစားထိုးခန့်အပ်ခြင်းခံခဲ့ရသော ဗိုလ်ချုပ်ကြီးမိုဒဲလ်ကလည်း ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အား 'ဂျာမန်တပ်မှူးများအနက် အကြီးမားဆုံးတပ်မှူးကြီးတစ်ယောက်အဖြစ်လည်းကောင်း၊' ချီးကျူးဂုဏ်ပြုပါကြောင်း သဝဏ်လွှာတွင်ဖော်ပြခဲ့သည်။

ယင်းသို့ နာဇီအစိုးရအဖွဲ့ဝင်များ၊ ပါတီခေါင်းဆောင်များနှင့် ဂျာမန်စစ်ဦးစီးအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးများထံမှ သဝဏ်လွှာများ၊ ဝမ်းနည်းကြောင်း ကြေငြာကြားစာများ မရေမတွက်နိုင်အောင် ပေးပို့ခဲ့ကြသည့်အထဲတွင် ဗိုလ်ချုပ်ကြီး

www.burmeseclassic.com



လျက် သဝဏ်လွှာ လုံးဝမပို့ဘဲ နေခဲ့ကြသူနှစ်ဦးရှိသည်။ ထိုနှစ်ဦးမှာ ဟစ်တလာ၏ စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ်ကြီးကိုက်တဲလ်နှင့် ဗိုလ်ချုပ်ဂျိုဒဲလ် တို့ပင်ဖြစ်သည်။ ၎င်းတို့နှစ်ဦးအနေဖြင့် ထိုသို့ဝမ်းနည်းကြောင်း သဝဏ်လွှာ ထူးထူးခြားခြား လုံးဝမပို့ဘဲ နေခဲ့ကြသည်မှာ ကိုယ့်လိပ်ပြာကိုယ်မလုံ၍ဘဲလား၊ သို့တည်းမဟုတ် တမင်အရွဲ့တိုက်၍ မပို့ဘဲနေခဲ့ခြင်းလားဆိုသည်ကိုမူ 'ဘုရားသခင်'သာလျှင် သိပေလိမ့်မည်။

ထိုသို့ ထူးခြားသည့်အချင်းအရာများအနက် အခြားဖြစ်ရပ်တစ်ခု ရှိသေးသည်။ ဟစ်တလာ၏ လက်ထောက်တပ်မှူးဖြစ်သော ဟိန်းနရစ်ဘော့ဂ်မန်းသည် အခြားသော တပ်မှူးကြီးများ၊ ဗိုလ်ချုပ်များနည်းတူ ကွန်လွန်သူဗိုလ်ချုပ်ကြီး ရွမ်းမဲလ်အတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်။ သို့သော် ယင်းသဝဏ်လွှာ၏ ထူးခြားချက်မှာ ထိုအချိန် ထိုအခါက ခေါင်းဆောင်ကြီးဟစ်တလာအား ထဝစဉ် သတိရ အလေးပြုသောအားဖြင့် လူတိုင်းကြွေးကြော်ခဲ့ရသည့် 'ဟေး– ဟစ်တလာ' ဟူသော ကြွေးကြော်သံစာကြောင်းကို သဝဏ်လွှာ၏ အောက်ဆုံး၌ ဖော်ပြမထားခြင်းပင်ဖြစ်သည်။

ဤသည်မှာ ရုတ်တရက် အမှတ်တမဲ့ မေ့လျော့သွားခြင်းဖြစ်ကောင်းဖြစ်လိမ့်မည်ဟု တွေးထင်စရာရှိသည်။ သို့သော် ထိုစဉ်ထိုအခါက 'ဟေး–ဟစ်တလာ' ဟူသော ကြွေးကြော်သံမှာ တစ်ဦးနှင့်တစ်ဦး စကားပြောနှုတ်ဆက်ရာ၌လည်းကောင်း၊ စာဖြင့်ရေးသားရာ၌လည်းကောင်း အမြဲထာဝစဉ် မမေ့မလျော့ မပေါ့မဆ အထူးသတိထား၍ ထည့်သွင်းပြောဆိုရေးသားနေကြရသည်။ သို့ဖြစ်ရာ ဘော့ဂ်မန်းသည် သူ၏သဝဏ်လွှာတွင် 'ဟေး–ဟစ်တလာ' ဟူသော အလေးပြုစာကြောင်းကို မေ့လျော့၍ မထည့်ဘဲ နေခဲ့မိသည်ဟုယူဆရန် အလွန်ခဲယဉ်းလှသည်။ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏ ကြေကွဲဖွယ်ရာ တကယ့်ဇာတ်သိမ်းခန်းကို အဖြစ်မှန် အတိုင်း သိရှိထားသဖြင့် ဟစ်တလာအပေါ် အကြည်ညိုပျက်ကာ တမင်သက်သက် မထည့်ဘဲ ထားခဲ့ခြင်းဖြစ်သည်ဟုယူသော် ရနိုင်ကောင်းရာသည်။

ယင်းယူဆချက် မှန်မမှန် အတတ်မပြောနိုင်သော်လည်း ယင်းသဝဏ်လွှာကို ပေးပို့ခဲ့ပြီးနောက် ရက်အနည်းငယ်ခန့်အကြာတွင် ဘော့ဂ်မန်းသည် ရာထူးမှ လုံးဝတစ်ခါတည်း နှုတ်ထွက်သွားခဲ့သည်။ ဤဘော့ဂ်မန်းမှာ အခြားသူမဟုတ် ဂျူလိုင် ၂၀ ရက်နေ့တွင် စစ်ကွန်ဖရင့် အစည်းအဝေး၌ ဗုံးပေါက်ကွဲစဉ်က ဒဏ်ရာအကြီးအကျယ်ရခဲ့သူပင် ဖြစ်သတည်း။

ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့ခဲ့ကြသူများအနက် ပေးပို့ပုံ ပေးပို့နည်း ထူးခြားသည်နှင့်အမျှ သဝဏ်လွှာတွင် ထူးထူးခြားခြား ရေးသားဖော်ပြခဲ့သူတစ်ဦး ရှိသေးသည်။ ထိုသူမှာ ဂက်စတာပို ဗိုလ်ချုပ်ဟင်းမလားပင်ဖြစ်သည်။



ဗိုလ်ချုပ်ကြီးရွမ်းမဲလ် ကွယ်လွန်ပြီးနောက် သုံးရက်မြောက်သောနေ့တွင် ဗိုလ်ချုပ်ဟင်းမလားသည် ကျန်ရစ်သူ ဖရောရွမ်းမဲလ်ထံ သဝဏ်လွှာတစ်စောင် ပို့လိုက်သည်။ ယင်းသဝဏ်လွှာကို စာတိုက်မှစာဖြင့်လည်းကောင်း၊ ကြေးနန်းဖြင့် လည်းကောင်း၊ ဝိုင်ယာလက် ကြိုးမဲ့ကြေးနန်းဖြင့်လည်းကောင်း ပေးပို့ခြင်းမပြုဘဲ ဟင်းမလားသည် သူ့အပါးတော်မြဲ လူယုံတော် ဘန့်ထ်ဆိုသူကို လွှတ်၍ ပေးပို့ခဲ့ ခြင်းဖြစ်သည်။ ယင်းသို့ ပေးပို့ပုံပေးပို့နည်းမှာ ထူးခြားသလောက် 'သဝဏ်လွှာ ထဲတွင် ပါဝင်သည့် အကြောင်းအရာမှာလည်း ထူးခြားလှသည်။

ဟင်းမလား၏ သဝဏ်လွှာထဲတွင် ပါဝင်သည့် အကြောင်းအရာမှာ 'ဤ ကိစ္စတွင် တကယ့်အဖြစ်မှန်ကို အစအဆုံး မိမိအားလုံး သိထားပြီဖြစ်ကြောင်း ယခုလို သိရသဖြင့် မိမိမှာ အထူးပင်တုန်လှုပ်ချောက်ချားမိကြောင်း၊ သို့သော် ဤကိစ္စတွင် မိမိ၏ပယောဂ လုံးဝပါဝင်ခဲ့ခြင်းမရှိကြောင်း' စသည်ဖြင့် ဖော်ပြထား သည်ကို တွေ့ရသည်။

ထို့ပြင်မှ ဟင်းမလား၏ သဝဏ်လွှာနှင့်ပတ်သက်၍ ယင်းသဝဏ်လွှာကို လာရောက်ပေးပို့သော လူယုံတော် ဘန့်ထ်ကလည်း 'ဤကိစ္စတွင် ဟင်းမလား သာမဟုတ်၊ ဟစ်တလာ ကိုယ်တိုင်လည်း ဘာတစ်ခုမှ လုံးဝမသိရကြောင်း၊ ဤကိစ္စကို အစအဆုံးကြံစည်လုပ်ဆောင်ခဲ့ကြသူများမှာ ဗိုလ်ချုပ်ကြီးကိုက်တဲလ်နှင့် ဗိုလ်ချုပ်ဂျိုဒဲလ်တို့ပင်ဖြစ်၍ ၎င်းတို့နှစ်ဦး၏ လက်ချက်သာဖြစ်ကြောင်း' ထူးဆန်းစွာ ပြောပြခဲ့သည်။

ဤအချက်နှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးရွမ်းမဲလ် သေဆုံးရသည့်ကိစ္စတွင် ဟင်းမလား ပါဝင်သည် မပါဝင်သည်ကို သံသယဖြစ်မည်ဆိုပါက ဖြစ်နိုင်သည်။ သို့သော် ဟစ်တလာ ကိုယ်တိုင်လည်း 'ဘာတစ်ခုမှမသိလိုက်ရ' ဟူသောအချက် မှာမူ လုံးဝမဖြစ်နိုင်ဟု ဖရောရွမ်းမဲလ်တို့ သားအမိက ယူဆခဲ့ကြသည်။ မှန်သည် ဗိုလ်ချုပ်ကြီးကိုက်တဲလ်နှင့် ဗိုလ်ချုပ်ဂျိုဒဲလ်တို့သည် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်အား ခါးခါးသီးသီး မုန်းတီးနေကြသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ရွမ်းမဲလ် ကဲ့သို့ ထင်ရှားကျော်ကြား၍ လူတကာက လေးစားကြည်ညိုနေကြသည့် ဗိုလ်ချုပ် ကြီး တစ်ယောက်အား ဟစ်တလာကိုပင် အသိမပေးဘဲ ကိုက်တဲလ်နှင့် ဂျိုဒဲလ် တို့နှစ်ယောက်တည်း ကျိတ်၍ 'အပျောက်' ရှင်းပစ်ခဲ့ကြသည်ဟူသော အချက် လုံးဝယုတ္တိကင်းမဲ့လှသည် မဟုတ်ပါလော။

ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏ ဈာပနအခမ်းအနားသို့ အောက်တိုဘာ ရက်နေ့တွင် အူလမ်မြို့တပ်မဟာဌာနချုပ်မှ ဦးစီး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းမဲလ်၏ အတ္ထုပ္ပတ္တိကို ပြုစုခဲ့သည့် အက်စမွန်ယမ်း၏ ရေးသားချက်အရ ဆိုပါလျှင် အဆိုပါစျာပနအခမ်းအနားတွင် နာဇီခေါင်းဆောင်များကို မြင်တွေ့ရသည်မှာ 'အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့တော်မှ လူဆိုးဂိုဏ်းဝင်များနှင့်တူလှသည်' ဟုသိရသည်။ ချီကာဂိုမြို့တော်မှ လူကုံထံမျက်နှာကြီးလူဆိုးလူမိုက်များသည် တစ်စုံတစ်ခုသောကိစ္စကြောင့် လူတစ်ယောက်အား လျှို့ဝှက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ပြီးနောက် ယင်းလုပ်ကြံမှုကို ဖုံးကွယ်ရန်အတွက် မိမိတို့သတ်ပစ်ခဲ့သူ၏ စျာပနအခမ်းအနားတွင် မိမိတို့ကိုယ်တိုင် လူလုံးပြ၍ 'ကိုယ်ဖိရင်ဖိ' ဆောင်ရွက်ခဲ့ကြသည့် အဖြစ်အပျက်များရှိခဲ့ဖူးသည်။

ယခုလည်း ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ စျာပနအခမ်းအနားတွင် ဂျာမန်တပ်မတော်မှ စစ်ဦးစီးအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးများနှင့် နာဇီပါတီခေါင်းဆောင်ကြီးများသည် စိတ်ရောကိုယ်ပါ အားတက်သရော ဆောင်ရွက်ခဲ့ကြသည်။ ကျန်ရစ်ခဲ့ရှာသည့် ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ ဇနီးနှင့်သားတို့ထက် ပို၍ သူတို့က စိတ်ထိခိုက်သဲ့သည့် အမူအရာမျိုးကို တွေ့နေကြရသည်။ စျာပနအခမ်းအနားကို ကြီးကျယ်ခမ်းနား၍ စည်ကားသိုက်မြိုက်အောင် အဖက်ဖက်က ပြင်ဆင်လုပ်ဆောင်ခဲ့ကြသည်မှာ သူတို့ကိုယ်တိုင် 'မသာရှင်များ' ဟူ၍ပင် ထင်မှတ်မှားလောက်သည်။

ခေါင်းဆောင်ကြီးဟစ်တလာကိုယ်တိုင်က ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ စျာပနကျင်းပသည့် အဆိုပါ အောက်တိုဘာလ ၁၈ ရက်နေ့ကို တစ်နိုင်ငံလုံး 'ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့' အဖြစ် အမိန့်ထုတ်ပြန်ခဲ့သည်။ စျာပနအစီအစဉ်အားလုံးကိုလည်း စစ်ထုံးစံအတိုင်း အဖက်ဖက်ကလိုလေသေးမရှိအောင် ကြီးကျယ်ခမ်းနားစွာ စီကာပြုခဲ့သည်။

ထိုနေ့က စျာပနအခမ်းအနား ကျင်းပသည့်နေရာသို့ အူလမ်မြို့နှင့်တကွ အနီးအနားတစ်ဝိုက်ရှိ မြို့များမှ ဂျာမန်စစ်တပ်များအားလုံး ချီတက်အလေးပြုကြရသည်။

ရှေးဦးစွာ နာဇီပါတီ၏ စကြာတံဆိပ်အလံကြီး ဖုံးအုပ်ထားသော ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ ခေါင်းကို သံမဏိစစ်ခမောက်များဆောင်း၍ လက်အိတ်အဖြူများစွပ်ထားကြသည့် ဂျာမန်စစ်အရာရှိများခြံရံ၍ နေအိမ်မှ အူလမ်မြို့ မြို့တော်ခန်းမသို့ စစ်အခမ်းအနားဖြင့် သယ်ဆောင်ခဲ့ကြသည်။ ထို့နောက် မြို့တော်ခန်းမဆောင်အတွင်း၌ ရှမ်းမဲလ်၏ရုပ်အလောင်းကို နိုင်ငံတော်စျာပနအဖြစ် တခမ်းတနားပြင်ဆင်ထားရှိ၍ ဂျာမန်တပ်မတော်သားများနှင့် ဂျာမန်ပြည်သူများ၏ အလေးပြုခြင်းကို ခံယူစေခဲ့သည်။

မြို့တော်ခန်းမ အဆောက်အဦးအပြင်ဘက်တွင် စကြာတံဆိပ်အလံများကို



အရွယ်အစားအမျိုးမျိုး ချိတ်ဆွဲ၍လည်းကောင်း၊ ဂျာမန် ကြည်း၊ ရေ၊ လေတပ်မတော်၏ အလံများကို လွှင့်ထူ၍လည်းကောင်း ပြင်ဆင်မွမ်းမံထားသည့် ခန်းမဆောင်အတွင်းရှိနံရံများနှင့် တိုင်ကြီးများတွင်လည်း လင်းယုန်နှင့်စကြာ တံဆိပ်များပါသည့် အလံကြီးများ၊ ရောင်စုံစက္ကူပန်းများဖြင့် ဝေဝေဆာဆာ ပြင်ဆင်ထားကြသည်။ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ ရုပ်အလောင်းတင်ထားသည့် စင်မြင့်ပေါ်တွင်လည်း ဂျာမန်စစ်သံခမောက်တစ်လုံး၊ စစ်ဓားရှည်တစ်ခုနှင့် လက် ကိုင်တုတ်တစ်ချောင်းကို ခန့်ငြားစွာ ဆင်ယင်ပြသထားသည်။ ထို့ပြင် ပထမ ကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီးများအတွင်း ဗိုလ်ချုပ်ကြီးရှမ်းမဲလ် ရရှိခဲ့သည့် စစ်ဘွဲ့ထူး ဂုဏ်ထူးဆောင်ဆုတံဆိပ်အမျိုးမျိုးတို့ကိုလည်း အနီရောင်ကတ္တီပါစ ပေါ်တွင် သေသပ်လှပစွာ ဆင်ယင်ပြသထားသည်။ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ ရုပ် ကလာပ်ကို 'အာဖရိကတပ်ဖွဲ့'တံဆိပ်များ၊ လက်မောင်းတွင် တပ်ဆင်ထားကြသည့် ဂျာမန်စစ်အရာရှိလေးယောက်က ခြေရင်းနှင့် ခေါင်းရင်းဘက်ထောင့်လေးထောင့်မှ စောင့်ကြပ်လျက်ရှိကြသည်။

ထို့နောက် စျာပနအခမ်းအနား စတင်ချိန် နီးကပ်လာသောအခါ အဆိုပါ စစ်အရာရှိ လေးယောက်၏နေရာတွင် ဂျာမန်တပ်မတော်မှ ဗိုလ်ချုပ်လေးဦးကိုယ် တိုင် လူချင်းလဲ၍ စောင့်ကြပ်ခဲ့ကြသည်။ ထိုအချိန်တွင် မြို့တော်ခန်းမ၏ အပြင် ဘက် ကွက်လပ်ကြီးတွင် ထောင်ပေါင်းများစွာသော ဂျာမန်တပ်မတော်သားများ နှင့် ဂျာမန်ပြည်သူများသည် ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်အား နောက်ဆုံး အလေးပြုရန်အတွက် စုရုံးရောက်ရှိနေကြပြီဖြစ်သည်။ ဤပရိသတ်လူထုကြီး တွင် ဂျာမန်လူငယ်အမျိုးသားများနှင့် အမျိုးသမီးများကိုလည်း အမြောက်အမြား တွေ့မြင်ကြရသည်။ ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်သည် သူတို့အတွက် တကယ့် 'အာဇာနည်သူရဲကောင်း စစ်သည်တော်ကြီး' ပင် မဟုတ်ပါလော။

ခဏအကြာတွင် ဂျာမန်တပ်ဖွဲ့ဝင်များအား အမိန့်ပေးသံများ၊ စစ်တီးဝိုင်း ဘင်ခရာသံများ ကြားလိုက်ရပြီးနောက် ဂျာမန်စစ်ဦးစီးဌာနချုပ်၊ ဂျာမန် အဖွဲ့နှင့် နာဇီပါတီမှ ခေါင်းဆောင်ကြီးများ ကြွရောက်လာကြသည်ကို တွေ့မြင် ကြရသည်။ ၎င်းတို့နှင့်အတူ အီတလီ စပိန်စသည့်နိုင်ငံများမှ သံတမန်နှင့် ဘက်ဆိုင်ရာ အကြီးအကဲများပါ လိုက်ပါလာသည်ကို တွေ့ကြရသည်။

စျာပနအခမ်းအနားတွင် ကြွရောက်လာကြသူများအနက် ရှေ့ ဗိုလ်ချုပ်ကြီးရန်းစတက်နှင့်အတူ ရှမ်းမဲလ်၏ဇနီးနှင့် သားတို့ကိုပါ သည်။ မြို့တော်ခန်းမဆောင်အတွင်းသို့ အဆိုပါမိသားစုနှင့် ကိုယ် ဝင်ရောက်လာချိန်တွင် နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့မှ စစ် ဝမ်းနည်းကြေကွဲဖွယ်ရာ တီးမှုတ်ပေးခဲ့ကြသည်။

www.burmeseclassic.com



ဈာပနအခမ်းအနားတွင် ဗိုလ်ချုပ်ကြီး ရန်းစတက်က မိန့်ခွန်းစကားပြော ကြားခဲ့သည်။ ရန်းစတက်သည် ဂျာမန်တပ်မတော်တစ်ခုလုံးတွင် ဝါအရင့်ဆုံး အသက်အကြီးဆုံး စစ်သားကြီးဖြစ်ရာ ကွယ်လွန်သူဗိုလ်ချုပ်ကြီးရွမ်းမဲလ်အား ဂုဏ်ပြုသည့်အနေဖြင့် ဤပုဂ္ဂိုလ်ကြီးကို တမင်ရွေးချယ်၍ မိန့်ခွန်းပြောစေခဲ့ခြင်း ဖြစ်သည်။

'အခုလို ဒီနေရာမှာ လာရောက်စုဝေးကြတာဟာ ဂုဏ်ယူဖွယ်ရာ ကျဆုံး သွားခဲ့ရတဲ့ ဗိုလ်ချုပ်ကြီးကို နောက်ဆုံးဂုဏ်ပြုကြဖို့အတွက် တပ်မတော်အကြီး အကဲဖြစ်တဲ့ ခေါင်းဆောင်ကြီးဟစ်တလာရဲ့ညွှန်ကြားချက်အရ ရောက်ရှိလာ ကြခြင်းဖြစ်တယ်။ တိုက်ပွဲရဲ့ အကျပ်အတည်းကာလမှာ အကြင်နာကင်းမဲ့လှတဲ့ ရှင်သေမင်းဟာ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်ကို ကျွန်ုပ်တို့ထံမှ လုယူခေါ်ဆောင်သွားခဲ့ ပါပြီ။'

အသံချဲ့စက်မှတစ်ဆင့် ဗိုလ်ချုပ်ကြီးရန်းစတက်၏အသံသည် လေးလေးနှင့် မှန်မှန်ကြီး ထွက်ပေါ်လျက်ရှိသည်။ မြို့တော်ခန်းမဆောင်တစ်ခုလုံးနှင့် အပြင်ဘက် ကွင်းပြင်ကြီးတစ်ခုလုံးမှ ပရိသတ်အားလုံးသည် အပ်ကျသံပင် ကြားရမတတ် လှုပ်မယှက်ငြိမ်သက်စွာ နားစိုက်လျက်ရှိကြသည်။

ဗိုလ်ချုပ်ကြီးရန်းစတက်သည် ကွယ်လွန်သူရွမ်းမဲလ်၏ လုပ်ဆောင်ချက် များနှင့် အစွမ်းသတ္တိ အရည်အချင်းများကို ချီးကျူးပြောကြားသွားခဲ့ပြီးနောက် အာဖရိက စစ်မြေပြင်တွင် ပြောင်မြောက်စွာ တိုက်ခိုက်ခဲ့ပုံများကို ဂုဏ်ပြုမြွက် ကြားသွားခဲ့သည်။

သို့သော် ဗိုလ်ချုပ်ကြီးရန်းစတက်၏ အဆိုပါမိန့်ခွန်းမှာ သူကိုယ်တိုင်ရေး သားခဲ့ခြင်း ဟုတ်ဟန်မတူ။ အဘယ့်ကြောင့်ဆိုသော် မိန့်ခွန်းတစ်နေရာ၌ ယခုကဲ့ သို့ ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏ သက်စွန့်ကြိုးပမ်းလုပ်ဆောင်ချက်များ သည် 'ခေါင်းဆောင်ကြီး ဟစ်တလာနှင့် ဂျာမနီနိုင်ငံတော်ကြီးအတွက်' ဟူ၍ လည်းကောင်း၊ 'ပြင်းထန်လှသော အမျိုးသားဆိုရှယ်လစ်စိတ်ဓာတ်ကြောင့်' ဟူ၍ လည်းကောင်း၊ အထူးအလေးအနက် ဖော်ပြပါရှိနေသောကြောင့်ဖြစ်သည်။ ထိုမျှ မက ရန်းစတက်၏မိန့်ခွန်းနိဂုံးချုပ်၌ 'ဗိုလ်ချုပ်ကြီးရွမ်းမဲလ်ရဲ့ အသည်းနှလုံး ဟာ ခေါင်းဆောင်ကြီး ဟစ်တလာအတွက်သာ ဖြစ်ခဲ့ပါတယ်' ဟူ၍ပင် ပြော ကြားခဲ့သေးသည်။ တတ်လည်းတတ်နိုင်သော ဟစ်တလာပါတကား။

ထို့နောက် ရွမ်းမဲလ်၏ရုပ်ကလာပ် ထည့်ထားသောခေါင်းကို စစ်ထုံးစံ အတိုင်း အမြောက်တင်သည့် မြင်းရထားဖြင့် တင်ဆောင်ကာ မြို့တော်ခန်းမမှ သုသာန်သို့ စစ်အခမ်းအနားဖြင့် သယ်ဆောင်လာခဲ့ကြသည်။ အလောင်းတင်လာ



သာ မြင်းရထား၏နောက်ဘက်မှ ထိုင်ခုံပေါ်တွင် ယူနီဖောင်းဝတ်စုံ အသစ် ချပ်ချွတ်များ ဝတ်ဆင်ထားကြသည့် ဂျာမန်စစ်သားနှစ်ယောက်သည် ကိုယ်ကို တောင့်တောင့်မတ်မတ်ထိုင်ကာ မလှုပ်မယှက်၊ လက်နှစ်ဖက်ပိုက်လျက် လိုက်ပါ ခဲ့ကြသည်။ ပါတီ အစိုးရနှင့် တပ်မတော်မှ ထိပ်ပိုင်းခေါင်းဆောင်ကြီးများ၊ ည်း၊ ရေ၊ လေတပ်ဖွဲ့များ၊ စစ်တီးဝိုင်းများ၊ မိသားစုဆွေမျိုးများနှင့် အမြို့မြို့ နယ်နယ်မှ ရောက်ရှိလာကြသည့် လူထုပရိသတ်များဖြင့် ဈာပနအခမ်းအနား သို့ လိုက်ပါပို့ဆောင်ကြသည့် လူတန်းကြီးမှာ မဆုံးနိုင်လောက်အောင်ပင် ရှည် များများပြားလှသည်။ လူတန်းကြီး၏ရှေ့မှ မြောက်မြားလှသည့် လွမ်းသူ့ပန်းခွေ များကို ကိုင်ဆောင်လာကြသည့် ရှေ့ဆုံးမှပန်းခွေမှာ 'ခေါင်းဆောင်ကြီးဟစ်တလာ ၏ ဧရာမလွမ်းသူ့ပန်းခွေကြီး' ပင်ဖြစ်သတည်း။

သို့ဖြင့် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏အလောင်းကို မီးသင်္ဂြိုဟ်ပြီးနောက်၊ နောက် တစ်နေ့တွင် အရိုးပြာများကို ဟာလင်ဂျင်ရှိ သူ၏နေအိမ်သို့ တပ်မဟာဗွာနချုပ် အရာရှိနှစ်ဦးကိုယ်တိုင် လာရောက်ပို့ဆောင်ခဲ့ကြသည်။

ငါးလနီးပါးမျှ အချိန်ကြာသွားခဲ့သည်။

ထို့နောက် ၁၉၄၅ ခုနှစ် မတ်လဆန်းလောက်တွင် ဟာလင်ဂျင်ရှိ ကွယ်လွန် သူ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏ဇနီးထံ စာတစ်စောင် ရောက်ရှိလာခဲ့သည်။ ထိုစာမှာ ဂျာမန်တပ်မတော် 'စစ်သချိုင်းကော်မရှင်' မှ ပေးပို့လိုက်သည့်စာဖြစ်၍ စာထဲတွင် အောက်ပါတိုင်း ဖော်ပြပါရှိခဲ့သည်။

'ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်ကို ရည်စူး၍ အထိမ်းအမှတ် ကျောက်ရုပ်တစ်ခု ထုလုပ်ရန် ခေါင်းဆောင်ကြီးဟစ်တလာက ကျွန်ုပ်တို့ အား အမိန့်ပေးခဲ့ပါသည်။ ယင်းအမိန့်အရ သင့်တော်မည့် ပန်းပုဆရာများ ထံမှ ရုပ်တုပုံစံများကို ကျွန်ုပ်တို့ကော်မရှင်မှ တောင်းခံကြည့်ရှုခဲ့ပါသည်။ ယင်းရုပ်တုပုံစံဒီဇိုင်း နမူနာများကို ယခုစာနှင့်အတူ ပူးတွဲပေးပို့လိုက်ပါ သည်။ ယခုအခိုက်အတန့်တွင် ယင်းအထိမ်းအမှတ်ရုပ်တုကို ထုလုပ်ရန် သော်လည်းကောင်း၊ တင်ပို့ပေးရန်သော်လည်းကောင်း မဖြစ်နိုင်သေးပါ။ နမူနာပုံစံငယ်တစ်ခုသာ ပြုလုပ်နိုင်ဖွယ်ရှိပါသည်။

ဗိုလ်ချုပ်ကြီး၏ အထိမ်းအမှတ်ရုပ်တုကို ခြင်္သေ့တစ်ကောင်ဖြင့်တင်စား၍ ထုလုပ်သင့်သည်ဟု ကျွန်ုပ်တို့ သဘောရပါသည်။ ပန်းပုဆရာတစ်ဦးက သေနေသောခြင်္သေ့တစ်ကောင်ပုံကို တင်ပြ၍ အခြားတစ်ယောက်က ငိုင် သော ခြင်္သေ့တစ်ကောင်၏ပုံကို တင်ပြခဲ့ပါသည်။ တတိယပန်းပုဆရာက ခုန်အုပ်တော့မည့်ဟန်ပြင်နေသော ခြင်္သေ့တစ်ကောင်ပုံကို တင်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အနေဖြင့် နောက်ဆုံးတင်ပြသည့်ပုံကို ပို၍သဘောကျကြပါသည်။ သို့သော် သက်ဆိုင်ရာ ကာယကံရှင်ဖြစ်သူက သေဆုံးနေသည့် ခြသေ့ ပို၍နှစ်သက်သည်ဆိုပါက ထိုပုံစံအတိုင်း ထုလုပ်ရန် စီစဉ်ပေးမည်ဖြစ် သည်။

ရုပ်တုထုလုပ်ရန် လိုအပ်သော ကျောက်သားကို အမြန်ဆုံးရရှိအော စီစဉ်မည်ဖြစ်ပါသည်။ ယင်းကိစ္စအတွက် စစ်ပစ္စည်းထုတ်လုပ်ရေး ကြီး စပီးယားထံမှ အထူးခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။ သာမန်အားဖြ ဆိုပါလျှင် ယခုအချိန်တွင် ကျောက်တုံးဖြင့် အထိမ်းအမှတ်ရုပ်တု ထုလုပ်ရန် မဖြစ်နိုင်ပါ။ သို့သော် ယခုကဲ့သို့သော အထူးကိစ္စမျိုးတွင် အမြန်ဆုံးထုလုပ်၍ သဘောကြဖြင့် တင်ပို့ပေးနိုင်မည်ဖြစ်ပါသည်။

(ဒက်စ်မွန်ယမ်း၏ 'ရွှမ်းမဲလ်အတ္ထုပ္ပတ္တိ
စာမျက်နှာ ၂၇

ဖရော့ရွှမ်းမဲလ်သည် အထက်ပါ 'စစ်သချိုင်းကော်မရှင်'မှ ပေးစာနှ ပတ်သက်၍ မည်သို့မျှ အကြောင်းပြန်ကြားခြင်းမပြုဘဲ နေခဲ့သည်။

အမှန်စင်စစ် အကြောင်းပြန်ကြားစရာလည်း မလိုတော့။ အဘယ့်ကြော ဆိုသော် ပြဿနာအရပ်ရပ်မှာ နိဂုံးချုပ်ခဲ့ပြီဖြစ်သောကြောင့်ပင်ဖြစ်သည်။

မှန်သည် ဟစ်တလာလုပ်ကြံမှုနှင့် ပတ်သက်သမျှမှာ သည်နေရာတွင် နိဂုံးချုပ်ခဲ့ပြီဖြစ်သည်။

BURMESE CLASSIC

## နောက်ဆက်တွဲ

### ၁၉၄၄ ခုနှစ် ဂျူလိုင်လ ၁၅ ရက်နေ့စွဲဖြင့် ဟစ်တလာထံပေးပို့ခဲ့သော ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏နောက်ဆုံးရာဇသံ *

နော်မန်ဒီ စစ်မျက်နှာအခြေအနေမှာ တစ်နေ့တခြား ပို၍ဆိုးဝါးနေပါသည်။ ဤဆိုးဝါးမှုကြောင့် ရောမအကျပ်အတည်းဖြင့် ရင်ဆိုင်ရလုနီးပါး ဖြစ်နေပါသည်။

တပ်မဟာများ၏ တိုက်ခိုက်မှုစွမ်းအားမှာလည်း မှန်မှန်ကြီး ယုတ်လျော့နေပါသည်။ ဤသည်မှာလည်း တစ်ဖက်ရန်သူ၏ ပြင်းထန်သည့် ထိုးနှက်မှုများကြောင့် အကျအဆုံး အလွန်များပြားလှသဖြင့် ဖြစ်ပါသည်။ ရန်သူတပ်များ၏ စစ်လက်နက်ပစ္စည်းများနှင့် အထူးသဖြင့် အမြောက်များနှင့် သံချပ်ကာကားများမှာ အလွန့်အလွန် အင်အားကြီးများလှပါသည်။ ရန်သူလေတပ်၏ လှုပ်ရှားမှုမှာလည်း ဤစစ်မြေပြင်တစ်ခုလုံးကို လုံးဝလွှမ်းမိုးကြီးစိုးနေပါသည်။ ကျွန်ုပ်တို့ဘက်မှ မပြောပလောက်ပါ။ ထို့ပြင် သယ်ယူပို့ဆောင်ရေး အဆင်မပြေမှုများကြောင့် ယင်းတပ်များမှာလည်း ရက်သတ္တပတ်ပေါင်းများစွာ နောက်ကျပြီးမှ ရောက်ရှိနေပါသည်။ ယခုအချိန်အထိ ကျွန်ုပ်တို့ဘက်မှ ကျဆုံးဒဏ်ရာရသူ တပ်သားပေါင်း ၉၇,၀၀၀ ခန့်ရှိသည့် အနက်မှ တပ်သား ၆,၀၀၀ သာလျှင် အစားထိုးနိုင်ခဲ့ပါသည်။ ၎င်းတို့အထဲတွင် ဗိုလ်ချုပ် ၂၈ ဦးနှင့် တပ်မှူး ၃၅၄ ဦး အပါအဝင် အရှိပေါင်း ၂၃၆၀ ပါရှိနေပါသည်။ ပျမ်းမျှခြင်းအားဖြင့် ကျွန်ုပ်တို့ဘက်မှ နေ့စဉ် တပ်သားပေါင်း ၂,၅၀၀ မှ ၃,၀၀၀ ခန့်အထိ ကျဆုံးဒဏ်ရာရနေပါသည်။ ထို့ပြင် တိုက်ပွဲတွင် ဆုံးရှုံးခဲ့ရသည့် စစ်လက်ပစ္စည်းများ၏ အရေအတွက်မှာလည်း အလွန့်အလွန်များပြားလျက်ရှိနေပါသည်။ ယခုအချိန်အထိ ယင်းသို့ဆုံးရှုံးခဲ့ရသည့် စစ်လက်နက်ပစ္စည်းများအနက် မပြောပလောက်သည့် အရေအတွက်ကိုသာ အစားထိုးဖြည့်တင်းနိုင်ခဲ့ပါသည်။ ဥပမာ

* ဟစ်တလာကို ဆန့်ကျင်ခဲ့ကြသော ဂျာမန်များ စာမျက်နှာ ၁၀

www.burmeseclassic.com

www.burmeseclassic.com



ပြရလျှင် ပျက်စီးဆုံးရှုံးခဲ့ရသော တင့်ကားပေါင်း ၂၂၅ စီးရှိသည့်အနက် ၁၇ စီးသာ အစားထိုးနိုင်ခဲ့ပါသည်။

နောက်ထပ် ရောက်လာသည့် တပ်သားများမှာလည်း တိုက်ပွဲအတွေ့အကြုံမရှိဘဲ ဖြစ်နေကြပါသည်။ ဤအတွင်း ကျွန်ုပ်တို့ဘက်မှ အမြောက်များ၊ တင့်ကားပစ်သေနတ်များနှင့် တင့်ကားများတွင် တပ်ဆင်သည့် လက်နက်များ မလုံလောက်မှုကြောင့် ရန်သူ၏ အလုံးအရင်းဖြင့် ကြီးမားပြင်းထန်သည့် တိုက်ခိုက်မှုများနှင့် နာရီပေါင်းမြောက်မြားစွာ အမြောက်များဖြင့် ပစ်ခတ်နေသည့်ဒဏ်ကို ကြာရှည်မခံနိုင်ဘဲ ဖြစ်နေကြပါသည်။ စစ်မြေပြင်တိုက်ပွဲများ၏ အတွေ့အကြုံအရ စစ်လက်နက်အင်အား သာလွန်ကြီးမားနေသည့် ရန်သူတပ်များသည် ကျွန်ုပ်တို့ဘက်မှ အကောင်းဆုံးလေ့ကျင့်ထားသည့် တပ်များကို တစ်တပ်ပြီးတစ်တပ် ခြေမှုန်းသုတ်သင်လျက်ရှိနေပါသည်။ ထောက်ပံ့ရေးအခြေအနေမှာလည်း အလွန်အခက်အခဲတွေ့နေရပါသည်။ ဤသည်မှာလည်း မီးရထားလမ်းများ ပျက်စီးနေခြင်းနှင့် စစ်မြေပြင်၏နောက်ပိုင်း ကီလိုမီတာ ၁၅၀ ကွာအထိ လမ်းမကြီးများနှင့် လမ်းအားလုံးတို့ကို ရန်သူက လေကြောင်းမှ အကြိမ်ပေါင်းမြောက်မြားစွာ ဗုံးကြဲတိုက်ခိုက်ခဲ့ကြခြင်းတို့ကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ အလွန့်အလွန် လိုအပ်သည့် ပစ္စည်းများသာလျှင် သယ်ယူပို့ဆောင်နိုင်ခဲ့ကြပါသည်။ အမြောက်နှင့် မော်တာကျည်ဆံများကို အတတ်နိုင်ဆုံး ထုတ်ပေးရန် အထူးလိုအပ်နေပါသည်။

နော်မန်ဒီစစ်မျက်နှာသို့ နောက်ထပ်မည်သည့်တပ်များကိုမျှ အသစ်ထပ်မံ၍ ခေါ်ယူရန် လုံးဝမဖြစ်နိုင်အောင် ရှိနေပါသည်။ ရန်သူ့ဘက်ကမူ တပ်သစ်များနှင့် စစ်လက်နက်ရိက္ခာ ပစ္စည်းသစ်များ နေ့စဉ်နှင့်အမျှ စစ်မျက်နှာသို့ အဆက်မပြတ် ရောက်ရှိနေပါသည်။ ရန်သူ၏ထောက်ပံ့ရေး လမ်းကြောင်းကိုလည်း ကျွန်ုပ်တို့၏လေတပ်က အနှောင့်အယှက်မပေးနိုင်ဘဲဖြစ်နေပါသည်။ ရန်သူ၏ အင်အားကြီးမားသည်ထက် ကြီးမားစွာဖြင့် ဖိလာနေပါသည်။

ဤအခြေအနေများအရ ရန်သူသည် ၁၄ ရက်မှ တနင်္ဂနွေသုံးပတ်အတွင်း အလွန်နီးကပ်နေသည့် မကြာမီကာလတွင် ကျွန်ုပ်တို့အင်အား သေးငယ်လှသည့် စစ်ကြောင်းကို ထိုးဖောက်လာဖွယ်ရာရှိသည်ကို ကြိုတင်သိမြင်နိုင်ပါသည်။ အထူးသဖြင့် ရန်သူသည် ကျွန်ုပ်တို့၏ အမှတ် ၇ တပ်မတော်၏နယ်မြေကို ထိုးဖောက်တိုက်ခိုက်၍ ပြင်သစ်ပြည်မကြီးထဲသို့ ဖိဝင်လာ



နိုင်ဖွယ်ရာရှိနေပါသည်။ ယင်းသို့ဖြစ်လာပါက သက်ရောက်လာမည့် အကျိုးဆက်များမှာ မှန်းဆတွက်ချက်၍ပင်မရအောင် ရှိလာပါလိမ့်မည်။

ကျွန်ုပ်တို့၏တပ်များသည် နေရာအနှံ့အပြားတွင် သူရဲကောင်းပီသစွာ တိုက်ခိုက်လျက်ရှိနေကြပါသည်။ သို့သော် အင်အားချင်းမညီမျှဘဲ တိုက်ခိုက်နေကြရသဖြင့် အရှုံးနှင့်အဆုံးသတ်ဖို့ နီးကပ်နေပြီဖြစ်ပါသည်။

ဤအခြေအနေအရပ်ရပ်ကြောင့် ပေါ်ပေါက်လာမည့် အကျိုးသက်ရောက်မှုများကို အလျင်အမြန် သုံးသပ်ကြည့်ပါရန် ကျွန်ုပ်တောင်းဆိုမေတ္တာရပ်ခံအပ်ပါသည်။ တပ်ပေါင်းစုဗိုလ်ချုပ်ကြီးတစ်ယောက်အဖြစ် အခြေအနေကို ယခုကဲ့သို့ ပွင့်ပွင့်လင်းလင်း တင်ပြရန်မှာ ကျွန်ုပ်၏တာဝန်သာဖြစ်သည်ဟု ယူဆပါသည်။

ရွမ်းမဲလ်
စစ်မြေပြင်ဗိုလ်ချုပ်ကြီး

www.burmeseclassic.com